www.burmeseclassic.com

ပခုက္ကူဦးအုံးဖေစာပေဆုရ

ကို၊တက္ကသိုလ်၊

# တာရာသိင်္ဂီ



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေ စာမူဆု
ဝတ္ထုရှည် ပထမဆုရ

# တာရာသင်္ဂီ

ကို (တက္ကသိုလ်)

BURMESE CLASSIC

တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း (တာဝန်ခံ)

မျက်နှာဖုံးဒီဇိုင်း -

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

**မာတိကာ**


| | | |
|---|---|---|
| - အဖွင့် | ... | ၁ |
| - အပိုင်း (၁) - မေကြည်ငြိမ်း | ... | ၇ |
| - အပိုင်း (၂) - ဗိုလ်ဇော်ထွန်း | ... | ၇၉ |
| - အပိုင်း (၃) - နန်းလောဝ်ခမ်း | ... | ၁၈၁ |
| - အပိုင်း (၄) - စိုင်းဆာဟုန် | ... | ၃၁၁ |
| - နိဂုံး | ... | ၃၃၃ |


www.burmeseclassic.com

www.burmeseclassic.com

# အမှင့်

www.burmeseclassic.com

www.burmeseclassic.com

# အမွှင့်

နေနှင့်ည၏ စပ်ကူးမပဲကူးအချိန်။ လမ်းမီးတွေ လင်းစပြုပြီ။

ကမ္ဘာအေးဘုရားလမ်းပေါ်၌ နီညိုရောင်အိုပယ်ဆလွန်းကားတစ်စီးသည် ရန်ကုန်ဘက်သို့ ဦးတည်လျက်ပြေးသွားနေသည်။ မီးတိုင်များမှ ကားနောက်တွင် တရိပ်ရိပ်ကျန်ရစ်သည်။

သူမသည် ကားကို ကျင်လည်စွာမောင်းနေသည်။ သူကတော့ သူမဘေးတွင်ထိုင်လိုက်လာသည်။ သူတို့သည် အိမ်မှထွက်လာကတည်းက စကားတစ်ခွန်းမှမဆို။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြ၏။

ကားရေဒီယိုမှ သီချင်းသံကသာ ကားတွင်းဝယ် လွင့်ပျံ့နေသည်။

ပြုမပြင် မဖြီးမသင်ခဲ့သော ဆံနွယ်စများသည် ကားမှန်ပြတင်းမှ တိုးဝင်လာသော လေအဟုန်တွင် လွင့်ပါနေသည်။ သူနှင့်တွေ့တိုင်း ကြည်လင်နေလေ့ရှိသော သူမမျက်နှာမှာ သည်နေ့တော့ ညှိုးလျော်နွမ်းလျနေ၏။

သူမသည် မနည်းအားတင်း၍ သူ့ကို လိုက်ပို့ရခြင်းဖြစ်သည်။ မည်သို့မျှ အစားထိုးမရနိုင်တော့သော တစ်သက်တာဆုံးရှုံးမှုကို ကျေကျေနပ်နပ်လက်ခံခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူမအနေဖြင့် သည်လောက်တော့ ခံနိုင်ရည်ရှိသင့်သည်။ သဘောကထား ကြီးသင့်သည်။ နားလည်ခွင့်လွှတ်ခြင်းဟူသည် ချစ်ခြင်းမေတ္တာ၏ပြယုဂ်ဟု သူမ လက်ခံယုံကြည်ထား၏။





သူမနည်းတူ သူ့ရင်မှာလည်း ပူလောင်နေသည်။ အချစ်ဆုံးအတွက် စိုးရိမ်သောကသည် နေဆယ်စင်း ပြိုင်တူထွက်သကဲ့သို့ သူ့ရင်ကို ကျွမ်းမြည့်လောင်မြိုက်စေသည်။ အသည်းနှလုံးသည်ပင် အငွေ့ပျံတော့မည့်အလား။

ကားသည် လေးမှလွှတ်သောမြားပမာ တရိပ်ရိပ်ပြေးနေဆဲ…။

ထိုစဉ်…

"ချောက်"

သူက ရေဒီယိုခလုတ်ကို မပြောမဆိုပိတ်ပစ်သည်။ တေးသံသည် တစ်ပိုင်းတစ်စနှင့် ပျောက်ကွယ်သွား၏။ သူမက နားမလည်ဟန်ဖြင့် ကြည့်သည်။

"ဒီသီချင်း ပိတ်ထားရင်ကောင်းမလားလို့"

သူ့အသံမှာ ခြောက်သွေ့အက်ကွဲလှသည်။

စိတ်အပြောင်းအလဲဖြစ်လိုဖြစ်ငြား သူမက ရေဒီယိုကို တမင်ဖွင့်ပေးထားခြင်းဖြစ်သည်။ ကားကို ဂရုစိုက်မောင်းနေရသဖြင့် သီချင်းစာသားကို သတိမထားမိခဲ့။ အလေးအနက် နားမထောင်ခဲ့။ သူပြောမှ စောစောက သီချင်းစာသားကို ပြန်တွေးယူရသည်။ အို…ဟုတ်သားပဲ။ သူ့အဖြစ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် တူနေသည်ကော။

"ဆောရီးနော်"

သူမက တောင်းပန်သည်။ စေတနာသည် ဝေဒနာဖြစ်သွား၍ စိတ်မကောင်း။

သူ ခွန်းတုံ့မပြန်။ ထိုင်ခုံတွင် ခေါင်းမှီလျက် မျက်စိမှိတ်ထားသည်။ သူမက အလိုက်တသိပင် ကားကို ဟန်မပျက်မောင်းနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ခနဲ ကားရပ်သွား၏။

သူ မျက်စိဖွင့်ကြည့်သည်။ ရန်ကုန်ဘူတာကြီး။

နာရီကို ငုံ့ကြည့်လိုက်ပြန်သည်။ အဆန်အမြန်ရထားထွက်ရန် ဆယ်မိနစ်အလို။

သူသည် လက်ဆွဲအိတ်ကိုဆွဲယူ၍ ကားပေါ်မှဆင်းသည်။ ထို့နောက် တံခါးကိုမပိတ်သေးဘဲ သူမထံ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။ နေရာတွင်ပင် မလှုပ်မယှက်ထိုင်နေရင်း ရီဝေသော မျက်လုံးများဖြင့် သူ့လှုပ်ရှားမှုကို လိုက်ကြည့်နေသောသူမနှင့် အကြည့်ချင်းဆုံသွားသည်။

သူမ၏မျက်ဝန်းအိမ်မှာ စိုစွတ်နေသည်။ ဝေ့ဝဲသောမျက်ရည်ကြည် အောက်တွင် နားလည်သဘောပေါက်ခြင်း၊ ခွင့်လွှတ်အနစ်နာခံခြင်း စသည့် သူမ၏ခံစားချက်များကို သူ တွေ့မြင်လိုက်သည်။ သူမကလည်း တောင်းပန်ခြင်း၊ အားနာခြင်း၊ စိတ်မကောင်းခြင်း စသည်တို့ကို သူ့မျက်လုံးတွေထဲတွင် ရှာဖွေတွေ့ရှိလိုက်သည်။

သူတို့သည် စက္ကန့်ပိုင်းအတွင်းမှာပင် အဓိပ္ပာယ်များစွာကို ဖလှယ်မိကြသည်။

"ဘူတာထဲ လိုက်ဦးမလား"

သူမ အသာအယာ ခေါင်းခါသည်။

"ဒါဖြင့် သွားမယ်နော်"

ခေါင်းကလေး လှုပ်တယ်ဆိုရုံညိတ်သည်။

"ဂရုစိုက်ပါစေကွယ်"

ခုနေအခါတွင် သူ့အတွက် အလိုအပ်ဆုံးဆုကို သူမက လှိုက်လှိုက်လှဲလှဲ တောင်းပေးရှာသည်။ အသည်းလေး မခိုင်တော့။ ဆုအဆုံးသတ်တွင် အသံတိုးဝင်သွားသည်။



သူသည် တံခါးကို ဆောင့်ပိတ်လိုက်ပြီး ဘူတာထဲသို့ ချာခနဲ လှည့်ထွက်လာခဲ့၏။

ရထားသည် ညအမှောင်ထဲသို့ တိုးဝင်ခုတ်မောင်းနေ၏။

သံလမ်းနှင့် ရထားဘီးပွတ်တိုက်သံမှတစ်ပါး ညဉ့်သည် တိတ်ဆိတ်ပါဘိ။ တစ်ခါတစ်ရံ တံတားကို ရထားဖြတ်သွားသောအခါတွင်မှ တဝေါဝေါ မြည်သံက ဟိန်းထွက်လာတတ်သည်။

ခုနစ်စဉ်ကြယ် အမြီးထောင်ပြီ။

ခရီးသည်အများစုမှာ ငိုက်မျဉ်းအိပ်စက်ကုန်ကြပြီ။

သို့သော် သူကား အပြင်သို့ငေးတောင်းတုန်း။ လရောင်အောက်တွင် ဝိုးတဝါးတွေ့မြင်ရသော ညရှုခင်းကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေတုန်း။

သူ မအိပ်ချင်သေး။ အိပ်လို့လည်း ရမည်မဟုတ်။ စိတ်အတွေးကို အတိတ်ဆွေးလက်သို့ ဝကွက်အပ်ခဲ့ရပေါင်းများချေပြီ။ သည်ညလည်း မျက်စိကြောင်ရင်း အတွေးပင်လယ်ဝေရလိမ့်ဦးမည်ထင်သည်။

သူသည် အထီးကျန်အဖော်မဲ့သော သူ့အဖြစ်ကို ရင်နာနာနှင့် တွေးနေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း–တစ်

# မကြည်ငြိမ်း

၁

မကြည်ငြိမ်းသည် လေယာဉ်နှင့် ပြေးလမ်းထိမှ သက်ပြင်းချနိုင်တော့သည်။ တစ်လမ်းလုံး မြူလော့နေခဲ့သောမျက်နှာသည် ခုမှ သွေးရောင်လွှမ်းလာ၏။ မကြည်ငြိမ်းကိုကြည့်ပြီး ယှဉ်ထိုင်နေသော တင်တင်ဝင်းက ပြုံးသည်။ ကြောက်တတ်ရန်ကောဟူသည့် အဓိပ္ပာယ်မှန်ပြစ်သည်။ မကြည်ငြိမ်းလည်း မသိချင်ယောင်ဆောင်ကာ အပြင်သို့ကြည့်နေလိုက်သည်။

တစ်နေရာတွင် လေတပ်လေယာဉ်တချို့ စီတန်းရပ်ထားသည်ကို ပြတင်းပေါက်မှ လှမ်းမြင်ရ၏။ ထိုအခါ မကြည်ငြိမ်းရင်ထဲတွင် လှမ်းဆွတ်မိသလိုလို ခံစားရသည်။

သူတို့စီးလာသော ဖော်ကာလေယာဉ်သည် မင်္ဂလာဒုံလေဆိပ်ရှေ့တွင် ရပ်လေသည်။ ခရီးသည်တွေ လှုပ်လှုပ်ရှရှဖြစ်လာကြသည်။ လေယာဉ်မောင်က တံခါးဖွင့်ပေးသည်။ လေယာဉ်ထဲမှ ထွက်လိုက်သည်နှင့် သန့်ရှင်းလတ်ဆတ်သည့်လေကို တစ်ဝကြီးရှူရှိုက်လိုက်ရသည်။ မူးချင်သလိုလို အန်ချင်သလိုလို မအီမသာဖြစ်နေရာမှ သက်သာသွားသည်။ အခြားခရီးသည်





များနှင့်အတူ မကြည်ငြိမ်းနှင့် တင်တင်ဝင်းတို့သည် လေဆိပ်အဆောက်အအုံဆီသို့ လျှောက်လာကြသည်။ ကြိုဆိုသူတချို့က လသာဆောင်ပေါ်မှနေ၍ လေယာဉ်ပေါ်မှ ဆင်းလာသောခရီးသည်များကို လက်ပြနှုတ်ဆက်နေသည်။

မကြည်ငြိမ်းသည် ကားကြိုဖို့ အိမ်ကိုမှာမထားချေ။ တင်တင်ဝင်းနှင့် ကားကြုံလိုက်ရန်ပြောထားသည်။ တင်တင်ဝင်းက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဝင်းထဲမှာနေသည်။ မကြည်ငြိမ်းက အင်းလျားမြိုင်လမ်းမှာ နေသည်။ အနည်းငယ်သာ ဆက်မောင်းရမည်။ တကူးတကဟု မဆိုသာ။

လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်စစ်ဆေးမှု ပြီးစီးသောအခါ သူတို့သည် ပင်မခန်းမထဲဝင်လာခဲ့ကြ၏။ တင်တင်ဝင်းခင်ပွန်း ကိုဝင်းမောင် စောင့်နေသည်။

"ကလေးတွေကို ဘာလို့မခေါ်ခဲ့တာလဲ အစ်ကိုမောင်"

တွေ့တွေ့ချင်း တင်တင်ဝင်းက ရန်ထောင်သည်။

"တင်တင့်သားတွေက မျောက်ရှုံးအောင်ဆော့တဲ့ မျောက်မှုးသေတွေဆိုတာ သိသားနဲ့။ သူတို့ပါလာရင် သိပ်ထိန်းရခက်မှာ။ ဘယ်ရွှတ်လပ်တော့မှာလဲ"

"ငြိမ်း တက္ကစီနဲ့ပြန်တော့မယ်"

မကြည်ငြိမ်းက အစီအစဉ်ပြောင်းသည်။

"ဒါက ဘာဖြစ်သွားရပြန်တာလဲ"

"ငြိမ်းလိုက်လာရင်လည်း တင်တင်တို့ လွတ်လွတ်လပ်လပ် ရှိတော့မှာမဟုတ်ဘူး။ ငြိမ်းတော့ ဆေးရိုးသည် အဖြစ်မခံနိုင်ပေါင်"

"ဟာဗျာ၊ ကျွန်တော်က ဒေါ်မကြည်ငြိမ်းကို မခေါ်ချင်တဲ့သဘောနဲ့ ပြောတာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အလကား အစ်ကိုမောင်၊ သူ့ သက်သက်နောက်နေတာ။ အပျိုကြီးသာဆိုတယ် ဒါမျိုးတော့ တယ်သိ"

ပြောပြောဆိုဆို တင်တင်ဝင်းက မကြည်ငြိမ်းလက်မောင်းကို ဆွဲလိမ်ပစ်လိုက်၏။

"အလယ်...လယ်၊ နာတယ်ဟ"

သုံးယောက်သား ရယ်မောကာ လေဆိပ်ထဲမှထွက်လာခဲ့ကြသည်။

◙ ◙ ◙

"ဟယ်...ဝေခင်ပါလား"

တင်တင်ဝင်းက တအံ့တသြရေရွတ်သည်။ ကားထဲဝင်မည်ပြုနေသော မကြည်ငြိမ်းလည်း တုံ့သွားသည်။ တစ်ဖက်ကားတန်းဆီသို့ လှမ်းကြည့်သည်။ ဝေဝေခင်သည် စစ်စိမ်းရောင် ဗောက်စ်ဝက်ဂွန်းလိပ်ခုံးကား ပေါ်မှဆင်းကာ သူတို့ထံ မပြေးရုံတမည် ခြေလှမ်းစိတ်ကလေးများဖြင့် သွက်သွက်လှမ်းလာနေသည်။

"ဩော်...ဗိုလ်မှူးလည်း ပါလာတာကိုး"

မကြည်ငြိမ်းသည် စိတ်ထဲက ရေရွတ်မိ၏။ ဗိုလ်မှူးကျော်သူသည် ခြေလှမ်းကျဲကြီးများဖြင့် ဝေဝေခင်နောက်မှ လိုက်လာသည်။

"ဘယ်လဲ ဝေခင်"

အနီးသို့ရောက်လာသော ဝေဝေခင့်ကို တင်တင်ဝင်းက မေး၏။

"ဆရာမတို့ကို လာကြိုတာ"

"ဆရာမတို့ ဒီနေ့ရောက်မှာ ဘယ်လိုလုပ်သိ"

"ဘယ်လေယာဉ်ပျံဆိုတာ ဌာနကိုမေးကြည့်တာပေါ့။ ဆရာမဌာနကို ဖုန်းဆက်သေးတယ်မဟုတ်လား" ဟု ဝေဝေခင်က သွက်လက်ချက်ချာစွာ



ပြောသည်။ မိမိတို့ရောက်မည့်အကြောင်းနှင့် လာကြိုဖို့ အိမ်ကိုပြောပေးရန် မြန်မာစာဌာနသို့ တင်တင်ဝင်း ဖုန်းဆက်ခဲ့၏။ တစ်ဆက်တည်းပင် ဝေဝေခင်က -

"ဒါနဲ့ ဆရာမတို့ကို ကြိုချင်လို့ ကိုကို့ကို လိုက်ပို့ခိုင်းရတာ"

"ဗိုလ်မှူးကို အားနာစရာကွယ်"

အနားသို့ရောက်လာပြီဖြစ်သော ဗိုလ်မှူးကျော်သူကို အားတုံ့အားနာ ကြည့်ကာ မကြည်ငြိမ်းကဆိုသည်။

"အားနာစရာ မလိုပါဘူးဆရာမ။ လားရှိုးကပြောင်းလာတဲ့ ပါရဂူ တစ်ယောက်က ကျွန်တော့်နေရာဝင်ပေးလို့ အားချိန်နားချိန်ရနေပါတယ်။ ပြီးတော့ လိုက်မပို့ရင် ဝေခင် စိတ်ကောက်လို့ဆုံးမှာမဟုတ်ဘူး။ ညီမ ဝေခင်က သူ့ဆရာမတွေကို သိပ်ကြိုချင်နေတာ"

ဝေဝေခင်က ဗိုလ်မှူးကျော်သူကို ချစ်စဖွယ် မျက်စောင်းခဲသည်။ ဗိုလ်မှူးသည် လူကြီးပီပီ ဣန္ဒြေဆည်၍ အကြောင်းပြချက်ကို ဝေဝေခင့် အပေါ် ပုံချလိုက်မှန်း မကြည်ငြိမ်း အသိသား။ ထို့အတူ တင်တင်ဝင်းလည်း ရိပ်မိမည်ပင်။

သူတို့သည် ဝေဝေခင်တို့မောင်နှမကို ခဏတစ်ဖြုတ် လက်ခံစကား ပြောရလေသည်။ များသောအားဖြင့် သူတို့သွားခဲ့သော ခရီးစဉ်အကြောင်း တွေဖြစ်သည်။ ကိုဝင်းမောင်ကတော့ ဝေဝေခင်တို့ ကားနားရောက်မလာခင် ကတည်းက ကားထဲရောက်နေနှင့်ပြီ။ စီးကရက်ခဲရင်း စောင့်နေသည်။ ငါးမိနစ်ကျော်ကျော် ကြာသွားသည်။

"ဆရာမကို အိမ်က လာမကြိုဘူးလား"

ဝေဝေခင်က ကောက်ခါငင်ကာမေး၏။

"ဆရာမ မှာမထားဘူး"

www.burmeseclassic.com

www.burmeseclassic.com

မေကြည်ငြိမ်းက ဖြေသည်။

"ဒီလိုဆို ဆရာမကို ဝေခင်တို့ လိုက်ပို့ပါရစေ"

"အို…နေပါစေကွယ်"

"ငြိမ်းကို လိုက်ပို့ရတဲ့အတွက် ဆရာမတို့မှာ အပန်းမကြီးပါဘူး။ ဝေခင်လိုက်ပို့မယ်ဆိုရင် ဗိုလ်မှူးကို အားနာစရာကောင်းတာပေါ့"

တင်တင်ဝင်းက ဗိုလ်မှူးကျော်သူ့ကို လှမ်းကြည့်ပြီးပြော၏။

"ကျွန်တော့်ကို အားနာစရာမလိုပါဘူးဗျာ။ ဒီနေ့ အားနေပါတယ်လို့ ပြောထားသားပဲ" ဟု ဗိုလ်မှူးကျော်သူက မဆိုင်းမတွ ဝင်ပြောလိုက်သည်။ "ပြီးတော့ ကျွန်တော်ကပါ မေတ္တာရပ်ခံချင်တာက ဆရာမဒေါ်တင်တင်ဝင်းကလည်း ကျေနပ်မယ်၊ ဆရာမ ဒေါ်မေကြည်ငြိမ်းကလည်း သဘောတူမယ်ဆိုရင် ဆရာမဒေါ်မေကြည်ငြိမ်းကို လိုက်ပို့ဖို့ ကျွန်တော်တို့မောင်နှမက တာဝန်ပြောင်းယူပါရစေလို့"

ဗိုလ်မှူးကျော်သူကိုယ်တိုင်က ခွင့်တောင်းလာသဖြင့် မေကြည်ငြိမ်း ငြင်းရခက်သွား၏။ သူ့ကိုလာကြိုခြင်းမှာ ဝေဝေခင့်ဆန္ဒ တစ်ခုတည်းကြောင့် မဟုတ်ကြောင်း သေချာသွားသည်။ မေကြည်ငြိမ်းက အကြံဉာဏ်တောင်းသည့်အနေဖြင့် တင်တင်ဝင်းကိုကြည့်၏။ တင်တင်ဝင်းက 'ငြိမ်း သဘောပဲ' ဟူသောသဘောဖြင့် ပခုံးတွန့်ပြသည်။ ဤတွင် မေကြည်ငြိမ်း စဉ်းစားရတော့သည်။

သူနှင့် တင်တင်ဝင်းသည် မျက်နှာနာရမည့်သူတွေမဟုတ်။ ပြောပြီးမှ မလိုက်လည်း ကိစ္စမရှိ။ တစ်ဖက်ကိုကြည့်ပြန်တော့ တကူးတက လာရောက်ကြိုဆိုသော ခင်မင်ရင်းနှီးမှု၊ ခွဲစိတ်ကုသမှု ပါရဂူဟူသော လူကြီးလူကောင်း တစ်ယောက်၏မေတ္တာရပ်ခံ ခွင့်တောင်းမှုနှင့် မိမိအပေါ် သံယောဇဉ်ကြီးလှသော တပည့်မဝေဝေခင့်မျက်နှာကို ထောက်ထားသင့်သည်ဟု မေကြည်ငြိမ်း တွေးသည်။



သို့ဖြင့် ဗိုလ်မှူးကျော်သူ့ကားဖြင့်လိုက်ရန် မေကြည်ငြိမ်း သဘောတူလိုက်လေသည်။

▣ ▣ ▣

စားပွဲကုလားထိုင်များက ရှေးဆန်သည်။ သို့သော် ခိုင်ခံ့သည်။ ခံ့ထည်သည်။ အရောင်တင်ဆီ ဝနေသဖြင့် စားပွဲမျက်နှာပြင်နှင့် ကုလားထိုင် လက်ရန်းများမှာ နက်မှောင်ပြောင်လက်နေသည်။ အဆင့်တိုင်း စာအုပ်တွေ ပြည့်နေသော မှန်ဗီရိုတစ်လုံးနှင့် အခန်းထောင့်မှ စန္ဒရားကြီးက ဧည့်ခန်းကို ပိုမိုထည်ဝါစေသည်။

နံရံတွင် ပန်းချီကားတချို့ အလှချိတ်ထားသည်။ ပန်းချီကားတွေ ကြားတွင် ဓာတ်ပုံနှစ်ပုံကို ထူးထူးခြားခြားတွေ့ရသည်။ ဧည့်ခန်းတစ်ခုလုံးတွင် ဤဓာတ်ပုံနှစ်ပုံသာရှိသည်။ ဗိုလ်မှူးကျော်သူနှင့် မျက်နှာချင်းဆိုင်နံရံတွင် တစ်ပုံ၊ စန္ဒရားပေါ်တွင် ဓာတ်ပုံဒေါက်ဖြင့် ထောင်ထားသောတစ်ပုံဖြစ်သည်။ ဗိုလ်မှူးကျော်သူသည် မေကြည်ငြိမ်းမိဘနှင့်စကားပြောရင်း ဓာတ်ပုံများဆီသို့ မျက်စိရောက်သွားတတ်သည်။

"ဗိုလ်မှူးက လားရှိုးစစ်ဆေးရုံကို ပြောင်းရတော့မယ်ဆိုတော့ ဇေခင့် အတွက် ဘယ်လိုစီစဉ်ခဲ့မှာလဲ"

ဆေးတစ်ဆုံပြည့်ရင်း ဦးဝင်းငြိမ်းက မေးသည်။ ဦးဝင်းငြိမ်းသည် ပင်စင်စား တရားသူကြီးပီပီ ထောင့်စေ့အောင်မေးတတ်သည်။

"မေယျာသီရိလမ်းထဲမှာ ကျွန်တော့်မိဘနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ ဘစ်ယောက်ရှိပါတယ်။ သူ့အိမ်ဝင်းထဲမှာ မိန်းကလေးအဆောင်ဖွင့်ထားတယ်။ အဲဒီမှာနေဖို့နဲ့ အစစအရာရာ ကြည့်ရှုစောင့်ရှောက်ပေးဖို့ အပ်ပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကျော်သူက ဖြေသည်။ ထို့နောက် လိမ္မော်ရည်တစ်ကျိုက် မော့သောက်လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ်တင်ထားလိုက်သည်။

"ဒီနှစ် မဟာဝိဇ္ဇာပြီးတော့မှာမဟုတ်လား။ ဒီတစ်နှစ်ပြီးရင် မောင်နှမ နှစ်ယောက် ခွဲမနေရတော့ပါဘူး။ ဝေခင်ပျင်းတဲ့အခါ အန်တီတို့အိမ် လာလည်ပေါ့"

"ဟုတ်ကဲ့ အန်တီ"

"ကျွန်တော်ပြောင်းသွားတဲ့အခါ ဝေခင့်ကို ဆရာမကိုရော၊ အန်ကယ်နဲ့ အန်တီ့ကိုပါ အပ်ပါတယ်။ ပြောဆိုဆုံးမစရာရှိရင် ဆုံးမပါ"

ဗိုလ်မှူးကျော်သူက နှမအတွက် ရတက်မအေးပုံဖြင့်ပြောသည်။

"ဝေခင့်အတွက် စိတ်ချပါ။ ဝေခင့်အကြောင်းကို ငြိမ်းအသိဆုံးပါ။ ဝေခင်ဟာ ကျောင်းစာနဲ့ အနုပညာနှစ်ခုတည်းကိုသာ စိတ်ဝင်စားတဲ့ ကျောင်းသူပါ"

"ဝေခင်လည်း အနုပညာဝါသနာပါသလား။ ဘာတွေ ဝါသနာပါသလဲ။ ဝေခင့်ဆရာမလို စာတွေ၊ ကဗျာတွေရေးပြီး သီချင်းဆိုသလား"

ဒေါ်ကြည်ကြည်က မေး၏။ ဝေခင် ရှက်ပြုံးကလေးပြုံးရင်း -

"ဆရာမလို ဘက်စုံမဖြစ်မြောက်ပါဘူးအန်တီ။ ကတတ်ရုံ ကတတ် တာပါ"

"ဝေခင်က လျှို့နေပြန်ပါပြီ။ ကတတ်ရုံဆိုပေမယ့် အကမှာတော့ ထူးချွန်ပါတယ်လေ။ နက်ဖြန် သန်ဘက်လုပ်မယ့် ပဒေသာကပွဲမှာလည်း တစ်ပင်တိုင်ကဦးမှာမဟုတ်လား"

"ကတာလည်း ကပေါ့ကွာ၊ ဒါပေမယ့် အကဘက်မှာချည်း စိတ်ကို နှစ်မထားနဲ့။ ကျောင်းစာနဲ့ မျှမျှတတဖြစ်ပါစေ"

"ဟုတ်ကဲ့ အန်ကယ်၊ ဝေခင် သတိထားပါ့မယ်"



ဝေဝေခင်က လေးလေးစားစားဖြေသည်။ ခဏကြာတော့ ဗိုလ်မှူးကျော်သူက ပြန်ရန်နှုတ်ဆက်သည်။ ခရီးရောက်မဆိုက် ဧည့်ခံစကားပြော နေရသော မေကြည်ငြိမ်းကို အားနာသည်။ အနားယူချိန်တန်ပြီဟု အလိုက် သိသည်။

"သမီးကို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဗိုလ်မှူး လားရှိုး မသွားခင်လည်း လာလည်ပါ။ လားရှိုးပြောင်းသွားပြီးလို့ ရန်ကုန်ရောက်တဲ့ အခါမှာလည်း လာလည်နိုင်ပါတယ်။ ကဲ… သမီးက ဗိုလ်မှူးတို့မောင်နှမ ကို လိုက်ပို့ပေးလိုက်ပါဦး"

ဦးဝင်းငြိမ်းက ကျေးဇူးစကားဆိုသည်။ မေကြည်ငြိမ်းက ကားနား အထိ လိုက်ပို့သည်။

"ဒီဓာတ်ပုံက ဘယ်သူလဲဆရာမ"

ဗိုလ်မှူးကျော်သူသည် သိချင်စိတ်ကို မျိုသိပ်မထားနိုင်သဖြင့် အိမ်ထဲမှ မထွက်ခင် လှမ်းမေးလိုက်မိ၏။ မေကြည်ငြိမ်းသည် နံရံပေါ်မှဓာတ်ပုံကို တွေတွေကလေး ငေးစိုက်ကြည့်နေပြီး -

"ငြိမ်းအစ်ကိုပါ။ တိုက်ပွဲကျသွားပါပြီ"

မေးမိတာ အားနာသွား၏။ နောက်တစ်ပုံကို ဆက်မေးဖို့ပင် ဝန်လေး သွားသည်။ ပါးစပ်က မေးမထွက်သော်လည်း အကြည့်ကမူ စန္ဒရားပေါ်သို့ ရောက်ဖြစ်အောင် ရောက်သွားသေးသည်။

"သူက ငြိမ်းဝမ်းကွဲမောင်ပါ။ ဟိုဘက်ခြံကလေ။ အခု မိတ္ထီလာ လေတပ် စခန်းမှာပေါ့"

နံရံပေါ်ရှိဓာတ်ပုံမှတစ်ဆင့် စန္ဒရားပေါ်ရှိဓာတ်ပုံထံ ကူးပြောင်း သွားသော ဗိုလ်မှူးကျော်သူအကြည့်ကို မေကြည်ငြိမ်းက သတိပြုမိ လိုက်သည်။ ဗိုလ်မှူး၏သိချင်စိတ်ကို အကင်းပါးစွာ ရိပ်စားမိသဖြင့် မှသား တစ်ဝက် အမှန်တစ်ဝက်အဖြေကို ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကျော်သူလည်း နံရံပေါ်မှ ကြည်းတပ်အရာရှိဓာတ်ပုံနှင့် စန္ဒရားပေါ်မှ လေတပ်အရာရှိဓာတ်ပုံတို့ကို တစ်ချက်ပြန်ကြည့်လိုက်ပြီးနောက် အိမ်ထဲမှထွက်လာခဲ့သည်။

သူ့ရင်ထဲမှာ အနည်းငယ်တော့ပေါ့သွားသည်။

◙ ◙ ◙

"ဒေါ်လေး ဘာချက်"

"ဟယ်…သမီး၊ ဘယ်တုံးက ပြန်ရောက်လာသလဲ။ ကိုစိုးရေ… ဟောဒီမှာ ငြိမ်းငြိမ်း ပြန်ရောက်လာပြီ"

ကြက်သွန်နွှာနေသော ဒေါ်တင်မေက မီးဖိုထဲသို့ နောက်ဖေးပေါက်မှ လှည့်ဝင်လာသော မေကြည်ငြိမ်းကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားသည်။ ထို့နောက် အိမ်ထဲရှိခင်ပွန်းသည်ကို ဝမ်းသာအားရ လှမ်းအော်ပြောသည်။

"ဘယ်တုံးကရောက်သလဲ သမီး"

ဒေါ်တင်မေက မေးသည်။

"ခုပဲရောက်တာ၊ နာရီဝက်လောက်ပဲ ရှိသေးတယ်။ ရောက်ရောက်ချင်း ဒေါ်လေးတို့ဘက်ကို ကူးလာချင်တာ။ ဧည့်သည်တွေ ပါလာလို့"

"ဧည့်သည်တွေ…ဟုတ်လား"

"ငြိမ်းကိုလာကြိုတဲ့ တပည့်မလေးနဲ့ သူ့အစ်ကိုပါ။ ငြိမ်းက တင်တင်တို့ကားနဲ့ လိုက်ဖို့စီစဉ်ပြီးသား။ သူတို့က လိုက်ပို့ပါရစေဆိုတော့ သူတို့စေတနာကိုအသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံလိုက်ရတယ်လေ"

ထိုသို့ပြောပြီး မေကြည်ငြိမ်းက ကြိမ်ခြင်းထဲမှအထုပ်တွေကို ထုတ်ယူလေသည်။



"ဘာတွေလဲ ငြိမ်းငြိမ်းရဲ့"

"ရှမ်းပြည်နယ်လက်ဆောင်တွေလေ။ ဒါက မုန်ညင်းချဉ်၊ ဒါက ကြက်သွန်ချဉ်၊ ဟောဒါက ဆီတို့ဟူး၊ ပြီးတော့ ဒီအထုပ်က ကိုးကန့်ခြောက်။ ဦးက ရေနွေးကြမ်းကြိုက်တတ်လို့ တကူးတကဝယ်လာတာ။ နောက်… ဒီဥစ္စာက ပဲပုပ်"

"ဟဲ့… များလှချည်လား။ ဒုက္ခရှာလို့ ကလေးမရယ်"

"မများပါဘူး၊ ငြိမ်း သယ်ရတာမှမဟုတ်တာ။ လေယာဉ်က သယ်တာ။ မဟုတ်ဘူးလား ဒေါ်လေးရာ… နော့" ဟု မေကြည်ငြိမ်းက ကလေးလေးလို ကန့်ကလန့်ဆိုသည်။

"ဟုတ်ပါတယ်တဲ့တော်… ဟုတ်ပါတယ်တဲ့။ ကဲ… လာ အိမ်ထဲ သွားရအောင်"

"အာ… ဒေါ်လေးကလည်း ငြိမ်းကို ဧည့်သည်ကျနေတာပဲ။ ဒီမီးဖိုထဲမှာထိုင်တော့ရော ဘာဖြစ်တုံး။ ဒေါ်လေးကို ကူလုပ်ပေးရင်း စကားပြောမယ်လေ"

ပြောပြောဆိုဆို မေကြည်ငြိမ်းက ဒေါ်တင်မေ့ရှေ့မှဓားကိုယူကာ ကြက်သွန်နွှာမည်ပြုသည်။ ဒေါ်တင်မေက တားသည်။ ဓားကိုပြန်ယူရန် ကြိုးစားသည်။ မေကြည်ငြိမ်းက မပေး။ အတင်း ကူလုပ်သည်။ နောက်ဆုံး ဒေါ်တင်မေ လက်လျှော့ရ၏။

သူတို့စကားပြောနေစဉ် ဦးခင်စိုးသည် အရောင်တင်ထားသော ချယ်ရီသားတုတ်ကောက်ကိုကိုင်ကာ မီးဖိုထဲဝင်လာသည်။

"ငြိမ်းငြိမ်း ပြန်ရောက်လာပြီလား"

"ဟုတ်ကဲ့ ဦး"

"အဆင်ပြေခဲ့ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



“ပြေပါတယ်။ ငြိမ်းတို့ရောက်တဲ့မြို့တိုင်းမှာ တပည့်ဟောင်းတွေရှိနေတော့ အများကြီးအကူအညီရပါတယ်။ ဘာမှ လိုလေသေးမရှိပါဘူး။ ဒီနေ့တောင် လေဆိပ်ဆင်းတော့ လားရှိုးကြီးက တပည့်မကလေးတွေပဲ လိုက်ပို့ကြ၊ ပစ္စည်းကူသယ်ပေးကြနဲ့ လေယာဉ်ပေါ်ရောက်တဲ့အထိပဲ”

ဒေါ်တင်မေက မကြည်ငြိမ်းစကားကို ပြုံး၍နားထောင်နေသည်။ ဦးခင်စိုးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း -

“ဒါဟာ ဆရာ၊ ဆရာမဖြစ်ရခြင်းရဲ့ ကောင်းကျိုးတစ်ခုပေါ့။ ကိုယ်က စေတနာထားပြီး ပြုစုပျိုးထောင်ပေးလိုက်တဲ့ တပည့်တွေဟာ နေရာတိုင်းမှာ ရှိနေတော့ ကိုယ်သွားလေရာ ရောက်လေရာမှာ ကိုယ့်ကို ပြန်ကူညီမယ့်သူတွေချည်းပဲ”

အငြိမ်းစားတိုင်းပညာဝန် ဦးခင်စိုးက ကျေနပ်စွာပြောသည်။ ထို့နောက် တုတ်ကောက်ကိုဝင့်လိုက်ပြီး -

“ကဲ…ဒေါ်လေးနဲ့ စကားပြောရစ်ဦး။ ဦး လမ်းလျှောက်ထွက်လိုက်ဦးမယ်။ ကိုဝင်းငြိမ်း စောင့်နေရောပေါ့”

ဦးခင်စိုး လမ်းလျှောက်ထွက်သွားသည်။ ဒေါ်တင်မေနှင့် မကြည်ငြိမ်းတို့ စကားတပြောပြောနှင့် ချဉ်ရေအိုးပြင်ရင်း ကျန်ရစ်သည်။ ထိုအခိုက် မီးဖိုပေါ်မှ ဝက်သားဟင်းနံ့သည် သင်းပျံ့လှဘိ၏။

“မုန်ညင်းချဉ်နဲ့ ကြက်သွန်ချဉ်ဝယ်လာခဲ့တာ အတော်ပဲ။ ဝက်သားဟင်းနဲ့ သိပ်လိုက်မှာ။ ကိုဇော်သာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲနော်… ဒေါ်လေး”

“ဇော်ဇော်က ဝက်သားခပ်ကြိုက်ကြိုက်နဲ့ ငြိမ်းငြိမ်း ယူလာတဲ့ ရှမ်းချဉ်နဲ့သာဆိုရင် သူ့ဗိုက် ခွေးနမ်းမှာသေချာတယ်”

ခစ်ခနဲ မကြည်ငြိမ်း ရယ်မိသည်။



သူယူလာသော ရှမ်းစာတွေကို ကိုဇော်အား ကျွေးခွင့်ဖြစ်ခဲ့လျှင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးနေလေသည်။

၂

အဓိပတိလမ်းမပေါ် ခြေချလိုက်သည်နှင့် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သောတက္ကသိုလ်၏ အငွေ့အသက်များကို ပြန်လည်ရှူရှိုက်ရသည်။ နှစ်ပတ်တိတိ ကင်းကွာနေခဲ့သော တက္ကသိုလ်ရှုခင်းသည် မကြည်ငြိမ်းအမြင်တွင် ဆန်းသစ်နေပြန်၏။

အနည်းငယ်စောနေသော်လည်း တက္ကသိုလ်နယ်မြေသည် တချို့နေရာများတွင် အသက်ဝင်လှုပ်ရှားစပြုပြီး မန္တလေးဆောင်ရှေ့တွင် ခေါင်းချင်းဆိုင်နေသောစုံတွဲတစ်တွဲက မကြည်ငြိမ်း၏နှလုံးသားကို ကိုင်လှုပ်လိုက်သည်။ တစ်ခုခု လိုနေသလိုလို၊ ရင်ထဲမှာ ဟာတာတာနှင့် တစ်မျိုးကြီးဖြစ်နေသည်။

မကြည်ငြိမ်းသည် တောင်ငူဆောင်သို့ ခပ်သွက်သွက်လှမ်းခဲ့သည်။ မြန်မာစာဌာနတည်ရှိရာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ စာတမ်းအတွက် အလုပ်များဦးမည့်အပြင် သင်ခန်းစာအတွက်လည်း ဆရာဦးအောင်မင်းနှင့် ညှိနှိုင်းပြင်ဆင်ရဦးမည်ဟူသော အလုပ်ဇောကြောင့် အိမ်မှ စောစီးစွာ ထွက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် စားပွဲတွင် တကယ်တမ်း ဝင်ထိုင်မိသောအခါ ဘာကစလုပ်ရမှန်းမသိအောင် စမ်းတဝါးဝါးဖြစ်နေသည်။

“အလို… စောလှချည်လား”

အမှတ်တမဲ့လျှောက်လာသော တင်တင်ဝင်းသည် ရုံးခန်းထဲတွင် တစ်ယောက်တည်းထိုင်၍ စာအုပ်တွေ၊ ဖိုင်တွေနှင့် အလုပ်ရှုပ်နေသော မကြည်ငြိမ်းကို တွေ့လိုက်ရသဖြင့် အာမေဋိတ်သံကလေး အလိုအလျောက် ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြည်ငြိမ်းက ငွေကိုင်းမျက်မှန်ကို အသာပင့်၍ခေါင်းမော့ကြည့်လိုက်ပြီး -

''စောမှာပေါ့၊ ငြိမ်းက ဝေးတာကိုး''

''အမယ်... တို့ကို အဲဒီလိုမရိပါနဲ့နော်။ တို့က တော်တို့ တစ်ကိုယ်ရေတစ်ကာယသမားတွေလို အလကားနေရင်း အချိန်တွေပိုနေတာမဟုတ်ဘူး။ ယောက်ျားအတွက်၊ သားတွေအတွက် အိမ်မှုကိစ္စတွေကိုလည်း လုပ်ရသေးတယ်ရှင့်၊ သိရဲ့လား''

မကြည်ငြိမ်းရှေ့မှဖြတ်၍ သူမစားပွဲဆီသို့ လျှောက်လာရင်း တင်တင်ဝင်းက ပြန်ပက်လိုက်သည်။

''ဒါကတော့ ဘယ်သူမပြု မိမိမှုပဲ။ ဒီတာဝန်တွေရှိနေမှန်းသိရင် အစကတည်းက ငြိမ်းတို့လိုနေပေါ့''

''အဟင်း...ဟင်း... ဒေါ်ငြိမ်း အပြောမကြီးနဲ့နော်။ မသိတာကျနေတာပဲ''

အကွက်ဝင်လာပြီမို့ တင်တင်ဝင်းက လှောင်ရယ်ရယ်သည်။ တင်တင်ဝင်း ဘာပြောမည်ကို မကြည်ငြိမ်း သိလိုက်သည်။

''အိမ်ထောင်သားမွေးအလုပ်ကို ကြောက်လို့၊ ဒီတစ်သက် အိမ်ထောင်မပြုတော့ပါဘူးလို့ တင်တင့်ကို မင်း ကတိပေးရဲ့သလား''

တင်တင်ဝင်းသည် မကြည်ငြိမ်းကို စေ့စေ့ကြည့်ပြီးမေး၏။ မကြည်ငြိမ်း မဖြေ၊ ငြိမ်နေသည်။

''တင်တင်သိပါတယ်။ အစ်ကိုကြီးနဲ့မောင်လေးတို့ စိတ်ဆိုးသွားမှာကြောက်လို့ ငြိမ်း ကတိမပေးရဲပါဘူး''

''အိုကွယ်... တင်တင်ကလည်း၊ တော်ပါတော့''

မကြည်ငြိမ်း ရှက်သွားသည်။ တင်တင်ဝင်းကို တားမြစ်ယူရတော့ပည်။ စတော့ သူမက။ ပြီးတော့ သူမပင် အရှုံးပေးလိုက်ရသောအဖြစ်။



တင်တင်ဝင်းစကားကြောင့် ရင်လှိုင်းကလေးတွေ ခုန်လာပြန်၏။ သူမဘဝထဲသို့ ထူးထူးကဲကဲ ဝင်ရောက်လာသူနှစ်ယောက်ကို ဖျတ်ခနဲမြင်ယောင်လာသည်။ တင်တင်ဝင်းက အပိုင်ကိုင်၍ မေးလိုက်သလို၊ သူမကတိမပေးဝံ့ရိုးအမှန်။ သူမလည်း ပုထုဇဉ် လူသားတစ်ယောက်မို့ အခြေအနေပေးလာလျှင် ချစ်သောသူနှင့် အတူနေချင်သား။ ဤသို့ စဉ်းစားမိမှ ကြက်သီးတဖြန်းဖြန်း ထသွားရလေသည်။

မကြည်ငြိမ်း ရှက်သွားမှန်းသိသဖြင့် တင်တင်ဝင်း ဆက်မပြောတော့ဘဲ သဘောကျစွာ ရယ်နေလေသည်။ ပြီးတော့မှ မကြည်ငြိမ်း အရှက်ပြေသွားအောင် ''အစောကြီးလာပြီး ဘာလုပ်နေ'' ဟု စကားလမ်းကြောင်းလွှဲပေးသည်။

''စာတမ်းအတွက် စိတ်ပူလို့ စောစောထွက်လာတာပါ''

''အမှန်ဝန်ခံရရင် တင်တင်လည်း အိမ်အလုပ်တွေ လုပ်သာလုပ်နေရတာ။ စိတ်ကတော့ စာတမ်းထဲမှာ။ စာတမ်းတင် မပြီးမချင်း စိတ်အေးရမှာမဟုတ်ဘူး''

နောက်တစ်လကျော်ကျော်ကြာလျှင် တက္ကသိုလ်များ စာတမ်းဖတ်ပွဲရှိသည်။ မကြည်ငြိမ်းသည် ဘာသာဗေဒ ဆရာမတင်တင်ဝင်းနှင့်တွဲ၍ 'ဂုံရှမ်းလူမျိုးများ၏ စာပေနှင့်ဘာသာစကား' စာတမ်းကို တင်သွင်းမည်ဖြစ်သည်။ သည်တစ်ခါ စာတမ်းဖတ်ပွဲကို စာတမ်းကောင်းများ တင်သွင်းနိုင်စေရန် ရည်ရွယ်လျက် အချိန်လုံလောက်စွာ ပေးထားသည်။ စာတမ်းကောင်းတို့မည်သည် အချက်အလက် တိကျခိုင်မာဖို့လိုသည်။ မကြည်ငြိမ်းနှင့် တင်တင်ဝင်းသည် အချိန်လည်းရသည့်အပြင် ဌာနမှူးနှင့်တကွ ဆရာ၊ ဆရာမများကလည်း အားပေးတိုက်တွန်းသဖြင့် ရှမ်းပြည်နယ်သို့ လက်တွေ့လေ့လာရေး ခရီးထွက်ခဲ့သည်။ အခြားသော ရှမ်းလူမျိုးတို့အကြောင်းကိုပါ

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းယှဉ်သိရှိနိုင်ရန် ဂုံရှမ်းတို့အနေများသော ရှမ်းပြည်နယ်အရှေ့ပိုင်းကို သာမက မြောက်ပိုင်းအထိပါ တစ်ဆက်တည်း ခြေဆန့်ခဲ့ကြသည်။

အချိန်နှစ်ပတ်ကြာခဲ့သည်။ ကျိုင်းတုံတောင်ကြီးနှင့် လားရှိုးမြို့များကို အခြေစိုက်၍ အနီးဝန်းကျင်ကျေးရွာများအထိဆင်းကာ လက်လှမ်းမီသမျှ လေ့လာမှတ်သားခဲ့ကြသည်။ တောင်ကြီးကောလိပ်ကျောင်းအုပ်ကြီးထံ ကြိုတင်အကြောင်းကြားထားသဖြင့် နယ်ခံပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရာတွင် အခက်အခဲမရှိခဲ့။ ထို့ပြင် ကျောင်းဆရာ၊ ဆရာမ၊ ဆရာဝန်၊ သူနာပြု၊ စစ်မှုထမ်း၊ ရုံးဝန်ထမ်း၊ ကုန်သည်၊ ဈေးသည် စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်နေကြသော တပည့်ဟောင်းတွေကလည်း လိုလေသေးမရှိအောင် အကူအညီပေးကြသည်။

နားရက်မရှိဘဲ အချိန်ပြည့် အလုပ်လုပ်ခဲ့ကြရသဖြင့် ပင်ပန်းလှသည်။ သို့သော် မေကြည်ငြိမ်းစိတ်တွင်ပင် ပင်ပန်းသည်ဟုမထင်။ မေကြည်ငြိမ်းသည် မြန်မာစာကို အပင်ပန်းခံ၍ လေ့လာဆည်းပူးသူဖြစ်သည်။ စာပေဂီတကို မြတ်နိုးထိန်းသိမ်းသည်။ မြန်မာစာပေသာမက တိုင်းရင်းသားစာပေနှင့် ရိုးရာဓလေ့များကို လေ့လာပြုစုနေရလျှင် မောသည်ဟုမထင်။

တင်တင်ဝင်းကလည်း မေကြည်ငြိမ်းနှင့် လိုက်ဖက်လှ၏။ အလုပ်နှင့် ပတ်သက်လျှင် ဇွဲနပဲကြီးလှပေ၏။ သူတို့ တစ်နှစ်တည်း ဘွဲ့ရခဲ့ကြသည်။ တင်တင်ဝင်းက မန္တလေးတက္ကသိုလ်ထွက်မို့ ကျောင်းသူဘဝက မသိခဲ့ကြသော်လည်း လုပ်ငန်းခွင်၌ ဆုံမိကြသောအခါတွင်မူ တစ်ယောက်အကြောင်း တစ်ယောက် အတွင်းသိ အစဉ်းသိ ရင်းနှီးသောသူငယ်ချင်းတွေ ဖြစ်လာကြသည်။

သူတို့အပင်ပန်းခံရကျိုးနပ်၏။ လေ့လာရေးခရီးမှ အဖိုးတန် အချက်အလက်တွေရခဲ့သည်။ စာအုပ်တွေထဲကလည်း အတော်ပြည့်စုံစွာ



ကောက်နုတ်ပြီးပြီ။ အချက်အလက်အနည်းငယ်သာ ရှာဖွေဖြည့်စွက်ရန် လိုတော့သည်။ ခြုံပြောရသော် စာတမ်းပုံကြမ်းမှာ လောင်းပြီးသလောက် ရှိနေပြီ။ သို့ရာတွင် လုပ်ငန်းကြီးတစ်ခုကို တာဝန်ယူရသူတို့ထုံးစံအတိုင်း အဘယ်မျှပင် 'အခြေအနေ ကောင်းပါသည်' ပြောပြော မပြီးမချင်း ရင်တမမနှင့် စိတ်မဖြောင့်နိုင်သည့်ပုံ သူတို့ကြုံနေရသည်။ သို့မို့ကြောင့် စာတမ်းမပြီးမချင်း စိတ်အေးရမည်မဟုတ်ကြောင်း တင်တင်ဝင်းက ပြောပြ လိုက်ခြင်း ဖြစ်တော့၏။

"ဒီနေ့တော့ စာတမ်းကို သိပ်ကိုင်နိုင်မယ် မထင်ပါဘူး။ ဌာနမှူး ကိုလည်း တွေ့ရဦးမယ်။ ဦးအောင်မင်းနဲ့ သင်ခန်းစာညှိပြီး နောက်နေ့ လက်ချာဝင်ဖို့ပြင်ရဦးမယ်။ နောက်ပြီး ဟိုလူ့နှုတ်ဆက် ဒီလူ့နှုတ်ဆက်နဲ့ တစ်နေကုန်သွားမှာပါပဲ"

မေကြည်ငြိမ်းက ညည်းတွားသည်။

"ဒီလောက်လည်း စိတ်မပျက်ပါနဲ့ ငြိမ်းရယ်။ ငြိမ်းမအားလည်း တင်တင် ရှိသားပဲ။ တင်တင် လုပ်ထားမှာပေါ့" ဟု တင်တင်ဝင်းက အားပေးသည်။ "တင်တင်လည်း ဒေါ်မြတ်မြတ်ညွန့်နဲ့ တွေ့ရဦးမှာ။ ဒါပေမယ့် တင်တင့်လက်ချာက သောကြာနေ့မှဝင်ရမှာမို့ အချိန်ရ သေးတယ်"

ဒေါ်မြတ်မြတ်ညွန့်မှာ တင်တင်ခရီးထွက်နေသခိုက်တွင် အတန်း အစားဝင် သင်ပေးထားသော ဆရာမဖြစ်သည်။ ထိုစဉ် မဟာဝိဇ္ဇာတန်း ကျောင်းသူတစ်စု တက်လာသည်။ ဆရာမနှစ်ယောက်ကို ဝိုင်းနှုတ်ဆက် ကြသည်။ မေးကြမြန်းကြ၊ ပြောကြဆိုကြသည်မှာ ကျွက်ကျွက်ညံနေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေကြည်ငြိမ်းသည် စာတမ်းအတွက် လိုအပ်သော စာအုပ်တစ်အုပ်ငှားပြီးလျှင်ပြီးချင်း တက္ကသိုလ်များ စာကြည့်တိုက်ထဲမှ ထွက်လာခဲ့သည်။

အပန်းဖြေရိပ်သာနားအရောက်တွင် ဆိုင်းသံဗုံသံကြားသည်။ ဝေဝေခင်ကို သတိရလိုက်သည်။ မနေ့ညက ပြန်ခါနီးတွင် အကတိုက်တာ လာကြည့်ဖို့ တဖွဖွမှာခဲ့သည်။ 'ခဏတစ်ဖြုတ်ဖြစ်ဖြစ် ဝင်ကြည့်ဦးမယ်လေ။ ဦးနှောက်ဆေးတဲ့ သဘောပေါ့' ဟု စိတ်ကူးမိသည်နှင့် တက္ကသိုလ်များ အပန်းဖြေရိပ်သာဆီသို့ အလိုလျောက် ခြေဦးလှည့်မိလျက်သားဖြစ်သွား၏။

အပန်းဖြေရိပ်သာ အမိုးအောက်သို့ ဝင်မိသောအခါ သာယာသော စောင်းခတ်သံက မေကြည်ငြိမ်းကို ခရီးဦးကြိုပြုသည်။ မေကြည်ငြိမ်းသည် အပေါက်ဝတွင် ခေတ္တရပ်လျက် အထဲသို့ မျက်စိတစ်ချက်ဝေ့ကြည့်သည်။ ကျောင်းသူလေးတွေ အပျိုတော် ယိမ်းတစ်ကျော့ပြန်တိုက်ရန် ပြင်ဆင်နေသည်။ နားနေသော ဆိုင်းဝိုင်းမှ ပတ်လုံးသံ၊ ကြေးမောင်းသံစဉ်တစ်ချီ တစ်ချီ ထွက်ပေါ်လာ၏။

သူတို့နောက်နား တစ်နေရာတွင်မူ ဝေဝေခင်သည် တစ်ပင်တိုင် ကနေသည်။ သီတာက စောင်းခတ်တီးကာ၊ ကလျာက စည်းဝါးလိုက်ပြီး မာလာက ဝေဇယန္တာ ယိုးဒယားကို သီဆိုပေးနေသည်။

*"ဝေဇယန္တာ × နန်းဘုံ × မြမန်းလေ ဧယျာခုံ × × ယမုံငယ်လေ × သောင်ငယ်ကျွန်း × ပြောင်ဖီလာ × သီတာဝန်းရုံခွေ × ရွှန်းရွှန်းဝေ × × ရွှန်းရွှန်းဝေ × ×"*

မေကြည်ငြိမ်းနားထဲသို့ သီချင်းသံက ငြိမ့်ငြိမ့်ညောင်းညောင်း ဝင်သွားသည်။ စည်းချက်ကျကျပျော့ပျောင်းနွဲ့နှောင်းစွာ ကနေသော ဝေဝေခင်ကို ငေးစိုက်ကြည့်နေမိသည်။ မကြာပါ။ ဝေဝေခင်ကလည်း မေကြည်ငြိမ်းကို မြင်သွားသည်။ မျက်နှာကလေး ဝင်းထိန်သွားပြီး ချစ်စဖွယ်ပြုံးပြသည်။ မေကြည်ငြိမ်းလည်း ပြန်ပြုံးပြလိုက်ပြီးနောက် အထဲသို့ ဝင်ခဲ့လေသည်။



"လာ… ဆရာမ။ ထိုင်ပါ"

ကျောင်းသူတစ်ယောက်က မေကြည်ငြိမ်းကိုနေရာပေးသည်။ တာဝန်ရှိသူနှင့် ဝါသနာပါသူကျောင်းသူကျောင်းသားအချို့သည် ရပ်လျက်တစ်မျိုး၊ ထိုင်လျက်တစ်ဖုံ အက,ကြည့်နေကြသည်။ ဝေဝေခင်သည် မေကြည်ငြိမ်း လာကြည့်သဖြင့် ကြိုးစားက,သည်။ သီတာ၏စောင်းခတ်သံက ပီသကြည်မြသည်။ ကလျာ၏စည်းဝါးက ချက်ကျသည်။ မာလာ၏အဆိုက ပိုင်နိုင်သည်။ သည်အတီး၊ သည်အဆို သည်စည်းချက်နှင့် လိုက်ဖက်ညီအောင် ဝေဝေခင် က,သည်။

ကကြိုးကွက်တွေက မမြန်။ သွက်သွက်လက်လက်ကြီး မဟုတ်။ ဖြည်းဖြည်းနွဲ့နွဲ့ကလေးပဲ ဖြစ်သည်။ အေးအေးဆေးဆေးကလေး ဖြစ်သည်။ ပြုံးပြုံးကလေးနှင့် မပင်မပန်းက,သွားသည်။ သူမအကကို ကြည့်ရသူ၏ရင်ထဲမှာ မောဟိုက်မသွား။ ယဉ်သည်။ နွဲ့သည်။ နုသည်။ ဖော့ဖယောင်းပမာ ပျော့ပျောင်းသည်။ မြတ်နိုးနှစ်သက်ဖွယ်အတိ။

မာလာက တစ်ပိုဒ် ပြန်ကျော့သည်။

*"မြန်သပြေ × တောင်ညာကျွန်း × × ပုံ့မွှန်းလေ × မင်္ဂလာ ဧယျာငယ် × ဩဘာကြွေ × ပဒ္မင်းတံမြာ × × သံဝါကျူးရင့်အေး × (သင်းသင်းမွှေးမွှေး)*

*[အို · · ·ဗြဟ္မာငယ်လေ …ကျူး × တိမ်ယံဖွေ × လေပြေမြူး]*

*[အာကာဝေဟင် × × မြူမှောင်ချီချီ × × တိမ်ရီမှုံဝေဆိုင်း]"*

သီတာ၏ လက်ချောင်းကလေးတွေက ပိုးကြိုးများပေါ်တွင် ကြွကြွရွရွကလေး ဆော့ကစားနေသည်။ ဝေဝေခင်၏ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့သည် စည်းချက်နှင့်အညီ သွဲ့ပျောင်းနွဲ့နှောင်းစွာ လှုပ်ရှားနေသည်။ အဆို၊ အတီး၊ အကတို့က ပေးအပ်သော စုပေါင်းရသကို မေကြည်ငြိမ်းတစ်ယောက် ကြည်နူးခံစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘင်သည်၏ မျက်နှာကလေးမှာ ပြုံးကြည်နေသည်။ ပီတိဝေဆာစွာဖြင့် သည်မျက်နှာပိုင်ရှင်ကလေးကို မေကြည်ငြိမ်း ငေးကြည့်နေဆဲ…။ မျက်လုံးကလေးတွေ…။ နှုတ်ခမ်းကလေး…။ ပြီးတော့ နှာတံကလေး…။

ကြည့်နေရင်း ကြည့်နေရင်းနှင့် ဗိုလ်မှူးကျော်သူ၏ မျက်နှာပေါက်နှင့် ဆင်ဆင်တူလာသည်။ ဗိုလ်မှူးကို မြင်ယောင်လာသည်။

သည်နောက်တော့ မေကြည်ငြိမ်း၏အတွေးမျှင်တန်းမှာ လေသယ်ဆောင်ရာသို့ လွင့်ပါသွားလေတော့သည်။

## ၃

ဝေဝေခင် ဝိဇ္ဇာဘွဲ့ယူသောနှစ်။

ဘွဲ့နှင်းသဘင် အခမ်းအနားပြီးသောအခါ မေကြည်ငြိမ်းလည်း ငြီးစီစီရှိသည်နှင့် ပျားပန်းခတ်မျှ လှုပ်ရှားနေသော ပရိသတ်ကြားမှ တိုးဝှေ့ကာ အပြင်သို့ထွက်လာခဲ့၏။ စိမ်းဖန့်ဖန့် မြက်ခင်းအိအိကလေးပေါ်ဖြတ်နင်း၍ စီးပွားရေးတက္ကသိုလ်ဘက်သို့ ကူးလာခဲ့သည်။

"ဆရာမ"

နောက်မှခေါ်သံနှင့်အတူ ပြေးလာသံကိုကြားသဖြင့် လှည့်ကြည့်လိုက်သည်။ ဝေဝေခင် ဖြစ်နေ၏။ သူမသည် ဘွဲ့ဝတ်စုံဖြင့် ကျက်သရေရှိလှ၏။

"ဝေခင်နဲ့ ဓာတ်ပုံလာရိုက်ပါ ဆရာမ"

ဝေဝေခင်က ခေါ်သည်။

ဘွဲ့နှင်းသဘင် ခန်းမဝန်းကျင်တွင် လျှပ်စစ်မီးရောင်များသည် ဝင်းခနဲလက်ခနဲ ဟိုမှသည်မှ ထွက်ပေါ်နေသည်။ ဘွဲ့ယူသောနေ့သည် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတို့အတွက် နေ့ထူးနေ့မြတ်ပင်။ ဘွဲ့လွန်မတက်



ဖြစ်သောသူတွေအဖို့ တစ်သက်မှာ တစ်ခါသာကြုံရသောနေ့။ ထို့ကြောင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ မိဘမောင်နှမ ဆွေမျိုးသားချင်းတွေ။ သူငယ်ချင်း အပေါင်းအသင်းတွေ။ ပြီးတော့ ရင်းနှီးသောဆရာ၊ ဆရာမနှင့် တပည့်တပန်းတွေ။ ထို့ကြောင့် မေကြည်ငြိမ်း မငြင်း။ ဝေခင်နှင့်တွဲ၍ ဓာတ်ပုံရိုက်ခဲ့ရသည်။ ဓာတ်ပုံရိုက်ပြီးသောခါ ဝေဝေခင်က မေကြည်ငြိမ်းကို မလှမ်းမကမ်းမှ ရပ်ကြည့်နေသော အမျိုးသားတစ်ယောက်ထံခေါ်သွားသည်။

"ဆရာမ၊ ဒါ… ဝေခင့်အုပ်ထိန်းသူဆိုလည်း ဟုတ်၊ အစ်ကိုဆိုလည်း ဟုတ်တဲ့ ဗိုလ်မှူးကျော်သူပါ။ မင်္ဂလာဒုံစစ်ဆေးရုံကြီးက ခွဲစိတ်ကုပါရဂူပါ၊ ကိုကိုလည်း မှတ်ထားနော်၊ ဒါ ညီမအချစ်ဆုံး ဆရာမဒေါ်မေကြည်ငြိမ်း"

ဝေဝေခင်က မိတ်ဆက်ပေးသည်။ ဗိုလ်မှူးကို အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြလိုက်ရသည်။

"ဆရာမကို အခုမှသိခွင့်ရတော့တယ်။ ဒါပေမယ့် ဆရာမအကြောင်းကိုတော့ ညီမ ခဏခဏပြောလို့ သိနေပါပြီ"

မေကြည်ငြိမ်းက မျက်လုံးကလေး အဝိုင်းသားဖြင့် ဝေဝေခင့်ကို ကြည့်သည်။

"ဆရာမအကြောင်း ဝေခင်က ဘာတွေပြောပြထားလို့လဲ"

"ဟိုလေ… ဆရာမ စာအသင်ကောင်းတာ။ စန္ဒရားအတီး တော်တာ။ ကလည်း ကတတ်တာ၊ နောက်ပြီး ဝတ္ထုတွေ၊ ကဗျာတွေရေးတာ…"

"အိုကွယ်၊ ဝေခင်ကလည်း… ဆရာမကို အရမ်းကြီးမြှောက်ပင့်ထားတာကိုး"

ဝေဝေခင့်စကားမဆုံးခင် မေကြည်ငြိမ်းက ရှက်စနိုးဖြတ်ပြောသည်။

"ညီမက ဟုတ်တာ မှန်တာထက်တော့ ပိုပြောဟန်မတူပါဘူး ဆရာမ။ ဥပမာ-ဆရာမ ဝတ္ထု၊ ကဗျာအရေးကောင်းတာကို ကျွန်တော်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သိထားပြီးသားပါ။ ကျွန်တော်ဟာ စစ်သားဖြစ်နေပြီး ကျွန်တော့်လက်က လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ခွဲစိတ်ဖြတ်တောက်နေရပေမယ့်လို့ ပင်ရင်းဝါသနာကတော့ စာပေအနုပညာပါ။ ဆရာမလို မရေးတတ်ပေမယ့် တွေ့သမျှစာကိုတော့ မလွတ်တမ်းဖတ်ပါတယ်။ ဆရာမစာတွေကိုလည်း ဖတ်ဖြစ်ပါတယ်။ ဆရာမဟာ လူရွယ်လူလတ်ပိုင်းမို့ ဆရာမရဲ့ဝတ္ထုတွေဟာ လူငယ်တွေ မလွဲမသွေတွေ့ကြုံခံစားရတဲ့ အချစ်နယ်က ရုန်းမထွက်နိုင်ပေမယ့် သာမန်အချစ်ဝတ္ထုတွေလို ချစ်တဲ့အကြောင်းပြောရုံတင်ရပ်မထားဘဲ လေးနက်တဲ့ရည်ရွယ်ချက်တစ်ခု… တစ်ခုကို မသိမသာ ထည့်ပေးထားတာတွေ့ရတယ်။ ကဗျာကျတော့ အချစ်ထက်ပိုပြီးကျယ်ပြန့်လေးနက်တဲ့ ဘဝအကြောင်း၊ လူ့စရိုက်အကြောင်း၊ အဲ… တစ်ခါတစ်ခါကျပြန်တော့ ထူးထူးခြားခြား တပ်မတော်သားတွေရဲ့ ဘဝအကြောင်းတွေပေါ့လေ…။ ဒါမျိုးတွေကိုမှ ရွေးချယ်ဖွဲ့ဆိုတတ်တယ်။ ဟုတ်တယ် မဟုတ်လားဆရာမ''

ဆရာဝန်စစ်သားတစ်ယောက်၏နှုတ်မှ စာပေနှင့်ပတ်သက်၍ ယခုကဲ့သို့ အချက်ကျကျ ဝေဖန်သုံးသပ်ပြသောအခါ သူမ အံ့အားသင့်သွားရသည်မှာ အမှန်ပင်။ အထင်လည်း ကြီးမိလေသည်။ ပြီးတော့ အလွန်အမင်းချီးမွမ်းသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်သွားရ၏။

''ဗိုလ်မှူးက ပုဂ္ဂိုလ်ခင်လို့ တရားမင်နေတာပါ။ ငြိမ်း ဒီလောက်မတော်ပါဘူး''

''ညီမရဲ့ ဆရာမမို့ ဒီလိုချီးမွမ်းတယ်ထင်သလား။ ညီမရဲ့ဆရာမမှန်းမသိခင်ကတည်းက ငြိမ်း (တက္ကသိုလ်) ဆိုတဲ့ ကလောင်ရှင်ရဲ့ လက်ရာတွေကို ကျွန်တော် နှစ်သက်နေတာပါ။ ဆေးရုံမှာ စာပေဝါသနာရှင်ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေနဲ့ စာအကြောင်း၊ ပေအကြောင်း



ဆွေးနွေးတဲ့အခါတိုင်း ကျွန်တော် စံထားဆွေးနွေးလေ့ရှိတဲ့ ဂာရေးဆရာတွေထဲမှာ ဆရာမလည်း တစ်ယောက်အပါအဝင်ပေါ့။ တစ်နေ့ ညီမလေးနဲ့ စကားစပ်မိတော့မှ အဲဒီကလောင်ရှင်ဟာ သူ့ဆရာမဆိုတာ သိလာရတော့တယ်။ ဒီနေ့ဟာ ကျွန်တော့်ညီမလေးဘွဲ့ရတဲ့နေ့ဖြစ်တဲ့အပြင် အနှစ်နှစ်အလလက ကျွန်တော်လေးစားခဲ့ရတဲ့ စာရေးဆရာမ၊ ကဗျာဆရာမတစ်ယောက်နဲ့ သိကျွမ်းရလို့ ကျွန်တော့်အတွက် ထူးခြားတဲ့နေ့တစ်နေ့လို့ ပြောရမှာပဲ''

ဗိုလ်မှူးက စာရေးဆရာမထက်ပိုပြီး ရွှန်းရွှန်းဝေအောင် ပြောနေသည်။ မေကြည်ငြိမ်း ဘာပြန်ပြောရမှန်းမသိအောင်ပင်ဖြစ်သွားရသည်။ ဝေဝေခင်က သူတို့စကားဝိုင်းကို နားထောင်ပြီး ကျေနပ်ပီတိဖြစ်နေသည်။

''ဩော်… ဒါနဲ့ ဝေခင့်မိဘတွေ မမြင်ပါလား''

တစ်စိမ်းယောကျ်ားတစ်ယောက်၏ ချီးမွမ်းမှုကို ရှက်လာသဖြင့် စကားလမ်းကြောင်းပြောင်းလိုက်သည်။

ဝေဝေခင့်မျက်နှာညှိုးသွားကာ သူမအစ်ကိုကို ကြည့်သည်။ ဗိုလ်မှူးကိုယ်တိုင်ပင် စိတ်လှုပ်ရှားထိခိုက်သွားပုံရသည်။ ကွက်ခနဲ မျက်နှာပျက်သွားသည်။ တစ်စုံတစ်ခု မှားယွင်းသွားပြီဖြစ်ကြောင်း မေကြည်ငြိမ်း သိလိုက်ပြီ။

''ကျွန်တော်တို့ မောင်နှမမှာ မိဘနှစ်ပါးလုံး မရှိကြတော့ပါဘူး ဆရာမ''

''အို…''

မမျှော်လင့်သောစကား။ မေကြည်ငြိမ်း တုန်လှုပ်သွားသည်။ စောစောက 'အုပ်ထိန်းသူ' ဆိုသော ဝေဝေခင့် စကားကို အခုမှ အလေးအနက်ပြုမိသည်။

''ငြိမ်း… အားနာလိုက်တာရှင်''

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းစွာ တောင်းပန်လေသည်။

"ကိစ္စမရှိပါဘူး ဆရာမရယ်။ မသိလို့ မေးမိတာပဲ။ ကျွန်တော်တို့ ဘယ်လိုမှ မအောက်မေ့ပါဘူး။ ဒီလိုတွဲနှင်းသဘင်နေ့မျိုးမှာ ဘယ်ကျောင်းသူ ကျောင်းသားမဆို မိစုံဖစုံ သိုက်သိုက်ဝန်းဝန်း ရှိချင်တာပေါ့။ ဒါပေမယ့် ကျွန်တော့်ညီမလေး ကံဆိုးရှာပါတယ်။ ကျွန်တော်ဘွဲ့ရပြီး တပ်မတော်မှာ စတင်အမှုထမ်းတဲ့နှစ်မှာပဲ မိဘနှစ်ပါးလုံး သင်္ဘောနစ်မြုပ်လို့ ကွယ်လွန် သွားကြတယ်"

"ဪ..."

"မိဘတွေ ဆုံးသွားပြီးတဲ့အချိန်ကစပြီး တစ်ဦးတည်းသောညီမလေးကို ပြုစုစောင့်ရှောက်လာခဲ့တာ ယနေ့အထိဆိုပါတော့ ဆရာမရယ်"

ဝေဝေခင့်အပေါ် အစ်ကိုကြီးပီသခဲ့သော ဗိုလ်မှူးကျော်သူကို မေကြည်ငြိမ်း လေးစားသွား၏။ မိဘနှစ်ပါး တစ်ပြိုင်နက် ကွယ်လွန်သွားသောကြောင့် ဝေဝေခင် ကံဆိုးသည်ဟုပြောနိုင်သလို ဗိုလ်မှူးကျော်သူကဲ့သို့သော အစ်ကိုကြီးတစ်ယောက်ရှိထားသဖြင့် ကံကောင်းနေသေးသည်ဟုဆိုနိုင်သည်။

"ကိုကို့ကျေးဇူးတွေဟာ ဝေခင့်အပေါ်မှာ အများကြီးရှိပါတယ်။ ကိုကို့ ကြောင့်သာ ဝေခင့် လူတစ်လုံး သူတစ်လုံး ဖြစ်လာရတာပါ။ အခုတော့ ဝေခင်လည်း ဘွဲ့ရပြီမို့ ကိုကို့ကို ဆက်ပြီးဒုက္ခမပေးချင်တော့ပါဘူး"

ဝေဝေခင်က ဝင်ပြောလေ၏။

"အမယ်... ကိုကို့ကို ဆက်ပြီး ဒုက္ခမပေးချင်တော့ဘူးဆိုတော့ ငါ့ညီမက ဘယ်သူ့ကို ဒုက္ခပြောင်းပေးဦးမလို့လဲ"

"အို... ကိုကိုကလည်း ညီမမှာ ဒါမျိုးတွေ မရှိသေးပါဘူး။ ညီမ တစ်ဝမ်းတစ်ခါးကို ညီမဘာသာ ရှာစားပါတော့မယ်လို့ ပြောမလို့ပါ"

"ဘယ်ဖြစ်မလဲ။ ညီမ ကျွန်းလီဗိုင်းဖြစ်တယ် မဟုတ်လား။ အမ်အေ ဆက်တက်ရမယ်"



"မတက်ချင်ပါဘူး"

"တက်ရမယ်လို့ဆိုနေမှ။ ဆရာမလို ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် ကြိုးစားရမယ်"

"အဟင့်... ကိုကိုကလည်း"

ဝေဝေခင်က နှုတ်ခမ်းကလေးစူ၍ အလိုမကျဟန်ပြသည်။ မောင်နှမ နှစ်ယောက်၏ မေတ္တာသရုပ်သည် မေကြည်ငြိမ်းရင်ကို ချမ်းမြေ့စေ၏။

"ဟုတ်သားပဲကွယ်... ဗိုလ်မှူးဆန္ဒအတိုင်း ကျောင်းဆက် တက်ပေါ့။ ဒီအခွင့်အရေးမျိုးဆိုတာ ရခဲဘိခြင်း"

"ဆရာမ မသိဘူးနော်။ ဝေခင်က ကိုကို့ကို အားနာလို့"

"ကိုယ့်အစ်ကိုပဲကွယ်၊ အားနာရမယ့်သူမှ မဟုတ်တာ"

"ကိုကိုက ဝေခင့်ကို သူ့စိတ်တိုင်းကျ ကြည့်ရှုထောက်ပံ့နိုင်အောင် ဆိုပြီး ခုထိ အိမ်ထောင်မပြုသေးတာကို အားနာနေတာ။ ဝေခင်သာ အမ်အေ ဆက်တက်ရင် ကိုကို လူပျိုကြီးဆက်လုပ်နေရမှာ။ ဝေခင်က ကိုကို့ကို လွတ်လပ်စေချင်..."

"တယ်... ဒီကောင်မလေး"

ဗိုလ်မှူးကျော်သူက ဝေဝေခင့်စကားမဆုံးမီ ဝင်ဟန့်၍ ခေါင်းကို ခေါက်မည့်ဟန် လက်ရွယ်သည်။ ဝေဝေခင် လျှာကလေးတစ်လစ်ထုတ်ကာ ခက်ကလေး ပုဝင်သွား၏။

ဘာမှန်းညာမှန်းမသိဘဲ ဝင်ပြောမိသော မေကြည်ငြိမ်းတစ်ယောက် ရှက်အမ်းအမ်းဖြစ်သွားရလေသည်။ အပျိုကြီး မျက်နှာပူသွားသည်။ ဗိုလ်မှူး ကျော်သူ့ကိုပင် စေ့စေ့မကြည့်ရဲအောင်ဖြစ်သည်။

ရင်းနှီးမှုအစမှာပင် ဤပုံကြုံခဲ့ရလေသည်။

◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေခင် မဟာဝိဇ္ဇာတန်းဆက်တက်ဖြစ်သည်။ မေကြည်ငြိမ်းသည် ဝေဝေခင့်ကို မိတ်ဆွေ ဖတဆိုးကလေးမှန်း သိလာရသဖြင့် ခါတိုင်းထက်ပို ဂရုစိုက်သည်။ ဗိုလ်မှူးကျော်သူကလည်း ဝေဝေခင့်ကို မေကြည်ငြိမ်းထံ အပ်နှံခဲ့လေသည်။

ဗိုလ်မှူးသည် ဝေဝေခင့်ကို အကြောင်းပြု၍ မေကြည်ငြိမ်းထံ ရောက်ရောက်လာတတ်သည်။ နောက်တော့ ဘာရယ်ညာရယ်မဟုတ်ဘဲ အလည်သက်သက်ဖြစ်လာသည်။ ခြေလှမ်းတွေ၏ဦးတည်ချက်ကို မသွေ ကပင် မေကြည်ငြိမ်းရိပ်စားမိခဲ့၏။ မေကြည်ငြိမ်း၏ တွေးထင်ချက်မှန်ကန် ကြောင်း မိုးနေ့တစ်နေ့တွင် သိလာရသည်။ ထိုနေ့က ဗိုလ်မှူးကျော်သူသည် ကောင်းကင်က ကျလာသော မိုးရေစက်များနှင့်အပြိုင် ရင်တွင်းမှမေတ္တာမိုး ကို ရွာပြလိုက်သည်။

မအံ့သြပေမယ့် မိန်းမသားတို့သဘာဝ ရှက်သွေးတော့ဖြာမိ၏။ ကြိုတင် တွေးထင်ထားသည်မှန်သော်လည်း နဖူးတွေ့ဒူးတွေ့ကြုံရသောအခါ ရင်တုန် ပန်းတုန်ဖြစ်မိ၏။

စင်စစ်ဗိုလ်မှူးကျော်သူအတွက် အဖြေသည် မေကြည်ငြိမ်းထံတွင် အသင့်ရှိပြီးသား။ ဤအဖြေကို မည်သို့ပေးရမည်ဆိုသည်ကိုသာ အတွေး ခက်နေခြင်းဖြစ်သည်။

ဗိုလ်မှူးသည် ကောက်ကျားပီသ၍ ခန့်ထည်သော ဥပဓိရုပ်နှင့် ပြည့်စုံ ပါပေ၏။ ဗိုလ်မှူးဆိုသော်ငြားလည်း ဆရာဝန်ဗိုလ်မှူးမို့ ငယ်ဂုဏ်လည်း ရှိပါ၏။ ပညာဂုဏ်မှ အထူးပြောစရာမလို၊ ခွဲစိတ်ကုပါရဂူတစ်ယောက် စိတ်သဘောထားကလည်း လူကြီးဆန်လှချေ၏။ အိမ်ထောင်ဖက်အဖြစ် ငြင်းကွက်မရှိကြောင်း သူမ အသိ။ သို့သော် နှလုံးသားရေးရာဟူသည် အခက်သား။



ဦးနှောက်နှင့်တွက်လျှင်တော့ ခေါင်းညိတ်မိကောင်းညိတ်မိမည်။ ယခုမူ နှလုံးသားနှင့် စဉ်းစားမိသဖြင့် ခေါင်းခါရပေမည်။ 'ရှင့်ကို မချစ်ပါဘူး' ဟုအခိုင်အမာယ်ရသော အဖြေတစ်မျိုးမျိုးကို သူမနှုတ်မှထွက်ရမှာ ဝန်လေး နေသည်။ ဗိုလ်မှူးကျော်သူကဲ့သို့သော လူကြီးလူကောင်းတစ်ယောက်ကို ပြတ်ပြတ်သားသား ငြင်းပစ်လိုက်ရမှာ အားနာသည်။ မည်သို့ဖြစ်စေ အဖြေ မမည်သော စကားတစ်ခွန်းကိုတော့ လိမ္မာပါးနပ်စွာပေးခဲ့ရသည်။

"အိမ်ထောင်ရေးကို ငြိမ်း မစဉ်းစားသေးပါဘူး"

"ဒါဖြင့် အိမ်ထောင်ရေးကို ဆရာမ စဉ်းစားတဲ့အချိန်အထိ ကျွန်တော် စောင့်ပါ့မယ်"

မေကြည်ငြိမ်း ရင်ထဲပြုံးမိသည်။

"တကယ်လို့ ငြိမ်းက အပျိုကြီးဘဝနဲ့ အရိုးထုတ်ရင်ရော"

"ဒါဆို ကျွန်တော်လည်း တစ်သက်လုံးလူပျိုကြီးပေါ့ဗျာ"

"ကိုင်း… ငြိမ်းက ဒီပြင်တစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျသွား ပါပြီတဲ့"

"ဒါဆိုရင်တော့ ကျွန်တော့်ဖူးစာက်ဟာ သိပ်ကိုမွဲတာပဲလို့ အောက်မေ့ ရင်း စိတ်ကိုဖြေရမှာပေါ့လေ"

စောစောက ရယ်ကြဲကြဲပြောနိုင်ခဲ့သလောက် ယခု မျက်နှာညှိုး သွားကာ တစ်လုံးချင်း ဖြည်းဖြည်းလေးလေးပြောနေသော ဗိုလ်မှူးကျော်သူ့ ကိုကြည့်ပြီး မေကြည်ငြိမ်း စိတ်မကောင်းဖြစ်ရပြန်သည်။

ထိုစဉ် ဗိုလ်မှူးသည် တစ်စုံတစ်ခုကို တွေးမိပုံဖြင့် 'ဆရာမမှာ… ဆရာမမှာ ချစ်သူရှိပြီးသားမို့လားဟင်' ဟု စိုးရိမ်တကြီးမေးသည်။ 'အို… ဒီလိုတော့ မရှိသေးပါဘူး' ဟု ကပျာကယာ ပြောလိုက်ရသည်။ သည်တော့မှ စိတ်အေးသွားဟန်ဖြင့် သက်ပြင်းမှုတ်မှုတ်ကလေးချသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမပေးလိုက်သောအဖြေသည် ဗိုလ်မှူးကို စိတ်သက်သာရာရစေသဖြင့် တစ်မျိုးတစ်ဖုံတော့ ကျေနပ်မိသည်။ မချစ်ပေမယ့် ဗိုလ်မှူးကိုတော့ မျက်နှာမညိုးစေလိုပါ။ သို့ရာတွင် သူမ၏အဖြေသည် မည်မျှကြာကြာတည်တံ့နေမည်နည်း။ စင်စစ် သူမသည် အမှန်ကိုဖြေခြင်းဖြစ်သည်။ ပြီး… ဗိုလ်မှူးမေးသလောက်ကိုသာ ဖြေခြင်းဖြစ်သည်။

မေကြည်ငြိမ်းတွင် ချစ်သူမရှိ။

မှန်သည်။

သူမတွင် ချစ်သူဟူ၍ အများက နားလည်လက်ခံထားသူ မရှိသေးပါ။

သို့သော် …

▣ ▣ ▣

လက်ခုပ်သံ တဖြောင်းဖြောင်းထွက်ပေါ်လာသည်။

အမြင်တခြား၊ အတွေးတခြားကင်းကွာနေသော မေကြည်ငြိမ်းသည် ခုမှ သတိဝင်လာ၏။ အမြင်နှင့်အတွေးကို ပေါင်းစပ်စုစည်းပေးလိုက်၏။

ဝေဝေခင် ကပြီးသွားလေပြီ။ ကြည့်ရှုနေကြသော ကျောင်းသူကျောင်းသားပရိသတ်က သူတို့သူငယ်ချင်းကို လက်ခုပ်တီးကာ အားပေးလိုက်ကြခြင်းပင်။

'အမာစိန်ကတာနဲ့ သိပ်တူတာပဲ' ဟု နောက်နားမှ ကျောင်းသားတစ်ယောက်၏မှတ်ချက်ကို မေကြည်ငြိမ်း ကြားလိုက်ရသည်။ ပထမနှစ်မှသည် ဗိဇ္ဇာတန်းအထိ ကျောင်းစာနှင့် အနုပညာတွင် လက်ရင်းတပည့်ဖြစ်ခဲ့သော ဝေဝေခင့်အတွက် မေကြည်ငြိမ်း ဂုဏ်ယူမိလေသည်။

ဝေဝေခင်သည် ဝိုင်းဝန်းချီးမွမ်းနေသော သူငယ်ချင်းတွေကို ကျေးဇူးတင်ကြောင်းပြောပြီး မေကြည်ငြိမ်းထံ ရောက်လာသည်။



"ဆရာမ ဝေခင်ကတာ ဘာလိုသေးလဲဟင်"

'ပြောစရာ မလိုသလောက်ပါပဲကွယ်၊ ပထမနှစ်ကလည်း ကလာတာဆိုတော့ အပျော်တမ်းသမားချင်းတူရင်တောင် ဝေခင်က သမ္ဘာရင့်နေပြီပဲ' ဟု မေကြည်ငြိမ်းက ဖြေသည်။

ထိုစဉ် အပျိုတော်ယိမ်းစတိုက်သည်။ ကျောင်းသားပရိသတ်၏ အာရုံသည် ယိမ်းဘက်ရောက်သွား၏၊ မေကြည်ငြိမ်းနှင့် ဝေဝေခင်တို့ စကားတပြောပြောနှင့် အပြင်ထွက်လာခဲ့ကြသည်။

"ဆရာမ ကပွဲလာကြည့်ဦးမှာလား"

"ကြည့်မှာပေါ့၊ ခါတိုင်းလည်း လာနေကျပဲဟာ၊ အထူးအဆန်းလုပ်လို့ ဝေခင်ရယ်"

"ဆရာမ စာတမ်းပြုစုနေရတော့ အားမှအားပါ့မလားလို့ပါ"

"ဒီလောက်တော့ အချိန်ပေးရမယ်လေ၊ လူဆိုတာ ဘယ်လောက်အလုပ်များများ ဦးနှောက်ကြည်လင်အောင် ထိုက်သင့်တဲ့အားလပ်ချိန်၊ အနားယူချိန်တော့ ရှိရမှာပေါ့"

"ကိုကိုလည်း လာကြည့်မယ်တဲ့"

ထိတ်ခနဲ မေကြည်ငြိမ်း ရင်ခုန်သွားသည်။ ခြေလှမ်းမပျက်အောင် မနည်းသတိထားလိုက်ရသည်။ ဝေဝေခင်သည် မည်သည့်ရည်ရွယ်ချက်နှင့် ပြောလိုက်သနည်း။ အတူတူယှဉ်လျှောက်နေရင်း မျက်လုံးကလေးစွေ၍ ဝေဝေခင့်ကို မသိမသာ အကဲခတ်သည်။ ဝေဝေခင်၏မျက်နှာဝယ် ပကတိရိုးသားဖြူစင်မှုကိုတွေ့ရသည်။ ဆရာမ လာအားပေးမည်ဆိုသဖြင့် ဝမ်းသာသောပုံရိပ်ကိုသာ ဖမ်းမိသည်။ အမှူမဲ့အမှတ်မဲ့ အသိပေးလိုက်ခြင်းသာဖြစ်မည်ဟု ယူဆလိုက်သည်။ မည်သို့ဆိုစေ ဗိုလ်မှူးကျော်သူနှင့်ရင်ဆိုင်ရမည်ကို ရင်ဖိုနေမိသည်မှာတော့အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေခင်သည် မေကြည်ငြိမ်းကို အဓိပတိလမ်းမပေါ်ရောက်သည့်အထိ လိုက်ပို့သည်။

"ကဲ… ဝေခင် နေခဲ့တော့၊ ဆရာမ သွားမယ်"

"ဟုတ်ကဲ့ ဆရာမ၊ ပွဲညကျရင် ဆရာမ လာဖြစ်အောင်လာပါနော်"

မေကြည်ငြိမ်းက ပြုံး၍ခေါင်းညိတ်သည်။ တောင်ငူဆောင်သို့ ပြန်လာသည်။ ကံ့ကော်ရွက်ကြွေများပေါ် ဖြတ်လျှောက်လာရင်း သက်ပြင်းလေးလေးချမိသည်။

၄

မမျှော်လင့်ဘဲ ရုတ်တရက်ဆိုတော့ မေကြည်ငြိမ်း အံ့အားသင့်သွားသည်။ မြင်ရသောအမြင်ကိုပင် မယုံချင်မိ။ သို့သော် မယုံချင်လို့မရ။ တောင်ငူဆောင်ရှေ့တွင် ရပ်ထားသောကားမှာ ဦးတို့ကား။ ဖီးယက်-၁၁၀၀ အမျိုးအစား၊ မီးခိုးရောင်၊ စလုံးတစ်ငါးခြောက်ကိုး။

ပြီးတော့ ကားထဲတွင် ထိုင်နေသူမှာ ကိုဇော်။ ဟုတ်ပါသည်။ ကိုဇော်မှ ကိုဇော်အစစ်။

ထိုခဏမှာပင် ပီတိလှိုင်းလုံးကလေးတွေသည် မေကြည်ငြိမ်း၏ရင်ခွင်ကမ်းစပ်ကို တစ်လုံးပြီးတစ်လုံး ဆင့်ရိုက်လာသည်။ မျက်လုံးကလေးတွေ အရည်ရွှန်းလဲ့တောက်ပြောင်လာသည်။ မျက်နှာကလေး ပြုံးယောင်သမ်းလာသည်။

ထို့နောက် မပြေးရုံတမည် ခြေလှမ်းကလေးများဖြင့် ကားဘေးသို့ လှစ်ခနဲရောက်သွားသည်။ 'ကြည့်စမ်း၊ အသံမပေးဘာမပေးနဲ့ ဘယ်တုံးက ရောက်သလဲ' ဟုမေးသည်။ အပြစ်တင်လိုဟန်ပါသော လေသံကလေးနှင့် ဖြစ်သည်။



ကားထဲတွင်ထိုင်နေသော ဗိုလ်ဇော်ထွန်းက ရှေ့သို့အနည်းငယ်ကိုင်းညွတ်၍ ကားထဲသို့ ငုံ့ကြည့်နေသည့် မေကြည်ငြိမ်းကို အပြုံးဖြင့် တုံ့ပြန်သည်။

"မကြာသေးပါဘူး မမငြိမ်း၊ ခုနလေးတင် ရောက်တာပါ။ မမငြိမ်း စာကြည့်တိုက်သွားတယ်ဆိုလို့ ပြန်ဆင်းလာပြီးစောင့်နေတာ"

ထိုအခါ မေကြည်ငြိမ်းက မျက်စောင်းပစ်ထိုးလိုက်သည်။

"အိုး… အခုရောက်တာကို ပြောတာမဟုတ်ပါဘူး။ မိတ္ထီလာက ရောက်တာကိုပြောတာ။ ဟွန်း… သူ သိရက်သားနဲ့"

နှုတ်ခမ်းကလေး ချစ်စဖွယ်စူသည်။

ဗိုလ်ဇော်ထွန်းက သဘောကျစွာရယ်၏။

"အလကားနောက်တာပါ မမငြိမ်းရယ်၊ နေ့လယ်က လေယာဉ်ကြုံနဲ့ ရောက်လာတာပါ"

မေကြည်ငြိမ်းက မျက်မှောင်ကြုတ်လိုက်ပြီး -

"ခါတိုင်းလို ဘာလို့ဖုန်းမဆက်တာလဲ။ မမငြိမ်းသိရင် ကိုဇော့်ကို လာမကြိုရပါလား"

"မမငြိမ်းက တကယ်လာကြိုမှာလား"

"ကြိုမှာပေါ့၊ ခါတိုင်းလည်း လာကြိုနေကျပဲဟာ"

မေကြည်ငြိမ်းက မကျေနပ်ဟန်ဖြင့်ပြောသည်။ ခါတိုင်း ဗိုလ်ဇော်ထွန်း မိတ္ထီလာမှ ရန်ကုန်သို့ဆင်းလာလျှင် ဘူတာရုံ သို့မဟုတ် လေဆိပ်သို့ မေကြည်ငြိမ်းကိုယ်တိုင် သွားကြိုနေကျ။

"ခါတိုင်းကြိုနေကျပေမယ့် ဒီတစ်ခါမကြိုစေချင်လို့ပေါ့"

"ဘာဖြစ်လို့…"

"မမငြိမ်း သိပ်ကိုအလုပ်များနေတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ ဘယ်သူပြော"

"အိမ်ကရေးတဲ့စာထဲမှာ ပါတယ်လေ။ ရှမ်းပြည်နယ်တစ်ခွင် ခရီးထွက်နေရတယ်တဲ့။ အဲဒီတော့ မမငြိမ်းပင်ပန်းမှာစိုးလို့ တမင် အကြောင်းမကြားတာ"

သူမ ကျေနပ်သွားရသည်။

"ဒါပေမယ့်ကွယ်၊ ကိုဇော့်ကိုကြိုဖို့ဆို ပင်ပန်းတယ်မထင်ပါဘူး" ဟု ပြောမိပြီးမှ နှုတ်လွန်သွားမိလေသလားဟု ရှက်ရွံ့မိရသေးသည်။

"အပေါ်လိုက်ခဲ့ဦးလေ၊ ကျောင်းလည်းဆင်းတော့မှာပဲဟာ"

ဗိုလ်ဇော်ထွန်းက စီးကရက်တစ်လိပ်ရှိက်ဖွာလိုက်ရင်း -

"မလိုက်တော့ဘူး မမငြိမ်း၊ ဒီကပဲ စောင့်နေတော့မယ်"

"ဒါဖြင့် ခဏလေးနော်"

တောင်ပူဆောင်ပေါ်သို့ မေကြည်ငြိမ်း တက်သွားသည်။

⊞ ⊞ ⊞

ကျောင်းဆင်းချိန်မတိုင်မီ မေကြည်ငြိမ်း ပြန်ဆင်းလာ၏။

"စောင့်နေရတာ ပျင်းနေပြီလား"

ကားထဲဝင်ထိုင်လိုက်ရင်း မေးသည်။ ဗိုလ်ဇော်ထွန်းက စက်နှိုးလိုက်သည်။

"ပျင်းချိန်တောင် မရလိုက်ဘူး"

သူ့စကားက ဆန်းသည်။ မြူးစ်ကွက်ပါသည်။ မေကြည်ငြိမ်းကလည်း ရိပ်မိလိုက်သည်။ စိတ်ရေပြင်ဝယ် မနာလိုမှုကလေးက ရေပွက်ပမာပေါ်လာသည်။

"ကုံကော်တောက ကျောင်းသူအလှကလေးတွေကို ရှုမဝဖြစ်နေတယ် ပေါ့လေ"



"အတွဲကလေးတွေကို အားကျနေတာပါ"

ဗိုလ်ဇော်ထွန်းက ဘီးလိမ့်ထွက်လိုက်ရင်း ပြော၏။

"အားကျရင် ကိုဇော်ရှာပေါ့"

"မမငြိမ်းကမှ မကူညီတာ"

"ကိုဇော် ယောက်ျားမဟုတ်လား"

"ဘုရားတောင် အမှီရှိမှပွင့်နိုင်ပါတယ် မမငြိမ်း"

"သြော်… ကိုဇော်က မမငြိမ်းကိုတောင် အကူအညီတောင်းနေပြီဆိုတော့ သဘောကျတဲ့သူကိုတွေ့ထားပြီပေါ့။ မမငြိမ်းတပည့်ထဲကလား၊ ဘယ်သူ့ကို ပြောပေးရမလဲ"

"အာ… ဒီလိုမဟုတ်သေးပါဘူး မမငြိမ်းရာ။ ကျွန်တော်က စကားနိုင်လုပြောနေတာပါ။ အခုအချိန်ထိ ကျွန်တော့်နှလုံးသားကို လှုပ်ရှားသွားစေနိုင်တဲ့ မိန်းကလေးတွေ တစ်ယောက်မှမရှိသေးပါဘူး။ ဘောလုံးကန်မယ်၊ ရေကူးမယ်၊ လေယာဉ်မောင်းမယ်။ ဒါတွေပဲ စိတ်ဝင်စားပါတယ်"

ဗိုလ်ဇော်ထွန်းက သူ့သဘောထားကို ဖွင့်ဟသည်။ သူမရင်ထဲကို ဖောက်ထွင်းကြည့်မြင်တတ်၍ ကြိုတင်ကာကွယ်လိုက်တာလားဟု မေကြည်ငြိမ်းက မဝံ့မရဲတွေးသည်။ မည်သို့ဆိုစေ၊ အနှောင်အတဲကင်းမဲ့နေသေးသော နှလုံးသားမှန်းသိရသည့်အတွက်မူ သူမသည် မျှော်လင့်ချက်ကလေးနှင့်အတူ စိတ်ချမ်းမြေ့သွားရသည်။ တစ်ဖန် ခိုင်မာသောနှလုံးသားဖြစ်နေသောကြောင့်လည်း နည်းနည်းတော့ အားလျော့သွားမိပြန်သည်။ ဗိုလ်ဇော့်ထွန်းသည် တကယ်အိပ်ပျော်နေသူလား၊ အိပ်ချင်ယောင်ဆောင်နေသူလား၊ မေကြည်ငြိမ်း မသိတတ်နိုင်။

ကားသည် အဓိပတိလမ်းမှ ဘယ်ဘက်သို့ချိုးကွေ့ကာ တက္ကသိုလ်ရိပ်သာလမ်းပေါ်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုတလော အလုပ်တွေများပြီး သိပ်ပင်ပန်းနေသလား"

ဗိုလ်ဇော်ထွန်းက စကားလမ်းကြောင်းပြောင်း၏။

"ကိုဇော်လေယာဉ်မောင်းရတာ ပင်ပန်းသလား၊ နောက်ပြီး ကြောက်သလား"

"ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် မမငြိမ်းမေးတာကိုသာ ဖြေစမ်းပါလေ"

မေကြည်ငြိမ်းလေသံက ဆရာမဩဇာသံအပြည့်။ ဗိုလ်ဇော်ထွန်း အတွန့်မတက်သာ။ ဖြေရသည်။

"လေယာဉ်မောင်းတယ်ဆိုတာ အန္တရာယ်များတာတော့ အမှန်ပဲ။ ပင်လည်း ပင်ပန်းပါတယ်။ ကြောက်မယ်ဆိုလည်း တွေးကြောက်လောက်ပါပေရဲ့။ အထူးသဖြင့် စစ်လေယာဉ်မောင်းရတာက အန္တရာယ်ပိုများတာပေါ့။ ဒါပေမယ့် မမငြိမ်းရာ ကျွန်တော်ကတော့ သိပ်ကြောက်တယ်လို့လည်း မဟုတ်ပါဘူး။ မကြောက်ဘူးလည်း မဟုတ်ပါဘူး။ ထိတ်စရာလန့်စရာရှိလျှင် နည်းနည်းတော့ ထိတ်မိလန့်မိတာပါပဲ။ အဆုံးမှာတော့ ဝါသနာလို့ပဲ ပြောရလိမ့်မယ်။ ကိုယ်ဝါသနာပါပြီး ကိုယ်ရွေးခဲ့တဲ့အလုပ်ဆိုတော့ ပင်ပန်းတယ်လို့လည်း မထင်မိဘူး။ ကြောက်လှပါချည့်ရဲ့လို့လည်း မဟုတ်ဘူး။ ကိုယ်ဝါသနာပါရာလုပ်နေရလို့ ကျေနပ်တယ်၊ ပျော်တယ်၊ ဒါပဲ သိတယ်"

မေကြည်ငြိမ်းက သဘောကျစွာပြုံး၏။

"မမငြိမ်းတို့အလုပ်က ကိုဇော်တို့အလုပ်လိုတော့ ဘေးအန္တရာယ်မရှိပါဘူး။ အဲ... ပင်ပန်းတဲ့အခါမျိုးတော့ အတိုက်အလျောက်ရှိသပေါ့။ ဥပမာဆိုပါတော့၊ ရှေ့လထဲမှာ တက္ကသိုလ်နဲ့ကောလိပ်ပေါင်းစုံ စာတမ်းဖတ်ပွဲရှိတယ်။ စာတမ်းဖတ်တယ်ဆိုတာ စာရွက်ပေါ်မှာ ရေးထားတဲ့စာလုံး



တွေကို ဖတ်ပြသွားရုံပဲလို့မထင်ရဘူးနော်။ ဒါဟာ ပညာရပ်နှီးနှောဖလှယ်ပွဲပဲ။ ကိုယ်လေ့လာသုတေသနပြုထားတာကို ပရိသတ်ကလည်း ပါဝင်ဆွေးနွေးမေးမြန်းကြမှာ။ ကိုယ်က ရှင်းလင်းဖြေကြားနိုင်အောင်၊ ကိုယ်တင်သွင်းတဲ့စာတမ်း ခိုင်ခံ့အောင် အချိန်ယူပြင်ဆင်ထားရတယ်။ မမငြိမ်းက တင်တင်ဝင်းနဲ့တွဲပြီး 'ဂုံရှမ်းလူမျိုးတို့၏ စာပေနှင့်ဘာသာစကား' ဆိုတဲ့ စာတမ်းတင်သွင်းမလို့။ ဒါကြောင့် တစ်လောကတင် ရှမ်းပြည်နယ်ကို ကွင်းဆင်းလေ့လာခဲ့ကြသေးတယ်။ ပြီးတော့ စာအုပ်တွေဖတ်၊ အချက်အလက်တွေ ရှာဖွေကောက်နုတ် ဖတ်ရ၊ မှတ်ရ၊ မေးရ၊ မြန်းရတာပေါ့လေ။ စာသင်ချိန်မှာ စာသင်ပြီး စာတမ်းအတွက် လုံးပမ်းတဲ့အချိန်မှာ လုံးပမ်းနဲ့၊ အိမ်ကို အချိန်မှန်ပြန်ရတယ်လို့ကို မရှိပါဘူး။ နေ့တိုင်း မှောင်ရီသန်းမှ ပြန်ရတယ်။ ဒီနေ့သာ ကိုဇော်လာလို့ စောစောပြန်ဖြစ်တာ"

"ဒါကြောင့် မမငြိမ်းကို သိပ်ပင်ပန်းနေသလားလို့ မေးတာပေါ့"

"ဒီ့အတွက်အဖြေကို ကိုဇော်ပေးခဲ့ပြီးပြီလေ"

"ဗျာ၊ ဘယ်တုံးကပေးခဲ့လို့လဲ"

"ကိုယ်ဝါသနာပါတဲ့အလုပ်ဆို ပင်ပန်းတယ်လို့တောင် မထင်မိပါဘူးလို့ ခုနင်က ကိုဇော်ပြောခဲ့တယ်မဟုတ်လား"

ဗိုလ်ဇော်ထွန်း သဘောပေါက်သွားသည်။ သဘောကျစွာ ရယ်မောမိလေ၏။

"မမငြိမ်းက သိပ်စကားပြောတတ်တာပဲ။ မြန်မာစာဆရာမရယ်လို့ မပြောရဘူး။ ကျွန်တော်က မမငြိမ်းရဲ့မျက်နှာကလေး ချောင်ကျသွားတာ၊ အရင်တစ်ခေါက် ကျွန်တော်လာတုန်းကထက် နည်းနည်းကလေးပိန်သွားတာ သတိထားမိလို့ မေးလိုက်မိတာ။ ခုတော့ ကိုယ့်ဘာသာကိုယ် အဖြေပေးလိုက်မိတာကိုတောင် မသိလိုက်ဘူး။ ဟား ဟား... ဟား...ဟား ..."

www.burmeseclassic.com

www.burmeseclassic.com



သူမကို ဂရုတစိုက်ရှိပါလား။ အပြောင်းလဲကလေးတွေကို စေ့စေ့စပ်စပ် ရှာဖွေတတ်ပါလားဆိုသောအသိကြောင့် မေကြည်ငြိမ်းသည် ဖော်မပြတတ်အောင်ပင် ချမ်းမြေ့ကြည်နူးသွားရသည်။

အင်းလျားမြိုင်လမ်းထဲ ရောက်လာ၏။ သူတို့နှစ်အိမ်မှာ ခြံချင်းကပ်လျက်ဖြစ်သည်။ ကားသည် မေကြည်ငြိမ်းတို့ခြံထဲ ဝင်သွား၏။ တစ်ထပ်တိုက်ဖြူဖြူကလေးရှေ့တွင် ကားရပ်သည်။ မေကြည်ငြိမ်း ကားပေါ်မှဆင်းသည်။

"ညမှ ကျွန်တော်လာခဲ့မယ်"

"တကယ်နော်၊ မညာရဘူး"

"လာမှာပါ မငြိမ်းရဲ့၊ ထမင်းလာစားဖို့ ဒေါ်လေးကြည်က မှာထားတယ်"

"ဟုတ်လား၊ ဒီလိုဆိုရင် ကိုဇော်ကြိုက်တဲ့ ဝက်သားကုန်းဘောင်ကြော် လုပ်ထားမယ်"

မေကြည်ငြိမ်းက ဆည်းလည်းသံ လွင်လွင်ကလေးဖြင့်ပြောလိုက်သည်။

◙ ◙ ◙

ထမင်းဖိတ်ကျွေးသည်ဆိုသော်လည်း တခမ်းတနားမဟုတ်ချေ။ တခမ်းတနားဖြင့် ကျွေးဖို့လည်းမလိုချေ။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ဇော်ထွန်းသည် ဧည့်သည်မဟုတ်ဘဲ မေကြည်ငြိမ်းတို့အိမ်တွင် ဝင်ထွက်စားသောက်နေကျ အိမ်သားတစ်ဦးပမာ ခင်မင်ရင်းနှီးသူဖြစ်သောကြောင့်တည်း။

"သမီးရောက်တဲ့နေ့က မောင်ဇော်တို့အိမ်ကို လက်ဆောင်သွားပေးပြီး ပြန်လာတော့ မောင်ဇော့်ကို ကျွေးချင်လိုက်တာ မေမေရယ်လို့ အမှတ်တမဲ့ ပြောလိုက်တဲ့စကားကို မောင်ဇော် သနပ်ခါးလက်ဆောင်လာပေးတော့ သတိရလိုက်တာနဲ့ ဒေါ်လေးကြည်က ထမင်းစားဖိတ်လိုက်တာ"

ထမင်းစားပွဲဘေးတွင် ရပ်နေသော ဒေါ်ကြည်ကြည်က ပြောသည်။ မေကြည်ငြိမ်းနှင့် ဗိုလ်ဇော်ထွန်းနှစ်ယောက်သာ/မျက်နှာချင်းဆိုင်ထိုင်လျက် စားနေကြသည်။ သူတို့နှစ်ယောက်ကိုကြည့်၍ ဒေါ်ကြည်ကြည် ပီတိဖြစ်နေသည်။

"စားလေ ကိုဇော်ရဲ့၊ ကိုဇော်ပဲ ရှမ်းတရုတ်စာကြိုက်တယ်ဆို"

မေကြည်ငြိမ်းက ဟင်းတစ်ဖတ်ကို တူနှင့်ညှပ်ယူပြီး ဗိုလ်ဇော်ထွန်း ပန်းကန်ထဲ ထည့်ပေးလိုက်သည်။

"စားပါတယ် မငြိမ်းရဲ့၊ ကျွန်တော့်ပန်းကန်ထဲကိုလည်း သေသေချာချာကြည့်ပါဦး။ မငြိမ်းပုံပေးတဲ့ ဟင်းတွေချည်းပဲ ထမင်းတောင် မမြင်ရတော့ဘူး"

"ဟုတ်ပါရဲ့အေ၊ တော်ရုံတန်ရုံဆို တော်ရောပေါ့။ ဟင်းတွေ ထည့်ပေးထားတာ မလွန်လွန်းဘူးလား"

တကယ်တော့ ဗိုလ်ဇော်ထွန်းအပေါ် မေကြည်ငြိမ်းက စေတနာရေစီးကမ်းပြိုလိုက်ခြင်းဖြစ်သည်။ ဗိုလ်ဇော်ထွန်းကို ကျွေးချင်လှသဖြင့် ရသမျှအချိန်အတွင်း ချက်ပြုတ်ကြော်လှော်ခဲ့ရသည်မှာ မမောနိုင် မပန်းနိုင်။ အားနာရမည့်အိမ်မဟုတ်သဖြင့် ဗိုလ်ဇော်ထွန်းကလည်း ဟန်မလုပ်၊ ဗိုလ်ဇော်ထွန်း အားရပါးရစားနေပုံကိုကြည့်ပြီး မေကြည်ငြိမ်း ကျေနပ်နေသည်။

တိုင်ကပ်နာရီမှ ရှစ်နာရီထိုးသံ ပေါ်ထွက်လာသည်။

"ဟော . . . ရှစ်နာရီတောင်ထိုးသွားပြီ၊ မေမေဘုရားဝတ်ပြုဖို့ သွားတော့မယ်။ သမီးဖေဖေလည်း အမဲ့ဘန်ပုတီးစိတ်နေရောပေါ့" ဟု ဒေါ်ကြည်ကြည်က ပြောသည်။ တစ်ဆက်တည်းပင် ဗိုလ်ဇော်ထွန်းအား

"မောင်ဇော် စားနော် အားမနာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ဒေါ်လေးကြည်၊ ကျွန်တော် အဝတုတ်မှာပါ၊ မငြိမ်းကသာ..."

စကားမဆုံးဘဲ ရပ်ထားလိုက်သည်။ ဒေါ်ကြည်ကြည်မှာ ထမင်းစားခန်း အပြင်ဘက်သို့ ရောက်သွားလေပြီ။

"မငြိမ်းက ဘာဖြစ်လဲ"

"ကျွန်တော်က နှစ်ပန်းကန်တောင်ကုန်ပြီးနေပြီ၊ မငြိမ်းက တစ်ပန်းကန်တောင် အရာမယွင်းသေးတာ၊ တို့ကနန်း ဆိတ်ကနန်းနဲ့၊ အိမ်ရှင်က ညှိုသည်ကျနေတာပဲ"

မေကြည်ငြိမ်း မျက်စောင်းခုတ်သည်။

"အံမယ်... အဲဒါ သူကြောင့်သိလား၊ ကိုဇော်က တော်တော်နဲ့ ပေါ်မလာဘူးလေ၊ ဖေဖေနဲ့မေမေတို့ကတောင် စောင့်နေကြတာ။ လူကြီးတွေမို့ အစာမခံနဲ့၊ မစောင့်နဲ့ဆိုပြီး အတင်းစားခိုင်းလိုက်ရတယ်။ ကိုဇော်လာတော့ ဘယ်အချိန်ရှိနေပြီလဲ။ ခုနစ်နာရီခွဲနေပြီ၊ မငြိမ်းအစာလွန်ပြီး ဘယ်စားနိုင်တော့မှာလဲ"

"ဆောရီးပဲ မငြိမ်းရာ၊ အမှန်က ဒီလောက်ထိအောင် နောက်ကျဖို့ မဟုတ်ပါဘူး။ စစ်ရုံးက ဗိုလ်မှူးအိမ်သွားပြီး သတင်းပို့တာ၊ မတွေ့လို့ စောင့်နေရတာကြောင့် ကြာသွားတာပါ"

"မနက်မှ ရုံးကိုသွားသတင်းပို့လို့ မဖြစ်ဘူးတဲ့လား"

"ဖြစ်တော့ဖြစ်ပါတယ်၊ လုပ်စရာရှိတာကို အချိန်မဆိုင်းချင်လို့ပါ။ အခုတစ်ခေါက်လာရတာ အချိန်လုပြီးလာရတာပါ။ ကျွန်တော်တို့အုပ်မှာ လူအင်အားနည်းနေတယ်၊ ဒီကပြန်ရင် စစ်ဆင်ရေးထွက်ရဦးမယ်၊ ဒီတော့ လုပ်စရာရှိတာကို မြန်မြန်လုပ်ပြီး မြန်မြန်ပြန်မှ"

မေကြည်ငြိမ်း မသိမသာ မျက်နှာညိုးသွားသည်။ ပါးစပ်ထဲ ထမင်းလုတ်ကို ပြန်ချထားလိုက်သည်။



"ဘယ်တော့လောက် ပြန်ဖြစ်မလဲဟင်"

"မြန်မြန်ဆိုပေမယ့် ပေးလိုက်တဲ့အလုပ်ကများတော့ နှစ်ရက်၊ သုံးရက်လောက်တော့ ကြာဦးမှာပါ"

"နှစ်ရက်၊ သုံးရက်ဆိုတော့... နက်ဖြန်ခါ... သန်ဘက်ခါ အဲ... သန်ဘက်ခါညမှာ ကိုဇော်ရှိဦးမှာပေါ့နော်"

"ဟုတ်ကဲ့၊ သန်ဘက်ခါတော့ ပြန်ဖြစ်ဦးမယ်မထင်ပါဘူး"

ထိုစဉ် တယ်လီဖုန်းမြည်သံက ရူးရူးရှရှထွက်ပေါ်လာ၏။

"ခဏလေးနော်"

မေကြည်ငြိမ်းသည် ညှိခန်းကူးသွားပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို... အမိန့်ရှိပါရှင်"

"ဆရာမလား"

"ဟုတ်ပါတယ်၊ ကျွန်မ မေကြည်ငြိမ်းပါ"

"ကျွန်တော် ကျော်သူပါ ဆရာမ၊ ဆရာမအတွက် အနှောင့်အယှက်များ ဖြစ်နေမလားဟင်"

"မဖြစ်ပါဘူး၊ ရပါတယ်"

လူမှုရေးအရ ဖြေလိုက်ရသည်။ စင်စစ် ဤအချိန်တွင် သီးသီးသန့်သန့် လွတ်လွတ်လပ်လပ်နေချင်သည်မှာ သူမ၏ အလိုလားဆုံးဆန္ဒ။

"ကျွန်တော် အများကြီးစဉ်းစားပါတယ်။ ဒီအချိန်ဟာ ဆရာမ စာဖတ်စာရေးတဲ့အချိန်ဖြစ်နေမလား၊ တစ်နေ့လုံးပင်ပန်းလို့ အနားယူနေမှာလား၊ ဒါမှမဟုတ် စာတာမ်းအတွက် အိမ်မှာ အလုပ်ဆက်လုပ်နေမှာလား စသည်ဖြင့်ပေါ့လေ၊ ဆရာမဆီဖုန်းဆက်ဖို့ သင့်၊ မသင့်ဆိုတာ ကျွန်တော် အများကြီး ချင့်ချိန်ပါသေးတယ်။ နောက်ဆုံးတော့ ခဏလေးဖြစ်ဖြစ်ဆိုပြီး ဆက်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့လား ဗိုလ်မှူး"

"ဗျာ… ကိစ္စရှိမှဆက်ရမှာလား ဆရာမရယ်"

လွှတ်ခနဲမေးလိုက်မိပြီးမှ အားနာသွားရသည်။

"အို… မဟုတ်ပါဘူး၊ ဆက်ရပါတယ်။ ငြိမ်းဆိုလိုတာက ဒီလိုပါ၊ ခါတိုင်းဆိုရင် ကျောင်းချိန်အတွင်းမှာပဲ ဗိုလ်မှူး ဆက်လေ့ရှိတယ် မဟုတ်လား၊ အခု ဒီအချိန်ကြီးမှ အိမ်ကိုဆက်တယ်ဆိုတော့၊ ဘာကိစ္စ ရှိလို့ပါလိမ့်လို့ တွေးမိလို့ပါ"

"ကိစ္စအထူးအထွေ မရှိပါဘူး၊ ဆရာမ နေကောင်း၊ မကောင်း သိချင်လို့ပါ"

"ရှင်… ငြိမ်းက ဘာဖြစ်နေလို့လဲ"

မေကြည်ငြိမ်း မျက်လုံးပြူးသွားရသည်။

"ညနေက ရန်ကုန်ဆေးရုံကြီးကအပြန် မြန်မာစာဌာနကို ကျွန်တော် ဝင်သေးတယ်၊ ဆရာမ အစောကြီးပြန်သွားတယ်လို့ သိရတယ်။ ခါတိုင်းဆို ဆရာမ ဒီလိုစောပြန်လေ့မရှိပါဘူး။ အလုပ်သိပ်ကြိုးစားတဲ့ ဆရာမဟာ အလုပ်များနေချိန်မှာ စောပြန်သွားတယ်ဆိုတော့ အလုပ်ဒဏ်ပိပြီး နေထိုင် မကောင်းလို့များလားလို့ တွေးပူမိတယ်။ ချက်ချင်းအိမ်ကိုလိုက်လာပြီး မေးချင်ပေမယ့် အလုပ်တာဝန်က မပြီးပြတ်သေးတော့ စိတ်မဖြောင့်ဘဲ ဆက်ထွက်လာခဲ့ရတယ်။ အခုမှ ဖုန်းဆက်မေးသင့်၊ မမေးသင့် ချီတုံချတုံ စဉ်းစားပြီးမှ အရဲစွန့်မေးလိုက်တာ"

စစ်သားလူရိုးကြီး ဗိုလ်မှူးကျော်သူက ရှင်းပြသည်။ တယ်လီဖုန်းထဲက ပြောနေသော်လည်း အနားတွင်ကပ်ပြီး ယုယကြင်နာစွာ ပြောနေသည့်အလား ထင်မှတ်ခံစားရသည်။ "သြော်… ဗိုလ်မှူးရယ်၊ ဒီလောက်တောင် ငြိမ်းကို ဂရုစိုက်ရသတဲ့လား" ဟု စိတ်ထဲက ရေရွတ်မိသည်။ ထိုတစ်ခဏဝယ်



မေကြည်ငြိမ်းသည် ဗိုလ်မှူးကျော်သူအတွက် အမျိုးအမည်ဖော်မပြ တတ်သော စိတ်မကောင်းခြင်းကြီးစွာဖြင့် တယ်လီဖုန်းခွက်ကိုကိုင်ကာ ငိုင်ရပ်နေမိလေသည်။

"ဘယ်လိုလဲ ဆရာမ၊ ကျွန်တော်မေးမိတဲ့အတွက် စိတ်ဆိုးသွား ပြီလား"

ဗိုလ်မှူးက ထပ်ဆင့်မေးလာတော့မှ သတိဝင်လာကာ ပျာပျာသလဲ ဖြေလိုက်ရသည်။

"အို… မဆိုးပါဘူး ဗိုလ်မှူးရယ်၊ ငြိမ်း စိတ်မဆိုးပါဘူး။ အခုလို ငြိမ်းကို ဂရုတစိုက်မေးဖော်ရတာကိုပဲ ကျေးဇူးတင်နေရပါသေးတယ်"

"အခုမှပဲ ကျွန်တော့်ရင်ထဲမှာ မတင်မကျဖြစ်နေတဲ့ အလုံးကြီး ကျသွားတော့တယ်ဗျာ" ဗိုလ်မှူးကျော်သူ့အသံမှာ မြူးကြွလာသည်။ "ဒါဖြင့် ဆရာမနေကောင်းတယ်ပေါ့နော်" ဟု မေးဖြစ်အောင် ထပ်မေး လိုက်သေးသည်။ ဗိုလ်မှူးကျော်သူ၏ စိုးရိမ်ပူပန်တတ်ပုံကို သဘောကျကာ မေကြည်ငြိမ်းသည် လွင်လွင်ကလေးရယ်မိ၏။

"ဗိုလ်မှူးရယ်… ငြိမ်းနေကောင်းပါတယ်။ စောပြန်သွားတာက မနေ့က ဗိုလ်မှူးကိုပြောပြခဲ့တဲ့ ငြိမ်းကာဆင် ရောက်လာလို့ပါ"

"ဟုတ်လား၊ ဒီလိုဆိုလည်း ပြီးတာပါပဲဗျာ။ နို့မို့ရင် ဆရာမအတွက် အမြဲလိုလို ကျွန်တော် စိတ်ပူနေတတ်လို့ပါ" ဟု ရိုးသားပွင့်လင်းစွာ ပြောလေသည်။ မေကြည်ငြိမ်း စိတ်မကောင်းဖြစ်ရပြန်သည်။

"ဒါပဲနော်၊ ဆရာမ အနားယူပါတော့၊ ဂွတ်နိုက်"

ဖုန်းချသွားသည်။

ထမင်းစားခန်းကို မေကြည်ငြိမ်း ပြန်ကူးလာသည်။ ဗိုလ်ဇော်ထွန်း စီးကရက်ခဲလျက် စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော် စားပြီးသွားပြီလား"

"ပြီးပြီ မမငြိမ်း"

"ဆောရီးကွယ်၊ မမငြိမ်း ဖုန်းပြောနည်းနည်းကြာသွားတယ်၊ မမငြိမ်း တပည့်တစ်ယောက်ရဲ့အစ်ကို စစ်ဆေးရုံကြီးက ပါရဂူတစ်ယောက်ဆိုတော့"

"ဪ... ဪ..."

ဗိုလ်ဇော်ထွန်းက ဒါပဲပြောသည်။ ဆေးလိပ် ဆက်သောက်နေသည်။ မေကြည်ငြိမ်းလည်း ထမင်းတစ်လုတ် နှစ်လုတ်မျှ စိတ်မပါတပါစားပြီးနောက် လက်ဆေးလိုက်သည်။

"သန့်ဘက်ခါည ကိုဇော် ရှိဦးမှာနော်"

လက်သုတ်ရင်း မေကြည်ငြိမ်းက စကားပြန်ကောက်သည်။

"ရှိမယ်လေ၊ ဘာလုပ်ပေးရမလဲ"

"တက္ကသိုလ်များ စာပေနှဲယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပမယ့် ပဒေသာကပွဲကို ဖိတ်မလို့ပါ။ ကိုဇော် လိုက်မယ်မဟုတ်လား"

"ဟာ... ဒါမျိုးဆို သိပ်လိုက်ပေါ့၊ ဘယ်ငြင်းလိမ့်မလဲ"

ဗိုလ်ဇော်ထွန်းက စပ်ဖြီးဖြီးနှင့် မချိုမချဉ်မျက်နှာ -

"ကိုဇော်နော်၊ ဆင်ဖြူတော်မိုးပြီး ကြံစုပ်မယ်များ ကြံနေသလား"

မေကြည်ငြိမ်းက လက်သီးဆုပ်ကလေးရွယ်၍ မာန်မဲဟန်ပြုသည်။ ဗိုလ်ဇော်ထွန်းက ရယ်နေသည်။

◙ ◙ ◙

ခါတိုင်း ခေါင်းချသည်နှင့် အိပ်ပျော်သွားတတ်သော မေကြည်ငြိမ်း သည် မျက်စိကြောင်နေ၏။

ပဒေသာကပွဲသို့ ဗိုလ်ဇော်ထွန်းနှင့်အတူ သွားရမည်မို့ ပျော်နေသည်။ တစ်ဖန် ဗိုလ်မှူးကျော်သူနှင့် ရင်ဆိုင်ရမည်ကို တွေးမိသောအခါ ရင်လေး မိပြန်သည်။

ဗိုလ်မှူးကျော်သူကို အားနာသည်။

ဗိုလ်ဇော်ထွန်းကိုတော့ အားမလိုအားမရ ဒေါကလေးပွမိသည်။

ဪ... မိန်းမသားဘဝကား ခက်လှပါတကားဟု တွေးမိလေသည်။

၅

ကျောင်းသူကျောင်းသားတွေ၏ပွဲဖြစ်သော်လည်း လာရောက်ကြည့်ရှု အားပေးသူ ပရိသတ်များမနည်းလှ။ ထိုင်ခုံတန်းတွေထဲသို့ ဝင်လာသူတွေ တဖွဲဖွဲ။

ပထာမ ညှိခံတီးလုံးသံက သာယာငြိမ့်ညောင်းစွာ လေမှာ လွင့်ပျံ့ နေ၏။ တိုင်းရင်းသားတို့၏တေးဂီတကို တစ်လှည့်စီ ဖျော်ဖြေနေခြင်း ဖြစ်သည်။

ပရိသတ်များပြားသည် မှန်သော်လည်း ဆူညံအိုက်မနေ။ ဆေးတက္ကသိုလ် (၁) မြက်ခင်းပြင်တွင် ကျင်းပခြင်းဖြစ်သောကြောင့် တစ်ချက်တစ်ချက်တွင် လေအေးအေးကလေးပင် ဝှေ့ဝိုက်တိုက်ခတ် လာချေသေးသည်။

ဇာတ်ခုံနောက်ခံပန်းချီကားမှာ ပင်လုံကျောက်တိုင်ပန်းချီကားတစ်ချပ် ဖြစ်၏။ ဖွေးဖွေးဖြူသော ကျောက်တိုင်ကိုဗဟိုပြု၍ စိမ်းမြစိုပြည်သော မြက်ခင်း၊ မိုးပြာနောက်ခံတွင် ရွေ့လျားနေဟန်ရှိသော တိမ်ဖြူအဆုပ် အဆုပ်တွေ။ တိမ်ဖြူအဆုပ်တွေအကြား၌ တစ်စုတစ်ဝေးတည်း ပျံသန်း နေသော ငှက်အုပ်တစ်အုပ် စသည်ဖြင့် ပန်းချီဆရာ စိတ်ကူးဉာဏ်ကွန့်မြူး

www.burmeseclassic.com

www.burmeseclassic.com



ထားသော စုတ်ချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပုံဖော်ရာတွင် သရုပ်ပါလှပေ၏။ ပင်လုံမြေသို့ ကိုယ်တိုင်ရောက်သွားပြီး ကျောက်တိုင်ကို မျက်စိရှေ့တွင် တကယ်မြင်တွေ့နေရသလို ထင်မှတ်ရသည်။

ပန်းချီကား၏ အောက်ဘက်တွင် 'တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာကပွဲ' ဟု စာတန်းရေးထိုးထားသည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ၊ ရန်ကုန်) က ကြီးမှူးကျင်းပသော ကပွဲဖြစ်သည်။ ကပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (၉) ခုက ရိုးရာပဒေသာအက အစီအစဉ်များကို တင်ဆက်မည်ဖြစ်သည်။ အကအစီအစဉ်ကို အက္ခရာစဉ်အလိုက် စီစဉ်ထားသည်။

ပထမ ကချင်ကျောင်းသူကျောင်းသားများ၏ လီဆူးတာကော်အက။ ပြီးတော့ ကယားကျောင်းသူကျောင်းသားတို့၏ ဖားစည်အက။ ထို့နောက် ဆက်၍… ဆက်၍ ကရင်ကျောင်းသူကျောင်းသားတို့၏ ဆယ့်နှစ်လရာသီဒုံးအကနှင့် ဝါးညှပ်အက၊ ချင်းကျောင်းသူကျောင်းသားတို့၏ ဒပ်စိလမ်းစူးဆူးအကနှင့် ဂုတ်သုအက၊ ပအိုဝ်ကျောင်းသူကလေးများ၏ ဆိန်လာခမ်ဗီအက၊ ဗမာကျောင်းသူကလေးများ၏ တစ်ပင်တိုင်အက၊ အပျိုတော်ယိမ်းအကနှင့် ရွှေအိုးစည်အက၊ မွန်ကျောင်းသူကလေးများ၏ မွန်နှစ်ပါးသွားအက၊ ရခိုင်ကျောင်းသူကလေးများ၏ အကျွန်ရို့အချေခါအကနှင့် ပိုးဝါမင်းသမီးယိမ်းအက၊ ရှမ်းကျောင်းသူကျောင်းသားတို့၏ ကောင်မောင်းဆိန်းရှမ်းအိုးစည်အကတို့ကို တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်လေသည်။

အစီအစဉ် (၈) ဖြစ်သော တစ်ပင်တိုင်အကမှာ ဝေဝေခင့်အစီအစဉ်ဖြစ်၏။ ဝေဝေခင် ကမည်။ သီတာ၊ မာလာနှင့် ကလျာတို့က ဝေဖယန္တာကို စောင်းတီးခတ်မည်။ စည်းဝါးကိုက်မည်။ သီဆိုမည်။



"ဗိုလ်မှူးတစ်ယောက်တည်းလား"

အစီအစဉ်စာရွက်ကို သဲသဲမဲမဲ ငုံ့ဖတ်နေသော ဗိုလ်မှူးကျော်သူနားထဲသို့ ကြားနေကျ ဆည်းလည်းသံကလေး ချိုလွင်စွာဝင်လာသည်။ ချက်ချင်းပင် ခေါင်းမော့ကြည့်လိုက်သည်။

မေကြည်ငြိမ်းသည် သူ့ရှေ့တွင် ပြုံးပြုံးကလေးရပ်နေ၏။

ပထမ သိပ်ဝမ်းသာသွားသည်။ တစ်ဖက်သတ်ချစ်သူကို လှိုက်လှဲရင်းနှီးစွာ နှုတ်ဆက်ချင်စိတ်က ရင်ထဲတွင် ရုတ်ခြည်းပေါ်လာသည်။ သို့သော် ဗိုလ်မှူးကျော်သူသည် မေကြည်ငြိမ်းနောက်တွင်ရပ်နေသော မျက်နှာစိမ်းတစ်ယောက်ကြောင့် ထိန်းချုပ်လိုက်ရသည်။

"တစ်ယောက်တည်းမဟုတ်လို့ ဘယ်နှယောက်ဖြစ်ရမှာလဲ ဆရာမရယ်။ သိရက်သားနဲ့"

နှစ်ကိုယ်ကြားရုံ ပြောဖြစ်သည်။ အဓိပ္ပာယ်ကို မေကြည်ငြိမ်း နားလည်သည်။ နောက်မှပါလာသော ဗိုလ်ဇော်ထွန်း ကြားလေမလားဟုစိုးရိမ်သည်။

"ဟုတ်ဘူးလေ၊ ဝေခင့်ကိုမတွေ့လို့ မေးတာ"

"ဝေခင်လား၊ သူက ,ကရမယ့်သူပဲ ဆရာမရယ်။ ပြင်ဆင်စရာကလေးတွေရှိလို့ဆိုပြီး ခုနလေးတင် အဝတ်လဲခန်းဘက်ကို ထွက်သွားလေရဲ့။ ဆရာမကိုတောင် မျှော်နေသေးတယ်"

"စောစောလာမလို့ပဲ၊ ဟောဒီကိုဇော်ကြောင့် နောက်ကျသွားတာ"

မေကြည်ငြိမ်းသည် ဗိုလ်ဇော်ထွန်းဘက်သို့ မေးကလေးဆတ်၍ ပြော၏။ တစ်ဆက်တည်းပင် "ဗိုလ်မှူးနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက မိတ္ထီလာလေတပ်စခန်းက ဗိုလ်ဇော်ထွန်းတဲ့။ တစ်နေ့က ဗိုလ်မှူးမေးတဲ့ ဓာတ်ပုံက သူ့ဓာတ်ပုံလေ။ ကိုဇော်လည်း မှတ်ထား၊ မင်္ဂလာဒုံစစ်ဆေးရုံကြီးက ခွဲစိတ်ပါရဂူ ဗိုလ်မှူးကျော်သူ။ မနေ့ညက ကိုဇော်နဲ့ထမင်းစားနေတုန်း တယ်လီဖုန်းလာတာ ဗိုလ်မှူးဆီကပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဗိုလ်မှူးကျော်သူပါ၊ တွေ့ရတာဝမ်းသာပါတယ်"

"ကျွန်တော်လည်း ဗိုလ်မှူးနဲ့တွေ့ရတာ ဝမ်းသာပါတယ်"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ဗိုလ်မှူးကျော်သူ့ဘေးတွင် ခုံလွတ်နေသည်။ မကြည်ငြိမ်းက ဗိုလ်မှူးနှင့်ကပ်လျက်ခုံတွင် နေရာယူသည်။ ဗိုလ်ဇော်ထွန်းက မကြည်ငြိမ်း၏ဘေးခုံတွင် ထိုင်သည်။

"ဗိုလ်ကြီးက ခွင့်နဲ့လား"

"တာဝန်နဲ့လာတာပါ ဗိုလ်မှူး။ တစ်ရက်နှစ်ရက်နေပြီးရင် ပြန်ရမှာပါ" ဟု ဗိုလ်ဇော်ထွန်းက လေးလေးစားစား ဖြေသည်။

"ကျွန်တော် မှန်းဆက်တဲ့နေ့ကမှ ရောက်တာဆို။ နက်ဖြန် သန်ဘက်ပြန်မယ်ဆိုတော့ မမြန်လွန်းဘူးလား။ နေလို့ရရင် နေဦးပေါ့"

"နေချင်ပါတယ် ဗိုလ်မှူး၊ မဖြစ်လို့ပါ။ ခွင့်... သင်တန်း... ဆေးရုံတက်နေသူတွေကြောင့် အုပ်မှာ လေသူရဲအင်အားနည်းနေပါတယ်။ ဒီက ပြန်ရင် ကျွန်တော်က လားရှိုးတပ်ဆွယ်ကို တစ်လှည့်တက်ပေးရဦးမှာကြောင့်ပါ"

"ဟုတ်လား၊ ကျွန်တော်လည်း တစ်ပတ်နှစ်ပတ်အတွင်း လားရှိုးစစ်ဆေးရုံကို ပြောင်းရမှာပဲ" ဟု ဗိုလ်မှူးကျော်သူက စိတ်အားထက်သန်စွာ ပြော၏။ "လားရှိုးက ပျော်စရာကောင်းသလား" ဟုလည်း တစ်ဆက်တည်း မေး၏။

"ကောင်းပါတယ် ဗိုလ်မှူး၊ တကယ်တော့ လားရှိုးတင်မကပါဘူး။ ဘယ်ပြည်နယ်က မြို့ရွာပဲဖြစ်ဖြစ်၊ တိုင်းရင်းသားတွေ ရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေနဲ့ စိတ်ဝင်စားစရာ၊ ပျော်စရာကောင်းတာချည်းပါပဲ"

"ကိုဇော်က ရဟတ်ယာဉ်တစ်စီးနဲ့ ဒေသစုံရောက်ဖူးနေတော့ အဲဒီနေရာဒေသတွေမှာ ပျော်တတ်နေပြီဗိုလ်မှူးရဲ့။ ငြိမ်းတို့ ရန်ကုန်ကို မပျော်တော့ဘူး"



ဗိုလ်မှူးကျော်သူနှင့် ဗိုလ်ဇော်ထွန်းသည် မကြည်ငြိမ်းကို အလယ်တွင်ထားပြီး စကားကောင်းနေကြ၏။ မကြည်ငြိမ်းသည် တစ်ချက်တစ်ချက်တွင် ဗိုလ်ဇော်ထွန်းကို ဝင်ခနဲ့တတ်သည်။ ခနဲ့သံမှာ ရယ်ရွှန်းပတ်ရွှန်းမဟုတ်။ အလေးအနက်သဘော ဆောင်နေသည်။ ဒါကို ဗိုလ်မှူးကျော်သူက အမှတ်မထင် သတိထားမိ၏။

မကြာမီ ကပွဲစသည်။

မကြည်ငြိမ်းကား ဗိုလ်ဇော်ထွန်းပါ၍ ပျော်နေသည်။ ပွဲကြည့်ရင်း ဗိုလ်ဇော်ထွန်းဘက်သို့ မကြာခဏ မျက်လုံးကလေးဝေ့၍ ခိုးကြည့်တတ်သည်။ တက္ကသိုလ်ပျိုဖြူများကို စိတ်ဝင်တစား ငေးမောကြည့်ရှုနေသော ဗိုလ်ဇော်ထွန်းကို မနာလိုဖြစ်ကာ ဒေါသစိတ်ကလေးဝင်လာရလေသည်။ တစ်ဖက်ကလည်း ဗိုလ်မှူးကျော်သူကို မျက်နှာပူသည်။ မရည်ရွယ်သော်ငြား ရွဲ့သလိုဖြစ်နေသောကြောင့် စိတ်မကောင်း။

ဗိုလ်မှူး... တော့ ကပွဲကို အလျှင်းစိတ်မဝင်စားတော့ချေ။ မကြည်ငြိမ်းနှင့် ဗိုလ်ဇော်ထွန်းတို့၏ဆက်ဆံရေးကို မသိမသာအကဲခတ်ကာ အတွေးနယ်ချဲ့နေသည်။ မကြည်ငြိမ်းက ကာဆင်ဟု ဆိုခဲ့လေသည်။ ယုံကြည်ရန် ခဲယဉ်းပေစွ။

ကြည့်လေ. . .

ဝေဆခင်တို့အလှည့်တွင် ဖြစ်သည်။ ဗိုလ်မှူးကျော်သူနှင့် မကြည်ငြိမ်းတို့က စိတ်ဝင်စားစွာကြည့်နေစဉ် ဗိုလ်ဇော်ထွန်းအသံ ထွက်လာသည်။

"စောင်းတီးနေတဲ့ကျောင်းသူက ဘယ်သူလဲ မမငြိမ်း"

"ဘာလုပ်မလို့လဲ"

မကြည်ငြိမ်းက မဖြေဘဲ အသံပြတ်နှင့်မေးသည်။ ဗိုလ်ဇော်ထွန်းသည် သိတော့ထံမှ မျက်စိမခွာဘဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဪ... စောင်းလက်သံက ကောင်းလွန်းလို့ပါ။ ညက်နေတာပဲ"

"ကိုဇော်ရယ်... ရယ်စရာကောင်းလိုက်တာ။ မသိတာကျနေတာပဲ"

သို့ပြောရင်း မျက်စောင်းတစ်ချက် ခုတ်လိုက်သည်။ အနုပညာကို ဝါသနာမပါ။ သီချင်းတစ်ပုဒ်ကိုပင် အစအဆုံးဖြစ်မြောက်အောင် မဆိုတတ်သူက စောင်းလက်သံကိုချီးမွမ်းသဖြင့် မကြည်ငြိမ်း ရယ်ချင်သွားသည်။ မပိရိသူ ဗိုလ်ဇော်ထွန်းကျောပြင်ကို မြောတင်ထုပစ်ချင်စိတ် ပေါက်လာမိသည်။

နောက်ဆုံးအစီအစဉ်ဖြစ်သော ရှမ်းအိုးစည်အကသို့ ရောက်လာသည်။

"ဒီအကကြည့်ရတာ ရိုးနေပြီ။ ရမုန်းအကလေးဘာလေးဆိုရင် မဆိုးဘူး"

"ရမုန်းကတာ ကိုဇော်မြင်ဖူးလား"

"တာချီလိတ် ကျိုင်းတုံဘက်ရောက်တိုင်း တွေ့ဖူးတာပေါ့။ ဒီ့ပြင် ရိုးရာအကတွေထက်စာရင် တစ်မျိုးတစ်ဘာသာ ထူးတယ်"

"မငြိမ်းလည်း အခုရေးနေတဲ့ စာတမ်းအတွက် ရမုန်းအကကို လေ့လာဖူးပါတယ်။ ကျိုင်းတုံဘက်မှာ ကလေ့ကထရှိတဲ့ ရမုန်းအကဟာ ဂုံရှမ်းတွေရဲ့ အကတစ်မျိုးလို့ သိရတယ်။ ကိုဇော် ကဖူးသလားဟင်"

"တစ်ခါနှစ်ခါလောက်ပါ၊ မကတတ်ကတတ်နဲ့ ဝင်ရောတာ"

"ဂုံရှမ်းမလေးနဲ့ပေါ့လေ"

"ဂုံရှမ်းလား၊ ဘာရှမ်းလဲတော့ မသိဘူး။ အသားအရေ ဖြူဖြူဝင်းဝင်းနဲ့၊ ပါးမို့ကလေး နီရဲပြီး လှတာတော့ အတော့်ကိုလှသား"

မကြည်ငြိမ်းက မျက်စောင်းလှလှပပ ထိုးလိုက်ပြန်သည်။

ဒါတွေကို ဗိုလ်မှူးကျော်သူ သတိပြုမိ၏။ ထို့ကြောင့် မကြည်ငြိမ်းတို့နှစ်ယောက်၏ ဆက်ဆံရေးနှင့်ပတ်သက်၍ သူ့ရင်ထဲမှာ ဘဝင်မကျ။



သည်လိုနှင့် ကပွဲပြီးသည်။

ဝေဝေခင်ရောက်လာသည်။ မျက်နှာမှာ မိတ်ကပ်ဆေးရောင်မပြယ်သေး။ မှန်းဆချက်တစ်ခုဖြင့်လာခဲ့သော ဝေဝေခင်သည် မကြည်ငြိမ်းဘေးမှ ဗိုလ်ဇော်ထွန်းကိုမြင်သောအခါ ကိုယ်ရှိန်သတ်လိုက်သည်။ ဝေဝေခင်၏ သံသယအကြည့်ကို မကြည်ငြိမ်း မလုံမလဲရင်ဆိုင်ရသည်။

ဝေဝေခင့်ကို မကြည်ငြိမ်းက ချီးမွမ်းသည်။ ဝေဝေခင်သည် ဗိုလ်ဇော်ထွန်းရှေ့မှာမို့ ရှက်တက်တက် ရွံ့တွန့်တွန့်ဖြစ်နေသည်။ ဗိုလ်မှူးကျော်သူကလည်း သူ့နှမ အကကောင်းကြောင်းပြောသည်။ တကယ်တော့ ဝေဝေခင့်အကနှင့်စပ်လျဉ်းပြီး ပြောသမျှမှာ အကြောင်းရှာစကားသာဖြစ်သည်ကို ဗိုလ်ဇော်ထွန်းကလွဲ၍ သူတို့သုံးယောက်လုံးအသိ။

ဗိုလ်မှူးကျော်သူက ဝေဝေခင့်ကို စောင့်ရဦးမည်မို့ မပြန်ဖြစ်သေး။ သူတို့မောင်နှမက ဗိုလ်ဇော်ထွန်းနှင့် မကြည်ငြိမ်းကို ကားနားအထိ လိုက်ပို့၏။ ဗိုလ်ဇော်ထွန်းက ကားကိုမောင်းသည်။ ဗိုလ်ဇော်ထွန်းဘေးတွင် ထိုင်လျက် လက်ကလေးပြကာ ပါသွားသော မကြည်ငြိမ်းကိုကြည့်ရင်း ဗိုလ်မှူးကျော်သူ့ရင်ထဲတွင် အမည်ဖော်မပြတတ်သော ခံစားချက်တစ်ခု ဖြစ်တည်လာသည်။ ဝေဝေခင်က သူ့မအစ်ကိုကို သနားနေသည်။

◙ ◙ ◙

ဗိုလ်ဇော်ထွန်းသည် မကြည်ငြိမ်းကို အိမ်ပေါက်ဝအထိ လိုက်ပို့ပြီးနောက် သူတို့ခြံဘက်သို့ ဆက်မောင်းသွားသည်။ မကြည်ငြိမ်းလည်း အိမ်ထဲမဝင်သေးဘဲ မောင်းထွက်သွားသောကားကို တွေတွေကလေး ငေးကြည့်နေမိသည်။ ကားနောက်မီးအနီကလေး မျက်စိအောက်မှ ပျောက်ကွယ်သွားမှ အိမ်ထဲဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ပြောခဲ့တာတွေ ဘယ်ရောက်ကုန်ပြီမသိ။ ချက်ချင်းဆိုသလို သူမ၏စိတ်သည် လေးလံထိုင်းမှိုင်းလာ၏။ အဝတ်အစားပင်လဲချင်စိတ်မရှိတော့ဘဲ ခုတင်ပေါ် ပစ်လှဲအိပ်လိုက်သည်။

လရောင်သည် ပြတင်းမှန်မှတစ်ဆင့် ခုတင်ပေါ်အထိ သက်ဆင်းလာသည်။ တိမ်စိုင်ပွမ်းတစ်ခုပြီးတစ်ခု ဖြတ်သန်းခရီးနှင်နေသော လခြမ်းကို မှန်ပြတင်းမှတစ်ဆင့် မြင်နေရသည်။ အဘယ်မျှ ကြည်နူးဖွယ်ကောင်းသော ညပေနည်း။ သို့သော် ကြည်နူးဖွယ်ည၏အရသာကို မေကြည်ငြိမ်း တစ်ယောက် မခံစားနိုင်ရှာ။

"နက်ဖြန် လေယာဉ်ကြုံနဲ့ပြန်ရမယ်"

ကပွဲမှ အပြန်လမ်းတွင် ဗိုလ်ဇော်ထွန်းက ပြောခဲ့၏။ အမှန်တော့ မကြာမတင်အချိန်အတွင်း ဗိုလ်ဇော်ထွန်းပြန်ရလိမ့်မည်ကို မေကြည်ငြိမ်း အသိ။ သိလျက်နှင့် တမင်မေ့ထားခြင်းသာ။ ခုလိုနားနှင့်ဆတ်ဆတ် ကြားလာရပြီဆိုသောအခါတွင်မူ အရှိတရားကို လှည့်စား၍မရတော့။ ဗိုလ်ဇော်ထွန်းစကားက မေကြည်ငြိမ်းရင်ဝကို ပြေးဆောင့်လိုက်ဘိသကဲ့သို့။

"မြန်လိုက်တာကွယ်"

"ကျွန်တော်လည်း နေချင်သေးတာပေါ့။ ဒါပေမယ့် ကျွန်တော်က အမိန့်နဲ့တာဝန်ကို ဦးထိပ်ထားရတဲ့ စစ်သားမဟုတ်လား။ အလုပ်တာဝန်တွေပြီးတာနဲ့ ပြန်လာခဲ့ပါဦးမယ်"

မေကြည်ငြိမ်း၏သံယောဇဉ်ကို ဗိုလ်ဇော်ထွန်း ခံစားမိပုံရ၏။ နှစ်သိမ့်စကား ဆိုသည်။ နက်ဖြန်ပြန်ရမည့်အကြောင်းကို ကပွဲပြီးမှ ပြောပြအသိပေးခြင်းကပင် မေကြည်ငြိမ်း၏ပျော်ရွှင်ကြည်နူးမှုကို မဖျက်ဆီးလိုသောကြောင့် တမင်ဆိုင်းငံ့ထားခြင်းပေလော။

"နက်ဖြန် လေဆိပ်ကို မမငြိမ်း လိုက်ပို့မယ်"



"မမငြိမ်းအလုပ်တွေနဲ့၊ ဖြစ်ပါ့ ..."

"အို... ဘာလို့မဖြစ်ရမှာလဲ။ ကိုဇော် ဘယ်အချိန် အိမ်ကထွက်မလဲ ဆိုတာသာ ပြော"

လေယာဉ်က နံနက် ၈ နာရီထွက်မည်။ မတက်ခင် အနည်းဆုံး တစ်နာရီကြိုရောက်ရမည်ဖြစ်သဖြင့် ခုနစ်နာရီအရောက် သွားရမည်။ ခြောက်နာရီခွဲလောက် အိမ်ကထွက်လျှင် အတော်ပဲဖြစ်သည်။ ခြောက်နာရီခွဲထွက်ဖြစ်ရန် ငါးနာရီခွဲလောက် အိပ်ရာထဖို့ လိုလိမ့်မည်။

အခုညဉ့် ဆယ့်နှစ်နာရီကျော်ပြီ။ သန်းခေါင်ယံအချိန် တိုင်ပြီ။ နံနက်လည်း စောစောထရဦးမည်။ အိပ်ဖို့သင့်ပြီကို သိသည်။ သို့သော် အိပ်ချင်စိတ်မရှိ။ ဗိုလ်ဇော်ထွန်းနှင့်တစ်ခါပြန်၍ ခွဲခွာရဦးမည်ဆိုသော အသိက မေကြည်ငြိမ်းစိတ်ကို ညှိုးနွမ်းစေသည်။ တစ်ခါဆုံလျှင် တစ်ခါပျော်၍ တစ်ခါခွဲလျှင် တစ်ခါ ဝမ်းနည်းရသောအဖြစ်။

ဗိုလ်ဇော်ထွန်း စစ်မှုထမ်းချိန်မှစတင်၍ သည်နှယ်ကြုံခဲ့ရ၏။ နေ့စဉ်တွေ့မြင်နေရသောနေ့ရက်များသည် ထိုအခါမှစပြီး ကုန်ဆုံးခဲ့ရလေသည်။ အကြာကြီးဝေးနေလိုက်၊ ခဏလေးနီးလာလိုက်အဖြစ်များသာ ကြုံရတော့၏။

တစ်စုံတစ်ခုကို အလိုမကျလျှင် ဖြစ်စေချင်သောဆန္ဒကို၊ အာသာပြေစိတ်ကူးမိသည်ကား မမှုတာဟုဆိုရမည်။ ခုလည်း အတိတ်ကအကြောင်းများသည် မေကြည်ငြိမ်း၏အတွေးအာရုံတွင် ရုပ်ရှင်ပြသကဲ့သို့ တစ်ကွက်ပြီး တစ်ကွက် ထင်ဟပ်လာသည်။

နုပျိုစဉ်အချိန်များ... သို့မဟုတ် အတူဆုံတွေ့နေကျအချိန်များ။

◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



မိုးနေ့တစ်နေ့တွင် တစ်ဖက်ခြံသို့ လူသစ်တွေ ပြောင်းလာသည်။

ထိုညမှာပင် မေကြည်ငြိမ်း၏မိဘတွေသည် အိမ်နီးနားချင်းအသစ်တွေထံ ကူးသွားရာ သူမကို ခေါ်သွားသည်။ နေသားတကျ မထားရသေးသော ဧည့်ခန်းထဲ၌ သူတို့ ထိုင်ကြရသည်။ မေကြည်ငြိမ်း၏ဖခင် ဦးဝင်းငြိမ်းသည် အသစ်ပြောင်းလာသော ရွယ်တူလူကြီးနှင့် ရင်းရင်းနှီးနှီး စကားပြောကြသည်။ နောက်မှသိလာရသည်မှာ ထိုလူကြီးသည် ဦးဦး ဦးခင်စိုး။ ဧည့်ခန်းထောင့်ရှိ ထင်ရှူးသေတ္တာကြီးနှစ်လုံးအနီးတွင် သင်ဖြူးခင်း ထိုင်လျက် မေကြည်ငြိမ်း၏မိခင် ဒေါ်ကြည်ကြည်နှင့် စကားလက်ဆုံကျနေသူကတော့ ဒေါ်လေးဒေါ်တင်မေ။

ဦးဝင်းငြိမ်း၊ ဦးခင်စိုးနှင့် ဒေါ်ကြည်ကြည်တို့မှာ လည်ပင်းဖက်ပေါင်းလာကြသော သူငယ်ချင်းတွေ။ တက္ကသိုလ်ရောက်သည့်တိုင် လက်တွဲမဖြုတ်ကြ။ လေးနှစ်လုံး သုံးယောက်တစ်အုပ်စု။ ဘွဲ့မရခင်မှာပင် ဦးဝင်းငြိမ်းနှင့် ဒေါ်ကြည်ကြည်တို့ မေတ္တာမျှခဲ့ကြ၏။ ဘွဲ့ရပြီးတော့ လက်ထပ်ခဲ့ကြ၏။ အထက်တန်းပြဆရာအဖြစ် နယ်ရောက်သွားသော ဦးခင်စိုးက ရွှေဘိုသူ ဒေါ်တင်မေနှင့် အိမ်ထောင်ကျသည်။

တစ်လောကမှ ဦးဝင်းငြိမ်းသည် ရန်ကုန်ပြောင်းလာသော ဦးခင်စိုးနှင့် ဆုံကြ၏။ ဦးခင်စိုးက ရန်ကုန်တွင် အခြေချနေထိုင်တော့မည့်အကြောင်း ပြောသည်။ အခန့်သင့်ပင် ဦးဝင်းငြိမ်းတို့ အိမ်နီးချင်းတစ်ယောက်လည်း မြို့တ်ရှိအမွေရသော စီးပွားရေးလုပ်ငန်းများကို ဦးစီးရန် ပြောင်းလုဆဲဆဲ ဖြစ်နေသည်။ သို့ဖြင့် ဦးဝင်းငြိမ်း၏ ကူညီဆောင်ရွက်ပေးမှုဖြင့် တစ်ဖက်ခြံကို တန်ဖိုးအသင့်အတင့်ဖြင့် ဦးခင်စိုး ဝယ်ဖြစ်သွားသည်။

''သမီး ဘယ်နနှစ်ရှိပြီလဲ''



ဒေါ်ကြည်ကြည့်ကြည့်ဘေးတွင်ထိုင်၍ လူကြီးတွေ စကားပြောသည်ကို ငေးမောနားထောင်နေသော မေကြည်ငြိမ်းကိုကြည့်ကာ ဦးခင်စိုးက မေးသည်။

''ဆယ်နှစ်ရှိပြီ''

ဦးဝင်းငြိမ်းက ဖြေသည်။

''ဒါဆို တို့လူချင်းကွဲသွားတာ ဆယ်နှစ်ကျော်ပြီပေါ့။ သူ့ကိုယ်ဝန်ကြီးနဲ့တုန်းက နောက်ဆုံးတွေ့ခဲ့ကြတာလေ''

''ဟုတ်တယ်၊ အဲဒီတုန်းက နင် အိမ်ထောင်မကျသေးဘူး''

ဒေါ်ကြည်ကြည်က ဝင်ထောက်သည်။

''ငါလာတုန်းက တွေ့ခဲ့ရတဲ့ မင်းတို့သားကြီးရော ဘယ်အရွယ်ရှိသွားပြီလဲ''

''အောင်ကြည်ငြိမ်းလား၊ သူက ဆယ့်ငါးနှစ်။ လူပျိုပေါက်တောင်ဖြစ်နေပြီ။ အခု အိမ်မှာကျန်ခဲ့တယ်''

ဦးဝင်းငြိမ်းက ဖြေသည်။

''ဟော့ သား၊ အမယ်… ဧည့်သည်တွေကို ချောင်းကြည့်နေရသလား။ လာလေ… မေမေ့ဆီကိုလာ''

အတန်ကြာငြိမ်နေသော ဒေါ်တင်မေက ခေါ်လိုက်သည်။ မေကြည်ငြိမ်းတို့အားလုံး ဧည့်ခန်းနှင့် ထမင်းစားခန်း ပေါင်းကူးတံခါးဆီသို့ ပြိုင်တူလှည့်ကြည့်မိကြသည်။ အခန်းဆီးနောက်သို့ ရိပ်ခနဲကွယ်ဝင်သွားသော ဦးခေါင်းကလေးကို မေကြည်ငြိမ်း ရိပ်ခနဲတွေ့လိုက်သည်။

''လာလေ သားရဲ့''

ဒေါ်တင်မေက ထပ်ခေါ်သည်။ သည်တော့မှ ခုနစ်နှစ်အရွယ်ကောင်လေးတစ်ယောက် ထွက်လာသည်။ ဆံပင် 'ရှိတ်' ကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အသားညိုသည်။ ရုပ်လက်တိုအဖြူ၊ မျှော့ရုံ့ဘောင်းဘီတို အပြာရင့်ရင့်နှင့်ဖြစ်သည်။ မေကြည်ငြိမ်းကို စူးစမ်းသလိုကြည့်သည်။ အမေ့ဆီသွားရကောင်းနိုးနိုး၊ အဖေ့ဆီသွားရကောင်းနိုးနိုး ဝေခွဲမရဖြစ်နေပုံ ရသည်။ ဒေါ်တင်မေခေါ်သော်လည်း အနားတွင် အရွယ်မတိမ်းမယိမ်း မေကြည်ငြိမ်းရှိနေ သောကြောင့် ရွံ့တွန့်တွန့်ဖြစ်နေသည်။

"ဟကောင်… ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် သတ္တိနည်းရ သလားကွ။ လာ… ဖေဖေ့ဆီကို"

သူ့အမေနားသွားရမည်ကို နောက်တွန့်နေသဖြင့် ဦးခင်စိုး အားမလို အားမရဖြစ်သွားသည်။ အနားရောက်လာသော သူ့သားကို သူနှင့် ဦးဝင်းငြိမ်းကြားတွင် ထိုင်ခိုင်းလိုက်သည်။

"သိပ်မမာန်ပါနဲ့ဟာ၊ နင့်သားက နင့်ကိုတူတာ။ နင်လည်း ငယ်ငယ် တုန်းက ဘာထူးသလဲ၊ ကောင်မလေးတွေနား ကပ်ရဲလို့လား"

ဒေါ်ကြည်ကြည်က ဝင်ပြောလိုက်သည်။ လူကြီးလေးယောက်လုံး သံပြိုင်ရယ်မိကြလေ၏။ "ဟုတ်တယ်ဟ၊ ဒါ့ကြောင့် ငါ မိန်းမရနောက်ကျ တာ" ဟု ဦးခင်စိုးက ဝန်ခံသည်။ ဒေါ်တင်မေ ရှက်ရယ်ရယ်မဆုံး။ အချင်းချင်းပြန်ဆုံမှ ရှေးဟောင်းနှောင်းဖြစ်တွေ စမြုံ့ပြန်ကာ စိတ်တွေ နုပျိုလာကြသည်။

"မင့်နာမည် ဘယ်လိုခေါ်သလဲကွ"

ဦးဝင်းငြိမ်းက သူ့ဘေးတွင် ရှုတည်တည်နှင့်ထိုင်နေသော ကောင်လေး ကိုမေး၏။ ချက်ချင်း အဖြေမရ။

"ဖြေလိုက်လေ သားရဲ့"

ဒေါ်တင်မေပြောမှ မတိုးမကျယ် အသံထွက်လာသည်။

"မောင်ဇော်ထွန်း"



"မောင်ဇော်ထွန်းတဲ့လား၊ သိပ်ကောင်းတဲ့ နာမည်လေးပဲကွ။ မောင်ဇော်ထွန်း ဘယ်နှတန်းရောက်ပြီလဲ"

"ပထမတန်း"

သည်တစ်ခါတော့ မဆိုင်းမတွဖြေသည်။ ဦးဝင်းငြိမ်း သဘောကျ သွား၏။ ဦးဝင်းငြိမ်းက မေကြည်ငြိမ်းကို လက်ညှိုးထိုးညွှန်ပြလိုက်ပြီး -

"မင့်မမက စတုတ္ထတန်းမှာတက်နေတယ်။ အဲဒီမမနဲ့ တစ်ကျောင်း တည်းနေရအောင် မင်းဖေဖေကို ပြောပေးမယ်။ မမနဲ့ အတူတူကျောင်းသွား မလား"

"သွားမယ်"

မေကြည်ငြိမ်းကို လှမ်းကြည့်ပြီးဖြေသည်။ မေကြည်ငြိမ်းသည် ဗိုလ်ဇော်ထွန်းကို မြင်လျှင်မြင်ချင်း မောင်အရင်းသဖွယ် ခင်မင်မိလေသည်။ ဗိုလ်ဇော်ထွန်းကို ပြုံးပြလိုက်မိလေသည်။

ဤသို့လျှင် မေကြည်ငြိမ်းသည် ဗိုလ်ဇော်ထွန်းနှင့် စတင်ဆုံစည်း ခဲ့ရ၏။

◻ ◻ ◻

ဗိုလ်ဇော်ထွန်းနှင့်ပတ်သက်၍ မေကြည်ငြိမ်းသည် အစ်ကိုအောင်ကြည်ငြိမ်း ကို မကြာခဏ စိတ်ဆိုးရလေသည်။

ဗိုလ်ဇော်ထွန်းတို့ ပြောင်းမလာခင်က အိမ်တွင် မေကြည်ငြိမ်း တစ်ယောက်တည်း ပျင်းရိဖွယ်ရာ အချိန်ကုန်ဆုံးစေရသည်ကများ၏။ လူပျိုပေါက်အရွယ်ရောက်လာသော အောင်ကြည်ငြိမ်းသည် ငယ်ငယ်တုန်း ကလို မေကြည်ငြိမ်းနှင့် ကစားလေ့ကစားထမရှိတော့။ သူ့အပေါင်းအသင်း သူငယ်ချင်းတွေနှင့်သာ လူငယ်တို့သဘာဝ လည်ပတ်သွားလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အိမ်တွင်ကျန်ရစ်သော မေကြည်ငြိမ်းမှာ ပုံပြင်စာအုပ်တွေဖတ်လိုက်၊ အရုပ်တွေ ကူးဆွဲလိုက်၊ သီချင်းနားထောင်လိုက်ဖြင့်သာ ပျော်အောင်နေရလေသည်။

ဗိုလ်ဇော်ထွန်းတို့ပြောင်းလာသောအခါ မေကြည်ငြိမ်းတွင် စာအုပ်၊ ရောင်စုံခဲတံ၊ ရေဒီယို စသော သက်မဲ့အဖော်တွေအပြင် ဗိုလ်ဇော်ထွန်းဟူသော သက်ရှိအဖော်တစ်ယောက် တိုးလာသည်။ ထိုအခါမှစ၍ မေကြည်ငြိမ်း၏ အထီးကျန်ဘဝသည် စိုပြည်လာခဲ့သည်။ သူတို့နှစ်ယောက်သည် ကျောင်းသွားဖော်၊ စာကျက်ဖော်၊ ကစားဖော်သူငယ်ချင်းမောင်နှမတွေ ဖြစ်လာကြ၏။

ဗိုလ်ဇော်ထွန်းကလည်း တစ်နေ့တစ်နေ့ မေကြည်ငြိမ်းတို့ အိမ်မှာသာ အချိန်ကုန်ဆုံးသည်။ သမီးမိန်းကလေးမရှိသော ဦးခင်စိုးနှင့် ဒေါ်တင်မေတို့က မေကြည်ငြိမ်းကို သမီးရင်းပမာ ချစ်ကြသကဲ့သို့ ဦးဝင်းငြိမ်းနှင့် ဒေါ်ကြည်ကြည်တို့ကလည်း ဗိုလ်ဇော်ထွန်းကို သားအရင်းနှင့်မခြားချစ်ကြသည်။ မေကြည်ငြိမ်းကိုယ်၌ကလည်း အစ်ကိုရင်းပင်ဖြစ်လင့်ကစား အနေဝေးသော အောင်ကြည်ငြိမ်းထက် အနေနီးသော ဗိုလ်ဇော်ထွန်းကိုသံယောဇဉ် ပိုတွယ်သည်။

ဤသို့လျှင် ကစားဖော် မောင်လေးတစ်ယောက်ကို ကောက်ရထားခါမှ တစ်ခါတစ်ခါကျတော့ သည်ရှားရှားပါးပါး ကစားဖော်ကို အောင်ကြည်ငြိမ်းက အတင်းလုယူသွားတတ်လေသည်။ ထိုအခါမျိုးတွင် အောင်ကြည်ငြိမ်းကို မေကြည်ငြိမ်း စိတ်ဆိုးလို့မဆုံးပြီ။

သည်နေ့လည်း ကြည့်....

မေကြည်ငြိမ်းနှင့် ဗိုလ်ဇော်ထွန်းတို့ ဝါတာကာလာ ခဲ ရေဆေးဘူးကလေးဖြင့် ပန်းချီဆွဲနေစဉ် အောင်ကြည်ငြိမ်းတစ်ယောက် လေးသေနတ်တစ်လက်ဖြင့် ရောက်လာသည်။



"ဟော့... ဖိုးဇော်၊ မင်း သေနတ်ပစ်ချင်သလား"

ဗိုလ်ဇော်ထွန်းကို ပန်းချီဆွဲပြနေသော မေကြည်ငြိမ်းနှင့် စိတ်ပါဝင်စားစွာကြည့်နေသော ဗိုလ်ဇော်ထွန်းတို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ဗိုလ်ဇော်ထွန်းသည် အောင်ကြည်ငြိမ်းလက်ထဲက သေနတ်ကို တမက်မောမောကြည့်နေ၏။

"ဟကောင်... ဘာကြည့်နေတာလဲ၊ ပစ်ချင်သလားလို့ မေးနေတယ်။ ဖြေလေကွာ"

"ဟုတ်ကဲ့ အစ်ကို"

"ဒါဖြင့် လိုက်ခဲ့"

ဗိုလ်ဇော်ထွန်း ထိုင်ရာမှထသည်။ မေကြည်ငြိမ်းက ဗိုလ်ဇော်ထွန်းလက်ကို ဆွဲထားလိုက်သည်။

"မောင်လေး မလိုက်နဲ့"

မေကြည်ငြိမ်းက အောင်ကြည်ငြိမ်းကို မကျေမနပ်ကြည့်သည်။ အောင်ကြည်ငြိမ်းသည် မေကြည်ငြိမ်းကို ဘာမှမပြော။ ဗိုလ်ဇော်ထွန်းဘက်ကိုလှည့်ပြီး -

"မင်း ပစ်ချင်တယ်ဆို"

"ဟုတ်... ဟုတ်ကဲ့၊ ပစ်တော့ ပစ်ချင်ပါတယ်။ ဒီမှာပဲ မမကြည့် . . ."

"အမယ်... ကိုယ်တော်ချောလေး၊ လေ့နှံနှစ်ဖက်ကိုတော့ မနင်းနဲ့။ ပြတ်ပြတ်သားသားပြော၊ လိုက်မလား မလိုက်ဘူးလား။ လိုက်ရင် ပစ်ရမယ်။ မလိုက်ရင် မပစ်ရဘူး"

"အစ်ကို့သူငယ်ချင်းတွေကို ခေါ်သွားပါလား"

မေကြည်ငြိမ်းက ဝင်ပြော၏။

"ငါ့သူငယ်ချင်းတွေ မလာကြလို့ပေါ့ဟာ။ ငါတစ်ယောက်တည်း ငှက်ပစ်တွက်ရမှာပျင်းလို့ ဖိုးဇော်ကို လာခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို့ဘာသာ သွားပါ။ သူ့ကို လာခွယ်ပြီးမခေါ်ပါနဲ့”

“ငါ မခွယ်ပါဘူး။ သူ့ကိုက လိုက်ချင်နေတာ။ မယုံရင် မေးကြည့်”

အချီအချ စကားများနေသော မောင်နှမနှစ်ယောက်အလယ်တွင် ဗိုလ်ဇော်ထွန်းခမျာ မျက်လုံးကလေး ကလယ်ကလယ်နှင့် အနေခက်နေရှာ၏။ သုံးယောက်တွင် သူက အငယ်ဆုံး။ အောင်ကြည်ငြိမ်းကို အစ်ကိုကြီးသဖွယ် လေးစားရ၊ အားကိုးရ၊ ကြောက်ရသည်။ မေကြည်ငြိမ်းကျပြန်တော့ သူ့အပေါ် ကောင်းလွန်းသူမို့ မေကြည်ငြိမ်းကိုဆန့်ကျင်၍ ဘာမှမလုပ်ဝံ့။ မလုပ်ရက်။

“မောင်လေး မလိုက်နဲ့နော်။ ငှက်ပစ်တာ မကောင်းဘူး။ ငရဲကြီးတတ်တယ်။ ငှက်ကလေးတွေကို သနားဖို့ကောင်းတယ်။ အဲဒါ လူမိုက်တွေအလုပ်”

အောင်ကြည်ငြိမ်း မခံမရပ်နိုင်ဖြစ်သွားသည်။

“မိငြိမ်းနော်၊ စကားကို ကြည့်ပြော”

“အို… ဘွားဘွားပြောတာကို ပြောတာပဲ။ ငှက်ပစ်တာ၊ သူများအသက်သတ်တာဟာ မကောင်းတဲ့အလုပ်၊ ငရဲကြီးတဲ့ အလုပ်တဲ့။ မယုံရင် ဘွားဘွားကို သွားမေးပါလား”

“မေးစရာမလိုပါဘူး၊ ပစ်တယ်ခတ်တယ်ဆိုတာ ယောကျ်ားအလုပ်။ ယောကျ်ားပီသတဲ့အလုပ် သိရဲ့လား” ဟု အောင်ကြည်ငြိမ်းက မာဆတ်ဆတ် ပြန်ပြော၏။ “ဟေ့… ဖိုးဇော်၊ ယောကျ်ားကလေးဆိုတာ ကျားကျားလျားလျား ကစားရတယ်။ ကြမ်းကြမ်းတမ်းတမ်း လုပ်ရတယ်။ ဒီတော့ ငါနဲ့ငှက်ပစ်လိုက်ချင်လိုက်၊ မလိုက်ချင်နေ။ အဲ… တစ်ခုတော့ရှိတယ်၊ မလိုက်ရင် နောက်ကိုဘယ်တော့မှ ဘောလုံးပွဲမခေါ်ဘူး။ ရုပ်ရှင်မပြဘူး”

အောင်ကြည်ငြိမ်းက အကျပ်ကိုင်သည်။ ရာဇသံ ပေးသည်။



ဗိုလ်ဇော်ထွန်းက အသနားခံသောမျက်လုံးများဖြင့် မေကြည်ငြိမ်းကို ကြည့်၏။ စကားမဆိုဘဲ ခွင့်တောင်းခံနေသည်။ ဗိုလ်ဇော်ထွန်းဆန္ဒကို မေကြည်ငြိမ်း နားလည်သည်။ သူသည် အချစ်ကားနှင့်စစ်ကားယှဉ်လာလျှင် စစ်ကားကိုရွေးသူဖြစ်၏။ မေကြည်ငြိမ်းက အငြိမ့်ကြည့်ဖို့ခေါ်လျှင် သူက လက်ဝှေ့ပွဲသွားချင်သူဖြစ်၏။ မေကြည်ငြိမ်းက စာဖတ်နေချိန်၊ သီချင်းနားထောင်နေချိန်တွင် သူက ဘောလုံးကန်နေမည်ဖြစ်၏။ တကယ်တော့ သူမအကြိုက်ကို မည်မျှလိုက်လျောချင်သော်ငြား သူသည် အားကစားနှင့် စွန့်စားမှုကို နှစ်သက်ခုံမင်သော ယောကျ်ားကလေးပင်မဟုတ်ပါလား။

နောက်ဆုံးတော့ ဗိုလ်ဇော်ထွန်းကိုငဲ့၍ သူမ အလျှော့ပေးရသည်။

“အေးလေ၊ ကိုဇော် လိုက်ချင်လိုက်သွားပေါ့။ မမ စိတ်မဆိုးပါဘူး”

မှန်ပါသည်။ ဗိုလ်ဇော်ထွန်းကို မေကြည်ငြိမ်း စိတ်မဆိုး။ သူမ စိတ်ဆိုးသည်က အစ်ကိုအောင်ကြည်ငြိမ်းကိုသာ။

အရွယ်ရောက်လာသောအခါတွင်လည်း သူတို့၏ဖြူစင်သော သံယောဇဉ်ကြိုးမှာ ခိုင်မြဲသည်ထက် ခိုင်မြဲလာခဲ့သည်။

ထုံးစံအတိုင်း အောင်ကြည်ငြိမ်းက သူ့အပေါင်းအသင်းတွေနှင့် လည်ပတ်နေသည်ကများသည်။ မေကြည်ငြိမ်းသည် ငယ်စဉ်ကထက် စာဖတ်များလာသည်။ ကိုးတန်းနှစ်မှာ မျက်မှန်တပ်ရသည်။ အသက်ငယ်ငယ် မျက်မှန်နှင့်ဆိုတော့ အနည်းငယ်ရင့်သွားသလို ထင်ရသည်။ သို့သော် သေချာကြည့်ပါက နုပျိုသောရုပ်ကို ဖမ်းမိနိုင်သည်။ ဆယ်တန်းနှစ်တွင် ကဗျာအတိုအစကလေးတွေ လက်တည့်စမ်းစ်ပြုသည်။

ဗိုလ်ဇော်ထွန်းကတော့ အောင်ကြည်ငြိမ်းနှင့် မေကြည်ငြိမ်းအနားကို လိုသလိုချဉ်းကပ်၏။ အောင်ကြည်ငြိမ်းနှင့် အပြင်လိုက်သွားလျှင် တစ်ခုခုစားရတတ်သည်။ ရုပ်ရှင်လည်း ကြည့်ရတတ်သည်။ ဗိုလ်ဇော်ထွန်းက လူပါး။ အပြင်ထွက်ချင်လျှင် အောင်ကြည်ငြိမ်းကို ကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေကြည်ငြိမ်း ဆယ်တန်းဖြေသောနှစ်တွင် အောင်ကြည်ငြိမ်း ဘွဲ့ရသည်။ ထို့နောက် မော်ဘီတွင် ဗိုလ်သင်တန်းတက်သည်။ ပထမဆုံးထွက်ခွင့်ရ၍ အိမ်ပြန်လာသောနေ့တွင် မည်းနက်ပိန်ကျသွားသော အောင်ကြည်ငြိမ်းကိုကြည့်ပြီး ဒေါ်ကြည်ကြည် မျက်ရည်ကျသည်။ မေကြည်ငြိမ်းကလည်း အစ်ကို ပင်ပန်းဆင်းရဲသဖြင့် စိတ်မကောင်း။ သို့သော် ဗိုလ်လောင်းဝတ်စုံနှင့် အောင်ကြည်ငြိမ်းကို ကျိတ်ပြီးအားကျနေသူကတော့ ဗိုလ်ဇော်ထွန်းပါတည်း။

◙ ◙ ◙

"ရှေးရှေးအိုင်ချင်းတစ်ပုဒ်ထဲလို 'စစ်မှာခွေမျိုး၊ ဘိုးဘွားမောင့်မှာ ရှိသလားတော်' လို့ မေးလိုက်ချင်တယ်"

ပြောမရ တားမရသဖြင့် မေကြည်ငြိမ်း ငေါ့မိသည်။ မေကြည်ငြိမ်း စိတ်မရှည်တော့ပြီကို ဗိုလ်ဇော်ထွန်းသိသည်။ သို့သော် ဤကိစ္စမှာတော့ သူ မလျှော့ချင်။

"စစ်မှာခွေမျိုးရှိလို့လည်း မဟုတ်ပါဘူး။ ရေမြေသခင် ရှင်ဘုရင်က မိန့်တော်စာနဲ့ အပါချလို့ လိုက်ရမှာလည်းမဟုတ်ပါဘူး။ ကျွန်တော် စစ်တက္ကသိုလ်လျှောက်ချင်တာက စစ်သားအလုပ်ဟာ ယောကျ်ားပီသတဲ့ အလုပ်၊ မွန်မြတ်တဲ့အလုပ်လို့ ခံယူထားတဲ့အတွက်ကြောင့်ပါ"

"နေစမ်းပါဦး ကိုဇော်၊ မငြိမ်း မေးစမ်းပါရစေ။ တိုက်ရခိုက်ရ စွန့်စားရတာမို့ ယောကျ်ားပီသတဲ့အလုပ်ဆိုတာကတော့ ထားလိုက်ပါတော့။ ဒါပေမယ့် ဒီလောက် လူတွေသတ်ဖြတ်နေရမှတော့ မွန်မြတ်တယ်လို့ ဆိုနိုင်ပါ့မလား"

အောင်ကြည်ငြိမ်း ငှက်ပစ်လာခေါ်စဉ်က အဖြစ်အပျက်ကို သတိရပြီး ဗိုလ်ဇော်ထွန်း ပြုံးမိသည်။

"ဆိုနိုင်တာပေါ့ မငြိမ်း"



"ဘာပြုလို့"

"စစ်သားတွေ လူသတ်တာက လူတွေရဲ့အသက်ကို ကယ်တင်ဖို့ သတ်နေရတာမို့ပါ"

"ရှင်... ဘယ်လို၊ မငြိမ်း မရှင်းဘူးကိုဇော်"

မေကြည်ငြိမ်း နားရှုပ်သွားသည်။

"ဒီလိုပါ မငြိမ်း၊ အရင်ဆုံး မငြိမ်းကိုပြောချင်တာက စစ်သားတွေ လူသတ်တယ်လို့မမြင်ဘဲ စစ်တိုက်တယ်လို့မြင်ပေးပါ။ စစ်တိုက်တယ်ဆိုကတည်းက ရန်သူကိုတော့ သတ်ရတာပေါ့လေ။ ဒါပေမယ့် ရာဇဝတ်မှုကျူးလွန်သူတွေကို သတ်ဖြတ်တာမျိုးမဟုတ်ပါဘူး။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ဖို့၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးနဲ့ ကိုယ့်ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ဖို့ဆိုတဲ့ တာဝန်အရ စစ်တိုက်နေရတာပါ။ စစ်တပ်ဆိုတဲ့ အဖွဲ့အစည်းမရှိဘဲ နေကြည့်ပါလား။ ရန်သူမိစ္ဆာကောင်တွေဟာ ကိုဇော်တို့နိုင်ငံကို ကျူးကျော်ဝင်ရောက်လာမယ်။ ကိုဇော်တို့နိုင်ငံသားတွေကို စော်ကားမယ်။ ညှဉ်းဆဲသတ်ဖြတ်မယ်။ သယံဇာတတွေကို သိမ်းပိုက်မယ်။ စေတီပုထိုး၊ တိုက်တာအိမ်ရာတွေကို လုယက်ဖျက်ဆီးမယ်။ ဒါကြောင့် ကိုယ့်နိုင်ငံသားတွေရဲ့အသက်ကို ကယ်တင်စောင့်ရှောက်ဖို့ တစ်ခုတည်းသာမကဘဲ စည်းစိမ်ဥစ္စာတွေကို ကာကွယ်ဖို့၊ သာသနာတော် မညှိုးနွမ်းဖို့၊ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ဖို့ စတဲ့ ကျယ်ဝန်းနက်နဲတဲ့ အကျိုးတရားတွေကိုရဖို့အတွက် စစ်သားတွေဟာ စစ်မြေပြင်ကိုထွက်ပြီး ရန်သူတွေကို တိုက်ခိုက်နေရတာပါ"

ဆယ်တန်းကျောင်းသား ဗိုလ်ဇော်ထွန်း ရှင်းပြသည်ကို တက္ကသိုလ် စတုတ္ထနှစ်ကျောင်းသူ မေကြည်ငြိမ်းမှာ တအံ့တဩငေးမော နားထောင်နေရသည်။ ဘယ်အချိန်က လေ့လာထားပါလိမ့်ဟုလည်း တွေးနေမိသည်။ ဗိုလ်ဇော်ထွန်း၏ စိတ်အားထက်သန်မှုမှာ မသေးလှဟုသိလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မမငြိမ်းလို ကဗျာသမား၊ စာသမားမဟုတ်ပါဘူး။ ဒါပေမယ့် ဖတ်ဖူးတဲ့ကဗျာလေးတစ်ပုဒ်ကိုတော့ ပြောပြပါရစေ။ 'စွဲကိုင်သေနတ်၊ လှူကိုသတ်လည်း၊ မြတ်နိုးသည်က ငြိမ်းချမ်းရေး' တဲ့။ တရားသော စစ်ဘက်က ရပ်တည်တဲ့ကဗျာလေးပါ။ ဟုတ်တယ် မမငြိမ်း၊ ကိုယ့်နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ နိုင်ငံသားတွေရဲ့လုံခြုံရေးအတွက် ဝေးလံတဲ့နယ်စွန်နယ်ဖျားမှာ စစ်သားတွေဟာ ရန်သူနဲ့ရင်ဆိုင်ပြီး စစ်ပွဲတွေဆင်နွှဲနေကြရတယ်။ အသက်တွေ စွန့်လွှတ်နေကြတယ်။ ကိုယ်လက်အင်္ဂါတွေ စွန့်လွှတ်နေကြရတယ်။ ဒါဟာ စစ်သားတွေရဲ့ ကိုယ်ကျိုးစွန့် မွန်မြတ်တဲ့အလုပ်ပေါ့။ ဒါတွေကို မမငြိမ်းတို့ မသိကြပါဘူး"

ဗိုလ်ဇော်ထွန်းက ရှည်လျားစွာရှင်းပြလိုက်ပြီး ခေတ္တနားလိုက်သည်။ မေကြည်ငြိမ်း၏ မျက်ဝန်းအိမ်တွင် မျက်ရည်ဝေ့ဝဲနေသည်။ တစ်စုံတစ်ခုကို ဗိုလ်ဇော်ထွန်း သတိရလိုက်သည်။ ဒီလောက်အထိ သူပြောလိုက်တာ မှားသွားပြီဟုသိလိုက်သည်။ တောင်းပန်မည်ဟု ပါးစပ်ပြင်လိုက်စဉ် လျှံတက်လာသောမျက်ရည်များကို မျက်တောင်ခတ်၍ ထိန်းထားလိုက်ပြီး မေကြည်ငြိမ်းက ဆွေးဆွေးမြည့်မြည့် ပြောလေသည်။

"မမငြိမ်း သိပါတယ်ကွယ်။ မမငြိမ်းတို့က ကိုယ်တွေ့ကြုံခဲ့တဲ့ ဥစ္စာ မသိဘဲနေပါ့မလား"

"ကျွန်တော် မမငြိမ်းကို စိတ်မကောင်းအောင်ပြောလိုက်မိပြီ။ ကျွန်တော် အမှတ်တမဲ့ဖြစ်သွားတယ်။ ခွင့်လွှတ်ပါ မမ"

ဗိုလ်ဇော်ထွန်းလည်း စိတ်မကောင်းဖြစ်ရသည်။ အမှန်က စစ်သားတို့၏ ယောဘုယျအဖြစ်ကို ပြောလိုက်ခြင်းဖြစ်သည်။ ယုံကြည်ရာဘက်မှ ရပ်တည်ပြောဆိုလိုစိတ်က ပြင်းပြနေသောကြောင့် မေကြည်ငြိမ်းနှင့်သက်ဆိုင်နေသော ဝိသေသ စစ်သားတစ်ယောက်၏အဖြစ်ကို သတိလစ်သွားခဲ့သည်။



ထို့ကြောင့် သူ့စကားက မနှစ်တုန်းက ရေ့တန်းတွင် မိုင်းထိ၍ ခြေနှစ်ဖက်လုံး ပြတ်သွားပြီး ကျဆုံးခဲ့ရသော ဗိုလ်အောင်ကြည်ငြိမ်းအဖြစ်ကို သတိရအောင် နှိုးဆွပေးလိုက်ဘိသကဲ့သို့ရှိသည်။

"ကိစ္စမရှိပါဘူးကွယ်၊ ကိုဇော်ပြောတာနဲ့ ကြုံကြိုက်တိုက်ဆိုင်သွားတာ၊ ဘယ်တတ်နိုင်မှာလဲ" ဟု မျက်မှန်ကို အပေါ်ပင့်တင်၍ မျက်ရည်သုတ်ရင်း မေကြည်ငြိမ်းက ခွင့်လွှတ်စကားဆိုသည်။

တကယ်တော့ ဗိုလ်ဇော်ထွန်း၏အယူအဆတွေကို မေကြည်ငြိမ်း လက်ခံပါသည်။ မေကြည်ငြိမ်းက တားမြစ်ရခြင်းမှာ မျိုးချစ်စိတ်ဓာတ် ခေါင်းပါးသောကြောင့်မဟုတ်ချေ။ စစ်သားဘဝကို အထင်အမြင်သေးသော ကြောင့်လည်း မဟုတ်ချေ။ ဗိုလ်ဇော်ထွန်းကို အန္တရာယ်ပြွမ်းသောလမ်းတွင် ပင်ပန်းဆင်းရဲစွာ မလျှောက်လှမ်းစေလိုသော စေတနာကြောင့်ဖြစ်သည်။

မည်သို့ဆိုစေ မေကြည်ငြိမ်း၏စေတနာကို လျစ်လျူရှု၍ ဗိုလ်ဇော်ထွန်း စစ်တက္ကသိုလ်သို့ လျှောက်ခဲ့လေသည်။

◘ ◘ ◘

နီးတုန်းက မသိ။ ဝေးမှ သံယောဇဉ်မသေးမှန်း၊ မေတ္တာနှောင်ရစ် မိနေမှန်း သိရ၏။ မေကြည်ငြိမ်း ရှက်ရှက်နှင့်ဝန်ခံရလျှင် အစ်ကို အောင်ကြည်ငြိမ်း တပ်ထဲဝင်စဉ်က ဤမျှမခံစားရ၊ ဤမျှ မလွမ်းဆွတ်မိ။

ဗိုလ်ဇော်ထွန်းကျမှ စိုးရိမ်သောကသည် နွေနေ့လို ရင်ထဲမှာပူလောင်၏။ အလွမ်းစိတ်လည်း ပြေသည်မရှိ။ ရှေးရေးကဗျာ တစ်ပုဒ်ထဲကလို …

"မောင်လေး မောင့်ကိုလွမ်းတော့
သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်
သွန်းတဲ့သျှောင်ရေ၊ ပန်းသပြေနှင့်၊ မပြေလိုပါ

www.burmeseclassic.com

www.burmeseclassic.com



သောက်တော်ရေအိုး၊ ကျွမ်းထိုးကောင်နှယ်
အပျိုဖြူ ငယ်နှမမှာလ
ကြုံရတယ်ရှင်'' ဟုသာ ပြောလိုက်ချင်တော့သည်။

ဘာ့ကြောင့် ဒီလိုဖြစ်တာလဲဟု သူမကိုယ်သူမ မေးကြည့်ဖူးသည်။ သည်တော့မှ သူမကိုယ်တိုင်ပင် ပြန်လည်ရှက်အားပိုမိစေခဲ့သော အဖြေတစ်ခုကို ရလေသည်။ မမျှော်လင့်သောစိတ်၏ အလှည့်အပြောင်းတစ်ခုကို အံ့သြဖွယ်ရာတွေ့ရှိလိုက်ရသည်။

ဗိုလ်ဇော်ထွန်းတစ်ယောက် ခွင့်ဖြင့်ဖြစ်စေ၊ တာဝန်ဖြင့်ဖြစ်စေ အိမ်ပြန်လာပြီးနောက်၊ တပ်သို့ပြန်သွားလေတိုင်း ရင်နင့်အောင် လွမ်းဆွတ်ကျန်ရစ်လေ့ရှိသည်မှာ ထိုစဉ်ကတည်းက ဖြစ်၏။

◫ ◫ ◫

နှပျိုစဉ်အချိန်များကို ပြန်တွေးနေမိသော မေကြည်ငြိမ်းသည် မှန်တင်ခုံပေါ်မှ နာရီကိုလှမ်းကြည့်ရာ တစ်နာရီထိုးပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။ နံနက်စောစော ဗိုလ်ဇော်ထွန်းကို လိုက်ပို့ရဦးမည်ဖြစ်၍ ကပျာကသီ အဝတ်အစားလဲကာ နာရီနှိုးစက်ပေးထားပြီးနောက် အိပ်ရာဝင်ခဲ့သည်။

## ၆

မိုးတစိမ့်စိမ့် ရွာနေသည်။

ထွက်ပြူစနေမင်းသည် မိုးသားတိမ်တိုက်ကို ဖောက်ထွင်းနိုင်စွမ်းမရှိချေ။ ကြည့်လေရာရာ အုံ့ဆိုင်းညှို့မှိုင်းနေသည်။ ကောင်းကင်တစ်ခွင်လုံး ရီမှောင်ပြာဝေနေသည်။ လင်းရောင်ခြည်သည် မိုးတိမ်ထုကို မဝံ့မရဲအကဲစမ်းနေသည့်ပုံ။



မိုးရေစက်များက ကားမှန်ဆီသို့ အလုအယက်ပြေးကပ်ကြသည်။ ရေသုတ်တံက သပ်ချသည်။ ကွယ်ပျောက်သွားကြ၏။ နောက်တစ်သုတ်ထပ်မံ တိုးဝင်လာကြပြန်သည်။ သပ်ချလိုက်ပြန်သည်။ ပျောက်သွားကြပြန်သည်။

ဆင်နှာမောင်းကဲ့သို့ သွယ်လျပျော့ပျောင်းသော လက်ကလေးနှစ်ချောင်းသည် ကားလက်ကိုင်ဘီးကို ကျင်လည်စွာထိန်းကိုင်ထားသည်။

''ဒီကပြန်ရင် စစ်ဆင်ရေးထွက်ရမယ်ဆို''

မေကြည်ငြိမ်းက ကားမောင်းနေရင်းမေးသည်။

''ဟုတ်တယ် မမငြိမ်း''

''ဂရုစိုက်နော်''

''ကျွန်တော့်အတွက် မမငြိမ်းက စိတ်ပူတယ်လား''

ရှက်ပြုံးကလေး မလုံမလဲပွင့်လာသည်။ သူမစကားကို တမင်ဖမ်းထောက်လိုက်တာလားဟု မေကြည်ငြိမ်း တွေးသည်။

''စိတ်ပူရပြီကော ကိုဇော်ရယ်။ ငယ်ငယ်ကတည်းက ကိုယ့်မောင်လေးတစ်ယောက်လို သံယောဇဉ်တွယ်ငြိလာခဲ့ရတာမဟုတ်လား။ အစ်ကိုမရှိတော့တဲ့နောက် ကိုဇော့်ကိုပဲ ကိုယ့်သွေးသားလို ခင်တွယ်လာခဲ့ရတယ် မဟုတ်လား။ ဒီတော့ အသက်အန္တရာယ်နီးတဲ့အလုပ်ကို ကိုဇော်လုပ်နေသမျှ မမငြိမ်း စိုးရိမ်နေရတာပဲပေါ့''

မလုံသောအိုးကို မေကြည်ငြိမ်းက ကြိုးစားဖုံးသည်။ ငယ်စဉ်ကတည်းက အထိုက်အလျောက် တွယ်တာနှောင်တည်းခဲ့သော သံယောဇဉ်ထက် အနည်းငယ်စွန်းထွက်ခဲ့သည်။ ကျော်လွန်ခဲ့သည်။ သို့ရာတွင် သူမမှာ မိန်းမသားဖြစ်၏။ ပန်းဟူသည် ပန်ဆင်သူလက်ထဲသို့ ခုန်ဆင်းရိုးထုံးစံမရှိချေ။ သူ့ငင်မှ ကိုယ်ပါရမည်ပင်။ ထို့ကြောင့် သူမဆန္ဒကို နှလုံးသားထဲမှာသာ

www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ် သိမ်းဆည်းထားခဲ့ရလေသည်။ သည့်အတွက် မေကြည်ငြိမ်း လိပ်ပြာမလုံ။

မိုးသည် ကျဲရာမှစိပ်လာသည်။ မြင်ကွင်းသည် ဓာေဓာကထက် မှုန်ဝါးလာသည်။ လေဆိပ်လမ်းခွဲ ရောက်လာပြီ။ မေကြည်ငြိမ်းက ကားကို အရှိန်လျှော့ကာ လေဆိပ်လမ်းဘက်သို့ ချိုးကွေ့လိုက်သည်။ ထို့နောက် လီဗာကို ခပ်ဆဆကလေးဖိနင်းသည်။ တရစပ် ကျဆင်းလာသော မိုးပေါက်များကို ဖြတ်သန်းလျက် အိုပယ်ကားသည် တရိပ်ရိပ်ပြေးနေ၏။ မျက်နှာချင်းဆိုင်ဘက်မှ ဟီးနိုးဘတ်စ်ကားတစ်စီး လာနေသည်။ မေကြည်ငြိမ်းက အရှိန်မလျှော့။ ဟီးနိုးသည် ဝေါခနဲ ပွတ်ကာသီကာ ဖြတ်သွား၏။ ဗိုလ်ဇော်ထွန်း ကျောစိမ့်သွားသည်။

"ဖြည်းဖြည်းမောင်းပါ မမငြိမ်းရာ"

"ကြောက်လို့လား"

"ကြောက်တာပေါ့"

မေကြည်ငြိမ်းက အသံလွင်လွင်ကလေးနှင့်ရယ်သည်။ တစ်ချိန်တည်း မှာပင် လီဗာကိုလျှော့သည်။ "လေယာဉ်မောင်းနေတဲ့သူကများ ကားမြန်မြန် မောင်းတာကို ကြောက်ရတယ်လို့" ဟုဆိုသည်။

"ကိုယ်တိုင်မောင်းရင်တော့ ဘယ်လောက်မြန်မြန် မကြောက်ပါဘူး။ ကိုယ့်လက်ထဲက ကွန်ထရိုးကို ကိုယ် ယုံတာကိုး။ သူများမောင်းတာကို ဘေးကထိုင်လိုက်ရရင်တော့ အသည်းယားမိတာ အမှန်ပဲ။ အထူးသဖြင့် အခုလို မိုးရွာချိန်မျိုးမှာ ဘီးချော်တတ်တယ်မဟုတ်လား"

"ကိုဇော် လေယာဉ်မမီမှာစိုးလို့ မြန်မြန်မောင်းတာပါ" သံရုံးကား တစ်စီး ဟွန်းသံပေးပြီး ကျော်တက်သည်။ မေကြည်ငြိမ်းက ကားကို လမ်းဘေးကပ်ပေးသည်။ သံရုံးကားကျော်သွားမှ ယာဉ်ကြောနေရာ ပြန်ယူသည်။ ပြီး...စကားပြန်ဆက်၏။



"တကယ်လို့ မမငြိမ်းနဲ့အတူတူ ကားစီးရင်း ဘီးချော်သွား တော့ရော ဘာဖြစ်သလဲ"

"ဟာဗျာ... မမငြိမ်းကလည်း၊ မဦးမချွတ် ပြောရော့မယ်၊ ဒီလို အဖြစ်မျိုးနဲ့ ဓာေဓာစီးစီးမသေချင်သေးပါဘူး"

"မမငြိမ်းကတော့ ကိုဇော်နဲ့ဆိုရင် ဘာကြီးဖြစ်နေဖြစ်နေ မကြောက်ဘူး"

လွှတ်ခနဲပြောလိုက်မိပြီးမှ သူမ စကားလွန်သွားပြီကို သတိရကာ ရှက်သွေးဖြာသွား၏။ ယှဉ်ထိုင်နေသော ဗိုလ်ဇော်ထွန်းဘက်ကိုမင် လှည့်မကြည့်ရဲတော့သည်အထိ။

◙ ◙ ◙

လမ်းတွင်တွေ့ခဲ့ရသောမိုးသည် သည်ဘက်တွင် ရွာပြီးသွားပုံရ၏။ ဂဝံဖြည့်သိပ်ထားသည့်တိုင် အနည်းငယ်လစ်ဟာနေသော ချိုင့်ခွမ်းအချို့တွင် ရေတင်နေသည်။ ကတ္တရာပြင်နှင့် မြေနီပြင်တို့မှာ စွတ်စိုနေ၏။

မေကြည်ငြိမ်းသည် ကားကို လေကြောင်းရွှေ့ပြောင်းရေးရုံးဘေးရှိ ဗာဒံပင်အရိပ်တွင် ညင်သာစွာရပ်လိုက်၏။ မိုးရေစက် အကြွင်းအကျန် များက ဗာဒံရွက်တွေပေါ်မှတစ်ဆင့် ကားပေါ်သို့ တဖြောက်ဖြောက် ခုန်ဆင်းသည်။

လေကြောင်းရွှေ့ပြောင်းရေးရုံးရှေ့တွင် စီ-၄၇ အမျိုးအစား အင်ဂျင် နှစ်လုံးတပ် ဒါကိုတာလေယာဉ်တစ်စီး ရပ်ထားသည်။ ကိုယ်ထည်တွင် လေတပ်အမှတ်အသား တြိဂံပုံတံဆိပ်တွေ့ရသည်။ ကုန်တင်တံခါးမကြီး ဖွင့်ထားကာ စစ်ကားတစ်စီး ဖင်ထိုး၍ ကုန်ပစ္စည်းတင်နေသည်။ ရွှေ့ပြောင်း ရေးရုံးအနီးဝန်းကျင်၌ ခရီးသွားမည့်စစ်မှုထမ်းတွေနှင့် မိသားစုတွေသည် လေယာဉ်ထွက်ချိန်ကို စောင့်ဆိုင်းနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေတောင် တင်ပြီးတော့မယ်။ ကျွန်တော် သတင်းပို့ရင်း ကိုယ်အလေးချိန် သွားချိန်လိုက်ဦးမယ်။ မမငြိမ်း လိုက်ဦးမလား"

"မလိုက်တော့ပါဘူးကွယ်၊ ဒီကပဲ စောင့်နေပါတော့မယ်"

မေကြည်ငြိမ်း ကားပေါ်မှာစောင့်နေရစ်သည်။ ဗိုလ်ဇော်ထွန်းလည်း လေယာဉ်သားသုံး လက်ဆွဲအိတ်ညိုကြီးကိုဆွဲ၍ လေကြောင်းရွှေ့ပြောင်းရေး ရုံးထဲ ဝင်သွားသည်။

"ဟော... ဗိုလ်ကြီးဇော် ရောက်လာပြီ။ အတော်ပဲ၊ ကျွန်တော်က ခရီးသည်စာရင်းတောင် ပိတ်တော့မလို့" ဟု လေကြောင်းရွှေ့ပြောင်းရေး တပ်ကြပ်ကြီးအောင်စိုးက ဗိုလ်ဇော်ထွန်း ဝင်လာတာမြင်သည်နှင့် အော်ပြောလိုက်၏။

"ဆောရီးပဲ ဆရာအောင်စိုးရေ့၊ အိပ်ရာထ နောက်ကျသွားလို့ဗျာ"

"နောက်ကျမှာပေါ့ကွ၊ မဒီချောလေးနဲ့ တွဲခုတ်လာတာကိုး"

နောက်ကျောဘက်က ထွက်လာသောအသံကြောင့် ဗိုလ်ဇော်ထွန်း ချာခနဲလှည့်ကြည့်သည်။

"ဟေး... သန်းအုန်း"

ဘာကျာသံဆွဲတံခါးဘေးတွင် လက်ပိုက်ရပ်လျက် မိန့်မိန့်ကြီး ပြုံးကြည့်နေသော ဗိုလ်သန်းအုန်းကို တွေ့လိုက်ရသည်။ သူနှင့် တစ်ပတ်စဉ်တည်း ကျောင်းဆင်းလာသူဖြစ်၏။

"ခုမှမြင်သလား၊ စောစောကဝင်လာတုန်းကတော့ ငါ့ကို တိုက်မိမလို တောင် ပွတ်ကာသီကာဖြတ်သွားပြီးတော့။ ခွေးကောင်၊ နင့်မျက်စိက မျက်မှန်လေးနဲ့ ဖြူဖြူနွဲ့နွဲ့မိန်းကလေးတွေကိုမှ ရွေးပြီးမြင်တတ်တဲ့မျက်စိ"

ကျောင်းတုန်းကဝသီအတိုင်း ဗိုလ်သန်းအုန်းက ပျစ်ပျစ်နှစ်နှစ် ပြောသည်။ ဗိုလ်ဇော်ထွန်းနှင့် မေကြည်ငြိမ်းတို့ ကားဖြင့်ဝင်လာသည်ကို သူ မြင်တွေ့ထား၏။



"အာ... မင်းကလည်း ပြောရော့မယ်။ အလောတကြီးနဲ့မို့ မင်းကို သတိမထားမိတာပါကွ"

ပေါင်ချိန်စက်ပေါ်တက်ရင်း ဗိုလ်ဇော်ထွန်းက ပြောသည်။

"တစ်ရာနှစ်ဆယ့်သုံး... လေး...ငါး။ တစ်ရာနှစ်ဆယ့် ငါးပေါင်။ ရပြီ ဗိုလ်ကြီး"

တပ်ကြပ်လှထွန်းက အော်ပြောလိုက်သည်။ တပ်ကြပ်ကြီး အောင်စိုးက ဗိုလ်ဇော်ထွန်း၏ကိုယ်အလေးချိန်ကို ခရီးသည်စာရင်းတွင် ရေးမှတ်သည်။ ဗိုလ်ဇော်ထွန်းက ပေါင်ချိန်စက်ပေါ်မှဆင်းလိုက်ရင်း -

"မင်းက ဘယ်သွားမှာလဲ။ လက်နက်ကိရိယာတွေ အစုံအလင်နဲ့" ဟု ဗိုလ်သန်းအုန်းကို မေးသည်။ ဗိုလ်သန်းအုန်းခါးမှာ ၉-မီလီမီတာပစ္စတို၊ ကာဘိုင်ကျည်ကတ်၊ မားမြွှောင်၊ ရေဘူး၊ ပြီးတော့ ပခုံးတွင် ကာဘိုင် တစ်လက်လွယ်လို့။

"ရှေ့တန်းကိုလေကွာ၊ လားရှိုးကတစ်ဆင့်ဆိုပါတော့"

"မင်းတစ်ယောက်တည်းလား"

"အေး... တပ်ရင်းထွက်သွားတာ နှစ်ပတ်လောက်ရှိပြီ။ ငါက သင်တန်းတက်နေလို့ ကျန်ခဲ့တာ။ အခု သင်တန်းဆင်းပြီဆိုတော့ လိုက်သွား ရမှာပေါ့"

ဗိုလ်သန်းအုန်းက ရှင်းပြသည်။

"ငါက မိတ္ထီလာမှာဆင်းမှာ။ လေယာဉ်ပေါ်ကျမှ တွေ့တာပေါ့ကွာ၊ ဟုတ်လား"

"အာ... ဟုတ်သားပဲ။ မင်းနှုတ်ဆက်ရမယ့်အချိန်တွေကို ငါ မယူ သင့်ဘူး။ ဆောရီးပဲကွာ"

◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားသည် လေယာဉ်မှခွာ၏။ ကုန်တင်ပြီးသွားပြီ။

ခဏနေတော့ တာဝန်ကျ လေကြောင်းရွှေ့ပြောင်းရေး ရဲဘော်က ခရီးသည်များကို လေယာဉ်ဆီသို့ ခေါ်ဆောင်သည်။

"မမငြိမ်း ကျွန်တော် သွားတော့မယ်နော်"

ဗိုလ်ဇော်ထွန်းက နှုတ်ဆက်သည်။ ကားအပြင်ဘက်တွင် ရပ်လျက် ငုံ့ကြည့်နေသော ဗိုလ်ဇော်ထွန်းကို ကားထဲတွင်ထိုင်နေသော မေကြည်ငြိမ်းက မော်ကြည့်သည်။ မရောက်စေချင်သောအချိန်သည် ရောက်လာခဲ့ချေပြီကော။

"သွားတော့ ကိုဇော်"

တိုးတိုးကလေး ပြောသည်။ ထိုတဒင်္ဂဝယ် သူမမျက်နှာသည် ကောင်းကင်မှ ပြိုတော့မည့်မိုးနှင့်အပြိုင်။

"လေယာဉ်မောင်းရင် ဂရုစိုက်နော်"

လှည့်ထွက်သွားမည်ပြုသော ဗိုလ်ဇော်ထွန်းကို မေကြည်ငြိမ်းက မှာသည်။

"စိတ်ချပါ မမငြိမ်း"

ထိုသို့ပြောပြီး လေယာဉ်ဆီသို့ထွက်သွားခဲ့သည်။ တဖြည်းဖြည်း ဝေး…ဝေး…သွားသော ကျောပြင်ကိုကြည့်ရင်း မေကြည်ငြိမ်း ရင်ထဲဝယ် ဆို့နင့်လာ၏။

လေယာဉ် စက်နှိုးပြီ။

ဘီးလိမ့်လာသည်။

မေကြည်ငြိမ်းသည် လေယာဉ်ဖြတ်အသွားတွင် လက်ဝှေ့ယမ်း ပြလိုက်မိရှာသည်။ လေယာဉ်ထဲမှ လက်ပြန်ပြသည်ကိုလည်း လေးထောင့်လကြေးပြူတင်းပေါက်မှတစ်ဆင့် မေကြည်ငြိမ်း မြင်လိုက်ရသည်။



မလှမ်းမကမ်းရှိ တပ်တွင်းစားသောက်ဆိုင်မှ ကက်ဆက်တေးသံသည် လေဟုန်သင့်၍လွင့်ပါလာ၏။

*ပျော်လို့မဆုံး xxx ပြုံးလို့မဝသေးတဲ့ xxx ဒီအချိန်ဝယ် xxx တစ်ရပ်တစ်ကျေးနယ် xxx အဝေးရယ် သူသွားမယ် ------ ဘယ်လိုပင်ကွယ် xxx ဟန်ဆောင်ပါလဲမလွယ် xxx မျက်ရည်များက xxx ဝဲလို့သာလာပါတယ် xxx သူ့ရဲ့မျက်နှာမြင်ရင်ကွယ် xxx စိတ်ထဲမယ် xxx ခွဲရမှာ မလိုချင်တယ် xxx*

*---------------xxx တစ်ယောက်ကိုတစ်ယောက်က နှုတ်ဆက်ကာသာရည်ရွယ် xxx အသည်းထဲမှာ နာကျင်တယ် xxx အချစ်ဦးရယ် နှုတ်ဆက်ရင် ငိုချင်တယ် xxx*

ထိုအခိုက် မျက်ရည်လေးတစ်စက် ပြုတ်ကျသွားသည်။ မေကြည်ငြိမ်းလည်း ဘေးလူတွေမမြင်အောင် လက်ကိုင်ပဝါဖြင့် ကမျာကယာတို့သုတ်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း–နှစ်

# ဗိုလ်ဇော်ထွန်း

### ၁

တစ်ညလုံး မိုးသည်းထန်ခဲ့သဖြင့် လေယာဉ်ကွင်းသည် စွတ်စိုနေဆဲ။ အရာရှိအိပ်ဆောင်တစ်ဝိုက်မှ မြေနီနီမှာ စေးထန်းနေသည်။ လမ်းလျှောက်လျှင် ဖိနပ်တွင် ရွှံ့စေးတွေ တစ်ပုံတစ်ခေါင်းကြီး ကပ်ပါလာတတ်သည်။ ဗိုလ်ဇော်ထွန်းလည်း ချော်မလဲအောင် မနည်းသတိထား၍ တပ်ဆွယ်ရုံးသို့ ထွက်လာခဲ့သည်။

သူညာဘက် ကတ္တရာကွက်လပ်ထဲတွင် လေယာဉ်မျိုးစုံ ရပ်ထားသည်။ စက်ပြင်ရဲဘော်တွေက လေယာဉ်အလိုက် တစ်နေ့တာပျံသန်းမှုအတွက် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်နေကြ၏။ အပေါ့စား သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြစ်သော အော်တာလေယာဉ်အနီးတွင် လေသူရဲနှစ်ယောက်ကိုပါ တွေ့မြင်ရသည်။ ကွတ်နိုင်သွားရန် လေယာဉ်တက်ဖို့ပြင်ဆင်နေကြခြင်းပင်။ ရှေ့တူရူရှိ လေယာဉ်ရုံငယ်ထဲတွင် ဟပ်စကီးရဟတ်ယာဉ်ကို ထည့်ထားသည်။ စက်မှုမှူး အုပ်စုတပ်ကြပ်ကြီးကြည်ဝင်းနှင့် ရဲဘော်များက တစ်နေ့တာစစ်ဆေးမှုကို ဆောင်ရွက်နေကြ၏။





တပ်ဆွယ်ရုံးခန်းဆီမှ လက်နှိပ်စက်သံ တစ်ချောက်ချောက်ကို ကြားနေရသည်။ ဗိုလ်ဇော်ထွန်းသည် အလံတိုင်ဘေးမှဖြတ်ကာ တပ်ဆွယ်ရုံးခန်းထဲ ဝင်၏။

"ဘာတွေ လုပ်နေသလဲကွ"

ဗိုလ်ဇော်ထွန်းက အခန်းထဲမဝင်သေးဘဲ ဖိနပ်တွင် ကပ်ပါလာသော ရွှံ့များကို တံခါးဝရှိ သံပြားတန်းခြေသုတ်ခုံတွင် ခြစ်သုတ်ရင်း မြေပုံတစ်ချပ်နှင့်အလုပ်များနေသော စစ်ဆင်ရေးအရာရှိ ဗိုလ်ခင်မောင်မြင့်ကို မေးလိုက်ခြင်းဖြစ်သည်။

"မနေ့က ဗိုက်တာတွေပစ်ကူပေးခဲ့တဲ့ ပစ်မှတ်တွေနဲ့ ရန်သူ့ နောက်ဆုံးသတင်းကို မြေပုံတင်နေတာ"

မြေပုံကို ဖုံးအုပ်ထားသော လချေးစက္ကူချပ်ပေါ်တွင် ခဲပြာ၊ ခဲနီ အမှတ်အသားတွေ ပြည့်နှက်နေသည်။

"ဒီနေ့ရော ဗိုက်တာတွေတက်ရဦးမှာလား"

ဗိုလ်ဇော်ထွန်းက အခန်းထဲဝင်လာပြီး ကြိမ်ဆက်တီကုလားထိုင်ပေါ် ဆိုင်ချလိုက်ရင်းမေးသည်။ သူ့ရှေ့စားပွဲပေါ်တွင် ကော်ဖီခရားတစ်လုံး၊ ခေါ်ခွက်စိမ်းနှစ်ခုနှင့် ပေါင်မုန့်ထောပတ်သုတ်၊ ပေါင်မုန့်ယိုသုတ်ရောထည့်ထားသည့် ပန်းကန်တစ်ချပ်ရှိနေ၏။

"မပြောတတ်ဘူး၊ တပ်ဆွယ်မှူး ပြန်လာမှသိရမှာပဲ"

"ဆွယ်မှူးက ဘယ်သွားလဲ"

"တိုင်းက လှမ်းခေါ်လို့"

"ဒါဆို သူပြန်လာရင် အလုပ်တစ်ခုခုတော့ ပါလာလိမ့်မယ် ထင်တယ်"

"ဖြစ်နိုင်တယ်၊ ဗုံးတွေ၊ ဒုံးတွေအသင့်ပြင်ထားဖို့ လက်နက်အရာရှိကိုတော့ မှာသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားပြတ်သွားပြန်သည်။ ဗိုလ်ခင်မောင်မြင့်က သူ့အလုပ်သူ ဆက်လုပ်နေသည်။ ဗိုလ်ဇော်ထွန်းသည် ကော်ဖီပူပူတစ်ခွက် ငုံ့သောက်ရင်း လေယာဉ်ကွင်းဆီသို့ လှမ်းကြည့်နေသည်။ စောစောကတက်ဖို့ပြင်နေသော အော်တာလေယာဉ်မှာ စက်နှိုးနေပြီ။

လေတပ်ဆွယ်တွင် တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်၊ သယ်ယူပို့ဆောင်ရေးလေယာဉ်၊ အကဲကြည့် ကင်းထောက်လေယာဉ်၊ ရဟတ်ယာဉ် စသည်ဖြင့် အမျိုးအစားစုံလင်သည်။ ယင်းတို့အနက် တစ်စီးမဟုတ်တစ်စီး တော့ နေ့စဉ်အလုပ်ရှိနေတတ်သည်။ မနေ့က ကင်းထောက်လေယာဉ်က ကင်းထောက်သည်။ ပစ်မှတ် ရှာသည်။ တိုက်လေယာဉ်တွေက တက်ချသည်။ ဟိုးတစ်နေ့ကတော့ မန်မန်ဆိုင်ကို ဗုံးသွားကြဲရသည်။ အဲဒီအရင် တစ်နေ့က ဒါကိုတာလေယာဉ်ကြီး လက်နက်ခဲယမ်းသွားသယ်ရသည်။ ယနေ့ အော်တာလေယာဉ်ငယ် ခရီးထွက်ရန်ပြင်နေပြီ။

သို့ရာတွင် ဗိုလ်ဇော်ထွန်း တပ်ဆွယ်ရောက်လာသည့်နေ့မှ စတင်ပြီး ယနေ့အထိ သူတို့မောင်းနှင်သောရဟတ်ယာဉ်မှာ ဘာမှမလုပ်ရသေး။ လေယာဉ်တက်ရလျှင် သွားလိုက်၊ လာလိုက်၊ သည်းထိတ်ရင်ဖိုစရာတွေ တွေ့ကြုံလိုက်နှင့် ပျော်ဖို့ကောင်း၏။ လေယာဉ်မတက်ရတော့ နေထွက်မှ နေဝင် အလုပ်ပေါ်လာနိုး ပေါ်လာနိုးဖြင့် ပျင်းရိငြီးငွေ့ဖွယ် စောင့်ဆိုင်း နေရသည်မှာ ရှေ့တန်းရောက် လေသူရဲတို့၏ နိစ္စဓူဝအလုပ်တည်း။

"ပျင်းနေပြီလားကွ"

ဗိုလ်ခင်မောင်မြင့် အလုပ်ပြီးသွားပြီ။ စက်နှိုးပြီး ပြေးလမ်းထိပ်သို့ မောင်းနှင်သွားသော အော်တာလေယာဉ်ကို ငေးမောကြည့်ရှုနေသည့် ဗိုလ်ဇော်ထွန်းအားမှာ ဝင်ထိုင်ရင်းမေးသည်။

"မမောင်းဘဲထိုင်နေရတော့ မပျင်းဘဲနေမလား"

"ပျင်းရင် ဒီညနေ နန်းရွှေထားတို့အိမ် လိုက်ခဲ့ပါလား။ ဒီမနေ့က မင်းပါမလာလို့ နန်းဗိုလ်လှိုင်းကတောင် မေးနေသေးတယ်"

"ဒီည တိုင်းရိပ်သာမှာ ဗိုလ်ကြီးမိုးဟိန်းတို့နဲ့ ဘိလိယက်ထိုးဖို့ ချိန်းထားတယ်"

"မင်းမလိုက်လို့ မဖြစ်ဘူးထင်တယ်။ နန်းဗိုလ်လှိုင်းက အလယ်တန်း ဆရာဖြစ်သင်တန်း တက်ခွင့်ရတဲ့အတွက် တို့အားလုံးကို ဆန်ခေါက်ဆွဲ လုပ်ပေးမယ်ဆိုပြီး တကူးတကဖိတ်လိုက်တာ။ မင်းကို ကိုတင်ဦးကြီး ပြောမပြဘူးလား"

ခပါင်မုန့်တစ်ကိုက် စားလိုက်ရင်း ဗိုလ်ခင်မောင်မြင့်က မေး၏။ ဗိုလ်ဇော်ထွန်းက သောက်လက်စကော်ဖီကို လက်စသတ်လိုက်ပြီး –

"ပြောသားပဲ"

"ဒါနဲ့များကွာ၊ မင်းနှယ်။ အင်တင်တင် လုပ်နေရတယ်လို့" ဗိုလ်ခင်မောင်မြင့်က အပြစ်တင်လိုသောလေသံဖြင့်ပြော၏။ "ကိုမိုးဟိန်းတို့က အားနာရမယ့်သူတွေမဟုတ်ပါဘူး။ ရွှေထားတို့ညီအစ်မကသာ တို့ကို ဆွေမျိုးရင်းချာလို ခင်မင်နေတာဆိုတော့ အသေအချာဖိတ်ထားလျက်နဲ့မှ မသွားရင် ဘယ်ကောင်းမလဲ"

ထိုအခိုက် လေယာဉ်စက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ စက်သံသည် တောင်ဘက်ပြေးလမ်းထိပ်မှနေ၍ မြောက်ဘက်သို့ရွေ့လျား သွား၏။ ကွတ်နိုင်သွားမည့်လေယာဉ် ကောင်းကင်သို့ပျံတက်သွားခြင်းပင်။ လေယာဉ်သံမြည်ဟိန်းနေဆဲမှာပင် တယ်လီဖုန်းသံက ကျယ်လောင်စွာ မြည်၏။ ဗိုလ်ခင်မောင်မြင့်သည် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ပြီး အဖြေပေးလိုက်၏။ တပ်ဆွယ်မှူးထံမှ ဖုန်းဖြစ်သည်။

"ဖိုက်တာတွေ တက်ရဦးမှာတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ခင်မောင်မြင့် ဖုန်းပြောပြီးသောအခါ အစအဆုံးနားထောင် အကဲခတ်နေသော ဗိုလ်ဇော်ထွန်းက မေးလိုက်သည်။

"ဗိုက်တာတွေ မဟုတ်ဘူးကိုယ့်လူ။ မင်းတို့ ဗိတုန်းကြီးတက်ရမှာ"

"ဟေ… ဟုတ်လား၊ ဘယ်ကိုလဲ၊ ဘာလုပ်ရမှာလဲ"

အလောတကြီး ထပ်မေးသည်။

"တန့်ယန်းကို လူနာကောက်သွားရမှာ။ အသေးစိတ်ကတော့ ဆွယ်မှူးပြန်လာမှသိမယ်။ ဆွယ်မှူးပြန်လာရင် သတင်းပို့ဖို့ ကိုတင်ဦးကို မင်း ပြောလိုက်။ ရဟတ်ယာဉ် အသင့်ပြင်ထားဖို့ကိုတော့ ဆရာကြည်ဝင်းကို ငါပြောလိုက်မယ်"

"ကောင်းပြီ သူငယ်ချင်း"

◙ ◙ ◙

ရဟတ်ယာဉ်ဆင်းသည်နှင့် လူနာကို တပ်တောင်ကုန်းပေါ်မှ သယ်ယူလာကြသည်။

တပ်စခန်းတည်ရှိသောတောင်ကုန်းမှာ ရဟတ်ယာဉ်ဆင်း ကွင်းထက် အနည်းငယ်မြင့်သည်။ ကတုတ်ကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများက ရှေ့တန်းစစ်မြေပြင်သရုပ်ကို ပေါ်လွင်စေသည်။ ခပ်ပြေပြေ ဆင်ခြေလျှော လမ်းအတိုင်း လူနာကို ထမ်းစင်ဖြင့်သယ်လာကြသည်။

လူနာ၏ပခုံးခေါက်နှစ်ဖက်ပေါ်မှ အနက်ရောင်ရာထူးအဆင့်အ ဗိုလ်ကြီးတစ်ယောက်မှန်း သိနိုင်သည်။ မျက်နှာသည် ယမ်းခိုးယမ်းငွေ့ ဟပ်ထားသဖြင့် မည်းညစ်နေ၏။ ဆီနှင့်ကင်းဝေးသော ပွရောင်းရောင် နီကျင်ကျင်ဆံပင်သည် အတော်ပင်ရှည်လျားနေ၏။ ထို့ပြင် မုတ်ဆိတ် ကျင်စွယ်ကလည်း ထိုးထိုးထောင်ထောင်။ နွမ်းကြေသောစစ်ဝတ်စုံ



ပေါင်ရင်းတစ်နေရာတွင် သွေးကွက်ကြီးစွန်းထင်နေသည်။ ပတ်တီး အထပ်ထပ် ရစ်ပတ်ထားသည့်ကြားမှပင် စို့ထွက်နေချေသေး။

တပ်တောင်ကုန်းမှ သယ်ယူလာခဲ့စဉ်တစ်လျှောက်လုံး ထမ်းစင် လှုပ်ယမ်းသဖြင့် ဒဏ်ရာနာကျင်ပုံရသည်။ လူနာ၏မျက်နှာ ရှုံ့မဲ့နေသည်ကို ရဟတ်ယာဉ်မောင်းခန်းထဲမှ အသင့်ထိုင်စောင့်နေသော ဗိုလ်ဇော်ထွန်းက မြင်နေရသည်။ လူနာကို ရဟတ်ယာဉ်ပေါ်တင်ပြီးသည်နှင့် လူနာစောင့် ဆေးတပ်ကြပ်ကြီးက ထက်ကြပ်မကွာ တက်လိုက်လာသည်။ အုပ်ခွဲ တပ်ကြပ်ကြီးကြည်ဝင်းက ရဟတ်ယာဉ်တံခါးပေါက်ကို ဆွဲပိတ်ပေးသည်။ လူနာကို လိုက်ပို့သောအရာရှိနှင့် စစ်သည်များ ဘေးသို့ရှဲသွားကြသည်။

အုပ်ခွဲတပ်ကြပ်ကြီးကြည်ဝင်းက ရဟတ်ယာဉ်၏ရှေ့တည့်တည့်တွင် ရပ်လျက် စက်နှိုးရန်အသင့်ဖြစ်ကြောင်း လက်မထောင်၍ အချက်ပေးသည်။ ထိုအခါ ဗိုလ်ကြီးတင်ဦးက စက်နှိုးသည်။ ကြီးမားရှည်လျားသော ပန်ကာရွက်တွေ စတင်လှုပ်ရှားလာသည်။ တစ်ပတ်ပြီးတစ်ပတ် လည်လာသည်။ ပထမတော့ နှေးနှေး။ နောက်တော့ တဖြည်းဖြည်းမြန်လာသည်။ မြန်လာသည်။ ပန်ကာတစ်ရွက်ချင်းကို မမြင်နိုင်တော့လောက်အောင်ပင် လည်ဖတ် နေလေပြီ။

ရဟတ်ယာဉ်ပေါ်သို့ အုပ်ခွဲတပ်ကြပ်ကြီးကြည်ဝင်း ရောက်လာသည်နှင့် ဗိုလ်ကြီးတင်ဦးက ပင့်အားကို တဖြည်းဖြည်းတိုးမြှင့်ပေးသည်။ ဘီးတွေ မြေကြီးပေါ်မှာပင်ရှိနေသေးလင့်ကစား နဂိုက တစ်စီးလုံး၏ အလေးချိန်ကြောင့် မြေပေါ်သို့ အံဝင်နေသော ရဟတ်ယာဉ်ကိုယ်ထည်ကြီးသည် ယခုမူ အပေါ်သို့ သိသိသာသာ ကြွမြောက်လာသည်။ အခု ချက်ချင်း လေထဲသို့ပျံတက်တော့မည့်ပမာ ဖင်တကြွကြွဖြစ်လာသည်။ ပန်ကာလေကြောင့် မှုတ်ထုတ်လိုက်သဖြင့် သစ်ရွက်ခြောက်များနှင့် ဖုန်မှုန့်များလည်း ထောင်းခနဲ အဝေးသို့လွင့်ပျံစင်ထွက်သွားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ... ကိုတင်ဦး"

သူ့ရှေ့ရှိ စက်အခြေအနေပြဒိုင်ခွက်တွေ ပုံမှန်ဖြစ်ကြောင်း ဗိုလ်ဇော်ထွန်းက လက်မထောင်ပြသည်။ နောက်ခန်းထဲမှလူနာ၊ ဆေးတပ်ကြပ်ကြီးနှင့် စက်မှုမှူးတို့လည်း ခါးပတ်ပတ်ပြီး အသင့်ဖြစ်နေကြပြီ။ ဤတွင် ဗိုလ်ကြီးတင်ဦးက ပင့်အားကို ထပ်မံတိုးမြှင့်ပေးလိုက်ရာ ရဟတ်ယာဉ်သည် မြေပြင်မှ နှစ်ပေသုံးပေခန့် ကြွတက်လာ၏။ ဗိုလ်ကြီးတင်ဦးလည်း လေထဲရောက်သည်နှင့် ရဟတ်ယာဉ်ကို ဂင်္ဂါတောင်တန်းဆီသို့ဦးတည်ကာ တစ်ဟုန်ထိုး ဆွဲတင်ပျံတက်သွားလေသည်။

အောက်တွင် ကျန်ရစ်သောလူတွေ၊ တဲတွေ၊ သစ်ပင်တွေ သေး၍ငယ်၍သွား၏။ ပတ်ဝန်းကျင်ကို အပေါ်စီးမှမြင်တွေ့ရသော မြင်ကွင်းမှုကား တစ်စတစ်စ ကျယ်ပြန့်လာ၏။

"နည်းနည်း တိုးရလိမ့်မယ်ထင်တယ်"

ပေ (၈၇၀၀) ကျော်မြင့်သော ဂင်္ဂါတောင်ထိပ်ကို တိမ်ကွက်ကြီးများ ဖုံးအုပ်ထားသည်။ နောက်ခံကောင်းကင်ပြင်ကား မှိုင်းညို့မည်းမှောင်နေ၏။ မိုးတိမ်ထဲ တိုးဝင်ပျံသန်းရလိမ့်မည်ဟု ဗိုလ်ဇော်ထွန်းက တွက်ဆသည်။

"ညာဘက်က ပါးတယ်၊ အဲဒီဘက်က ပတ်သွားမယ်"

ဗိုလ်ကြီးတင်ဦးက ပြောသည်။ ညာယွန်းယွန်းမှ ကောင်းကင်ပြင်သည် အခြားနေရာတွေလို သိပ်ပြီးမည်းမှောင်မနေ။ အနည်းငယ် ဖျော့တော့သည့် အလင်းရောင်ဖျော့ဖျော့ကို မြင်နေရသည်။ ထို့ကြောင့် မိုးတိမ်ပါးလွှာသော ထိုဘက်မှ လှည့်ပတ်ရှောင်ကွင်း ပျံသန်းသွားမည်ဟု ဗိုလ်ကြီးတင်ဦး ဆုံးဖြတ်သည်။

"ဒီဘက်ကရာသီဥတုကတော့ အကောင်းသားဗျ။ ဂင်္ဂါကြောဟိုဘက်မှာသာ ဆိုးနေတာ"



ဘေးဘီကိုကြည့်ကာ ဗိုလ်ဇော်ထွန်းက မကျေမနပ်ဆို၏။ ဂင်္ဂါတောင်ကြော၏ဟိုဘက်တွင် မှိုင်းညို့နေသော်လည်း သည်မှာဘက်တွင်မူ မိုးရိပ်မရှိချေ။ နေခြည်ပင် ဖြာကျနေသေးသည်။ နမ့်ပန်ချိုင့်ဝှမ်းကိုပင် မျက်စိတစ်ဆုံး မြင်တွေ့နေရသည်။

နမ့်ပန်ချိုင့်ဝှမ်းသည် တန့်ယန်းတစ်ဝိုက် ပေသုံးထောင်ကျော်မြင့်သော တောင်တန်းများနှင့် ဂင်္ဂါတောင်ကြောအကြားတွင် တည်ရှိသည်။ မြောက်မှတောင်သို့ တသွင်သွင် တငြိမ့်ငြိမ့်စီးဆင်းနေသော နမ့်ပန်ချောင်းကိုအစွဲပြုကာ "နမ့်ပန်ချိုင့်ဝှမ်း" ဟု တွင်သည်။

ရဟတ်ယာဉ်သည် နမ့်ပန်ချိုင့်ဝှမ်းကိုဖြတ်ကျော်၍ ဂင်္ဂါတောင်ကြောဆီသို့ ဦးတည်ပျံသန်းနေ၏။ နမ့်ပန်ချောင်းကို လွန်လာသည်။ ဂင်္ဂါတောင်နှင့် တဖြည်းဖြည်းနီးလာသည်။ တဖြည်းဖြည်း မြင့်လာသည်။ ပေငါးထောင်ပင် ကျော်လာပြီ။ မကြာမီ ဂင်္ဂါတောင်ကို ဖြတ်ကျော်မိတော့မည်။ ဂင်္ဂါတောင်လွန်လျှင် လားရှိုးသည် မဝေးတော့။

"ညကျရင် နန်းရွှေထားတို့အိမ် လိုက်မယ်မဟုတ်လား"

ရဟတ်ယာဉ်ကို ထိန်းသိမ်းမောင်းနှင်ရင်း ဗိုလ်ကြီးတင်ဦးက မေး၏။

"မလိုက်လို့မှ မကောင်းဘဲကိုတင်ဦးရာ၊ လိုက်ရမှာပေါ့"

"ကိုမိုးဟိန်းတို့နဲ့ ချိန်းထားတယ်ဆို"

"ဒီမလာခင်လေးတင် ဖုန်းဆက်ပြီးဖျက်လိုက်ပါပြီ"

"အေး... ကောင်းတယ်၊ ရွှေထားတို့အိမ် မင်းမလိုက်ရင်မကောင်းဘူး။ တို့တစ်ဖွဲ့လုံးကို သေသေချာချာဖိတ်ထားတာ။ တို့ပြန်ရောက်တာနဲ့ ရေမိုးချိုးပြီးသွားကြတာပေါ့။ အခု ငါးနာရီခွဲတော့မယ်ဆိုတော့ မမှောင်ခင် ရောက်သွားမှာပါ" ဟု ဗိုလ်ကြီးတင်ဦးက ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်ပေါ်တွင် ပါလာသူများသည် ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။ လေသူရဲနှစ်ယောက်က ရဟတ်ယာဉ်ကို မောင်းနှင်နေကြသည်။ လူနာအခြေအနေကိုကြည့်ပြီး ဆေးတပ်ကြပ်ကြီးက လိုအပ်သလို ပြုစုပေးလျက်ရှိသည်။ စက်မှုမှူးကတော့ လေသူရဲနှစ်ယောက်ကြားမှ မြင်တွေ့နေရသော ဒိုင်ခွက်တွေကို ကြည့်ရှု စစ်ဆေးပေးနေသည်။

ရဟတ်ယာဉ်သည် ဂင်္ဂါတောင်ကြောကို စတင်ဖြတ်သန်းသည်။

ဗိုလ်ကြီးတင်ဦးက ဂင်္ဂါတောင်ကြော၏ ညာဘက်ယွန်းယွန်းရှိ မိုးတိမ် ပါးလွှာသော အလင်းရောင်ဖြူဖြူရှိသည့်နေရာသို့ ရဟတ်ယာဉ်ကို ဦးတည် ပေးသည်။

နမ့်ပန်ချိုင့်ဝှမ်းသည် သူတို့နောက်တွင် မှုန်မှုန်ပျပျ ကျန်ရစ်ခဲ့ပြီ။

◙ ◙ ◙

"ဝုန်း"

နောက်ပိုင်းမှထွက်ပေါ်လာသော ပေါက်ကွဲသံနှင့်အတူ ရဟတ်ယာဉ် တစ်စီးလုံး သွက်သွက်ခါသွားသည်။

လေသူရဲနှစ်ယောက်လုံး နောက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ အိပ်ဇောမှ မည်းနက်သောမီးခိုးလုံးများနှင့် နီရဲသောအစအနများ လွင့်ထွက် သွားသည်ကိုမြင်ရသည်။ အရေးပေါ်အခြေအနေနှင့် ကြုံကြိုက်ချေပြီကော

စက်အခြေအနေပြ ဒိုင်ခွက်တွေကို ကြည့်မိကြပြန်သည်။ စက် လုံး မရပ်သေး။ သို့သော် စက်အားလျော့ကျလာနေပြီ။ ရဟတ်ယာဉ်မှာ ဆက်လက်ပျံတက်နိုင်စွမ်းမရှိတော့။ အမြင့်ပြဒိုင်ခွက်မီတာသည် နောက်ပြ လည်ကျလာ၏။ ပေ ၈၀၀၀ မှသည် ပေ ၇၉၅၀…၇၉၀၀…၇၈၅၀… စသည်…စသည်ဖြင့်။ ရှေ့မှာကလည်း ပေ (၈၀၀၀) ကျော်တောင်တန်းကြီး

ဗိုလ်ကြီးတင်ဦးလည်း အချိန်ဖြုန်းမနေ။ တွေဝေမနေ။ စက္ကန့်ပိုင်း အတွင်း ဆုံးဖြတ်ချက်ချသည်။ ဦးနှောက်ဆုံးဖြတ်ချက်နှင့် လက်လှုပ်ရှားမှုတို့ တစ်ပြိုင်တည်း။

ရဟတ်ယာဉ်ကို တစ်ရာ့ရှစ်ဆယ်ဒီဂရီ ပြန်ကွေ့လိုက်သည်။ ရဟတ် ယာဉ်ခေါင်းကို အနည်းငယ်ထိုးစိုက်ပေးလိုက်သည်။ စောစောက လားရှိုးသို့ ဦးတည်နေသော ရဟတ်ယာဉ်၊ အပေါ်သို့ ပျံတက်နေသောရဟတ်ယာဉ် ယခုမူ လုံးဝဆန့်ကျင်ဘက်။ တန့်ယန်းသို့ ဦးလှည့်နေပြီ။ တဖြည်းဖြည်း နိမ့်ဆင်းနေပြီ။

"တန့်ယန်း ပြန်ဆင်းမယ်"

ဒါက ဗိုလ်ကြီးတင်ဦး၏ဆုံးဖြတ်ချက်။ အခု ပေ ၇၅၀၀ မှာ။ တန့်ယန်းတပ်စခန်းမှ ရဟတ်ယာဉ်ကွင်းသည် ပေ ၃၅၀၀ မြင့်၏။ မြေပြင် အထက် ပေ ၄၀၀၀ တိတိတွင် သူတို့ ရှိနေသည်။ တစ်နည်းဆိုသော် သူတို့ရဟတ်ယာဉ်သည် မြေကြီးပေါ်ရောက်ရန် ပေ ၄၀၀၀ လိုသေးသည်။ စက်ဆွဲအားမနိုင်တော့သောကြောင့် တဖြည်းဖြည်း ကျဆင်းနေသောနှုန်းက တစ်မိနစ်လျှင် ပေ ၁၅၀ ခန့်ရှိသည်။ အချိန်ဖြင့်ပြောင်းတွက်လျှင် မြေကြီး ပေါ်ရောက်ဖို့ မိနစ် ၂၀ ကျော်ကြာဦးမည်။ လက်ရှိ သူတို့ရဟတ်ယာဉ် ရောက်သောနေရာနှင့် တန့်ယန်းအကွာအဝေးကို ယခုကျဆင်းနှုန်းနှင့် တွက်ချက်ကြည့်သော် အခြေအနေသိပ်မဆိုးလှ။ ရဟတ်ယာဉ်ဆင်းကွင်းသို့ တွက်တိပြန်ရောက်နိုင်ခြေရှိသည်။

"လားရှိုး…၊ ဗိတုန်း…ငါး…"

ဗိုလ်ကြီးတင်ဦး၏ဆုံးဖြတ်ချက်ကိုရသည်နှင့် ဗိုလ်ဇော်ထွန်းက လားရှိုး လေယာဉ်ကွင်းကို အဆက်အသွယ်ယူသည်။ လေး… ငါးကြိမ်ခေါ်တော့မှ အဆက်အသွယ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



''ပိတုန်း…ငါ၊ လားရှိုးက ပြောနေပါတယ်။ ပိတုန်း အသံသိပ်တိုးကယ်''

''အမြင့်ပေ ၈၀၀၀။ ဂင်္ဂါတောင်ကြောအဖြတ်မှာ စက်ချို့ယွင်းသွားတယ်။ 'တန့်ယန်းပြန်ဆင်းဖို့ ကြိုးစားနေတယ်။ လေတပ်ဆွယ်ကို သတင်းပို့ပေးပါ။ ဒါပဲ''

''ပိတုန်း…ငါ၊ ပြောလိုက်မယ်။ အခြေအနေ…''

ဆက်သွယ်မှုက တဂျစ်ဂျစ် တရှဲရှဲမြည်လာသည်။ ဗိုလ်ဇော်ထွန်းက လားရှိုးနှင့်ဆက်သွယ်မှုယူနေစဉ် ဗိုလ်ကြီးတင်ဦးက စက်အားကျလာသော ရဟတ်ယာဉ်ကို အလိုက်သင့်မောင်းနှင်၍ တန့်ယန်းသို့ အမြန်ဆုံးပြန်ဆင်းနိုင်အောင်ကြိုးစားနေသည်။ အုပ်ခွဲတပ်ကြပ်ကြီးကြည်ဝင်းသည် အရေးပေါ်အခြေအနေဖြစ်ကတည်းက လေသူရဲနှစ်ယောက်ကြားသို့ ရောက်လာကာ ဒိုင်ခွက်များနှင့် စက်အခြေအနေကို ကြည့်ရှုစစ်ဆေးပေးနေသည်။ လူနာအရာရှိမှာမူ ကြုံတွေ့နေရသောအန္တရာယ်ကို သိပုံမရ။ မျက်စိ မှိတ်ထားသည်။ နိမ့်ချည်မြင့်ချည်ဖြစ်နေသော သူ့ရင်ဘတ်ကိုကြည့်ကာ မှိန်းနေကြောင်းသိနိုင်သည်။ လူနာ၏လက်ကောက်ဝတ်တစ်ဖက်ကို ဆေးတပ်ကြပ်ကြီးက ဆုပ်ကိုင်ထားသည်။ သူသည် မှိန်းနေသောလူနာကိုကြည့်လိုက် အန္တရာယ်ဆိုးကို ယှဉ်ပြိုင်တိုက်ခိုက်နေသော ရဟတ်ယာဉ်အဖွဲ့သားများကို ကြည့်လိုက်နှင့် ဖြစ်ပေါ်လာမည့်ကံကြမ္မာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားသည်။

တစ်ချက်တစ်ချက်တွင် ဆေးတပ်ကြပ်ကြီးသည် မြေပြင်ကို စိတ်မရှည်စွာငုံ့ကြည့်တတ်သည်။ လေထဲတွင် မတင်မကျဖြစ်နေရသော အချိန်ပိုင်းကလေးကို စိတ်ရှည်ဟန်မတူ။ မြေပြင်သို့ ရောက်လိုဇော သူ့ မကွယ်ဝှက်နိုင်။ သူ့မျက်နှာမှာ လာမည့်ဘေးကို ပြေးတွေ့မည့်ပုံ



ချောင်းခွတစ်ခုကို ရိပ်ခနဲမြင်လိုက်ရသည်။ နမ့်ယန်နှင့် နမ့်နင်းချောင်းဆုံမှန်း သူ အတတ်သိသည်။ ထို့နောက် တစ်စုံတစ်ရာကို ရှာဖွေနေသည့်အလား နမ့်ပန်ချောင်းရိုးတစ်လျှောက် ကြည့်နေသည်။

ဒီအခိုက်အတန့်မှာပဲ ဖြစ်သည်။

စောစောကအသံလို ''ဝုန်း'' ခနဲမြည်ဟည်းသံကို ထပ်မံကြားလိုက်ရပြန်သည်။ လူကို ဆွဲကိုင်လှုပ်လိုက်သည့်ပမာ ဆေးတပ်ကြပ်ကြီး တစ်ကိုယ်လုံး ယိမ်းထိုးသွားသည်။ လချေးမှန်နှင့် သူ့နဖူး ဆောင့်မိသွားသည်။ ခါးပတ်သာပတ်မထားလျှင် ထိုင်ခုံပေါ်မှ လွင့်စဉ်ကျသွားလုမတတ်။ လူနာ့နှုတ်မှ ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာသည်။ သူသည် နဖူးနာကျင်မှုကို ဂရုမစိုက်နိုင်ဘဲ ထမ်းစင်ကို နေရာရွေ့မသွားအောင် တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

ဒီတစ်ခါတော့ စက်လုံးဝရပ်သွားသည်။

''ကိုတင်ဦး အော်တိုရိုတေးရှင်း…''

ရုတ်တရက် ခေါင်းနားပန်းကြီးသွားမိသည့်တိုင်အောင် ဗိုလ်ဇော်ထွန်းက လှုတ်ခနဲ သတိပေးမိလိုက်သေးသည်။ သူ့အပြောပင် နောက်ကျနေသေးသည်။ အသံဟိန်းထွက်လာပြီး စက်ရပ်သွားကတည်းက ဗိုလ်ကြီးတင်ဦး အနေဖြင့် ရဟတ်ယာဉ်ခေါင်းပိုင်းကို ထိုးစိုက်လိုက်ပြီးသား။ Auto-Rotation ခေါ် ရဟတ်ယာဉ် အရေးပေါ်ဆင်းသက်မှုအတွက် လုပ်စရာရှိသည်များကို စလုပ်ပြီးသား။

''ဖိုးဇော် လားရှိုးကို ခေါ်ကြည့်စမ်း။ ဆရာကြည်ဝင်းလည်း ဒီမှာမနေနဲ့တော့လေ။ နောက်ကိုသွား၊ ခါးပတ်ပတ်ထား။ လူနာနဲ့ ဆေးတပ်ကြပ်ကြီးကိုမထိခိုက်အောင် လိုအပ်တာတွေ သွားလုပ်ပေး''

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလည်း ပြော၊ တစ်ချိန်တည်းမှာပင် သူ့လက်ကလည်း ဓာတ်ဆီပို့ပေးစနစ်ခလုတ်၊ စက်အုံမီးကူးခလုတ် စသည်များကို တစ်ခုပြီး တစ်ခု သွက်သွက်လက်လက် ပိတ်ပစ်လိုက်၏။

"လားရှိုး၊ ပိတုန်း...ငါး။ မေဒေး....မေဒေး... မေဒေး..."

လားရှိုးနှင့် သူတို့ရဟတ်ယာဉ်မှာ အတော်ခရီးကွာလှမ်းနေသည်။ ထို့ပြင် ရဟတ်ယာဉ်၏အမြင့်ပေမှာလည်း နိမ့်ကျလာပြီ။ သည်ကြားထဲ ပေ ၈၀၀၀ ကျော်မြင့်သော တောင်ကြောကြီးကလည်း ကြားမှာခံနေသေးသည်။ ထို့ကြောင့် အဆက်အသွယ်မရတော့။ သို့တစ်စေ ဗိုလ်ဇော်ထွန်းက အရေးပေါ်အချက်ပြကို တစ်ဖက်သတ်လွှင့်ထုတ်ပေးလိုက်၏။

ရဟတ်ယာဉ်သည် လျှင်မြန်သောအဟုန်ဖြင့် လည်ပတ်ကျနေဆဲ။

"ငါ မှန်းထားတဲ့ တောင်ယာကွင်းထဲဝင်ရင်တော့ အကျသက်သာမှာပဲကွ"

အော်တိုရိုတေးရှင်း ခေါ် ရဟတ်ယာဉ်အရေးပေါ်ဆင်းသက်မှုကို ချောမောအောင်မြင်ရန် ကြိုးစားလုပ်ဆောင်နေသော ဗိုလ်ကြီးတင်ဦးက သူ့ကိုယ်သူ အားပေးသည့်အနေဖြင့်ဆိုသည်။ စက်အားမရှိတော့သောကြောင့် လေတိုးအားဖြင့်သာ ပန်ကာကို လည်ပတ်စေခြင်းဖြင့် ပင့်အားရယူကာ ထိုအနည်းငယ်မျှသောပင့်အားဖြင့် ရဟတ်ယာဉ်ကို ပြုတ်မကျရုံတမည် ထိန်းထားသောပျံသန်းရှုန်းတို့ကို ကျွမ်းကျင်စွာအသုံးပြု၍ မိမိလိုရာသို့ အရေးပေါ်ဆင်းသက်နိုင်အောင် ဗိုလ်ကြီးတင်ဦး ကြိုးစားသည်။

ခဏအတွင်းမှာပင် ရဟတ်ယာဉ်သည် သေနတ်မှန်ထားသော မသေမရှင် ငှက်ကြီးတစ်ကောင် အတောင်တဖျပ်ဖျပ်ခတ်ရင်း ကျလာဘိသကဲ့သို့ နမ့်ပန်ချောင်းအနီးရှိ တောင်ယာခင်းတစ်ခုထဲသို့ ထိုးကျသွားလေတော့သည်။

◙ ◙ ◙



"ဂျိမ်း" ခနဲ မြည်ဟည်းသွားသည်။

ထောင်းခနဲထလာသော ဖုန်တွေ၊ သဲတွေနှင့်အတူ ရဟတ်ယာဉ် အစိတ်အပိုင်းအချို့ ပြုတ်ထွက်လွင့်စင်သွားသည်။ ရဟတ်ယာဉ်သည် ကုန်းပြေပြေထက်တွင် ညာဘက်သို့စောင်းလျက် ကျသွားသဖြင့် ပန်ကာရွက်များက မြေကြီးကို ဒုတ်ခနဲ ဒုတ်ခနဲ ခုတ်မိကာ ကျိုးပြတ်လွင့်ထွက်သွား၏။

ရဟတ်ယာဉ်ရှေ့ပိုင်းရှိ ဘက်ထရီအိုးသည် ပေသုံးလေးဆယ်ခန့် ကွာဝေးသည့် စိန်နားပန်ချုံထဲ လွင့်ကျသွားသည်။ ချုံထဲမှ တောကြက်တစ်အုပ် လန့်ပျံပြေးသည်။ ထို့အတူ အနီးတစ်ဝိုက်ရှိ သစ်ပင်ချုံနွယ်များတွင် ခိုအောင်းနေသော ကျေးငှက်များလည်း အလန့်တကြား အော်မြည်ပျံပြေးကြသည်။

ထိုတဒင်္ဂဝယ် တောင်ယာခင်းတစ်ဝိုက်သည် ကမ္ဘာပျက်သည့်အလား ကျွက်ကျွက်ညံသွားသည်။ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မကြာပါ၊ စက္ကန့်ပိုင်းအတွင်း ပြန်လည်ငြိမ်သက်သွား၏၊ ပထမဆုံး အသက်ဝင်လှုပ်ရှားလာသူမှာ ဗိုလ်ကြီးတင်ဦး။

"ဖိုးဇော်... ဘာမှမဖြစ်ဘူးမဟုတ်လား။ အပြင်ကို မြန်မြန် ထွက်ယော့"

ရဟတ်ယာဉ်မှာ ညာဘက်သို့ စောင်းလဲနေသဖြင့် ဗိုလ်ကြီးတင်ဦး ဘက်မှတံခါးကို ဖွင့်မရတော့။ ဗိုလ်ဇော်ထွန်းလည်း သိုင်းကြိုးများကို အမြန်ဆွဲဖြုတ်ပစ်လိုက်ပြီး အက်ကွဲနေသော လေချေးမှန်တံခါးကို တွန်းဖွင့်လိုက်သည်။ ပြီးတော့ ကြောင်တစ်ကောင်အလား ပေါ့ပါးသွက်လက်စွာ အပြင်သို့ခုန်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးတင်ဦးသည် ဗိုလ်ဇော်ထွန်းနောက်လိုက်မသွား။ နောက်ခန်းထဲ ကူးသွားသည်။ နောက်ပေါက်တံခါးချက်မှာ မြေကြီးနှင့်အရှိန်ပြင်းစွာ ရိုက်မိသောကြောင့် ကျပ်သွားသည်။ အုပ်ခွဲတပ်ကြပ်ကြီးကြည်ဝင်းက တံခါး ဖွင့်ဖို့ ကြိုးစားနေသည်။

လှူနာအရာရှိပေါ်သို့ ဝမ်းလျားထိုးမှောက်၍ အကာအကွယ်ပေးထား သော ဆေးတပ်ကြပ်ကြီးသည် အသံဗလံများ ငြိမ်သက်သွားသည်နှင့် ကမူး ကယာ လူးလဲထသည်။ ဘယ်လက်မောင်းရင်းဆီမှ စစ်ခနဲနာကျင် သွားသည်။ ရှုံ့မဲ့သွားကာ ညာလက်ဖြင့် အုပ်ကိုင်ထားလိုက်သည်။

"ဘာဖြစ်သွားသေးသလဲ"

မောင်းခန်းထဲမှဝင်လာသော ဗိုလ်ကြီးတင်ဦးက စိုးရိမ်စွာ မေးသည်။

"လက်မောင်း ဘာဖြစ်သွားသလဲမသိဘူး။ သွေးတော့ မထွက်ဘူး။ ဒဏ်ရာ မရှိဘူး။ အဆစ် တစ်ခုခုဖြစ်သွားတယ်ထင်တယ်"

"လူနာရော..."

"သူ ဘာမှမဖြစ်ပါဘူး"

ဗိုလ်ကြီးတင်ဦး စိတ်အေးသွားသည်။ လူနာသည် မမျှော်လင့်ဘဲ ရုတ်ခြည်း ခံစားလိုက်ရသည့် ကြမ်းတမ်းပြင်းထန်သော အထိအတွေ့နှင့် နားမွှင့်မတတ် ကျယ်လောင်သောမြည်ဟည်းသံကြောင့် မျက်စိဖွင့်ကြည့်သည်။ တစ်ပြိုင် နက်တည်းလိုလိုပင် မီးစနှင့်ထိုးဆွလိုက်သလို ဒဏ်ရာမှ နာကျင်လာသော ကြောင့် အော်ဟစ်ညည်းညူလိုက်လေသည်။ အခြေအနေမှန်ကို တွေးသိ ထိတ်လန့်သွားပုံရသည်။

"ဘာမှမစိုးရိမ်နဲ့၊ တို့အားလုံး ဘာမှမဖြစ်ဘူး။ တို့ဆင်းလိုက်တဲ့နေရာနဲ့ တယ်နဲ့နီးနီးကလေး။ မကြာခင် တယ်နဲ့ပြန်ပေါင်းမိမှာ။ မင်းကို တို့စောင့်ရှောက်ပြီး ခေါ်သွားမယ်" ဟု လူနာအားတွင် ဒူးထောက်ထိုင်ကာ လက်တစ်ဖက်ကို ဆုပ်ကိုင်၍ ဗိုလ်ကြီးတင်ဦးက အားပေးသည်။



ထိုအချိန်တွင် ဗိုလ်ဇော်ထွန်းကပါ အပြင်က ကူဖွင့်ပေးသောကြောင့် တံခါးပွင့်သွားသည်။ လူနာကို ရဟတ်ယာဉ်နှင့်မလှမ်းမကမ်း သစ်ရိပ် ကောင်းကောင်းအောက်သို့ ခေါ်သွားသည်။ ဆေးတပ်ကြပ်ကြီးက မော်ဖင်း တစ်လုံး ထိုးပေးသည်။ ဗိုလ်ဇော်ထွန်း အကူအညီဖြင့် သူ့လက်မောင်းကို ပတ်တီးသိုင်းချည်သည်။

"ဒီနေရာက ရန်သူ့နယ်ပဲဗိုလ်ကြီး။ ကျွန်တော်တို့ မြန်မြန်ထွက်မှ ကောင်းမယ်"

ပတ်တီးစည်းနေစဉ် ဆေးတပ်ကြပ်ကြီးက အကြံပေးသည်။

"ထမ်းစင်လုပ်ပြီးပြီးချင်း ကိုယ်တို့ထွက်ကြမယ်"

မြေပုံဖြန့်ကြည့်နေသော ဗိုလ်ကြီးတင်ဦးက ဖြေသည်။

လူနာသည် ဆေးရှိန်ဖြင့်အိပ်ပျော်သွားလေပြီ။ လက်နှစ်ဖက်ဖြင့် ကိုင်တွယ်သယ်ယူရသော ပုံမှန်ထမ်းစင်ဖြင့် တောတောင်လျှိုမြောင် ကြားတွင် လျင်မြန်သွက်လက်စွာ လှုပ်ရှားရန်မှာ မလွယ်ကူချေ။ ထို့ကြောင့် ထမ်းစင်တစ်ခုပြုလုပ်ရန် ဖြောင့်စင်းခိုင်မာသော အပင်ငယ်တစ်ပင်ကို အုပ်ခွဲ တပ်ကြပ်ကြီးကြည်ဝင်းက ခုတ်လှဲနေသည်။ ရဟတ်ယာဉ်ပန်ကာအုံကို အုပ်မိုးသောမိုးကာပတ္တူအား တံပိုးတွင် အစွန်းနှစ်ဖက်ခိုင်မြဲအောင် ချည်နှောင်လိုက်ခြင်းဖြင့် ပခုံးထမ်းသယ်ရသော မှခက်ထမ်းစင်တစ်ခု ဖြစ်သွားသည်။

"ကျွန်တော်တို့ဆင်းတာ ဒီဆင်ခြေလျှောပဲ"

ဗိုလ်ဇော်ထွန်းက မြေပုံပေါ်တွင် တစ်နေရာကိုထောက်ပြ၏။ ချောင်းခွဆုံ၏မြောက်ဘက်မှာဖြစ်သည်။ ချောင်းခွဆုံအား ရိပ်ခနဲ မြင်တွေ့ ခဲ့ရသည်ကို ဆေးတပ်ကြပ်ကြီး သတိရလိုက်သည်။ သူတို့ လက်ရှိရောက်နေ သောနေရာကို ခန့်မှန်းတွေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မန်ကပ်မှာ တို့တပ်ရှိတယ်။ နမ့်ပန်ချောင်းရိုးအတိုင်း တောင်ဘက်ကို ဆင်းသွားရင် မန်ကပ်ရောက်မှာပဲ။ လမ်းမှာ နောင်ငူရွာရှိတယ်။ လူနာ အခြေအနေကောင်းရင် ရွာကိုရှောင် သွားမယ်။ ဘာ့ကြောင့်လဲဆိုတော့ ရန်သူသတင်းပေးတွေ ရှိနေနိုင်လို့ပဲ"

ဆေးတပ်ကြပ်ကြီးသည် ဗိုလ်ကြီးတင်ဦးစကားကို နားထောင်ရင်း နောင်ငူရွာရှိမည့် အရပ်မျက်နှာကို မှန်းဆကြည့်သည်။ နောင်ငူလွန်လျှင် တပ်နှင့်လက်လှမ်းမီပြီ။ ဒီနေရာကတော့ စိတ်မချရ။

ပုခက်ထမ်းစင်ကို မြန်မြန်လုပ်ကြသည်။ ပြီးသည်နှင့် ခြေရာလက်ရာ ဖျက်ကာ ရဟတ်ယာဉ်ကိုစွန့်ခွာသည်။ ဗိုလ်ဇော်ထွန်းက ရဟတ်ယာဉ်ထဲမှ ရေဒီယိုဆက်သွယ်ရေးစက်ကို ထုရိုက်ဖျက်ဆီးပစ်ခဲ့သည်။

"ဒီဘက်ကို ကျွန်တော် ရောက်ဖူးတယ်"

ဆေးတပ်ကြပ်ကြီးက ပြောသဖြင့် ရှေ့ကထွက်စေသည်။ ဗိုလ်ကြီး တင်ဦးက ပစ္စတိုတစ်ဖက်၊ မြေပုံတစ်ဖက်ကိုင်၍ နောက်ကလိုက်သည်။ ဗိုလ်ဇော်ထွန်းသည် လက်နာနေသော ဆေးတပ်ကြပ်ကြီးကိုငဲ့၍ ထမ်းစင် ဝင်ထမ်းသည်။ အုပ်ခွဲတပ်ကြပ်ကြီးကြည်ဝင်းနှင့်အတူဖြစ်သည်။ ဗိုလ်ဇော်ထွန်း ခါးမှာ ပစ္စတိုတစ်လက်။ ဆရာကြည်ဝင်းပခုံးမှာတော့ မောင်းပြန်သေနတ် တစ်လက်လွယ်လျက်။

သူတို့ထွက်လာချိန်၌ နေလုံးသည် ဂင်္ဂါတောင်ထိပ်တွင် မေးတင်လုပြီ။

◙ ◙ ◙

ပထမကုန်းပြေပြေကလေးအတိုင်း ဆင်းလာခဲ့ကြသည်။ ထို့နောက် ကုန်းမြင့်တစ်ခုကို တက်ကြရပြန်သည်။ ကုန်းထိပ်ရောက်သောအခါ ပေါက်ကွဲသံကြားရသည်။ သူတို့ထွက်လာသောဘက်မှ မည်းနက်သော



မီးခိုးလုံးတွေ တလိမ့်လိမ့်တက်လာသည်။ မတိုင်ပင်ပါဘဲနှင့် တစ်ယောက် မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်မိကြသည်။

"လက်မတင်ကလေး…ရန်သူတွေ ကျွန်တော်တို့ရဟတ်ယာဉ်ကို မီးရှို့ဖျက်ဆီးပစ်လိုက်ကြပြီ"

ဗိုလ်ဇော်ထွန်းက ပြောသည်။

"ရန်သူနီးတယ်၊ ဆက်ထွက်ကြရအောင်"

ဗိုလ်ကြီးတင်ဦးက ခရီးဆက်ရန်ဆုံးဖြတ်သည်။

"တောလမ်းနဲ့ ဖြတ်လမ်းတွေမှာ ရန်သူကင်းပုန်းရှိနိုင်တယ်။ အဲဒီ နေရာတွေကို ရှောင်သွားမှဖြစ်မယ်။ ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ"

ဆေးတပ်ကြပ်ကြီးက ရှေ့ဆောင်ပြီးထွက်သည်။

နေလုံးကွယ်ပြီ။ နမ့်ပန်လျှိုသည် ဂင်္ဂါတောင်ရိပ်ကြောင့် စောစီးစွာ မှောင်ရိပ်သန်းလေ့ရှိသည်။ ဆည်းဆာရောင်တော့ မှုန်ရီဝိုးဝါးကျန်နေ သေးသည်။ အမှောင်ထုက ရန်သူတိုက်စစ်ကို နှောင့်နှေးစေမည်ဖြစ်၍ သူတို့ ကံကောင်းသည်။

"ရှေ့မှာ နမ့်ပန်ချောင်း"

ဆေးတပ်ကြပ်ကြီးက လေသံဖြင့်ဆို၏။ ချုံနွယ်ပိတ်ပေါင်းတို့ ကာဆီး ပိတ်ဆို့နေသည်။ သတိထားနားထောင်မှ ရေစီးသံသဲ့သဲ့ကြားရသည်။

"ဆယ်မိနစ်လောက်သွားပြီးရင် ချောင်းခွဆုံကိုရောက်တော့မယ်။ ဒီနေရာကို ကျွန်တော် မကြာခဏရောက်ဖူးတယ်။ ကျွန်တော်တို့ နမ့်ပန်ကို မဖြတ်ဘူး။ နမ့်ပန်ရဲ့လက်တက်ဖြစ်တဲ့ နမ့်နင်းကိုဖြတ်ပြီး တောင်ဘက်ကမ်း ကူးမယ်။ သူက နမ့်ပန်နဲ့စာရင် ရေတိမ်တယ်" ဟု ဆေးတပ်ကြပ်ကြီးက ရှင်းပြသည်။ ခြေလျင်တပ်နှင့် မကြာခဏသွားဖူးနေ၍ နယ်မြေကျွမ်းနေတာ ဖြစ်မည်ဟု ဗိုလ်ဇော်ထွန်းက တွေးသည်။ ဆယ်မိနစ်ဆိုသော်လည်း မိနစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်၊ အစိတ်ခန့်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လမ်းကို မသုံးရဲ။ တောချုံတိုးကာ ကွေ့ပတ်သွားနေရသည်။ သည်ကြားထဲ လူနာက ပါသေးသည်မဟုတ်လား။

တဖြည်းဖြည်း တရွေ့ရွေ့ခရီးဆက်ကြ၏။ မိုးရွာထားသောကြောင့် မြေနီစေးတွေ ဖိနပ်တွေကပ်ပါလာတတ်သည်။ ခြေတစ်လှမ်းတစ်လှမ်းကို လေးလေးလံလံဆွဲနုတ်ယူရသည်။ တစ်ခါတစ်ခါ ခြေအချုမတော်လျှင် ချော်လဲချင်သည်။ နာရီဝက်ခန့်ကြာသော် နမ့်နင်းချောင်းကို ဆည်းဆာရောင်ခြည်ဖျော့ဖျော့အောက်ဝယ် မသဲမကွဲမြင်ရသည်။

“အရမ်းဖြတ်လို့ မဖြစ်ဘူး။ လူနာ ပုခက်ကြီးနဲ့ ဟိုနားစမ်းစမ်း ဒီနားစမ်းစမ်းလုပ်နေရင် ထင်းထင်းကြီးဖြစ်နေလိမ့်မယ်။ ဒီတော့ ဖြတ်ကူးဖို့ သင့်မယ့်နေရာကို ဖိုးဇော်နဲ့ဆရာ ကင်းထောက်ချပါ”

ဗိုလ်ကြီးတင်ဦးက တာဝန်ပေး၍ ဗိုလ်ဇော်ထွန်းနှင့် ဆေးတပ်ကြပ်ကြီးသည် သစ်ပင်ခြုံနွယ်တို့ကို အကာအကွယ်ယူ၍ ချောင်းစပ်သို့ချဉ်းကပ်ကြသည်။ ချောင်းရိုးလျှောက်၍ ထောက်လှမ်းကြသည်။ ဆေးတပ်ကြပ်ကြီးပြောခဲ့သလို ချောင်းရေမနက်ချေ။ ရေသည် ကျောက်တုံးတွေပေါ်ကပ်လျက် လျှောတိုက်စီးသွားရသဖြင့် ရေစီးကြောင်းပေါ်တွင် အဖုအထစ်ကလေးတွေ စီတန်းနေ၏။ ကမ်းပါးနှစ်ဖက်ပေါ်မှ သစ်ကိုင်းသစ်ခက်အချို့သည် ချောင်းရေပြင်ကို ယှက်မိုးထားသည်။

“ဟောဟိုက ကျောက်စရစ်ခဲကလေးတွေတွေ့လား။ အဲဒါအကျဉ်းဆုံးနေရာပဲ။ ရေလည်း တိမ်တယ်။ အဲဒီနေရာက ဖြတ်မယ်”

ဆေးတပ်ကြပ်ကြီးက သဘောတူညီပုံဖြင့် ခေါင်းညိတ်သည်။ ကျန်ရစ်သည့်အဖွဲ့ကို သွားခေါ်မည်အပြု “ချွတ်” ခနဲ သစ်ကိုင်းချောက်ကျိုးပဲ့သံလိုလို ဗိုလ်ဇော်ထွန်း ကြားသည်။ အသံကြားရာသို့ ဖျပ်ခနဲအကြည့်တွင်



သစ်ပင်တစ်ပင်ဆီသို့ ပြေးကပ်လိုက်သော မည်းမည်းသဏ္ဌာန်တစ်ခုကို ရိပ်ခနဲမြင်သည်။ ဆေးတပ်ကြပ်ကြီးကတော့ သတိထားမိပုံမရ။ ကူးဖြတ်ရမည့်နေရာကို စူးစိုက်ကြည့်နေသည်။ ချုံအထက် ကိုယ်တစ်ပိုင်းထွက်နေသည်။ အကာအကွယ် ကင်းမဲ့နေသည်။

ပင်စည်နောက်မှ မည်းမည်းရှည်ရှည်အရာတစ်ခု ထွက်လာ၏။

“ဝပ်လိုက်”

“ဒိုင်း”

ဗိုလ်ဇော်ထွန်းက ပုန်းကွယ်နေသော သစ်ပင်နောက်မှ ခုန်ထွက်ပြီး ဆေးတပ်ကြပ်ကြီးကို တွန်းအလှဲလိုက်နှင့် သေနတ်သံတို့ တစ်ပြိုင်တည်းလိုလိုဖြစ်သွားသည်။ ဘယ်ဘက်ပေါင်တွင် ပူခနဲခံစားလိုက်ရသည်။ တပ်ကြပ်ကြီးနှင့်အတူ မြေပေါ်သို့ထပ်လျက် လဲကျသွားသည်။

“ဒိုင်း... ဒိုင်း...”

ဗိုလ်ဇော်ထွန်း ဒဏ်ရာကိုဂရုမစိုက်နိုင်အား။ ခါးမှသေနတ်ကိုဆွဲထုတ်ပြီး ခုခံသည်။ တစ်ဖက်ကလည်း ပြန်ပစ်သည်။ တိုက်ပွဲ အသေးစားကလေး တစ်ခု။

“ရန်သူ ဦးတယ်။ သေနတ်သံကြားရင် ဝိုင်းလာလိမ့်မယ်။ ခင်ဗျားက ကိုတင်ဦးတို့အဖွဲ့ကိုခေါ်ပြီး ဆုတ်နှင့်ပါ။ ကျွန်တော် ခံပစ်ပြီးလိုက်ခဲ့မယ်”

ပစ်ခတ်ရင်း ဗိုလ်ဇော်ထွန်းက ပြောသည်။

“ကျွန်တော်တို့ အတူတူခံချကြတာပေါ့ဗိုလ်ကြီး”

“ဘာလို့ အဓိပ္ပာယ်မရှိတာကို လုပ်ချင်ရတာလဲ။ ဆရာကြီးရဲ့ ရဲဘော်စိတ်ကို ကျွန်တော် လေးစားတယ်။ ဒါပေမယ့် ဒီအချိန်ဟာ တိုက်ပွဲအနိုင်တိုက်ရမယ့်အချိန်မဟုတ်ဘူး။ ရန်သူ့လက်က လွတ်အောင်ရှောင်ပြီး ကိုယ့်တပ်နဲ့ပေါင်းမိဖို့က အဓိက။ ကျွန်တော်တို့မှာ လူနာပါတယ်။ ကဲ...

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရှိဘူး။ ကိုတင်ဦးကို နားလည်အောင်ပြောပြ။ မန်ကပ်ဘက်ကို ချောင်းရိုးအတိုင်း မြန်မြန်ဆုတ်နှင့်။ ဆရာတို့ဆုတ်ချိန်ရအောင် ကျွန်တော် တားထားမယ်။ ပြီးတော့မှ လိုက်လာခဲ့မယ်''

တပ်ကြပ်ကြီး ရင်ထဲနင့်သွားသည်။ ဒဏ်ရာပေါ်ဖိ၍ လဲကျသွားသဖြင့် နာကျင်နေသည့်လက်မောင်းကို ဆုပ်ကိုင်ထားရင်း သဲကြီးမဲကြီးပစ်ခတ်နေသော ဗိုလ်ဇော်ထွန်းကို တစ်ချက်စိုက်ကြည့်လိုက်သည်။ စောဒကမတက်သာတော့သဖြင့် ''နမ့်နင်းချောင်းရိုးအတိုင်းသာ ဗိုလ်ကြီးလိုက်ခဲ့ပါ'' ဟု မှာကြားကာ ပြေးထွက်သွား၏။

◙ ◙ ◙

လကွယ်ည။

သန်းခေါင်ယံ။

တောကြီးမျက်မည်းထဲမှာ။

ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်မည်းနေသည်။ သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း ဗိုလ်ဇော်ထွန်း မမှန်းဆတတ်တော့။

စင်စစ် ချောက်ကမ်းပါးတစ်ခုထဲ ကျသွားခြင်းကြောင့် အခြေအနေ ပြောင်းလဲသွားရခြင်းဖြစ်၏။ သူ့ကိုယ်သူ ယုံကြည်ချက် လွန်ကဲသွားသောကြောင့်လည်း ဖြစ်တန်ရာသည်။

လေး…ငါး…ဆယ်မိနစ်ခန့် ခုခံဟန့်တားပြီးက လှည့်စားသည့်အနေဖြင့် မြောက်ဘက်သို့ သေနတ်သံပေးကာ ပစ်ဆုတ်ဆုတ်မည်။ ဗိုလ်ကြီးတင်ဦးတို့စောင့်သောနေရာရောက်မှ အနောက်ဘက်သို့ကွေ့ကာ နမ့်ပန်ချောင်းဘက်ဆင်းမည်။ ပြီးမှ နမ့်နင်းအတိုင်း တောင်ဘက်စုန်မည်။ တစ်နေရာရာတွင်တော့ ဗိုလ်ကြီးတင်ဦးတို့ကို မီလိမ့်မည်။ ဤသို့ စိတ်ကူးခဲ့သည်။



ရန်သူသည် ကင်းပုန်းအဖွဲ့ဖြစ်ဟန်တူ၏။ ပစ်အား မများ။ တစ်ယောက်နှစ်ယောက်ထက် ပိုပုံမရ။ ဗိုလ်ဇော်ထွန်းက ကောင်းစွာထိန်းထားနိုင်သည်။ ခုခံနေစဉ် လက်ကျန်ဆည်းဆာရောင်ခြည် ပျောက်ကွယ်သွားသည်။ လကလည်း မိုက်နေသည်။ မိုးတိမ်တွေကြောင့် ကြယ်လည်းမစုံ။ အရပ်မျက်နှာ မှန်းဆရခက်ချေပြီ။ ဒဏ်ရာကလည်း နာလာပြီ။ မြောက်ဘက်ကို မှန်း၍ ဆုတ်သည်။ အလင်းရောင်ရှိစဉ်က အနေအထားကို တွေးကြည့်သည်။ မည်သို့ဆိုစေ နောက်ဆုံးရပ်နားခဲ့သောနေရာကို ပြန်ရှာမတွေ့တော့။

ချုံများစွာ တိုးရသည်။ မကြာခဏ ချော်လဲမလိုဖြစ်သည်။ ခြေသံလုံအောင်လည်း သတိထားရသေးသည်။ ခြေယောက်လှုပ်ရှားရတာ များသောကြောင့်ထင်သည်။ ဒဏ်ရာက တဖြည်းဖြည်း နာလာသည်။ အားခဲ၍ ခရီးဆက်သည်။ ချောင်းနှင့်တူတာ မတွေ့။ ရေစီးသံ မကြား။

မျှော်လင့်ချက်ကို အဖော်ပြု၍ ထော့နင်းထော့နင်းလျှောက်လာစဉ် ဗြုန်းခနဲ တလိမ့်ခေါက်ကွေးကျသွားသည်။ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ကမ်းပါးဆင်ခြေလျှောအတိုင်း လျှောလိမ့်သွားသည်။ လေး၊ ငါးပတ်ခန့် လိမ့်ဆင်းသွားပြီးမှ ကမ်းပါးစောင်းတွင် ပေါက်နေသောသစ်ပင်နှင့်တိုးမိကာ ရပ်တန့်သွားလေသည်။ ပစ္စတိုလည်း ဘယ်ဆီလွင့်ကျခဲ့မှန်း မသိတော့။

မိုးစိမ့်စိမ့်အေးသည့် ညချမ်းဖြစ်လင့်ကစား သူ့တစ်ကိုယ်လုံး ချွေးပြန်နေသည်။ သည်နေရာမှာပင် မောဟိုက်နွမ်းနယ်စွာဖြင့် အချိန်အတော်ကြာအောင် ငြိမ်သက်လဲလျောင်းနေလိုက်သည်။ ဗိုက်ထဲက တကြွတ်ကြွတ် ဆာလောင်လာသည်။ ဝတ်ထားသော စွပ်ကျယ်ကိုဆွဲဆုတ်ဖြဲကာ ဒဏ်ရာကို စည်းနှောင်သည်။ ဒဏ်ရာသည် ပြင်းထန်ပုံမရ။ ယူနီဖောင်းဘောင်းဘီ တစ်ထပ်၊ ထူထဲသော လေယာဉ်မောင်းဝတ်စုံတစ်ထပ်မို့ အနည်းငယ် သက်သာသွားပုံရသည်။ မည်သို့ဆိုစေ သွေးတော့တော်တော်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညကြည့်နာရီလက်တံများက ညခုနစ်နာရီကျော်ကြောင်း ညွှန်ပြနေသည်။ မှိတ်တုတ်မှိတ်တုတ် ကြယ်ပွင့်ကလေးများ၏အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ မတ်စောက်သောလှိုဏ်ခေါင်းတစ်ခုဟု ထင်သည်။

လကွယ်ည၊ သန်းခေါင်ယံ။ တောကြီးမျက်မည်းထဲမှာ…

၂

"ဩော်… လုခ်ဆုစ်မန့် ကော့နန့်ခ်"

နန်းလောဝ်ခမ်း အထိတ်တလန့်ရေရွတ်မိသည်။ လက်ထဲက ရေပုံး လွတ်ကျသွားအောင်ပင် အံ့ဩတုန်လှုပ်သွားရသည်။

နန်းလောဝ်ခမ်းလက်ထဲက လွတ်ကျသောရေပုံးနှင့် ကျောက်တုံးထိခိုက်မိသံ ထွက်ပေါ်လာသည်။ သည်အသံက ဗိုလ်ဇော်ထွန်းကို လှုပ်နှိုးသည်။ အန္တရာယ်ကို စိုးရွံ့နေရသဖြင့် သတိရှိနေရသော ဗိုလ်ဇော်ထွန်းက ရုတ်ခြည်း မျက်စိဖွင့်ကြည့်သည်။ အသံ၏အရင်းအမြစ်ကို ရှာစမ်းသည်။ သည်တော့ သူလည်း အံ့အားသင့်သွားရသည်ပင်။

သူ့ရှေ့ရှိ စမ်းချောင်းတစ်ဖက်တွင် မျက်လုံးအဝိုင်းသားဖြင့် သူ့ကို ကြည့်နေသူက ရှမ်းမလေးတစ်ယောက်။

ဗိုလ်ဇော်ထွန်း ထရပ်ဖို့ကြိုးစားသည်။

"အား…"

ဒူးညွှတ်ကျသွားသည်။ ပေါင်ကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ထားမိသည်။ နာကျင်သောကြောင့် မျက်နှာရှုံ့မဲ့နေသည်။

"အို… ဒဏ်ရာကြီးနဲ့"



နန်းလောဝ်ခမ်း ဒုတိယအကြိမ် ရေရွတ်မိပြန်သည်။ မှင်တက်ရပ်မိနေရာမှ ထဘီလေးကို အသာမ,၍ ဒူးဆစ်ခန့် စမ်းချောင်းကိုဖြတ်ကူးလာခဲ့သည်။

"ဟင်…၊ ရှင်… ရှင်…"

အနားရောက်သောအခါ ဗိုလ်ဇော်ထွန်းမျက်နှာကို စေ့စေ့ကြည့်ပြီး နန်းလောဝ်ခမ်းတစ်ယောက် အံ့အားအသင့်ကြီးသင့်သွားရပြန်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် လေတပ်က လေသူရဲတစ်ယောက်ပါ။ မနေ့ညနေက ဒဏ်ရာရလာလို့…"

ဗိုလ်ဇော်ထွန်းက ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ နန်းလောဝ်ခမ်းကို အားကိုးတကြီးကြည့်သည်။

နန်းလောဝ်ခမ်းလည်း မသိမသာသက်ပြင်းချလိုက်ပြီး ဗိုလ်ဇော်ထွန်းရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ မလုံမလဲ ဖြစ်ကတတ်ဆန်းစည်းနှောင်ထားသော စွပ်ကျယ်စုတ်ကို ဖြေကြည့်သည်။

"ရှင် ကံကောင်းတယ်။ ဒဏ်ရာက တိမ်ပါတယ်။ သေနတ်ဒဏ်ရာဆိုရင် ရှပ်မှန်သလောက်ပါပဲ။ ကျွန်မ ဆေးထည့်ပေးပါ့မယ်"

ဤသို့ပြောကာ စွပ်ကျယ်ကို သေသေသပ်သပ် ပြန်စည်းပေးသည်။ ဗိုလ်ဇော်ထွန်းလည်း နန်းလောဝ်ခမ်း ပြုလုပ်ပေးသမျှကို ငေးမောကြည့်နေမိသည်။ ကြုံတွေ့နေရသော သူ့အဖြစ်ကိုပင် မယုံချင်မိ။

"ကျွန်မ တွဲခေါ်မယ်၊ ကြိုးစားလျှောက်နော်"

ပထမ သစ်ပင်ကို အားပြုရပ်သည်။ ပြေးရလွှားရနှင့် တစ်ညလုံး ဘာမှမစားခဲ့ရသည့်အပြင် အနာရှိန်ကြောင့် အားအင်ကုန်ခန်းနေ၏။ နန်းလောဝ်ခမ်းက ဗိုလ်ဇော်ထွန်းခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်တွဲခေါ်သည်။ စမ်းချောင်းကိုဖြတ်ပြီး တစ်ဖက်ကမ်းအတက်တွင် လေးငါးကြိမ်ခန့် လဲမလို

www.burmeseclassic.com

www.burmeseclassic.com
ဖြစ်သည်။ ယိမ်းယိုင်သွားတိုင်း နန်းလော်ခမ်းက ရှိုးစုမဲ့စုခွန်အားကလေးဖြင့် ဖေးမပေးရသည်။ နဖူးဆံစပ်ဝယ် ချွေးသီးကလေးတွေ စို့လာသည်အထိ။

"အားနာလိုက်တာဗျာ"

ဗိုလ်ဇော်ထွန်းက လေသံပျော့ဖြင့်ဆိုသည်။

"ကိစ္စမရှိပါဘူး ဗိုလ်ကြီး။ ဒုက္ခရောက်နေသူကို ကူညီစောင့်ရှောက်ဖို့ဟာ လူသားတိုင်းရဲ့ဝတ္တရားပါ"

ဗိုလ်ဇော်ထွန်းသည် နန်းလော်ခမ်း၏စိတ်ထားကို လေးစားသွား၏။ သူမ၏အပြောအဆို၊ အပြုအမူသည် သာမန်ကျေးတောသူတစ်ယောက်နှင့် မတူဟု သူ ထင်သည်။ ဒီလိုနေရာမျိုးတွင် မြို့ဆန်သော အမျိုးသမီးတစ်ယောက်နှင့် ဆုံစည်းရသဖြင့် ထူးဆန်းနေသည်။

နန်းလော်ခမ်း တွဲခေါ်ရာသို့ နီးစပ်ရာသစ်ပင်များကို အားပြုအထောက်အကူယူ၍ လိုက်ပါလာခဲ့သည်။ တစ်ဖက်လျှိုထိပ်ရောက်သောအခါ မြေနီလမ်းတစ်ခုတွေ့သည်။ လမ်းအတိုင်း ဆယ့်ငါးမိနစ်ခန့် သွားမိသည်တွင် တောင်ယာခင်းတစ်ခုသို့ ရောက်၏။ ယာခင်းအစွန်၌ စိမ်းမြအုံ့ဆိုင်းသော ခြံတစ်ခြံကို တွေ့ရသည်။ ခြံကို ဝါးနှစ်လုံး၊ သုံးလုံးတန်းထားသော စည်းရိုးကျိုးတိုးကျဲတဲဖြင့် ကာရံထားသည်။

"ဒါ ကျွန်မတို့ ဥယျာဉ်ခြံလေ"

နဖူးမှချွေးသီးကလေးတွေကို သပ်ချရင်း နန်းလော်ခမ်းက ပြောသည်။

ညက လမ်းမသိဘဲ စွတ်ရွတ်သွားနေလျှင် မျက်စိလည်ကာ ရန်သူ့လက်ထဲ တိုးဝင်မိသွားမည်ကို စိုးရိမ်သဖြင့် လိမ့်ကျသောနေရာမှာပင် ဗိုလ်ဇော်ထွန်း နိုးနားခဲ့သည်။ သူနိုးခဲ့သောနေရာနှင့် နန်းလော်ခမ်းတို့ခြံမှာ နီးနီးကလေး။

ခြံဝသို့ ရောက်လာသည်။


နန်းလော်ခမ်းက ဗိုလ်ဇော်ထွန်းကို နောက်ဖေးမလွယ်ပေါက်ငှက်ပျောတောထဲမှ လှည့်ခေါ်လာသည်။ အိမ်ကြီးဆီခေါ်မသွားဘဲ အိမ်မကြီးနောက်ဖေး ဓားလွယ်ခုတ်ရှိသော စပါးကျီအဟောင်းဆီသို့ ဦးတည်သည်။

အိမ်မကြီးဆီမှ ခွေးတစ်ကောင်ပြေးလာသည်။ နန်းလော်ခမ်းမှန်းသိသောအခါ ကိုယ်ရှိန်သပ်လိုက်ပြီး အမြီးတနန့်နန့်နှင့် ပွတ်သီးပွတ်သပ်ခရီးဦးကြိုပြုသည်။ လူစိမ်းဖြစ်သော ဗိုလ်ဇော်ထွန်းကိုမူ တစ်ချီတစ်ချီတွင် သွားဖြဲလျက် မာန်ဖီသည်။

"ဟဲ့… ရန်လုံ၊ သွားစမ်း"

နန်းလော်ခမ်း မာန်မဲလိုက်မှ ရန်လုံ ငြိမ်ကျသွားသည်။

စပါးကျီသည် အတော်ပင်ဟောင်းနွမ်းနေချေပြီ။ ရေနံချေးအရောင်အဆင်း ကင်းမဲ့နေသည်။ တစ်ခုတည်းသော ဝင်ပေါက်မှာလည်း တံခါးရွက်တစ်ဖက် ပြုတ်နေ၏။ အထဲဝင်လိုက်သည်နှင့် အောက်သိုးသိုးအနံ့ကို ရှူရှိုက်ရသည်။ နေရာတိုင်းတွင် ဖုန်အလိမ်းလိမ်း၊ ပင့်ကူအိမ် အထပ်ထပ်။ တောင်းစုတ်ပလုံးစုတ်တွေက တစ်နေရာတွင် စုပုံလျက်။ လှည်းဘီးအကျိုးအပဲ့တစ်ခုလည်း ရှိသည်။ အသုံးပြုမှုကင်းဝေးသော စတိုသဘောမျိုးသက်ဝင်နေသည့် အဆောက်အအုံဟောင်းတစ်ခု။

"အပေါ်တက်နိုင်မလား ဟင်…"

ထပ်ခိုးသို့တက်သော လှေကားခြေရင်းတွင်ရပ်လျက် နန်းလော်ခမ်းက မေးသည်။

"ရပါတယ်"

လက်ရန်းမဲ့သော လှေကားမတ်မတ်ကိုကြည့်ကာ ဗိုလ်ဇော်ထွန်းက ပြောသည်။ ထို့နောက် ထပ်ခိုးပေါ်သို့ ခဲခဲယဉ်းယဉ်းတက်သည်။ နန်းလော်ခမ်းက နောက်မှလိုက်တက်သည်။ ထပ်ခိုးကို ခေါင်မိုးနှင့်
www.burmeseclassic.com

www.burmeseclassic.com

နီးကပ်စွာ ပြုလုပ်ထားသဖြင့် လူတစ်ယောက်လွတ်အောင် မရပ်နိုင်ချေ။ ပြီးတော့ အောက်ထပ်ထက်မှောင်သည်။ ထရံပေါက်မှဝင်လာသော နေရောင် အနည်းငယ်ကြောင့်သာ အလင်းရောင် အသင့်အတင့်ရှိနေခြင်းဖြစ်သည်။

ထောင့်တစ်နေရာမှ ကဲလားကို နန်းလောဝ်ခမ်းက ဖွင့်ပေးလိုက်၏။ လှေကားထိပ်မှ ကဲလားအနီးအထိ သူ တရွတ်တိုက်ဆွဲလာသောစွတ်ကြောင်းကြီးမှာ ထင်းထင်းကြီးပင်။ အစိမ်းရောင် လေယာဉ်မောင်းဝတ်စုံသည် ဖုန်အလူးလူးနှင့်။

"ဒြည့်သည်ကို ဒီလိုနေရာခေါ်လာရတာ စိတ်မကောင်းပါဘူးရှင်" ဟု နန်းလောဝ်ခမ်းက အားတုံ့အားနာတောင်းပန်သည်။ အခြေအနေကို သုံးသပ်လုပ်ကိုင်တတ်သော နန်းလောဝ်ခမ်း၏ ပါးနပ်လိမ္မာမှုကို စိတ်ထဲမှ ကျိတ်ချီးမွမ်းရင်း "ကိစ္စမရှိပါဘူး။ ဒီနေရာဟာ ကျွန်တော့်အတွက် အလုံခြုံဆုံးနေရာဆိုတာ သဘောပေါက်ပါတယ်" ဟု ဗိုလ်ဇော်ထွန်းက ကျေကျေနပ်နပ်ကြီးဆိုသည်။ ထိုအခါ နန်းလောဝ်ခမ်းက ချိုမြစွာပြုံးသည်။

"ဆေးထည့်ဖို့ သွားပြင်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

နန်းလောဝ်ခမ်း ပြန်ဆင်းသွား၏။

ဗိုလ်ဇော်ထွန်းလည်း အကောင်းလား၊ အဆိုးလား မဝေခွဲနိုင်သော သူ့ကံကြမ္မာကို တွေးတောရင်း ကျန်ရစ်သည်။

◙ ◙ ◙

ပထမ ဒဏ်ရာကို ရေနွေးဖြင့် ဆေးကြောသန့်စင်ပေးသည်။ ထို့နောက် ဆေးရွက်အချို့ကိုကြိတ်ကာ အုံပေးသည်။ ပြီးတော့ ပိတ်စသန့်သန့်ကို ရှည်မျောမျောဖြတ်၍ သေသေသပ်သပ်စည်းပေးသည်။ ဗိုလ်ဇော်ထွန်းကား



နန်းလောဝ်ခမ်း ဆေးထည့်ပေးနေပုံကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိချေ၏။

"အနာရင်းပြီး အဖျားမတက်အောင် ဟောဒီဆေးတစ်ခွက် သောက်လိုက်နော်"

မိခင်က သားကို၊ အစ်မက မောင်ကို ကြင်နာယုယစွာပြုစုပေးနေပုံမျိုး။ ဗိုလ်ဇော်ထွန်းရင်ဝယ် ကြည်နူးချမ်းမြေ့သွားသည်။ မျက်ရည်လည်မတတ် ဝမ်းသာသည်။ တစ်ခွန်းမှ စောဒကမတက်ဘဲ နန်းလောဝ်ခမ်း တိုက်သော ဆေးကို ယုံယုံကြည်ကြည်သောက်ချလိုက်ရာ ဆေးရည်ခါးခါးသည် လည်ချောင်းတစ်လျှောက် စီးဝင်သွားလေ၏။

"နည်းနည်းတော့ ခါးတယ်နော်။ ဒီနေရာမှာ အနောက်တိုင်း ဆေးမစုံတော့ တိုင်းရင်းရိုးရာဆေးဝါးနဲ့ပဲ ကုသပေးရမှာပဲ။ ကျွန်မတို့ တိုင်းရင်းဆေးကလည်း အစွမ်းထက်ပါတယ်လေ"

"ဒီက… ဟို… ဒေါက်တာ… အဲ… နာ့စ်လား"

ဆေးဝါးအကြောင်း နားလည်ပုံရသည့်အပြင် ဆေးထည့်ပုံ၊ ပတ်တီးစည်းပေးပုံကအစ စနစ်တကျရှိလှသဖြင့် သိချင်စိတ်ကို မျိုသိပ်ထားနိုင်စွမ်း မရှိတော့။ ထိုအခါ နန်းလောဝ်ခမ်းသည် အသံကလေးထွက်အောင်ပင် သဘောကျစွာရယ်မောမိလေ၏။

"မဟုတ်၊ ဒေါက်တာလည်း မဟုတ်၊ နာ့စ်လည်း မဟုတ်ရေးချ ဟုတ်"

"ဒါဖြင့်…"

"ဆရာမ၊ ကျောင်းဆရာမ"

"ဟာဗျာ၊ ကျွန်တော်က ဆေးအကြောင်းနားလည်ပြီး ပြုစုကုသပေးပုံ စနစ်ကျကျွမ်းကျင်လို့ ဆေးဝါးနဲ့ပတ်သက်တဲ့သူဖြစ်ရမယ်လို့ သေချာပေါက် ခန့်မှန်းထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကျောင်းသူဘဝက ရှေးဦးသူနာပြုသင်တန်းတက်ခဲ့ဖူးပါတယ်။ ပြီးတော့ ကျွန်မအဖေက တိုင်းရင်းဆေးဆရာလေ။ အဖေ့ဆီက ဆေးပညာအချို့ အမွေရထားတယ်ဆိုရင် မမှားပါဘူး"

"ဪ… ဒီလိုကိုး" ဗိုလ်ဇော်ထွန်း သဘောပေါက်သွားသည်။ "ဒါဖြင့် ဆရာမတို့ဆေးဆရာသားအဖဆီကို ကျွန်တော် ရောက်လာတာဟာ ကျွန်တော့်အတွက် ကံကောင်းတယ်လို့ဆိုရမှာပေါ့နော်"

"ဒါပေါ့၊ ဗိုလ်ကြီးဒဏ်ရာကို ကျွန်မတို့ အစွမ်းကုန်ကြိုးစားပြီး ကုသပေးကြမှာပါ" ဟု နန်းလော်ခမ်းက အာမခံသည်။ ပြီးတော့ သူမ၏ ဆေးပညာအတွေ့အကြုံကို ယုံကြည်စိတ်ချသည့်အနေဖြင့် "ဗိုလ်ကြီး ဒဏ်ရာက သိပ်မများပါဘူး။ စိုးရိမ်စရာလည်း မရှိပါဘူး။ ကျွန်မစိတ်ထင် ကျွန်မကျောင်းမပြန်ခင်ကို ပျောက်ပါလိမ့်မယ်" ဟု ဆိုသည်။

"ဆရာမ…. ကျောင်းပြန်မသွားခင်ဆိုတာက…"

ဗိုလ်ဇော်ထွန်းက ဆရာမဟူသော နာမ်စားကိုသုံးလိုက်သည်။

"ဒီလိုပါ ကျွန်မအမေ နေမကောင်းလို့ ခွင့်တစ်လယူလာတာပါ။ အခု တစ်ပတ်နီးပါးရှိသွားပြီဆိုတော့ ခွင့်စေ့လို့ လားရှိုးမပြန်ခင် သုံးပတ်လောက်အတွင်းမှာ ဗိုလ်ကြီးဒဏ်ရာပျောက်နိုင်တယ်လို့ ပြောတာပါ"

နန်းလော်ခမ်းက ဆေးခွက်များကို သိမ်းဆည်းရင်း ရှင်းပြ၏။ နန်းလော်ခမ်းစကားထဲတွင် ဗိုလ်ဇော်ထွန်း စိတ်ဝင်စားသော စကားလုံးတစ်ခုပါသွားသည်။ ယင်းကား 'လားရှိုး' ဟူသော စကားလုံးပင်တည်း။

"ဆရာမကျောင်းက လားရှိုးမှာလား"

နန်းလော်ခမ်းက ဗိုလ်ဇော်ထွန်းကို ပြုံးစေ့စေ့နှင့်ကြည့်ကာ –

"ဟုတ်ပါတယ်၊ ကျွန်မကျောင်းက လားရှိုးကြီးမှာပါ။ နန်းလော်ခမ်းလို့ နန်းဝိုလ်လှိုင်းကိုမေးကြည့်ရင် ရပါတယ် ဗိုလ်ကြီး"



နန်းလော်ခမ်းစကားက ဗိုလ်ဇော်ထွန်းကို အံ့အားအသင့်ကြီးသင့်သွားစေသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ နန်းလော်ခမ်းကို ငိုင်ကြည့်နေမိသည်။ သူနှင့် နန်းဝိုလ်လှိုင်း၏ ဆက်သွယ်မှုကို သိရှိကြောင်းပြောပြလိုက်ခြင်းဖြင့် သူ့ကိုလည်း သိရှိထားကြောင်း ပြသရာရောက်နေပေသည်တကား။

"ဆရာမ… ကျွန်တော့်ကို သိတယ်"

ဗိုလ်ဇော်ထွန်း တအံ့တဩမေးရပြီ။

ဗိုလ်ဇော်ထွန်းဖြစ်ပုံကိုကြည့်ကာ နန်းလော်ခမ်း တခစ်ခစ်ရယ်သည်။

"ကျွန်မနဲ့ ဝိုလ်လှိုင်းက ကျောင်းနေဖက်သူငယ်ချင်းပါ။ သူတို့အိမ်ကို မကြာမကြာရောက်ပါတယ်။ အဲဒီမှာ ဗိုလ်ကြီးဓာတ်ပုံကို မြင်ဖူးထားတာပေါ့"

သည်တော့မှ လိပ်ပတ်လည်သည်။ လွန်ခဲ့သောခြောက်လခန့်က နန်းဝိုလ်လှိုင်းတို့မိသားစု၊ ဗိုလ်တင်ထွန်းအောင်နှင့် သူတို့သည် ရဟတ်ယာဉ်ပြင်ဆင်သော အလုပ်အားရက်တစ်ရက်တွင် ရေပူစမ်းသို့ ပျော်ပွဲစားထွက်ခဲ့ဖူး၏။ ဗိုလ်တင်ထွန်းအောင်က လားရှိုးသား။ နန်းဝိုလ်လှိုင်းတို့နှင့် တစ်ရပ်ကွက်တည်းနေသူ။ တိတိကျကျပြောရလျှင် နန်းဝိုလ်လှိုင်း၏အစ်မ နန်းရွှေထား၏ချစ်သူ။ တင်ထွန်းအောင်ကို အကြောင်းပြုကာ သူတို့တစ်တွေသည် နန်းဝိုလ်လှိုင်းတို့မိသားစုနှင့် ခင်မင်ရင်းနှီးကြရခြင်းဖြစ်၏။ ရေပူစမ်းတွင် ဓာတ်ပုံတွေ အများကြီးရိုက်ခဲ့ကြသည်။ တချို့ကို ပုံကြီးချဲ့၍ ဧည့်ခန်းတွင်ချိတ်ထားသည်။ အများစုမှာ အယ်လ်ဘန်ထဲမှာရှိသည်။

နန်းလော်ခမ်းသည် သူ့ဓာတ်ပုံကို မြင်ဖူးထားသဖြင့် သူ့ကို မှတ်မိနေခြင်းဖြစ်၏။ ဒါကိုတွေးမိတော့မှ သူ့ကို သည်မနက် အနီးကပ် စတင်မြင်တွေ့လိုက်ရစဉ် နန်းလော်ခမ်းသည် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး တအံ့တဩဖြစ်သွားရခြင်းကို သဘောပေါက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ပါဦး… နှစ်ယောက်လုံး ဗိုလ်လိုင်းသူငယ်ချင်းတွေဖြစ်ပြီး လားရှိုးမှာတော့ မဆုံစည်းမိဘဲ တောထဲတောင်ထဲကျမှ လာတွေ့နေရတယ်လို့"

ဆန်းကြယ်သောအဖြစ်ကို နန်းလောဝ်ခမ်းက သြချသည်။ သူမသည် ဆေးခွက်များကို သိမ်းဆည်းပြီးနောက် ဖုန်နှင့် ပင့်ကူမျှင်များကို လှဲကျင်းသန့်ရှင်းပေး၏။

"ဒါကတော့ ဆရာမရယ်၊ ကျွန်တော်တို့ပါလာတဲ့ရေစက်ကိုက တောထဲတောင်ထဲမှာမှ ဆုံစည်းဖို့ဖြစ်လာတာကိုး"

နန်းလောဝ်ခမ်း ယူလာပေးသော အိပ်ရာကိုခင်းရင်း ဗိုလ်ဇော်ထွန်းက ပြောသည်။ အိပ်ရာဆို၍ များများစားစားမဟုတ်။ သင်ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်ခု၊ ခြင်ထောင်တစ်လုံးနှင့် စောင်တစ်ထည်သာဖြစ်သည်။ အိပ်ရာခင်းပြီးသောအခါ ဗိုလ်ဇော်ထွန်း ကျောဆန့်လိုက်သည်။ ကဲလားပေါက်ဆီ မျက်စိရောက်သွားသည်။ သူတို့လာခဲ့သော မြေနီလမ်းကို ငှက်ပျောတောပေါ်မှ ကျော်မြင်နေရသည်။

"ဒီတံခါးကို အမြဲဖွင့်ထားဖို့ မသင့်ဘူးထင်တယ်ဆရာမ"

ကဲလားကို နန်းလောဝ်ခမ်း တစ်ချက်လှမ်းကြည့်သည်။ ဗိုလ်ဇော်ထွန်းသည် လုံခြုံရေးအတွက် ပေါ့ပေါ့ဆဆနေတတ်သူမဟုတ်ဟု သိရှိသွားသည်။ အလင်းရောင်ရရှိစေရန်နှင့် ရှင်းလင်းသန့်ရှင်းကို လေကောင်းရစေရန် စေတနာဖြင့် တံခါးဖွင့်ပေးထားခြင်းကို တစ်မျိုးတစ်မည် ထင်သွားလေမည်လားဟု တွေးပူသည်။

"ဗိုလ်ကြီး သဘောပါ"

ပြောပြောဆိုဆို နန်းလောဝ်ခမ်းက ပြန်ပိတ်ပေးလိုက်သည်။ မှောင်သွားပြန်သည်။ နန်းလောဝ်ခမ်းက ဆက်ပြောသည်။ ဗိုလ်ဇော်ထွန်း စိတ်ချလက်ချရှိစေရန်ဖြစ်သည်။



"ကျွန်မတို့ခြံက နောင်ငူရွာနဲ့ နှစ်မိုင်သာသာလောက်ဝေးပါတယ်။ အနားမှာ တခြားခြံတွေလည်းမရှိပါဘူး။ အနီးဆုံးခြံလို့ဆိုရမယ့် ဦးအိုက်ခမ်းခြံတောင် လေးဖာလုံပျော့ပျော့လောက် ဝေးပါသေးတယ်"

"ဒီလောက်အဝေးကြီး ဘာလို့လာနေတာလဲ။ သောင်းကျန်းသူတွေရဲ့ ရန်ကို မကြောက်ဖူးလား"

"ကြောက်တော့ ကြောက်ရတာပေါ့။ တိုင်းရင်းသားမျိုးနွယ်တူပေမယ့် စိတ်မထင်ရင် မထင်သလို နှိပ်စက်သတ်ဖြတ်တတ်တာကိုး" ဟု နန်းလောဝ်ခမ်းက ဖြည်းဖြည်းလေးလေးပြောသည်။ "ဒါပေမယ့် အမေက တစ်မျိုးပဲလေ။ သိပ်ခေါင်းမာတယ်။ မိဘဘိုးဘွားရဲ့ မားမဦးချနေရာမို့ သေချင်သေပေ့စေဆိုပြီး တင်းခံနေတာ"

နန်းလောဝ်ခမ်းမျက်နှာမှာ ဝမ်းနည်းဆွေးမြည့်ရိပ်သန်းနေသည်။ သောင်းကျန်းသူအကြောင်း စကားစပ်လာတိုင်း စိတ်မကောင်းဖြစ်ရစမြဲ။

"ကျွန်တော့်ကို ကူညီမိတဲ့အတွက် ဆရာမတို့မှာ အန္တရာယ်ရှိနေမလားဘဲ"

"မရှိနိုင်ပါဘူး၊ ရှိလည်း ကျွန်မ မကြောက်ဘူး"

"ဒဏ်ရာပျောက်ပျောက်ချင်း ကျွန်တော် အမြန်ဆုံးထွက်သွားပါမယ်"

နန်းလောဝ်ခမ်းက ဗိုလ်ဇော်ထွန်းကို ဖျပ်ခနဲလှမ်းကြည့်သည်။

"ကျွန်မတို့မိသားစုကိုတော့ အားမနာပါနဲ့။ ဒီတောင်ယာမှာ အဖေရယ်၊ အမေရယ်၊ မောင်လေးရယ်၊ ကျွန်မရယ် လေးယောက်ပဲရှိတယ်။ အိမ်သားတွေအတွက် ကျွန်မ တာဝန်ယူပါတယ်။ အဖေနဲ့ မောင်လေး အလှူကပြန်လာရင် အကျိုးအကြောင်းပြောပြလိုက်မယ်။ အမေကတော့ အိပ်ရာထဲလဲနေတဲ့ လူမမာမို့ စိတ်ပူမှာစိုးလို့ အသိမပေးတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပါ့မလား"

"ကျွန်မ တာဝန်ယူပါတယ်လို့ ပြောခဲ့ပြီကော"

နန်းလောဝ်ခမ်းက ရဲရဲဝံ့ဝံ့အာမခံသည်။ "အခုမပြောလည်း တစ်ခြံဝင်း ထဲဆိုတော့ ကြာကြာလျှို့ဝှက်ထားလို့ရမှာမဟုတ်ပါဘူး။ တစ်နေ့မဟုတ် တစ်နေ့တော့ သိသွားမှာပါပဲလေ" ဟု ဗိုလ်ဖော်ထွန်း တွေးသည်။

"ကျွန်မ ကြာကြာပျောက်နေလို့မကောင်းဘူး။ အောက်ဆင်းဦးမှ ပြီးတော့ ဗိုလ်ကြီးလည်း ဘာမှမစားရသေးဘူးမဟုတ်လား။ စားစရာတစ်ခုခု သွားလုပ်လိုက်ဦးမယ်"

နန်းလောဝ်ခမ်းပြောမှ ဗိုလ်ဖော်ထွန်း ဆာလာသည်။

"ကျွန်တော့်ကြောင့် ဆရာမမှာ အလုပ်တစ်ခုပိုလာပြီ"

ထသွားရန်ဟန်ပြင်လိုက်သော နန်းလောဝ်ခမ်းကို ဗိုလ် ဖော်ထွန်းက အားတုံ့အားနာပြောသည်။

"ဒုက္ခရောက်နေသူကို ကူညီဖို့ ဝတ္တရားရှိပါတယ်လို့ ကျွန်မ ပြောခဲ့ပြီပဲ"

ဗိုလ်ဖော်ထွန်းက နှစ်ခြိုက်စွာပြုံးသည်။ လှိုက်လှိုက်လှဲလှဲ ကျေးဇူး စကားဆို၏။

"ဆရာမကျေးဇူးကို ကျွန်တော့်တစ်သက် မမေ့ပါဘူး။ ကျေးဇူး တန်ခ"

◘ ◘ ◘

ဗိုလ်ဖော်ထွန်းသည် ဆာဆာနှင့် အတော်စားပစ်လိုက်သည်။ ဝမ်းဝ သောအခါ မျက်တောင်စင်းလာ၏။ သို့သော် သူ အိပ်မရ။ ဗိုလ်ကြီးတင်ဦးတို့ အတွက် စိုးရိမ်စိတ်က အိပ်ချင်စိတ်ကို လွှမ်းမိုးထားသည်။ သူ၏



ယောက်ယက်ခတ်နေသောစိတ်သည် အတွေးအိမ်ကို လှိုင်းလုံးမှာ ခေါင်း မလပ် ရိုက်ခတ်သည်။

ဗိုလ်ကြီးတင်ဦးတို့ ဘယ်ရောက်နေကြပြီလဲ။ မန်ကပ်ကို ဆိုက်ဆိုက် မြိုက်မြိုက်ရောက်ပြီး လွတ်မြောက်သွားကြပြီလား။ ဒါမှမဟုတ် ရန်သူ့ လက်တွင်း သက်ဆင်းသွားကြပြီလား။ ဘယ်လိုပဲဖြစ်ဖြစ် ဗိုလ်ကြီးတင်ဦး တို့ကလည်း သူ့အတွက် စိတ်ပူနေကြမည်ကား မုချ။ နောက်ပြီး လူမှာ အရာရှိအခြေအနေကရော…။ ဤအတွေးစုံသည် သူ့ခေါင်းထဲတွင် ရေဝဲ လှည့်သလို ပတ်ချာလည်နေသည်။

"ရဟတ်ယာဉ်ပျက်ကျတဲ့သတင်းကို အလျူကာ ကြားခဲ့တယ်။ ဒါပေမယ့် အစိုးရတပ်သားတွေကို ဖမ်းမိတဲ့သတင်းတော့ မကြားဘူး။ သောင်းကျန်းသူတွေ တောနင်းရှာနေတုန်းပဲတဲ့"

ဗိုလ်ဖော်ထွန်းသည် အတွေးဝဲဆိုင်၌ နစ်မြုပ်နေစဉ် တွယ်မှီစရာ သစ်တုံး တစ်တုံးသဖွယ်ဖြစ်သော ဦးထွန်းလုံ၏စကားကို ကြားယောင်လာသဖြင့် စိတ်အေးသလိုလိုရှိရပြန်သည်။

နန်းလောဝ်ခမ်းသည် သူ့ဖခင် အလှူမှပြန်လာသောအခါ ဗိုလ်ဖော်ထွန်း နှင့်တွေ့ပေးသည်။ ဗိုလ်ဖော်ထွန်းက ဖြစ်ပျက်ပုံကို ထမင်းစားရင်း အကျဉ်းချုံး ပြောပြသည်တွင် ဦးထွန်းလုံက သူ ကြားခဲ့ရသော အထက်ပါသတင်းကို အသိပေးခဲ့လေသည်။ ထိုသတင်းအရဆိုပါမူ မနေ့ညနေက လွတ်သွားသော ဗိုလ်ကြီးတင်ဦးတို့သည် ယနေ့နံနက်အထိ လွတ်မြောက်နေဆဲ။

"တစ်ညလုံး ဆက်သွားမယ်ဆိုရင် သူတို့ မန်ကပ်ကို ရောက်သွား နိုင်ပါ့မလား"

ဗိုလ်ဖော်ထွန်းက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်နိုင်တာပေါ့။ ခရီးက သိပ်မှမဝေးဘဲ။ တကယ်ဆိုရင် မန်ကပ် ထိအောင်တောင် ရောက်ဖို့မလိုပါဘူး။ နောင်ငူလွန်ရင် သူတို့လွတ်ပြီ။ ဝဏ္ဏတို့က နောင်ငူဒီမှာဘက်မှာသာ လှုပ်ရှားဝံ့တာ"

"ဒါပေမယ့် သူတို့မှာ လူနာတစ်ယောက်ပါတယ်။ ခရီးတွင်မှာ မဟုတ်ဘူး။ ပြီးတော့ လမ်းလည်းမကျွမ်းဘူး။ ကျွန်တော့်လို မျက်စိလည် နေရင်ဒုက္ခ"

"အင်း... အဲဒါ စဉ်းစားစရာပဲ"

နန်းလော်ဝ်ခမ်းထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားရ၏။ ဦးထွန်းလုံသည် ဆံဖြူဆံနက်ရောပွမ်းသောဦးခေါင်းကို တဗျင်းဗျင်းကုတ်ရင်း နက်နက်ခဲခဲတွေးဆနေသည်။ သုံးယောက်လုံး ငြိမ်သက်သွားသည်။

ခဏနေမှ ပါးစောင်တွင်ငုံထားသော ဆေးရွက်ကိုထွေးထုတ်လိုက်ပြီး "မပူပါနဲ့၊ ကုသိုလ်ကံတရား ရှိပါသေးတယ်။ သူတို့သတင်းကို ငါတို့လည်း တတ်နိုင်သလောက် ဖုံးဖုံးဖိဖိစုံစမ်းပေးပါ့မယ်" ဟု ဦးထွန်းလုံကပြောသည်။ သူလည်း သည်လောက်ပဲ နှစ်သိမ့်နိုင်သည်။

ဗိုလ်ဇော်ထွန်း အကဲခတ်ရသလောက် ဦးထွန်းလုံသည် ရိုးသားဖြောင့်မတ်ပြီး ဘုရားတရားကိုင်းရှိုင်းပုံရသည်။ သူ့စကားသွားစကားလာကို ထောက်ချင့်၍ သောင်းကျန်းသူကို ထောက်ခံသူမဟုတ်ဟု ယူဆနိုင်သည်။ ဗိုလ်ဇော်ထွန်း၏ဒဏ်ရာကို အမြန်ပျောက်အောင်ကု၍ အစိုးရတပ်နှင့် ဆက်သွယ်မိအောင် ကူညီမည်ဟုကတိပေးသည်။ ဦးထွန်းလုံတို့သားအဖ ပြန်သွားသောအခါ ဗိုလ်ဇော်ထွန်း စိတ်မောကျန်ရစ်သည်။

ဗိုလ်ဇော်ထွန်းသည် သူ့အတွက်မူ စိတ်အေးရပါ၏။ သို့ရာတွင် ဗိုလ်ကြီးတင်ဦးတို့အတွက်တော့ လုံးဝစိတ်မချနိုင်သေး။ ဦးထွန်းလုံစကား ကြောင့် စိတ်အေးသလိုလိုရှိလိုက်၊ တစ်ဖန် ပူပန်စိတ်က ခေါင်းပြူလာလိုက်။



ဒီလိုနှင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ တဖြည်းဖြည်း မျက်ခွံ လေးလာသည်။ မသိမသာ မျက်တောင်စင်းကျသွားသည်။

သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေပြီ။

## ၃

ရန်လုံ၏ဟောင်သံက ကျယ်လောင်လှသည်။ ရန်လုံ့အသံသည် အိမ်မကြီးဆီမှသည် စပါးကျီဘေးသို့ရောက်လာသည်။ ရူးရှကျယ်လောင်သော ခွေးဟောင်သံကြောင့် ဗိုလ်ဇော်ထွန်း လန့်နိုးသည်။ ငေါက်ခနဲ ထထိုင်သည်။ ဒဏ်ရာက ရူးခနဲ နာကျင်သွားသဖြင့် မျက်နှာရှုံ့မဲ့သွားသည်။

"ရန်လုံ... ရန်လုံ... အို့ အို့..."

အဆက်မပြတ်ဟောင်သံကြားမှ နန်းလော်ဝ်ခမ်း၏ထိန်းချော့သံ ဆေါ်လာသည်။ တစ်ပြိုင်နက်တည်းလိုလိုပင် စပါးကျီကို ဒုန်းခနဲ ခဲတစ်လုံး လာမှန်သည်။ ရန်လုံ့အသံသည် ခြံနောက်ဖေး ငှက်ပျောတောထဲသို့ရွေ့သွား သည်။

အိမ်မကြီးဘက်မှ လူသံသူသံများ ကျွက်စီကျွက်စီကြားရသည်။ ခေါင်းရင်းထရံပေါက်မှ အပြင်သို့ ဗိုလ်ဇော်ထွန်း ရူးစမ်းသည်။ မြင်လိုက် ရသောမြင်ကွင်းကြောင့် တုန်လှုပ်သွား၏။ သူ မြင်နေရသည်မှာကား လက်နက်ကိုင်လေးငါးယောက်တည်း။

တချို့က လုံချည်နှင့်။ တချို့က ဘောင်းဘီနှင့်။ လက်နက်ငယ်လည်း ခုပါဘိ။ မြင်ရုံနှင့် သောင်းကျန်းသူတွေမှန်း သိသာသည်။ အိမ်မကြီးဘေး မြေတလင်းတွင် ဝိုင်းဖွဲ့ထိုင်ကာ အရက်သောက်နေကြသည်။ ခဏနေတော့ အိမ်ရှေ့မှ နောက်ထပ်နှစ်ယောက် ရောက်လာပြန်သည်။

ဘယ်သူတွေလဲ။ ဘာလာလုပ်တာလဲ။ အိမ်တွေကို လာရှာတာလား။ ဓားခွန်းတစ်ခုပြီးတစ်ခု ခေါင်းထဲဝင်လာသည်။ အရေးထဲကျမှ ပဇွတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ ဘာလုပ်ရမည်ကို မဝေခွဲနိုင်။ ခုချိန်တွင် အသာလစ်ပြေးလျှင် ကောင်းမည်လား။ လက်တွေ့တွင် မလွယ်။ စပါးကျီသည် မျက်နှာစာ အပေါက်တစ်ပေါက်သာရှိပြီး ဝိုင်းဖွဲ့သောက်စားနေသူတွေ၏ ရှေ့တည့်တည့်မှာ။ သည်တံခါးမှထွက်လျှင် ပက်ပင်းတိုးမည်။ ကျားရှေ့မှောက်လျက် လဲမည်။ ခြေထောက်ကလည်း ပြေးလွှားနိုင်စွမ်းမရှိ။

နန်းလော်ခမ်းတို့ အိမ်မကြီးဆီမှ ဘာသံမှမကြားရ။ ငြိမ်ချက်သာ ကောင်းလှဘိ။ အိမ်ထဲမှာ သူတို့ ဘာလုပ်နေကြသနည်း။

သောင်းကျန်းသူတွေ မမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာသော ကြောင့် သူ့ကို သတိပေးရန် အချိန်မရလိုက်ခြင်းဖြစ်မည်ဟု ဗိုလ်ဇော်ထွန်း ထင်သည်။ တစ်ဖန် သူတို့သားအဖကပင် သောင်းကျန်းသူတွေကို သတင်း ပေးပြီး ခေါ်လိုက်တာလားဟု တွေးမိပြန်သည်။ သို့သော် သူရှိရာစပါးကျီ ချက်ချင်းလာမဝိုင်းဘဲ အေးအေးဆေးဆေး သောက်စားနေသဖြင့် ထိုအတွေး မဖြစ်နိုင်ဟု ပြန်လည်ချေဖျက်သည်။

ဦးနှောက်အလုပ်ပေးရင်း ဗိုလ်ဇော်ထွန်းသည် ထရံပေါက်မှ မျက် မခွာဘဲ စောင့်ကြည့်နေသည်။ လက်တစ်ကမ်းအကွာရှိ ကဲလားဒေါက် လှမ်းယူလိုက်ပြီး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ အကယ် စပါးကျီထဲဝင်လာပြီး ရှာလားဖွေလားလုပ်လျှင် လွယ်လွယ်နှင့်တော့ အဖ မခံ။ တတ်နိုင်သမျှ ခုခံမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

* * *

စိုင်းဝဏ္ဏ အိမ်ထဲမှထွက်သည်။ ဦးထွန်းလုံက နန်းလော်ခမ်း မျက်ရိပ်ပြသည်။ နန်းလော်ခမ်းသည် နားလည်ဟန် မသိမသာ ခေါင်းတစ်ချက်ညိတ်သည်။ ထိုင်ရာမှသွက်လက်စွာထ၍ စိုင်းဝဏ္ဏနောက် လိုက်သွားသည်။



စိုင်းဝဏ္ဏလာသည်ကို မြင်သောအခါ အရက်သောက်နေသော သောင်းကျန်းသူတို့ ဒယီးဒယိုင်ထရပ်သည်။

"အိုက်ပု ချောင်းခွဆုံမှာ ကင်းချထားတဲ့ အိုက်မောင်းတို့အဖွဲ့ကို နားတူမှာဆုံမယ်လို့သွားပြော။ မင်း သူတို့နဲ့လိုက်ခဲ့။ တို့သွားနှင့်မယ်။ ခပ်သုတ်သုတ် လိုက်ခဲ့ကြ။ လမ်းမှာ မနားနဲ့။ နမ့်ပန်နဲ့ နမ့်စောက်ခွင်ထဲကို ဒီည အရောက်သွားမှဖြစ်မယ်"

စိုင်းဝဏ္ဏ စကားဆုံးသည်နှင့် အိုက်ပု ထွက်သွားသည်။

"ကျန်တဲ့သူတွေ လမ်းပေါ်ကစောင့်။ ဆက်ထွက်မယ်"

စိုင်းဝဏ္ဏတပည့်များသည် လက်ကျန်ပုလင်းကိုသိမ်းဆည်း၍ ခြံထဲမှ ထွက်သွားကြသည်။ စိုင်းဝဏ္ဏနှင့် နန်းလော်ခမ်းနှစ်ယောက်သာ ကျန်ရစ်သည်။

"ဒီနေရာရောက်တိုင်း ငယ်ငယ်တုန်းက ကစားခဲ့ကြတာကို သတိရမိတယ်။ နင်ရော သတိမရဘူးလားလော်ခမ်း"

စိုင်းဝဏ္ဏက နောက်ဖေးခြံကျယ်ကြီးထဲမှ စပါးကျီနှင့် ငှက်ပျောတောကိုကြည့်ပြီးပြော၏။ အတိတ်ကို တမ်းတ၏။ နန်းလော်ခမ်းမှာမူ ရင်ထိတ်သွားရသည်။ စိုင်းဝဏ္ဏ သည့်ထက်ခြေဖိုရှည်နေလျှင် ဒုက္ခ။ မည်သို့ဆိုစေ နန်းလော်ခမ်းသည် ရင်တွင်းစိုးရိမ်မှုကို မျက်နှာတွင် အရိပ်ထင်မလာအောင် ထိန်းထားနိုင်သည်။

"သတိရပါတယ်၊ ဒါပေမယ့် ငယ်ငယ်တုန်းကလို အခု ပျော်စရာ မကောင်းတော့ဘူး။ သူငယ်ချင်းတွေလည်း အကွဲကွဲ အပြားပြားဖြစ်ကုန်ကြပြီမဟုတ်လား"

စိုင်းဝဏ္ဏက ဟက်ခနဲရယ်သည်။ နန်းလော်ခမ်း ဘာဆိုလိုသည်ကို သူ နားလည်သည်။ သူငယ်ချင်းတွေသည် လူချင်းသာမက စိတ်ချင်းလည်း ကွဲခဲ့ကြလေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

စိုင်းဝဏ္ဏသည် ရွှေရောင်စီးကရက်ဘူးကို အိတ်ထဲမှထုတ်ယူ၏။ တောက်ပြောင်နေသော ရွှေဘူးကလေးသည် နေရောင်တွင် တစ်ချက်လက်သွား၏။

"သူငယ်ချင်းတွေထဲမှာ နင်ကလွဲရင် သီဟကို အခင်ဆုံးပဲ။ သူဟာ ငါ့ကို အမြဲကူညီစောင့်ရှောက်ခဲ့တယ်။ ငါ့အပေါ်မှာကောင်းခဲ့လို့ သူ့ကို သတိရတဲ့အနေနဲ့ သူ့လက်ဆောင် စီးကရက်ဘူးကို ငါသွားလေရာ အမြဲဆောင်ထားကာပေါ့"

စီးကရက်တစ်လိပ် ထုတ်ယူမီးညှိရင်း စိုင်းဝဏ္ဏက ပြောလေသည်။ ဘူးပေါ်တွင် 'အက်စ်-ဒဗလျူ-အန်' အင်္ဂလိပ်စာလုံးသုံးလုံးကို နန်းလောဝ်ခမ်း မြင်လိုက်ရသည်။

"ဒါတော့ သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေကြတာ မဆန်းပါဘူးဝဏ္ဏရယ်"

မဲ့ကာရွဲ့ကာ ပြောလိုက်သော နန်းလောဝ်ခမ်း စကားလုံးတွေက စိုင်းဝဏ္ဏကို အထိနာစေသည်။ မျက်နှာပျက်သွားသည်။ ထောင်းခနဲ ထွက်လာသောဒေါသကို ချုပ်တည်းရသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် သူ သည်းညည်းအခံရဆုံးမှာ နန်းလောဝ်ခမ်းပါတည့်။

ဒါကို နန်းလောဝ်ခမ်းလည်းသိ၏။ သူမကို သည်းခံခွင့်လွှတ်နေမှန်း သိသောကြောင့် ပြောရဲဆိုရဲနေခြင်းတော့မဟုတ်ချေ။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတစ်ယောက်အနေဖြင့် ပြောစရာရှိက ပြောပစ်မည်သာဖြစ်၏။ ဒါကလည်း စိုင်းဝဏ္ဏတစ်ယောက်တည်းကိုသာမဟုတ်။ စိုင်းဆာဟုန်၊ စိုင်းခမ်းပန်၊ အဲမြ... ဘယ်သူငယ်ချင်းကိုပဲဖြစ်ဖြစ်။

"နင် ငါ့ကို အခုထိ အထင်အမြင်လွဲနေတုန်းပဲလားလောဝ်ခမ်း"

"အများက ဒီအတိုင်းထင်နေကြတာပဲစိုင်း"



"သူများတွေ ဘယ်လိုထင်ထင် ငါဂရုမစိုက်ပါဘူး။ အေး... နင်က သူများတွေလို လိုက်ထင်နေတာကိုတော့ ငါ ဝမ်းနည်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ နင် လက်ခံနိုင်တဲ့အချိန်အထိ ငါ စောင့်နေမှာပါ။ ကဲ... ငါသွားမယ်။ ငါ့လူတွေ စောင့်နေကြပြီ"

စိုင်းဝဏ္ဏက နန်းလောဝ်ခမ်းကို နှုတ်ဆက်ပြီးထွက်သွား၏။ နန်းလောဝ်ခမ်းသည် သူမကို ကျောခိုင်းထွက်ခွာသွားသော စိုင်းဝဏ္ဏကို မလှုပ်မယှက်ရပ်ကြည့်ရင်း ကျန်ရစ်သည်။ သူမလည်း ခုမှပင် သက်မချနိုင်တော့သည်။

◙ ◙ ◙

"သူ ဘယ်သူလဲ"

ခြောက်လုံးပြူးခါးထိုး၍ စတင်းတစ်လက် လွယ်ထားသူနှင့် နန်းလောဝ်ခမ်းတို့ စကားစမြည်ပြောနေကြသည်ကို တွေ့မြင်ကတည်းက နန်းလောဝ်ခမ်း အာမခံထားသော သူ့လုံခြုံရေးကို ဗိုလ်ဇော်ထွန်း စိတ်မချချင်တော့။ ထို့ကြောင့် ညစာလာပို့သော နန်းလောဝ်ခမ်းကို မေးလိုက်ခြင်းဖြစ်သည်။

"ဗိုလ်ကြီး မြင်လိုက်သလား"

"ထရံပေါက်ကကြည့်နေလို့ အားလုံးမြင်လိုက်ပါတယ်"

ထိုအခါ နန်းလောဝ်ခမ်းက တစ်လုံးချင်း ဖြည်းဖြည်းလေးလေး ပြောသည်။

"နမ့်ပန်ချိုင့်ဝှမ်းတစ်ခိုမှာ ဖိန့်ဖိန့်တုန်အောင်ကြောက်နေရတဲ့ စိုင်းဝဏ္ဏဆိုတာ သူပဲ"

"ဩ... စိုင်းဝဏ္ဏဆိုတာ သူကိုး"

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆွယ်စစ်ဆင်ရေးအရာရှိ ဗိုလ်ခင်မောင်မြင့်က ပြောဖူး သဖြင့်လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမိုးဟိန်းနှင့် စကားစပ်မိသဖြင့်လည်းကောင်း သည်နာမည်ကို ဗိုလ်ဇော်ထွန်း မကြာခဏကြားဖူးသည်။ စိုင်းဝဏ္ဏဆိုသူမှာ အသက်ခပ်ကြီးကြီး ရုပ်ရှင်ထဲကလို ဗီလိန်ရုပ်ပေါက်နေသူဟု သတင်းအကြားနှင့် စိတ်မှန်းပုံဖော်ခဲ့ဖူးသည်။ ယခု တကယ်တွေ့တော့မှ သူနှင့် အသက်ချင်းမတိမ်းမယိမ်း လူရွယ်လူလတ်ပိုင်းတစ်ယောက် ဖြစ်နေသဖြင့် အံ့သြရသည်။ ထို့ထက် နန်းလော်ဝ်ခမ်းနှင့်ဆက်သွယ်နေမှုကို သိရှိလိုက်ရသဖြင့် မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်သွားရသည်မှာလည်း အမှန်ပင်။

"ဆရာမနဲ့ အတော်ရင်းနှီးပုံရတယ်နော်"

နန်းလော်ဝ်ခမ်း ပြုံးသည်။ သာမန်မှတ်ချက်ဟု အမှတ်တမဲ့ထင်ရသော်လည်း နက်နဲသော အဓိပ္ပာယ်ဆောင်နေမှန်း သူမ သိသည်။ ဗိုလ်ဇော်ထွန်း၏ ရူးရဲသောအကြည့်နှင့်ပြောလိုက်သော လေသံတို့က စူးစမ်းလိုရင်းအကြောင်းအချက်နှင့် သံသယတို့ကို ဖော်ညွှန်းနေသည်။

"ရင်းနှီးဆို တစ်ရွာတည်းသား သူငယ်ချင်းတွေပဲဟာ။ မကြာခဏဆိုသလို ဒီဘက်ကို သူလာတတ်ပါတယ်။ ကျွန်မတို့ခြံကိုလည်း ကြုံရင်ကြုံသလို ဝင်တတ်ပါတယ်။ ဒီလိုမျိုး သူလာတာကတော့ အထူးအဆန်းမဟုတ်တော့ပါဘူး" ဟု နန်းလော်ဝ်ခမ်းက မခြွင်းမချန်ပြောပြသည်။ တစ်ဆက်တည်းပင် ဗိုလ်ဇော်ထွန်း သိချင်မည်ထင်သော အချက်အလက်များကိုပါ ထည့်ပြောသည်။ "ဒါပေမယ့် ကျွန်မတို့ခြံကို သူ ဝင်ထွက်တာဟာ ရှင့်မိရှင့်ဖအိမ်ကို လာလည်တယ်လို့သဘောထားပြီး ဝင်ထွက်တာပါ။ အဖေနဲ့ အမေက သူ့ကို တူသားတစ်ယောက်လို၊ ကျွန်မကလည်း ငယ်သူငယ်ချင်းတစ်ယောက်လို ဆက်ဆံပါတယ်။ ဒါကို သူ နားလည်ပါတယ်။ သူလုပ်ရပ်တွေကို ကျွန်မတို့မိသားစုက မနှစ်မြို့ကြဘူးလေ။ ဒါကို သူ သိတယ်။ ကျွန်မတို့ခြံကို သူလာရင် အက်စ်အက်စ်အေဗိုလ်ဆိုတဲ့ အရေခွံကို ခြံဝမှာချွတ်ပစ်ခဲ့တယ်လို့ သူ ပြောဖူးတယ်"



နန်းလော်ဝ်ခမ်းသည် သူမတို့မိသားစုနှင့် စိုင်းဝဏ္ဏအကြားတွင် နိုင်ငံရေးနှင့် စစ်ရေးဆက်သွယ်မှုမရှိကြောင်း ဗိုလ်ဇော်ထွန်း သိစေချင်ပုံရသည်။ သူမတို့ထံတွင် အဓိကအတန့်တည်းခိုနေရသည်ကို စိတ်ချလက်ချရှိစေချင်ပုံရသည်။ စိုင်းဝဏ္ဏတို့အဖွဲ့ ခရီးကြုံဝင်လာသဖြင့် ဗိုလ်ဇော်ထွန်း မယုံမကြည်ရှိသွားမည်ကို စိုးရိမ်မကင်းဖြစ်ဟန်တူသည်။

"ဗိုလ်ကြီးတို့ကို သူတို့ တစ်ညလုံး တောနင်းရှာဖွေခဲ့ကြတယ်။ ဗိုလ်ကြီးရဲ့အဖွဲ့ကတော့ မန်ကပ်ဘက်ကို လွတ်ထွက်သွားကြပြီတဲ့။ ဒါကြောင့် ဆက်မလိုက်တော့ဘဲ စိတ်ပျက်လက်ပျက် ပြန်လှည့်လာခဲ့ကြတာလို့ သိရတယ်"

နန်းလော်ဝ်ခမ်းက အဖိုးတန် သတင်းတစ်ခုပေးသည်။ ကိုဇာင်ဦးတို့အတွက် စိတ်အေးရသည်။

"ဗိုလ်ကြီးတစ်ယောက်တည်း လူကွဲကျန်ရစ်ခဲ့တာကို စိုင်းတို့ သိပုံမရဘူး။ အဲဒါ ဗိုလ်ကြီးအတွက် ကံကောင်းတာပဲ"

နန်းလော်ဝ်ခမ်းက ဆက်ပြောသည်။ ဒါဆို သူ့အတွက်လည်း အတော်အတန် စိတ်အေးရပေပြီ။

ဗိုလ်ဇော်ထွန်းသည် နန်းလော်ဝ်ခမ်းပြောပြသော သတင်းစကားတို့ကို နားထောင်ရင်း နန်းလော်ဝ်ခမ်းကို ကျေးဇူးတင်သော မျက်လုံးများဖြင့် ပြုံးရွှန်းစားစားကြည့်နေမိသည်။

"စိတ်အေးရပြီမို့ ထမင်းသုံးဆောင်ဖို့ သတိရပါဦး"

နန်းလော်ဝ်ခမ်းက အစားအသောက်ထည့်လာသော လင်ပန်းကို တိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ မေ့နေလိုက်တာ။ ဟင်းတွေတောင် အေးကုန်ပြီလား မသိဘူး"

ဗိုလ်ဓော်ထွန်းက ပြောပြောဆိုဆို ဟင်းရည်တစ်ဇွန်း ခပ်သောက်သည်။ စွမ်တန်ဟင်းချိုဖြစ်နေ၍ ခံတွင်းတွေ့သွားသည်။ ထမင်းပွဲသည် ဖွယ်ဖွယ်ရာရာကောင်းသော တောထမင်းတောဟင်းဖြစ်သော်လည်း စားလို့မြိန်သည်။ နန်းလောဝ်ခမ်းက သူ့ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ကလေးထိုင်၍ စကားတပြောပြောနှင့် ညှော်ခံကျွေးမွေးနေသောကြောင့် ဤမျှစားကောင်းနေသည်လားမသိ။

ဤသို့ စားသောက်နေရင်း ဗိုလ်ဓော်ထွန်းသည် မေကြည်ငြိမ်း ကိုယ်တိုင် တည်ခင်းကျွေးမွေးခဲ့သော ညစာစားပွဲကို သတိရလိုက် မိလေသည်။

## ၄

ရက်သတ္တတစ်ပတ်ကျော်ကျော် ကြာမြင့်သွားသည်။

ဦးထွန်းလုံနှင့် နန်းလောဝ်ခမ်းတို့၏ ဂရုတစိုက်ကုသပေးမှုကြော ဗိုလ်ဓော်ထွန်း၏ဒဏ်ရာမှာ သိသိသာသာသက်သာလာ၏။

ဗိုလ်ဓော်ထွန်းသည် ဦးထွန်းလုံတို့နှင့် အနေကြာလာလေ သူ မိသားစု၏စေတနာကို ပြက်ပြက်ထင်ထင်သိမြင်လာလေ ဖြစ်သည်။ သူ မိသားစုနှင့် ပိုမိုရင်းနှီးလာကာ သူတို့အကြောင်းကို အနည်းအကျဉ်း သိလ ရသည်။

ဦးထွန်းလုံမှာ နောင်ငူနှင့် မန်ကပ်တစ်ဝိုက်တွင် တစ်ချိန်တစ်ခါ အတော်နာမည်ကြီးခဲ့သော တိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်သည် ဟော်နန်းသို့တိုင် ပေါက်ရောက်သော သမားတော်စာရင်းမဝင်သည့်တို



ကျေးလက်လူထု အားကိုးအားထားပြုစရာ ဆရာတစ်ဆူအဖြစ်မူ ရပ်တည်နေနိုင်ခဲ့ပေသည်။ သမားဩဇာကုဏ်နှင့်လည်း ပြည့်စုံခဲ့သည်။ ယခုထက်တိုင် အလှူအတန်း ပွဲလမ်းသဘင်များတွင် 'အဘလုံ၊ အဘလုံ' နှင့် နေရာပေးခံရဆဲ။

နန်းလောဝ်ခမ်းအမေ ဒေါ်မြမေမှာမူ စကားနည်း၍ အေးအေးကုတ်ကုတ် နေထိုင်တတ်သူတည်း။ တစ်ခုတော့ ရှိသည်၊ ဒေါ်မြမေ ရှေးရိုးအစွဲကြီးလွန်းသည်။ သည့်အတွက် နန်းလောဝ်ခမ်း အခက်တွေ့နေရသည်။ အဖေဆေးဆရာက ခေတ်မီဆေးဝါးကုသမှုကို လက်ခံသလောက် ဒေါ်မြမေက မယုံကြည်။ အနောက်တိုင်းဆေးကိုကြောက်သည်။ ဆေးထိုးခံရမည်ကို မဆိုနှင့်၊ ဆေးစားဆေးသောက်ရမည်ကိုပင် လိုလိုချင်ချင်မရှိ။

"အမေတို့ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ဘာရောဂါဖြစ်ဖြစ် သမီးအမေကုတဲ့ ဆေးဝါးမျိုးတွေနဲ့ပဲ ပျောက်ကင်းလာကြတာပါသမီးရယ်။ သမီး စဉ်းစားကြည့်စမ်း။ ရှေးရှေးဘုရင်တွေ၊ စော်ဘွားတွေလက်ထက်တော်တုန်းက အခု သမီးတို့ပြောပြောနေကြတဲ့ အင်္ဂလိပ်ဆေးဆိုတာ ရှိလို့လား"

နှလုံးရောဂါအခံရှိသည်တွင် မိန်းမတို့မမ္ဘတာ မီးယပ်ရောဂါက ထပ်ဆင့်ဖိစီးလာသဖြင့် တရှောင်ရှောင်ဖြစ်နေသော ဒေါ်မြမေကို လားရှိုးဆေးရုံတက်ကုရန် နန်းလောဝ်ခမ်းက ဖျောင်းဖျတိုက်တွန်းလေတိုင်း ထိုသို့ ငြင်းပယ်ခဲ့သည်ချည်း။

စင်စစ် မိရိုးဖလာ တိုင်းရင်းဆေးဝါးများ အစွမ်းမထက်၍မဟုတ်။ အထင်သေး၍လည်းမဟုတ်။ သို့သော် အချို့အချို့သော ရောဂါများကို ကုသရာတွင် တိုင်းရင်းဆေးထက် ခေတ်မီဆေးဝါးကုသနည်းများက သင့်လျော်လိမ့်မည်ဟု နန်းလောဝ်ခမ်း တွေးသည်။ ပြီးတော့ နာတာရှည် ရောဂါသည်မိခင်ကို အနောက်တိုင်းဆေးဖြင့် တစ်လှည့်စမ်းကြည့်ပါ

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ သို့အတွက် လားရှိုးသို့လိုက်ခဲ့ရန် နန်းလော်ခမ်းက နားချ ခဲ့ခြင်းဖြစ်သည်။ ဦးထွန်းလုံလည်း လက်ခံသည်။ သို့သော် ကာယကံရှင် ဒေါ်မြမေကား နားမဝင်။ တစ်ယူသန်အယူအဆကို ကျားကုတ်ကျားခဲ ဖက်တွယ်သည်။ နောက်ဆုံး သည်တောင်ကိုမကျော်နိုင်တောင်မှ ဇာတိ ချက်မြှုပ်ဖြစ်သော နောင်ငူရွာမှာပင် ခေါင်းချမည်ဟု စကားကုန်ပြောသည်။

ခုလည်း ရောဂါထလာသဖြင့် နန်းလော်ခမ်းကိုပင် မှာယူရသည်။ နန်းလော်ခမ်းက လားရှိုးသို့ခေါ်သွားလိုသည်။ ဒေါ်မြမေက မလိုက်။ တစ်ဦးတည်းသောသမီး၊ အနေဝေးသောသမီး နန်းလော်ခမ်းကို တုန့်နေ အောင်ချစ်ရှာသော ဒေါ်မြမေကို လားရှိုးသို့ခေါ်ဆောင်မသွားရက်တော့ဘဲ လက်လျှော့ထားလိုက်ရသည်။

ဗိုလ်ဇော်ထွန်းအား လျှို့ဝှက်စွာ အကူအညီပေးသောကိစ္စကို လူမမာအား အသိမပေးဘဲထားခြင်းက ပိုသင့်လျော်မည်ဟု ဦးထွန်းလုံနှင့် နန်းလော်ခမ်းတို့က ဆုံးဖြတ်ကြသည်။ ထို့ကြောင့် သည်ကိစ္စကို ဦးထွန်းလုံ နန်းလော်ခမ်းနှင့် စိုင်းအောင်ထွန်းတို့သုံးယောက်သာ သိကြသည်။

စိုင်းအောင်ထွန်းမှာ နန်းလော်ခမ်း၏မောင်ငယ်။ တောင်ယာဥယျာဉ် လုပ်ကိုင်သူမို့လားမပြောတတ်။ အရွယ်နှင့်မလိုက်အောင် ကိုယ်ခန္ဓာကြံ့ခိုင် ထွားကျိုင်းသည်။ သူ့အဝတ်အစားများကို အားကစားသမား ဗိုလ်ဇော်ထွန်း ပင် ချောင်ချောင်ချိချိဝတ်ဆင်နိုင်၏။

"သူ ကျောင်းမနေဘူးလား"

တစ်ညနေတွင် ရေထမ်းနေသော စိုင်းအောင်ထွန်းကို စပါးကျီပေါ်မှ ထိုင်ကြည့်ရင်း ဗိုလ်ဇော်ထွန်းက မေးခဲ့ဖူးသည်။ အစ်မဖြစ်သူက ဘွဲ့ ကျောင်းဆရာမဖြစ်နေပြီး မောင်က ဥယျာဉ်ခြံအလုပ်ကြမ်းတွင် လုပ်ကိုင် နေသဖြင့် ဗိုလ်ဇော်ထွန်းစိတ်ထဲဝယ် သိပ်ဘဝင်မကျလှ။



နန်းလော်ခမ်းသည် ဗိုလ်ဇော်ထွန်းဒဏ်ရာကို ဆေးထည့်ပေးနေရာမှ သူ့မောင်ငယ်ကို လှမ်းကြည့်ပြီး မသိမသာသက်ပြင်းချသည်။

"ငယ်ငယ်က ဘုန်းကြီးကျောင်းမှာနေခဲ့ပါတယ်။ အဲဒီနောက် မန်ကပ်နဲ့ တန့်ယန်းမှာရှိတဲ့ အတန်းကျောင်းကို ဆက်တက်ခဲ့ပါတယ်။ မကြာပါဘူး၊ တန့်ယန်းကို သောင်းကျန်းသူဝင်စီးပြီး ကျောင်းကို မီးရှို့ပြီး ဆရာကို သတ်သွားကြတယ်။ အဲဒီကတည်းက သူ ကျောင်းမနေတော့ဘူး"

"ဆရာမကတော့ ဘွဲ့ရခဲ့တယ်နော်"

"ကျွန်မက ကံကောင်းပါတယ်။ ကျွန်မတို့ နမ့်ပန်နယ်တစ်ကြောမှာ စိုင်းဝဏ္ဏအရင် စိုင်းသီဟဆိုတဲ့ သောင်းကျန်းသူ ဗိုလ်တစ်ယောက် ရှိခဲ့ဖူးတယ်။ စိုင်းသီဟတို့ စတင်ဆူပူလှုပ်ရှားကြတော့ အဖေနဲ့အမေက ကျွန်မကို စိတ်မချလို့ဆိုပြီး အင်းစိန်မှာနေတဲ့အဒေါ်ဆီပို့ထားတာ။ အဒေါ်က သားထောက်သမီးခံမရှိတော့ ကျွန်မကို သမီးအရင်းလိုသဘောထားပြီး ဘွဲ့ရတဲ့အထိ ပညာသင်ပေးခဲ့ပါတယ်"

"ဪ… ဒီလိုလား၊ သူ့ခမျာလည်း ပညာရေးကို အနှောင့်အယှက် ပေးခဲ့ကြတဲ့ သောင်းကျန်းသူတွေကို စိတ်နာနေပုံပဲ။ အဲဒါကို ကျွန်တော် အကဲခတ်လို့ရတယ်"

သူ့ထံ အဝတ်အစားလာပေးစဉ်က စိုင်းဝဏ္ဏအကြောင်း စကားစပ်မိရာ စိုင်းအောင်ထွန်းမျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်နှင့် ခံပြင်းဒေါသရိပ်တို့ ရောယှက်နေခဲ့ပုံကို ပြန်လည်မြင်ယောင် လာရင်း ဗိုလ်ဇော်ထွန်းကဆိုသည်။

"ဒါတင်ဘယ်ကလိမ့်မလဲ ဗိုလ်ကြီးရယ်။ ပြောကြစတမ်းဆိုရင် စိတ်နာစရာတွေ အပုံကြီးရှိပါတယ်။ ကျွန်မလေ… ကျွန်မ… ဒီအဖြစ် ဟောင်းတွေကို မေ့ပစ်ဖို့ကြိုးစားပေမယ့် မရပါဘူးရှင်။ ဒီမြေကို ခြေချမိတိုင်း ပြန်လည်သတိရမိတာပါပဲ။ ဒါ့ကြောင့်လည်း ဒီမြေကို ခင်ပါလျက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အဝေးကို သွားနေခဲ့တာပေါ့။ အခုတောင် အမေ့သံယောဇဉ်ကြောင့် ပြန်လာခဲ့ရတာ''

ပြောရင်းပြောရင်း နန်းလော်ဝ်ခမ်း အသံတိုးဝင်သွားသည်။ သူမ မေ့ပစ်ဖို့ကြိုးစားခဲ့သောအတိတ်သည် အတော်အကျည်းတန်ခဲ့ပေလိမ့်မည်ဟု ဗိုလ်ဇော်ထွန်း တွေးမိသည်။

◙ ◙ ◙

မိုးသားတိမ်တိုက်များသည် အအုပ်အသင်းဖွဲ့၍ ခရီးနှင်နေကြ၏။ ရွေ့လျားနေသော တိမ်ခရီးသွားများကြောင့် လသည် မလင်းတစ်လှည့် လင်းတစ်လှည့်။ စောစောက မည်းမည်းအရိပ်များသည် ရှမ်းရိုးမ၏ တောင်စွယ်တောင်တန်းများအဖြစ် လရောင်အောက်တွင် တစ်ဖန် ပေါ်ထွက်လာပြန်သည်။

ဘော်ငွေရောင်သန်းသော ရိုးမတောင်တန်းကြီးမှာ ကြည်နူးဖွယ်အတိ။ မှီတင်းနေထိုင်သော တိုင်းရင်းသားများမှာလည်း ရိုးသားပါဘိ။ တကယ်တော့ သဘာဝ၏အလှအပနှင့် တိုင်းရင်းသားတို့၏ မလေ့စရိုက်သည် မည်သည့်အခါမှ အပြောင်းအလဲမရှိ။ ယနေ့တိုင် အပြစ်ကင်းစင်စွာ တည်ရှိနေကြဆဲ။

သို့ရာတွင် နမ့်ပန်ချိုင့်ဝှမ်းမှာမူကား အကျည်းတန် အရုပ်ဆိုးလျက်။

သဘာဝတရား၏ ဖောက်ပြန်ဖျက်ဆီးမှုကြောင့်လည်း မဟုတ်။ တိုင်းရင်းသားအများစု၏ ဆိုးသွမ်းမိုက်မဲမှုကြောင့်လည်း မဟုတ်ပါဘဲလျက် နမ့်ပန်ချောင်းရိုး၏ အလှအပများသည် ပျက်စီးကွယ်ပျောက်ခဲ့ရသည်မှာတော့ အတော်ပင်ကြာညောင်းခဲ့လေပြီ။

ကျောဘက်မှ ခြေသံကြားရသည်။ ဗိုလ်ဇော်ထွန်း အတွေးပြတ်သွားသည်။ နောက်သို့ လှည့်ကြည့်လိုက်သည်။ နန်းလော်ဝ်ခမ်း။



သူ့ထံ နန်းလော်ဝ်ခမ်း လာနေသည်။

''ဗိုလ်ကြီး ဒီမှာရောက်နေလိမ့်မယ်လို့ ထင်သားပဲ''

''လာ… ဆရာမ၊ ဒီည ခါတိုင်းထက် လသာလို့ ကျွန်တော်လည်း ဆက်ထိုင်နေမိတယ်''

ဗိုလ်ဇော်ထွန်းက ခုံတစ်ဖက်စွန်းသို့ ရွှေ့ပေးသည်။ သူ့ဘေး နေရာလွတ်တွင် နန်းလော်ဝ်ခမ်း ဝင်ထိုင်သည်။

နန်းလော်ဝ်ခမ်းသည် ဆေးထည့်ပေးရန် စပါးကျီပေါ်တက်သွားရာ ဗိုလ်ဇော်ထွန်းကို မတွေ့ရသဖြင့် သည်နေရာကို လိုက်လာခဲ့ခြင်းဖြစ်သည်။ ဗိုလ်ဇော်ထွန်းသည် လျှို့ဝှက်သိုသိပ်လှချေ၏။ ရှာနှင့်အလှမ်းဝေးသည့်အပြင် လူသူအရောက်အပေါက် နည်းပါးသည်ဟု နန်းလော်ဝ်ခမ်းက ပြောသည့်တိုင် လင်းလင်းထင်းထင်း အချိန်များတွင် စပါးကျီအောက်သို့ပင်မဆင်း။ စိုင်းအောင်ထွန်း ဆွဲပေးထားသောချိုးရေကိုတောင် ညမှောင်မှ ထွက်ချိုးသည်။ ညကျမှ အပြင်ထွက်သည်။ အညောင်းဖြေ လမ်းလျှောက်ထွက်သည်။ များသောအားဖြင့်တော့ စပါးကျီနှင့် မလှမ်းမကမ်း သစ်ပင်အောက်ရှိ မြေစိုက်သစ်သားခုံတန်းပေါ်တွင် လာထိုင်လေ့ရှိသည်။ ထို့ကြောင့် ဗိုလ်ဇော်ထွန်း ဘယ်နေရာရောက်နေလိမ့်မည်ကို ဗေဒင်မေးစရာမလို။ နန်းလော်ဝ်ခမ်း သိပြီးသား။

နောက်ပြီးတော့ နန်းလော်ဝ်ခမ်းက အလိုက်သိရသည်။ ဗိုလ်ဇော်ထွန်း၏ လျှို့ဝှက်သိုသိပ်မှုကို အထောက်အကူပြုသည့်အနေဖြင့် ဗိုလ်ဇော်ထွန်းထံ အဝင်အထွက်ကို သူမတစ်ယောက်သာ တာဝန်ယူသည်။ ဒါတောင်မှ ဆေးထည့်ရန်နှင့် အစားအသောက် ပို့ပေးရန်မှတစ်ပါး အကြောင်းထူးမရှိက သူမ မသွား။ ဦးထွန်းလုံလည်း နားလည်မှုအပြည့်။ တစ်ခါတစ်ရံသာ ဒဏ်ရာကို လိုက်ကြည့်သည်။ ဆေးကျွေးဆေးထည့်ကိုမူ နန်းလော်ဝ်ခမ်းကို

www.burmeseclassic.com

www.burmeseclassic.com



လွှဲထားသည်။ သို့ဖြင့် ဗိုလ်ဇော်ထွန်းနှင့်ပင်တိုင်ဆက်ဆံရသူမှာ နန်းလောဝ်ခမ်း တစ်ယောက်တည်းသာ။ သည်တော့လည်း သူတို့နှစ်ယောက် တစ်စတစ်စ ခင်မင်ရင်းနှီးလာရသည်မှာ အထူးအဆန်းမဟုတ်တော့။

"လမင်းကြီးကိုကြည့်ပြီး အမှာစကားတွေပါးနေပြီလား ဗိုလ်ကြီး"

"ကြံကြံဖန်ဖန် ဆရာမရယ်။ ဘုရားပေးပေး ကျမ်းပေးပေး ကျွန်တော့်မှာ အမှာစကားပါးရမယ့်သူ မရှိသေးပါဘူး"

"ဘာပဲဖြစ်ဖြစ် အိမ်ကိုတော့ လွမ်းနေမှာပဲနော်"

နန်းလောဝ်ခမ်းက ကိုယ်ချင်းစာမိဟန်ဖြင့်ဆိုပြန်သည်။

"မိဘနှစ်ပါးကို သတိရနေတာတော့ မငြင်းလိုပါဘူး။ အလုပ်သံယောဇဉ်ကြောင့် နောက်ပိုင်းကလူတွေ ဘယ်လောက်ပူပန်နေမယ်၊ အလုပ်များနေမယ်ဆိုတာကိုလည်း စဉ်းစားနေမိတာ အမှန်ပါပဲ။ ဒီနှစ်ခုကလွဲလို့ကတော့ မောရှမ်းမြေမြင့်ပေါ်ရောက်နေရတာကို ကျွန်တော် ပျော်ပါတယ်။ ကျေနပ်ပါတယ်။ စိတ်လည်း ချမ်းသာပါတယ်"

"ဒါဖြင့် ဗိုလ်ကြီး အခုကြုံတွေ့နေရတဲ့ အဖြစ်မျိုးနဲ့မဟုတ်ဘဲဆိုရင် ဗိုလ်ကြီးရဲ့ပင်ကိုသဘောက ကျွန်မတို့မောပြည်နယ်ကို ခင်တွယ်တယ်၊ ပျော်ပိုက်တယ်လို့ ဆိုလိုတာလား"

နန်းလောဝ်ခမ်းက လေးလေးနက်နက် စဉ်းစားပြီးမေးသည်။

"မှန်ပါတယ် ဆရာမ။ အခုတောင် ဆရာမ မလာခင်ကလေးမှာ ဘော်ငွေရောင်သန်းတဲ့ ဟောဟိုက ရှမ်းတောင်တန်းကြီးတွေကိုကြည့်ပြီး မောအလှမှာ နစ်မြောနေတာပါ။ မောမြေရဲ့အလှအပကို ဖျက်ဆီးပစ်ရက်သူတွေအကြောင်း တွေးနေတာပါ"

"သြော်... ဗိုလ်ကြီးရယ်..."

"ကျွန်တော် ခင်တွယ်တာဟာ မောမြေရဲ့ သဘာဝအလှအပတင် မဟုတ်ပါဘူး။ ရှမ်းတိုင်းရင်းသားတွေရဲ့ထုံးစံဓလေ့နဲ့ ယဉ်ကျေးမှုလည်း



ပါပါတယ်။ အိုးစည်သံနဲ့မောင်းသံကို ကျွန်တော် နားဝင်ချိုသလို ဓားသိုင်းအကနဲ့ ကိန္နရာအကကိုလည်း သဘောကျပါတယ်။ ရှမ်းဘောင်းဘီနဲ့ ပင်နီအပေါ်ဖုံးကို မြတ်နိုးသလို ပဲပုပ်နဲ့ ထမင်းချဉ်ကိုလည်း ခံတွင်းတွေ့ပါတယ် ဆရာမ။ တကယ်တော့ ဆရာမရယ်... ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ဓလေ့ထုံးတမ်းတွေဟာ လေးစားစရာ မြတ်နိုးစရာတွေချည်းပါပဲ။ ကျွန်တော် တပ်ထဲစရောက်ကတည်းက ရှမ်းပြည်နယ်မှာ ကျင်လည်ခဲ့ရတာ များလို့ ကျွန်တော် အနှစ်သက်ဆုံးဟာ ရှမ်းပြည်နယ်ပါပဲ"

ဗိုလ်ဇော်ထွန်းက ရှည်လျားစွာရှင်းပြသည်။

နန်းလောဝ်ခမ်းသည် ဗိုလ်ဇော်ထွန်းစကားကို နားထောင်ရင်း ရင်ထဲဝယ် လှိုက်ဆို့လာသည်။ အတိတ်ကဝေဒနာသည် သစ်လွင်နေဆဲပါတကား။

"ကျွန်မတို့ဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြတဲ့ ညီနောင်သွေးချင်းတွေဆိုပေမယ့် တကယ်တော့ ဗိုလ်ကြီးက ကျွန်မတို့ဆီကို ခဏတဖြုတ်သာ အလည်လာရောက်တဲ့ မြေပြန့်က ဧည့်သည်ပါ။ ဗိုလ်ကြီးလို ဧည့်သည်တစ်ယောက်ကတောင် မောမြေကို လှပစေချင်တဲ့ဆန္ဒရှိတယ်ဆိုရင် ကျွန်မတို့အိမ်ခံတွေအဖို့ အထူးပြောစရာမလိုပါဘူးဗိုလ်ကြီး"

နန်းလောဝ်ခမ်းက သူမစကားကို ခေတ္တရပ်ထားလိုက်ပြီး အဝေးမှ တောင်ပြာတန်းကြီးကို ရီဝေစွာဖြင့် ငေးမောကြည့်နေသည်။ ခဏနေမှ စကား ဆက်၏။

"ဟောဟိုက ဗိုလ်ကြီးမြင်နေရတဲ့ တောင်တန်းကြီးဟာ ဂင်္ဂါတောင်ကြောကြီးပါ။ တောင်ကြောနဲ့ယှဉ်ပြီး နမ့်ပန်ချောင်းကလေးဟာ ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက တသွင်သွင်စီးဆင်းလာခဲ့ပါတယ်။ နမ့်ပန်ချောင်းရဲ့ ဝဲယာတစ်လျှောက် မြေပြန့်လွင်ပြင်ကို နမ့်ပန်ချိုင့်ဝှမ်းလို့ အစဉ်အဆက်ခေါ်ဆိုခဲ့ကြပါတယ်။ အင်း... စကားကြီးစကားကျယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်လို့ ဗိုလ်ကြီးက ရယ်ချင်မလားမသိဘူး။ ကျွန်မလေ… ကျွန်မ… အဲဒီ ကျွန်မချစ်တဲ့ နမ့်ပန်ချိုင့်ဝှမ်းကို သာယာလှပအောင်၊ စိုပြည်စိမ်းလန်းလာအောင်၊ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားကြမယ်လို့ အခင်ဆုံးသူငယ်ချင်းတွေနဲ့ တိုင်ပင်ခဲ့ကြဖူးပါတယ်။ ဒါပေမယ့် ဗိုလ်ကြီးရယ်… ကျွန်မတို့စိတ်ကူးဟာ နှမ်းတစ်စေ့စာတောင် အကောင်အထည် ပေါ်မလာခဲ့ပါဘူး။ ခုနင်က ဗိုလ်ကြီးပြောတဲ့ မောမြေရဲ့အလှအပကို ဖျက်ဆီးပစ်သူတွေကြောင့် သူငယ်ချင်းလည်း ဘယ်ရောက်မှန်းမသိ၊ ကျွန်မလည်း စိတ်နာနာနဲ့ အဝေးကိုလွင့်နဲ့… အို… တွေးမိတိုင်း ရင်နာလို့မဆုံးတော့ပါဘူးရှင်''

နှလုံးသားခံစားချက်မှ ယိုစီးလာသော မျက်ရည်ပူများကို နန်းလောဝ်ခမ်းက စကားလုံးကလေးများအဖြစ် ပြောင်းလဲသည်။ အနှိစကားလုံးတွေက ဗိုလ်ဇော်ထွန်းရင်ကို ကူးစက်ပူလောင်စေပြန်သည်။ နန်းလောဝ်ခမ်း၏ဘဝတစ်စိတ်တစ်ပိုင်းကို မြင်ရသည်။ သနားစိတ်အပြင် အထင်ကြီးလေးစားစိတ်လည်း ဖြစ်လာသည်။

ထိုအခိုက် တိမ်တစ်လုံးက လကို ဖုံးအုပ်ပြန်သည်။ တိမ်ရိပ်ကျသဖြင့် တောင်တန်းပြာကြီးများသည် မည်းမှောင်သွားကြပြန်၏။

လေသည် ပြေပြေသွေးနေရာမှ တစ်ချက်ကြမ်းလိုက်သည်။ ခေါင်းပေါ်မှ ကိုင်းဖျားကိုင်းနားတချို့ လှုပ်ခါသွားသည်။ ညဦးအလှဝယ်ယစ်မူးနေသော ငှက်တစ်ကောင် အတောင်တဖျပ်ဖျပ်ခတ်ကာ ဟန်ချက်ထိန်းသည်။

''စိတ်အားမငယ်ပါနဲ့ ဆရာမရယ်။ တစ်ချိန်ကျရင် ဆရာမဆန္ဒအကောင်အထည်ပေါ်လာရမှာပေါ့''

ဗိုလ်ဇော်ထွန်းက နှစ်သိမ့်သည်။

''အဲဒီအချိန်ကို မကြာခင်ရောက်လာပါစေလို့ ကျွန်မ ဆုတောင်းပါတယ်ရှင်''



မျှော်လင့်ချက်ကို မဖျက်သေးသည့်ဖွဲ့ဖြင့် နန်းလောဝ်ခမ်းက ဆို၏။

''အဲဒီအချိန်ရောက်လို့ ဆရာမရည်မှန်းချက်တွေ ပြည့်ဝလာတဲ့အခါ နမ့်ပန်ချိုင့်ဝှမ်းကို တစ်ခါတစ်ခေါက်တော့ လာလည်ချင်ပါသေးတယ်ဗျာ''

''တစ်ခါတစ်ခေါက်တင်ပဲလား၊ အခါခါအခေါက်ခေါက်လာရင်လည်း ရပါတယ်ရှင်။ ဗိုလ်ကြီးလို ကျွန်မတို့တိုင်းရင်းသားတွေအပေါ် စေတနာထားတဲ့သူကို အချိန်မရွေးဖိတ်ခေါ်ပါတယ်''

ထိုအခါ ဗိုလ်ဇော်ထွန်းသည် တစ်စုံတစ်ရာကို စဉ်းစားမိကာ မလုံမလဲပြုံး၏။

''စောစောက ဆရာမပြောသလို ကျွန်တော့်ကိုလည်း ကြီးကျယ်တယ်လို့ ရယ်ချင်စရာကောင်းနေမလားမသိဘူး။ မောမြေမြင့်ကို ခင်တွယ်တယ်ဆိုတာမှန်ပါတယ်။ ခုလည်း စိုင်းအောင်ထွန်းရဲ့ အဝတ်အစားတွေဝတ်ထားလို့ ရုတ်တရက်ဆိုရင် ရှမ်းအမျိုးသားလိုလို ဘာလိုလိုနဲ့။ ဒါပေမယ့် ရှမ်းလိုတော့ လာမပြောလိုက်နဲ့။ ဘာတစ်ခွန်းမှ နားမလည်ဘူး''

နန်းလောဝ်ခမ်းက တခစ်ခစ်ရယ်သည်။

''ရှမ်းစကား မခက်ပါဘူး။ တတ်ချင်ရင် ကျွန်မ သင်ပေးမှာပေါ့''

''အခုလောလောဆယ်တော့ ကျွန်တော် တတ်ချင်တာတစ်ခုပဲရှိတယ်''

''ဘာလဲဟင်…''

''နန်းလောဝ်ခမ်းဆိုတဲ့ အဓိပ္ပာယ်''

''အို… ဒါလား၊ ကျွန်မ ပြောပြပါ့မယ်။ နန်းဆိုတာ နာမည်ရှေ့က ခေါ်တာ။ 'မ' ဆိုတဲ့သဘောပေါ့။ လောဝ်ဆိုတာက 'ကြယ်'၊ ကြယ်ပွင့်ကလေးပေါ့။ ခမ်းဆိုတာကတော့ ဗိုလ်ကြီးတို့ ခဏခဏကြားနေကျပါ။ 'ရွှေ' လို့ အဓိပ္ပာယ်ရပါတယ်။ ကြယ်ပွင့်ကလေးလို တစ်လက်လက်တောက်ပနေတဲ့ 'ရွှေစင်' လို့ ပြောရမလားပဲနော့''

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတဲ့ နာမည်ကလေးပဲ"

ဗိုလ်ဇော်ထွန်းက ထိုသို့ပြော၍ ခေတ္တမျှစဉ်းစားနေသည်။ ထို့နောက်...

"ဒါဖြင့်ရင် ဆရာမနာမည်ကို ကျွန်တော်က ဒီလိုခေါ်ချင်တယ်"

ဟုပြောကာ ရပ်ထားလိုက်သည်။ နန်းလော်ဝ်ခမ်းက သိလိုဇောကလေး ဖြင့်မေးသည်။

"ဘယ်လိုလဲ"

"တာရာသီဂီလို့"

"တာရာသီဂီ...တာရာသီဂီ...။ ဟာ...ဟုတ်သားပဲ၊ ကြည့်စမ်း... ဘယ်လောက်လှတဲ့နာမည်ကလေးလဲ။ ကျွန်မတောင် မစဉ်းစားမိဘူး။ ဗိုလ်ကြီးက သိပ်တော်တာပဲ"

နှစ်ယောက်သား သဘောကျစွာရယ်မိကြသည်။ "တာရာသီဂီဆိုတဲ့ နာမည်ကလေးကို ကျွန်မ အလေးအမြတ်ထားပါ့မယ်" ဟု နန်းလော်ဝ်ခမ်း က ဆို၏။ ထိုအခါ ဗိုလ်ဇော်ထွန်းက –

"အလေးအမြတ်ထားသလို အမြတ်တနိုးလည်းထားပါနော်။ပြီးတော့... ကျွန်တော်တစ်ယောက်တည်းနဲ့သာ သက်ဆိုင်တဲ့ နာမည်ကလေးဖြစ်ပါ ရစေ"

"စိတ်ချပါ ဗိုလ်ကြီးရယ်"

နန်းလော်ဝ်ခမ်းက တိုးတိတ်စွာ လေသံကလေးဖြင့်ဖြေ၏။ သူမ၏ မျက်နက်ဝန်းသည် လရောင်အောက်ဝယ် ရွှန်းလဲ့တောက်ပြောင်နေသည်။

လေပြည်ကလေး မြူးလာသည်။ မိုးနံ့သင်းသင်းကို သယ်ဆောင် လာသည်။ အအေးဓာတ်လည်း ပါလာသည်။ လသည် တိမ်မည်းညိုကြားမှ ခေါင်းပြူကြည့်သည်။ သစ်ရွက်ကြားမှ ထိုးဖောက်လာသော လရောင်ခြည် တွင် နန်းလော်ဝ်ခမ်း၏လက်မောင်းသားကလေးမှာ ဝင်းအိနေသည်။



"အေးလာပြီ ဆရာမ၊ မိုးရွာလိမ့်မယ်ထင်တယ်၊ အထဲဝင်ရအောင်"

စပါးကျီသို့ ပြန်လာခဲ့ကြသည်။ ဒဏ်ရာသည် အနာဖေးတက်စပြုသည့် တိုင်အောင် တစ်ချက်တစ်ချက်တွင် အောင့်နေသေးသည်။

"ဖြစ်ပါ့မလား ဟင်..."

တော့နင်းတော့နင်းဖြစ်နေသော ဗိုလ်ဇော်ထွန်းကို နန်းလော်ဝ်ခမ်းက စိုးရိမ်စွာ မေးသည်။ "ကျွန်မကို တွဲလေ" ဟု လက်မောင်းကလေးကို မသိမသာတိုးပေးသည်။

"ဒီနေ့တော့ လမ်းလျှောက်တုတ်မပါဘဲ စမ်းကြည့်မယ်ဆိုပြီး ထားခဲ့တာ။ ဖြစ်ပါလိမ့်မယ်လေ၊ အလာတုန်းကလည်း ဒီလိုပါပဲ"

"ဗိုလ်ကြီးကလည်း အားနာစရာမဟုတ်တာ။ အဝေးကြီးရှိသေး ဘယ်ကော။ အနာကလည်း လုံးဝကျက်သေးတာမဟုတ်ဘူး"

နန်းလော်ဝ်ခမ်းက ဆေးဆရာလေသံဖြင့် ပြော၏။

မတတ်သာတော့၊ သူမကမ်းသောလက်ကို ဗိုလ်ဇော်ထွန်း ဆုပ်ကိုင် လိုက်ရသည်။

ပတ်ဝန်းကျင်လေထုသည် မိုးဓာတ်ကြောင့်အေးစိမ့်နေ၏။ ဗိုလ်ဇော်ထွန်း၏ ဆံရွက်ဖျားနှင့်နှာဖျားတို့မှာ ညဥ့်လေအေး၏ အထိအတွေ့ကြောင့် အေးစက် နေသည်။

သို့သော် ဆုပ်ကိုင်ထားသော ဗိုလ်ဇော်ထွန်း၏လက်ချောင်းများ အောက်မှ နန်းလော်ဝ်ခမ်း၏ လက်မောင်းသား အိအိကစ်ကစ်မှာမူကား နွေးလျက်ရှိချေသည်။

ဗိုလ်ဇော်ထွန်းသည် မကြုံစဖူး ထူးထူးကဲကဲ ရင်ခုန်လှုပ်ရှားစွာဖြင့် နန်းလော်ဝ်ခမ်းကို စောင်းငဲ့ကြည့်မိသည်။

နန်းလော်ဝ်ခမ်း ခေါင်းကလေးငုံ့သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးတိမ်မြူတို့ ယှက်သန်းနေသည်။ ကောင်းကင်တစ်ပြင်လုံး မှိုင်းမှုန်ရီဝေလျက်။

ဗိုလ်ဇော်ထွန်းသည် သူနှင့်နန်းလောဝ်ခမ်း ပထမဆုံးတွေ့ခဲ့သော ရေချိုးဆိပ်သို့ရောက်လာခဲ့သည်။ နန်းလောဝ်ခမ်းကို မတွေ့ရသောအခါ ရင်ထဲမှာ ဟာသွားသည်။ နန်းလောဝ်ခမ်းတစ်ယောက် ဘယ်ရောက်နေပါလိမ့်။ တငြိမ့်ငြိမ့်စီးဆင်းနေသော ချောင်းရေအလျဉ်ကို တစ်ခဏမျှငေးစိုက်ကြည့်ပြီး လေးလံနှေးကွေးသော ခြေလှမ်းများဖြင့် နောက်ကြောင်းပြန်လှည့်သည်။

တစ်နေရာအရောက်တွင် တုံ့ခနဲရပ်လိုက်သည်။ လမ်းဘေးမြက်ခင်းစပ်မှာ ပုဂါဖြူကလေး။ ပုဂါကို ကောက်ယူကြည့်သည်။ နန်းလောဝ်ခမ်းထံတွင် တွေ့မြင်နေကျ ပုဂါကလေးပင်။ အလာတုန်းက လောလောလောလောနှင့်မို့ မျက်စိလျှံသွားခြင်းဖြစ်မည်။

လမ်းဘေးတစ်ဝိုက်ကို သူ စူးစမ်းသည်။ ဘေးခွဲထွက်သွားသော လူသွားလမ်းဖုံဖုံကလေးရှိသည်။ လမ်းအတိုင်း သူ လိုက်လာသည်။ သစ်ပင်တွေကြားမှာ ကွေ့ဝိုက်သွားရသည်။ အတက်လမ်းကလေး ဖြစ်သည်။ ပြေပြေတက်နေရာမှ တဖြည်းဖြည်းမတ်လာသည်။ တောင်ကုန်းထိပ်ရောက်သောအခါ မြက်ခင်းသန့်သန့်ကို တွေ့သည်။ မြက်ခင်းစိမ်းမြမြ သစ်ပင်အုပ်အုပ်အောက်တွင်တော့ သူ တွေ့ချင်လှပါသည်ဆိုသော နန်းလောဝ်ခမ်း။ ဗိုလ်ဇော်ထွန်းကို ကျောပေးကာ ဟိုအဝေးရှိ မှုန်ပြာရီမှိုင်းသော ဂင်္ဂါတောင်တန်းကြီးကို ငေးကြည့်နေ၏။ ဗိုလ်ဇော်ထွန်းရောက်လာတာကို မသိသေး။

"တာရာသီဂီ"

ဆတ်ခနဲ လှည့်ကြည့်သည်။



"အို... ဗိုလ်ကြီး လိုက်လာတယ်"

"ရှာလိုက်ရတာ တာရာသီဂီရယ်"

နုပျိုလှပသော မျက်နှာဝင်းဝင်းဝါဝါကလေးကို တမက်မောမော ကြည့်ရင်း ဗိုလ်ဇော်ထွန်းက ရေရွတ်သည်။ ဖားလျားချထားသော ဆံစကလေးများမှာ လေအဝှေ့တွင် တလူလူလွင့်ပါနေသည်။ သန္တာရောင်ပါးအို့မို့မို့ကလေးနှစ်ဖက်က ဗိုလ်ဇော်ထွန်းစိတ်ကို မရိုးမရွဖြစ်စေသည်။ သွယ်လျပြေပြစ်သော အချိုးအဆက်ပိုင်ရှင်ကလေး ကမ်းပါးထိပ်တွင် ကြော့ရှင်းစွာ ရပ်နေပုံမှာ နတ်မိမယ်တစ်ပါးပေလား၊ ဥစ္စာစောင့်မကလေးပေပဲလားဟု စိတ်ဝယ်ဝိုးတဝါး ထင်ယောင်မှားစေတော့သည်။

"ဘာလို့ရှာရတာလဲ ဗိုလ်ကြီးရယ်။ ဗိုလ်ကြီးအလိုရှိရင် တာရာသီဂီ လာခဲ့မှာပေါ့"

"မျက်စိအောက်က အပျောက်မခံနိုင်လို့ပါ"

"ဒီလောက်တောင်ပဲလား ရှင်ရယ်။ အဖြစ်မသည်းလွန်းဘူးလား"

ဗိုလ်ဇော်ထွန်းက နန်းလောဝ်ခမ်း၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း "တာရာသီဂီ့ကို အရုပ်ကလေးတစ်ရုပ်လို ရှေ့မှာထားပြီး အမြဲကြည့်နေချင်တဲ့သူပါ" ဟု ပြောသည်။ နန်းလောဝ်ခမ်းလည်း ခေါင်းကလေးမော့လျက် ဗိုလ်ဇော်ထွန်းကို ရွှန်းရွှန်းစားစားကြည့်နေသည်။

မိုးတိမ်မြူတို့ ဖြိုးအိဆင်းလာသည်။ သူတို့ရှိရာ တောင်ကုန်းဆီသို့ တရွေ့ရွေ့တိုးဝင်လာနေသည်။ စောစောက နန်းလောဝ်ခမ်း မျှော်ကြည့်နေခဲ့သော တောင်စွယ်တန်းကြီးမှာ တောင်ခါးပန်းမှသည် တောင်ထိပ်အထိ မိုးတိမ်မြူထဲ မြုပ်ဝင်နေလေပြီ။

ထိုအခိုက် 'ဂျိမ်း' ခနဲ မိုးတစ်ချက်ခြိမ်း၏။

"အမေ့"

www.burmeseclassic.com

www.burmeseclassic.com



နန်းလောဝ်ခမ်းလည်း လန့်ဖျပ်ကာ ဗိုလ်ဇော်ထွန်းရင်ခွင်ထဲ တိုးဝင် သွား၏။ ဗိုလ်ဇော်ထွန်းက နန်းလောဝ်ခမ်း၏ ကိုယ်လုံးကလေးကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်၏။ နှစ်ဦးလုံး၏ရင်ခုန်သံကိုပင် ကိုယ် ကြားနေရမည်ထင်သည်။ ထိုတဒင်္ဂဝယ် ဗိုလ်ဇော်ထွန်း၏ အထိန်းအချုပ် ကျိုးပေါက်သွားခဲ့ရတော့သည်။

"အို..."

နန်းလောဝ်ခမ်းက လူးလွန့်လေမှ တရှိုက်မက်မက် နမ်းရှုပ်နေမိသော အဖြစ်ကို သတိထားမိတော့သည်။ နန်းလောဝ်ခမ်း ရှက်စနိုးဖြင့် ခေါင်းမဖော် လေတော့။

"ချစ်လို့ပါကွယ်..."

"ဟင်...ဗိုလ်ကြီး မကောင်းဘူး"

ဗိုလ်ဇော်ထွန်းရင်ခွင်ထဲမှ နန်းလောဝ်ခမ်း ရုန်းထွက်သွားသည်။

"တာရာသိင်္ဂီ... တာရာသိင်္ဂီ... နေဦးလေ"

နန်းလောဝ်ခမ်းနောက်သို့ ဗိုလ်ဇော်ထွန်း ပြေးလိုက်သည်။ နန်းလောဝ်ခမ်း သည် ပြုံးရယ်လျက် စိန်ပြေးတမ်းကစားသည်သို့ မြက်ခင်းပေါ်ဝယ် လှည့်ပတ်ပြေးနေသည်။

မိုးမြူတို့ ရုတ်ခြည်းဝင်လာသည်။ သူတို့ရှိနေသော တောင်ကုန်းကို ဖုံးကွယ်သွားသည်။ ပထမတော့ နန်းလောဝ်ခမ်း၏ ဆွယ်တာအနီလေးကို မြူမှုန်ကြားမှာ ဝိုးတဝါးမြင်နေရသေးသည်။ နောက်တော့...

"တာရာသိင်္ဂီ...တာရာသိင်္ဂီ"

"ဗိုလ်ကြီး... အား..."

နန်းလောဝ်ခမ်း၏ အလန့်တကြားအော်သံက ဗိုလ်ဇော်ထွန်းကို စိုးထိတ် ပူပန်သွားစေသည်။ အသံကြားရာဆီသို့ တကြော်ကြော်ခေါ်ရင်း မြူမှုန်



အကြားမှာ စမ်းတဝါးဝါးနှင့်မှန်းဆကာ ပြေးအလိုက်တွင် ခြေထောက် အမှီအတွယ်မဲ့သွားသည်။ ရင်ထဲမှာ အေးခနဲ ဖိုလှိုက်သွားသည်။ ချောက်ကမ်းပါးမှကျသွားပြီကို သိရှိလိုက်ချိန်၌ နောက်ကျခဲ့ချေပြီတကား။

သည်စဏမှာပင် ရုတ်တရက်လန့်နိုးလာရခြင်းဖြစ်သည်။ ချွေးတို့ဖြင့် ရွဲနစ်နေသည်။ အိပ်မက်ပင်ဖြစ်ငြား ခုထိ ရင်တုန်လိုက်မောနေသည်မှာ အံ့ဩဖွယ်။ အနီးမှရေတကောင်းကို ဆွဲယူကာ ရေတစ်ခွက်ငှဲ့သောက်သည်။ ညကြည့်နာရီကိုကြည့်လိုက်တော့ နံနက်နှစ်နာရီကျော်ရုံကလေး ရှိသေးသည်။ ဆက်အိပ်လို့မရတော့။ မျက်စိကြောင်နေပြီ။

စင်စစ် ခွဲလမ်းမှုဖြင့် မက်သောအိပ်မက်ဖြစ်၏။ တာရာသိင်္ဂီကို ခွဲလမ်း တာလား၊ နန်းလောဝ်ခမ်းကို ခွဲလမ်းတာလား။ နာမည်နှစ်ခုက အတူတူတော့ အတူတူပင်။ သို့သော် စေ့စေ့တွေးကြည့်က အနည်းငယ်ကွဲနေပြန်သည်။ ခက်တော့ အခက်သားဟု စိတ်ဝယ်ရေရွတ်မိချေသည်။

နန်းလောဝ်ခမ်း၏ ကိုယ်လုံးကလေးကို အိပ်မက်ထဲမှာ ပွေ့ဖက်နမ်းရှုပ် မိသည်ကို ပြန်လည်တွေးမိသည်တွင် အမည်ဖော်မပြတတ်သော ဝေဒနာကို တသိမ့်သိမ့်ခံစားရသည်။ သင်္ဂါရ,ရသ၏ အလှတစ်ပါးပင်ဖြစ်လိမ့်မည် ထင်သည်။ ဤနှယ် ကြည်နူးစိတ်က နန်းလောဝ်ခမ်းအပေါ် ဖောက်ပြန် နေမိသော မသိစိတ်ကို လှစ်ဟဖော်ညွှန်းနေကြောင်း တွေးမိပြန်သောအခါ သူ့ကိုယ်သူ မအံ့ဩမိတော့ချေ။ နီးစပ်မှုသည် သူ့နှလုံးသားကို အရည် ပျော်ကျစေခဲ့ပြီကို ဗိုလ်ဇော်ထွန်း လက်ခံရလေပြီ။

တစ်ဖန် အိပ်မက်နိဂုံးကို သတိရလိုက်မိသောအခါ ဗိုလ်ဇော်ထွန်း တစ်ယောက် တုန်လှုပ်ချောက်ချားသွားရပြန်သည်။ စောစောက ကြည်နူးမှု ကလေး ဘယ်ရောက်သွားပြီမသိ။ သည်လိုတော့ မဖြစ်တန်ကောင်းရာပါ။ အိပ်မက်သည် အိပ်မက်သာဖြစ်ပါစေဟု ဆုတောင်းရသည်။ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



မက်ပြီးမှ သူ၏တာရာသီဂီဖြစ်သော နန်းလော်ဝ်ခမ်းကို တွေ့ချင်စိတ် ပြင်းပြလာသည်။ တမ်းတမိသည်။ ညသည် ကုန်လွန်နိုင်ခဲပါဘိ။

နံနက်လင်းသောအခါ သူ့ထံ နံနက်စာယူလာသူမှာ စိုင်းအောင်ထွန်း ဖြစ်နေပြီး ဆေးထည့်ရန်လာရောက်သူမှာ ဦးထွန်းလုံဖြစ်နေသဖြင့် အလို မပြည့်ခဲ့ချေ။ မေးဖို့ရာလည်း မသင့်သဖြင့် မမေးဖြစ်။ နေ့လယ်စာ လာပို့ချိန် ကိုသာ ဆက်လက်ငံ့လင့်နေရသည်။ အမောသာ အဖတ်တင်သည်။ အလိုကား မပြည့်ပြန်။ နန်းလော်ဝ်ခမ်း ဘယ်ရောက်နေသနည်း။

သူ စရောက်ကတည်းက တစ်ရက်မဆိုထားနှင့် တစ်ချိန်မှပင် ပျက်ကွက်လေ့မရှိသော နန်းလော်ဝ်ခမ်းကို တစ်နေကုန်နီးပါးမျှ မတွေ့ မမြင်ရမှ သူ့ရင်ထဲကခံစားမှုကို လက်တွေ့သိလာရ၏။ အမှန်ပင် မျက်စိ အောက်က အပျောက်မခံနိုင်သောအဖြစ်။ အိပ်မက်ထဲမှာ ပြောခဲ့သော စကားကို ဗိုလ်ဇော်ထွန်း သတိရသည်။ အို··· အံ့သြစရာပါတကား။ အိပ်မက်နှင့်ခံစားချက်သည် တစ်ထပ်တည်းဖြစ်နေပါကလား။

ညနေ မိုးကြီးချုပ်မှ နန်းလော်ဝ်ခမ်း ရောက်လာသည်။ ဗိုလ်ဇော်ထွန်း သည် တစ်နေကုန်တစ်နေခန်း မျှော်လင့်စောင့်စားခဲ့ရသူကို တွေ့မြင်လိုက် ရသဖြင့် စိတ်ချမ်းမြေ့သွားသည်။ သို့တိုင်အောင် နန်းလော်ဝ်ခမ်း တစ်နေ့လုံး ပျောက်နေသဖြင့် မကျေနပ်ချင်သေး။

"ဆရာမ ခုမှပဲ ပေါ်လာတော့တယ်နော်"

"မင်္ဂလာဆောင် သွားနေလို့ပါ"

"မင်္ဂလာဆောင်ကလည်းဗျာ တစ်နေ့လုံးလား"

"သူငယ်ချင်းမင်္ဂလာဆောင်လေ၊ တစ်နေ့လုံးမဟုတ်ပေမယ့် အစ အဆုံးတော့ ကူညီရတာပေါ့။ မင်္ဂလာဆောင်ပြီးလို့ ပြန်မယ်ဆိုတော့ သူငယ်ချင်းတချို့က ကျွန်မတို့ခြံကို မရောက်တာကြာပြီတဲ့။ အလည်လိုက်



မယ်တဲ့၊ သူတို့ကိုခေါ်လာလို့မဖြစ်တာကြောင့် ငါ မပြန်သေးဘူး။ ရွာမှာ ခဏတစ်ဖြုတ်နေဦးမှာဆိုပြီး ဟိုအသိအိမ်ဝင်၊ ဒီအသိအိမ်သွားနဲ့ အချိန်မကုန် ကုန်အောင် ဖြုန်းနေခဲ့ရတာ။ ဗိုလ်ကြီး အဆင်ပြေမှပြေပါ့မလားလို့ စိတ်တထင့်ထင့်နဲ့။ ခုလည်း ပြန်ရောက်ရောက်ချင်း အမေ့တောင် မကြည့် အားသေးဘူး။ ဗိုလ်ကြီးဆီ အရင်ဆုံးလာခဲ့တာ"

နန်းလော်ဝ်ခမ်းက ရှင်းပြသည်။ သူမစကားထဲတွင် သူ့အတွက် အလေးပေးသိတတ်မှုနှင့် စိုးရိမ်မှုတို့ ပါဝင်နေသည်။ ပွဲနေ့ပွဲတိုင် ဝတ်ကောင်း စားလှနှင့် ဆိုသည်ကိုလည်း ဗိုလ်ဇော်ထွန်း သတိပြုမိသည်။

"ကျွန်မကို မတွေ့ရလို့ စိတ်ဆိုးနေတယ်မဟုတ်လား"

အကင်းပါးစွာမေးလာတော့ ဗိုလ်ဇော်ထွန်း အဖြေရခက်သည်။ နန်းလော်ဝ်ခမ်းက ဆက်သည်။

"ထမင်းသိပ်မစားဘူးလို့ မောင်လေးကပြောတယ်။ လူနေကောင်း လျက်နဲ့ အစာမစားတာကတော့ ဆန္ဒပြတာဖြစ်မှာပါပဲ။ မျက်နှာကြီးကလည်း စူပုပ်ပုပ်နဲ့"

"ဟုတ်တယ်၊ ဆရာမက လူနာကို ပစ်ထားတာကိုး"

မထူးတော့ပြီမို့ ဗိုလ်ဇော်ထွန်းက ပြောချလိုက်သည်။ ထိုအခါ နန်းလော်ဝ်ခမ်း ခစ်ခနဲရယ်သည်။

"နောက်တစ်ခါ လူနာကို ခွင့်ပန်ပြီးမှ ဆရာမ သွားပါ့မယ်ရှင့်" ဟု ချစ်စဖွယ် မျက်စချီကာ ပြောလေ၏။

ဗိုလ်ဇော်ထွန်း ကျေနပ်ရလေပြီ။

◙ ◙ ◙

"ဗိုလ်ကြီး ဒဏ်ရာကျက်သွားပြီ။ ဆေးထည့်ဖို့ မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလုံက အုံထားသောဆေးဖတ်ကို ခွာယူရင်းပြောသည်။

''လမ်းလျှောက်တော့ နာသေးသလား''

''မနာတော့ပါဘူး အဘလုံ''

''ဒါဆို ကောင်းသွားပြီပဲ။ ဟဲ့… သမီး ရေနွေးရှေ့တိုးစမ်း''

ဘေးမှထိုင်ကြည့်နေသော နန်းလောဝ်ခမ်းက ရေနွေးဇလုံကို ရှေ့တိုးပေးသည်။ သေသေသပ်သပ် အနေတော်ကိုက်ညှပ်ထားသော ပိတ်ဖြူနှစ်စသုံးစကိုလည်း ယူပေးလိုက်သည်။ ဦးထွန်းလုံက ပိတ်ဖြူစကို ရေနွေးဆွတ်၍ ဒဏ်ရာတွင် တွယ်ကပ်ကျန်ရစ်သည့် ဆေးဖတ်အစအနများကို သန့်စင်ပေးသည်။ ဗိုလ်ဇော်ထွန်းလည်း အားနာစိတ်၊ ကျေးဇူးတင်စိတ်၊ လေးစားကြည်ညိုစိတ်များဖြင့် ဦးထွန်းလုံ လုပ်ကိုင်ပေးနေသည်ကို ကြည့်နေမိ၏။

မကြာမီ ဒဏ်ရာကို ဆေးကြောပြီးစီးသွားသည်။ ပေါင်ရင်းအထိ လိပ်တင်ထားသော ရှမ်းဘောင်းဘီကို ဗိုလ်ဇော်ထွန်းက ပြန်ဖြေချသည်။ ဆန့်ထုတ်ပေးထားသော ခြေထောက်ကို ပြန်ရုပ်သည်။

''ကျွန်တော့်ကို ဂရုတစိုက်ကျွေးမွေးစောင့်ရှောက်ပြီး ဆေးဝါးကုသပေးတဲ့ အဘလုံတို့ကျေးဇူးဟာ သိပ်ကိုကြီးမားလွန်းလှပါတယ်။ ဒီကျေးဇူးတွေကို ဘယ်လိုပဲဆပ်ဆပ် ကုန်နိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်က ပြန်လည်အကူအညီပေးဖို့ အခါအခွင့်ကြုံကြိုက်ခဲ့ရင် အရာရာကိုစွန့်လွှတ်ပြီး အတတ်နိုင်ဆုံး ကျေးဇူးတုံ့ပြန်ပါ့မယ်လို့ ကတိပြုပါတယ်ခင်ဗျာ''

ဗိုလ်ဇော်ထွန်းက လှိုက်လှိုက်လှဲလှဲပြောသည်။ ဦးထွန်းလုံသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း –

''အိမ်း… သူတစ်ထူးရဲ့ကျေးဇူးတရားကို သိတတ်တယ်ဆိုတာ အင်မတန်ကောင်းမြတ်တဲ့ စိတ်ထားပေပဲ။ မင်္ဂလာတရားတော်နဲ့လည်း



ညီညွတ်ပါပေရဲ့။ ဗိုလ်ကြီးရဲ့နှလုံးသားထဲမှာ အဲဒီလိုစိတ်ထားကောင်းတွေ ကိန်းဝပ်နေသမျှကာလပတ်လုံး ဘယ်တော့မှ အကျိုးမယုတ်နိုင်ဘူးလို့ ပြောချင်တယ်။ ဗိုလ်ကြီးဆီက အကျိုးအမြတ်ကိုမျှော်ကိုးပြီး ပြုစုကုသပေးတာမဟုတ်ပေမယ့် ဗိုလ်ကြီးရဲ့ စိတ်စေတနာသိရတော့လည်း ဝမ်းသာလှပါတယ်။ သာဓုလည်း ခေါ်ပါတယ်။ သာဓု… သာဓု… သာဓု'' ဟု ဆိုသည်။

''ဒဏ်ရာပျောက်ပြီဆိုတော့ ပြန်ရတော့မှာပေါ့နော်''

တစ်ချိန်လုံး ငြိမ်နေသော နန်းလောဝ်ခမ်းက ရေနွေးဇလုံကို ပြန်ယူရင်း မဝံ့မရဲမေးသည်။

''ဆရာမ ကျွန်တော့်ကို ပြန်စေချင်ပြီလား''

''အို… ဒီသဘောနဲ့ မေးတာမဟုတ်ပါဘူး။ ကျွန်မက ဟို… ဟိုလေ…''

ဦးထွန်းလုံကိုတစ်လှည့် ဗိုလ်ဇော်ထွန်းကိုတစ်လှည့် ကြည့်၍ နန်းလောဝ်ခမ်း ပြောမထွက်။ ထိုစဉ် ဦးထွန်းလုံက ဝင်ပြောသည်။

''အနာကျက်ပြီဆိုပေမယ့် အကောင်းသေသွားအောင်နဲ့ ခွန်အားရှိလာအောင် သုံးလေးရက်တော့ အနားယူမယ်ဆိုရင် ယူသင့်တာပဲ''

''အဘလုံစကားကို ကျွန်တော် လေးစားပါတယ်။ နေလည်း နေချင်ပါသေးတယ်။ အဘလုံတို့မိသားစုရဲ့စေတနာကြောင့် အထိုက်အလျောက် သံယောဇဉ်ဖြစ်နေမိတာလည်း အမှန်ပါ။ ဒါပေမယ့်…''

ဗိုလ်ဇော်ထွန်းက စကားမဆက်သေးဘဲ ရပ်ထားလိုက်သည်။ နန်းလောဝ်ခမ်းဘက်သို့ မျက်စိတစ်ချက်ဝေ့ကြည့်သည်။ နန်းလောဝ်ခမ်း မျက်လွှာချသွားသည်။ သင်ဖျာကို လက်သည်းဖြင့် အဓိပ္ပာယ်မဲ့ ကုတ်ခြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဇော်ထွန်းက သူ့စကားကိုဆက်၏။

"ကျွန်တော့်မှာ တပ်ကို အမြန်ဆုံး ပြန်သတင်းပို့ရမယ့်တာဝန်ရှိနေပါတယ်"

"သြော်... ဟုတ်ပေသားပဲ။ ဗိုလ်ကြီးက စစ်သားဆိုတော့ တပ်စည်းကမ်းအတိုင်း လိုက်နာဖို့တာဝန်ရှိပေတာကိုး"

"ဟုတ်ပါတယ် အဘလုံ။ ဒါကြောင့်မို့ ဖြစ်နိုင်ရင် တပ်ကို အမြန်ဆုံး ပြန်ချင်ပါတယ်"

ဗိုလ်ဇော်ထွန်းက သူ့ဆန္ဒကို စိတ်မကောင်းစွာပြောသည်။ ဦးထွန်းလုံသည် မျက်ခုံးနှစ်ဖက်ထိလုနီးပါးတွန့်၍ ခပ်မဆိတ်တွေးသည်။ နန်းလောဝ်ခမ်းကမူ မျက်နှာညိုး၏။ ခေါင်မိုးပေါ်သို့ မိုးစက်ကျသံ တဖြောက်ဖြောက်သည် ပိုမိုကျယ်လောင်လာသယောင် ထင်မှတ်ရသည်။

"အဟမ်း"

ဦးထွန်းလုံက ချောင်းတစ်ချက်ဟန့်လိုက်ပြီး "ဒီကနေ့တော့ မကြာခင် နေဝင်တော့မှာမို့ အချိန်မရှိတော့ဘူး။ မနက်ဖြန် မိုးလင်းတာနဲ့ နောင်ပူအလွန် ချောင်းကွေ့ရောက်အောင် စိုင်းအောင်ထွန်းကို တောလမ်းကလိုက်ပို့ခိုင်းမယ်။ ချောင်းကွေ့ဟိုဘက်ဆိုရင် မန်ကပ်ကမဝေးတော့ဘူး။ မန်ကပ်မှာ တပ်ရှိပါတယ်။ ဟုတ်ပြီလား ဗိုလ်ကြီး" ဟု သူ့အစီအစဉ်ကို ပြောသည်။

"လမ်းသာညွှန်ပါ အဘလုံ။ ကျွန်တော့်ဘာသာ သွားပါ့မယ်" ဟု ဦးထွန်းလုံတို့မိသားစုကို ဆက်လက်ဒုက္ခမပေးလိုတော့သဖြင့် ဗိုလ်ဇော်ထွန်း စောဒကတက်သည်။ ဦးထွန်းလုံက လက်မခံ။

"သွားနေကျလမ်းကိုသုံးရင် လူသွားလူလာများလို့ ဗိုလ်ကြီးလွတ်သွားတာ သတင်းပေါက်မယ်။ အန္တရာယ်များတယ်။ ဒါကြောင့် တောလမ်းကိုရွေးရတာ။ တောလမ်းကို လမ်းပြမပါဘဲ လွှတ်လိုက်ရင်လည်း မျက်စိလည်မယ်။ စိုင်းကို မထည့်လို့မဖြစ်ဘူး"



"အဖေပြောတာ မှန်ပါတယ်ဗိုလ်ကြီး။ ကူညီမယ့်ကူညီမှတော့ ဗိုလ်ကြီးကို စိတ်ချရတဲ့နေရာရောက်အောင် ပို့ပေးပြီးတဲ့အထိ ကျွန်မတို့ ကူညီပါရစေ"

နန်းလောဝ်ခမ်း ဝင်ပြောသည်။ ဗိုလ်ဇော်ထွန်း မငြင်းသာတော့။

## ၅

တကယ်တမ်း ခွဲရမည်ဆိုတော့မှ ဗိုလ်ဇော်ထွန်း နောက်ဆံတင်းနေသည်။ နန်းလောဝ်ခမ်း၏မျက်နှာလေးကို တစ်ညလုံး မြင်ယောင်နေသည်။ သံယောဇဉ်မသေးမှန်း သူ သိ၏။ နောက်တစ်နေ့ရောက်မှာကိုပင် စိုးရွံ့မိသည်။ ဦးထွန်းလုံ အကြံပေးသလို သုံးလေးရက်ဆက်နေလိုက်လျှင် အကောင်းသားဟုတွေးကာ အလောတကြီးနိုင်လှသော သူ့ကိုယ်သူ အပြစ်တင်မိပြန်သည်။ ဆုံးဖြတ်ချက်ကို ပြန်ပြင်ရကောင်းနိုး တွေဝေမိသည်အထိ သံယောဇဉ်နှောင်ကြိုးက သူ့ကို အထပ်ထပ်ချည်နှောင်ထားလေပြီတည်း။ နန်းလောဝ်ခမ်းသည် ဗိုလ်ဇော်ထွန်း၏အသည်းနှလုံးကို သိမ်းကျုံးညို့ငင်နိုင်စွမ်းသော ဦးဦးဖျားဖျား မိန်းကလေးဖြစ်ခဲ့ပြီတည်း။

သို့သော် သူသည် တာဝန်ကို ဦးစားပေးရမည့် စစ်သားတစ်ယောက်ပါလားဟူသော အသိနှင့် ခုလိုအချိန်မျိုးတွင် ကျေးရွာရှင်ကို ကျေးစွပ်ရာမရောက်စေသင့်ဟူသောအသိတို့ ဝင်လာပြန်သောအခါ ချုပ်တည်းစောင့်ထိန်းရမည့်အချက်ကို ပြက်ပြက်ထင်ထင်မြင်လာသည်။ နောက်ဆုံးတော့ ရေစက်မကုန်လျှင် ပြန်ဆုံကြရမှာပေါ့ဟူ၍သာ သူ့ကိုယ်သူ နှစ်သိမ့်ရတော့သည်။

သည်လိုနှင့် တစ်ည ကုန်ဆုံးခဲ့ရသည်။ အိပ်မပျော်တစ်ချက်ပျော်တစ်ချက်မို့ မျက်စိကျိန်းစပ်နေသည်။ အရုဏ်ကြက်မတွန်မီကတည်းက အိမ်မကြီးဆီမှ စကားသံသဲ့သဲ့ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရောင်နီသန်းလုလုတွင် စပါးကျီထဲဝင်လာသော ခြေသံ တရှပ်ရှပ်ကို ဗိုလ်ဇော်ထွန်း ကြားသည်။

"စိုင်းလား"

လှေကားထိပ်မှ ထိုင်စောင့်နေသော ဗိုလ်ဇော်ထွန်းက လေသံအုပ်အုပ်ဖြင့်မေး၏။

"ကျွန်မပါ"

ဖြေသံကလည်း တိုးတိုးပင်ဖြစ်သည်။ ဗိုလ်ဇော်ထွန်း ထပ်ခိုးပေါ်မှ ဆင်းသည်။ လှေကားခြေရင်းတွင် နန်းလောဝ်ခမ်းနှင့်ဆုံသည်။

"အဆင်သင့်ဖြစ်ပြီလား"

"အဆင်သင့်ပဲလေ၊ ဟောဒီ စိုင်းအောင်ထွန်းဆီကယူထားတဲ့ အဝတ်တစ်စုံကလွဲလို့ အထူးတလည်ပြင်ဆင်စရာမှမလိုဘဲ"

"ဒါဖြင့် ရှမ်းခေါက်ဆွဲစားသွားဦးနော်။ ခရီးက နည်းနည်းလှမ်းတယ်။ အဆာခံအောင်လို့"

နန်းလောဝ်ခမ်းက အသင့်ယူလာသော ခေါက်ဆွဲပန်းကန်ကိုပေးသည်။

"ဩော်… ဆရာမရယ်၊ ဒုက္ခခံလို့ဗျာ"

"စားစေချင်လို့ တကူးတက လုပ်ပေးရတာကို ဒုက္ခလို့ထင်ရင် မှားမှာပေါ့"

ဗိုလ်ဇော်ထွန်းလည်း ပန်းကန်ကိုလှမ်းယူလိုက်ရသည်။ ပန်းကန်အယူတွင် နန်းလောဝ်ခမ်း၏လက်ချောင်းကလေးများနှင့် မတော်တဆထိမိသည်။ နှစ်ဦးသား ရင်ဖိုသွားကြသည်။

ဗိုလ်ဇော်ထွန်းက လှေကားထစ်ပေါ်ထိုင်လျက် မြိန်မြိန်ရှက်ရှက်စားသည်။ နန်းလောဝ်ခမ်းက ဘေးမှာရပ်စောင့်သည်။ "စားလို့ကောင်းရဲ့လား ဗိုလ်ကြီး" ဟု မေးသည်။

"ကောင်းပါ့ဗျာ၊ သိပ်ကိုမြိန်တာပဲ။ ကျွေးတဲ့သူရဲ့စေတနာကြောင့် ထင်ပါရဲ့။ စားဖူးသမျှ ခေါက်ဆွဲတွေထဲမှာတော့ အခုဆရာမကျွေးတာ အကောင်းဆုံးပါပဲ"

ဗိုလ်ဇော်ထွန်းက ပလုတ်ပလောင်းစားရင်းဖြေသည်။ နန်းလောဝ်ခမ်းသည် ပီတိရွှန်းဝေစွာကြည့်နေသည်။ ခွဲခွာကာနီး တဒင်္ဂ စိတ်ချမ်းသာမှုကလေးဖြစ်၏။

"စိုင်း ဘယ်မှာလဲ"

စားပြီးသည်နှင့် ဗိုလ်ဇော်ထွန်းက မေးသည်။

"ခြံဝမှာ စောင့်နိုင်းထားတယ်"

"အဘလုံကို နှုတ်ဆက်ခဲ့ပါတယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့"

"ဆရာမကို ကျွန်တော် ပြန်တွေ့ချင်ပါသေးတယ်ဗျာ"

ဗိုလ်ဇော်ထွန်းအသံက မချင့်မရဲ။

"နောက်တစ်ပတ်ဆိုရင် ကျွန်မ ကျောင်းပြန်တက်မှာပါ"

"ကျွန်တော် လာတွေ့နိုင်မလားဟင်…"

"ခွင့်တောင်းနေဖို့လိုသေးလား ဗိုလ်ကြီးရယ်"

မပွင့်တပွင့် အဖြေကလေး။ နှစ်ယောက်သား တစ်စုံတစ်ရာကို နားလည်နေသည်မှာတော့ အမှန်။

အပြင်တွင် ရောင်နီသန်းချေပြီ။ စပါးကျီထဲမှာတော့ အနည်းငယ်မှောင်နေဆဲ။ တစ်ယောက်ကိုတစ်ယောက် မြင်တွေ့နေရသော ပုံးတဝါးသဏ္ဌာန်ကိုပင် တရိုက်မက်မက် ကြည့်မဝရှုမဝနိုင်လောက်အောင် ဖြစ်ကြရသည်။ သူ့ရှေ့တွင် ငြိမ်သက်စွာ ရပ်စောင့်နေသည့် နန်းလောဝ်ခမ်းထံမှ အသက်ရှူသံမှျင်းမှျင်းကို ဗိုလ်ဇော်ထွန်း ကြားနေရသည်။ လှည့်စားခြင်း

www.burmeseclassic.com

www.burmeseclassic.com

သဘောမဆောင်သည့် ဟန်ဆောင်မှုသည် မည်မျှကြာအောင် တင်းခံနိုင်မည်နည်း။

ထိုစဉ် ကြက်တွန်သံက သူတို့ကို သတိပေးသည်သို့ ပေါ်ထွက်လာ၏။ ခွဲခွာရမည်ကို မသိကျိုးကျွန်ပြုထားကြသော်လည်း အချိန်တန်တော့ ရင်ဆိုင်ရမည်ပင်။

စားပြီးသားပန်းကန်ကို လှေကားထစ်ပေါ်တွင်ချထားကာ ဗိုလ်ဇော်ထွန်းက မတ်တတ်ရပ်လိုက်သည်။

"စိုင်းကို ခြံဝမှာ စောင့်ခိုင်းထားတယ်"

နန်းလောဝ်ခမ်းက အလိုက်တသိထပ်ပြောသည်။

စပါးကျီအဝသို့ ထွက်လာခဲ့ကြသည်။

အရှေ့ဘက်ကောင်းကင်ပြင်သည် ပုစွန်ဆီရောင်ထနေသည်။ တောင်ကြော၏တစ်ဖက်တွင် မီးဖိုရဲရဲဖိုထားသလား အောက်မေ့ရသည်။

နံနက်ခင်း လင်းရောင်ခြည်အောက်မှ နန်းလောဝ်ခမ်း၏ ကပိုကရို အလှကို တွေ့မြင်လိုက်ရသည်တွင် ဗိုလ်ဇော်ထွန်းသည် သူ ကြားဖူးထားသော 'မိန်းမတစ်ယောက်၏သဘာဝအလှကို အိပ်ရာထစ မပြီးမလိမ်းမီတွင် တွေ့နိုင်သည်' ဟူသော အဆိုအမိန့်တစ်ခုကို သတိရလိုက်သည်။

ဗိုလ်ဇော်ထွန်းသည် နန်းလောဝ်ခမ်းကို အသက်ဝင်လှုပ်ရှားနေသော လက်ရာမြောက်ပန်းပုရုပ်တုသဖွယ် စိတ်ထဲဝယ် တင်စားနေမိလေသည်။ သူ့အကြည့်သည် နန်းလောဝ်ခမ်းထံမှ လွှဲဖယ်ရန်ခက်ပါဘိ။ နန်းလောဝ်ခမ်းကလည်း ရီဝေသောမျက်လုံးများဖြင့် ဗိုလ်ဇော်ထွန်းကို ကြည့်သည်။ 'ခရီးလမ်းတွင် ဘေးအန္တရာယ်ကင်းပါစေ။ တပ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါစေ' ဟု စိတ်ထဲမှ ဆုတောင်းပေးနေမိသည်။



သူတို့ကြားသို့ ရန်လုံသည် အမြီးတနန့်နန့်နှင့်ရောက်လာ၏။ တအီအီ အမြီးနန့်ရင်း ဗိုလ်ဇော်ထွန်း ထွက်သွားမှာကို သူလည်း သိသည့်အလား၊ နှုတ်ဆက်နေသည့်ပုံ။ ရောက်စက မာန်ဖီခဲ့သော ရန်လုံပင်လျှင် သူ့ကို ခင်မင်နေချေပြီကော။

ခြံဝအနီးရှိ ငှက်ပျောပင်အုပ်အုပ်အောက်၌ မပီပိုးတဝါးသဏ္ဌာန် တစ်ခုကို မပြယ်တပြယ်အမှောင်ထုကြားမှ တွေ့နေရသည်။ ထိုသဏ္ဌာန်ကား စိုင်းအောင်ထွန်း။

ခြံဝသို့ လှမ်းကြည့်လိုက်ပြီး ဗိုလ်ဇော်ထွန်းက နှုတ်ဆက်စကားဆို၏။

"ကျွန်တော် သွားတော့မယ်ဆရာမ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

လေသံသဲ့သဲ့နှင့် တိုးလွန်းလှသည်။ နန်းလောဝ်ခမ်းသည် ချာခနဲ လှည့်ထွက်သွားသော ဗိုလ်ဇော်ထွန်းကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ တွေတွေကလေးငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

▣ ▣ ▣

မြောက်မှတောင်သို့ စီးဆင်းလာသော နမ့်ပန်ချောင်းသည် နောင်ငူရွာ အောက်ဘက်အရောက်တွင် မြောက်သို့ပြန်ကွေ့စီးသွားသည်။ ထိုမှတစ်ဖန် တောင်ဘက်သို့ ဂငယ်ကွေ့ကွေ့ပြန်သည်။ အင်္ဂလိပ်အက္ခရာ "အက်စ်" ပုံ ဖြစ်သည်။ ဤသဘာဝအသွင်သဏ္ဌာန်ကိုယူ၍ "ချောင်းကွေ့" ဟု ခေါ်ဆိုကြသည်။

ဗိုလ်ဇော်ထွန်းနှင့် စိုင်းအောင်ထွန်းတို့ ချောင်းကွေ့ရောက်သောအခါ ဒွန်းတည့်လုပြီ။ ကွေ့ဝိုက်ရစ်ခွေစီးဆင်းနေသော နမ့်ပန်ချောင်းကို တောင်ကုန်းပေါ်မှစီးမြင်နေရသည်။ ကမ်းနဖူးတစ်လျှောက်ရှိ သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



အုပ်အုပ်မှတစ်ပါး ချောင်း၏ဝဲယာ၌ အတန်ငယ်ပြန့်ပြူးသော လွင်ပြင်ကို တွေ့ရသည်။ ယာခင်းလယ်ကွက်တို့သည် လွင်ပြင်နှင့်အပြည့်။

"ချောင်းရိုးလွင်ပြင်ဆိုတော့ မြေဩဇာကောင်းမှာပဲ"

စိုပြည်စိမ်းမြသော စိုက်ခင်းတွေကိုကြည့်ပြီး ဗိုလ်ဇော်ထွန်းက မှတ်ချက်ချသည်။

"မြေဩဇာကောင်းတာကတော့ မပြောနဲ့အစ်ကို။ ကျွန်တော်တို့ ဘိုးဘေးတွေလက်ထက်တုန်းက နမ့်ပန်ချိုင့်ဝှမ်းကို တောင်သိန္နီဟော်ရဲ့ စပါးကျီလို့ တင်စားပြောခဲ့ကြဖူးတယ်"

စိုင်းအောင်ထွန်းက သူကြားဖူးသော ဇာတ်လမ်းတစ်ခုကို ဖောက်သည် ချသည်။

"တင်စားမယ်ဆိုလည်း တင်စားလောက်ပါတယ်စိုင်း။ နမ့်ပန်ချောင်းဟာ သုံးရာသီလုံး ရေမပြတ်တော့ ချောင်းရေမခန်းသေးသမျှ ချောင်းရိုးတစ်လျှောက်က လယ်တွေယာတွေမှာ သီးထပ်သီးညှပ်စိုက်လို့ရနေတာကိုး"

"ဒါပေမယ့် အစ်ကိုရာ ချောင်းရေမခန်းပေမယ့် စပါးကျီကတော့ ပျက်ခဲ့ပါပြီ။ ဒီဘက်မှာသာ အေးအေးချမ်းချမ်းစိုက်ပျိုးနိုင်ပေမယ့် နောင်ဝူ မြောက်ဘက်ကျတော့ ချောင်းဖျားတိုင်အောင်ကိုပဲ လယ်ပျက်ယာပျက်တွေ ဖြစ်ကုန်ပါပြီ။ တစ်ချိန်က စော်ဘွားတွေရဲ့စပါးကျီကို စော်ဘွားအဆက် အနွယ်တွေကပဲ ပြန်ဖျက်ခဲ့တာလေ။ တကယ်တမ်း နစ်နာတာကတော့ ရှမ်းတောင်သူတွေပါ အစ်ကို"

စိုင်းအောင်ထွန်းက ရင်ဖွင့်သည်။ သူသည် လူပင်ငယ်သော်လည်း အတွေ့အကြုံနုပုံမရ။ သူ့စကားကို ဗိုလ်ဇော်ထွန်း အလေးအနက်ထားသည်။ သူ့ခံစားချက်ကို စာနာသည်။ သူ့နှုတ်မှထွက်သောစကားသည် ရှမ်းတောင်သူ အများစု၏ ပဲ့တင်သံပေလားဟု ဗိုလ်ဇော်ထွန်း တွေးမိသေးတော့သည်။



"သူတို့ ဖျက်ဆီးခဲ့တဲ့စပါးကျီကို အစ်ကိုတို့ ပြန်ဆောက်နေကြပါတယ်။ ဆောက်ပြီးတဲ့အခါ တစ်ချိန်က ပဒေသရာဇ်တွေအတွက်ဖြစ်ခဲ့တဲ့ နမ့်ပန်စပါးကျီဟာ စိုင်းတို့ရှမ်းတောင်သူအားလုံးအတွက် ဖြစ်လာရမှာပေါ့"

ဗိုလ်ဇော်ထွန်းက စိုင်းအောင်ထွန်းနှင့် မျက်နှာချင်းဆိုင်ရပ်လျက် စိုင်းအောင်ထွန်း၏ လက်မောင်းနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင် ရင်းပြောသည်။

"ကဲ… ဒီနေရာမှာ ကြာနေလို့မဖြစ်သေးဘူး။ အချိန်ရှိတုန်း အစ်ကို သွားမှ"

"ချောင်းဘေးကမြင်နေရတဲ့ လှည်းလမ်းအတိုင်း လိုက်သွားပါ။ တစ်နာရီကျော်ကျော်လောက်သွားပြီးရင် မန်ကပ်ရောက်လိမ့်မယ်"

"ကျေးဇူးပဲ ငါ့ညီ။ မင်းကို အစ်ကို သိပ်ကျေးဇူးတင်တယ်"

◙ ◙ ◙

"အဘွား ဘုန်းကြီးကျောင်းဘယ်နားမှာလဲ"

များသောအားဖြင့် တပ်သည် ဘုန်းကြီးကျောင်းတွင် စခန်းချလေ့ရှိ၏။ တပ်ရှိ၊ မရှိ တိုက်ရိုက်မေးရန် မသင့်သောကြောင့် ဘုန်းကြီးကျောင်း တည်နေရာကိုသာ မေးရခြင်းဖြစ်သည်။

မန်ကပ်အဝင်တွင် ယာခင်းမြေဆွနေသော အဘွားအိုသည် ခါးဆန့်၍ ဗိုလ်ဇော်ထွန်းကို မော့ကြည့်သည်။ ခမောက်အောက်မှ အရေးအကြောင်း ဆင်စပြုနေသော အဘွားအို၏မျက်နှာဝယ် ချွေးတို့ ချောင်းစီးနေသည်။

အဘွားအို၏အကြည့်မှာ စူးစမ်းသောအကြည့်။ သူမသည် ခမောက်ကို အပေါ်သို့ အနည်းငယ်ပင့်တင်လိုက်ပြီး -

"ဖရားကျောင်း… ဟိုဘက်မှာ အကြီးကြီးဟာကော"

www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတန်ခ''

ဗိုလ်ဇော်ထွန်းသည် တစ်လုံးတည်းသာသိသော စကားကို အသုံးချလိုက်ပြီး ခပ်သွက်သွက်လှည့်ထွက်လာခဲ့သည်။ အဘွားအို၏သံသယမျက်စိသည် သူ့ကျောပြင်ပေါ်တွင် ကျရောက်နေလိမ့်မည်ကို အလိုလိုသိနေသည်။

ရှမ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ရာတွင် နှစ်ယောက်မရှိသူများဖြစ်ကြ၏။ 'တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား' ဟု ဆိုရိုးပြုရလောက်အောင်ပင် အလှူအတန်းရက်ရောကြသည်။ ဘာသာတရား ကိုင်းရှိုင်းကြသည်။ ထို့ကြောင့် ရွာတိုင်းရွာတိုင်းတွင် နေစရာအိမ်က တဲစုတ်သာသာပင်ဖြစ်ငြား အမွန်အမြတ် ကိုးကွယ်ဆည်းကပ်ရာ ဘုန်းကြီးကျောင်းမှာမူ ဟိန်းနေတတ်သည်။ ရဟတ်ယာဉ်ဖြင့် ရှမ်းရွာများကို ဖြတ်သွားရတိုင်း သာမန်အဆောက်အအုံများနှင့်မတူဘဲ တစ်မူထူးခြားလှသော ဘုန်းတော်ကြီးကျောင်းများကို အထင်ကရ လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်စမြဲ။

သည်မျှ ရှာရဖွေရလွယ်ကူသော ဘုန်းကြီးကျောင်းကို သွားမေးမိခြင်းမှာ သူ့အမှားပေလားဟု ဗိုလ်ဇော်ထွန်း တွေးသည်။ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိဆိုသလို အသာကျိတ်ရှာလျှင် ရနိုင်ပါလျက်နှင့် သွားမေးမိခါမှ ရှမ်းဝတ်ရှမ်းစားနှင့် ရှမ်းမဟုတ်သော သူစိမ်းမှန်း ရိပ်စားမိချေတော့မည်။ နန်းလောဝ်ခမ်းတို့အိမ် စရောက်ကတည်းက လုံခြုံမှုကို သတိအတန်တန်ထားခဲ့၏။ ယခုမူ ဆန္ဒစောမိချေ၍ အမှတ်တမဲ့ဖြစ်သွားရသည်။

သို့နှင့် ကြိုးတံတားကို ဖြတ်ကူးပြီးနောက် မန်ကပ်ရောက်သည်။ နွားခလောက်သံ၊ ကလေးငိုသံကို ဝေးဝေးကပင်ကြားရသည်။ နောင်ငူမှလာသော မြေနီလမ်းအတိုင်း ဝင်လာခဲ့သည်။ မန်ကပ်သည် လူနေအိမ်ခြေစည်သော ငါးရက်တစ်ဈေးရွာကြီး ဖြစ်သည်။ ရွာကြီးဆိုသော်လည်း အကယ်စင်စစ် တန့်ယန်း၊ လားရှိုး၊ ဂကြေါကြောနှင့် မိုင်းရယ်လမ်းဆုံလမ်းခွကျသဖြင့် မြို့ငယ်တမျှ စည်လှသည်။

လူတွေ ကိုယ့်အလုပ်နှင့်ကိုယ် သွားသွားလာလာရှိနေကြသည်။ ဗိုလ်ဇော်ထွန်းသည် ဘုန်းကြီးကျောင်းကိုရှာရင်း ယူနီဖောင်းဝတ်စစ်သားတွေ့လိုတွေ့ငြား သတိထားကြည့်သည်။ တစ်နေရာတွင် ဘုန်းကြီးကျောင်းကို တွေ့သည်။ ခြံဝန်းကျယ်ကို သစ်ပင်ဝါးရုံပင်များဖြင့် ကာရံထားသည်။ မြေတလင်းမှာ ပြန့်ပြူးလှသည်။ ခြံဝင်းအလယ်တွင် ခြေတံရှည်ကျောင်းကြီး ထီးထီးမားမားရပ်တည်နေသည်။ ပျဉ်ထောင်သွပ်မိုးဖြစ်သည်။ ပြာသာဒ်ဘုံပျို့တို့ဖြင့် ခံ့ညားသည်။ တိုင်လုံးကြီးများကလည်း ခိုင်ခံ့ပုံရသည်။ ကျောင်းဝင်းထဲမှာ ဆင်းတုတော်တစ်ဆူ ကိန်းဝပ်နေသော အုတ်ကျောင်းတစ်ခု၊ သိမ်တစ်ခုနှင့် ဇရပ်နှစ်ဆောင်ကိုလည်း တွေ့ရသည်။ တပ်အရိပ်အယောင်မူကား လုံးဝမမြင်။ ဗိုလ်ဇော်ထွန်း စိတ်ပျက်သွား၏။

တန့်ယန်းသွားသော ကားလမ်းပေါ်ရောက်လာသည်။ လမ်းဘေးဝဲယာကို အကဲခတ်ရင်း လျှောက်လာသည်။ စုစုပေါင်း ဘုန်းကြီးကျောင်းသုံးကျောင်းတိတိ တွေ့သည်။ တပ်မရှိ။ ပြီးတော့ ခြံဝင်းကျယ်ကြီးတစ်ခုကိုလည်း တွေ့ရသေးသည်။ မန်ကပ် ပူမိန်း ရွက်ခမ်း၏ခြံဝင်းဟု နောက်မှသိရသည်။ တပ်ခွဲနှစ်ခွဲစာလောက်တော့ အသာကလေးပင် တည်းခိုနိုင်လောက်အောင် ကျယ်ဝန်းသည်။ အဆောက်အအုံကောင်းတွေ ရှိသည်။ ၄င်းခြံဝင်းကျယ်ထဲမှာလည်း တပ်အရိပ်အယောင်မတွေ့။ စိတ်ပျက်လက်ပျက်နှင့် ပူမိန်းဟော်အနီးမှ ထွက်လာခဲ့သည်။

''ဟော...''



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ဇော်ထွန်းစိတ်ထဲက ဝမ်းသာအားရရေရွတ်သွားမိသည်။ တစ်ပြိုင်နက်ပင် သူ့ခြေထောက်များက တုံ့ခနဲရပ်တန့်သွားရသည်။ တစ်နေရာကို ရူးရူးစိုက်စိုက် ထပ်မံကြည့်သည်။ မြင်ရသောအရာသည် မမှားပါ။ သံဆူးကြိုးစည်းရိုးတွင် လှမ်းထားသော စစ်အင်္ကျီတစ်ထည်၊ ပခုံးတံဆိပ်မှာ မသဲကွဲသော်လည်း နီရဲသောအဆင်း ရှိသည်။

ခြံစည်းရိုးအတွင်းမှ အဆောက်အအုံမှာ ခြေတံရှည်အိမ်ဖြစ်သည်။ လားရှိုး-တန့်ယန်းမှ ဆက်လက်ထွက်ခွာပြီး သံလွင်မြစ်ကို တာကော် အက်ကူးတို့ဆိပ်မှ ဖြတ်ကူး၍ ပန်ယန်း၊ ပန်ဆိုင်းသို့တိုင် ခရီးပေါက်မည့် စီမံကိန်းဝင်လမ်းမကြီးကို မျက်နှာမူထားသည့် လမ်းလုပ်ငန်းဌာန၏ ယာယီ ဗိုလ်တဲဖြစ်သည်။

ဗိုလ်ဇော်ထွန်းလည်း ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ သံဆူးကြိုး စည်းရိုးဝင်းအတွင်း ဝင်လိုက်သည်။ အဆောက်အအုံအနီးရောက်မှ သတိထားမိသည်။ လက်နက်ကိုင်စစ်သားတစ်ယောက်က လှေကားထိပ် တိုင်အကွယ်မှ သူ့ကိုစောင့်ကြည့်နေသည်ကော။ သေနတ်ပြောင်းဝသည် သူ့ရင်ဝကို တည့်တည့်ချိန်လျက်။

"ရပ်... ဘယ်သူလဲ"

ကင်းရဲဘော်က စစ်မေး၏။

ဗိုလ်ဇော်ထွန်း ရပ်သည်။ ထို့နောက် အတိုဆုံး အရှင်းဆုံးဖြေသည်။

"ဒီမှာ ရဲဘော် ပျက်ကျသွားတဲ့ရဟတ်ယာဉ်က ပျောက်ဆုံးနေတဲ့ လေသူရဲဟာ ငါပဲ"

◙ ◙ ◙

"ဟေး... ဗိုးဇော်"



"သန်းအုန်း"

ဗိုလ်ဇော်ထွန်းကို မြင်လျှင်မြင်ချင်း ဗိုလ်သန်းအုန်းက ဝမ်းသာအားရ ထခုန်၍ ဖက်လဲတကင်းနှုတ်ဆက်သည်။ ဗိုလ်သန်းအုန်းနှင့် အတူထိုင် နေသော ဒု-အရာခံဗိုလ်တစ်ယောက် အံ့အားသင့်စွာကြည့်သည်။ သူတို့ နေ့မအားညမအား အပူတပြင်း လိုက်လံရှာဖွေနေသောသူသည် သူတို့ ရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပါပကော။

"ရဲဘော်က တပ်ခွဲမှူးဆီ ပို့ပေးမယ်ဆိုပြီး ခေါ်လာတာ။ လက်စသတ်တော့ မင်းက တပ်ခွဲမှူးကိုး"

ဗိုလ်ဇော်ထွန်းက ဗိုလ်သန်းအုန်းနှင့်အတူ ကြမ်းပြင်ပေါ်ခင်းထားသော ဖျာကြမ်းပေါ် ထိုင်ချလိုက်ရင်းပြောသည်။ သို့ပြောရင်း အခန်းကို မျက်စိကစားလိုက်သည်။ အခန်းထောင့်ကြမ်းပြင်ပေါ်တွင် အိပ်ရာတစ်ခု။ အိပ်စက်ရာ နေရာမည်ကာ မတ္တပင်။ မြေခင်းပတ္တူပေါ်၌ မှုံ့ဖုံစောင်ကြားအခင်းတစ်ခု။ တစ်ပေသာသာခန့် ခေါင်းအုံးငယ်တစ်လုံး။ စစ်စိမ်းစောင် တစ်ထည်။ ကြိုးလျော့အိကျနေသော စစ်ခြင်ထောင်။ ဒါပဲ ဖြစ်၏။

အိပ်ရာဘေးတွင် မှတ်စုစာအုပ်တစ်အုပ်။ ဖိုင်ပါးပါးတစ်ခု။ ဓာတ်ခဲသုံး ခရီးဆောင် ရေဒီယိုငယ်တစ်လုံး။ ပြာခွက်အဖြစ် အသုံးပြုထားသော ဟန်းကောအံတစ်ခု တွေ့ရသည်။ ကာဘိုင်ကို အိပ်ရာဘေးတွင် အလိုက်သင့် လှဲထားသည်။ ရေဘူး၊ ကျည်အိတ်၊ ပစ္စတိုအိတ်တို့ တပ်ဆင်ထားသော စစ်ခါးပတ်ကြိုးနှင့် ပခုံးသိုင်း ကြိုးဆက်တွဲထားသည့် တိုက်ပွဲဝင် ချပ်ဝတ် တန်ဆာကို ခြေရင်းတိုင်ရှိ သံမှိုတွင် ချိတ်ထားသည်။

စားပွဲအဖြစ် အသုံးပြုထားသော ထင်းရှူးသေတ္တာပုံးခွံပေါ်၌ ပလတ် စတစ်မြေပုံအိတ်ဖြင့် ထည့်ထားသော စစ်သုံးမြေပုံတစ်ချပ်ကို ဖြန့်ခင်း ထားသည်။ သေတ္တာစွန်း၌ စိုက်ထားသော သုံးလက်စ ဖယောင်းတိုင်တို

www.burmeseclassic.com

www.burmeseclassic.com


တစ်ခုကို တွေ့ရသည်။ ဖယောင်းတိုင်အခြေ၌ ပျော်ကျလာသော ဖယောင်းရည်တို့ စုခဲနေသည်။

ဗိုလ်သန်းအုန်းက အိပ်ရာဘေးမှ ဟန်းကောအံကိုဆွဲယူရင်း "အစက စုမှုုးပါကွာ။ ခွဲမှုုးသိသွားလို့ သူ့တာဝန်ကိုယူထားရတာ" ဟုပြောသည်။ ထိုအခါ ဗိုလ်ဇော်ထွန်းက -

"မင်းတပ်ခွဲကရဲဘော်တွေ တစ်ယောက်မှမမြင်ရဘူး။ ငါဖြင့် တပ်ရှိတဲ့နေရာကို မနည်းရှာယူရတယ်"

"မမြင်ဆို ဒီမှာမှမရှိကြဘဲ။ မရှိတာကလည်း မောင်ရင် ဒုက္ခပေးထားတာကိုး။ တစ်ခွဲလုံး ရွာပုံတွေဖွင့်နေကြရတယ်လေ။ ဒီမှာ ခွဲရုံးနဲ့တစ်စိတ်ပဲကျန်တယ်။ ရော့… ဆေးလိပ်သောက်။ ဒီမှာတော့ ပေါ့ပဲခဲနေရတယ်"

ဆေးပေါ့လိပ် ထုတ်ပေးသည်။ ဗိုလ်ဇော်ထွန်း တစ်လိပ်ယူမီးညှိသည်။

"မင်း ပေါ်လာသေးတယ်နော်။ ငါက မင်းတော့ ကိစ္စချောပြီထင်နေတာ"

ဗိုလ်သန်းအုန်းသည် သူ့စိတ်ထဲက တွေးထင်ယူဆချက်ကို ဖွင့်ဟသည်။ ဗိုလ်ဇော်ထွန်းက ဆေးလိပ်ကို အားပါးတရဖွာရှိုက်လိုက်၏။ ပြီးမှ -

"ချောမလို့ဘဲ သူငယ်ချင်း။ ကုသိုလ်ကံကလေးဖေးမလို့ မေခလာနဲ့တွေ့ပြီး အသက်ရှင်နေတာ"

"ဘယ်လို… ဘယ်လို၊ ဘယ်က မေခလာလဲ"

ဖြစ်ပျက်ပုံကို ဗိုလ်ဇော်ထွန်းက ဇာတ်ကြောင်းပြန်သည်။ ဗိုလ်သန်းအုန်းနှင့်ဒု-အရာခံဗိုလ်တို့သည် စိတ်ဝင်စားစွာ နားထောင်၏။

"ဝတ္ထုဇာတ်လမ်းတစ်ပုဒ်လိုပါပဲလား"

ပြီးသောအခါ ဗိုလ်သန်းအုန်းက မှတ်ချက်ချ၏။

"ဗိုလ်ကြီးကို ကယ်တင်လိုက်တဲ့မိသားစုဟာ ချီးမွမ်းဂုဏ်ပြုစရာပဲ"

ဒုအရာခံဗိုလ်က ဆိုသည်။ ဗိုလ်ဇော်ထွန်းက

"တစ်ခုတော့ မေတ္တာရပ်ခံပါရစေကွာ။ ငါ့ကို ကူညီခဲ့တဲ့မိသားစုအကြောင်းကို သိသင့်သိထိုက်သူတွေကိုသာ အသိပေးဖို့၊ အတတ်နိုင်ဆုံးလျှို့ဝှက်ထားဖို့ မင်းက ဆောင်ရွက်ပေးစေချင်တယ်။ ဒါမှ ငါ့ကိုကူညီတဲ့အတွက် သူတို့ ဒုက္ခမရောက်မှာ"

"စိတ်ချ သူငယ်ချင်း၊ ဒါတွေကို ငါတို့ နားလည်ပါတယ်"

ဗိုလ်သန်းအုန်းက အာမခံသည်။ ထို့နောက် တပ်ခွဲအရာခံဗိုလ်ကို တစ်ဆက်တည်းပြောလိုက်၏။

"ကဲ… ဆရာကြီး၊ ဗိုလ်ကြီးဇော်ထွန်းလည်း နေ့တစ်ဝက်လောက်ခရီးပြင်းနှင်လာခဲ့ရလို့ ဆာလှရောပေါ့။ စားစရာတစ်ခုခု သွားလုပ်ချေဗျာ။ တပ်ရင်းကို သတင်းပို့ရအောင် ဆက်သွယ်ရေးအော်ပရေတာကိုလည်း ကျွန်တော့်ဆီ လွှတ်လိုက်ဦး"

တပ်ခွဲအရာခံဗိုလ် ထွက်သွားသောအခါ "ငါ့အတွက် ဘယ်လိုအစီအစဉ်ရှိတယ်ဆိုတာ မင်းပြောပြနိုင်မှာပေါ့" ဟု ဗိုလ်ဇော်ထွန်းက မေးသည်။

"မင်းကိုတွေ့ရင်… အဲ… အရှင်ဖြစ်ဖြစ်၊ အသေဖြစ်ဖြစ်ပေါ့ကွာ… ဟဲ…ဟဲဟဲ…၊ နီးရာတပ်စခန်းမှာထားပြီး အမြန်ဆုံးသတင်းပို့ဖို့ မှာထားတယ်။ ဒီသတင်းရတာနဲ့ ရဟတ်ယာဉ် လွှတ်ပေးလိမ့်မယ်ထင်တယ်။ ငါလည်း အခုပဲ သတင်းပို့တော့မှာပါ။ ငါထင်တယ်လေ၊ မင်း လားရှိုးပြန်ဖို့ကတော့ မနက်ဖြန်လောက်မှဖြစ်မှာပဲ"

ဘယ်တတ်နိုင်မလဲဆိုသောသဘောဖြင့် ဗိုလ်ဇော်ထွန်းက ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။ ဗိုလ်သန်းအုန်းက သဘောကျစွာရယ်သည်။ ထို့နောက်

"ဖြည်းဖြည်းပေါ့ကွာ၊ မင်းကို လေဆိပ် လိုက်ပို့တဲ့မမကို တွေ့ရတော့မှာပါ။ သိပ်မလောပါနဲ့။ တောထဲမှာ ကိုးလဆယ်လနေနေရတဲ့တို့ကို ကိုယ်ချင်းစာပါဦး" ဟု သူ့အတွေးနှင့်သူ ပြောလိုက်၏။

www.burmeseclassic.com

 www.burmeseclassic.com 

သည်တော့မှ မေကြည်ငြိမ်းကို ဗိုလ်ဇော်ထွန်း သတိရတော့၏။ စင်စစ် သည်တစ်နေ့လုံး သူ့အတွေးအိမ်ကို စိုးမိုးနေသူမှာ နန်းလောဝ်ခမ်းသာတည်း။ သူ့မျက်စိထဲ တစ္ဆဲမက်မက်မြင်နေသည်မှာ ခွဲခွာခါနီး စပါးကျီအဝတွင် ကပိုကရိုရပ်လျက် ညှိုးလျှစွာ ကြည့်နေရှာသော မျက်နှာကလေးပင်တည်း။

၆

လားရှိုးသို့ ဗိုလ်ဇော်ထွန်း ပြန်ရောက်သောအခါ လေတပ်ဆွယ်၌ ဗိုလ်ကြီးတင်ဦးနှင့် ဆရာကြည်ဝင်းတို့ကို မတွေ့ရတော့ချေ။ သူတို့အစား နောက်တစ်ဖွဲ့ရောက်နေသည်။ ဗိုလ်ကြီးတင်ဦးတို့က ရှမ်းတဲပြန်သွားကြပြီ။ ဗိုလ်ဇော်ထွန်းလည်း ရှမ်းတဲပြန်ရမည်ပင်။ မပြန်ခင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်တွင် အစီရင်ခံရသဖြင့် လားရှိုးတွင် ရက်အနည်းငယ် သောင်တင်နေသည်။

သည်ရက်အတွင်း စစ်ဆေးရုံတက်နေသော ဆေးတပ်ကြပ်ကြီးကို သွားတွေ့ဖြစ်သည်။ သူ့ကိုမြင်သောအခါ ဆေးတပ်ကြပ်ကြီး၏မျက်နှာမှာ ဝင်းလက်သွားသည်။ ခုတင်ထက်မှဆင်း၍ လှိုက်လှဲဝမ်းသာစွာ နှုတ်ဆက်သည်။ ပတ်တီးစီးထားသော ဘယ်လက်ကို ပခုံးသိုင်းထားသည်။

"ဗိုလ်ကြီး ပျောက်နေတုန်းက ဗိုလ်ကြီးအတွက် တစ်နေ့မှ စိတ်မအေး ပါဘူး။ တစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်သွားမှာကို စိုးရိမ်နေမိတယ်။ ဗိုလ်ကြီး ဘာမှမဖြစ်ပါစေနဲ့လို့ ညအိပ်ရာဝင်တိုင်း ဆုတောင်းနေတာပါ။ ဗိုလ်ကြီးက ကျွန်တော့်အသက်သခင် မဟုတ်လား။ ကျွန်တော့်မှာ ဗိုလ်ကြီးပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

ထိုညနေက အဖြစ်အပျက်ကို ပြန်တွေးကာ ဆေးတပ်ကြပ်ကြီးက ပြော၏။

"ကျွန်တော်တို့လည်း ဗိုလ်ကြီး မီလာနီး မီလာနီးနဲ့ တစ်ညလုံး ခရီးပြင်းနှင်လာလိုက်တာ နောက်နေ့မနက် ရှစ်နာရီလောက်မှ မန်ကပ် ရောက်တော့တယ်။ လူနာကြောင့် ခရီးမတွင်တဲ့အပြင် ဗိုလ်ကြီးကို စောင့်လိုက်၊ အရပ်သားတွေရှိနိုင်တဲ့နေရာတွေကို ရှောင်လိုက်နဲ့မို့ ဒီလောက် ကြာသွားတာ။ လွတ်မြောက်ပေမယ့် ဘယ်သူမှ မပျော်နိုင်ကြပါဘူး။ ဗိုလ်ကြီးကျန်ရစ်လို့ စိတ်မကောင်းဖြစ်ပြီး အားလုံးမှိုင်နေကြတာပါပဲ"

"ကျွန်တော်ကလည်း ဆရာတို့အတွက် အမျိုးမျိုးတွေးတောပြီး စိတ်ပူ နေရတာပါပဲ။ မန်ကပ်ကို ချောချောမောမော ဖြောင့်ဖြောင့်ဖြူးဖြူး ရောက်သွားလိမ့်မယ်လို့မှ မထင်ဘဲကိုး။ ကျွန်တော့်လို ဟိုချိုးတိုး ဒီချိုးတိုးနဲ့ တဝဲလည်လည် ဖြစ်နေလိမ့်မယ်ထင်တာပေါ့။ ဒီလောက်ကောင်းတဲ့ ရှမ်းကွန်ပတ်စ် (Compass) ပါမှန်းသိရင် ဘယ်စိတ်ပူလိမ့်မလဲဗျာ"

ဗိုလ်ဇော်ထွန်းက ရယ်မောချီးမွမ်းသည်။

"ကျွန်တော် နေခဲ့ဖူးတဲ့ဒေသမို့ပါ။ နေရာစိမ်းဆိုရင် ကျွန်တော်လည်း ယောင်ဝါးဝါးနဲ့ တောတိုးနေရမှာပါ"

"ဗိုလ်ကြီးဇော်ထွန်း"

ဆေးတပ်ကြပ်ကြီးနှင့် စကားကောင်းနေစဉ် နောက်ကျောဆီမှ ခေါ်သံ ကြားသည်။ လှည့်ကြည့်လိုက်ရာ သူ့ထံလျှောက်လာနေသော ဗိုလ်မှူးကျော်သူ ကို တွေ့သည်။

"ဗိုလ်မှူး ဘယ်တုံးကပြောင်းလာသလဲ"

ဗိုလ်ဇော်ထွန်းက အံ့လေးပြုံးရင်းမေးသည်။

"လွန်ခဲ့တဲ့တစ်ပတ်ကျော်ကျော်လောက်က ဆိုပါတော့"

ဗိုလ်မှူးကျော်သူက ဖြေသည်။ ပတ်ဝန်းကျင်ကို မသိမသာ မျက်စိဝေ့ ကစားလိုက်ပြီး "ဗိုလ်ကြီး အားသလား။ အချိန်ပေးနိုင်ရင် ကျွန်တော့် ရုံးခန်းကို ခဏလိုက်ခဲ့ပါလား" ဟု ဖိတ်ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ဗိုလ်မှူး။ ကျွန်တော် အားနေတာပဲ"

▣ ▣ ▣

ဗိုလ်မှူးကျော်သူသည် ဆေးပညာကျမ်းစာအုပ်များ ထည့်ထားသော မှန်ဗီရိုပေါ်မှ ဓာတ်ဘူးကိုယူကာ ကော်ဖီငှဲ၍။ ကော်ဖီပန်းကန်ကို ဗိုလ်ဇော်ထွန်းရှေ့ ချပေးသည်။

"သောက်ပါ"

စားပွဲနောက်ရှိ ကုလားထိုင်တွင် ဗိုလ်မှူးပြန်ထိုင်သည်။ အံဆွဲထဲမှ စီးကရက်ဘူးကိုထုတ်ကာ တစ်လိပ်မီးညှိသည်။ ပြီး… စီးကရက်ဘူးနှင့် မီးခြစ်ကို ဗိုလ်ဇော်ထွန်းအနီး ချပေးသည်။

ဆယ့်ငါးစက္ကန့်မျှ ကြာသွားသည်။ ဗိုလ်ဇော်ထွန်းက ကော်ဖီပန်းကန် ကို မထိသေးသလို ဗိုလ်မှူးကျော်သူကလည်း စီးကရက်ကို တွင်တွင်သာ ရှိုက်ဖွာနေသည်။ ခဏကြာမှ ဗိုလ်မှူးကျော်သူက စီးကရက်ပြာတောင့်ကို ပြာခွက်ထဲ ခြွေချလိုက်ပြီး –

"ဆရာမ ဖုန်းဆက်တယ်"

"ဗျာ…ဆရာမ…"

"ဆရာမဒေါ်မေကြည်ငြိမ်းလေ"

"သြော်…"

နန်းလောဝ်ခမ်းကိုသာ ဗိုလ်ဇော်ထွန်းက ဆရာမဟုခေါ်သည်။ ထို့ကြောင့် ရုတ်တရက်ကြောင်သွားရသည်။ ဗိုလ်မှူးထပ်ပြောမှ ရှင်းသည်။

"သုံးခါတိတိ ဆက်တယ်။ ဗိုလ်ကြီးသတင်းကို မေးမြန်းတာပဲ ဆိုပါတော့။ ဆရာမခမျာ ဗိုလ်ကြီးအတွက် အတော့်ကို သောကရောက်နေ ရပါတယ်"



ဗိုလ်မှူးကျော်သူ့အသံမှာ ခြောက်ကပ်နေသည်။ နှလုံးသား အက်သံပါသောအသံ။ မျက်လုံးတွေကလည်း ရီဝေဝေ။

"ဗိုလ်ကြီး ပြန်ရောက်လာတယ်ဆိုတာ ဆရာမသိရင် သိပ်ဝမ်းသာ ရှာမှာပဲ။ ဆရာမခံစားနေရတဲ့ သောကဝေဒနာတွေဟာ ယူပစ်လိုက်သလို ချက်ချင်းပျောက်ကင်းသွားမယ်ဆိုတာ ကျွန်တော်သိတယ်။ ဆရာမ စိတ် ချမ်းသာတာကို ကျွန်တော်မြင်ချင်ပါတယ်။ တကယ်ပါ…"

ဗိုလ်မှူးကျော်သူက စီးကရက်ရှည်ကို နှစ်ဖွာသုံးဖွာရှိုက်ဖွာပြီး ပြာခွက် ထဲ ထိုးချေသည်။ ဗိုလ်မှူးသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ဤသို့ပြောရ သနည်း။ ဗိုလ်ဇော်ထွန်းသည် နားထောင်ရင်း စဉ်းစားနေသည်။ ဗိုလ်မှူးက ဆက်ပြောပြန်သည်။

"ဗိုလ်ကြီးရဲ့သတင်း ထူးခြားတာနဲ့ဖုန်းဆက်ဖို့ ဆရာမက မှာထား တယ်။ ကျွန်တော်လည်း မနေ့ညကမှ ဗျူဟာမှူးနဲ့ ကွမ်းလုံဘက်က ပြန်ရောက်တာဆိုတော့ ဒီနေ့မှ ဖုန်းဆက်အကြောင်းကြားရမယ်"

"ကောင်းပါတယ် ဗိုလ်မှူး။ ဒါဆို မမငြိမ်း စိတ်အေးရတာပေါ့"

ဗိုလ်ဇော်ထွန်းက အလိုက်အထိုက်ပြောသည်။

"ဗိုလ်ကြီးကိုယ်တိုင်ကလည်း ဆရာမဆီဆက်ဖို့ ကျွန်တော်တိုက်တွန်း ချင်တယ်။ ကျွန်တော်က သတင်းကောင်းပေးတာထက် ကာယကံရှင် ဗိုလ်ကြီးနဲ့ တိုက်ရိုက်ပြောလိုက်ရတာက ဆရာမရဲ့ဆန္ဒကို အပြည့်အဝ ဖြည့်ဆည်းပေးရာရောက်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

ဗိုလ်ဇော်ထွန်းက ဗိုလ်မှူးကျော်သူ့မျက်နှာကို စူးစူးစမ်းစမ်း ကြည့် သည်။ တိကျသော အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ဦးနှောက်ထဲတွင် မရပ်မနား အလုပ်လုပ်နေသည်။ ဗိုလ်မှူး၏ခံစားချက်နှင့် သံသယကို တိုင်းရင်းသား ဘွဲ့ညနှင့်ပေါင်းစပ်၍ မြင်လာသလိုလိုရှိသည်။ ပြက်ပြက်ထင်ထင်တော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေး။ ရေးတေးတေးမျှသာ။ မည်သို့ဆိုစေ "ကျွန်တော် ဆက်ပါ့မယ်" ဟု အာမဘာန္တေခံလိုက်သည်။

ခဏာတဖြုတ် စကားစမြည်ပြောပြီးနောက် ဗိုလ်ဇော်ထွန်းက ပြန်ရန် နှုတ်ဆက်သည်။

ရုံးခန်းထဲမှ ထွက်လုလုတွင် -

"ဗိုလ်ကြီးက ဆရာမရဲ့ဝမ်းကွဲဆို"

ကောက်ခါငင်ခါ မေးသည်။ အဆက်အစပ်ကင်းမဲ့သော မေးခွန်း ဖြစ်သဖြင့် ဗိုလ်ဇော်ထွန်း အံ့အားသင့်မိသည်။

"ဗိုလ်မှူးကို ဘယ်သူပြောသလဲ။ ကျွန်တော်တို့ ဘာမှမတော်ပါဘူး။ ငယ်ငယ်ကတည်းက မောင်နှမအရင်းလိုနေလာကြ၊ သံယောဇဉ်ရှိလာကြတာပါ။ ဒီတော့ ဝမ်းကွဲဆွေမျိုးဆိုလည်း ဆိုနိုင်ပါတယ်"

အမှန်ကို ဖြေဖြစ်သည်။ ဗိုလ်မှူးကျော်သူ့မျက်နှာ မသိမသာ ညှိုးသွားသည်။

ဤတွင် စောစောက ရေးတေးတေးဖြစ်နေသော ဗိုလ်ဇော်ထွန်း၏ တွေးဆချက်သည် ထင်ထင်ရှားရှားဖြစ်လာသည်။ ဗိုလ်မှူး၏ အနေအထား နှင့်ခံစားချက်ကို သဘောပေါက်သွားသည်။

◙ ◙ ◙

"အို…ဗိုလ်ကြီး"

သွေးဆုတ်ဖြူလျော်ကာ မျက်လုံးကလေးဝိုင်းစက်သွားသော နန်းဗိုလ်လှိုင်းကို ဗိုလ်ဇော်ထွန်းက ပြုံးပြုံးကြီးကြည့်နေသည်။

"တမင်လာခြောက်တာ မဟုတ်ပါဘူးနော်။ တကယ့်လူပါ"

"ဟို…ဟို…ဘယ်လိုပြောရမလဲ။ နန်းလေ…သိပ်ကို အံ့အားသင့်သွားတယ်ဗိုလ်ကြီး။ အဲ…အဲဒါကြောင့်"



ဗိုလ်ဇော်ထွန်း ပျောက်နေခဲ့သည်မှာ နှစ်ပတ်ကျော်ခဲ့ပြီ။ သည်လောက် အချိန်ကြာလာတော့ တွေ့လိုတွေ့ငြား မျှော်လင့်ချက်ကို စိတ်မကောင်းစွာ လျှော့ချထားခဲ့သည်။ အကောင်းထက် အဆိုးဘက်ကို စိတ်တွက်ဆမှု အလေးသာနေချိန်။ ရုံးခန်းမှာ ဧည့်သည်တစ်ယောက်ရောက်နေသည်ဟု လာပြော၍ စာသင်ခန်းမှ ထွက်လာခဲ့သည်။ သည်တွင် လုံးဝတွေးထင် မျှော်လင့်မထားသူကို ဖြုန်းစားကြီးတွေ့လိုက်ရပေရာ အဘယ်မှာလျှင် နန်းဗိုလ်လှိုင်း မအံ့သြဘဲရှိမည်နည်း။ သေရာမှထလာသူကို မြင်လိုက်ရဘိ သကဲ့သို့ နန်းဗိုလ်လှိုင်း၏ ရုတ်ခြည်းအံ့အားသင့်မှုမှာ အခေါင်အထွတ် ပါတည်း။

ဝမ်းသာမှုသည် ယင်းအံ့အားသင့်မှု၏ နောက်ကွယ်မှကပ်ပါလာ သည်။ ပါးအိုနီနီတွင် ပါးချိုင့်ကလေးထင်လာသည်အထိ နှစ်ခြိုက်စွာပြုံးကာ "ခုမှပဲ စိတ်ချမ်းသာရတော့တယ်ရှင်" ဟု ဆိုလေသည်။ ထို့နောက် ဗိုလ်ဇော်ထွန်း၏အဖြစ်အပျက်ကို မေးသည်။ ဗိုလ်ဇော်ထွန်းက နန်းလောဝ်ခမ်းအမည်မပါဘဲ မယုတ်မလွန် ပြောသည်။

"နန်း…ကျွန်တော့်ကို ဆန်ခေါက်ဆွဲကျွေးဦးမယ်နော်"

"အို…ဟုတ်သားပဲ၊ ကျွေးမယ်လေ။ ကျွေးချင်လို့ ဖိတ်တာပဲဟာကို" ဟု နန်းဗိုလ်လှိုင်းက ရယ်သံလွင်လွင်ကလေးဖြင့် ပြောသည်။ တစ်ဆက် တည်းပင် "အဲဒီညနေကပေါ့၊ ဗိုလ်ကြီးတို့ မလာ…မလာနဲ့ စောင့်နေတာ။ ဆော်တော့်ကို အချိန်လွန်မှ တပ်ခွဲကို ဖုန်းဆက်မေးကြည့်တော့မှ ဗိုလ်ကြီးခင်မောင်မြင့်က ပြောလို့သိရတာ။ အိုလေ…နန်းဖြင့် ကြားရတာ သုံးတောင် မယုံချင်ပါဘူး။ နန်းက ပျော်ပျော်ပါးပါးစားကြဖို့ ဖိတ်ထားကာမှ အဖြစ်ဆိုးနဲ့ကြုံရတယ်လို့ စိတ်မကောင်းတာနဲ့ နန်းလည်း ဘယ်သူ့မှ မကျွေး တော့ဘူး။ အစီအစဉ်တွေ အကုန်ပျက်ပြီး အိပ်ရာထဲ ဝင်ခွေနေလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်ရလေ နန်းရယ်။ မုန့်တွေ အလကားဖြစ်ကုန်မှာပေါ့''

''ဖြစ်ဖြစ်လေ…ဒီလောက်တန်ဖိုးကို ဂရုစိုက်မနေနိုင်ပါဘူး။ ကိုယ် ဦးစားပေးဖိတ်ထားတဲ့ ဧည့်သည်တွေက သေမလား၊ ရှင်မလားမသိ။ အတိ ဒုက္ခရောက်နေချိန်မှာ နန်းက ပျော်နေရမှာလား''

''ကဲပါ…ခုတော့ ပျော်နိုင်ပါပြီ။ မထားကိုလည်း အကျိုးအကြောင်း ပြောပြလိုက်ပါဦး''

''ပြောမှာပါ၊ သူလည်း ဝမ်းသာမှာပဲ။ ဒါနဲ့…ဗိုလ်ကြီး ဆန်ခေါက်ဆွဲ စားမယ်ဆို၊ နန်း အသင့်လုပ်ထားပေးမယ်။ ဘယ်တော့လာမှာလဲ ပြော…''

နန်းဝိုလ်လှိုင်းက မျှော်လင့်ချက်ကလေးဖြင့် မေးသည်။

''လောလောဆယ်တော့ မလာနိုင်သေးပါဘူးနန်းရယ်။ ကျွန်တော့်မှာ နောက်ဆက်တွဲလုပ်စရာတွေ အများကြီးရှိနေသေးတယ်။ မနက်ဖြန် ရှမ်းတဲ ပြန်ရမယ်။ လားရှိုးထဲမသွားနိုင်လောက်အောင်ကိုပဲ အလုပ်ရှုပ်နေလို့ ကျောင်းကို လာနှုတ်ဆက်တာ''

''သြော်…''

စကားသံ ခေတ္တငြိမ်သွားသည်။ ကျောင်းသူကျောင်းသား ကလေး တွေ၏ စာအံသံသည် ညံညံစာစာလွင့်ပျံလာ၏။

''နန်း''

''ရှင်…ဗိုလ်ကြီး''

''ကျွန်တော့်ကို တစ်ခုကူညီပါလား''

''ဘာများလဲ ဗိုလ်ကြီးရယ်''

ဗိုလ်ဇော်ထွန်းက ချက်ချင်းမပြောသေး။ ပြောသင့်၊ မပြောသင့် ချိန်ဆ နေသည်။ နန်းဝိုလ်လှိုင်းသည် ထွေပြားသောအတွေးဖြင့် စောင့်နေပေသည်။

''နန်းသူငယ်ချင်း ဆရာမနန်းလောဝ်ခမ်းလာရင်လေ…''

''ဟင်…လောဝ်ခမ်းနဲ့သိတယ်''



ဗိုလ်ဇော်ထွန်း စကားမဆုံးခင် နန်းဝိုလ်လှိုင်အား [illegible] ရှော့ကြည့် သည်။ ဗိုလ်ဇော်ထွန်းက ခေါင်းညိတ်သည်။ မိနစ်ပိုင်းအတွင်း နန်းဝိုလ်လှိုင်း ၏ ဒုတိယအကြိမ် အံ့အားသင့်မှုပါတည်း။

ဘယ်တုန်းကသိကျွမ်းသည်ကို မေးသည်။ ''နန်းလောဝ်ခမ်းကိုသာ မေးကြည့်ပါတော့'' ဟု ဗိုလ်ဇော်ထွန်းကပြောသည်။ ထိုအခါ နန်းဝိုလ်လှိုင်း သည် သက်ပြင်းတစ်ချက်ချလိုက်ရင်း -

''ကဲ…ဒါဖြင့် လောဝ်ခမ်းလာရင် ဘာလုပ်ပေးရမလဲ ပြော''

''ကျွန်တော် ခွင့်တစ်လယူပြီး အမြန်ဆုံးလာတွေ့မယ်ဆိုတာ ပြောပေး ပါ။ ဒီရက်အတွင်း စာလည်းရေးလိုက်ပါ့မယ်လို့''

''စိတ်ချပါ နန်း သေသေချာချာကို ပြောပေးလိုက်ပါ့မယ်''

နန်းဝိုလ်လှိုင်းသည် ပဟေဠိတစ်ပုဒ်ထားသွားသော ဗိုလ်ဇော်ထွန်းကို အလေးအနက် ကတိပေးလိုက်၏။

၇

ရှမ်းတဲတွင် ဗိုလ်ဇော်ထွန်း၏မိဘများ စောင့်နေကြသည်။

ရဟတ်ယာဉ်ပျက်ကျသဖြင့် ဗိုလ်ဇော်ထွန်း ပျောက်ဆုံးနေသော သတင်းကြားကတည်းက အိမ်ကို ဦးဝင်းငြိမ်းထံအပ်နှံထားကာ လိုက်လာခဲ့ ခြင်းပင်။ ဒေါ်တင်မေက လားရှိုးလိုက်မည် တကဲကဲလုပ်သည်။ အကြောင်း မထူးဘဲ လိုက်သွားလျှင် ပင်ပန်းရုံရှိမည်။ ကိုယ့်အတွက် တပ်မှာ အလုပ်ရှုပ် မည်ဟု ဦးခင်စိုးတားသည်။ ဗိုလ်ဇော်ထွန်းတို့အုပ်မှူးကလည်း ရှမ်းတဲ မှပင်စောင့်ရန် အကြံပေးသည်။ စစ်ကြောင်းတွေထိုး၍ ရှာနေကြောင်း၊ ရန်သူ့လက်ထဲ အဖမ်းခံရသောသတင်းလည်း မကြားရကြောင်း၊ တစ်စုံတစ်ခု ဆုံးလျှင် လေတပ်ဆွယ်က သတင်းပို့လိမ့်မည်ဖြစ်ကြောင်း၊ လိုအပ်ပါက

www.burmeseclassic.com

www.burmeseclassic.com

အမြန်ဆုံးလိုက်သွားနိုင်အောင် စီစဉ်ပေးမှာဖြစ်ကြောင်း ပြောသည်။ သို့ဖြင့် ရှမ်းတဲလေတပ်စခန်းမှပင် စောင့်နေကြရသည်။

ရက်တွေကြာလာသည်နှင့်အမျှ ဒေါ်တင်မေ အားလျော့လာသည်။ တစ်ဦးတည်းသောသားဖြစ်၍ ပရိဒေဝမီးလောင်မြိုက်ခြင်းကို ပူလောင်ပြင်းပြစွာ ခံစားရသည်။ ကျဆုံးပြီဟု သေချာစွာ မပြောနိုင်သေးသဖြင့် ရင်ထဲက အပူလုံးကို အပြင်သို့ လွှတ်လွှတ်ကျွတ်ကျွတ်မထုတ်ရဲ။ ကြိတ်ပြီးခံစားနေရသောကြောင့် ပိုဆိုးသည်။ ယောက်ျားရင့်မာကြီးဖြစ်သော ဦးခင်စိုးပင် ကြာတော့ တင်းမထားနိုင်။ ဆက်ဟန်မဆောင်နိုင်။ မှုပျက်လာသည်။ စိတ်လျှော့လာသည်။ မျှော်လင့်ချက်ကုန်ဆုံးပါပြီဟု စိတ်တုံးတုံးချသည်။

သည်အချိန်မှာပင် ဗိုလ်ဇော်ထွန်းကို အသက်ရှင်လျက်တွေ့ပြီဟု သတင်းကောင်းရောက်လာခြင်းဖြစ်၏။

ဦးခင်စိုးနှင့်ဒေါ်တင်မေသည် မျှော်လင့်တောင့်တနေသော သတင်းပင် ဖြစ်လင့်ကစား ပထမ သူတို့နားကို သူတို့မယုံမိ။ နောက်တော့မှ လင်မယား နှစ်ယောက်လုံး မျက်ရည်လည်မိအောင်ပင် ဝမ်းပန်းတသာဖြစ်ကြရသည်။ လားရှိုးသို့ မဆိုင်းမတွ ထလိုက်သွားချင်သည်။ သို့သော် ဗိုလ်ဇော်ထွန်း မှာလည်း ရှမ်းတဲသို့ ပြန်လာမည်ဖြစ်သောကြောင့် စောင့်လက်စနှင့် ဆက်စောင့် နေကြရသည်။ သားကို တွေ့မြင်ချင်ဇောက အားကြီးနေသဖြင့် ဗိုလ်ဇော်ထွန်းရောက်မလာခင် တစ်ရက်နှစ်ရက်ကိုမဆိုနှင့် တစ်စက္ကန့် တစ်မိနစ် တစ်နာရီကိုပင် ဒေါ်တင်မေ့စိတ်ထဲမှာ ကုန်ခဲလှဘိ။

သတင်းရပြီး နှစ်ရက်ကြာမှ ဗိုလ်ဇော်ထွန်း ရှမ်းတဲရောက်သည်။ တွေ့တွေ့ချင်း ဒေါ်တင်မေက သားကိုဖက်၍ငိုသည်။ ဗိုလ်ဇော်ထွန်းလည်း မျက်ရည်ရစ်ဝဲသည်။ ဦးခင်စိုးသည် သားအမိနှစ်ယောက်၏ ဖြစ်အင်ကို ကြည့်ကာ ဝမ်းသာဝမ်းနည်းခံစားရသည်။



ဘဝတူ လေသူရဲတွေ၊ ရဲဘော်ရဲဘက်တွေ ဗိုလ်ဇော်ထွန်းကို လာရောက် နှုတ်ဆက်ကြသည်။ ဗိုလ်ကြီးတင်ဦးနှင့် ဆရာကြည်ဝင်းတို့က ရှေ့ဆုံးမှ။ သွေးသောက်ရဲဘော်တစ်ယောက် အန္တရာယ်တောမှ လွတ်မြောက်လာသဖြင့် ဝမ်းသာကြသည်။ လူနာနှင့်မိမိအဖွဲ့ ဆုတ်ခွာချိန်ရအောင် စွန့်လွှတ်အနစ်နာ ခံသော ဗိုလ်ဇော်ထွန်းကို အထက်လူကြီးများက ချီးမွမ်းသည်။ သတင်းပို့စရာရှိသည်ကို သတင်းပို့၊ အစီရင်ခံစရာရှိသည်ကို အစီရင်ခံ၊ နှုတ်ဆက် သတင်းမေးလာသူများကို ဧည့်ခံနှင့် ညနေစောင်းမှ မိသားစု အေးအေး ဆေးဆေး စကားပြောချိန်ရသည်။

ဗိုလ်ဇော်ထွန်းက သူ့အတွေ့အကြုံကို အသေးစိတ်ပြောပြသည်။ ရဟတ်ယာဉ်ပျက်ကျသည်မှ လွတ်မြောက်လာသည်အထိ။ နန်းလောဝ်ခမ်း အပေါ်ထားရှိသော သူ့မေတ္တာကိုမူ ခြွင်းချန်ထားရစ်ခဲ့ရသည်။ ဦးခင်စိုးနှင့် ဒေါ်တင်မေသည် အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် နားထောင်သည်။

သူ့သား ကုသိုလ်ကံကောင်းသည်ဟု ဒေါ်တင်မေက မှတ်ချက်ချသည်။ ဦးထွန်းလုံတို့မိသားစု၏ စေတနာနှင့်စွန့်စားမှုကို အလေးအနက် အသိအမှတ်ပြုရမည်ဟု ဦးခင်စိုးက ထောက်ပြသည်။ မိန်းကလေးတန်မဲ့ စွန့်စားကူညီဝံ့သော နန်းလောဝ်ခမ်း၏သတ္တိကို ချီးမွမ်းသည်။ ထိုအခါ ဒေါ်တင်မေက ဦးထွန်းလုံတို့ကျေးဇူး ကြီးလှသည်။ အကြောင်းသင့်လျှင် ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ရမည်ဟုဆိုသည်။

◙ ◙ ◙

''ငြိမ်းငြိမ်းခများ သားအတွက် သိပ်စိတ်ပူနေရှာတာ''

ညစာစားပြီးချိန်တွင် မေကြည်ငြိမ်းထံ ဖုန်းဆက်ဖို့ ဒေါ်တင်မေက တိုက်တွန်းသည်။ ဦးခင်စိုးကလည်း ''သား ပြန်ရောက်ပြီဆိုတဲ့ သတင်း

www.burmeseclassic.com

www.burmeseclassic.com

ကြားကတည်းက ဖေဖေတို့ ဖုန်းဆက် ပြောထားပြီးသားပါ။ ဒါပေမယ့် သားကိုယ်တိုင်ပြောတော့ ကလေးမလေး ဝမ်းသာရှာမှာပေါ့။ သူက မင်းအပေါ် သိပ်သံယောဇဉ်ကြီးတာ'' ဟု ပြောပြန်သည်။ ဗိုလ်မှူးကျော်သူ ကလည်း ဖုန်းဆက်ရန် ပြောခဲ့ဖူးသည်။ သို့ဖြင့် မေကြည်ငြိမ်းထံ ဖုန်းဆက် ဖြစ်သွားသည်။

''ကိုဇော်လား…အမယ်လေး…ဝမ်းသာလိုက်တာ ကိုဇော်ရယ် ကိုဇော့်အသံကြားမှပဲ မငြိမ်း စိတ်အေးရတော့တယ်။ ဦးနဲ့ဗိုလ်မှူးတို့က သတင်းကောင်းပေးပါတယ်။ မငြိမ်းကို စိတ်ချမ်းသာအောင် ပြောတာ လားလို့ သံသယဝင်မိသေးတယ်။ ကိုဇော်သာ တကယ်ပြန်ရောက်ရိုးမှန်ရင် မငြိမ်းဆီကို မုချ ဖုန်းဆက်မှာပဲဆိုပြီး ရင်တထိတ်ထိတ်နဲ့ ကြိတ်ပျော်နေတာ ကိုဇော်ရဲ့''

မေကြည်ငြိမ်းက မြူးမြူးကြွကြွပြောလေ၏။ မေကြည်ငြိမ်း၏ ဝမ်းသာ ကြည်နူးမှုသည် ဘဝင်တိုင်လိမ့်မည်ဟု ဗိုလ်ဇော်ထွန်းထင်၏။ ဖုန်းပြောရင် ပြုံးချိုရွှင်လန်းနေမည့် မေကြည်ငြိမ်း၏ ရုပ်ပုံလွှာကို စိတ်ကူးပုံဖော်ကြည့် နေမိသည်။

''ကိုဇော် ရဟတ်ယာဉ်ပျက်ကျပြီး ပျောက်ဆုံးနေတဲ့သတင်း ကြား တော့ မငြိမ်းက ဌာနမှာလေ။ ကြားကြားချင်း မငြိမ်းခေါင်းထဲမှာ မိုက်ခနဲမူးပြီး သတိလစ်သွားခဲ့တယ်။ တင်တင်ဝင်းနဲ့ တပည့်မကလေးတွေ ဝိုင်းပြီးပြုစုယူရတယ်။ အဲဒီနေ့က မငြိမ်း ကျောင်းဆက်မတက်နိုင်တော့ ပါဘူး''

''ဪ…မငြိမ်းရယ်'' ဟု စိတ်မကောင်းစွာ ညည်းတွားမိလေ သည်။ သူ့အား ရစ်ပတ်နှောင်တည်းထားသော မေကြည်ငြိမ်း၏ သံယောဇဉ် ကြိုးကို ယခင်ကပင် ဗိုလ်ဇော်ထွန်း ရိပ်မိခဲ့သည်။ သို့သော် သည်မျှ ခိုင်မြဲလိမ့်မည်ဟု မဆန်းစစ်ခဲ့မိရိုးအမှန်။



ခက်သည်က သူ့စိတ်။ မေကြည်ငြိမ်းအလိုနှင့် လိုက်လျောညီထွေ အောင် သူ့စိတ်ကိုပြောင်းလဲဖို့ ကြိုးစားကြည့်ခဲ့ဖူးသည်။ မရ။ သူ့စိတ်ထဲ မှာတော့ မေကြည်ငြိမ်းသည် အစ်မတစ်ယောက်သာတည့်။

## ၈

အနားယူရန် ခွင့်ရက်ရှည်ယူပြီး လာခဲ့ပါဦးမည်ဟု ဦးခင်စိုးနှင့် ဒေါ်တင်မေတို့ကို ဗိုလ်ဇော်ထွန်းက မှာလိုက်သည်။

တစ်လနီးပါးခန့် ကြာသောအခါ ခွင့်ရသည်။ ရရချင်း မဆိုင်းမတွ ထွက်လာခဲ့သည်။ ခွင့်ခရီး၏ ပထမပိုင်းသည် ရန်ကုန်သို့ ဦးမတည်။ လားရှိုးသို့ ဦးတည်၏။ လားရှိုးတွင် ရက်အနည်းငယ်နေပြီးမှ ရန်ကုန်ဆင်းရန် ရည်ရွယ်ထား၏။

ဗိုလ်ဇော်ထွန်းသည် နန်းလောဝ်ခမ်းနှင့်တွေ့ရမည်ကို မျှော်တွေးကာ အပျော်ကြီးပျော်နေ၏။ တငြိမ့်ငြိမ့်ခုတ်မောင်းလျက်ရှိသော မီးရထားနှင့် လိုက်ပါလာရင်း ခရီးဆုံးတွင် တွေ့ကြုံရမည့် စိတ်ကူးယဉ်ကမ္ဘာလေးကို တည်ဆောက်ခဲ့သည်။ လားရှိုးနှင့်နီးလာလေ…ရင်ခုန်သံ မြန်လာလေ။

မိန်းမပျိုတစ်ယောက်အတွက် ဤသို့ခံစားရခြင်းသည် သူ့ဘဝတွင် ပထမဆုံးအကြိမ်။ ယခင်က ဘယ်မိန်းမပျိုကမှ နန်းလောဝ်ခမ်းလောက် သူ့ရင်ကို မလှုပ်ရှားစေခဲ့။ ဒါကို သတ္တုချကြည့်လိုက်သောအခါ သူ့စိတ်သည် နန်းလောဝ်ခမ်းအပေါ်တွင် တိမ်းညွတ်နေပြီဟူသော အဖြေက ထင်းထင်း ပေါ်နေသည်။

ဗိုလ်ဇော်ထွန်း၏ ပထမဆုံးအချစ်ပါတည်း။

နန်းလောဝ်ခမ်းနှင့် သည်တစ်ခါတွေ့လျှင် မေတ္တာတေး သီကြွေးပြ လိုက်မည်ဟု ဗိုလ်ဇော်ထွန်း အားခဲလာသည်။ တကယ်တော့ နန်းလောဝ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့စာကိုရလျှင်ပင် သူသဘောထားကို ရိုးတိုးရိပ်တိတ် ဖမ်းယူနိုင်လောက်သည်။ ခွင့်ရက်ရှည် စတင်တောင်းခံစဉ်ကတည်းက နန်းလော်ခမ်းထံသို့ တာရာသီဂီကိုတွေ့ဆုံရန် လာမည့်အကြောင်း၊ ပြောစရာစကားတွေရင်နှင့်အပြည့်ရှိနေကြောင်း ကြိုတင်စာရေးထားပြီးပြီ။

သူ့စာကို ဗိုလ်ဇော်ထွန်း မှတ်မိနေသေးသည်။

*"ဆရာမရဲ့ ရဲဝံ့ပြတ်သားမှုနဲ့ တိုင်းရင်းသားကောင်းစားရေးအတွက် ဆောင်ရွက်ပေးလိုတဲ့ဆန္ဒတွေကို ကျွန်တော် လေးစားပါတယ်။ နောင်ငူခြံမှာ ခိုအောင်းနေစဉ်အတောအတွင်း ဆရာမရဲ့ ထူးခြားတဲ့ အရည်အသွေးတွေကို အကဲခတ်နိုင်ခဲ့ပါတယ်။ ဒါတွေကို မြင်တတ်တာကလည်း ဆရာမနဲ့ ကျွန်တော်ဟာ ခံယူချက် တူညီလို့ပဲလို့ ဆိုချင်ပါတယ်။ ဆရာမလို မိန်းမမျိုးကို ခုချိန်အထိ ဆရာမကလွဲလို့ မတွေ့ခဲ့ဖူးသေးပါဘူး"*

*"ရှက်ရှက်နဲ့ဝန်ခံရရင် တာဝန်အရသာ မန်ကပ်ကို ထွက်လာခဲ့ရပေမယ့် ကျွန်တော့်ဆန္ဒအမှန်ကတော့ နောင်ငူခြံမှာ ဆက်နေချင်ပါသေးတယ်။ အနေစုတ်ပေမယ့် စပါးကျီအထပ်ခိုးကလေးဟာ ကျွန်တော့်ရဲ့နိဗ္ဗာန်ဘုံပါပဲ။ ဆရာမနဲ့ နီးနီးကပ်ကပ် နေရတာကို ကျွန်တော် စိတ်ချမ်းသာတယ်၊ ပျော်တယ်။ တစ်ခါတစ်ခါကျရင် ဒဏ်ရာရပြီး ရန်သူ့ဘေးအန္တရာယ်ကပုန်းခိုရှောင်တိမ်းနေရပါလားဆိုတဲ့ အဖြစ်မှန်ကိုမေ့သွားပြီး ချမ်းမြေ့ကြည်နူးစိတ်က စိုးရိမ်ပူပန်ရမယ့်စိတ်ကို ဖုံးလွှမ်းသွားတတ်တယ်။ ဆရာမနဲ့ ထပ်ပြီးဆုံချင်ပါသေးတယ်ဗျာ။ ကျွန်တော်တို့ရေစက်ဟာ သည်မျှနဲ့တင် မကုန်ဆုံးပါစေနဲ့ဦးလို့ ဆုတောင်းရတာ အမောပါပဲ"*

*"ကျွန်တော် ခွင့်တစ်လတင်ထားတယ်။ ခွင့်ရတာနဲ့ ဆရာမဆီကို အပြေးလာခဲ့မယ်။ မောင်းမထုတ်ပါဘူးနော် ဆရာမ"*

ဒါတွေက နန်းလော်ခမ်းကို လှစ်ဟပြသခဲ့သော သူ့ရင်ထဲက ခံစားချက်တွေဖြစ်သည်။ သူလာမည်ဆိုကတည်းက ဘာလို့လာတာလဲဆိုသည်ကို



မိန်းမသားတစ်ယောက်အနေဖြင့် ရိပ်စားသိရှိနိုင်လောက်သည်ဟု ဗိုလ်ဇော်ထွန်း တွက်ဆထားသည်။ ထို့အတူ နန်းရွှေထားနှင့်နန်းဗိုလ်လှိုင်းတို့လည်း သိကြမည်ပင်။

ရွှေစွန်ညိုဝဲကတည်းက မတွေးကိုလိုလို့ဆိုတာ အရှင်းသား။

◙ ◙ ◙

လားရှိုးရောက်သောအခါ ဗိုလ်တင်ထွန်းအောင်တို့အိမ်တွင် တည်းခိုသည်။ ခရီးရောက်မဆိုက်မှာပင် နန်းဗိုလ်လှိုင်းကိုသွားတွေ့သည်။ နန်းလော်ခမ်းနေသောအိမ်ကို ဗိုလ်လှိုင်းအားမေး၍ သွားတွေ့မည်ဟု ကြံရွယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် နန်းဗိုလ်လှိုင်းပြောပြသော စကားတစ်ခွန်းကိုကြားရသောအခါတွင်မူ ဗိုလ်ဇော်ထွန်းတစ်ယောက် အံ့အားအသင့်ကြီး သင့်သွားခဲ့ရသည်။ နန်းဗိုလ်လှိုင်းစကားက နားနားကပ်၍ဖောက်ခွဲလိုက်သော ဗုံးတစ်လုံးနှယ် ပြင်းထန်လှသည်။ သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ခါသွားလုခမန်း။

"ဟုတ်မှဟုတ်ရဲ့လား နန်းရယ်"

မယုံကြည်စိတ်ဖြင့် သေချာအောင်မေးရသည်။

"ဟုတ်ပါတယ် ဗိုလ်ကြီး။ နန်းလော်ခမ်း အလုပ်ကနုတ်ထွက်သွားတာ ရက်ပိုင်းပဲရှိပါသေးတယ်"

နန်းဗိုလ်လှိုင်းလည်း မျက်နှာမသာချေ။ ဗိုလ်ဇော်ထွန်းလည်း ငိုင်ကျသွားသည်။ မျှော်လင့်တကြီး အားသွန်ပြေးလာသူကို ပန်းတိုင်ရောက်ခါမှ ရင်ဝဆောင့်အကန်ခံလိုက်ရဘိသကဲ့သို့ ဘာတစ်ခုမှ ပြောချင်ဆိုချင်စိတ်မရှိပြီ။ နန်းဗိုလ်လှိုင်းလည်း ဗိုလ်ဇော်ထွန်းဖြစ်ပုံကို စာနာသနားစွာ ငေးမောကြည့်နေရုံမှတစ်ပါး ဘာမှမတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲတဲ့ဗျာ"

အတန်ကြာမှ ဗိုလ်ဇော်ထွန်းက မေးသည်။

"သူ ကျောင်းပြန်တက်လို့ နှစ်ပတ်လောက်ကြာတော့ သူ့အမေ အသည်းအသန်ဖြစ်လို့ဆိုပြီး တစ်ခေါက်ပြန်သွားတယ်။ 'ဒီတစ်ခါတော့ မဖြစ်ဘူး၊ အမေ့ကို မပါပါအောင်ခေါ်လာရမယ်' လို့တောင် ပြောသွားသေးတယ်။ အဲဒီနောက် နုတ်ထွက်စာသာ ရောက်လာတော့တယ်။ လူကတော့ ခုထက်ထိ ပေါ်မလာတော့ပါဘူး။ သူနေတဲ့အိမ်က သူပိုင်၊ ကိုယ်ပိုင်ပစ္စည်းကလေးတွေကိုတောင် လာမယူဘူးလို့ အဘခမ်းမော်ကပြောတယ်"

"မြန်းစားကြီး နုတ်ထွက်သွားတာဆိုတော့ စဉ်းစားစရာပဲ"

ဗိုလ်ဇော်ထွန်းက ထိုသို့ပြော၍ ခေတ္တတွေနေသည်။ ပြီးမှ ဆက်၍… "ကျွန်တော့်ကို မတွေ့ချင်လို့တော့ ဟုတ်မယ်မထင်ပါဘူးနော်။ တကယ်လို့ ကျွန်တော့်ကိုမတွေ့ချင်ရင် ကျောင်းကထွက်တဲ့အထိ ရှောင်ပြေးဖို့ မလိုပါဘူး" ဟု ဖြည်းဖြည်းလေးလေးပြော၏။

ထိုအခါ နန်းဗိုလ်လှိုင်းက –

"အို…မဟုတ်တာ၊ လောဝ်ခမ်းကို အထင်မလွဲပါနဲ့" ဟု ပျာပျာသလဲ ဆိုလေသည်။ "ဒီကမ္ဘာမှာ လောဝ်ခမ်းအတွေ့ချင်ဆုံး သူစိမ်းယောက်ျားပျို ဟာ ဗိုလ်ကြီးပဲဆိုတာ နန်း အတတ်ပြောရဲတယ်။ ဗိုလ်ကြီးရေးလိုက်တဲ့စာကို အကြိမ်ကြိမ်ဖတ်ပြီး လောဝ်ခမ်းမြူးနေတာ။ မိန်မသားချင်းပဲ၊ သူ့အတွင်းစိတ်ကို နန်း ကောင်းကောင်းကြီး အကဲခတ်မိတာပေါ့။ သူလေ… ဗိုလ်ကြီးကို တကယ်မျှော်နေတာပါ။ ဗိုလ်ကြီးလာရင် ဗိုလ်ကြီးကြိုက်တတ်တဲ့ ဖွယ်ဖွယ် ရာရာ ရှမ်းစာကလေးတွေ လုပ်ကျွေးရဦးမယ်လို့ပြောဖူးတယ်။ အဖြစ် သည်းလွန်းလို့ နန်းက နောက်ပြောင်တဲ့အခါများမှာဆိုရင် ရှက်ပြုံးနဲ့ ခေါင်းမဖော်တော့ဘူး" ဟု ဆက်ပြောသည့် တစ်ခဏတွင် ဗိုလ်ဇော်ထွန်း ရင်ထဲ နွေးသွားသည်။ ပီတိအဟုန်သည် လှိုင်းလုံးများပမာ ရင်ခွင်ကမ်းစပ်

www.burmeseclassic.com



ကို ရိုက်ခတ်သည်။ နန်းဗိုလ်လှိုင်းထံမှကြားရသော နန်းလောဝ်ခမ်း၏ သူနှင့် ပတ်သက်သော အပြုအမူများသည် အားဆေးတစ်ခွက်ပင်တည်း။

သို့ရာတွင် ဗိုလ်ဇော်ထွန်းတစ်ယောက် ရာနှုန်းပြည့်မပျော်နိုင်ပြီ။ လက်ရှိ အခြေအနေအမှန်က ခေါင်းထဲတိုးဝင်လာသည်။ တဒင်္ဂ ဝမ်းသာပီတိကလေး မှေးမှိန်သွားသည်။

ဗိုလ်ဇော်ထွန်းလာမှာကိုလည်း သိသည်။ တွေ့လည်း တွေ့ချင်သည်။ အမေနေမကောင်းသဖြင့် ရွာပြန်တာတောင်မှ လူမမာကို လားရှိုးသို့ အပါ ခေါ်လာမည်ဟုဆိုခဲ့သည်။ သို့ဖြစ်လျက် အလုပ်မှ ရုတ်ခြည်းနုတ်ထွက်ကာ အစပျောက်သွားခြင်းကို အကြောင်းရင်း ဘယ်သို့နည်းဟု စဉ်းစားရခက်နေ သည်။

နောက်ဆုံး တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖွတ်တရွတ် လုပ်တော့ မည်ဟူသောသဘောဖြင့် နောင်ငူလိုက်သွားရန်ကြံသည်။ နန်းဗိုလ်လှိုင်းတို့ ညီအစ်မက သဘောမတူ။ ဗိုလ်ကြီးမိုးဟိန်း၊ ဗိုလ်ခင်မောင်မြင့် စသော သူငယ်ချင်းမိတ်ဆွေတွေကလည်း တားမြစ်၏။ ဒေသန္တရစစ်ဆင်ရေးတစ်ခု ဝင်နေသောကြောင့် နယ်မြေလုံခြုံရေးမရှိဟု အကြောင်းပြ၏။

နန်းဗိုလ်လှိုင်း၏ အကြံအစည်အတိုင်း နောင်ငူနှင့်မန်ကပ်ဘက်မှ ငါးရက်တစ်ဈေးလိုက်လာကြသော အသိအကျွမ်းတွေကို စောင့်ပြီးစုံစမ်း သည်။ စစ်ဆင်ရေးကာလ ဖြစ်နေသောကြောင့် ဈေးလိုက်ဈေးဝယ် မရှိ သလောက်ပင်။ ခပ်ဝေးဝေးသိသော တစ်ယောက်စ နှစ်ယောက်စကလည်း ဘာတစ်ခုမှ ဂဃနဏ မပြောနိုင်ကြ။

ဤသို့ဖြင့် လားရှိုးတွင် သောင်တင်နေသည်။ ဘာဆက်လုပ်ရမည်ကို ပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်အောင်ပင် နန်းလောဝ်ခမ်း၏ သတင်း အစအနတွေက မြုပ်ချက်သားကောင်းလှ၏။

◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



ညစျေးတန်းတွင် ဗိုလ်မှူးကျော်သူနှင့် မမျှော်လင့်ဘဲ ဆုံမိပြန်သည်။ ဗိုလ်မှူးကဖိတ်ခေါ်သဖြင့် အရာရှိရိပ်သာသို့ လိုက်သွားရသည်။ ဗိုလ်မှူးကျော်သူက လွတ်လွတ်လပ်လပ်ရှိအောင် သူ့အခန်းမှာပင် ဗိုလ်ဇော်ထွန်းကို ခေါ်ခဲ့သည်။

လူပျိုလူလွတ်နေသော အခန်းပင်ဖြစ်လင့်ကစား ရှုပ်ပွမနေ။ တစ်ယောက်အိပ်ခုတင်၊ အဝတ်ဗီရို၊ စာရေးစားပွဲ စသည်ဖြင့် အရာရာသည် သပ်သပ်ရပ်ရပ်ရှိနေ၏။ စားပွဲပေါ်တွင် ဗိုလ်မှူးကျော်သူနှင့် ဝေဝေခင့်ဓာတ်ပုံကိုလည်းကောင်း၊ ဝေဝေခင် ဘွဲ့ယူစဉ်က မေကြည်ငြိမ်းနှင့်တွဲရိုက်ထားသော ဓာတ်ပုံကိုလည်းကောင်း တွေ့ရသည်။ ဗိုလ်ဇော်ထွန်းက မသိကျိုးကျွန် ပြုသည်။

ဗိုလ်ဇော်ထွန်းကို စစ်ဆင်ရေးတာဝန်ဖြင့် တစ်ခေါက်ပြန်တက်လာခြင်းဟု ဗိုလ်မှူးကျော်သူက ထင်နေသည်။ ခွင့်တစ်လယူလာခြင်းဖြစ်ကြောင်း၊ ခွင့်၏အစပိုင်းရက်များကို ညီအစ်ကိုတမျှ ခင်မင်သော ဗိုလ်တင်ထွန်းအောင်၏မိဘများအိမ်တွင် တည်းခိုနေထိုင်ပြီးမှ ရန်ကုန်သို့ဆင်းမည်ဖြစ်ကြောင်း လက်ာချောအောင် မုသားစွက်သည်။ ဗိုလ်မှူးထံ လာတွေ့နှုတ်ဆက်ရန် စိတ်ကူးရှိသော်လည်း ဆေးရုံဘက်သို့ ခြေဦးမလှည့်ဖြစ်သေးကြောင်း တောင်းပန်သည်။ ထိုအခါ ဗိုလ်မှူးကျော်သူက -

"ဗိုလ်ကြီးဇော်ထွန်း လာတွေ့ရင်လည်း ကျွန်တော့်ကိုတွေ့ရမှာ မဟုတ်ပါဘူး။ နမ့်ပန်ချိုင့်ဝှမ်းနဲ့ နမ့်စောက်ခွင်စစ်ဆင်ရေးအတွက် မန်ကပ်မှာ ရှေ့တန်းဆေးတပ်ခွဲတစ်ခု ဖွင့်ထားရတယ်။ အခု တာဝန်နဲ့ ခဏပြန်လာတာ။ မနက်ဖြန်နံနက် ပြန်ထွက်ရဦးမယ်" ဟု ပြော၏။ ထိုအခါ ဗိုလ်ဇော်ထွန်း၏မျက်လုံးတို့ အရောင်တောက်လာသည်။ "မန်ကပ်ဗိုလ်တဲမှာ စခန်းချနေတဲ့ တပ်ခွဲမှူး ဗိုလ်သန်းအုန်းကို ဗိုလ်မှူးသိလား" ဟု အားတက်သရော မေးလေသည်။



"ခလရ ( - ) က ဗိုလ်သန်းအုန်းမဟုတ်လား၊ [illegible] လူငယ်ပေမယ့် အင်မတန်ရင့်ကျက်တဲ့ အရာရှိတစ်ယောက်ပဲ"

"ဗိုလ်မှူးပြန်ရင် သူ့ဆီစာတစ်စောင်ရေးပေးလိုက်ချင်တယ်"

"အာ…ဗိုလ်ကြီး နောက်ကျသွားပြီ။ ဗိုလ်ကြီးသန်းအုန်း တပ်ခွဲက တန့်ယန်းဘက်ထွက်သွားတာ ရက်ပိုင်းပဲရှိသေးတယ်။ သူတို့နေရာကို ခမရ ( - ) က တပ်ခွဲဝင်လာတယ်"

ဗိုလ်ဇော်ထွန်း စိတ်ပျက်သွားသည်။ ဗိုလ်သန်းအုန်းမှတစ်ဆင့် နန်းလော်ခမ်းအကြောင်း စုံစမ်းရန်အကြံအစည်မှာ မဖြစ်နိုင်တော့ချေ။ ဘာပြောရမှန်းမသိအောင်ပင် အကြံအိုက်သွားသည်။ အခန်းသည် တဒင်္ဂမျှ ငြိမ်သက်သွား၏။ မနီးမဝေးရှိ ဘီလီယက်ခန်းမှ အသံဗလံများသာ လွင့်ပျံ့လာသည်။

ဗိုလ်မှူးကျော်သူက ဝီစကီခွက်ထဲသို့ ဝီစကီနှင့်ဆိုဒါရေ စပ်ထည့်ပေးသည်။ ရေခဲဘူးထဲမှ ရေခဲနှစ်တုံးစီထည့်သည်။ ဗိုလ်ဇော်ထွန်းက အကူရဲဘော်လာပို့သော အမြည်းပန်းကန်ထဲမှ နံကင်တစ်ဖတ်ကို တူနှင့်ညှပ်ယူပြီး ချဉ်ငန်စပ်တွင်နှစ်တို့ကာ တမြုံ့မြုံ့ဝါးစားရင်း ဖြစ်နိုင်သမျှ နည်းလမ်းတို့ကို စဉ်းစားနေသည်။ သူ့အနေဖြင့် လားရှိုးတွင် ကြာရှည်စွာ မနေသင့်။ ရန်ကုန်သို့ မဖြစ်မနေ ခရီးဆက်ရဦးမည်။ အကယ်၍ ဗိုလ်မှူးကျော်သူသာ တစ်ပတ်ခန့်အတွင်း မန်ကပ်မှပြန်လာဦးမည်ဆိုလျှင် သူနှင့် နန်းလော်ခမ်းအကြောင်းကို ဖွင့်ဟပြောင်ပြလိုက်မည်။ ပြီးတော့ နန်းလော်ခမ်း၏ သတင်းအစအနကို စုံစမ်းပေးဖို့ အကူအညီတောင်းမည်။ သည်အတိုင်းဖြစ်နိုင်လျှင် သူက လားရှိုးတွင်ဆက်နေပြီး ဗိုလ်မှူးပြန်အလာကို စောင့်မည်ဟု တွေးမိပြန်သည်။ ထို့ကြောင့် ဘယ်တော့လောက် မန်ကပ်မှ ပြန်လာဦးမည်ကို စုံစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"အတိအကျတော့ မပြောနိုင်ဘူးဗျ။ ဒီတစ်ခါ လားရှိုးပြန်ဖို့ဆိုတာ ကြာလိမ့်ဦးမယ်ထင်တယ်။ စစ်ဆင်ရေးမပြီးမချင်း ရှေ့တန်းမှာ ဆက်နေရမည့် အလားအလာရှိတယ်"

ဒုတိယအကြိမ် ဗိုလ်ဇော်ထွန်း စိတ်ပျက်သွားရပြန်သည်။ နန်းလော်ခမ်းသတင်း ရနိုင်မည့် အခွင့်အလမ်းမှန်သမျှ ကြံဖန်လွဲချော်တတ်ပါကလားဟူ၍ စိတ်ထဲမှာ ညည်းတွားမိလေတော့၏။ နန်းလော်ခမ်းသတင်းရလျှင်ရချင်း အမြန်ဆုံးအကြောင်းကြားဖို့ နန်းဝိုလ်လှိုင်းကို မှာထားခဲ့ရုံမှတစ်ပါး အခြားနည်းလမ်းမရှိတော့ပြီဟု စိတ်လျှော့လိုက်လေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ ဘီလီယက်ခန်းဘက်မှ အသံဗလံများပင် တိတ်ဆိတ်သွားပြီ။ ပြန်ချိန်တန်ပြီမို့ ဗိုလ်ဇော်ထွန်းက နှုတ်ဆက်သည်။ ဗိုလ်တင်ထွန်းအောင်တို့အိမ်ကို လိုက်ပို့ပေးမည်ဟု ဗိုလ်မှူးကျော်သူက ပြောသည်။

"ဘယ်တော့ ရန်ကုန်ပြန်မလဲ"

လိုက်မပို့ခင် တစ်စုံတစ်ရာကို သတိရသွားသော ဗိုလ်မှူးကျော်သူက မေး၏။ အမှန်ပြောရလျှင် ဤမေးခွန်းသည် ဗိုလ်ဇော်ထွန်းအတွက် အဖြေရခက်သောမေးခွန်း။ တိတိကျကျ မဆုံးဖြတ်ရသေးသောကိစ္စ။ လားရှိုးတွင် အကြာကြီးနေလို့မဖြစ်မှန်း ဗိုလ်ဇော်ထွန်း သိသည်။ ပြောကြစတမ်းဆိုလျှင် နန်းလော်ခမ်းသည် သူနှင့်ဘာမှမပတ်သက်သေး။ ချစ်သူ မမည်သေး။ လိုသည်ထက် အဖြစ်မသည်းသင့်။ တစ်ပတ်နီးပါးခန့် နန်းလော်ခမ်းသတင်းကို စုံစမ်းပြီးချေပြီ။ ဘယ်တော့မှ သတင်းအနံ့ရမည်ကို မပြောနိုင်။ မသေချာမရေရာဘဲ ဆက်နေခြင်းထက် ဝေဒနာကို ခေတ္တသိမ်းဆည်း၍ ရန်ကုန်သို့ ခရီးဆက်ခြင်းကသာ ပို၍မသင့်မြတ်ပါပြီလော။ ဤသို့တွေးကာ "တစ်ရက်နှစ်ရက်အတွင်း ပြန်တော့မှာပါ" ဟု မယုတ်မလွန်ဖြေသည်။

ဤတွင် ဗိုလ်မှူးကျော်သူက



"ဒီလိုဆိုရင် ကျွန်တော် ကတိကဝတ်ပြုထားတဲ့ ပစ္စည်းတစ်ခုကို လှူကြံပါးလိုက်ပါရစေ။ ဗိုလ်ကြီးကို ယုံကြည်စိတ်ချလို့ပါ"

"ပေးလိုက်ပါ၊ ကျွန်တော် ယူသွားပါမယ်"

ဗိုလ်မှူးကျော်သူက ဗီရိုထဲမှ လက်ကိုင်ပဝါဖြင့်ထုပ်ထားသော ပစ္စည်းတစ်ခု ယူလာသည်။ လက်ကိုင်ပဝါကို ဖြေလိုက်သောအခါ သံကွင်းဆက်ရွှေဆွဲကြိုးတစ်ကုံး။

"ဒါ ဘယ်သူ့ဆွဲကြိုးလို့ ဗိုလ်ကြီးထင်သလဲ"

ဆွဲကြိုးကို ယူကြည့်သည်။ ဆွဲကြိုးတွင် ငါးမူးဝိုင်းခန့် ရွှေပြားတစ်ပြားပါသည်။ လက်ထဲမှာ ဆ,ကြည့်သည်။ တန်ဖိုးသေးမည် မဟုတ်။ ဤဆွဲပြားမျိုး သူ့အသိထဲကဆွဲတာ မမြင်မတွေ့ဖူး။ အဖြေ စဉ်းစားလို့မရ။

"မသိဘူး ဗိုလ်မှူး"

"နမ့်ပန်ချိုင့်ဝှမ်းမှာ နာမည်ကြီးနေတဲ့ ဗိုလ်စိုင်းဝဏ္ဏဆွဲကြိုးလေ"

"ဗျာ..."

ဗိုလ်ဇော်ထွန်း ပါးစပ်ဟောင်းလောင်းဖြစ်သွားရသည်။ တစ်ချိန်တည်းမှာပင် နောင်ပူခြံဝယ် ခိုအောင်းခဲ့စဉ်က နေရောင်ခြည်တွင် တလက်လက်တောက်နေသော ရွှေရောင်စီးကရက်ဘူးကို မြင်ယောင်လာသကဲ့သို့ "ဝဏ္ဏအရင် ဗိုလ်သီဟဆိုတာ ရှိသေးတယ်။ သီဟကျသွားမှ ဝဏ္ဏတက်လာတာ။ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အလွန်စိတ်ချယုံကြည်တဲ့ သူငယ်ချင်းတွေပေါ့။ အေးလေ...ဝဏ္ဏဟာ သီဟ လက်သစ်မွေးလူယုံတော်ဆိုရင်လည်း မမှားပါဘူး။ ဝဏ္ဏကသီဟအပေါ် သစ္စာရှိသလို သီဟကလည်း ဝဏ္ဏကို ကြည့်ရှုစောင့်ရှောက်ခဲ့ပါတယ်။ စောစောက ဗိုလ်ကြီးလှမ်းမြင်လိုက်တဲ့ စီးကရက်ဘူးဟာ သီဟကဝဏ္ဏကို စစ်အောင်နိုင်ရေး အထိမ်းအမှတ်ဆိုပြီး ဆုချပေးခဲ့တဲ့ဘူးပေါ့၊ ဒါတင် ဘယ်ကဦးမှာလဲ၊ ရွှေဆွဲကြိုးတစ်ကုံးပါ ပေးခဲ့သေးတယ်လို့ပြောတယ်" ဟူသော နန်းလော်ခမ်း၏ စကားများကို ပြန်လည်ကြားယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"စိုင်းဝဏ္ဏပစ္စည်းက ဘယ်လိုလုပ်ပြီး ဗိုလ်မှူးဆီ ရောက်နေရတာလဲ" သိချင်စောဖြင့် မေးသည်။

ဗိုလ်မှူးကျော်သူက အကျဉ်းချုံးပြောသည်။ စစ်ဆင်ရေးတွင် စိုင်းဝဏ္ဏကို ဒဏ်ရာနှင့်မိသည်။ မန်ကပ်ရှေ့တန်း ဆေးတပ်ဆွယ်သို့ သယ်လာသည်။ ဗိုလ်မှူးကျော်သူသည် တတ်စွမ်းသမျှ ခွဲစိတ်ကုသ၏။ အသက်ကယ်တင်ရန် ကြိုးစား၏။ သို့သော် ဒဏ်ရာပြင်းသည်။ လားရှိုးစစ်ဆေးရုံသို့ပို့ရန် စီစဉ်ဆဲ ဗိုလ်မှူးလက်ပေါ်မှာပင် အသက်ထွက်သွားသည်။

ဗိုလ်မှူးကျော်သူသည် စိုင်းဝဏ္ဏကို ရန်သူပင်ဖြစ်လင့်ကစား သမားစိတ်ဓာတ်ဖြင့် ကုသပေးခဲ့သည်။ ဗိုလ်မှူး၏စေတနာကို သိသွားသော စိုင်းဝဏ္ဏသည် သူမသေမီ သူ့မိုက်ပြစ်တွေကို ဖွင့်ဟဝန်ခံသွားရှာသည်။ မိဘသဖွယ် ရှိသေထိုက်သူများကို စော်ကားမိခဲ့သဖြင့် ဤနယ် ဘေးတွေ့ရခြင်းဖြစ်သည်ဟု နောင်တရသွားသည်။ သူ့လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးကို သူ့မိန်းမထံပို့ပေးပါရန်နှင့် သူ့မိုက်ပြစ်များကို ခွင့်လွှတ်ဖို့ တောင်းပန်ပေးပါရန် ယုံကြည်ကိုးစားစွာ မှာကြားအပ်နှံသွားသည်။

"စိုင်းဝဏ္ဏဆန္ဒအတိုင်း ဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာက ကျွန်တော့်ကို ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် ဒီဆွဲကြိုးဟာ ကျွန်တော့်ဆီရောက်နေရတာပါ"

ဗိုလ်မှူးကျော်သူက ရှင်းလင်းပြောပြပြီးသောအခါ ဗိုလ်ဇော်ထွန်းက-

"ဗိုလ်မှူးကိုယ်စား ကျွန်တော်က သွားပေးပေးရမယ် ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင် ပေးနိုင်တဲ့အချိန်ထိအောင် စောင့်မယ်ဆိုရင် အတော်ကြာဦးမယ်။ စစ်ဆင်ရေးပြီးအောင် စောင့်ရမှာနဲ့ ဒဏ်ရာရထားတဲ့ လူနာတွေကို ကုသပေးရဦးမှာနဲ့ဆိုတော့ တော်တော်နဲ့ အားဖို့မလွယ်သေးဘူး။ နောက်တစ်ခုက သေအံ့မူးမူးအချိန်ကလေးမှာ



မိန်းမဖြစ်သူရဲ့ စွန့်ခွာပစ်ပယ်မှုကိုခံရတဲ့ စိုင်းဝဏ္ဏဘဝကိုလည်း ကရုဏာသက်မိတယ်။ သူ့ဆန္ဒကို အမြန်ဆုံးဖြည့်ဆည်းပေးချင်စိတ်က ကျွန်တော့်ရင်မှာ ပြင်းပြနေတယ်။ ဒါကြောင့် ဗိုလ်ကြီးကို အကူအညီတောင်းရတာပါ။ နောင် ကျွန်တော်သွားနိုင်တဲ့အချိန်ကျတော့ ထပ်သွားတွေ့ပြီး အသေးစိတ်ပြောပြလိုက်ပါဦးမယ်။ ဘယ့်နှယ်လဲဗိုလ်ကြီး၊ ဒီလူမှုရေးတာဝန်ကို ဆောင်ရွက်ပေးနိုင်ပါ့မလား"

"စိတ်ချပါ ကျွန်တော်ကိုယ်တိုင် ဒီဆွဲကြိုးကို စိုင်းဝဏ္ဏဇနီး လက်ထဲရောက်အောင် ပေးပေးပါ့မယ်"

## ၉

လေဆိပ်သို့ နန်းရွှေထားနှင့် နန်းဗိုလ်လှိုင်းတို့က လိုက်ပို့ကြသည်။ ဗိုလ်ဇော်ထွန်းက အားနာစွာဖြင့် တားပါသေးသည်။ သူတို့ ညီအစ်မက ဗိုလ်ဇော်ထွန်းကို သနားနေသည်။ အထီးကျန်ဖြစ်နေသော ဗိုလ်ဇော်ထွန်းကို အတင်းလိုက်ပို့သည်။

သူတို့ လေဆိပ်ရောက်တော့ ခရီးသည်အတော်များများ ရောက်နေကြပြီ။ လိုအပ်သော စစ်ဆေးချိန်တွယ်မှုပြီးသောအခါ အဆောက်အအုံအပြင်ဘက်သို့ ထွက်လာကြသည်။

ကောင်းကင်ဝယ် တိမ်ကွက်ကြားမြင်နေရသည်။ နေရောင်ခြည်တန်းများသည် တိမ်ပေါက်ငယ်များအကြားမှ မြေပြင်သို့ ထိုးဆင်းဖြာကျလာသည်။

လေယာဉ်ပြေးလမ်း၏ တောင်ရူးရူးကုန်းမြင့်ပေါ်၌ မန်ရူစေတီကို ဖူးမြော်နိုင်သည်။ ဆုတောင်းပြည့်သည်ဟု ကြားဖူးသည်။ ချစ်သော တာရာသိင်္ဂီနှင့် ပြန်လည်ဆုံတွေ့ပါရစေဟု ဆုပန်ခြွေခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မြောက်ဘက်တွင် လေတပ်ဆွယ်ရှိသည်။ လေယာဉ်တချို့ ရပ်နားထားသည်။ လေတပ်အလံသည် မြင့်မားသော တိုင်ထိပ်ဝယ် ကြွားကြွားဝင့်ဝင့် မြူးလွင့်နေသည်။ အလံတိုင် နောက်ဘက်တွင်မူကား တပ်ဆွယ်မှူးရုံးသည် ရုံးထဲမှာပင် လူမှာကောက်သွားရမည့် ရှေ့ပြေးအမိန့်ကို ရခဲ့သည်။ တန့်ယန်းမသွားခင် ဗိုလ်ခင်မောင်မြင့်နှင့် အတူရှိနေခဲ့ပုံကို သတိရမိလေသည်။

''ဗိုလ်ကြီးခင်မောင်မြင့်ဆီ မသွားတော့ဘူးလား''

နန်းရွှေထားက သတိပေးသလိုပြော၏။ နန်းဗိုလ်လှိုင်းကလည်း -

''ဟုတ်သားပဲ၊ လေယာဉ်ဆိုက်မယ့်အချိန်တောင် မသိရသေးဘူး ဆိုတော့ အချိန်ရပါသေးတယ်။ ဗိုလ်ကြီးကိစ္စအတွက် မှာစရာရှိရင် မှာခဲ့ရတာပေါ့''

''မသွားတော့ပါဘူး၊ မနေ့ကတည်းက တစ်ခါထဲနှုတ်ဆက်ပြီးသား၊ မှာပြီးသားပါ။ နမ့်ပန်ခွင်ထဲ စစ်ဆင်ရေးဝင်နေတဲ့ သူငယ်ချင်းတစ်ယောက် ကတစ်ဆင့် စုံစမ်းပေးဖို့ပြောထားတယ်''

''ကျွန်မတို့လည်း တတ်နိုင်သလောက် စုံစမ်းပေးမှာပါရှင့်''

''ဟုတ်ပါတယ်၊ ဒီစစ်ဆင်ရေး အရှိန်အဟုန်ကျသွားတာနဲ့ သတင်းရလိမ့်မယ်လို့ ကျွန်မ တစ်ထစ်ချတွက်ပြီးသား''

''လောဝ်ခမ်းမှာ အခက်အခဲအကျဉ်းအကျပ် တစ်ခုခုရှိနေပုံရတယ်၊ ဒါကြောင့် ဒီလောက်မြုပ်ချက်သားကောင်းနေတာလို့ ကျွန်မတော့ထင်တာပဲ''

''ကျွန်တော်လည်း မရွှေထားထင်သလို တွေးမိပါတယ်။ နို့မို့ဆိုရင် သူ…ကျွန်တော်ရှိရာကို အမြန်ဆုံးလာမှာပါ''

''အဲဒါကတော့ သေချာတယ်။ လောဝ်ခမ်းအကြောင်း ကျွန်မ အသိဆုံးပါ။ သူလေ…ဗိုလ်ကြီးအပေါ်မှာ စိတ်ညွှတ်နေတာ''



နန်းဗိုလ်လှိုင်းစကားကို ကြားရသောအခါ ဗိုလ်ဇော်ထွန်း ရင်ထဲဝယ် ဆွေးဆွေးမြေ့မြေ့ခံစားရလေသည်။ ဘယ်ဝဋ်ကြွေး တုံ့တင်သည်လဲမသိ။ ခေလှသောချစ်ကံကြမ္မာကို တွေး၍ဝမ်းနည်း ကြေကွဲရသည်။

မကြာမီ လေယာဉ်ဆိုက်သည်။ ခရီးသည်တို့ ဆင်းလာကြသည်။ လေယာဉ် ဆီဖြည့်သည်။ နာရီဝက်ခန့်ကြာသော် ခရီးဆက်ရန် ခရီးသည်များကို ခေါ်သည်။

ဗိုလ်ဇော်ထွန်းလည်း နန်းရွှေထားနှင့် နန်းဗိုလ်လှိုင်းတို့ကို နှုတ်ဆက်၍ လေယာဉ်ပေါ်တက်သွားသည်။ နန်းရွှေထားတို့ ညီအစ်မက ဗိုလ်ဇော်ထွန်းကို လက်ပြနှုတ်ဆက်ကျန်ရစ်သည်။

လေယာဉ်သည် ပြေးလမ်းတစ်လျှောက် အရှိန်ယူ၍ ကောင်းကင်သို့ ပျံတက်သွားသည်။ တောင်ဘက်မှနေ၍ မြောက်ဘက်သို့ပျံတက်ခြင်းဖြစ်သည်။ လေထဲရောက်သည်နှင့် ညာဘက်သို့ ဖြည်းဖြည်းချင်းကွေ့ကာ တောင်ဘက်သို့ ဦးတည်သည်။ ညာဘက်ကွေ့စဉ် ညာဘက်အခြမ်းတွင် ထိုင်လိုက်လာသော ဗိုလ်ဇော်ထွန်းက အောက်သို့ငုံ့ကြည့်သည်။ လှပသော လားရှိုးကို အပေါ်စီးမြင်ရသည်။ လေယာဉ်ကွင်း၊ ရေပူစမ်း၊ မန်ဆူစေတီ၊ လားရှိုးကြီး ပြီးတော့ လားရှိုးလေး ခေါ် လားရှိုးမြို့။

မြင်ကွင်းထဲသို့ လားရှိုးကြီးဝင်အလာတွင် ဗိုလ်ဇော်ထွန်းက တစ်စုံတစ်ရာကို အလျင်အမြန်ရှာသည်။ ထိုအရာကား… နန်းလောဝ်ခမ်း အလုပ်လုပ်ခဲ့သော ကျောင်းပင်တည်း။

ခုနေအခါတွင် ဗိုလ်ဇော်ထွန်းအဖို့ နန်းလောဝ်ခမ်းကို သတိရစရာ အလွမ်းဖြေစရာ နန်းလောဝ်ခမ်းနှင့် ပတ်သက်ဆက်နွှယ်စရာဟူ၍ သည် ကျောင်းတစ်ခုသာ ရှိတော့သည်မဟုတ်ပါလား။

▣ ▣ ▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း–သုံး

# နန်းလောင်ခမ်း

## ၁

မမျှော်လင့်ဘဲ ရောက်လာသည်။ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာသည်။

"ဘယ်နေ့လာမယ်ဆိုတာ ကြိုတင်အကြောင်းကြားလိမ့်မယ်လို့ ဖေဖေတို့က ထင်ထားတာ။ ကြိုတင်သိရရင် နှစ်အိမ်လုံးက တပျော်တပါးကြီး ဘူတာဆင်းကြိုဖို့ စီစဉ်ထားကာမှ…"

အသံမပေး ဘာမပေးနှင့် ရုတ်ခြည်းပေါက်ချလာသော ဗိုလ်ဇော်ထွန်းကို ဦးခင်စိုးက မချင့်မရဲပြောသည်။

ဒေါ်တင်မေကလည်း "ဟုတ်တယ်သားရဲ့၊ ငြိမ်းငြိမ်းဆို သား ဘယ်နေ့ရောက်မလဲလို့ တမေးတည်းမေးနေတာ။ သား ဒေါ်လေးကြည်ကတောင် ဒီတစ်ခါတော့ သေရွာပြန်သားကြီးကို အိမ်ရောက်တဲ့အထိ စောင့်မနေနိုင်ဘူး။ ရန်ကုန်အဝင်တံခါးပေါက်ကနေ ကိုယ်တိုင်ဆီးကြိုပစ်လိုက်မယ်လို့ အားခဲထားတာ။ အားလုံး တလွဲတချော်တွေဖြစ်ကုန်ပါပြီ" ဟု ညည်းသည်။

သည်တစ်ခါ သူ့မိဘတွေ၏စကားက နည်းနည်းတော့အဆန်းသားဟု အမှတ်မထင် ရှိလိုက်မိသော်လည်း အလေးအနက်ထား စဉ်းစားရန် အချိန်





မပေးနိုင်ချေ။ သို့စဉ်းစားဖို့ကိုလည်း သတိမရချေ။ သူ့နှလုံးသားဝယ် ဆေဒနာတစ်ခု ငြိတွယ်လာပြီမို့ အနီးဝေဒနာကို ကုစားရန် သူ့တွင် တခြားစဉ်းစားစရာ လုပ်ကိုင်စရာတွေ ရှိနေချေပြီတည်း။

"ငြိမ်းငြိမ်းဆီ သွားမလို့လားသား"

ခရီးရောက်မဆိုက် အပြင်ထွက်မည်ပြုသော သူ့ကို ဒေါ်တင်မေက မေး၏။

"မဟုတ်ဘူး မေမေ။ ကျွန်တော် အပြင်ခဏသွားမလို့"

"အိုကွယ်…သားကလဲ"

ဒေါ်တင်မေက အလိုမကျဟန်ဖြင့် ရေရွတ်သည်။ "ဒီနေ့ ငြိမ်းငြိမ်း နေမကောင်းလို့ ကျောင်းမတက်ဘူးသားရဲ့။ ငြိမ်းငြိမ်းကို အရင်မေးလိုက်ပါဦး။ သူ့ခမျာ သားကို မျှော်နေရှာတာ" ဟု တစ်ဆက်တည်းပြောသည်။

"ပြန်လာမှ မမငြိမ်းဆီသွားတော့မယ်မေမေ"

"သားကိစ္စက ဘာမို့လို့ ဒီလောက်အရေးကြီးနေရတာလဲကွ။ ဟော…"

သားအမိနှစ်ယောက် အချီအချပြောနေကြသည်ကို ဘေးမှ ထိုင်နားထောင်နေသော ဦးခင်စိုးက ဖြတ်မေးလိုက်သည်။

"မမငြိမ်းမိတ်ဆွေ ခွဲစိတ်ပါရဂူ ဗိုလ်မှူးကျော်သူက တိုက်ပွဲမှာ ကျသွားတဲ့ သောင်းကျန်းသူဗိုလ်တစ်ယောက်ရဲ့ ရွှေဆွဲကြိုးကို သူ့ဇနီးဆီပို့ပေးဖို့ လူကြုံပါးလိုက်လို့ပါ။ အထက်ကလည်း သိရှိခွင့်ပြုထားတဲ့ လူမှုရေးတာဝန်တစ်ခုပါဖေဖေ။ ဖြစ်နိုင်ရင် အမြန်ဆုံးရောက်အောင် ပို့ပေးပါဆိုလို့…"

"ဒါဖြင့် သွား…သွား။ ပြီးတော့ မြန်မြန်လာခဲ့။ အပြန်မှာ ငြိမ်းငြိမ်းဆီ ဝင်မေးလိုက်ဦး၊ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချပါ ဖေဖေ။ ကျွန်တော် ဘယ်တုန်းက မမငြိမ်းဆီ အရင်ဆုံး မသွားဘဲ နေဖူးလို့လဲ။ အခုဟာက လူမှုရေးကိစ္စ တာဝန်တစ်ပိုင်း ဖြစ်နေလို့ပါ"

ဗိုလ်ဇော်ထွန်းက ထိုသို့ပြောကာ ထွက်လာခဲ့သည်။ အင်းယားမြို့ပြင် လမ်းပေါ်သို့ ကားချိုးအကွေ့တွင် တစ်ဖက်ခြံကို မျက်စိကစားလိုက်သည်။ ခြံရှေ့မှအဖြတ်တွင် ကျေးစေတမန်တေးသွားအလိုက် စန္ဒရားသံက လေဟုန် စီး၍ လွင့်ပျံလာ၏။

◙ ◙ ◙

အစက ဗိုလ်မှူးကျော်သူတောင်းသော အကူအညီကို သာမန်ကာ လျှံကာ သဘောထားခဲ့သည်။ လေယာဉ်ပေါ်ရောက်မှ စဉ်းစားကြည့်တော့ သူ့အတွက် အကျိုးရှိနိုင်ကြောင်း တွေ့လာရသည်။

စိုင်းဝဏ္ဏသူငယ်ချင်း နန်းလောဝ်ခမ်းသည် စိုင်းဝဏ္ဏမိန်းမ နန်းမိုခမ်းကို သိမည်မှချ။ ထို့အတူ စိုင်းဝဏ္ဏမိန်းမကလည်း သူ့မခင်ပွန်း၏ သူငယ်ချင်း ဖြစ်သော နန်းလောဝ်ခမ်းကို မသိကျွမ်းဘဲ နေမည်မဟုတ်။ ဗိုလ်မှူးကျော်သူ ပေးလိုက်သော စိုင်းဝဏ္ဏမိန်းမ၏လိပ်စာမှာ အင်းစိန်ရွာမဖြစ်သည်။ ဗိုလ်ဇော်ထွန်း နောင်ငူခြံတွင် ခိုအောင်းနေခဲ့စဉ်က "အင်းစိန်ရှိ အဒေါ်ထံတွင် နေခဲ့သည်" ဟု နန်းလောဝ်ခမ်း ပြောဖူးသည်။ ဤအချက်တွေကိုထောက်၍ စိုင်းဝဏ္ဏမိန်းမသည် တစ်နယ်တည်းသူဖြစ်သော နန်းလောဝ်ခမ်း အဒေါ်နှင့် တစ်နည်းတစ်ဖုံ အဆက်အသွယ်ရှိနိုင်ကောင်းသည်ဟု ဗိုလ်ဇော်ထွန်း တွေးမိ၏။

ပြီးတော့ စိုင်းဝဏ္ဏမိန်းမကို စစ်ဆင်ရေးမှ ဖမ်းမိခြင်းဖြစ်သည်။ ၄င်းစစ်ဆင်ရေးနယ်မြေထဲတွင် နန်းလောဝ်ခမ်းပြန်သွားသော နောင်ငူရွာ တည်ရှိသည်။ သည်တော့ စိုင်းဝဏ္ဏမိန်းမသည် နောင်ငူမှနန်းလောဝ်ခမ်း၏ သတင်းအစအနတို့ကို ပေးနိုင်ကောင်းပေးနိုင်လိမ့်မည်ဟု ဗိုလ်ဇော်ထွန်းက မျှော်လင့်ချက်ထားမိလေသည်။

ဗိုလ်ဇော်ထွန်းသည် မေကြည်ငြိမ်းကို သံယောဇဉ်ရှိပါ၏။ သို့သော် ခုနေအခါတွင် အနည်းငယ်နေမကောင်းဘူးဆိုသော မေကြည်ငြိမ်းထက် သေသလား၊ ရှင်သလားမသိ။ ဘယ်ရောက်နေမှန်းမသိသော နန်းလောဝ်ခမ်း က ပိုအရေးကြီးသည်။ အချစ်ဦး တာရာသီဂီအတွက် စိတ်ပူသည်။ ထို့ကြောင့် နန်းလောဝ်ခမ်းသတင်းကို အနံ့ခံနိုင်မည့်နေရာမှန်လျှင် စက္ကန့် မဆိုင်း အရောက်သွားချင်သည်။

ဗိုလ်ဇော်ထွန်းသည် အင်းစိန်–ဒညင်းကုန်းလမ်းမကြီးအတိုင်း မောင်းလာရာမှ ညာဘက်မြေနီလမ်းတစ်ခုထဲ ကွေ့ဝင်သည်။ တဖြည်းဖြည်း အတွင်းပိုင်းကျလာလေလေ အိမ်တွေထိုလုဘနန်း ပြွတ်သိပ်ကျပ်ညပ်လာလေ ဖြစ်၏။ ကွမ်းယာဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်စုံစမ်းယူရသည်။ ထို့နောက် ကွမ်းယာဆိုင်က လမ်းညွှန်လိုက်သည့်အတိုင်း ဘယ်ဘက်လမ်းချိုးထဲ ကွေ့ဝင်မောင်းလာကာ ရေတွင်းတစ်တွင်းဘေးတွင် ရပ်လိုက်သည်။ ရေတွင်း ဘေးရှိ လမ်းမြောင်ကလေးမှာ ကားဝင်လို့မရချေ။ ထို့ကြောင့် ကားကို ထားခဲ့ပြီး လမ်းမြောင်အတိုင်းလျှောက်လာခဲ့သည်။ လေးငါးအိမ်မျှ ကျော်လွန် လာခဲ့ပြီးနောက် ထရံကာ၊ ဓနိမိုးအိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်သည်။ မြေစိုက်မဟုတ်ဘဲ သုံးပေခန့်မြင့်သည်။ အိမ်ထဲက ခြေနင်းစက်ချုပ်စက်အသံ ကြားရသည်။

အိမ်ပေါက်ဝ၌ ဗိုလ်ဇော်ထွန်း ရပ်မိသည်တွင် စက်ချုပ်သံ ရပ်သွားသည်။ စက်ချုပ်နေသော ဖြူဖြူနွဲ့နွဲ့မိန်းမတစ်ယောက်က ဗိုလ်ဇော်ထွန်းကို လှမ်းကြည့်ပြီးမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဘာကိစ္စရှိလို့ပါလဲ''

''ဒီအိမ်က ဦးခင်မောင် ဒေါ်မြစိန်အိမ်ပါလားခင်ဗျာ''

''ဟုတ်ပါတယ်၊ ဒေါ်မြစိန်ဆိုတာ အဒေါ်ပါပဲ။ အဒေါ့် ယောကျ်ားကတော့ အလုပ်ကပြန်မရောက်သေးဘူးကွဲ့။ သူက ညနေငါးနာရီလောက်မှ ပြန်ရောက်မှာ''

''ကျွန်တော် အဒေါ့်ခင်ပွန်းကို တွေ့ချင်တာမဟုတ်ပါဘူး ခင်ဗျာ။ ဗိုလ်စိုင်းဝဏ္ဏဇနီး နန်းမိုခမ်းကိုတွေ့ဖို့လာခဲ့တာပါ''

ဒေါ်မြစိန် တုန်လှုပ်သွားသည်။ ဗိုလ်ဇော်ထွန်းကို မယုံသင်္ကာ ရှုရှုစမ်းစမ်းကြည့်သည်။

''မင်း...မင်း...ဘယ်သူလဲ''

''ကျွန်တော် တပ်မတော်အရာရှိတစ်ယောက်ပါ။ ဗိုလ်စိုင်းဝဏ္ဏရဲ့ ပစ္စည်းတစ်ခုကို သူ့ဇနီးလက်ထဲအပ်ဖို့ လာတာပါ။ ဟောဒီမှာ ကျွန်တော့် စိစစ်ရေးကတ်ပြား''

ဒေါ်မြစိန်က ဗိုလ်ဇော်ထွန်းပြသော တပ်မတော်အရာရှိ စိစစ်ရေးကတ်ပြားကိုကြည့်၍ အိမ်ထဲဝင်ခွင့်ပေးသည်။

''ဗိုလ်ကြီး ခဏထိုင်ပါဦး။ ကျွန်မ သွားခေါ်လိုက်ပါ့မယ်''

ဒေါ်မြစိန် အခန်းထဲဝင်သွားသည်။

ဗိုလ်ဇော်ထွန်းက နီးရာခုံတစ်ခုံတွင်ဝင်ထိုင်ပြီး အိမ်ခန်းကို မျက်စိကစားလိုက်သည်။ အခန်းဆီးနောက်ကွယ်မှ စကားတွတ်ထိုးသံ ကြားရသည်။

ဒေါ်မြစိန် တော်တော်နှင့်ထွက်မလာ။

ဗိုလ်ဇော်ထွန်းသည် အိတ်ထဲမှဆွဲကြိုးကို လက်ဖြင့်စမ်းရင်း သေခါနီး ခင်ပွန်းကို လုံးဝလှည့်မကြည့်ဘဲ ပစ်ခွာသွားရက်သော မိန်းမစိမ်းကြီးကို တွေ့ချင်မြင်ချင်ဇောဖြင့် စောင့်နေသည်။

◙ ◙ ◙



''အို...''

''ဟင်...''

မထင်မှတ်ဘဲ မမျှော်လင့်သူတို့ အသီးသီးတွေ့လိုက်ရသည်တွင် နှစ်ယောက်စလုံး၏ အံ့အားသင့်မှုသည် အထွတ်အထိပ်သို့ တမဟုတ်ချင်း ရောက်ရှိသွားသည်။ အသိတရားကင်းကွာသွားသည်သို့ တစ်ယောက်ကို တစ်ယောက်ကြောင်ကြည့်ကာ မှင်တက်နေမိကြသည်။

ပထမဆုံး သတိဝင်လာသူက ဗိုလ်ဇော်ထွန်း။

''ဆရာမ''

''ဗိုလ်ကြီး''

တုန်ရီဆို့နင့်စွာခေါ်လိုက်ပြီး ဗိုလ်ဇော်ထွန်းရင်ခွင်ထဲ ပြေးဝင်သည်။ ဗိုလ်ဇော်ထွန်းက အလိုက်သင့်ဆီးပွေ့ထားလိုက်သည်။

နန်းလောဝ်ခမ်းသည် ဗိုလ်ဇော်ထွန်းရင်ခွင်တွင် မျက်နှာအပ်လျက် တအင့်အင့်ရှိုက်ငိုသည်။ ဗိုလ်ဇော်ထွန်း တသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသော နန်းလောဝ်ခမ်း၏ကိုယ်လုံးကလေးကို တယုတယပွေ့ဖက်ထားရင်း သူနှင့် ဆံနွယ်စကလေးများကို ဖိကပ်ထားသည်။

နန်းလောဝ်ခမ်းနောက်မှ ကပ်လိုက်လာသော ဒေါ်မြစိန်သည် အခန်းဝတွင်ရပ်ကာ တအံ့တသြကြည့်နေမိပြီးမှ ချာခနဲလှည့်ရှောင် ထွက်သွားသည်။ နန်းလောဝ်ခမ်းရောက်စက ခင်းပြထားသော ဇာတ်စုံထဲမှ သရုပ်ဆောင် ဖြစ်လိမ့်မည်ဟု အကင်းပါးစွာ ရိပ်စားမိလိုက်သောကြောင့်ဖြစ်၏။

''ကျွန်တော်ဖြင့် နားမလည်နိုင်အောင်ကိုပဲ ဖြစ်နေရပါပြီ ဆရာမရယ်''

ဆံစကလေးများကို ပွတ်သပ်ပေးရင်း ဗိုလ်ဇော်ထွန်းက ကြေကြေကွဲကွဲ ဆိုညည်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဘယ်လိုမှရှင်းမပြတတ်နိုင်အောင်ပါပဲ ဗိုလ်ကြီးရယ်"

ဗိုလ်ဇော်ထွန်းရင်ခွင်မှ ခွာလိုက်ရင်း ဝမ်းပန်းတနည်း ပြောလေသည်။ မျက်ရည်မခန်းသေးသော သူမမျက်လုံးများက ဗိုလ်ဇော်ထွန်း၏အကြည့်ကို ရင်မဆိုင်ရဲသေး။ စိတ်အားငယ်နေချိန်တွင် တိတ်တခိုးချစ်မြတ်နိုးရသူကို ရုတ်တရက်တွေ့လိုက်ရသောအခါ စိတ်မထိန်းနိုင်ဘဲဖြစ်သွားသော အပြ အမူက အချစ်ပုန်းကို လှစ်ဟပြလိုက်သလို ဖြစ်သွားသောကြောင့် ရှက်ဓ သည်။ ဆောင်းတွင်းအိပ်မက်သဖွယ် မယုံကြည်စရာ ကောင်းလောက် အောင် ထိတ်လန့်ချောက်ချားစရာ အဖြစ်ကြောင့်လည်း ဗိုလ်ဇော်ထွန်းကို ရင်ဆိုင်ရမှာ ဝန်လေးနေမိသည်။ တွေ့တွေ့ချင်း သွေးပူပူဖြင့် ရှေ့စ်သု ကျူရှိုးတစ်ပင်တွေ့သည့်ပမာ အားကိုးတကြီး ခိုဝင်မှီတွယ်မိသော်လည်း သွေးအေးသွားသောအခါတွင်မူ သတိလက်လွတ်ဖြစ်သွားရပုံကို အဖြစ်တင် မဆုံး ဖြစ်ရပြန်သည်။ ထိုတဒင်္ဂဝယ် နန်းလောဝ်ခမ်း အံ့အားသင့်သည် ဝမ်းသာမိသည်။ ဝမ်းယန်းတနည်း ယူကျုံးမရလည်းဖြစ်ရပြန်သည်။ ပြီးတော့ ရှက်မိသည်။ မျက်နှာပူသည်။ သူမနှလုံးသားဝယ် ရှိရှိသမျှ ခံစားမှုများကို ပဒေါ်အာပင်သဖွယ် ဆင်ယင်ခြယ်သထားသည်သို့ ဖြစ်သည်။

ဓည့်ခန်းတွင် နေသားတကျထိုင်မိပြီးကြသည့်တိုင်အောင် နှလုံးသား ပဒေသာပင်တွင် ချိတ်ဆွဲထားသော ခံစားမှုများက မတည်ငြိမ်ချင်သေး လှုပ်ယမ်းလျက်ရှိနေတုန်း။

နန်းလောဝ်ခမ်းသတင်းကို စုံစမ်းရန်ရောက်ရှိလာသော ဗိုလ်ဇော်ထွ မှာလည်း နန်းလောဝ်ခမ်းကို တွေတွေဆိုင်ဆိုင် ဆုံတွေ့လိုက်ရပြီဖြစ်သည့်တိုင် တစ်စုံတစ်ခုကို မတင်မကျစိတ်ဖြင့် စနိုးစနောင့်ဖြစ်နေရသည်။ သူ တွေ့လျှင် ပျော်ရွှင်ရမည့် နန်းလောဝ်ခမ်းသည် အဘယ်ကြောင့် ငိုကြွေးနေ သနည်း။ မျှော်လင့်ထားသော ဆုံစည်းခြင်းမျိုးမဟုတ်ပါတကား။



"ကျွန်တော် လားရှိုးရောက်ခဲ့တယ်"

သိချင်သည်ကို တိုက်ရိုက်မေးရန်မဝံ့သော ဗိုလ်ဇော်ထွန်းက အလှမ်းဝေးသော စကားတစ်ခွန်းဖြင့် တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းသည်။ နန်းလောဝ်ခမ်း မျက်လွှာတစ်ချက်လှန်ကြည့်သည်။

"နန်းဗိုလ်လှိုင်းက ပြောတယ်။ ကျွန်တော်ရောက်မလာခင် ဆရာမ နုတ်ထွက်သွားတယ်တဲ့"

ဗိုလ်ဇော်ထွန်းက ထပ်ပြောသည်။ နန်းလောဝ်ခမ်း မျက်လွှာချလျက် နားထောင်နေသည်။

"ဘာ့ကြောင့် မြန်းစားကြီး နုတ်ထွက်သွားရတာလဲဆရာမ"

နန်းလောဝ်ခမ်းတွင် ဖြေဖို့အင်အားမရှိ။ နှုတ်ဆိတ်နေဆဲ။

"ကျွန်တော့်ကို မတွေ့ချင်လို့ တစ်သက်တာ ရှောင်သွားလိုက်တာ ပေါ့နော်"

"အို…မဟုတ်ပါဘူး"

ဖျတ်ခနဲ ခေါင်းမော့အကြည့်နှင့် လွှတ်ခနဲစကားအထွက် တစ်ပြိုင်တည်း။

"ဒါဖြင့် ဘာပြုလို့လဲဟင်"

ဒါကိုပင် အဖြေရခက်နေသည်။

တစ်နေ့ သူနှင့်တွေ့လျှင် သည်လိုအမေးမျိုးကို အဖြေရကျပ်သဖြင့် ရှောင်ပုန်းခဲ့ကာမှ တွေ့ဖြစ်အောင်တွေ့လာချေပြီကော။ အခုမှတော့ သူမ သတ္တိမွေးရတော့မည်။ ရှောင်ပုန်းလို့မရ၊ ဖုံးဖိလို့မရဖြစ်လာပြီကို သူမ သဘောပေါက်လာသည်။ နောင်တွင် အကျိုးဆက် ဘယ်လိုရှိရှိ သပွတ်အူ ရှင်းမှဖြစ်မည်ကို သိလာရပြီ။

ဗိုလ်ဇော်ထွန်းက အဖြေကို ငံ့လင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးတွေ တဆတ်ဆတ်လှုပ်ရှုနေသည်။ ပါးအိုနီတွေးပေါ်သို့ မျက်ရည်ပုလဲဥတွေ လိမ့်ဆင်းလာကြပြန်သည်။ တစ်ချက်နှစ်ချက် ဆင့်ရှိုက်လိုက်ပြီးမှ မနည်းအားတင်း၍ တပင်တပန်းပြောရှာသည်။

''ဗိုလ်ကြီးသိချင်ရင် ကျွန်မပြောပါ့မယ်။ ဒါပေမယ့် အလုပ်ထွက်တာ တစ်ခုထဲပြောလို့ကတော့ လိပ်ပတ်လည်မှာမဟုတ်ဘူး။ ဒါကြောင့်မို့ အစက စပြီး ကျွန်မပြောမယ်။ စိတ်ရှည်ရှည်နဲ့သာ နားထောင်ပါတော့''

၂

''အို…ဘယ်တော့မှမလိုက်ဘူး။ အမေ ဒီမှာပဲ အသေခံမယ်''

ဒေါ်မြမေက ခေါင်းမာစွာငြင်းသည်။

''စဉ်းစားပါဦး၊ သမီးက အမေနေကောင်းအောင် စီစဉ်တာပါ''

''ဟုတ်သားပဲ မြမေရယ်။ လောဝ်ခမ်းအစီအစဉ်အတိုင်း လာရှိုးကို လိုက်သွားဖို့ကောင်းတယ်''

ဒေါ်နန်းလှူက တိုက်တွန်းသည်။ ဒေါ်နန်းလှူမှာ ခြံနီးချင်း ဦးအိုက်ခမ်း၏ဇနီးဖြစ်ပြီး နန်းလောဝ်ခမ်းရောက်မလာခင် ဒေါ်မြမေကို ပြုစုပေးနေသူ ဖြစ်၏။

''မလိုက်ချင်ပါဘူး နန်းလှူရယ်။ နောင်ငူကလွဲလို့ ဘယ်ကိုမှ သွားချင်စိတ်မရှိဘူး''

''တစ်ယူမသန့်ချင်စမ်းပါနဲ့ မြမေ။ နောင် ဒီလို ခဏခဏနေမကောင်း ဖြစ်နေရင် တစ်နေ့ ဒုက္ခရောက်လိမ့်မယ်။ ရောဂါကျွမ်းသွားလိမ့်မယ်။ အချိန်ရှိတုန်းရှိခိုက်မှာ လုပ်သင့်လုပ်ထိုက်တာလုပ်ထားမှ ဒီတောင်က ကျော်နိုင်မှာ''

''မကျော်နိုင်လည်း ကျွန်မသေရဲပါတယ် ကိုထွန်းလုံ။ သူများတကာ တွေကိုသာ ရှင်ဆေးကုပေးနိုင်ပေမယ့် ကိုယ့်မိန်းမကျတော့ ရှင်မကုပေးနိုင်



တော့ဘူးမဟုတ်လား။ ကိုယ့်ယောက်ျား ဆေးဆရာရဲ့ ဆေးချက်မတိုးတဲ့ နောက်တော့ ကျွန်မကိုယ်ကို ဘယ်ဆရာ့လက်မှ မအပ်တော့ဘူး။ ရှင့်လက် ထဲမှာသာ ကျွန်မအသေခံမယ်။ မိဘဘိုးဘွားအမွေ နောင်ငူခြံမှာပဲ ခေါင်းချမယ်''

''တယ်ခက်ပါ့လား မြမေ''

ဦးထွန်းလုံ ညည်းညူသည်။

စကားများများပြောလိုက်ရသဖြင့် ဒေါ်မြမေ မောနေသည်။ မျက်စိ မှိတ်ထားသည်။ မှိန်းနေသည်။

တစ်ချီတစ်ချီ ထရံကြားမှ တိုးဝင်လာသော လေကြောင့် စိမ့်အေး သွားတတ်သဖြင့် နန်းလောဝ်ခမ်းက ခြေရင်းမှစောင်ကိုယူကာ ဒေါ်မြမေကို ခြုံပေးသည်။ လွန်ခဲ့သော လေးငါးလခန့်မှစတင်၍ တရှောင်ရှောင်ဖြစ်လာ ခဲ့သော ဒေါ်မြမေ၏မျက်နှာမှာ သိသိသာသာ ချောင်ကျသွားသည်။ နန်းလောဝ်ခမ်း အရင်တစ်ခေါက် လာတုန်းကထက်ပင် ပိုဆိုးသည်။ ချောင်ကျသွားသော မျက်ကွင်း၊ နိမ့်ဆင်းသွားသောပါးပြင်နှင့် မို့ကျန်ရစ် သောပါးရိုးတို့မှာ ရေနံဆီမီးရောင်ဖျော့ဖျော့ထိုးသဖြင့် အလင်းအမှောင်အရိပ် ဆင်ကာ ပိုမို့ပေါ်လွင်နေပေသည်။

''အမေက မလိုက်ဘူးလို့ တင်းခံနေရင် ဘယ်လိုလုပ်မလဲ''

ဒေါ်မြမေကို စိတ်မချမ်းမြေ့စွာ ငေးကြည့်နေရာမှ နန်းလောဝ်ခမ်းက ဖခင်ကိုမေး၏။

''အိမ်း…အခက်သားကလား။ သမီးအမေအကြောင်း အဖေ ကောင်းကောင်းသိတယ်။ သူက အတော်ခေါင်းမာတဲ့မိန်းမ။ အဖေတို့က သူ့အတွက်ကောင်းတယ်ထင်လို့ ဘယ်လိုပဲစီစဉ်စီစဉ် သူမှားမဝင်လက်မခံရင် အလကားပဲ သမီး။ သူ့ဆန္ဒနဲ့ဆန့်ကျင်ပြီး အတင်းစီစဉ်ပြန်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ဆင်းရဲတာ အဖတ်တင်မှာပဲ။ လူမမာစိတ်အားမတက်ဘဲ စိတ်ဆင်းရဲတာဟာ ဆေးဝါးကုသရာမှာ ကြီးမားတဲ့ အပန်အတားအခက်အခဲတစ်ခုလို့ အဖေ နားလည်ထားတယ်"

"ဒီလိုဆို အမေ့ကို ဒီမှာပဲထားခဲ့ရမယ်ပေါ့"

"ဟုတ်တယ် သမီး"

ဦးထွန်းလုံက လေးလေးတွဲ့တွဲ့ပြော၏။ တစ်ဆက်တည်းပင်-

"ဒီအချိန်မှာ သူ့ဆန္ဒနဲ့ဆန့်ကျင်ပြီး ဘာကိုမှအတင်းအကျပ် မလုပ်လိုဘူးကွယ်။ သူ့စိတ်ချမ်းသာမှု၊ သူ့ဆန္ဒတစ်ခုကိုပဲ ဦးစားပေးချင်တာပဲ"

နန်းလောဝ်ခမ်း မျက်ရည်ဝဲလာမိသည်။ လားရှိုးမှသည် နောင်ငူအထိ လုံ့ခြုံမှုမရှိသောခရီးကြမ်းကို အပြင်းနှင်လာခဲ့ရသည့် ကြိုးစားမှုတွေ အလဟဿဖြစ်စေရတော့မည်လား။

အသက်မှျဉ်းမှျဉ်းရှူကာ အိပ်ပျော်သွားပြီဖြစ်သော ဒေါ်မြမေကို တွေတွေကလေး ငေးစိုက်ကြည့်ရင်း နန်းလောဝ်ခမ်းက အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ထားလိုက်ပြီး -

"အမေ့ဆန္ဒနဲ့မဆန့်ကျင်အောင် အမေ နားဝင်လက်ခံလာတဲ့အထိ အမျိုးမျိုးရှင်းပြပြီး သမီးစောင့်ခေါ်ခယ် အဖေ"

"ဟုတ်သားပဲ ဆရာလုံ။ ကျွန်မလည်း ဝိုင်းကူပြောပေးမှာပေါ့"

"ပြောကြပါ နန်းလူ။ နန်းလူတို့ပါ ဝိုင်းကူပြောကြလို့ မြမေ လက်ခံလာရင် ကျုပ်လည်း ဝမ်းသာရမှာပေါ့။ အဲ…ဒါပေမယ့် မြမေကို ပြောလို့ရမှရပါ့မလားဆိုတာကိုတော့ ကျုပ် သံသယရှိမိတယ်နန်းလူ"

ဦးထွန်းလုံ၏ နောက်ဆက်တွဲစကားကို ဒေါ်နန်းလူနှင့် နန်းလောဝ်ခမ်းတို့ ပေါ့သေးသေးမထင်ဝံ့ကြ။ နန်းလောဝ်ခမ်း ကိုယ်တိုင်မှာလည်း ဒေါ်မြမေ လက်ခံလာအောင် ကြိုးစားမည်ဟု ပြောသာပြောရသည်။ အကယ်စင်စစ် သိပ်တော့အားမရှိလှ။



သြော်…ရှေးရိုးအစွဲကြီးလွန်းသော လူကြီးသူမများသည် ပြောရဆိုရ ခက်လှပါတကား။

⊡ ⊡ ⊡

နန်းလောဝ်ခမ်းသည် နောင်ငူခြံရောက်ကတည်းက ဒေါ်မြမေ၏ ဝေယျာဝစ္စကို အောက်ခြေသိမ်း ဒိုင်ခံပြုစုပေးနေရသဖြင့် နောင်ငူမှာ မပြောနှင့်၊ အနီးဆုံးခြံဖြစ်သော ဦးအိုက်ခမ်းခြံသို့ပင် ခြေဦးမလှည့်သာခဲ့။

ဒေါ်မြမေနှင့်တည့်မည့် အစားအသောက်တို့ကို ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးရုံသာမကသေး အချိန်မှန်ဆေးပါးတိုက်ကျွေးဖို့ကိုလည်း တာဝန်ယူထားရသေးသည်။ ခြေဆုပ်လက်နယ် နင်းနှိပ်ပေးရသည်လည်း ရှိ၏။ ခည်မျှပင် လုပ်ကိုင်ပေးရပါစေ၊ မွေးသမိခင်ကို မွေးကျေးဇူး၊ ကျွေးကျေးဇူး ပြန်ဆပ်ခွင့်ရသည်မို့ သူမစိတ်တွင် ပန်းသည်မထင်ခဲ့။

သို့သော် နန်းလောဝ်ခမ်းရင်ထဲဝယ် လှိုက်၍လှိုက်၍ အထိခိုက်ဆုံး အချိန်တို့သည်လည်း ရှိခဲ့လေ၏။ ထိုအချိန်တို့သည်ကား လားရှိုးသို့ ဆေးကုလိုက်ခဲ့ပါရန် တစ်လုံးစနှစ်လုံးစ နားသွင်းလေတိုင်း ဒေါ်မြမေက ခါ;ခါး သီးသီး ငြင်းဆန်လေသော အချိန်များပင်တည်း။

အဖေနှင့်မောင်ငယ်တို့အပြင် ဒေါ်နန်းလူတို့ကပါ အခါအခွင့်သင့်တိုင်း ခည်မျှဖျောင်းဖျဖျောင်းဖျ ဒေါ်မြမေ ခေါင်းခါခဲ့သည်ချည်း။

သည့်လိုနှင့် ရက်သတ္တတစ်ပတ်တိုင်ခဲ့သည်။

ဒေါ်မြမေသာ သူမ ရောက်ရောက်ချင်း သဘောတူခဲ့လျှင် ယခုဆို လားရှိုးဆေးရုံ၌ ဆေးကုသမှုခံယူနေရလောက်ပြီဟု နန်းလောဝ်ခမ်းက အချိန်တွေကို နှမြောစွာရေတွက်နေစဉ် ဦးထွန်းလုံနှင့် စိုင်းအောင်ထွန်းတို့ အပြင်မှရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ပြန်ဖို့ ပြင်ပေတော့သမီး"

အဆက်အစပ်မရှိပြောလိုက်သော ဦးထွန်းလုံ၏စကားကြောင့် နန်းလော်ခမ်း နားမလည်နိုင်အောင်ရှိရသည်။ "ဘာပြုလို့လဲ အဖေ" ဟု သိချင်ဇောနှင့်မေးသည်။ ဦးထွန်းလုံက မှိန်းနေသောလူမမာကို တစ်ချက် လှမ်းကြည့်လိုက်ပြီး လေသံနှိမ့်၍ -

"နံနက်လင်းအားကြီးက နမ့်ပန်အနောက်ဘက် ဂင်္ဂါတောင်ခြေမှာ တိုက်ပွဲဖြစ်တယ်"

"ဟင်···ဟုတ်လား"

"ဖြစ်တာ အိုက်စံတို့ခြံနဲ့ သိပ်မဝေးဘူး။ ဝဏ္ဏတို့ဘက်က တစ်ယောက် ကျကျန်ရစ်တယ်လို့ လက်ဖက်ခြံကပြန်ပြေးလာတဲ့ အိုက်စံကပြောတယ်"

"မန်ကပ်မှာ တပ်တွေအများကြီးရောက်နေတယ်လို့ ဘုရားကျောင်း မှာ ပုကျယ်တို့ ဆရာတော်ကို လျှောက်နေသံကြားခဲ့ရတယ်"

စိုင်းအောင်ထွန်းကလည်း သူကြားခဲ့ရသောသတင်းတစ်ခုကို ဖြည့်စွက်၏။

"မန်ကပ်မှာ တပ်တွေရောက်တာမဆန်းပါဘူး"

"မဟုတ်သေးပါဘူး အစ်မ။ အခုရောက်လာတာ တပ်စုံတယ်။ ခါတိုင်းလို တန့်ယန်းကိုဆက်မသွားဘဲ မန်ကပ်မှာတင် စခန်းချနေကြ တယ်လို့ ဈေးပြန်တွေကပြောတယ်။ တချို့ဆို နမ့်ပန်ကိုဖြတ်ပြီး တောင်ခြေ ဘက်ထွက်သွားကြပြီတဲ့"

"ဒါဆို···"

နန်းလော်ခမ်းသည် သူမ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောရန် ဝန်လေးနေ၏။

သူမတို့ နမ့်ပန်ချိုင့်ဝှမ်းသည် ကျွဲနှစ်ကောင်ကြားမှ မြေဇာပင် ဖြစ်ခဲ့ရပေါင်းများချေပြီ။ စစ်ဆင်ရေးအတော်များများကို သူတို့ ကြုံဖူး



ကြသည်။ ၁၉၅၉ ခုနှစ် စော်ဘွားတွေ အာဏာစွန့်လွှတ်ပြီးကတည်းက ယခုအထိဆိုပါတော့။ အတွေ့အကြုံမနည်းသူများပီပီ တောင်ဆီတွင် မှိုင်းညို့ သည်နှင့် မိုးရွာမည့်အရိပ်အယောင်မှန်း တွေးထင်ပူပန်လိုက်မိကြသည် ချည်းပင်။

ခုလည်း စစ်ဆင်ရေးတစ်ခု လာချေဦးမည်လားဆိုသော အတွေးက နန်းလော်ခမ်းခေါင်းထဲ ဝင်လာသည်။ ဦးထွန်းလုံတို့ သားအဖကလည်း တစ်ထပ်တည်းပင် တွေးထင်ခန့်မှန်းကြလေသည်။ ထို့ကြောင့် နန်းလော်ခမ်း ထံ ရေးကြီးသုတ်ပျာ ရောက်လာပြီး ပြန်ဖို့ပြောခြင်းဖြစ်၏။

"ဒါကြောင့် သမီးအမေကို ခေါ်မရတဲ့အတူတူ အချိန်မဖြုန်းဘဲ မနက်ဖြန်ပြန်ဖို့ပြောတာ။ အဖေတို့ခြံကခေါင်တော့ သမီးအတွက် စိတ်မချ ရဘူး"

"ဟုတ်တယ် အစ်မ။ မနက်ဖြန် မန်ကပ်အထိ ကျွန်တော်လိုက်ပို့ ပေးမယ်"

ဦးထွန်းလုံနှင့် စိုင်းအောင်ထွန်းတို့က ထပ်မံတိုက်တွန်းကြသည်။

နန်းလော်ခမ်းသည် မည်သို့ပြုလုပ်ရမည်ကို မဆုံးဖြတ်တတ်အောင် ရှိနေရ၏။ တကယ်တော့ သူမလည်း လားရှိုးသို့ ပြန်ချင်လှပါသည်။ 'ဒီအချိန် ဆို ဗိုလ်ဇော်ထွန်း ရောက်နေပြီလား။ မျှော်လင့်တကြီးလာခဲ့ရသော ဗိုလ်ဇော်ထွန်းသည် သူမကို မတွေ့ရသောအခါ မည်သို့ရှိလိမ့်မည်နည်း။ သူမ တစ်နေ့ ရောက်လာနိုးရောက်လာနိုးနှင့် မျှော်လင့်စောင့်စားနေပြီ ထင်ပါရဲ့' အစရှိသဖြင့် လားရှိုးကို ရော်ရမ်းကာလွမ်းသည်။ တစ်ဖက်ကို ကြည့်ပြန်တော့လည်း ရောဂါဝေဒနာခံစားနေရသော ကျေးဇူးရှင်မွေးသမိခင် ကို ထားမပစ်ခဲ့ချင်။ အမေ့အနားတွင်နေ၍ ပြုစုချင်သေး၏။ ဖျော်ဖျ ခေါ်ဆောင်ချင်သေး၏။

www.burmeseclassic.com

www.burmeseclassic.com

"သမီး တစ်ခုစဉ်းစားကြည့်။ ကျားနာဆိုတာ ရရာနိုင်ရာကို ဒေါသတကြီးနဲ့ ဝင်ဆွဲတတ်တယ်။ အစိုးရတပ်ကြောင့် သူတို့လူတစ်ယောက်ကျသွားပြီ။ တပ်ကိုမယှဉ်နိုင်တိုင်း လမ်း၊ တံတား၊ ကျောင်း၊ ဆေးခန်းတွေနဲ့ အစိုးရဝန်ထမ်းတွေကို မဲထားရှိတယ်။ သမီးဟာ လားရှိုးက ကျောင်းဆရာမတစ်ယောက်ဆိုတာ မမေ့ထားနဲ့"

နန်းလောဝ်ခမ်း ဝေခွဲရခက်နေပုံကို ရိပ်မိသော ဦးထွန်းလုံက အချက်ကျကျ ထောက်ပြသည်။ ထိုအခါ ဆင်ခြေမဟုတ်သော်လည်း ဖြစ်နိုင်မည် ထင်သော အယူအဆတစ်ခုကို နန်းလောဝ်ခမ်းက ဆုပ်ကိုင်သည်။

"နမ့်ပန်ဟာ ဝဏ္ဏနယ်ပါ။ ဒီနယ်မှာ ဝဏ္ဏပြီးရင် ပြီးပါတယ်။ ဝဏ္ဏနဲ့ ပတ်သက်လာရင် ဘယ်သူမှမထိရဲကြပါဘူး။ အဖေတို့က ရှင့်မိန့်ရှင့်ဖ သမီးက ဝဏ္ဏရဲ့အရင်းနှီးဆုံးသူငယ်ချင်း။ ဒီတော့ အဖေစိုးရိမ်သလို သမီး အတွက် အန္တရာယ်မရှိနိုင်ပါဘူး"

နန်းလောဝ်ခမ်း၏အယူအဆကို ဦးထွန်းလုံပင်လျှင် ဇဝေဇဝါ များယောင်သွားသည်။ ဘာမှပြန်မပြောဘဲ ခေါင်းတဆတ်ဆတ် ညိတ်လျက် သဲည်မို့ နန်းလောဝ်ခမ်း ပြောအားရှိလာသည်။ အခွင့်သာသခိုက် ပြောလိုက်မဟဲ့ဟု ဟန်ပြင်လိုက်စဉ်မှာပင် စိုင်းအောင်လွန်း၏ မေးခွန်းသံသည်ကြီးက ထွက်ပေါ်လာသည်။

"အစ်မက ဝဏ္ဏကို တော်တော်အထင်ကြီးသလား"

"အထင်ကြီးတယ်လို့တော့ မဟုတ်ပါဘူး။ သူငယ်ချင်း တစ်ယောက် အားကိုးမိတာပါ"

ဤတွင် စိုင်းအောင်ထွန်းက ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြီ နန်းလောဝ်ခမ်းတစ်ကိုယ်လုံး တုန်လှုပ်သွားစေသည့် စကားတစ်ခွန်းက ခပ်ပြတ်ပြတ် ပြောချလိုက်၏။

"ဒီမယ် အစ်မ၊ ဝဏ္ဏမှာ သူငယ်ချင်းဆိုတာ မရှိပါဘူးဗျ"



၃

မှန်သည်။

ဝဏ္ဏတွင် သူငယ်ချင်းဆိုတာမရှိ။

အစတုန်းက သည်အချက်ကို နန်းလောဝ်ခမ်း အမှတ်တမဲ့ရှိခဲ့သည်။ ကြုံတွေ့ဖြတ်သန်းလာခဲ့ရသော အဖြစ်သနစ်တို့ကို နာကြည်းကြေကွဲဖွယ်ရာ အတိတ်ဟူ၍သာ အမှတ်သညာပြုတတ်ရုံရှိခဲ့ပြီး စိုင်းအောင်ထွန်း သတိပေးခဲ့သလို စိုင်းဝဏ္ဏနှင့်ပတ်သက်၍ လေးလေးနက်နက် သင်ခန်းစာ အနှစ်ချုပ် ထုတ်မယူတတ်ခဲ့။

ယခုမှ သေသေချာချာတွေးကြည့်သောအခါ စိုင်းအောင်ထွန်း ပြောသောမှတ်ချက်မှာ မှန်ကန်ကြောင်း အထိတ်တလန့် တွေ့ရှိလာရသည်။

◘ ◘ ◘

ကြာတော့ ကြာခဲ့ပါပြီ။

ကြာသော်လည်း နန်းလောဝ်ခမ်းကတော့ မှတ်မိနေပါသေးသည်။ ပြန်တွေးလျှင် ပဒေသရာဇ်စော်ဘွားတို့ အာဏာမစွန့်လွှတ်မီ တစ်နှစ်သာသာ ခန့်က စရလိမ့်မည်ထင်သည်။

ထိုစဉ်က နန်းလောဝ်ခမ်းမှာ ရှစ်တန်းကျောင်းသူဖြစ်ပြီး မောင်ငယ် စိုင်းအောင်ထွန်းက ခြောက်တန်းရောက်နေပြီ။ သူတို့ နောင်ငူရွာတွင် အတန်းကျောင်းမရှိ။ ဘုန်းကြီးကျောင်းသာရှိသည်။ သေစာရှင်စာမျှနှင့် လောကုတ္တရာစာကို ဘုန်းတော်ကြီးက သင်ပေးသည်။ အတန်းစာ သင်လိုပါက မန်ကပ်ရှိ မူလတန်းကျောင်းသို့ သွားရသည်။ များသောအားဖြင့် မူလတန်းကျောင်းက ထွက်သည်နှင့် မိန်းကလေးများက အိမ်မှုကိစ္စများတွင် မိခင်ကို ကူညီလုပ်ကိုင်ပေးကြရပြီး ယောကျ်ားကလေးများက ဖခင်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

တောင်ယာသို့ လိုက်ပါကြရလေ့ရှိသည်။ မိဘစီးပွားရေး အခြေအနေအရ အထက်တန်းကျောင်းသို့ ဆက်တက်နိုင်သူဦးရေမှာ လက်ချိုးရေနိုင်လောက် အောင်ပင် နည်းပါးလှချေသည်။ သည်အထဲတွင် ရှားရှားပါးပါး မိန်းကလေး တစ်ယောက်သာ ပါလာသည်။ ထိုသူကား နန်းလောဝ်ခမ်းပင်တည်း။

စင်စစ် ထိုကဲ့သို့ နန်းလောဝ်ခမ်းတို့မောင်နှမ အထက်တန်းကျောင်း တက်ခွင့်ရသည်မှာ ဖခင်ဦးထွန်းလုံ၏ အမြော်အမြင်ကြောင့်ဟု ဆိုရပေ သည်။ မိခင်ဒေါ်မြမေ၏ အလိုအတိုင်းဆိုက ကျောင်းဆက်နေဖို့မလွယ်။ အထူးသဖြင့် မိန်းကလေးဖြစ်သော နန်းလောဝ်ခမ်းအတွက် ပို၍မလွယ်။ ဒေါ်မြမေ၏ဆန္ဒမှာ နန်းလောဝ်ခမ်းသည် တစ်နေ့တွင် အိမ်ထောင်သားမွေး ပြုရမည့် မိန်းမသား။ ထို့ကြောင့် အိမ်ထောင်မှုအလုပ် သိမ်းထုပ်သေချာအောင် သူမအနီးတွင် နီးနီးကပ်ကပ် ရှိနေစေချင်သည်။ အိမ်ရှင်မကောင်း တစ်ယောက်အတွက် လိုအပ်သော အိမ်ထောင်ထိန်းသိမ်းမှု အတတ်ကိုသာ လက်ထပ်သင်ပေးချင်သည်။ ယောကျ်ားကလေးဖြစ်သော စိုင်းအောင်ထွန်း ကိုပင်လျှင် ရှင်ပြုပြီးနောက် သာသနာ့ဘောင်တွင် မွေ့လျော်ကာ ပစ္စည်း လေးပါးဒါယိကာမ ဖြစ်စေမည်။ အကယ်၍ လူထွက်ပါက ဒေါ်မြမေ ဘက်ကအမွေရထားသော လက်ငုတ်လက်ရင်း လက်ဖက်ခြံငယ်ကို ဦးစီး လုပ်ကိုင်ရင်း ဖခင်၏ဆေးပညာအမွေကို ထွန်းထွန်းပေါက်ပေါက် ဆရာ တစ်ဆူဖြစ်သည်အထိ ခံယူစေရန်လိုလားသည်။

"မြမေရယ် နင် တယ်ခေတ်နောက်ကျပါလား"

အကြောင်းကြုံကြိုက်တိုက်ဆိုင်၍ ဒေါ်မြမေက ရင်သွေးနှစ်ယောက်၏ ရှေ့ရေးနှင့်ပတ်သက်ပြီး သူမဆန္ဒကို ဖွင့်ဟထုတ်ဖော်လေတိုင်း ဦးထွန်းလုံက ထိုသို့ ညည်းညူမှတ်ချက်ချခဲ့သည်ချည်း။

သို့ဖြစ်လျှင် ဦးထွန်းလုံကရော ဘယ်ရွေ့ဘယ်မျှ ခေတ်မီနေပါ သနည်းဟု မေးငြားအံ့။ 'သူ့ခေတ်နဲ့တော့ သူတွင်ကျယ်' ဆိုသောစကား



အတိုင်း ဦးထွန်းလုံကလည်း 'သူ့နေရာနှင့်သူတော့ တွင်ကျယ်သည်' ဟု ဖြေရချိမ့်မည်။ နောင်ငူတွင် ဦးထွန်းလုံသည် ရှေ့မီနောက်မီ ရွာမိရွာဖများ လောက် လူ့ဘဝသက်တမ်း မရှည်သေးစေကာမူ ဒေသန္တရ ဘာသန္တ ဗဟုသုတမှာတော့ ဦးထွန်းလုံက ရှေ့ကပြေးသည်။ ဆေးဆရာပီပီ နယ်တကာ လှည့်၍ ပညာဆည်းပူးခဲ့စဉ်က ရှမ်းပြည်နယ်တခွင် ပြုပြုစင်ခဲ့ရုံသာမက မြေပြန့်သို့တိုင် ခြေဆန့်ခဲ့ဖူး၏။ သူတို့ နောင်ငူရွာခံတွေမှာ အနီးပတ်ဝန်းကျင် ဖြစ်သော နားတူ၊ မန်ကပ် စသည့် ကျေးရွာကြီးများနှင့် တစ်ခါတစ်ရံ စော်ဘွားမြို့စားရုံးစိုက်ရာ တာယမ်း၊ မိုင်းရယ် (တောင်သိန္နီ) မြို့များ အထိသာ ကူးလူးဆက်ဆံဖူးကြသည်။ ဦးထွန်းလုံကတော့ သူတို့စော်ဘွား တစ်ပိုင်ဖြစ်သော မိုင်းရယ်နယ်ကို အသာထားဘိဦး။ အနီးအနားစော်ဘွား ရုံးစိုက်ရာ သီပေါ (အုန်းပေါင်)၊ တောင်ပိုင်း (နမ့်စန်)၊ သိန္နီ စသည့်မြို့များ အပြင် ကျောက်မဲ၊ လားရှိုးဆိုသည်မှာ အခါခါအခေါက်ခေါက်။ ပြီးတော့ တောင်ပိုင်းရှမ်းပြည်နယ်ဘက်က ပင်းတယ၊ ညောင်ရွှေ၊ ရွာငံတို့အပြင် ကော်ဝံ၊ စခန်းသာ၊ မေမြို့ (ပြင်ဦးလွင်) မှသည် မန္တလေး၊ မတ္တရာအထိ။ သည်တော့ ဦးထွန်းလုံက အကြားအမြင်များသည်။ ဗဟုသုတ ကြွယ်သည်။ အတွေ့အကြုံစုံသည်။ အတွေးအခေါ် ရင့်ကျက်သည်။ အမြော်အမြင် ရှိသည်။ ဘာပဲဖြစ်ဖြစ် သူတို့နောင်ငူမှာတော့ ဆေးဆရာဆိုသော ဂုဏ်ပုဒ် နှင့် နယ်စုံနှံ့စပ်ခဲ့ဖူးသော အတွေ့အကြုံကြောင့် ဦးထွန်းလုံကို လူငယ်၊ လူလတ်၊ လူကြီးပိုင်းအားလုံးက တလေးတစား ရှိကြရသည်ပင်။

ထို့ကြောင့် ဒေါ်မြမေနှင့်စာလျှင် ဦးထွန်းလုံက ခေတ်မီသည်ဟု ဆိုနိုင် သ၏။ ခေတ်ပညာ၏တန်ဖိုးကို ဒေါ်မြမေထက် ဦးထွန်းလုံကပိုသိ၏။ အထူးသဖြင့် သူမန္တလေးရောက်ခဲ့စဉ်က ဇာတိကုန်းရပ်တွင် တည်းခိုခဲ့ရ၏။ ဇာတိကုန်းမှာ မန္တလေးတက္ကသိုလ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်။ နေ့စဉ် ကျောင်းတက် ကျောင်းဆင်းလာကြသော ကျောင်းသူကျောင်းသားတွေကို

www.burmeseclassic.com

www.burmeseclassic.com



မမြင်ချင်၊ မတွေ့ချင်အဆုံး။ ထိုစဉ်က သူမြင်တွေ့ခဲ့ရသော တက္ကသိုလ်ကျောင်းသူကလေးများနေရာတွင် သမီးနန်းလောဝ်ခမ်းကို အစားထိုးကြည့်ကာ ပီတိဝေဆာခဲ့ရဖူးလေသည်။

စင်စစ် ဦးထွန်းလုံအနေဖြင့် သမီးနှင့်သားကို တက္ကသိုလ်ပို့ဖို့ဆိုသည်မှာ စိတ်ကူးယဉ်ရုံမျှသာဖြစ်ကြောင်း နားလည်သည်။ သို့တစေ တက္ကသိုလ်အထိ မဆွက ရည်မှန်းရင်းစွဲမရှိသည့်တိုင်အောင် လက်လှမ်းမီသမျှ ခေတ်ပညာကိုတော့ သားနှင့်သမီးကိုသင်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် နန်းလောဝ်ခမ်းတစ်ယောက် မန်ကပ်မူလတန်းကျောင်းမှ အောင်မြင်ပြီးနောက် တန့်ယန်းအထက်ကျောင်းအထိ ထွန်းထွန်းပေါက်ပေါက် တက်ရောက်နိုင်သည့် နောင်ငူ၏တစ်ဦးတည်းသော သမီးပျိုကလေး ဖြစ်လာခဲ့ရတော့သည်။

◙ ◙ ◙

နောင်ငူနှင့်တန့်ယန်းမှာ ခရီးကြမ်း၏။ ခရီးလှမ်း၏။ ထို့ကြောင့် နောင်ငူကဲ့သို့ ဝန်းကျင်ကျေးရွာတချို့မှ ကျောင်းလာနေသော ကျောင်းသားများသည် နီးစပ်ရာ အသိမိတ်ဆွေ၊ ဆွေမျိုးသားချင်းတို့အိမ်တွင် စားစရိတ်ထောက်ပံ့ကာ နေကြရသည်။ ဦးထွန်းလုံက နန်းလောဝ်ခမ်းတို့မောင်နှမကို ဦးလေးဆရာ့အိမ်တွင် အပ်နှံသည်။

ဦးလေးဆရာဆိုသည်မှာ စိုင်းဆဟုန်၏ အခေါ်အဝေါ်အတိုင်း နန်းလောဝ်ခမ်းတို့ကလည်း လိုက်ပါခေါ်ဝေါ် နှုတ်ကျိုးနေသောအမည်။ အမည်ရင်းက စိုင်းဟုန်ဖ။ ရှမ်းကိုင်းရင်းသား ခေတ်ပညာတတ်။ တန့်ယန်းတွင် အခြေမစိုက်မီက နှစ်ပေါင်းကြာရှည်စွာ မန္တလေးတွင် အခြေချနေထိုင်ခဲ့သူ။ မန္တလေး တက္ကသိုလ်ထွက်။



နားတူရှိ အစ်မကြီးနှင့်ယောက်ဖတို့ လူသတ်ခံရသောအခါတွင်မှ တောင်ပေါ်သို့ ဦးလေးဆရာ ပြန်တက်လာသည်။ မျက်စိသူငယ် ကျန်ရစ်ခဲ့ရှာသည့် တစ်ဦးတည်းသောတူကလေး ဆဟုန်ကို နောင်ငူတွင်နေသော အစ်မလတ် ဒေါ်ခမ်းလှူထံပို့ထားပြီး သူက တန့်ယန်းတွင် ကျောင်းဆရာဝင်လုပ်သည်။ အလုပ်ဝင်ပြီး သုံးလမပြည့်တပြည့်တွင် အိမ်ထောင်ကျသည်။ တောင်ပေါ်သူနှင့်တော့မဟုတ်။ မတ္တရာသူဟု ဆိုသည်။ ဦးလေးဆရာ့ကို ချစ်မြတ်နိုးပုံ စံတင်လောက်သည်။ ဒါကြောင့်လည်း လင့်တစ်မျက်နှာတစ်ရွာ ထင်လျက် ကိုးကိုးစားစားလိုက်လာခဲ့ခြင်းပေပဲဟု နန်းလောဝ်ခမ်းထင်သည်။

စိုင်းဆဟုန် မန်ကပ်မူလတန်းကျောင်းမှ အောင်မြင်သောအခါ သူ့ထံခေါ်ပြီး ကျောင်းဆက်ထားပေးသည်။ စိုင်းဆဟုန်နှင့်အတူ နန်းလောဝ်ခမ်းတို့မောင်နှမလည်း ဦးလေးဆရာ့အိမ်သို့ ပါလာသည်။ ပညာရေးကို အလေးပေးသော ဦးထွန်းလုံက သမီးနှင့်သားကို ကျောင်းဆရာ့အိမ်တွင် အပ်နှံခြင်းဖြင့် ပိုမိုလျော်ကန် သင့်မြတ်လိမ့်မည်ဟုယူဆကာ ဦးလေးဆရာနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်လေသည်။

နန်းလောဝ်ခမ်း၊ စိုင်းဆဟုန်တို့နှင့်အတူ အတန်းတူသူငယ်ချင်းတစ်ယောက်ရှိသေးသည်။ ထိုသူကား နောင်ငူရွာ လမိုင်ကြီး ဦးပန်းအောင်၏သား စိုင်းဝဏ္ဏ။

တန့်ယန်းကျောင်းမရောက်မီက စိုင်းဝဏ္ဏ၊ စိုင်းဆဟုန်၊ စိုင်းခမ်းပန်၊ နန်းလောဝ်ခမ်းနှင့်အဲမြတို့မှာ တစ်လုံးတစ်ထွေးရှိနေတတ်သော သူငယ်ချင်းတစ်သိုက်ပင်။ လူသူအရောက်အပေါက်နည်းသော နန်းလောဝ်ခမ်းတို့ခြံမှာ သူတို့ ကစားလေ့ရှိ၏။ အထူးသဖြင့် အိမ်မကြီးနှင့်စပါးကျီအကြား မြေတလင်းပြန့်ပြန့်မှာ သူတို့ကစားကွင်း။ တစ်ခါတစ်ခါကျတော့ ခြံနှင့် အလှမ်းမဝေးလှသော နမ့်နဲချောင်းတစ်လျှောက်တွင် ခြေရာထပ်မျှ လှည့်လည်သွားလာ ဆော့ကစားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသူငယ်ချင်းအုပ်စုထဲသို့ နောက်ဆုံးမှဝင်လာသူကား စိုင်းဆဟုန်။ တိတိကျကျပြောရလျှင် လောဝ်ခမ်းတို့လေးယောက်က နောင်ငူရွာခံတွေ။ စိုင်းဆဟုန်ကတော့ နားတူရှိ မိဘတွေကွယ်လွန်သွားမှ ဦးလေးဆရာ့ အစီအစဉ်ဖြင့် နောင်ငူရှိ အဒေါ်ထံရောက်လာသူ။ နောက်တိုးဖြစ်ပေမယ့် စိုင်းဝဏ္ဏမှလွဲ၍ စိုင်းခမ်းပန်၊ အဲမြနှင့် နန်းလောဝ်ခမ်းတို့က စိုင်းဆဟုန်ကို ငယ်ပေါင်းသူငယ်ချင်းနှင့်မခြား တန်းတူထားဆက်ဆံကြသည်။ စိုင်းဝဏ္ဏ တစ်ယောက်ကသာ ဆဟုန်ကို မျက်နှာသာမပေးဘဲ အနိုင်ကျင့်ချင်သည်။ ဗိုလ်ကျချင်သည်။

သည်ကိစ္စနှင့်ပတ်သက်၍ နန်းလောဝ်ခမ်း မှတ်မိတာတစ်ခု ရှိသည်။ စိုင်းဆဟုန်ကို စိုင်းဝဏ္ဏ အနိုင်ကျင့်ဖန်များတော့ "ဝဏ္ဏရယ် တို့သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင်နေကြရအောင်ပါ။ ဘာလို့ ဆဟုန်ကို အနိုင်ကျင့်ချင်ရတာလဲ" ဟု နန်းလောဝ်ခမ်းက ပြောဖူးသည်။ ထိုအခါ စိုင်းဝဏ္ဏက "နင်ဘာသိလဲ၊ ဒီကောင်က ဓားပြသား။ သူကြီးလာရင် သူ့အဖေလို မဆိုးရဲအောင် ခုကတည်းက နှိမ်ထားမှ" ဟု ရင့်သီးစွာပြောသည်။

"ဒီလိုမပြောပါနဲ့ဟယ်၊ သူ့အဖေဓားပြဆိုတာ မသေချာဘဲနဲ့"

"ဓားပြမဟုတ်ရင် ဘာလို့ခုခံသလဲ။ ခုခံကတည်းက ဟုတ်လို့ပေါ့"

လောဝ်ခမ်း နှုတ်ပိတ်သွားရသည်။ တကယ်တော့ ဒီလိုမျိုးကိစ္စတွေကို နန်းလောဝ်ခမ်း နားမလည်သေးချေ။ မဝေဖန် မပိုင်းခြားတတ်သေးချေ။ မန်ကပ်ရှိ တရုတ်ကုန်စုံဆိုင် ဓားပြမှုနှင့်ပတ်သက်၍ စိုင်းဆဟုန်၏အဖေနှင့် ဓားပြတွေ အဆက်အသွယ်ရှိသည်ဆိုပြီး အမတ်ချုပ်ကြီးအမိန့်ဖြင့် သွားဖမ်း၏။ ဆဟုန့်အဖေကခုခံရာ လက်လွန်သွား၏။ အမေပါ ဒဏ်ရာရသွားသည်။ ဒဏ်ရာဖြင့် ကွယ်လွန်သည်။ အဆက်အသွယ်ရှိသည်ဆိုသော ဓားပြတွေကို ခုတိုင်မမိ။ သက်သေခံပစ္စည်းဟူ၍လည်း အပ်တိုတစ်ချောင်းသော်မှမရ၊ ထူးခြားပုံမှာ ဓားပြတွေကငွေကိုသာ အလွယ်တကူတွေ့သမျှယူသည်။ ပစ္စည်းကို မယူ။ လူကို မနှိပ်စက်။ ဖုက်ထားတာရှိလိုရှိငြား မွှေနှောက်ရှာဖွေခြင်းမရှိ။ တချို့က အမူဆင်တာဟုဆိုကြသည်။ ဘိုးစဉ်ဘောင်ဆက် ရန်ငြိုးကြောင့်ဟုလည်း သတင်းသဲ့သဲ့ထွက်သည်။ ပေါ်ပေါ်ထင်ထင် ပြောဆိုဝေဖန်မှု မပြုဝံ့ကြချေ။ တချို့ကတော့ ဖြစ်စဉ်ကို အစစ်အမှန်ဟုလက်ခံကြသည်။ မဟုတ်လျှင် ဘာ့ကြောင့်ခုခံတာလဲဟု စိုင်းဝဏ္ဏလေသံအတိုင်း စောဒကတက်သည်။ ခုခံသည့်အကြောင်းရင်းကို မည်သူမှမသိ။ ပြန်ပြောနိုင်ရအောင်ကလည်း လင်မယားနှစ်ယောက်လုံး သေဆုံးသွားခဲ့ပြီ။ ပဒေသရာဇ်အသိုင်းအဝန်းက ဖွပ်ဖွဲ၍သာ ဓားပြအားပေးဖြစ်ရသည်။ တစ်သက်လုံး ရိုးရိုးသားသား လုပ်ကိုင်စားသောက်ခဲ့သော လယ်သမားလင်မယားက ဓားပြနှင့်ဆက်သွယ်သည်ဆိုခြင်းကိုမူ နားတူတစ်ရွာလုံးလိုလို သံသယရှိနေတုန်း။

မည်သို့ဆိုစေ ကြားထဲက မြေစာပင်ဖြစ်ရသူမှာ စိုင်းဆဟုန်ပင်တည်း။ ဤသတင်းကြားလျှင်ကြားချင်း ဦးလေးဆရာရောက်လာပြီး စိုင်းဆဟုန်ကို နောင်ငူပို့သည်။ သို့ဖြင့် အဒေါ်အပျိုကြီးထံ ဆဟုန်ရောက်လာရလေသည်။ တချို့က ဆဟုန်ကိုသနားကြသည်။ တချို့ကအဖက်မလုပ်ချင်။ သည်ဂယက်က စိုင်းဆဟုန်၏အဒေါ် ဒေါ်ခမ်းလူကိုပင် ရိုက်ခတ်သည်။ သို့သော် ဒေါ်ခမ်းလူ မမှု။ ပင်ကိုကပင် စကားနည်းသူ၊ အေးဆေးသူ၊ ဘုရားတရားကိုင်းရှိုင်းသူ၊ တရားဓမ္မရိပ်တွင် မွေ့လျော်သူမို့လား မပြောတတ်၊ မျက်ရည်တစ်စက်မကျ။ မျက်နှာတစ်ချက်မပျက်ဘဲ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ တူကလေးဆဟုန်ကို သူမပိုင်ဆိုင်သော လက်ဖက်ခြံ အမွေစားအမွေခံအဖြစ် ကောက်ယူမွေးစားခဲ့သည်။ ထိုသို့ အဒေါ်ကျောင်းအစ်မ၏ အကာအကွယ် အုပ်ထိန်းမှုအောက်တွင် ရောက်လာရသည့်တိုင်အောင် စိုင်းဝဏ္ဏကဲ့သို့ အယူအဆ ရှိသူများနှင့်တွေ့ဆုံရတိုင်း စိုင်းဆဟုန်ခမျာ သားကောင်ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်ချည်း။ ဒါကိုသနားသဖြင့် နန်းလောဝ်ခမ်းက စိုင်းဆဟုန်ဘက်မှ ကာကွယ်ပြောဆိုတိုင်း စိုင်းဝဏ္ဏက မိဘနှင့်ချီ၍ ဆင်ခြေဆင်လက်ပေးခဲ့သည်ချည်း။

တကယ်တော့ စိုင်းဝဏ္ဏဗိုလ်ကျသည်မှာ ရွယ်တူသူငယ်ချင်း အားလုံးအပေါ်မှာဖြစ်၏။ စိုင်းဆဟုန်အပေါ်မှာကျတော့ သူများတကာထက် ပိုကဲသည်။ ဝဏ္ဏဒဏ်ကို အရင်းနှီးဆုံးသူငယ်ချင်း ခမ်းပန်ပင် ကျောကော့အောင်ခံရသည်။ အဖေဦးအောင်က ထမုံပေမင့် အေးသည်။ ပျော့သည်။ အမေဒေါ်စောမြက ထမုံကတော် ဂုဏ်မောက်သည်။ အစွမ်းအစမသေး။ ဦးအောင်ထမုံရာထူးရသည်မှာ ဒေါ်စောမြကြောင့်ဟုဆိုကြသည်။ စိုင်းဝဏ္ဏက အမေ့သွေးပိုပါသည်။ အမေ့စိတ်ဖြစ်သည်။ ထို့ကြောင့် တရားသည် မတရားသည် မစဉ်းစားဘဲ အရာခပ်သိမ်းတွင် အနိုင်ယူလိုခြင်းဖြစ်သည်။ သူ စိတ်ထင်တိုင်းလည်း အနိုင်ရပါသည်။ ခမ်းပန်တို့ကကြောက်သဖြင့် အလျှော့ပေးကြသည်။ ဆဟုန်ကမူ ဝဏ္ဏကို မကြောက်သော်လည်း အဒေါ်၏တရားအငွေ့အသက်မကင်းသော အဆုံးအမအသွန်အသင်ကြောင့် သည်းခံရခြင်းဖြစ်၏။ အမြဲတစေ တည်နေလေ့ရှိသော စိုင်းဆဟုန်၏မျက်နှာမှာ နာကြည်းရိပ် ထင်ဟပ်နေသည်။

မန်ကပ်မူလတန်းကျောင်း အတန်းကုန်တော့ သူငယ်ချင်းငါးယောက် တစ်ကွဲတစ်ပြားစီဖြစ်ကုန်သည်။ စိုင်းခမ်းပန်နှင့်အဲမြတို့က တန့်ယန်းကျောင်း ဆက်မတက်နိုင်။ နောင်ငူမှာပင် မိဘလုပ်ငန်းခွင် ဝင်ကူနေရစ်ခဲ့ကြသည်။ ကျန်သုံးယောက်သာ တန့်ယန်းကျောင်း ရောက်လာသည်။ စိုင်းဝဏ္ဏ၊ စိုင်းဆဟုန်၊ နန်းလောဝ်ခမ်း။ ဤသုံးယောက်နှင့် နန်းလောဝ်ခမ်းမောင် စိုင်းအောင်ထွန်းတို့သာ။

▣ ▣ ▣



စိုင်းခမ်းပန်နှင့်အဲမြတို့ကို ခွဲထားခဲ့ရသဖြင့် နန်းလောဝ်ခမ်း စိတ်မကောင်း။ သို့သော် သူမ ကျောင်းဆက်နေခွင့်ရသဖြင့်မူ နန်းလောဝ်ခမ်း ပျော်သည်။ ဒီအတွက် သူလည်းဝမ်းသာရသည်ဟု စိုင်းဝဏ္ဏကဆို၏။ အကယ်၍ နန်းလောဝ်ခမ်းကို ကျောင်းနုတ်လျှင် အဘလုံကို မရမက ပြောပေးဖို့ အဖေနှင့်အမေ့ထံ အပူကပ်ရန် စိတ်ကူးထားပြီးသားဟုပြောသည်။ ဒါကိုတော့ နန်းလောဝ်ခမ်းယုံသည်။ သူမအပေါ်ထားသော စိုင်းဝဏ္ဏ၏ စေတနာကို သူမသံသယမရှိ။

သူတို့သူငယ်ချင်းတစ်စုတွင် စိုင်းဝဏ္ဏသည် ခက်ထန်၏။ စိတ်မြန်၏။ ဤသို့လျှင် မည်သူ့ကိုမှမမှုသော စိုင်းဝဏ္ဏ။ သူများတကာတွေအပေါ် အနိုင်ယူလေ့ရှိသော စိုင်းဝဏ္ဏ။ အနှီစိုင်းဝဏ္ဏသည် နန်းလောဝ်ခမ်းကိုတော့ အံ့ဩစရာကောင်းလောက်အောင်ပင် အလျှော့ပေးတတ်သည်။ သည်းညည်းခံသည်။

ဒါကလည်း ခိုင်လုံသောအကြောင်းရှိပါ၏။ စိုင်းဝဏ္ဏကို ရှင်ပြုလိုသောအခါ ထမုံအောင်သည် နောင်ငူရွာ၏ ရွာမိရွာဖများထဲမှ ဆေးဆရာကြီး ဦးထွန်းလုံနှင့် ဇနီးဒေါ်မြမေတို့ကို ရှင့်မိရှင့်ဖအဖြစ်ရွေးချယ်ကာ သားအား ရှင်ပြုပေးပါရန် အပ်နှံခဲ့၏။ ဦးထွန်းလုံတို့ ဇနီးမောင်နှံကလည်း ဤကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြလေသည်။ အလှူရက်တစ်လျှောက်လုံးတွင် ရှင့်မိရှင့်ဖအဖြစ် ရှင်လောင်းအား ဝတ်စားဆင်ယင်ပေးခြင်း၊ အလှပြင်ပေးခြင်း၊ ဆုံးမသွန်သင်ခြင်း၊ စောင့်ရှောက်ပေးခြင်း စသည့် ဓလေ့ထုံးတမ်းတာဝန်များကို ယူခဲ့လေသည်။ ရှမ်းတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအရပင် ရှင်လောင်းဝဏ္ဏ ခေါ် ရှင်ဝိသုဒ္ဓတစ်ဖြစ်လဲ ဆန်ဝဏ္ဏ ခေါ် စိုင်းဝဏ္ဏသည် ရှင်ပြုပေးသော ရှင့်မိရှင့်ဖဖြစ်သည့် ဦးထွန်းလုံနှင့်ဒေါ်မြမေတို့ကို မိဘအရင်းကဲ့သို့ ချစ်ခင်လေးစားရပေသည်။ စိုင်းဝဏ္ဏကိုလည်း ရှင့်မိရှင့်ဖဖြစ်သော ဦးထွန်းလုံတို့လင်မယားက သားအရင်းသဖွယ် မှတ်ယူဆက်ဆံခဲ့သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အထိ။ ယင်းသို့လျှင် ရှင်ပြုကုသိုလ်ပွဲမှ အခြေခံခဲ့သည့် သံယောဇဉ်ကြောင့် စိုင်းဝဏ္ဏသည် ရှင့်မိရှင့်ဖ၏သမီးဖြစ်သူ နန်းလောဝ်ခမ်းအပေါ်တွင်လည်း နှမကလေးပမာ တွယ်တာနှောင်တည်းလျက်ရှိပြီး ဘာမဆို အလျှော့ပေး ညှာတာခဲ့ခြင်းဖြစ်ပေတော့သည်။

ထိုကဲ့သို့ အစစအရာရာတွင် စိုင်းဝဏ္ဏအလျှော့ပေးရသူမှာ နန်းလောဝ်ခမ်းအပြင် နောက်တစ်ယောက် ရှိနေပါသေး၏။ ထိုသူကား ဟိန်မိုင်းလုံ၏သား စိုင်းသီဟပင်တည်း။

စိုင်းသီဟသည်လည်း နန်းလောဝ်ခမ်းတို့နှင့် တစ်နှစ်တည်း တန့်ယန်းကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်၏။ နန်းလောဝ်ခမ်းတို့က နောင်ပူ အုပ်စု။ စိုင်းသီဟက တောင်သိန္နီ (ဝါ) မိုင်းရယ်မှ ပြောင်းရွှေ့လာသူ။ သူ့အဖေ ဟိန်မိုင်းလုံ၏အစ်ကို ဦးကြီးဦးကြာပုအိမ်တွင်နေပြီး ကျောင်းတက်သည်။ တိုက်တိုက်ဆိုင်ဆိုင် စိုင်းဝဏ္ဏကလည်း ဦးကြာပုအိမ်မှာနေရသည်။

ဆက်နွှယ်မှုကား ဤသို့။

ဦးကြာပုသည် တောင်သိန္နီနယ်သားမဟုတ်။ တောင်ပိုင်နယ်မှ ပြောင်းရွှေ့အခြေစိုက်လာသူ။ ထမုံအောင် ယောက္ခမများကလည်း တောင်ပိုင်ဇာတိ။ ဦးကြာပုတို့နှင့် တရင်းတနှီးရှိခဲ့ကြသည်ဟု ဆိုသည်။ ဆွေရိပ်မျိုးရိပ် မကင်းသလိုလို ပြောသံကြားရသည်။ သို့ဖြင့် အေးသောရိုးသော ထမုံအောင်သည် ထက်သော လည်သော ဒေါ်စောမြ၏အစီအမံအတိုင်း စိုင်းဝဏ္ဏကို မယားဘက်နွယ်သော ဦးကြာပုအိမ်မှာ အပ်ဖြစ်သွားလေတော့၏။

စိတ်ထက်၍ ခက်ထန်လှသော စိုင်းဝဏ္ဏတစ်ယောက် စိုင်းသီဟနှင့် တွေ့သောအခါ ပျပ်ဝပ်နာခံနိုင်လွန်းတော့သည်။ သက်တူရွယ်တူ အတန်းတူ သူငယ်ချင်းပင်ဖြစ်လင့်ကစား ဆက်ဆံရေးအသွင်သဏ္ဌာန်က ဆရာတပည့် ဆန်လှချေသည်။ ထိုသို့ စိုင်းသီဟက စိုင်းဝဏ္ဏအပေါ်တွင် လွှမ်းမိုးနိုင်လွန်း



သည်မှာ ပဒေသရာဇ်အုပ်ချုပ်ရေးအမြင်အရ ကြည့်ပါမူ အဆန်းတကြယ် မဟုတ်ပါချေ။

စိုင်းသီဟဖခင် ဟိန်မိုင်းလုံမှာ စိုင်းဝဏ္ဏအဖေ ထမုံအောင်အပါအဝင် ထမုံတစ်စုအပေါ်အုပ်ချုပ်ရသော အာဏာပိုင်တည်း။ ဒါတွင်မက ဟိန်မိုင်းလုံ ဆိုသည်မှာ နယ်နယ်ရရ ဟိန်မဟုတ်။ မိုင်းရယ်စော်ဘွား ကျမိုင်းသခင် ကလေးဘဝကတည်းက အကျိုးတော်ဆောင်လာခဲ့သော လူယုံ တပည့် လက်သားမို့ နမ့်ပန်ချိုင့်ဝှမ်းတစ်ခိုင်၌ သူ့ဩဇာညောင်းလှသည်။ သူ့ဓား ထက်လှသည်။ စော်ဘွားထိအောင် ပေါက်ရောက်သူမို့လည်း လက်အောက် ထမုံများအပြင် ရာထူးဌာနန္တရ မျှော်ကိုးသူတွေရော သာမန်နယ်သူနယ်သား တွေကပါ သူ့ကို ကြောက်ရွံ့ရိုကျိုးကြရသည်။

သို့ဖြစ်ရာ ထမုံအောင်သည် ဟိန်မိုင်းလုံကို မလွန်ဆန်နိုင်သလို ဖခင်၏ ဩဇာအရှိန်အဝါဖြင့် သားသမီးအစဉ်အဆက် အထိုက်အလျောက် တန်ခိုး ထက်လေ့ရှိသည့် ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်အတိုင်း စိုင်းဝဏ္ဏလည်း စိုင်းသီဟကို နေရာပေးရသည်မှာ ဖြစ်ရိုးဖြစ်စဉ် အစဉ်အလာဟုသာ ဆိုရချိမ့်မည်။

◙ ◙ ◙

တန့်ယန်းတွင် သူများအိမ်မှာနေရသည်ဆိုသော်လည်း နန်းလောဝ်ခမ်း မျက်နှာမငယ်ရချေ။ သဘောကောင်းဖော်ရွေသော နစင့်လိုင်ကြောင့် နေခင်း ထိုင်ခင်း သာခဲ့သည်။ မကြာမတင် အချိန်အတွင်းမှာပင် ကိုယ့်အိမ်ကိုယ့်ရာ သဖွယ် နေသားထိုင်သားကျခဲ့သည်။

ဦးလေးဆရာ့ဇနီးမှာ မတ္တရာသူ ဗမာစစ်စစ်ဖြစ်သည်။ နာမည်မှာ မစိန်လှိုင်။ ဦးလေးဆရာကို ချစ်မြတ်နိုးလွန်းလှသဖြင့် သျှောင်နောက်ဆံထုံး ပါလာရုံမျှမက ခင်ပွန်းသည်၏ ဘာသာဓလေ့နှင့်အံဝင်အောင် နေထိုင်နိုင် သော အခေါ်စိန်လှိုင်ကို နစင့်လိုင်ဟု ချစ်စနိုးခေါ်ဝေါ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဆရာ့နောက်သို့ အချစ်နှင့်သစ္စာ ယုံကြည်ကိုးစားမှုဖြင့် လိုက်လာခဲ့သော နစင့်လိုင်ကို ဦးလေးဆရာ၏အသိုင်းအဝိုင်းက ချီးမွမ်းကြသည်။ ဆွေပစ်မျိုးပစ်လိုက်လာသဖြင့်လည်း သနားကြသည်။ မယားကောင်းအဖြစ် စံပြုကြသည်။ တစ်သွေးတစ်သားတည်းပမာ မခွဲမခြား လက်ခံကြသည်။ သည့်အတွက် မျက်ရည်များပင် လည်လာသည်အထိ နစင့်လိုင်ဝမ်းသာရှာသည်။ စွန့်စားလိုက်လာရကျိုးနပ်ပြီဟု ဆိုလေသည်။

သားသမီးမရှိသူမို့ နန်းလောဝ်ခမ်းတို့မောင်နှမ ရောက်လာသောအခါ နစင့်လိုင်က ဝမ်းမြောက်ဝမ်းသာဆီးကြိုသည်။ ခင်ပွန်းဘက်ကတော်သော တူတော်မောင်စိုင်းဆဟုန်နှင့် တန်းတူထားကာ အစိမ်းအကျက်မရွေး ကျွေးမွေးစောင့်ရှောက်သည်။ သားသမီးကိုယ်စား ထားပြီးချစ်သည်။ ဝမ်းမနာသားသမီးတွေဟုလည်း မကြာခဏပြောလေ့ရှိ၏။

ဤသို့ သဘောမနောကောင်းသော၊ နန်းလောဝ်ခမ်းတို့အပေါ် စေတနာထားသော နစင့်လိုင်သည် စိုင်းသီဟကိုတော့ မနှစ်မြို့ချင်။ စိုင်းဝဏ္ဏနှင့်အတူ အိမ်လည်လိုက်လာတတ်သော စိုင်းသီဟကို အိမ်ရှင့်ဝတ္တရားမပျက်ကွက်ရလေအောင် နစင့်လိုင်က အထူးသတိထားသည်။ သို့သော် စေတနာမပါမှန်း နန်းလောဝ်ခမ်းသိသည်။ စိုင်းသီဟကို သတိထားဆက်ဆံဖို့ နန်းလောဝ်ခမ်းကို သတိပေးဖူးသည်။ စိုင်းဝဏ္ဏသည် ဒေါသကြီးတတ်သည့်မှတစ်ပါး အတွင်းမနောမဆိုးလှ။ ဒါပေမယ့် စိုင်းသီဟနှင့် အပေါင်းအသင်းဖြစ်နေတော့ ခက်သည်။ စိုင်းသီဟ၏ မျက်စိမှေးမှေးနောက်ကွယ်မှ ကောက်ကျစ်စဉ်းလဲမှုပုံရိပ်ကို နစင့်လိုင်မြင်သည်။ အရိပ်အကဲကို ်ကြည့်၍ ရည်မှန်းချက်ကြီးသူအဖြစ် နစင့်လိုင်က ကောက်ချက်ချသည်။ စိုင်းသီဟနှင့်သာ သည်အတိုင်း ဆက်ပေါင်းသင်းနေမည်ဆိုလျှင် နန်းလောဝ်ခမ်းသူငယ်ချင်း တစ်နေ့ ဒုက္ခရောက်သွားနိုင်သည်ဟု ခိုးသားတို့လက်ရောက်သွားသော ကျေးသားပုံဥပမာပြပြီး ပြောဖူးသည်။



နစင့်လိုင်၏စေတနာကို နန်းလောဝ်ခမ်းက အကြွင်းမဲ့ယုံသည်။ စိုင်းဝဏ္ဏကို မိမိအပြောအနေမျိုးဖြင့် သတိပေးကြည့်သည်။ ခက်သည်မှာ ကာယကံရှင်စိုင်းဝဏ္ဏ။ စိုင်းသီဟနှင့် ကိုယ်ပေါင်းစိတ်ခွာဖို့ဆိုတာ ဝေလာဝေး။ သူကိုယ်တိုင်ကပင် သီဟမှသီဟဖြစ်နေတော့ ခက်သည်။

စိုင်းသီဟကလည်း နန်းလောဝ်ခမ်းကို တရင်းတနှီးဆက်ဆံဖို့ ကြိုးပမ်းခဲ့ဖူး၏။ သို့ရာတွင် နန်းလောဝ်ခမ်းက လိမ္မာပါးနပ်စွာ တုံ့ပြန်သည်။ တန်းတန်းမှန်မှန် ဆက်ဆံသည်။ ဇော်ဘွား၊ မြို့စား၊ အမတ်ချုပ်ကြီး စသည့် အထက်အာဏာပိုင်တို့နှင့် မကင်းရာမကင်းကြောင်းရှိသူတွေကို အောက်ကျို့ခယသလောက် သူနိုင်သည့် အသိုင်းအဝန်းအပေါ်တွင်မူ မောက်မာနိုင်လွန်းသောဉာဉ်ကို သဘောမကျသောကြောင့်ဖြစ်သည်။ ဒါကို ဘဝင်မကျသူမှာ စိုင်းဝဏ္ဏ။ နဂိုကတည်းက အလျှော့ပေးလာသူမို့ အတင်းအကျပ် မတိုက်တွန်းသည့်တိုင် စိုင်းသီဟကို သူခင်သလို ရင်းရင်းနှီးနှီးရှိစေချင်မှန်း နန်းလောဝ်ခမ်း သိသည်။ စိုင်းသီဟ သဘောကောင်းကြောင်း၊ ဖခင် ဟိန်မိုင်းလုံ၏အရိုက်အရာကို ဆက်ခံရမည့်သူဖြစ်ကြောင်း၊ ကံကောင်းထောက်မ၍ ဇော်ဘွားစိတ်ကြိုက်တွေ့သွားလျှင် သည့်ထက်ပင် တိုးတက်ကြီးပွားနိုင်သည်အထိ အလားအလာ ကောင်းသူဖြစ်ကြောင်း အခွင့်ကြုံလျှင်ကြုံသလို စိုင်းဝဏ္ဏက နားသွင်းတတ်သည်။

“ဒီမယ် ဝဏ္ဏ၊ နင်က ငါ့ကို သီဟနဲ့အောင်သွယ်နေတာလား”

ကြာတော့ သည်းမခံနိုင်တော့သဖြင့် နန်းလောဝ်ခမ်းက အငေါ်တူးပစ်လိုက်၏။ နန်းလောဝ်ခမ်းစကားက ပစ်မှတ်ကို တည့်မတ်စွာထိမှန်သွားသည်။ စိုင်းဝဏ္ဏသည် တစ်အောင့်မျှ စကားမဆိုနိုင်ဘဲ မျက်နှာမည်းပုတ်သွားသည်။ နန်းလောဝ်ခမ်း မေးလိုက်တော့မှ သူကြိုးပမ်းမှုသည် ဘယ်အဓိပ္ပာယ်ကို ဦးတည်နေမှန်း သတိထားမိသွားပုံရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"နင့်ကို ဘယ်သူနဲ့မှ ငါ အောင်မသွယ်ဘူးမှတ်။ ဘယ်သူနဲ့မှလည်း နင့်ကို ဖြစ်မသွားစေချင်ဘူးမှတ်။ ဘယ်သူနဲ့မှလည်း ငါ သဘောမတူဘူး မှတ်။ ငါပြောတာ ရိုးရိုးသားသား ခင်မင်စေချင်လို့ပဲ။ ဒါမှ သူနဲ့အဖွဲ့ကျပြီး အကျိုးရှိစေချင်လို့ပဲ"

"ဒီလိုဆို ငါ့မှာ ရိုးရိုးသားသားခင်မင်တဲ့ သူငယ်ချင်းတွေ အလုံ အလောက်ရှိနေပြီပဲ။ နောက်ထပ် ဘယ်သူ့ကိုမှ နင် ဆက်သွယ်ပေးစရာ မလိုပါဘူး။ နောက်ပြီး အကျိုးလိုလို့ ညောင်ရေလောင်းရမယ့် အလုပ်မျိုး ကိုလည်း ဘယ်တော့မှ ငါမလုပ်ဘူးဆိုတာ နင် သိထားစေချင်တယ်"

ထိုသို့ နန်းလောဝ်ခမ်းက ပြတ်ပြတ်သားသားပြောလိုက် ပြီးသည့် နောက်တွင် စိုင်းသီဟနှင့် ခေါ်ပြောဆက်ဆံရန် လေသံမျှ ဝဏ္ဏမဟတော့။ သို့သော် သူကိုယ်တိုင်ကမူ ယခင်အတိုင်း စိုင်းသီဟကို ဆရာတင် ပေါင်းသင်းနေမြဲ။

ဒါကို စိုင်းဆဟုန်သိတော့ စိုင်းဝဏ္ဏကို အပြစ်တင်၏။ မိန်းကလေး တစ်ယောက်ကို စိုင်းသီဟလိုလူမျိုးနှင့် နီးစပ်စေလိုခြင်းမှာ ကျားရဲလက်ထဲ သားကောင်ထိုးအပ်လိုက်ခြင်းနှင့်မခြားဟု ဝေဖန်သည်။ နစင့်လိုင်ကတော့ နန်းလောဝ်ခမ်းကို လိမ္မာသည်ဟု ချီးမွမ်းသည်။ ဦးလေးဆရာကမူ ပြုံးရုံသာ ပြုံးသည်။ နက်နဲသော အပြုံး။ အဓိပ္ပာယ်များစွာဆောင်သော အပြုံး။

သို့သော် သည်အပြုံး၏အဓိပ္ပာယ်ကို နန်းလောဝ်ခမ်း မရှုံးစမ်းဝံ့။ ဦးလေးဆရာသည် နန်းလောဝ်ခမ်း ကြောက်ချစ်ရိုသေရသော ဆရာ။ အနေ အထိုင် ဖြောင့်မတ်တည်ကြည်သူ။ စကားနည်းသူ။ သည်အဟန့်ကြောင့် ဦးလေးဆရာကို လန့်သည်။ ချစ်တာ၊ ရိုသေတာ၊ ကြည်ညိုတာကတခြား။ နစင့်လိုင်ကို ဆက်ဆံသလိုမျိုး အဆီးအတားမရှိ ပြောရဲဆိုရဲ တီတာရဲသည်က တခြား။



မည်သို့ဆိုစေ တစ်ခုတော့ နန်းလောဝ်ခမ်းရိပ်စားမိသည်။ ဦးလေးဆရာ သည် အတိတ်ကို လျှို့ဝှက်ထားသော၊ တိုးတက်သောအမြင်ရှိသည့် ခေတ်ပညာတတ်တစ်ယောက် ဆိုသည်ကိုပင် ဖြစ်၏။

ဦးလေးဆရာသည် တပည့်တွေကို အပင်ပန်းခံ စေတနာထား၍ ကြိုးကြိုးစားစား သင်ပြပေးသည်။ နောင်တစ်ချိန်တွင် သူ့တပည့် ခေတ် ပညာတတ်လူငယ်များအနေဖြင့် ရှမ်းပြည်နယ် လူထုကောင်းကျိုးကို သယ်ပိုး ထမ်းရွက်စေလိုသော ဆန္ဒသည် ဦးလေးဆရာတွင်ရှိ၏။ လောင်းကစားပွဲတွေ ကြောင့် ရှမ်းပြည်နယ်လူထုမှာ စီးပွားပျက်၊ အကျင့်ပျက်ဖြစ်လာပြီး တကယ် အကျိုးဖြစ်ထွန်းသွားကြသူများမှာ ဒိုင်အုပ်နှင့် စော်ဘွားတို့သာဖြစ်ရကား လောင်းကစားဘက်ကို ခြေဦးမလှည့်ဘဲ စိုက်ပျိုးမွေးမြူရေးကိုသာ ဖောက်ချလုပ်ကိုင်စေလိုသော အရိပ်အမြွက်ပြသည်။ ဦးလေးဆရာ ဖြစ်စေ လိုသော ရည်မှန်းချက်တွေကို အထူးသဖြင့် အရွယ်ကလေးအတော်ရလာသော သတ္တမတန်း၊ အဋ္ဌမတန်းနှစ်တွေရောက်မှ နန်းလောဝ်ခမ်းအနေဖြင့် သိမြင် လာရခြင်းဖြစ်၏။

ဦးလေးဆရာသည် ဤစေတနာတွေကို ဘယ်ကရလာသနည်း။ နန်းလောဝ်ခမ်း စဉ်းစားကြည့်သည်။ ဦးလေးဆရာ၏ အတိတ်ဇာတ်ကြောင်းနှင့် တစ်နည်းတစ်ဖုံ ပတ်သက်ဆက်စပ်နေလိမ့်မည်ဟု တွေးမိသည်။ ဦးလေး ဆရာ၏အတိတ်ကိုသိနိုင်သူမှာ နှစ်ဦးသာရှိသည်။ ဦးလေးဆရာနှင့်ဒေါ်ခမ်းလူ။ သည့်ထက် တစ်ထစ်လျှော့တွေးလျှင် နောက်ထပ်နှစ်ဦး တိုးလာနိုင်သည်။ နစင့်လိုင်နှင့်စိုင်းဆဟုန်။ သို့ရာတွင် သူတို့လေးယောက်စလုံးက ဦးလေး ဆရာ တောင်ပေါ်တက်မလာမီက ဘဝဇာတ်ကြောင်းကို ပြည်ဖုံးကားချထား ကြသည်။ မသိကျိုးကျွန်ပြုနေကြသည်။ နန်းလောဝ်ခမ်းတို့ တစ်တွေကလည်း စစ်စစ်ပေါက်ပေါက် မစပ်စုကြ။ စပ်စုဖို့လည်းမလို။ သူတို့အတွက် အတိတ်က

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဆရာသည် အရေးမကြီး။ လက်တွေ့ဆက်ဆံနေရသော ပစ္စုပ္ပန် ဦးလေးဆရာသည်သာ သူတို့ပညာရေး၊ လူမှုရေးအတွက် အဓိကဇာတ်ကောင် မဟုတ်ပါလော။

အတိတ်မည်သို့ရှိစေ နှံ့စပ်သောဗဟုသုတ၊ ကြွယ်ဝသော အတွေ့အကြုံ၊ ကုံလုံသော ခေတ်ပညာကြောင့် စော်ဘွားတို့ ဘောင်ခတ်ထားသော နယ်နိမိတ် ကျဉ်းကျဉ်းကလေးထဲမှာသာ မွေးကတည်းက သေသည်အထိ ဘဝကို ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားနေကြရသူတွေနှင့်စာလျှင် ဦးလေးဆရာက နားမျက်စိပွင့်သည်။ အမြင်ကျယ်သည်၊ အရှည်မျှော်သည်။

သို့ဖြစ်ရကား စိုင်းဝဏ္ဏနှင့်ပတ်သက်၍ ဦးလေးဆရာ၏ အမိပ္ပာယ်နက်နဲသောအပြုံးကို ပေါ့သေးသေးမထင်ဝံ့။

၄

၁၉၅၈-၅၉ ခုနှစ်တစ်ဝိုက်တွင် မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ဆက်တိုက်ဆက်တိုက် ဖြစ်ပျက်ခဲ့သော အဖြစ်သနစ်များမှာ နန်းလောဝ်ခမ်း၏ ဘဝတစ်သက်တာ၌ မေ့မရနိုင်သော မှတ်တိုင်များပင်တည်း။

၁၉၅၈ ခုနှစ်ကုန်ခါနီးတွင် နန်းလောဝ်ခမ်းတို့ အံ့အားသင့်သွားစေသော သတင်းထူးတစ်ခု ထွက်ပေါ်လာ၏။ ယင်းသတင်းကား စော်ဘွားတို့ အာဏာစွန့်တော့မည်ဆိုသောသတင်း။ နမ့်ပန်ချိုင့်ဝှမ်းအပါအဝင် တောင်သိန္နီတစ်ခွင်လုံး ဂယက်ရိုက်သွားစေသော ၄င်းသတင်းနှင့်ပတ်သက်ပြီး တီးတိုးဝေဖန်သံတွေ ဟိုမှသည်မှ ကြားလာရသည်။ သတင်းက သေချာသလိုလို မသေချာသလိုလို။ မည်သူမှ အတတ်မပြောနိုင်သေး။

ဦးလေးဆရာကတော့ ဤသတင်းမှန်နိုင်သည်ဟု အကဲဖြတ်သည်၊ သတင်းကောင်းဟု ဆိုသည်။ ဦးလေးဆရာကဲ့သို့ တိုးတက်သောအမြင်



ရှိသူနှင့် စော်ဘွား၊ မြို့စားအသိုင်းအဝန်း၏ မတရားမှုကို ခါးစည်းခံရမှန်းသိကြသူတွေက တိုးတိုးတိတ်တိတ်ကျိတ်ပြီး ဝမ်းသာကြသည်။

သို့သော် ပဒေသရာဇ် စော်ဘွားအုပ်ချုပ်ရေးစနစ်ကိုမှီပြီး ကြီးပွားချမ်းသာနေသူတွေ၊ ရာထူးဌာနန္တရနှင့် အာဏာမက်မောသူတွေကတော့ အဆိုပါသတင်းကို လိုလားနှစ်သက်ခြင်း အလျဉ်းမရှိကြ။ သူတို့အထဲတွင် ဟိန်မိုင်းလုံပါသည်။ ဦးကြာပုပါသည်။

သို့ဖြင့် အမြင်နှင့်ခံယူချက်မတူသော ဆန့်ကျင်ဘက်အင်အားနှစ်ခု၏ ပဋိပက္ခသည် မသိမသာဖြစ်ပေါ်လာလေ၏။ နယ်မြေအခြေအနေ လှုပ်လှုပ်ရွရွဖြစ်လာ၏။ ပွဲလန့်တုန်း ဖျာခင်းလိုတာလား၊ စော်ဘွား၊ မြို့စားတို့၏ ခါးပိုက်ဆောင်လား မသဲကွဲသော မြေအောက်လက်နက်ကိုင်အဖွဲ့တချို့ ခြေသွက်လာ၏။

ဟိန်မိုင်းလုံကဲ့သို့သော အာဏာလက်ရှိသမားတွေက အာဏာရှိတုန်းအစွမ်းကုန် အာဏာပြကြသည်။ သူတို့မကျေနပ်သူ၊ မျက်နှာကြော မတည့်သူတွေကို အမျိုးမျိုးအဖုံဖုံ ရမယ်ရှာပုဒ်မတပ်ပြီး ဖမ်းဆီးချုပ်နှောင်ကာ ညှဉ်းပန်းနှိပ်စက်သည်။ သူတို့ မျက်မုန်းကျိုးသူတွေထဲမှာ ဦးလေးဆရာသည် ထိပ်ဆုံးက။ စာသင်ခန်းတွင်ဖြစ်စေ၊ အခါးဝိုင်းတွင်ဖြစ်စေ အခါအခွင့်သင့်လျှင်သင့်သလို တစ်လုံးစနှစ်လုံးစ ပညာသားပါပါ နားသွင်းပေးသော ဦးလေးဆရာ၏ ပဒေသရာဇ်ဆန့်ကျင်ရေး၊ နယ်မြေလူထုခေတ်မီရေး စကားလုံးတွေက ထိရောက်လှ၏။ တာသွားလှ၏။ ထို့ကြောင့် ဦးလေးဆရာကိုလည်း မှတ်လောက်သားလောက်အောင် လုပ်ပစ်လိုက်ချင်သည်။ သို့သော် ကြက်ငှက်တောင်ဖမ်းသလို လွယ်လင့်တကူမရနိုင်မှန်း သူတို့နားလည်သည်။ ဦးလေးဆရာက တက္ကသိုလ်ထွက် ခေတ်ပညာတတ်တစ်ယောက်။ အများက ကြည်ညိုလေးစားသော ကျောင်းဆရာတစ်ယောက်။ သည်တော့ တော်သားသည်။ ငြိုးထားသည်။ တစ်ကွက်မှားသည်နှင့် စားပစ်လိုက်မည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကြားထဲ စိုင်းဝဏ္ဏကတစ်မှောင့်။ ယခင်ကဲ့သို့ ဦးလေးဆရာ့အိမ် ကို အဝင်အထွက်မလုပ်တော့။ ဈေးမှာ နစင့်လိုင်ကိုတွေ့တာတောင် နှုတ်မဆက်။ သူငယ်ချင်း စိုင်းဆဟုန်ကိုပင်လျှင် ခပ်တန်းတန်း နန်းလောဝ်ခမ်းကိုကျတော့ အပြောအဆိုမပျက်။ အခင်အမင်မပျက်။ သည့် အတွက် နန်းလောဝ်ခမ်း ဝမ်းသာရသေးတော့သည်။ သို့ရာတွင် ဦးလေး ဆရာတို့ဇနီးမောင်နှံနှင့် စိုင်းဆဟုန်အပေါ် အချိုးပြောင်းသွားသောအတွက်မူ စိတ်မကောင်း။ ကြားထဲမှ သူမ အနေရခက်လှ၏။

ဦးလေးဆရာ့အပေါ်ထားရှိသော စိုင်းဝဏ္ဏ၏အမြင်နှင့် သဘောထားကား ကြာလေကြာလေ ကြက်သီးမွေးညင်းထဖွယ် ပါတည်း။ "စိုင်းဟုန်ဖက ကျောင်းဆရာပီပီ စာသင်တာမှမဟုတ်ဘဲ။ လူတွေ ဆူပူအုံကြွလာအောင် စော်ဘွားအမိန့်အာဏာကို ဖီဆန်လာအောင် သွေးထိုးလှုံ့ဆော်ပေးနေတဲ့ အရေးခြုံနိုင်ငံရေးသမားပဲ" ဟု ဦးလေးဆရာကို ဝေဖန်ပြောဆိုလာသောအခါ နန်းလောဝ်ခမ်းတစ်ယောက် ပါးစပ်ကလေးဟ မျက်လုံးကလေးပြူးသွားရ သည်။ နားရှိ၍သာ ကြားလိုက်ရသည်။ စိုင်းဝဏ္ဏနှုတ်မှ ထွက်လာသော စကားမှ ဟုတ်ပါလေစ။ သူမ အံ့သြမဆုံး။ ဝမ်းနည်းမဆုံး။ အနုန္တော အနန္တဂိုဏ်းဝင် ဆရာသမားကို မပစ်မှားသင့်ကြောင်း ဖျောင်းဖျသော်လည်း အချည်းနှီးပင်။ သဲထဲရေသွန်သည့်ပမာ။

ဦးလေးဆရာကလည်း စိုင်းဝဏ္ဏ မူပြောင်းသွားသည်ကို ကောင်းစွာ ရိပ်စားမိလေ၏။ ပဒေသရာဇ်စော်ဘွားတို့ အာဏာ မတည်မငြိမ်ဖြစ်လာပြီ ဆိုကတည်းက ကျွဲပေါက်ကလေးတွေလို တရှူးရှူးတရှဲရှဲနှင့် မည်းမည်းမြင် တိုင်း ဝှေ့ချင်နေသည့် စိုင်းသီဟနှင့်စိုင်းဝဏ္ဏတို့၏ အတွင်းစိတ်ကို ထိုးဖောက် သိမြင်နိုင်စွမ်းရှိခဲ့သည်။ သို့သော် သူ့ဘက်ကတော့ ဝတ္တရားမပျက်စေရ ဆရာ့ဝတ် မချွတ်ယွင်းစေရ။ သူ ဆန့်ကျင်သည်မှာ ပဒေသရာဇ်စော်ဘွား



အုပ်ချုပ်ရေးစနစ်။ ပြည်နယ်လူထု ဆင်းရဲတွင်းနက်စေသည့်စနစ်။ စာသည့် တွေမဟုတ်။ စိုင်းဝဏ္ဏနှင့် စိုင်းသီဟမဟုတ်။

မည်သို့ဆိုစေ စိုင်းဝဏ္ဏအတွက် ဦးလေးဆရာလည်း ဖူးကျိုးမရ ဖြစ်ရသည်ပင်။ လက်သည်တရားခံမှာ စိုင်းဝဏ္ဏမဟုတ်ဆိုသည်ကို ဦးလေး ဆရာ မြင်သည်။ သို့သော် လူတင်ပါလို့ နွားကျားကိုက်ခံရသည့် အဖြစ်မျိုး။ ထို့ကြောင့် ဦးလေးဆရာက ဤနှယ် မှတ်ချက်ချဖူးသည်။

"ထမုံအောင်က လူရိုးလူအေးဆိုတော့ ဟိန်မိုင်းလုံ သိပ်မကြိုက်ဘူး။ စောမြမျက်နှာကြောင့်သာ ဒီနေရာမှာမြဲနေတာ။ တကယ်လို့ ထမုံအောင့်ကို ဟိန်မိုင်းလုံက အလိုမရှိတော့တဲ့တစ်နေ့ကျရင် လင့်နေရာမှာ လူစိမ်းဝင်လာ မယ့်အစား သားကိုဆက်ခံနိုင်အောင် စောမြအကွက်ဆင်နေတယ်။ စိုင်းသီဟ ကိုမှီပြီး စိုင်းဝဏ္ဏ နေရာကောင်းကောင်းရအောင် ဖန်တီးနေတယ်။ ဒီအစီ အစဉ်ကို ဝဏ္ဏကလည်း နားယောင်သဘောကျနေတယ်။ အဟုတ်ကြီး ထင်နေတယ်။ တကယ်တော့ ဒီလိုမိုက်ရူးရဲ တဖျောက်ကန်းကလေးတွေကို ဟိန်မိုင်းလုံက အလိုရှိနေတာကလား။ မယုံရင်ကြည့် နေဝင်တော့မယ့် ပဒေသရာဇ် စော်ဘွားအုပ်ချုပ်ရေးစနစ်ရဲ့သားကောင် ဝဏ္ဏတစ်ယောက်ဟာ သူ့ အထင်ကြီးနေတဲ့သူတွေလိုပဲ ဇာတ်သိမ်းမလှဖြစ်ရလိမ့်မယ်"

ထိုခဏဝယ် နန်းလောဝ်ခမ်း တုန်လှုပ်သွားသည်။

စကားနည်းသလောက် ပြောလျှင်လည်း အပိုအလိုမရှိ ကွက်တိမှန်ကန် အောင် ချင့်ချင့်ချိန်ချိန်စဉ်းစဉ်းစားစား သုံးသပ်ပြောဆိုတတ်သော ဦးလေးဆရာ့ မှတ်ချက်ကိုလည်း နန်းလောဝ်ခမ်း ပေါ့သေးသေးမထင်ဝံ့။

သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် နန်းလောဝ်ခမ်းတို့ မောင်နှမ အိမ်ပြန်လာခဲ့ကြသည်။ စိုင်းဆဟုန်ကလည်း အဒေါ်ခမ်းလူကို လွမ်းသည် ဆိုကာ ပြန်လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ခရီးရောက်မဆိုက်ပင် နန်းလောဝ်ခမ်းထံ အဲမြ ပေါက်ချလာသည်။ "လွမ်းလိုက်ရတာ သူငယ်ချင်းရယ်" ဟု အဲမြက ဖက်လဲတကင်းဆိုသည်။ "ငါကလည်း လွမ်းပါတယ်ဟယ်။ ပညာရေးကြောင့်သာ တစ်နယ်တစ်ကျေးကို သွားနေရတာ။ ငါ့စိတ်က ရွာကိုပဲအမြဲသတိရနေတာပါ" ဟု နန်းလောဝ်ခမ်းကလည်း ပြောသည်။

ရွာတွင် အလုပ်ကြမ်း လုပ်နေရသောကြောင့် ထင်သည်။ သည်တစ်ခေါက်ပြန်လာမှ မျှစ်စို့ကြီးပမာ အဲမြဖွံ့ထွားလာသည်။ အလှတိုးလာသည်။ အိမ်အလုပ်နှင့်ဝေး၍ ကျောင်းစာထဲမှာ နစ်မြုပ်နေရသော နန်းလောဝ်ခမ်းနှင့်စာလျှင် အဲမြက သိသိသာသာ ခန္ဓာကိုယ်အချိုးအဆက် ဖွံ့ဖြိုးလာသည်။ မက်စရာမောစရာ ကောင်းလာသည်။ "နင်က တကယ့်လူကြီးပဲ" ဟု စိုင်းဆဟုန်ကပင် ဩချယူရသည်။

ထို့နောက် စိုင်းခမ်းပန်ရှိရာ လယ်တောသို့ သူငယ်ချင်းသုံးယောက် လိုက်သွားကြသည်။ စိုင်းခမ်းပန်တို့လယ်မှာ တောင်ကုန်းပြေပြေကလေးပေါ်တွင် ရှိသည်။ လယ်ကောင်း မဟုတ်။ လယ်ညံ့ဟုလည်း မဆိုသာ။ ဒုတိယတန်းစားတော့ စာရင်းဝင်သည်။ လယ်ကုန်းပေါ်မှကြည့်လျှင် နမ့်ဖန်ချောင်းကမ်းကို မေးတင်ထားသော ပထမတန်းစား လယ်ကွက်တွေကို တမျှော်တခေါ် မြင်ရသည်။ ချောင်းတစ်ဖက် ဂင်္ဂါတောင်တန်းကြီးက မှိုင်းညို့စိမ်းမြနေသည်။ သည်တောင်ကြောတွင် ခေါ်ခမ်းလူ၊ ဦးထွန်းလုံ စသူတို့၏ လက်ဖက်ခြံတွေရှိသည်။

သူတို့ကို လှမ်းမြင်လိုက်သည်နှင့် စိုင်းခမ်းပန်သည် လုပ်လက်စ အလုပ်ကိုရပ်ကာ ပြေးဆင်းလာသည်။ သူငယ်ချင်းများ ပြန်လည်ဆုံစည်းသည့် တဒင်္ဂဝယ် ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သံများသည် ဘဝင်သို့ တိုင်လိမ့်မည်။



"ခမ်းပန်၊ မင်းက တို့ရွာပြန်လာတာတောင် မကြိုဘူး။ အဲမြတစ်ယောက်သာ လာကြိုတယ်။ တို့ထက် လယ်ကိုပိုချစ်တတ်နေပြီကော"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို စိုင်းဆဟုန်က ခနဲ့သည်။ နန်းလောဝ်ခမ်းကလည်း "နင်က တို့ကိုတောင် ဂရုမစိုက်နိုင်ရလောက်အောင် အလုပ်ကို နင်းဖိလုပ်နေတယ်ပေါ့လေ" ဟု စကားနာထိုးသည်။

သည်တော့ စိုင်းခမ်းပန်က -

"လုပ်ရတယ် လောဝ်ခမ်းရေ။ နင်တို့သူငယ်ချင်းအဲမြအတွက် ကြိုးစားပြီး အလုပ်လုပ်နေရတယ်ဟ" ဟု စပ်ဖြီးဖြီးနှင့်ပြောလေသည်။

အဲမြကို ဝိုင်းကြည့်လိုက်ကြသည်။ အဲမြမျက်နှာ ပန်းနုရောင်သန်းသွားသည်။ သူငယ်ချင်းတို့၏ ရူးစမ်းသောအကြည့်ကို ရင်မဆိုင်ရဲဟန်ဖြင့် မျက်လွှာချသွားသည်။

နန်းလောဝ်ခမ်း နားလည်လိုက်ပြီ။ အဲမြခါးကို ဆွဲလိမ်လိုက်ပြီး

"နင် မကောင်းဘူး။ တွေ့တွေ့ချင်း ဒီအကြောင်းကို ဘာလို့မပြောတာလဲ"

"ရှက်လို့"

အဲမြက အရှက်အကြောက်ကြီးစွာ မပွင့်တပွင့်ဖြေသည်။

"တို့သူငယ်ချင်းအချင်းချင်း ရှက်စရာမဟုတ်ပါဘူးဟာ။ ဝမ်းသာစရာကြီးပါ"

စိုင်းဆဟုန်က ပြောလိုက်သည်။

ခွဲခွာနေရသော ငယ်ပေါင်းသူငယ်ချင်းတွေ ပြန်တွေ့ရသောကြောင့်လည်းကောင်း၊ စိုင်းခမ်းပန်နှင့်အဲမြတို့ ချစ်သူဘဝ ရောက်သွားကြသောကြောင့်လည်းကောင်း သူတို့ ပျော်နေကြသည်။ ဘယ်တော့လက်ထပ်မလဲ မေးတော့ သုံးလေးနှစ်လောက် စောင့်ဦးမည်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

''အကြာကြီးပဲ''

စိုင်းဆဟုန်က မသက်မသာညည်းတော့ စိုင်းခမ်းပန် သက်ပြင်းချသည်။

''မင်း သိတဲ့အတိုင်းပဲ၊ တစ်နှစ်တစ်နှစ်မှာ ပေးဆောင်ရတဲ့ အခွန်အတုတ်နဲ့ စော်ဘွားကန်တော့ကြေး ဘာကြေးညာကြေးနဲ့ စာရင်းချုပ်လိုက်ရင် ဘာမှမကျန်ဘူး။ ဒီတော့ သုံးလေးနှစ်မှ မစုမဆောင်းရင် ပြာပုံထဲက လင်မယားပဲ ဖြစ်မှာပေါ့''

စိုင်းခမ်းပန် တွက်ချက်ပြသည်ကို မည်သူမှမငြင်းနိုင်ကြ။ အခွန်အတုတ်အမျိုးမျိုးတွင် လယ်ခွန်ပါသည်။ လယ်အမျိုးအစားအလိုက် ပေးဆောင်ရသည်။ တစ်ဧက တင်းငါးဆယ်မှ ခြောက်ဆယ်ထွက်သောလယ်ကို ပထမတန်းစားလယ်၊ တင်းလေးဆယ်ထွက်သောလယ်ကို ဒုတိယတန်းစားလယ်၊ သုံးဆယ်မှ သုံးဆယ့်ငါးတင်းထွက်သော လယ်ကို တတိယတန်းစားလယ်ဟု သတ်မှတ်ထားသည်။ ပထမတန်းစားလယ်အတွက် ပေးဆောင်ရမည့် လယ်ခွန်ကို စပါးတင်းဖြင့်ပြလျှင် ငါးတင်းခန့်ကျသည်။ ဆယ်ဖို့တစ်ဖို့မျှ ပေးဆောင်ရသည့်သဘော။

(၁၂) မှုမင်းတိုင်း ခေါ် အထွေထွေအခွန်အကောက်တွင် လယ်ခွန်အပြင် သဿမေဓအခွန်ဆိုတာ ရှိသေးသည်။ တစ်အိမ်လျှင် တစ်ဆယ်ကျပ်နှုန်းဖြစ်သည်။ စပါးတင်းဖြင့်ပေးဆောင်ပါက တစ်ဆယ့်ခုနစ်တင်းနှင့်ညီမျှသည်။

လယ်သီးစားခလည်း ရှိသေးသည်။ ပထမတန်းစားလယ်အတွက် တစ်ဧကလျှင် စပါးခုနစ်တင်းနှုန်းပေးရသည်။ လယ်ပိုင်ရှင်ဖြစ်သော စော်ဘွားများ၊ စော်ဘွားအနွယ်တော်များကို ပေးရခြင်းဖြစ်သည်။

တစ်ဖန် လယ်လုပ်စရိတ် အထွေထွေကို ထည့်တွက်ရဦးမည်။ မိုးဦးကျ လယ်လုပ်ငန်းစချိန်မှ ကောက်ကြီးတလင်းတက် စပါးပေါ်ချိန်အထိ စားစပါး



(ဝမ်းစာ) ကို လယ်ပိုင်ရှင်ထံမှလည်းကောင်း၊ အခြားပြည့်စုံကြွယ်ဝသူထံမှလည်းကောင်း လယ်သမားတို့ ကြိုတင်ထုတ်ယူရသည်။ ပြန်ဆပ်သောအခါ စပါးတစ်ဆယ်လျှင် ငါးတင်းနှုန်းပေးရ၏။ 'ခုလပ်တိုး' ဟု ခေါ်သည်။ ရှမ်းပြည်နယ်တွင် တစ်ရှဉ်းကိုင် (ပြည်မအခေါ် လယ်တစ်တုံးထွန်) မှာ ခြောက်ဧကမှခုနစ်ဧကအထိ ရှိသည်။ အဆိုပါ နွားတစ်ရှဉ်းကိုင်အတွက် တစ်အိမ်ထောင်စားစရိတ်မှာ တစ်မိုးတွင်းစာ စပါးတင်းငါးဆယ်ထက် မနည်း ကုန်သည်။ ကိုယ်ပိုင်စပါးမရှိ၍ သူတစ်ပါးထံမှ အတိုးဖြင့် ချေးယူစားသောက်ရာတွင် စပါးတစ်ဆယ်လျှင် ငါးတင်းတိုးကျဖြင့် ပြန်ဆပ်သောအခါတွင် အတိုးအရင်းနှစ်ရပ်ပေါင်း ခုနစ်ဆယ့်ငါးတင်း ပြန်ဆပ်ရသည်။ ဤတွင် ဖော်ပြပါနှုန်းထားအတိုင်း လယ်တစ်ဧက၏ လုပ်ငန်းအထွေထွေကုန်ကျစရိတ်သည် ပျမ်းမျှကိုးတင်းခန့် ကုန်ကျသွားလေတော့သည်။

ထို့ပြင် သာရေးနာရေး၊ ကျန်းမာရေးနှင့်ဘာသာရေး ပွဲလမ်းသဘင်များကလည်း နှစ်စဉ်လိုလို ကြုံတွေ့ရသေးသည်။ နယ်ရှင်စော်ဘွားများ ပြုလုပ်တတ်သည့် အလှူတော်ပွဲ၊ သားတော်သမီးတော်နားသပွဲ၊ မင်္ဂလာလက်ထပ်ပွဲ၊ ကန်တော့ခံပွဲ၊ အသုဘအခမ်းအနား စသည်တို့ကလည်း မိမိနှင့်မဆိုင်ဘူးဟု ရှောင်လွှဲနေလို့မရ။ နယ်ရှင်စော်ဘွား၏မျက်နှာကို မဖူးမြော်ရလျှင်သာ ရှိရမည်။ သူတို့ သာရေးနာရေး ကိစ္စအားလုံးမှာတော့ အောက်ခြေဆင်းရဲသားနင်းပြားမှအစ ငွေကြေးထည့်ဝင်ရသည်သာ။ သည့်အတွက် စပါးငါးတင်းခန့်လျာထားမှ တန်ကာကျသည်။

အဆိုပါ အခွန်အတုတ်အမျိုးမျိုးနှင့် ကုန်ကျစရိတ်အထွေထွေတို့ကို စုပေါင်းလိုက်ပါမူ လေးဆယ့်သုံးတင်း ရှိသွားလေ၏။ ထို့ကြောင့် ပထမတန်းစားလယ်ထွက် စပါးငါးဆယ်မှ ခြောက်ဆယ်အတွင်းရှိက လေးဆယ့်သုံးတင်းပေးရန် ချန်လှပ်ထားလိုက်သော် လယ်သမားလက်တွင် စပါးခုနစ်တင်း၊ ဆယ့်ခုနစ်တင်းမျှသာ ကျန်တော့၏။ အကယ်၍ ကိုယ်ပိုင်လည်းနွား

www.burmeseclassic.com

www.burmeseclassic.com



မရှိလျှင် လှည်းတစ်စီးနှင့်နွားတစ်ရှဉ်းငှားခပါ နှတ်ယူလိုက်ပါမှု လယ်သမားတွင် ပြောပလောက်အောင် မကျန်တော့ချေ။ ကြွေးလည်ပင်းခိုက်လေတော့သည်။ သည်ကြားထဲ အရက်ကလေးတမြမြနှင့် လောင်းကစားပါ ဖက်လိုက်ဦးမည်ဆိုပါက တစ်သက်လုံး လူမွဲးလူတောင် ပြောင်တော့မည်မဟုတ်။

"ငါတို့လယ်က အထွက်မဆိုးပါဘူး။ ဒုတိယတန်းစားထဲမှာတော့ ထိပ်ဆုံးက လိုက်ပါတယ်။ ဒါပေမယ့် စာကလေး အမြီးကနှတ်၊ ခေါင်းက နှတ်သလို ဟိုဟာပေးဆောင်လိုက်ရ၊ သည်ဟာကန်တော့လိုက်ရဆိုတာ တွေကြောင့် ခက်နေတာ"

စိုင်းခမ်းပန်က မင်္ဂလာဆောင်ရန် အချိန်ယူစုဆောင်းရခြင်း၏ အကြောင်းရင်းတစ်ခုကို အောက်တန်းလွှာ ရှမ်းတောင်သူတို့၏ စီးပွားရေး ဘဝနှင့်ထင်ဟပ်ကာ ရှင်းပြသည်။ စင်စစ် နမ့်ပန်ချိုင့်ဝှမ်းထွက် ရွှေဝါစပါး အများစုမှာ တောင်သိန္နီဟော်၏ကျီထဲသို့ ရောက်သွားကြောင်း၊ တောင်သူ လယ်သမားတို့လက်တွင်ကျန်ရစ်သော စပါးစေ့မှာ ရေတွက်၍ပင်ရနိုင်ကြောင်း ဦးလေးဆရာပြောသံကြား၍ နန်းလောဝ်ခမ်းလည်း အကြမ်းဖျင်းတော့ သိရှိထားပါသည်။ သို့သော် တစ်ဆင့်ကြားအသံမို့ မလေးနက်ခဲ့။ ယခုစိုင်းခမ်းပန် က ဘဝနှင့်ရင်းနှီးထားသော ကိုယ်တွေ့အသိကို ဖြန့်ဝေပေးလိုက်ပြီမို့ နဂို အသိမှာ ခိုင်မာလာသည်။ တစ်ချိန်တည်းမှာပင် စိုင်းခမ်းပန်တစ်ယောက် ကြမ်းတမ်းခက်ထန်လှသော ဘဝခရီးကြမ်းကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်အန်တု ဖြတ်သန်းနေပြီကော။ သူ၏တစ်ခုတည်းသော အားဆေးမှာ အဲမြပါတကား ဟူသော အတွေးမျှင်တန်းက နန်းလောဝ်ခမ်းကို ရစ်ပတ်ဖွဲ့နှောင်ထား လိုက်သည်။

သည်အချိန်မှာပင် မထင်မှတ်သော စကားတစ်ခွန်းကို စိုင်းဆဟုန်က ဝင်ပြောလိုက်၏။



"လယ်လုပ်ရတာ မင်း စိတ်ပျက်နေပြီလား၊ မပျက်ပါနဲ့သူငယ်ချင်း။ တို့တွေ ကြိုးစားသလောက် ခံစားရမယ့်အချိန်ဟာ မဝေးတော့ပါဘူး"

သုံးယောက်စလုံး စိုင်းဆဟုန်ကို ဝိုင်းကြည့်ကြသည်။ နန်းလောဝ်ခမ်းပင်လျှင် ဆဟုန်ဆိုလိုသောအဓိပ္ပာယ်ကို ချက်ချင်းသဘောမပေါက်။

"ခမ်းပန်၊ မင်း ကြားမှာပေါ့။ စော်ဘွားတွေ အာဏာစွန့်လွှတ်တော့မယ်ဆိုတာလေ။ အဲဒီနောက်ပိုင်းကျတော့ သူတို့ကို ပေးဆပ်နေရတာတွေ မရှိနိုင်တော့ပါဘူး။ မင်းတို့လယ်ကထွက်တဲ့စပါးဟာ မင်းတို့အတွက်ပဲ ဖြစ်လာရတော့မှာပါ"

"တကယ်ပြောတာလား ဆဟုန်"

"အဲဒီအတိုင်း ဖြစ်လာလိမ့်မယ်လို့ ဦးလေးဆရာက ငါ့ကို ပြောဖူးတယ်ကော"

"ဒါဆို ဝမ်းသာစရာပဲ"

"သုံးလေးနှစ်စောင့်စရာ ဘယ်လိုတော့မလဲနော"

စိုင်းခမ်းပန်နှင့် အဲမြတို့မျက်နှာများသည် မျှော်လင့်ချက် ရောင်ခြည်တို့ဖြင့် ဝင်းလက်လာသည်။ နန်းလောဝ်ခမ်းပင်လျှင် သည်အချက်ကို မတွေးမိ။ ဦးလေးဆရာသည် နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေများကို သူ့တူအား မည်မျှ တွက်ချက်ပြောပြထားလေသည်မသိ။ သည်အတိုင်းဆိုလျှင် နမ့်ပန်ချိုင့်ဝှမ်းတစ်ခွင်မှ ရှမ်းတောင်သူလယ်သမားများ၏ အနာဂတ်မှာ လှပလာပေတော့မည်။ ဤအတွေးကြောင့် နန်းလောဝ်ခမ်းလည်း စိုင်းဆဟုန်၊ စိုင်းခမ်းပန်နှင့်အဲမြတို့နည်းတူ အားတက်ဝမ်းသာလာမိသည်ပင်။

"တို့ နမ့်ပန်ချိုင့်ဝှမ်းမှာ မင်းလို အလုပ်ကြိုးစားတဲ့သူတွေ အများကြီး လိုတယ်ခမ်းပန်။ ဒါမှ တို့မြေဟာ တိုးတက်ဖွံ့ဖြိုးလာမှာ"

"ဒီအတွက်တော့ စိတ်ချပါဆဟုန်ရာ။ မိဘလက်ငုတ်လက်ရင်းဖြစ်တဲ့ ဟောဒီမြေကြီးဟာ ငါ့ဘဝပါ။ ဒီမြေကြီးက စပါးနှံတွေ အများကြီးထွက် လာအောင် ငါ လုပ်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကော ဘာလုပ်မလဲဆဟုန်။ နင်က အတန်းစာတတ်တဲ့သူ ဆိုတော့..."

တစ်ချိန်လုံးငြိမ်နေသော အဲမြက ဝင်မေးလိုက်သည်။ အဲမြအမေးက စိုင်းဆဟုန်ကို ဦးတည်သော်လည်း သူမနှင့်လည်းပတ်သက်နေသလို နန်းလောဝ်ခမ်း ခံစားလိုက်ရသည်။

"ငါ ဘဝမမေ့တတ်ပါဘူး အဲမြရယ်။ စာတွေ အများကြီးတတ်အောင် ငါသင်မယ်။ ပြီးရင် နင်တို့ဆီကိုပြန်လာပြီး ပေါက်တူးကိုပဲ ပြန်ကိုင်မှာပါ။ စိုက်ပျိုးရေးလုပ်မယ်၊ မွေးမြူရေးလုပ်မယ်။ အဲဒါဟာ ငါ့ရည်ရွယ်ချက်ပဲ"

အဲမြက နန်းလောဝ်ခမ်းကိုကြည့်သည်။ အဓိပ္ပာယ်ကို နန်းလောဝ်ခမ်း သိသည်။ ထို့ကြောင့် ဟန်ဆောင်မဟုတ်သော သူမရင်ထဲကဆန္ဒကို လှစ်ဟသည်။

"ငါကတော့ ဆရာမလုပ်ချင်တယ်။ တို့ရွာမှာ အတန်းကျောင်း မရှိသေးဘူး မဟုတ်လား။ ငါ ပညာပြည့်စုံတဲ့တစ်နေ့ကျရင် ရွာကို ပြန်လာပြီး ကလေးတွေကို စာသင်ပေးမယ်"

သို့ဖြင့် သူငယ်ချင်းလေးယောက်တို့သည် ဟိုအဝေးတွင် လှမ်းမြင်ရသော ဂင်္ဂါတောင်တန်းကြီးနှင့် နမ့်ပန်ချောင်းတို့ကို သက်သေတည်၍ နောင်တစ်ချိန်တွင် နမ့်ပန်ချိုင့်ဝှမ်းတွင် ပြန်လည်တွေ့ဆုံကြကာ နယ်မြေ တိုးတက်ဖွံ့ဖြိုးရေးကို လုပ်ဆောင်သွားကြရန် မမှော်လင့်ဘဲ ကတိကဝတ် ပြုမိသွားကြလေ၏။

ဤသို့ သူငယ်ချင်းလေးယောက် စိတ်တူကိုယ်တူ ရည်မှန်းချက်တူကြ သဖြင့် နန်းလောဝ်ခမ်း ဝမ်းသာသည်။ သို့သော် သူငယ်ချင်းတစ်ယောက် ပါမလာသောအတွက်မူ သူမ စိတ်မကောင်း။

မှန်သည်။ သူမအပေါ် သံယောဇဉ်ကြီးလွန်းသော စိုင်းဝဏ္ဏတစ်ယောက် ဤသစ္စာတိုင်တည်ပွဲတွင် ပါမလာခဲ့။ ရွာသို့ပင် ပြန်မလာခဲ့။ စိုင်းသီဟနှင့်



အတူ မိုင်းရယ်သို့လိုက်သွားခဲ့လေသည်။ တစ်ပတ်တန်သည် နှစ်ပတ်တန် သည်နေပြီးမှ နောင်ငူသို့လိုက်လာခဲ့မည်ဟု ဆိုသည်။ မိုင်းရယ်မရောက်ဖူး သဖြင့် အလည်အပတ်ဟု အကြောင်းပြသော်လည်း သည့်ထက်လေးနက် သော တခြားရည်ရွယ်ချက်တွေလည်း ပါကောင်းပါမည်ဟု နန်းလောဝ်ခမ်း သံသယဝင်သည်။

အကယ်၍ သူတို့လေးယောက်နှင့်အတူ စိုင်းဝဏ္ဏပါလာသည့် ဘိုင်အောင် သူတို့နှင့် အမြင်ချင်းတူပါမည်လား။ သူတို့လို သစ္စာတိုင်တည်နိုင် ပါမည်လား။ သည်အတွေး ဝင်လာပြန်တော့လည်း စိုင်းဝဏ္ဏပါမလာခြင်းမှာ ခပ်ကောင်းကောင်းဟု ယူဆရတော့မလိုလို။

ထို့ကြောင့် နန်းလောဝ်ခမ်း ညည်းမိ၏။

"ဪ...လူအနေနီးပေမယ့် စိတ်အနေဝေးပြီလား ဝဏ္ဏရယ်"

◙ ◙ ◙

သီတင်းကျွတ်ဝတ်သာပွဲအမီ စိုင်းဝဏ္ဏ ပြန်ရောက်လာ၏။ သို့သော် တစ်ယောက်တည်းမဟုတ်။ အရိပ်ပမာ တတွဲဖြစ်နေသော စိုင်းသီဟနှင့် အတူ။

သူတို့နှင့် တိုက်ရိုက်ပတ်သက်နေသော အထက်အာဏာပိုင်၏သား ဆိုတော့ ထမ့်အောင်နှင့်ဒေါ်စောမြတို့က စိုင်းသီဟကို အရေးတယူရှိလှသည်။ သူတို့မျက်နှာမပျက်ရလေအောင် အစစအရာရာ လိုလေးသေးမရှိ ဂရုစိုက် ကြသည်။ အထူးသဖြင့် ဒေါ်စောမြက ပိုသည်။ ဟိန်မိုင်းလုံက သူ့သားကို သူတို့လက်သို့ စိတ်ချလက်ချ အပ်နှံထည့်ပေးလိုက်သည့်အတွက် ဒေါ်စောမြ ဂုဏ်ယူဝင့်ထည်နေသည်။ နမ့်ပန်တစ်ခွင်လုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက် နေရသော ဟိန်မိုင်းလုံ၏သားကို ညအိပ်ညနေ ဧည့်ဝတ်ပြုရသဖြင့် [illegible]ပြီးသား မာနတံခွန်မှာ ပြန်မကျစတမ်း တလူလူ လွင့်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရွာအကြီးအကဲက မျက်နှာသာပေးပြီဆိုတော့လည်း တစ်ရွာလုံး မနေသာ။ စိုင်းသီဟရောက်လေရာ နေရာတိုင်းက ပျာပျာသလဲရှိရတော့သည်။

စိုင်းဝဏ္ဏသည် ရွာသို့ပြန်ရောက်လာသော်လည်း သူငယ်ချင်းများနှင့် ယခင်ကလို တလုံးထွေးထွေး မတွဲဖြစ်တော့ချေ။ သူ့တွင် ဧည့်ဝတ်ကျေပွန်စွာ ပြုစုရမည့် ဧည့်ကောင်းစောင်ကောင်းတစ်ယောက် ရှိနေပြီမဟုတ်လား။ စိုင်းသီဟ မငြိုငြင်ရအောင်သာ တကောက်ကောက် လိုက်ပါဧည့်ခံနေရတော့သည်။ ဤသည်ကိုပင် စိုင်းဝဏ္ဏ ကျေနပ်နေသေးတော့။ သူတို့ ခြေရာများသည် နောင်ငူတွင်သာမက ရွာနီးချုပ်စပ်တွင်ပါ ထပ်နေ၏။

နန်းလောဝ်ခမ်းတို့အိမ်ကိုလည်း အထိုက်အလျောက်ရောက် လာတတ်သည်။

တစ်ခါတွင် "နောင်ငူမှာ ဘယ်လောက်ကြာကြာနေဖို့ စိတ်ကူးသလဲ" ဟု ခေါ်မြမေက စိုင်းသီဟကို မေးသည်။

"တာဝတီံသာပွဲပြီးရင် ခဏနေပြီး ပြန်မယ်စိတ်ကူးတာပဲ"

"တစ်ခါတလေရောက်တာ ကြာကြာနေဖို့ကောင်းတယ်"

"နေချင်ပါတယ်၊ တန်ဆောင်မုန်းလပြည့်မတိုင်ခင် ပြန်ရမှာမို့ပါ"

"သြော်…ကန်တော့ပွဲရှိတယ်ကော"

ခေါ်မြမေက ခေါင်းတဆတ်ဆတ်ညိတ်ရင်းဆိုသည်။

"ကန်တော့ပွဲအတွက် လုပ်ပေးစရာတွေရှိလို့ပါ။ ဒီနှစ် ကန်တော့ပွဲ သိပ်စည်မယ်။ လောဝ်ခမ်း လာခဲ့လေ" ဟု စိုင်းသီဟက ပြောသည်။ နန်းလောဝ်ခမ်းတို့အိမ်သို့ အလျှင်ရောက်နေနှင့်သော အဲမြကိုလည်း စားဝါး မလိုကြည့်၍ "အဲမြလည်း လိုက်ခဲ့ပေါ့။ ကောင်းကောင်းဧည့်ခံပါ့မယ်" ဟု တစ်ဆက်တည်း အရေးတယူ ဆိုသည်။



"ငါ သွားမှာပဲ။ နင်တို့လိုက်ချင်ရင် ရပါတယ်"

ဝဏ္ဏက ဝင်ပြောသည်။

နန်းလောဝ်ခမ်း ခေါင်းခါသည်။

"ကျွန်မ အားမယ်မထင်ဘူးရှင့်"

အဲမြက တလေးတစားဖြေသည်။

"ဆဟုန်နဲ့ခမ်းပန်တို့ကို ခေါ်သွားပါလား" ဟု နန်းလောဝ်ခမ်း ထပ်ပြောလိုက်သည်။

"ဆဟုန်လား ခေါ်လို့ရမှာ…"

စိုင်းဝဏ္ဏ နှာခေါင်းရှုံ့သည်။

"ခမ်းပန်က လယ်ကို နွားနဲ့ဖက်ရှန်းနေတာဆို"

စိုင်းသီဟသည် အငြင်းစကားကို အမေးဖြင့်ပြောလေ၏။

နန်းလောဝ်ခမ်း သိသည်။ တမင်ပြောလိုက်တာ ဖြစ်သည်။

သီတင်းဝါလကျွတ်အပြီး တန်ဆောင်မုန်းလပြည့် ရက်ပိုင်းတွင်ဖြစ်စေ၊ သင်္ကြန်ရက် နှစ်သစ်ကူးချိန်တွင်ဖြစ်စေ စော်ဘွားကန်တော့ခံပွဲကို တခမ်းတနား ပြုလုပ်လေ့ရှိသည်။ ထိုပွဲတော်များသို့ စော်ဘွားတို့ပိုင်ဆိုင်ရာ နယ်အတွင်းရှိ တောရွာကျေးလက်ပါမကျန် အကုန် လာရောက်ဖူးမြော်ကြရသည်။ ယင်းသို့ မလာမနေရဆင့်ခေါ်သည့် အပူဇော်ခံပွဲတော်ကြီးအတွက် တစ်အိမ်ထောင်လျှင် စော်ဘွားပူဇော်ကြေး တစ်မတ်ကျ ကောက်ခံစုဆောင်းပြီး အန်း၊ ငှက်ပျောပွဲတွင် ငွေထုပ်ထည့်၍ မပျက်မကွက် ပူဇော်ကန်တော့ကြရ၏။ ဝေးလွန်းသော ကျေးရွာများမှ တစ်အိမ်တစ်ယောက် မလိုက်နိုင်လျှင်လည်း ကျေးရွာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ကန်တော့ခံကြေး ငွေတစ်မတ် (ထိုခေတ်က ငွေကြေးတစ်မတ်တန်ဖိုးကား မနည်းချေ) ကိုတော့ မပျက်မကွက် ပေးလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကန်တော့ခံပွဲများတွင် လောင်းကစားများကိုလည်း ထည့်သွင်းကျင်းပကြသည်။ ထို့ကြောင့် ဇော်ဘွားတို့မှာ ကန်တော့ခံကြေးအပြင် ပွဲတော်ရက်အတွင်း ကစားဝိုင်းပွဲခွန်များလည်း သိန်းချီ၍ရလိုက်သေးသည်။

ကန်တော့ခံပွဲသို့ တစ်ရွာလုံးတစ်နယ်လုံးမှ အိမ်တိုင်းစေ့ လူများဆင့်ခေါ်ထားသော်လည်း ကန်တော့ခံရာ ဟော်အတွင်းသို့ လူတိုင်း ဝင်ရောက်ခွင့်မပြုချေ။ တစ်ရွာလျှင် ရွာသူကြီးနှင့် လူကြီးသုံးလေးယောက်ခန့်သာ စာရင်းနှင့်တကွ ဝင်ရောက်ကန်တော့ကြရသည်။ ထို့ကြောင့် ကျန်ရွာသူရွာသားတို့မှာ ပွဲတော်သို့ လိုက်ပါလာရုံလိုက်ပါလာ၍ ပွဲတော်ကြီး လူစည်ကားအောင် ဖန်တီးပေးသည်နှင့် မခြားပေ။ တစ်နည်းအားဖြင့် ကစားဝိုင်းကန်ထရိုက် ဒိုင်အုပ်ထောင်ကဲကြီးများ ဝင်ငွေနည်းမည်စိုး၍ အမိန့်အာဏာဖြင့် ခေါ်ယူပေးသည့် သဘောဆောင်သည်။ သို့မှသာ ဇော်ဘွားတို့လည်း ပွဲခွန်မြက်မြက်စားရမည် မဟုတ်ပါလား။

ဤအချက်ကို စိုင်းဆဟုန်ထံမှ နန်းလောဝ်ခမ်း သိထားသည်။ ရှမ်းလူထုကို မွဲဆေးဖော်ပေးနေတဲ့ပွဲတွေ၊ အကျင့်ပျက်အောင် ဖျက်ဆီးနေတဲ့ပွဲတွေဟု စိုင်းဆဟုန်က ပြောဖူးသည်။ စိုင်းဆဟုန်သည် လောင်းကစားပွဲများကို ဆန့်ကျင်သူဖြစ်သည်။ ကစားဝိုင်းမှာ ဖြုန်းလိုက်တဲ့အချိန်နှင့်ငွေကို လယ်ထဲယာထဲ၊ စိုက်ခင်းထဲနှင့် မိသားစုအရေးကိစ္စတွင် သုံးလိုက်ရလျှင် ဘယ်လောက်အကျိုးရှိမလဲဟု တစ်ချိန်က ဦးလေးဆရာပြောခဲ့သည်ကို နန်းလောဝ်ခမ်း မှတ်မိနေသည်။

စိုင်းသီဟက ကန်တော့ခံပွဲ သိပ်စည်မည်ဟုဆိုသည်။ ဦးလေးဆရာတို့လေသံနှင့်ပြောရလျှင် လူတွေ သိပ်မွဲ၊ သိပ်ဆင်းရဲဒုက္ခရောက်စေမည့်ပွဲဟု အဓိပ္ပာယ်ကောက်ရလိမ့်မည်ဟု နန်းလောဝ်ခမ်း တွေးမိသေးသည်။

ခဏနေတော့ သူတို့ ပြန်ရန်နှုတ်ဆက်သည်။



"အဲမြဲအိမ်ကိုလည်း လာလည်ဦးမယ်နော"

မပြန်ခင် စိုင်းသီဟ ပြောသွားသေးသည်။

စိုင်းသီဟသည် စိုင်းခမ်းပန်ကို ဟက်ဟက်ပက်ပက် အရေးတယူမရှိလှ။ တောင်ယာသမား ဆင်းရဲသားဆိုတော့ အဆင့်ကွာလှသည်ဟု မှတ်ယူသလားမသိ။ နန်းလောဝ်ခမ်းက မခံချင်သော်လည်း စိုင်းခမ်းပန်ကိုယ်တိုင်ကပင် ခပ်ရိုရိုဖြစ်နေတော့ အခက်သား။ စိုင်းခမ်းပန်ကို အရေးမစိုက်သော်လည်း သူ့ချစ်သူအဲမြဲကိုမူ အရေးတယူ ခေါ်ပြောလေသည်။ အချောအလှကြီး မဟုတ်သော်လည်း ခန္ဓာကိုယ်အချိုးအဆက် ဖွံ့ဖြိုးပြေပြစ်သော အဲမြဲအပေါ် စိုင်းသီဟ၏ စူးရဲသောအကြည့်များကို နန်းလောဝ်ခမ်း မနှစ်မြို့။

◙ ◙ ◙

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွား၏။ တာဝတိံသာပွဲလည်း တဖြည်းဖြည်း နီးကပ်လာသည်။ သီတင်းကျွတ်တော့မည်မို့ တစ်ရွာလုံး ပျော်နေကြသည်။ ပွဲတော်အတွက် ပြင်ကြဆင်ကြနှင့် မမောမပန်းအောင် ရှိကြရသည်။ စားဝတ်နေရေးအတွက် ရှမ်းကန်လှူပ်ရှားရင်း တစ်ဖက်ကလည်း ကုသိုလ်ရေးအတွက် မလစ်ဟင်းရလေအောင် ကြိုးပမ်းကြရသည်မှာ နေထွက်မှနေဝင်ဖြစ်၏။

တာဝတိံသာပွဲမတိုင်မီ တစ်ရက်တွင် လုံးဝမျှော်လင့်မထားကြသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် တစ်ရွာလုံး ပျော်ရမည့်အချိန်တွင် စိတ်မချမ်းမသာဖြစ်ခဲ့ ကြရသည်။ ၄င်းကား စိုင်းခမ်းပန် လူချောင်းအရိုက်ခံရခြင်းပင်ကည်း။

ဒဏ်ရာ ပြင်းထန်သည်။ ညတွင်းချင်း မန်ကပ်ဆေးခန်း ပို့လိုက်ရသည်။ နောက်နေ့ တန့်ယန်းဆေးရုံရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းကိုကြားစက နန်းလော်ခမ်း အံ့အားအသင့်ကြီးသင့်သွားရသည်။ အုတ်အော်သောင်းနင်း ထွက်လာသော သတင်းကို မယုံကြည်နိုင်လောက်အောင် ရှိရသည်။ အသောက်အစား အပျော်အပါးမရှိ။ အလုပ်ကြိုးစားသော လူရိုးလူအေးခမ်းပန်ကို မည်သူက ရန်ငြိုးဖွဲ့ထားသနည်း။ ဤအဖြေကို တစ်ရွာလုံးက သိချင်နေကြသည်။

အဲမြ တစ်ငိုတည်း ငိုနေသည်။ သတင်းကြားလျှင်ကြားချင်း သူငယ်ချင်းအဲမြထံ နန်းလော်ခမ်းရောက်သွားပြီး ချော့မော့နှစ်သိမ့်ခဲ့သည်။ သူတို့က တန့်ယန်းတွင်ကျောင်းတက်နေစဉ် ရွာတွင်ကျန်ရစ်သော စိုင်းခမ်းပန်နှင့် ပတ်ဝန်းကျင်၏ဆက်ဆံရေး အခြေအနေကို နန်းလော်ခမ်းမသိ။ ထို့ကြောင့် ခမ်းပန်ကို မကျေနပ်သူရှိ မရှိ အဲမြကို မေးကြည့်သည်။ မရှိဟု ဖြေသည်။ 'ဘယ်သူလုပ်တာ ထင်သလဲ' ဟု ထပ်မေးသည်။ အဲမြခေါင်းတွင်တွင်ယမ်းသည်။ မသိတာလား၊ မပြောချင်တာလားဆိုသည်ကို နန်းလော်ခမ်း မှန်းဆရခက်သည်။

တစ်ချိန်လုံး ဝမ်းပန်းတနည်း ရှိုက်၍ရှိုက်၍ကြိတ်ငိုခြင်းဖြင့်သာ အဲမြအချိန်ကုန်သည်။ 'ရက်စက်ယုတ်မာလိုက်ကြတာနော်' ဟု လည်းကောင်း၊ 'ငါသေချင်တယ်၊ ငါသေချင်တယ်လော်ခမ်းရယ်' ဟုလည်းကောင်း ရေရွတ်ညည်းတွားရုံမှလွဲ၍ ဘာမျှမေးမရသော အဲမြကို နန်းလော်ခမ်းလက်လျှော့ရသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသော သူငယ်ချင်းကို ရင်ခွင်ယပွေ့ဖက်ကာ နှစ်သိမ့်အားပေးရသည်။ ခမ်းပန်အပေါ် မေတ္တာအင်အားကြီးမားလွန်းစွာဖြင့် စိုးရိမ်သောကရောက်နေရှာသော သူငယ်ချင်းကို ကရုဏာသက်နေမိသည်။

"သတိတော့ ရလာပါပြီ။ ဦးခေါင်းခွံ မကွဲမအက်တာ ကံကောင်းတယ်လို့ ဆရာဝန်ကပြောတယ်"



စိုင်းခမ်းပန်ကို ဆေးရုံသွားပို့သောအဖွဲ့နှင့် စိုင်းဆဟုန် လိုက်သွားခဲ့သည်။ လူနာစောင့်အဖြစ် ခမ်းပန်၏ညီဝမ်းကွဲ နေရစ်သည်။ စိုင်းဆဟုန်ပြန်လာမှ ခမ်းပန်၏အခြေအနေကို သူတို့ သိကြရသည်။

"သူ ဘယ်တော့ဆင်းရမလဲဟင်..."

"အဲမြရယ် ခုမှ ဆေးရုံတက်စရှိသေးတာ"

ညှိုးငယ်သောမျက်နှာကလေးဖြင့် ဆန္ဒစောစွာမေးလာသော အဲမြကို စိုင်းဆဟုန်က ကြင်နာစွာကြည့်၍ "တစ်လလောက်တော့ ကြာကောင်းရဲ့" ဟု တစ်ဆက်တည်းပြောသည်။ 'အင့်' ခနဲ ရှိုက်သံထွက်လာသည်။ အဲမြ၏ပါးပြင်ပေါ်သို့ မျက်ရည်မြစ်နှစ်သွယ် စီးဆင်းလာသည်။ အဘယ်ကံကြမ္မာရိုင်းက သူတို့သူငယ်ချင်းတွေကို မုန်တိုင်းဆင်လေသနည်းဟု တွေးနေမိကြသည်။

"သူ သတိရလာတော့ သူ့ကို ဘယ်သူရိုက်တယ်ဆိုတာ ပြောပြနိုင်သလား"

အရေးကြီးသောအချက်ကို နန်းလော်ခမ်းက ကောက်ခါငင်ခါမေးသည်။ စိုင်းဆဟုန် ခေါင်းခါယမ်း၏။

"သူ မသိဘူးတဲ့လား"

"သတိရပေမယ့် စကားကောင်းကောင်းမပြောသေးဘူး"

"ဘယ်လို..."

နန်းလော်ခမ်း နားမရှင်း။ စိုင်းဆဟုန် အတန်ငယ်ချိန်ဆနေပြီးမှ-

"ငါ့ကို မသိသလို ကြောင်ကြည့်နေတယ်။ ဘယ်သူ့ကိုမှ မသိသလို၊ ဘာကိုမှ မမှတ်မိသလိုပဲ"

"ဒီလိုဆို..."

နန်းလော်ခမ်းက တစ်စုံတစ်ရာကို ပြောမထွက်ဝံ့လောက်အောင် နှုတ်ဆွံ့နေသည်တွင် မထူးတော့ပါဘူးဟု သဘောပိုက်လိုက်သော စိုင်းဆဟုန်

www.burmeseclassic.com

www.burmeseclassic.com



က "ဟုတ်တယ် လောဝ်ခမ်း၊ နင် ထင်သလိုပဲ။ အတိတ်မေ့သွားတာလို့ ဆရာဝန်ကပြောတယ်။ အချိန်ယူ ကုရမယ်တဲ့" ဟု ဖွင့်ချလိုက်၏။

'အီး…' ခနဲ အဲမြ ငိုတော့သည်။

ဤတွင် ကွင်းဆက်ပြတ်သွားပြီကို နန်းလောဝ်ခမ်း နားလည်လိုက်သည်။ စိုင်းခမ်းပန် အရိုက်ခံရသောနေရာမှာ ရွာအပြင်ဘက် လူပြတ်သောနေရာမှာဖြစ်၏။ တာဝတိံသာပွဲအတွက် ရွာသားအများစုသည် ရွာထဲမှာပင် အလုပ်ရှုပ်နေကြသဖြင့် ခါတိုင်းကဲ့သို့ လယ်ထဲယာထဲသွားသူ ရှား၏။ ထို့ကြောင့် တရားခံကို စိုင်းခမ်းပန်ကမှမမြင်လျှင် သို့တည်းမဟုတ် မြင်သည့်တိုင်အောင် မပြောနိုင်လျှင် ဆက်စပ်ပုံဖော်ယူနိုင်စရာ အခွင့်အလမ်းသည် နည်းပါးခဲ့ချေပြီတည်း။

◙ ◙ ◙

နောင်ငွရွာ၏ တာဝတိံသာပွဲသည် ခြောက်ကပ်စွာ ပြီးဆုံးခဲ့လေသည်။

တာဝတိံသာပွဲပြီးသည်နှင့် စိုင်းသီဟပြန်သွားသည်။ နန်းလောဝ်ခမ်းတို့ကိုပင် နှုတ်ဆက်မသွား။ နန်းလောဝ်ခမ်းနှင့် အဲမြကလည်း ကိုယ့်အပူနှင့်ကိုယ်မို့ အမှတ်တမဲ့ရှိခဲ့ချေသည်။ အဲမြ တာဝတိံသာပွဲမန္တ။ အိမ်ထဲမှာသာ မျက်ရည်ကို အဖော်ပြုနေသည်။ သူငယ်ချင်းကောင်း နန်းလောဝ်ခမ်းလည်း အဲမြအိမ်မှာပင် အချိန်ကုန်သည်။ စိုင်းသီဟကို သဘောမတွေ့သူမို့ သူပြန်မည်ဟု ပြောထားချိန်ထက် စောစောပြန်သွားတာပင် ခပ်ကောင်းကောင်းဟု မှတ်ယူမိလေသည်။

စိုင်းဝဏ္ဏကမူ နေရစ်ခဲ့လေ၏။ သူ့ကိုတော့ နန်းလောဝ်ခမ်း အားကိုးမိသည်။ စိုင်းခမ်းပန်ကိစ္စကို လက်သည်ပေါ်အောင် ဖော်ပေးစေချင်သည်။ စိုင်းဝဏ္ဏ ဘာလုပ်ပေးနိုင်မလဲဟု မျှော်လင့်မိသည်။ သို့သော် "သက်သေမဲ့



အမှုအခင်းဆိုတာ အခက်သားကလား။ သက်သေရှိမှ အမှုစစ်လို့ရမှာပေါ့" ဟူသော စကားကြောင့် နန်းလောဝ်ခမ်း အားလျော့ရသည်။ ထမုံအောင်ကိုယ်တိုင်ကပင် သဲလွန်စမကျန်၍ အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းဖို့ မလွယ်ကူကြောင်းပြောလာသဖြင့် လက်ခံရမလိုဖြစ်လာသည်။ ဟုတ်တော့လည်း အဟုတ်သား။ အမှုက ဘဲဥအစရှာမရသလို ဖြစ်နေတော့ မခက်ပါလား။ အစကလေးတစ်မျှင်လောက် တွေ့ရလျှင်တော့ တဖြည်းဖြည်းချင်း ဆွဲထုတ်ယူလိုက်ရုံသာ။ ခုတော့ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ပြီး လက်လျှော့ရတော့မည့်ပုံ။

"သက်သေမဲ့တာကို မမဲ့အောင် ကြိုးစားဖော်ထုတ်ဖို့က အုပ်ချုပ်သူရဲ့တာဝန်ပဲ။ အလွယ်ပြောလိုက်တာကတော့ တာဝန်မဲ့လွန်းပါတယ်လေ"

စိုင်းဆဟုန်ကမူ ထမုံအောင်တို့သားအဖ၏ အကြောင်းပြချက်ကို လက်မခံ။ ထမုံအောင်၏သမာဓိသည် ယိုင်နဲ့လေပြီလောဟု သံသယဝင်သည်။ သက်သေမရှိ၍ အမှုပိတ်ပစ်ရမည့်အဖြစ်ကို သူ မကျေနပ်နိုင်။ ဤသည်မှာ ပဒေသရာဇ်နယ်ရှင်ပယ်ရှင်တို့၏ အကာအကွယ်ပေးမှု တစ်ခုပေလောဟု သူ စဉ်းစားသည်။ သူ့တွင် အတွေ့အကြုံတစ်ခု ရှိခဲ့ဖူးသည်။ သူ့မိဘနှစ်ပါး အသတ်ခံရမှုတွင် အဖြစ်မှန်မပေါ်ဘဲ ခုခံသူ အမည်ပျက်ဖြင့် အမှုပိတ်ခဲ့ရသည် မဟုတ်ပါလား။

◙ ◙ ◙

ခုတလော နယ်မြေအခြေအနေ မကောင်းချေ။ ယခင် အေးချမ်းခဲ့သလောက် ယခု အမှုအခင်းတွေ ပေါ်လာစပြုသည်။ ဟိုနား လူပ်ရှလူပ်ရှ၊ သည်နား လူပ်ရှလူပ်ရှနှင့် မငြိမ်မသက်ဖြစ်သည်။ ကောလာဟလသတင်းတွေကလည်း အခုတစ်မျိုး တော်ကြာတစ်မျိုး။ မကောင်းဆိုးဝါး လာတော့မည့် အတိတ်နိမိတ်ဟု တချို့က ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်မှာပင် ရွာသားတစ်ယောက် အသတ်ခံရသောသတင်း ထွက်လာသည်။ စိုင်းခမ်းပန် အရိုက်ခံရသောနေရာနှင့် လယ်နှစ်ကွက်သာ ခြားသော လျှိုဖြတ်လမ်းကလေးဘေးတွင် အသတ်ခံရခြင်းဖြစ်၏။ သေသူ အိုက်ကျော်မြမှာ အရက်ကလေး တမြမြသောက်တတ်သည်ကလွဲ၍ လူမုန်းများသူ၊ လူမိုက်စာရင်း ဝင်သူမဟုတ်။ သူ့မိန်းမမှာ ကလေးတစ်ပြုံကြီးနှင့် ကျန်ရစ်ခဲ့သောကြောင့် ရွာက စာနာသနားကြသည်။ နန်းလောဝ်ခမ်းပင်လျှင် သူ့မိန်းမကို အစ်မတစ်ယောက်နှယ် ခင်မင်သည်။ ကလေးတွေကိုလည်း ချစ်သည်။ ထို့ကြောင့် စိတ်မကောင်းဖြစ်လို့မဆုံး။

အမှုကြီးဖြစ်၍ စိုင်းခမ်းပန်ကိစ္စကို ဖုံးလွှမ်းသွားသည်။ ထုံးစံအတိုင်း ဘာကြောင့်သတ်သလဲ၊ ဘယ်သူသတ်သလဲ၊ တရားခံမှာ ဒီရွာကလား၊ တစ်ရွာသားလား စသည်ဖြင့် မေးခွန်းတွေတစ်သီကြီး ပေါ်လာသည်။ ရွာထဲမှာ အမျိုးမျိုး ပြောဆိုဝေဖန်နေကြသည်။ ထင်ကြေးများလည်း ရွာနီးချုပ်စပ်အထိ ပျံ့နှံ့သည်။

တစ်မှုပေါ်တစ်မှုဆင့်လာ၍ ထမ့်အောင်အဖို့ တာဝန်ကြီးလာသည်။ အမှုမပေါ်လျှင် ထမ့်ရာထူးကို စွန့်လွှတ်ရတော့မည်ဟု တီးတိုးခန့်မှန်းကြသည်။ ဒေါ်စောမြ မပူ။ သားဝဏ္ဏအတွက် အရင်းအနှီးထည့်ပေးထားပြီး ဖြစ်သည်။ စိုင်းသီဟထံ စကားထည့်ထားပြီး ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဒီတစ်ခါတော့ တရားခံကိုမိအောင် ဖမ်းနိုင်မှာပါဟု ကြုံးဝါးသည်။ အမတ်ထောက်အစီအမံဖြင့် ခေါင်းပေါင်းနီပုလိပ်များပင် နောင်ငူသို့ရောက်လာကြသည်။ အစဉ်အဆက် အေးချမ်းခဲ့သော နောင်ငူရွာသည် ယခုလပိုင်းအတွင်းမှာပင် အမှုအခင်းတို့ဖြင့် သွေးစွန်းခဲ့ချေပြီကော။

ပထမ ခမ်းပန် အရိုက်ခံရသည်။ နောက် အိုက်ကျော်အသတ်ခံရသည်။ ထို့ကြောင့် ရွာမှာနေရတာ မလုံမခြုံခံစားလာရကြောင်း နန်းလောဝ်ခမ်းက စိုင်းဝဏ္ဏကို ပြောမိသည်တွင် ''မဟုတ်တာတွေ နင် အတွေးခေါင်နေတယ်။ သူတို့က သူတို့အကြောင်းနဲ့သူတို့ ဖြစ်တာ။ နင်တို့လို ရိုးရိုးသားသား အေးအေးလူလူနေတဲ့သူတွေအဖို့ ကြောက်စရာမလိုဘူး။ အထူးသဖြင့် နင့်အတွက် ငါ အာမခံတယ်။ ဘာမှမဖြစ်စေရဘူး။ စိတ်ချမ်းချမ်းသာသာသာနေနော် လောဝ်ခမ်း'' ဟု ဆိုသဖြင့် အားရှိသွားရသည်မှာ အမှန်။ အရေးအကြောင်းဆို အားကိုးလို့ရနိုင်မည့် ဝဏ္ဏကို ကျေးဇူးတင်မိသည်မှာလည်း အမှန်။



ထိုတဒင်္ဂစိတ်ချမ်းသာမှုသည် မကြာမီ ပျောက်ကွယ်သွားရ ပြန်သည်။ ခမ်းပန်ကိစ္စနှင့်ပတ်သက်၍ သီဟကိုမသင်္ကာဟု စိုင်းဆဟုန်က ပြောလာသောကြောင့်ဖြစ်သည်။ ဒီကိစ္စကို ဝဏ္ဏသိရမည်။ ဝဏ္ဏ ဖုံးကွယ်ထားသည်ဟု ဆက်ပြောပြန်သည်။ နန်းလောဝ်ခမ်း ခေါင်းနားပန်းကြီးသွားရသည်။ သူမအနေဖြင့် မည်မျှပင် စိုင်းသီဟကို ရွံမုန်းစေကာမူ ယခုကဲ့သို့ စွပ်စွဲပြောဆိုရန်မှုကား ဝန်လေးလှသည်။ အန္တရာယ်ကြီးသည်ဟု ထင်သည်။ ဆင်ဆင်ခြင်ခြင်ပြောဆိုရန်နှင့် သူ့ မသင်္ကာစကားတွေကို မည်သူ့ကိုမှ ထုတ်ဖော်မပြောမိစေရန် သတိပေးရသည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် မခံမရပ်နိုင်အောင်ဖြစ်နေသော စိုင်းဆဟုန်ကိုကြည့်၍ နန်းလောဝ်ခမ်း စိုးရိမ်မိသည်။ သူမ၏ စိုးရိမ်စိတ်ကို ပြောပြသောအခါ စိုင်းဆဟုန်က သူ့အတွက် မစိုးရိမ်နှင့်။ နင့်ကိုယ်နင်သာ ဂရုစိုက်။ ဒီအကြောင်းကို အဲမြကိုတောင် အသိမပေးနှင့်ဟုမှာလေသည်။

သူငယ်ချင်းနှစ်ယောက်၏စကားတွေက နန်းလောဝ်ခမ်းကို ခေါင်းရှုပ်စေသည်။ လူရိုးလူအေး စိုင်းခမ်းပန်သည် စိုင်းသီဟနှင့် မည်သို့ပတ်သက်နေသနည်း။ ဒီအချက်ကိုတော့ သူ မပြောနိုင်သေးဟု စိုင်းဆဟုန်က ဆိုခဲ့သည်။ အိုက်ကျော် အသတ်ခံရတာကရော သီးခြားအမှုလား၊ ဆက်စပ်နေသလား။ နန်းလောဝ်ခမ်း တွေးနေရပြီ။

◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပွဲအချိန်အခါသို့ ဆိုက်ရောက်လာသည်။ ကန်တော့ပွဲကို စော်ဘွားရုံးစိုက်ရာတွင် အကြီးအကျယ် ကျင်းပလေသည်။ နောင်ငှထမုံနှင့် ရွာလူကြီးတစ်သိုက်လည်း တာဝန်အရ ကန်တော့ပွဲသို့ တက်ရောက်ကြရသည်။ ဤလူကြီးတစ်သိုက်တွင် ထမုံအောင်ခေါ်သဖြင့် နန်းလောဝ်ခမ်းဖခင် ဦးထွန်းလုံလည်း ပါသည်။

မည်မျှပင် ကိုယ့်အတွက် အကျိုးယုတ်စေကာမူ ရိုးတွင်းချဉ်ဆီထိအောင်စွဲနေသော အစဉ်အလာအရ ကန်တော့ပွဲ သို့မဟုတ် လောင်းကစားများ သိုင်းဝိုင်းထားသော ပွဲခင်းသို့ ရွာသူရွာသား တော်တော်များများလည်း သွားကြလေသည်။ တချို့က ပွဲကြည့်သက်သက် ဖြစ်သည်။ တချို့က ကစားရန် မောင်းတင်ထားကြသည်။ မည်သို့ဆိုစေ ကစားသမားစစ်စစ် မဟုတ်သည့်တိုင်အောင် မြင်နေတွေ့နေရတော့ အပျော်လက်တည့်စမ်းသူ၊ တစ်ပွဲထိုးကံစမ်းသူများလည်း ရှိကြသည်။ သည်ကမှတစ်ဆင့် လောင်းကစားဝဲသြဃအတွင်း သက်ဆင်းကြသည်။ စုပ်စုပ်မြုပ်သွားကြသည်။

စိုင်းသီဟ အလည်လာစဉ်ကပြောခဲ့သလို အလွန်ပင်စည်ကားလှပေသည်။ သည်တစ်ခါ ကစားပွဲကတော့ သူ့ကိုယ်သူသိနေဘိသကဲ့သို့ ငြိမ်းခါနီးမီးတောက်အလား အရှိန်အဟုန် ကောင်းလှသည်။ ကြက်ပျံမကျ ဖြစ်သည်။ ပွဲမထွက်ခင် ကစားဝိုင်းဘက်တွင် ပုရွက်အုံကဲ့သို့ ရှိသည်။ ပွဲထွက်သော်လည်း အကစားမပျက်။ လူတွေ အဝင်အထွက်မပျက်။ ကစားဝိုင်းဘက်က ထွက်လာကြသူများသည် ဈေးတန်းဘက်သွားကြမည်။ စားကြသောက်ကြမည်။ အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော မှောင်ရိပ်ခိုဈေးသည်မကလေးတွေထံတွင် ဈေးဝယ်ကြမည်။ ပြီးတော့ ကစားကြပြန်သည်။ မိနစ်ပိုင်းအတွင်း ငွေဖြစ်လွယ်သောအလုပ်မို့ ပုထုဇဉ်တို့သဘာဝ အားကျသူတွေလည်း ရှိကြသည်။ တစ်မူး၊ တစ်မတ်မှစ၍ တစ်ကျပ်၊ နှစ်ကျပ်စသည်ဖြင့်



တတ်နိုင်သလောက် ကံစမ်းကြလေသည်။ အရင်းပါသွားလျှင် ကံမကောင်းလို့ဟု ပြောကြသည်။ အပြီးသတ်တွင် ကံသည် မည်သူ့ဘက်တွင်ရှိနေမည်ကို သူတို့ မသိကြ။ ကိုယ့်အတွက် မြက်မြက်ကျန်အောင် တွက်ချက်ထားသော ကံစမ်းပွဲဖြစ်သည်ကို သူတို့ မသိကြ။

စော်ဘွားတွေက ငြိတိသျှလူမျိုးဝန်ထောက်၊ အရေးပိုင်တို့ထံ တစ်နှစ်စာ ကစားဝိုင်းပြုလုပ်ခွင့်ရက်ကို ကြိုတင်တောင်းခံထားကြရသည်။ သာမန်အားဖြင့် တစ်နှစ်လျှင် နှစ်လ (ရက် ၆၀) ကစားဝိုင်းရက် သတ်မှတ်ပေးလေ့ရှိသည်။ အမိန့်ကျပြီးသော ကစားဝိုင်းရက်များကို စော်ဘွားတို့က မိမိတို့စော်ဘွားတစ်ပိုင်အတွင်းရှိ ဘုရားပွဲ၊ မင်းပွဲစိုးပွဲ၊ သာရေးနာရေး၊ ဘုန်းကြီးပျံစသည့် ပွဲလမ်းသဘင်များကို ရက်အချိုးကျခွဲဝေပေးသည်။ တစ်နှစ်ကုန်ဆုံးလျှင် အမိန့်ရထားသော ကစားဝိုင်းရက်မကျန်အောင် ပွဲပြုလုပ်ပေးလေ့ရှိသည်။ ဒါမှလည်း သူတို့ ဝင်ငွေကောင်းကောင်းရမည်ဖြစ်သည်။ တစ်ဖန်ကစားဝိုင်းရက်ကုန်၍ ပွဲတွင် ကစားဝိုင်း မထည့်လိုက်ရမဖြစ်စေအောင်လည်း ပိုပိုလိုလို ရက်များ တောင်းခံထားတတ်ကြပြန်သည်။ စော်ဘွားတောင်းခဲ့သမျှရက်ကို ဝန်ထောက် သို့မဟုတ် အရေးပိုင်က ခွင့်ပြုသည်။ စော်ဘွားတစ်ပိုင်နယ်၌ ထာဝစဉ်ပုံသေ ခုနစ်ပွဲထက်မနည်း ထားရှိကာ ဘုန်းကြီးပျံပွဲများပေါ်လာလျှင် တစ်နှစ်ကိုးပွဲ၊ ဆယ်ပွဲအထိ တိုးသွားတတ်သည်။

ကစားဝိုင်းရက်ရပြီးသော စော်ဘွားတို့သည် ပွဲတစ်ပွဲပေါ်လာလျှင် ဒိုင်အုပ်လုပ်ခွင့်ကို လေလံတင်ရွေးချယ်လေသည်။ ဒိုင်အုပ် လုပ်လိုသူတို့သည် ကစားပွဲရက်အားလုံးအတွက် ဒိုင်အုပ်လုပ်ခွင့်ကို စော်ဘွားတို့ထံ ငွေကျပ်ဘစ်သိန်းမှနှစ်သိန်းအထိ အခွန်ပေး၍ လုပ်ကိုင်ခွင့်ရယူကြသည်။ တရုတ်သောင်ကဲတို့ ဒိုင်အုပ်ဖြစ်သည်က များ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်အုပ်သည် ဝင်ငွေကောင်းသော ၃၆ ကောင်ထီ၊ ပါထံနှင့်လေးကောင်ဂျင်တို့ကို လက်ဝယ်ကိုင်ထားပြီး ကိုယ်တိုင်ဒိုင်လုပ်၏။ တစ်နေ့တစ်ညလျှင် သောင်းကျော်ဝင်ငွေရသည်။ ပိုက်ကြိုးကြီး၊ ပိုက်ကြိုးလေး၊ ၁၂ ကောင်ထီ၊ ကုတ်ကျစ်ဝိုင်း ခေါ် စုံမဝိုင်း၊ ကိုးမီးဝိုင်း၊ အစိမ်းထောင်၊ အနီထောင်ဝိုင်း၊ ဂုံးဂင်ဝိုင်း၊ အန်စာဝိုင်း၊ ဖဲသုံးချပ်ဝိုင်း၊ ဂရိုးဝိုင်း၊ လေးပုံဖဲ၊ သုံးပုံဖဲ၊ ကက်ဝိုင်း၊ ကံကွင်းပစ်ဝိုင်း၊ ပုလင်းပစ်ဝိုင်း၊ သံပန်းကန်ပြားပေါ် ပိုက်ဆံပစ်ဝိုင်း၊ ခြောက်မျက်နှာဝိုင်း၊ မာကျောက်ဝိုင်း စသည့် ကစားဝိုင်းအသေးအဖွဲ့များကိုမူ တစ်ည ၅၀ဝိ/-၊ ၁၀၀ဝိ/- စသည်ဖြင့် အခြားဒိုင်ငယ်များအား ပြန်လည်ခွဲဝေရောင်းချပေးလေသည်။ ကစားနည်းတစ်မျိုးလျှင် သုံး လေးငါးဝိုင်းချကစားရာ ကစားဝိုင်းပေါင်း တစ်ရာကျော် နှစ်ရာကျော်ထက်မနည်းရှိသွားလေသည်။ ဒိုင်အုပ်သည် လက်ခွဲဒိုင်ငယ်များထံမှ တစ်ဝိုင်းကိုနေ့တွက်၊ ညတွက်ကောက်ယူရာ ဝင်ငွေကောင်းလှသည်။ ယင်းဝိုင်းငယ်များအတွက် ဒိုင်ငယ်များက ဒိုင်အုပ်ထံ အကောက်ပေးရငွေမှာ တစ်ညသောင်းကျော်လေသည်။ သို့ဖြင့် ပွဲတော်ပြီးလျှင် ဒိုင်အုပ်သည် စော်ဘွားထံပေးရသော အခွန်ကျေသည့်အပြင် အသားတင် သိန်းချီ၍ အမြတ်ကျန်လေသည်။

ထို့ကြောင့် တကယ်တမ်း အကျိုးအမြတ်ရှိသူမှာ စော်ဘွားနှင့် ဒိုင်အုပ်တို့သာဖြစ်ကြလေ၏။ လက်ခွဲဒိုင်ငယ်များလည်း အထိုက်အလျောက် အကျိုးဖြစ်ထွန်း၏။ အဘယ်ကြောင့်ဆိုသော် ကစားနည်းများမှာ ကံထက် ဉာဏ်ကူထားသောကြောင့် ဖြစ်လေသည်။ ဥပမာအားဖြင့် ရေပန်းအစားဆုံး ၃၆ ကောင်ထီကိုကြည့်။ ၃၆ ကောင်အနက် ပေါက်ကောင်တစ်ကောင်သာဖွင့်ပြီး ၂၆ ဆ လျော်သည်။ တစ်ကောင် တစ်ကျပ်ဖိုးထိုးက ထိုးကြေး ၃၆ ကျပ် ရသည် ဆိုပါစို့။ ဖွင့်ကောင်တစ်ကောင်အတွက် လျော်ကြေး ၂၆/- နှင့် အရင်း ၁/- ပေါင်း ၂၇/- ပြန်ပေးသည်။ ဤတွင် ကျန် ၉/-ကို



ဒိုင်က သေချာပေါက်စားလိုက်ရလေတော့သည်။ တစ်ခါတစ်ရံ ထောင်ကဲတို့ညစ်သည်။ ၃၆ ကောင်၏ တစ်ကောင် (ဥပမာ- ဇိုင်း) ကို လူကြိုက်များပြီး ဝိုင်းထိုးသဖြင့် အပေါက်များသည့်အခါ ထိုးကြေးနှင့် ပြန်လျော်ရန်မလောက်တော့ဘဲ အိတ်ထဲမှစိုက်လျော်ရတော့မည် ဆိုပါစို့။ ထိုအခါတွင် ၄င်းတို့ငွေစိုက်မလျော်လိုသဖြင့် ပျမ်းမျှကြေးနှုန်းထားဖြင့် ၂၇/- ရမည့်သူကို ၁ဝိ/- သော်လည်းကောင်း၊ ၂ဝိ/- သော်လည်းကောင်း လျှော့ပေါ့ခွဲဝေပေးခြင်းဖြင့် ထိုကြေးနှင့်သာ လောက်အောင်လျော်လေ့ရှိသည်။ ထိုးသားတို့မှာ ဒိုင်လျော်သမျှနှင့် ကျေအေးကြရသည်။ မကျေအေးချင်လို့လည်းမရ၊ ၃၆ ကောင် စည်းကမ်းချက်တွင် ဤအတိုင်းပြဋ္ဌာန်းပြီး ကြော်ငြာကပ်ထားသည်။ ညစ်ပတ်မှုသက်သက် ဖြစ်သည်။ သို့သော် စော်ဘွားကိုယ်တိုင်က သူ့နယ်သူ့နယ်သားဘက်မှမပါဘဲ ထောင်ကဲတို့ပြုလုပ်သမျှ သဘောတူလက်ခံထားသဖြင့် ဘာမှမတတ်နိုင်ချေ။ သဘောကတော့ ဒိုင်အုပ်မရှုံးမှ စော်ဘွားထံ အခွန်ကျေလည်အောင် ပေးနိုင်မည့်သဘော။ ထို့ကြောင့် ဤကစားပွဲတွေသည် ကိုယ့်အတွက်ကျန်အောင် တွက်ချက်ထားသော ဉာဏ်ကူထားသည့် အယောင်ဆောင် ကံစမ်းပွဲမျှသာဖြစ်သည်ဟု ဦးလေးဆရာက ပြောခဲ့ခြင်းဖြစ်သည်။

ခက်သည်က ကစားဝိုင်းတို့ကို ပွဲတော်နှင့်ခွဲခြားမရခြင်း ဖြစ်သည်။ ပွဲတော်ကိုမှီ၍ ကစားဝိုင်းတို့ ရှင်သန်ရသည်။ မကစားဘူးဆိုပြီး ပွဲတော်ကို မသွားဘဲမနေနိုင်။ အခြားကြည့်ချင်ပွဲတွေရှိသည်။ ဈေးဆိုင်၊ မုန့်ဆိုင်တွေရှိသည်။ ကျေးလက်တောရွာတို့၌ ပျော်စရာဟူ၍ တစ်ခါတစ်ရံမှ ခင်းတတ်သော ပွဲတော်တွေသာရှိရကား လုံးဝဥသုံ ရှောင်လွှဲချင်၍မရ။ နန်းလောဝ်ခမ်းသည်ပင်လျှင် အနီပွဲများသို့ တမက်မောမော ပျော်ပျော်ပါးပါး သွားခဲ့ဖူးလေသည်။ သို့ရာတွင် ယခုနှစ်ကန်တော့ပွဲကိုမူ ဖခင်က

www.burmeseclassic.com

www.burmeseclassic.com



ရွာကိုယ်စားလှယ်အဖြစ် ပါနေသည့်တိုင် နန်းလော်ဝ်ခမ်းမလိုက်ဖြစ်။ စိုင်းသီဟနှင့်ရင်ဆိုင်ရမည်ကို မလိုလားသောကြောင့် လည်းကောင်း၊ စိုင်းခမ်းပန် ဆေးရုံတက်ဆဲဖြစ်၍ အပူသည်အဲမြဲ၏အဖော်အဖြစ် နေရစ်ခဲ့ချင်သောကြောင့်လည်းကောင်း စိုင်းဝဏ္ဏ အတန်တန်ခေါ်နေသည့်ကြားမှ ကျေနပ်အောင်တောင်းပန်၍ ရွာမှာချန်နေခဲ့၏။ ''နင်ပြန်လာရင် လက်ဆောင်ကောင်းကောင်းတစ်ခု ဝယ်ခဲ့ပါ'' ဟု မှာလိုက်ရ၏။

ပွဲတော်သို့သွားသော နောင်ငူရွာသား တော်တော်များများထဲတွင် စိုင်းဆဟုန်လည်း အပါအဝင်။ သူတို့ယောကျ်ားကလေးတွေ သွားလာနေကျမို့ မထူးခြားလှသော်လည်း သည်တစ်ခါတော့ စိုင်းဆဟုန်အတွက် သူမရင်လေးနေခဲ့မိသည်မှာ အမှန်။ မိဘများ ကွယ်လွန်ပြီးသည့်နောက် စိုင်းဝဏ္ဏတို့အသိုင်းအဝန်း၏ စီးပိုးမှုကို စိုင်းဆဟုန်သည် သည်းညည်းခံခဲ့၏။ သူငယ်ချင်းခမ်းပန့်ကိစ္စနှင့် ပတ်သက်လာသောအခါတွင်မူ စိုင်းဆဟုန်၏ တစ်လျှောက်လုံး သိုသိပ်ထားခဲ့ရသော ခံစားချက်၊ နာကြည်းချက်တို့သည် ပြန်ပေါ်လာ၏။ အသစ်ဖြစ်လာ၏။ ကလေးသူငယ်ဘဝက မတုံ့ပြန်နိုင်သာသော ခံပြင်းစိတ်ကလေးသည် လူငယ်လူရွယ်ဘဝတွင်မူ ခွန်အားကောင်းစွာ လှုံ့ထလာခဲ့၏။ စိုင်းဆဟုန်သည် သူ့အမည်နှင့်လိုက်ဖက်ညီအောင်ပင် ကျားစိတ်ဖုံးလွှမ်းကာ ကျားကဲ့သို့ သတ္တိရှိလာသည်ဟု နန်းလော်ဝ်ခမ်း ထင်မိ၏။ တစ်ခုခုကို ကျိတ်ကြံစည်နေသည်ဟုလည်း ရိပ်စားမိသလိုလိုရှိ၏။ ထို့ကြောင့် အပြောအဆို၊ အနေအထိုင်ဆင်ခြင်ဖို့ မှာလိုက်မိသေးသည်။ ထိုအခါတွင် စိုင်းဆဟုန်က ''စိုးရိမ်တတ်ရန်ကော လော်ဝ်ခမ်းရယ်။ ငါ့ကို ကလေးလေးကျနေတာပဲ'' ဟု ဆိုခဲ့သည်။ ''ကလေးလေးဆို ဘာအရေးတုန်း ကလေးမဟုတ်လို့ တကူးတကမှာနေရတာပေါ့ဟ'' ဟု နန်းလော်ဝ်ခမ်းက ချေပခဲ့လေသည်။ အစဉ်နွမ်းနယ်နေလေ့ရှိသော သူ့မျက်နှာသည် ထိုတခင်



ဝယ် ပန်းနယ်လန်းသွား၏။ သူ့အပေါ် သွေးသားရင်းချာပမာ သံယောဇဉ်တွယ်တာနေမိသော စိတ်စေတနာကို စိုင်းဆဟုန် သတိပြုမိပါစေဟု နန်းလော်ဝ်ခမ်း ဆုတောင်းရတော့သည်။

◙ ◙ ◙

ကလေးမဟုတ်သော စိုင်းဆဟုန်တစ်ယောက် ဘာတွေ ပြုမှား၊ ပြောမှားသွားခဲ့လေသည်မသိ။ ပွဲကြပ်ပုလိပ်တို့၏ ဖမ်းဆီးချုပ်နှောင်မှုခံရသည် ဆိုသောသတင်းကို ပွဲပြန်တို့ထံမှ ကြားသိရသည့် တစ်ခဏ၌ နန်းလော်ဝ်ခမ်း ထိတ်လန့်တုန်လှုပ်သွားရလေသည်။

''ကျွန်တော်တို့လည်း ဘာမှမသိရဘူး။ အမဲလုံးပြုတ်ဆိုင်မှာ စားနေတုန်း ဝင်ခေါ်သွားတာပဲ''

ဦးထွန်းလုံနှင့်လိုက်သွားသော မောင်ငယ်စိုင်းအောင်ထွန်းက ထိုသို့ပြော၏။ စိုင်းအောင်ထွန်းသာမက အတူသွားဖော်တို့လည်း ဘာမှမပြောနိုင်ကြ။ မသင်္ကာမှုဆိုတာ တစ်ခုပဲပြောနိုင်ကြသည်။ ဘာမသင်္ကာမှုလဲ၊ ခိုးမှုလား၊ ရိုက်မှုလား၊ ဓားပြမှုလား၊ လူသတ်မှုလား။ တချို့က စော်ဘွားအမိန့်အာဏာကို ဆန့်ကျင်ရန်ကြံစည်မှုဟု ထင်ကြေးပေးကြသည်။

ဤမသင်္ကာမှုဆိုတာကလည်း ကြောက်စရာအကောင်းသား။ ရှမ်းပြည်နယ် လက်စွဲဥပဒေပုဒ်မ (၁၀) အရ ပုလိပ်မသင်္ကာမှုနှင့် ဖမ်းသည်ဆိုလျှင် ဘာမှစောဒကမတက်သာ။ မည်သူ့ကိုမဆို ဝရမ်းမပါဘဲ ဖမ်းနိုင်သည်။ ရက်အကန့်အသတ်မရှိ ချုပ်နိုင်သည်။ လွှတ်ချင်သည့်အချိန် လွှတ်ပစ်နိုင်သည်။ အပြစ်ရှိမှ မဟုတ်။ မသင်္ကာလျှင်လည်း ဖမ်းနိုင်သည်။ ပြစ်မှုမထင်ရှားလည်း ဖမ်းနိုင်သည်။ ပဒေသရာဇ်တို့၏ ခါးပိုက်ဆောင်ပုဒ်မဟုဆိုကြောင့် ကျားသနားမှ နွားချမ်းသာမည့်သဘော။

www.burmeseclassic.com

www.burmeseclassic.com



နန်းလောဝ်ခမ်းသည် သူငယ်ချင်းအချင်းချင်း လွတ်မြောက်အောင် ကူညီပေးဖို့ စိုင်းဝဏ္ဏကိုပြောဖြစ်သည်။ စိုင်းဝဏ္ဏက စကားမဆိုမီ အလျှင်ဆုံး ပြည်းလေးစွာခေါင်းခါယမ်းသည်။ ပြီးမှ "မလွယ်ဘူးလောဝ်ခမ်း၊ ဆယ်ဟုန်ကို နင် ဘယ်လောက်ခင်တယ်ဆိုတာ ငါသိတယ်။ သာမန်ရာဇဝတ်မှုဆိုရင်တော့ နင့်မျက်နှာကို ထောက်ထားပြီး ငါ ပြောပေးနိုင်ပါတယ်။ ခုဟာက နိုင်ငံရေးပြစ်မှု ဖြစ်နေတယ်။ ဘယ့်နှယ့်လုပ်မလဲ" ဟုဆိုသည်။

"ဆယ်ဟုန် နိုင်ငံရေးမလုပ်တာ နင်လည်းအသိ၊ ငါလည်းအသိပါဟယ်။ သူဟာ ကိုယ့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိုသာ စိတ်ဝင်စားတဲ့သူပါ။ စိုက်ပျိုးရေးကိုပဲ သူ စိတ်ဝင်စားတယ်။ စိုက်ပျိုးမွေးမြူရေး လုပ်မယ်လို့ သူ ပြောဖူးတယ်"

"စိုက်ပျိုးရေးကို ရိုးရိုးတန်းတန်းမလုပ်ဘဲ တောင်သူတွေရဲ့အစဉ်အလာကို ဆန့်ကျင်အောင် စည်းရုံးပြီးလုပ်တာကိုမှ နိုင်ငံရေးလို့မခေါ်ရင် ဘာလို့ခေါ်ရမှာလဲ။ နင်လည်း သူ့စကားတွေကို နားဝင်နေပြီလား"

"အို…ဘာဆိုင်လို့လဲ၊ ငါသိတာ သူငယ်ချင်းဆိုတာကိုပဲ သိတယ်။ ခမ်းပန် အရိုက်ခံရတာကိုလည်း စိတ်မကောင်းဘူး။ ဆယ်ဟုန် အဖမ်းခံရတာကိုလည်း စိတ်မကောင်းဘူး။ ခမ်းပန်ကို မြန်မြန်နေကောင်းစေချင်တယ်။ တရားခံ မိစေချင်တယ်။ ဆယ်ဟုန်ကိုလည်း လွတ်စေချင်တယ်။ တို့သူငယ်ချင်း ငါးယောက် အရင်လိုပဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ရှိစေချင်တယ်။ ဒါဟာ ငါ အဖြစ်စေချင်ဆုံးဆန္ဒပဲ။ ဒါကလွဲလို့ နင်ပြောတဲ့ နိုင်ငံရေးတွေ ဘာတွေ ငါ နားမလည်ဘူး ဝဏ္ဏ"

နန်းလောဝ်ခမ်းက ပြန်အော်သည်။ ထိုအခါ ဝဏ္ဏ လေပြေထိုး၏။

"စိတ်မဆိုးပါနဲ့ လောဝ်ခမ်းရယ်။ သူတို့လို လမ်းမှားသွားမှာစိုးလို့ ပြောမိတာပါ။ သူတို့ကတော့ သူတို့ထိုက်နဲ့ သူတို့ကံပဲ"

www.burmeseclassic.com



"ဒါဖြင့် နင်ပြောမပေးတော့ဘူးပေါ့"

"ဘယ်သူ့ကို ပြောရမှာလဲ"

"နင့်ဆရာ သီဟကို"

နန်းလောဝ်ခမ်း အချဉ်ပေါက်သွား၏။ စိုင်းဝဏ္ဏ မျက်နှာပျက်သွားသည်။

"ငါ ပြောခဲ့ပြီကော၊ နိုင်ငံရေးပြစ်မှုဆိုတော့…"

ထိုကိစ္စအတွက် နန်းလောဝ်ခမ်းသည် စိုင်းဝဏ္ဏကို မကျေမနပ်ဖြစ်ခဲ့ရသည်။ ပထမ နန်းလောဝ်ခမ်းမျက်နှာကိုထောက်၍ ရာဇဝတ်မှုဆိုလျှင် ပြောပေးမည်ဆိုသောအချက်။ စင်စစ် သူ့မျက်နှာကြောင့် မဖြစ်သင့်ပါ။ ငယ်သူငယ်ချင်းတွေပဲ။ သူမ အပြောမစောင့်ဘဲ သူကိုယ်တိုင်က ဦးဆောင်ကြိုးပမ်းသင့်သည်။ သူ့တွင်လည်း မိတ်ဆွေသူငယ်ချင်းတို့၏ တာဝန်ရှိသည်။ ယခုမူ သူပြောပုံက သူ့စိမ်းဆန်လွန်း၏။ ဒုတိယ ဖြစ်တာမဖြစ်တာ အပထား။ စိုင်းဆယ်ဟုန် လွတ်မြောက်ရေးအတွက် အထိုက်အလျောက်သော ကြိုးပမ်းအားထုတ်မှုကလေးတော့ ပြုစေချင်၏။ ခုတော့ ဝတ်ကျေတန်းကျေသော်မှ မလုပ်ရှား။ စကားငြင်းဆိုမှုနှင့်ပင် ကိစ္စပြတ်ချေ၏။ နောက်ပြီး 'သူတို့' ဆိုသော ဗဟုဝုစ်နာမ်စားကို နန်းလောဝ်ခမ်းသဘောမပေါက်။ ယင်းနာမ်စားသည် စိုင်းဆယ်ဟုန်အပြင် မည်သူ့ကို ဆိုလိုသနည်း။ စိုင်းခမ်းပန် ပါနေသလား။ ဦးလေးဆရာ ပါနေသလား။ အမှတ်တမဲ့ သုံးနှုန်းလိုက်တာလား၊ တခြား မည်သူတွေ ပါဝင်ပတ်သက်နေသနည်း။

◙ ◙ ◙

၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ ကန်တော့ခံပွဲအပြီးတွင် မယုံကြည်နိုင်လောက်အောင် ဆက်တိုက်ပေါ်ပေါက်လာသည့်ဖြစ်ရပ်တို့က စိတ်[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ် ကျောင်းပြန်ဖွင့်သောအခါ နောင်ငူအုပ်စုမှ စိုင်းဆဟုန်နှင့် စိုင်းဝဏ္ဏတို့ ပါမလာတော့ချေ။ စိုင်းဆဟုန်က အဖမ်းခံထားရသောကြောင့် ဖြစ်သည်။ စိုင်းဝဏ္ဏကမူ အကြောင်းပြချက် မည်မည်ရရမရှိ။ ထို့အတူ စိုင်းသီဟ ရောက်မလာတာကလည်း ထူးခြားသည်။ ကျောင်းမတက်ပေမယ့် တစ်ခါတစ်ရံ ဦးကြာပုအိမ်ကို စိုင်းသီဟအဝင်အထွက်ရှိကြောင်း နစင့်လိုင်က ပြောပြသည်။

"မကြာခင်လပိုင်းအတွင်း စော်ဘွားတွေ အာဏာစွန့်လွှတ်ရမှာ သေချာသလောက်ဖြစ်နေပြီ။ ဒါကြောင့် ဟိန်မိုင်းလုံတို့၊ ကြာပုတို့ သွေးပျက်နေကြပြီ။ တစ်ခုခု ကျိတ်ကြံနေတယ်ထင်တယ်" ဟု ဦးလေးဆရာက ဟောကိန်းထုတ်သည်။ အခုတလော ဦးလေးဆရာသည် ခါတိုင်းထက်ပင် နှုတ်နည်း၍ မျက်နှာထားကြီး တည်နေလေ့ရှိသည်။ တူအတွက် သောက ရတက် ပွေနေပုံရသည်။ ဆိုင်ရာအာဏာပိုင်တွေထံ သွားရောက်၍ စိုင်းဆဟုန်ကိစ္စ ခုခံပြောဆိုခဲ့သော်လည်း မအောင်မြင်။ သူ့ကိုပင် ပြန်သတိ ပေးလိုက်သေးသည်ဟု ဆိုသည်။ သည်ကြားထဲ အဖမ်းခံရသောကျောင်းသား ကို ကျောင်းထုတ်မည် တကဲကဲလုပ်နေသောကြောင့် ကျောင်းအုပ်နှင့် အခေ အတင် ပြောဆိုရပြန်သည်။ ဦးလေးဆရာကား ပရဟိတကို ရှေ့တန်းတင် လွန်း၏။ သူ့တွင် ကိုယ်ပိုင်အပူမီးတွေ ဝိုင်းနေသော်လည်း စိုင်းဆဟုန်၏ ဆွေမျိုးသားချင်းတွေ တောင်းပန်သဖြင့် မန္တလေးရှိ အသိမိတ်ဆွေများနှင့် ဆက်သွယ်ကာ စိုင်းခမ်းပန်ကို မန္တလေးဆေးရုံတွင် ဆေးဝါးကုသနိုင်အော ကိုယ်ဖိရင်ဖိ ကူညီခဲ့သေးသည်။ ငွေအား၊ လူအား စိုက်ထုတ်ပေးခဲ့သည်။

ကျောင်းမဖွင့်ခင် ရက်ပိုင်းအတွင်းတွင် နန်းလောဝ်ခမ်းသည် အဲမြနှ အတူ နောင်ငူမှတန့်ယန်းဆေးရုံသို့ နှစ်ခေါက်တိတိ ရောက်ခဲ့ပြီးဖြစ်သည်။ အဲမြသည် ချစ်သူအားတွေ့ချင်ဇောဖြင့် ခရီးကြမ်းကြီးကို နှစ်ကြိမ်တိုင်တိ



နှင်ခဲ့သည်။ ပထမဆုံးအကြိမ်ရောက်တော့ သူမရင်ကျိုးရသည်။ စိုင်းခမ်းပန် သည် စိုင်းဆဟုန် ပြောပြသည့်အတိုင်းပင် အမှတ်သညာကင်းမဲ့နေသည်။ သူချစ်သော အဲမြကိုပင် မမှတ်မိ။ သူ သံယောဇဉ်ရှိသော လယ်အကြောင်း မမေး။ တွေးချင်ရာတွေး၍ ငေးချင်ရာငေးသည်။ စကားလည်း ပြောချင်မှ ပြောသည်။ ပြောသောအခါ အကြောင်းအရာတို့က မဆီမဆိုင် မဆက်မစပ်။ ခမ်းပန်ကိုကြည့်ကာ အဲမြ မျက်ရည်တွေတွေကျသည်။ ချစ်သူနှစ်ယောက် အဖြစ်က နန်းလောဝ်ခမ်းကို ရင်နာစေသည်။

ဦးလေးဆရာ၏ ဆက်သွယ်စီစဉ်ပေးမှုဖြင့် စိုင်းခမ်းပန်ကို မန္တလေး ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ကုသမှုအတွက် ဆွေမျိုးတွေက ပို့ပေးကြသည်။ စိုင်းခမ်းပန် မန္တလေးမသွားမီတစ်ရက်တွင် အဲမြ လာနှုတ်ဆက်သည်။ နောင်ငူမှတန့်ယန်းသို့ လူရင်းအဖော်မပါ။ တစ်ယောက် တည်း ထွက်လာသည်။ ပိန်ချုံးသွားသော အဲမြကိုကြည့်၍ "ပင်ပန်းလိုက် တာ သူငယ်ချင်းရယ်" ဟု နန်းလောဝ်ခမ်း ရေရွတ်မိလေသည်။ ညတွင် တည်းခိုအိမ်၌ အဲမြ နေမကောင်းဖြစ်သည်။ ဖျားအန်သည်။ နန်းလောဝ်ခမ်း ခြေမကိုင်မိ လက်မကိုင်မိ။ "ဆေးရုံနီးသားပဲ၊ သွားပြရအောင်" ဆိုတော့ အဲမြငြင်းသည်။ "ပန်းဖျားနဲ့တူပါတယ်။ ရိုးရာတိုင်းရင်းဆေးကိုပဲ သောက်ပါ့ မယ်" ဟုဆိုသည်။ စိုင်းခမ်းပန်ရှိနေသော ဆေးရုံထဲကို အဲမြ မဝင်ချင်တော့ လောက်အောင် စိတ်မကောင်းဖြစ်နေပြီဟု နန်းလောဝ်ခမ်းတွေးသည်။ "မနက်ဖြန် သူထွက်သွားတာဟာ တို့နှစ်ယောက် တစ်သက်ဝေးဖို့ပဲလို့ ငါ့စိတ်ထဲမှာ ထင်နေတယ်လောဝ်ခမ်းရယ်" ဟု အဲမြက ပြောလာသည် တွင် "အို…နိမိတ်မရှိ နမာမရှိ" ဟု နန်းလောဝ်ခမ်းက အထိတ်တလန့် ရေရွတ်သည်။ နားထင်နားရင်းများကျလာအောင်ပင် လူပင်ပန်း စိတ်ပင်ပန်း ဖြစ်နေရှာသော အပူသည်မလေးကို နန်းလောဝ်ခမ်း သနားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစောတွင် စိုင်းခမ်းပန်ကို သူ့ဘကြီး၊ အစ်မနှင့် ညီဝမ်းကွဲတို့က မန္တလေးခေါ်သွားသည်။ အဲမြနှင့်နန်းလော်ခမ်းတို့က ကားဂိတ်အထိ လိုက်ပို့သည်။ စိုင်းခမ်းပန်ကား ဘာမှမသိသလိုပင်။ ချစ်သူနှစ်ဦး ဖက်လဲတကင်း နှုတ်ဆက်ရမည့်အချိန်တွင် သူ့စိမ်းပြင်ပြင် ဖြစ်နေပြီကောဟု မတော်ရသေးသောယောက်မကြီးက အဲမြကို မျက်ရည်ဝဲကြည့်ရင်း ပြောသည်။ နန်းလော်ခမ်းလည်း ဆို့နင့်သွားရသည်။

တဖြည်းဖြည်း ဝေးသွားသောကားကိုကြည့်ကာ အဲမြ ငိုင်နေသည်။ မြင်ကွင်းမှ ကားပျောက်ကွယ်သွားသည့်တိုင် အဲမြမတုန်မလှုပ်။ နန်းလော်ခမ်းက ပခုံးကိုကိုင်လှုပ်မှ သူမ သတိဝင်သည်။ ငိုခြင်း၊ ရှိုက်ခြင်းမရှိတော့။ သူမတွင် မျက်ရည်ခန်းခြောက်သွားချေပြီတည်း။ ဧန်နဝါရီနှင်းများ၏ အအေးဒဏ်ကို အန်တုနိုင်လောက်အောင်ပင် သူမ၏ရင်တွင်းအပူမှာ ပြင်းထန်လှချေသည် တကား။

◙ ◙ ◙

ကျောင်းတစ်ဖက်နှင့်မို့ လူမမာတစ်ပိုင်းဖြစ်နေသော အဲမြကို နောင်ပူသို့ လိုက်မပို့နိုင်ခဲ့သော နန်းလော်ခမ်းသည် မတ်လကုန်ပိုင်းတွင် နောင်ပူသို့ အပြေးအလွှားပြန်လာခဲ့ရသည်။ အကြောင်းကား အဲမြ သေဆုံးသွားသောကြောင့်တည်း။ တိတိကျကျပြောရလျှင် သူမကိုယ်သူမ သတ်သေသွားသောကြောင့်တည်း။

ဘာကြောင့် အဆိပ်သောက်သွားရသည်ကို ချက်ချင်းလက်ငင်း မည်သူမှမပြောနိုင်ကြ။ မန္တလေးတွင်ဆေးကုသနေသော စိုင်းခမ်းပန် ပျောက်ဆုံးသွားသော သတင်းရောက်လာပြီးနောက် တစ်နေ့တွင် သေကြောင်းကြံစည်သွားခြင်းဖြစ်ရာ ချစ်သူအတွက် စိတ်သောက ဖိစီး



သောကြောင့်ဟု ယူဆကြသည်။ ရင်းနှီးသော မိန်းမတချို့ဖြင့် အလောင်းပြင်သောအခါတွင်မှ အဖြေတွေ့သည်။ အဲမြခါးသည် သိသိသာသာ တုတ်နေသည်။ မသင်္ကာဖွယ်ရာ လက္ခဏာဖြစ်သည်။ တတ်ကျွမ်းနားလည်သူများက ခွဲစိတ်ကြည့်သောအခါ သက်မဲ့သန္ဓေသားက မဖုံးနိုင်မဖိနိုင် ထွက်ပေါ်လာသည်။ ဟာခနဲ၊ ဟင်ခနဲ အာမေဋိတ်သံတွေ တအံ့တသြ။ ချစ်သူ ခမ်းပန်နှင့် နယ်ကျွံခဲ့သည်။ ခမ်းပန် စုပ်စမြုပ်စပျောက်ဆုံးသွားတော့ စိတ်ပျက်အားငယ်ပြီး အဖန်ငါးရာငါးကမ္ဘာကိုပင် မကြောက်နိုင်လောက်အောင် လုပ်ရပ်မှားသွားသည်ဟု တညီတညွတ်တည်း ကောက်ချက်ချကြလေဟောသည်။

သည်တော့မှ တန့်ယန်းမှာ အဲမြ ပျို့အန်ခဲ့သောအဖြစ်၊ ဆေးရုံသွား၍ အစမ်းသပ်ခံရမှာကို မလိုလားသောအဖြစ်တွေကို နန်းလော်ခမ်း ပြန်လည်မြင်ယောင်လာသည်။ မပွင့်လင်းသော အဲမြ၊ အရုက်အကြောက်ကြီးသော အဲမြကို အပြစ်တင်ရမလို ဖြစ်နေသည်။ သူမကိုသာ ဖွင့်ဟတိုင်ပင်ခဲ့လျှင် ကိုယ့်ဝမ်းနှင့်လွယ်ထားရသော ရင်သွေးကို ရဲရဲဝံ့ဝံ့မွေးဖြစ်အောင် တိုက်တွန်းမိမည်မှာ သေချာ၏။ ခုတော့ အဲမြ ကွယ်လွန်ခဲ့ပြီ။ သူမ နိမိတ်ဖတ်ခဲ့သော စကားအတိုင်း ခမ်းပန်နှင့် တစ်သက်ဝေးခဲ့လေပြီ။

စိုင်းခမ်းပန်၏ မိဘဆွေမျိုးတွေကလည်း အဲမြဘက်ကို မျက်နှာပူကြသည်။ သူတို့ဘက်က စည်းမစောင့်သောကြောင့် လုံမလေး အသက်နှင့်အရှက်ကို လဲသွားရသည်ဟုခံယူကာ တောင်းပန်ကြသည်။ အဲမြ၏ မိဘဆွေမျိုးတွေကလည်း စိုင်းခမ်းပန်တစ်ယောက် စိတ်ဖောက်ပျောက်ကွယ်သွားသည်မှာ သေသည်နှင့်မခြားပါပဲ။ ကံတူအကျိုးပေးတွေပါပဲဟုဆိုကာ ခွင့်လွှတ်နိုင်ကြသည်။ ကြားလူတချို့ကတော့ ချစ်သူချင်း ယူမှာသေချာသူချင်း တစ်ခါတစ်ရံ ခရီးလွန်တတ်တာ အဆန်းမဟုတ်။ စိုင်းခမ်းပန်သာ အဖြစ်မဆိုးခဲ့လျှင် အဲမြတာဝန်ကို ယူမည်ကားမုချ။ အမိက လက်ခံသည်

www.burmeseclassic.com

www.burmeseclassic.com



တရားခံမှာ ဘာမသိညာမသိ ရိုက်နှက်သွားသူတွေဟု ဆိုကြသည်။ ချစ်သူ
နှစ်ယောက်၏ ကံကြမ္မာနှင့်ပတ်သက်၍ အမြင်အမျိုးမျိုး အယင်အမျိုးမျိုးကို
နားမဆံ့အောင် ကြားရသည်။

အဲမြအသုဘ ရက်လည်ပြီးသည်နှင့် ကျောင်းကိုပြန်သွားဖို့ ဖြစ်သည်
သို့ရာတွင် စိတ်ပန်းလူပန်း နွမ်းနယ်လှသောကြောင့် သင်္ကြန်ပြီးသည်အထိ
ရွာမှာနေရန် နန်းလောဝ်ခမ်း ဆုံးဖြတ်သည်။

◙ ◙ ◙

နန်းလောဝ်ခမ်း ကျောင်းပြန်မသွားသည်မှာ မှန်ကန်သွားသည်ဟု
ဆိုရမည်။

ဧပြီလထဲတွင် ထူးခြားသောဖြစ်ရပ်နှစ်ခုနှင့်ကြုံရသည်။ ပထမဖြစ်ရပ်
မှာ နန်းလောဝ်ခမ်းတို့နှင့် တိုက်ရိုက်ပတ်သက်သည်။ ဒုတိယဖြစ်ရပ်ကား
ပြည်နယ်နှင့်ချီ၍ နိုင်ငံနှင့်ချီ၍သက်ဆိုင်သော သမိုင်းမှတ်တိုင်တစ်
ဖြစ်သည်။

သင်္ကြန်တစ်ညတွင် အမည်မသိလူတစ်စုက တန့်ယန်းကျောင်းကို
မီးတင်ရှို့သည်။ လူနိုင်သဖြင့် တစ်ဆောင်သာ မီးလောင်ပြာကျသည်
မှောင်မှောင်မည်းမည်း ရုတ်ရုတ်သဲသဲလူတွေကြားတွင် မည်သူ ထိုးသွ
လိုက်မှန်းမသိသော ဓားချက်တစ်ချက်က ဦးလေးဆရာ၏အသက်ကို
နုတ်ယူသွားသည်။ မယုံကြည်နိုင်စရာ အံ့သြတုန်လှုပ်ဖွယ်ရာ သတင်းဆိုး
ပါတည်း။

သဘင်းကြားသည်နှင့် ဒေါ်ခမ်းလူ လိုက်သွားသည်။ ဒေါ်ခမ်း
အဖြစ်မှာ ခမ်းပန်၊ အဲမြတို့သားချင်းတွေထက် အဆရာထောင် ပိုဆိုးသည်
နန်းလောဝ်ခမ်းထင်သည်။ တစ်ပူပေါ်တစ်ပူဆင့်ရုံသာမက နှစ်ပူ၊ သုံး



ဆင့်သည်ဟုဆိုရမည်။ ပထမ မောင်နှမတွေ တကွဲတပြားဖြစ်ခဲ့ရသည်ဟု
နန်းလောဝ်ခမ်း ကြားဖူးသည်၊ ဦးလေးဆရာနှင့် နှစ်ကြာမှပြန်ဆုံရတာ
ဖြစ်သည်။ ဒုတိယ နားကူရှိအစ်မနှင့်ခဲအို အသတ်ခံရသည်။ တတိယ
ဘူဖြစ်သူဆဟုန် အဖမ်းခံထားရသည်။ ယခု မောင်ငယ်စိုင်းဟုန်ဖ (ဝါ)
ဦးလေးဆရာ အသတ်ခံလိုက်ရပြန်လေပြီ။

ပင်ပန်းနွမ်းနယ်သည် ဆိုသော်လည်း လေးစားကြည်ညိုရသော
ကျေးဇူးရှင်ဆရာ၏ နာရေးဖြစ်သောကြောင့် နန်းလောဝ်ခမ်းလည်း
ဒေါ်ခမ်းလူနှင့်အတူ တန့်ယန်းသို့ ပြန်လိုက်သွားသည်။

''ရှို့မီးလို့ ပြောကြတယ်အစ်မ။ မီးလောင်တော့ လူခြေ မတိတ်ဆိတ်
သေးဘူး။ ဒါကြောင့် လူတွေထွက်လာပြီး မီးငြိမ်းနိုင်ကြတယ်။ သိသိချင်း
ဦးလေးဆရာနဲ့ ကျွန်တော်လည်း ကျောင်းကိုပြေးသွားပါတယ်။ ဟိုရောက်
တော့ ကျောင်းဆောင်တစ်ဝက် မီးစွဲနေပြီ။ အနီးအနားကလူတွေ ရောက်
နေပြီ။ ကျွန်တော်လည်း နီးရာအိမ်က ရေပုံးဆွဲပြီး မီးကူငြိမ်းပါတယ်။
ဘယ်လောက်ကြာသွားမှန်း မသိလိုက်ပါဘူး။ မီးညွန့်ကျိုးခါနီးမှ လူတွေ
အလန့်တကြား အော်သံကြားလို့ သွားကြည့်တော့ မြေပေါ်ပုံလဲနေတဲ့ ဦးလေး
ဆရာကို တွေ့ရတယ်။ ဆရာကိုပွေ့ချီပြီးခေါ်ပေမယ့် စကားသံထွက်မလာဘူး။
ရင်ဘက်မှာ သွေးတွေအများကြီးပဲ။ ကျွန်တော့်လက်ပေါ်မှာတင် ဦးလေး
ဆရာ အသက်ထွက်သွားတာပါပဲအစ်မရယ်''

အဲမြနာရေးအတွက် နန်းလောဝ်ခမ်း ရွာပြန်သွားစဉ် တန့်ယန်းမှာ
ကျန်ရစ်သော မောင်ငယ်စိုင်းအောင်ထွန်းက သူ့အတွေ့အကြုံကို ပြောပြ
သည်။

မီးတုတ်၊ မီးခြစ် သဲလွန်စတွေ့သည်ဟုပြော၏။ ကျောင်းကို မီးတင်ရှို့
သူနှင့် ဦးလေးဆရာကိုသတ်သူ အတူတူပဲဟု ပြောကြတာလည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မဟုတ်။ တစ်ယောက်တည်း မဖြစ်နိုင်။ နှစ်ယောက် သုံးယောက်တော့ ရှိလိမ့်မည်ဟု ခန့်မှန်းကြ၏။ လမိုက်ညဖြစ်သောကြောင့် လည်းကောင်း၊ မီးငြိမ်းသတ်သည့်အထဲ အာရုံရောက်နေသောကြောင့် လည်းကောင်း မည်သူမည်ဝါက လုပ်သွားသည်ကို သတိမထားမိလိုက်ကြ။ သည်လူဆိုးတွေ တောပုန်းဓားပြ ဖြစ်သွားကြပြီ။ ဥပဒေလက်လှမ်းမမီသော အမှောင်ထဲကို ဝင်သွားကြပြီဆိုသောသတင်းသာ နောက်ဆုံး ထွက်လာသည်။

ဦးလေးဆရာ၏အသုဘမှာ စည်စည်ကားကားမရှိ။ ကျိုးတိုးကျဲတဲနှင့် ပြီးသွား၏။ များသောအားဖြင့် ပညာရေးအသိုင်းအဝိုင်းနှင့် ကျောင်းသူ ကျောင်းသား၊ မိဘအနည်းအကျဉ်းသာ ရှိကြသည်။ ထူးခြားသည်မှာ ဦးကြာပု လာခြင်းဖြစ်သည်။ စိတ်မကောင်းကြောင်းနှင့် နစင့်လိုင်နှင့်မြခမ်းလူ တို့ကို နှစ်သိမ့်စကား ဆိုဖော်ရသည်။ စိုင်းသီဟနှင့် စိုင်းဝဏ္ဏတို့ နှစ်ယောက် ကတော့ ပျောက်ချက်သားကောင်းလှသည်။ ဆရာ့နောက်ဆုံးခရီးကို လိုက်ပို့ရ ကောင်းမှန်း မသိတာလား၊ မပို့ချင်တာလား နန်းလောဝ်ခမ်း မစဉ်းစား ချင်တော့။

ရက်လည်ကုသိုလ်ကောင်းမှုပြုကာ အမျှအတန်းပေးဝေပြီးသည့်နောက် နစင့်လိုင် တောင်ပြာတန်းကို ကျောခိုင်းသွားသည်။ ဒေါ်ခမ်းလူက နောင်ငူမှာ လိုက်နေဖို့ ယောက်မကိုခေါ်သည်။ သို့သော် နစင့်လိုင်လက်မခံ။ ခင်ပွန်းသည် ကို သတိတရဖြစ်စေမည့် ပတ်ဝန်းကျင်တွင် မနေပါရစေနှင့်ဟုတောင်းပန်၍ မတ္တရာသို့ ပြန်ဆင်းသွားသည်။

သို့ဖြင့် ဒေါ်ခမ်းလူ၊ နန်းလောဝ်ခမ်းနှင့် စိုင်းအောင်ထွန်းတို့ သုံးယောက် သာ နောင်ငူသို့ ပြန်လာခဲ့ကြလေသည်။ အမျိုးအမည် မသိရသေးသူတွေ၏ ဥပဒေမဲ့လုပ်ရပ်ကြောင့် နန်းလောဝ်ခမ်းတို့ မောင်နှမကို ခေတ္တ ကျောင်းနုတ် ထားရန် ဦးထွန်းလုံ ဆုံးဖြတ်သည်။



တန့်ယန်းသတင်းဆိုးနှင့်အတူ လူတိုင်း၏ပါးစပ်ဖျားတွင် ရေပန်းစား လာသော အခြားသတင်းတစ်ပုဒ်မှာ စော်ဘွားများ အာဏာစွန့်လွှတ်ရန် ပြည်နယ်မြို့တော် တောင်ကြီးတွင် ပြင်ဆင်နေပြီဆိုသော သတင်းဖြစ်သည်။ အနာဂတ်ရှေ့ရေး မည်သို့ဖြစ်လာမည် မသိသေးသော်လည်း လတ်တလော နမ့်ပန်ချိုင့်ဝှမ်းမှာတော့ ကိုးလန့်စာစား နေထိုင်ကြရသည်။ သည်အခြေအနေ မှာပင် ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်လိုက်ပြီဆိုသော သတင်းက တိတိကျကျ ထွက်ပေါ်လာသည်။ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ပွဲအခမ်းအနားကို တောင်ကြီးမြို့၌ ခမ်းနား ကြီးကျယ်စွာ စစ်ရေးပြအခမ်းအနားဖြင့် ကျင်းပခဲ့ကြောင်း သိလာရသည်။

မှတ်မှတ်ရရ ထိုနေ့မှာ အဲမြကွယ်လွန်ပြီး တစ်လပြည့်သောနေ့။ သံဃာ တော်များကို လလည်ဆွမ်းကပ်သောနေ့။ နန်းလောဝ်ခမ်းလည်း ဝိုင်းဝန်း ကူညီလုပ်ကိုင်ပေးပြီး မောမောပန်းပန်း အိမ်ပြန်ရောက်လာတော့ မှောင်ရီ သန်းနေပြီ။ စိုင်းအောင်ထွန်းကတော့ ကာလသားသူငယ်ချင်းတစ်သိုက်နှင့် ရွာမှာကျန်ရစ်ခဲ့သည်။ ညစာစားအပြီး ပန်းကန်ခွက်ယောက်တွေကို နန်းလောဝ်ခမ်း ဆေးကြောနေစဉ် စိုင်းအောင်ထွန်းတစ်ယောက် ကသော ကမျော ပေါက်ချလာပြီး နံနက်က တောင်ကြီးမှာ အာဏာစွန့်လွှတ်ပွဲ ကျင်းပခဲ့သောသတင်းကို ပေးသည်။ ထင်ထားမျှော်လင့်ထားသော သတင်းမို့ မအံ့သြမိသော်လည်း နန်းလောဝ်ခမ်းရင်ထဲမှာ ဆွေးဆွေးမြည့်မြည့် ခံစားရ သည်။ ပဒေသရာဇ်စနစ်ကို နှမြောတသဆွေးမြည့်ခြင်း မဟုတ်ချေ။ ဤစနစ် ကိုဆန့်ကျင်သော ဦးလေးဆရာတစ်ယောက် မြင်မသွားရ၊ ကြားမသွားရ ပါလားဟူ၍ လည်းကောင်း၊ ဤစနစ်ပြိုလဲသွားချိန်တွင် စိုင်းဆဟုန် တစ်ယောက် သေသလားရှင်သလားမသိ၊ အကျဉ်းထောင်ထဲမှာ ဆင်းရဲဒုက္ခ ခံစားနေရပါလားဟူ၍လည်းကောင်း တမ်းတလွမ်းဆွတ် ဆွေးမြည့်မိခြင်း သာတည်း။

◙ ◙ ◙

www.burmeseclassic.com

www.burmeseclassic.com



ညကြီးမင်းကြီး တံခါးခေါက်သံကြောင့် မိသားစုလေးယောက်သည် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်မိလိုက်ကြ၏။ စိုင်းအောင်ထွန်းက နံရံတွင်ချိတ်ထားသော ဓားရှည်ဆီ လက်လှမ်းသည်။ ဦးထွန်းလုံမျက်စိက ရှေးဟောင်းအဲမောင်းလုံကြီးဆီ ရောက်သွားသည်။ ဒေါ်မြမေမျက်နှာကား စိုးရွံ့ပုံပေါ်နေပြီ။ နန်းလော်ခမ်းလည်း ရင်တဒိတ်ဒိတ် ခုန်နေ၏။

"လော်ခမ်း…လော်ခမ်း…"

ဒီတစ်ခါ တံခါးခေါက်သံနှင့်အတူ ခေါ်သံတိုးတိုးကြားရသည်။ အသံကို လော်ခမ်းမှတ်မိသည်။ စိုင်းအောင်ထွန်းကို လက်ကာပြ၍ တံခါးနားကပ်လိုက်သည်။

"ဆဟုန်လား"

"အင်း…"

တံခါးဖွင့်လိုက်သောအခါ ယိုင်တိယိုင်တိုင်နှင့်စိုင်းဆဟုန် ဝင်လာသည်။ ဦးထွန်းလုံက ဖမ်းထိန်းထားလိုက်ရသည်။ မျှော်လင့်မထားသူကို ရုတ်တရက်တွေ့လိုက်ရသဖြင့် သူတို့ အံ့သြကြသည်။ သိချင်၊ စူးစမ်းချင်စိတ်တွေလည်း စကားလုံးတွေအဖြစ် ထွက်ပေါ်လာသည်။ သို့သော် ဦးထွန်းလုံကတားမြစ်၍ ဆေးဆရာပီပီ လူကို ဦးစွာစစ်ဆေးကြည့်သည်။ ညှဉ်းပန်းနှိပ်စက်ခံထားရသော ဒဏ်ရာတချို့မှတစ်ပါး အခြားရောဂါမရှိ။ အားနည်းအားပြတ်သည့် လက္ခဏာကမူ ထင်ရှားသည်။ ဒေါ်မြမေက စားသောက်စရာများကို ရှိသမျှချကျွေးသည်။ မည်မျှဆာလောင်ငတ်မွတ်လာသည် မသိ။ ခေါင်းမဖော်တမ်း စားသောက်နေသော သူငယ်ချင်းကိုကြည့်ကာ ကြင်နာသနားစိတ်တွေက နန်းလော်ခမ်း၏ ရင်နှင့်အပြည့်။ စားပြီးသောအခါ ဦးထွန်းလုံက ဒဏ်ရာတွေကို ဆေးထည့်ဆေးလိမ်းပေးသည်။ စိုးရိမ်စရာ



မရှိပါဘူး။ အားပြည့်သွားဖို့ လိုရင်းပါပဲဟုဆို၍ အားဆေးလည်း တိုက်ကျွေးသည်။

အစာကျွေး၍ ဆေးဝါးကုသပေးသော အဘလုံတို့မိသားစု ကျေးဇူးကို တစ်သက်မမေ့နိုင်တော့ပါဟု စိုင်းဆဟုန်က ရှေးဦးစွာပြော၏။ ထို့နောက် သူ့အဖြစ်ဆိုးကို ဆက်ပြော၏။ သူ့ကို ချုပ်နှောင်ထားသောနေရာမှာ စော်ဘွားအကျဉ်းထောင်မဟုတ်။ နားတူမြောက်ဘက် သုံးလေးမိုင်အကွာရှိ တောတွင်းစခန်းဖြစ်သည်။ အရေးအကြောင်းကြုံလျှင် ခိုအောင်းနိုင်ရန် ကြိုတင်ရွေးချယ်ထားသော နေရာဟုဆိုသည်။ သူ့အပြင် အကြောင်းအမျိုးမျိုးနှင့် ဖမ်းဆီးထားသူ လေးငါးယောက်ခန့်ရှိသေးသည်။ သူတို့၏ကံကြမ္မာမှာ ဥပဒေပြင်ပမှ အစီရင်ခံရမည့် ကံကြမ္မာမှန်း ရိပ်စားမိသောကြောင့် နေ့စဉ်နှင့်အမျှ အခွင့်ကောင်းကို စိုင်းဆဟုန်က ချောင်းနေခဲ့သည်။ တစ်နေ့က စိုင်းသီဟနှင့် စိုင်းဝဏ္ဏတို့ စခန်းကိုလာမည်ဆို၍ အကြိုထောက်သွားကြသဖြင့် အင်အားနည်းကျန်ခဲ့သော စခန်းစောင့်တို့အလစ်တွင် ထွက်ပြေးလာခဲ့ခြင်းပင်။

"ဘာ…သီဟနဲ့ဝဏ္ဏ အဲဒီကိုလာတယ်"

နန်းလော်ခမ်းက မယုံကြည်နိုင်စွာမေးသည်။

"အံ့သြသွားသလား၊ ဒါ သူတို့ရွာနချုပ်ပဲ။ မကြာခဏ လာကြတယ်။ ဒီတစ်ခါ အပြီးလာတာလို့ ပြောတယ်"

"မိုက်လိုက်တဲ့ ကလေးပဲ" ဟု ဦးထွန်းလုံက ရေရွတ်သည်။ "သားတစ်ယောက် ဆုံးရှုံးသွားရသလိုပဲ" ဟု ဒေါ်မြမေက ညည်းတွားသည်။ "လူပေါင်းမှားတာပါ" ဟု ဦးလေးဆရာနှင့်အနေနီးခဲ့သော စိုင်းအောင်ထွန်းက မှတ်ချက်ပြုသည်။ နန်းလော်ခမ်းကမူ ဘာမှပြောမထွက်နိုင်လောက်အောင် ရင်ထဲမှာ ဆို့နင့်နေသည်။ စိုင်းဝဏ္ဏ အမှောင်ထဲဝင်သွားသည်မှာ မယုံကြည်နိုင်စရာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခမ်းလူ့အိမ် သွားမလား၊ လိုက်ပို့ပေးမယ်" ဟု ဦးထွန်းလုံက မေးသည်။ စိုင်းဆဟုန် ခေါင်းခါသည်။ သူသည် စိုင်းခမ်းပန့်အမှုကို သဲလွန်စရှာဖွေမိသောကြောင့် လည်းကောင်း၊ သူ့ကို ဖမ်းလိုက်ခြင်းဖြင့် ဦးလေးဆရာကို ဆွပေးရာရောက်ပြီး အမှားအယွင်း ပြောဆိုလုပ်ကိုင်မိစေရန် လည်းကောင်း တစ်ချက်ခုတ်နှစ်ချက်ပြတ် စီမံလိုက်ခြင်းဖြစ်သည်။ စော်ဘွားတွေ အာဏာစွန့်လွှတ်ရမှာ သေချာနေပြီး ဦးလေးဆရာကလည်း သူတို့ဆင်သည့် ထောင်ချောက်ထဲမဝင်တော့ အခွင့်အရေးဖန်တီးကာ လုပ်ကြံလိုက်ခြင်း ဖြစ်လေသည်။ ဦးလေးဆရာပြီးလျှင် သူ့အလှည့်မှန်းသိသည်။ ထွက်ပြေးလွတ်မြောက်လာသည့်တိုင် ခုလောက်ဆို သူသွားလာခိုအောင်းနိုင်သော နေရာတွေကို စောင့်ကြည့်နေမှာသေချာ၏။ ဦးလေးဆရာ့ထံ သွားမဖြစ်တော့သဖြင့် ဒေါ်ခမ်းလူ့အိမ်ကို စောင့်ကြည့်နေနိုင်လောက်သည်။ ထို့ကြောင့် ရှာနှင့်ဝေးသော အဘလုံတို့ခြံကို ခေတ္တဝင်လာတာပါဟု စိုင်းဟဆုန်က ရှင်းပြသည်။

"ဒါဖြင့် ဘယ်ကိုသွားမလဲ"

"သီဟနဲ့ဝဏ္ဏ လက်လှမ်းမီတဲ့နေရာတစ်ပိုက်မှာတော့ နေလို့မဖြစ်တာ သေချာတယ် အဘလုံ။ ကျွန်တော်က သူတို့အကြောင်းကို သိတန်သလောက် သိထားတဲ့အပြင်..."

စိုင်းဆဟုန်က ခေတ္တစကားဖြတ်ထားလိုက်၏။ ပြီးမှ ဆက်ပြောသည်။

"တစ်သက်လုံး လျှို့ဝှက်ထားတဲ့အကြောင်းကို ခုအချိန်မှာတော့ ပြောပြရတော့မှာပဲ။ မိဘမျိုးရိုးအစဉ်အဆက် ရန်ဘက်တွေဖြစ်နေတော့ စိုင်းဝဏ္ဏတို့က ကျွန်တော့်ကို အလွတ်ပေးမှာမဟုတ်ဘူး" ဟု ဆိုလေသည်။

လွတ်လပ်ရေးမရမီက ဗြိတိသျှနယ်ချဲ့အစိုးရသည် ပြည်မနှင့် တောင်တန်းဒေသကို ခွဲခြားအုပ်ချုပ်ခဲ့သည်။ မတတ်သာ၍ လွတ်လပ်ရေး



ပေးလိုက်ရလျှင်တောင်မှ တောင်တန်းဒေသကို ချန်လှပ်ထားခဲ့ရန် ရည်ရွယ်ချက် ရှိခဲ့သည်။ သို့ဖြင့် ရှမ်းပြည်နယ်ကို ရှမ်းပြည်လက်ခွဲဥပဒေ သီးသန့်ထုတ်ပြန် အုပ်ချုပ်သည်။ ထိုအချိန်က ပြည်မတွင် လွတ်လပ်ရေးကြိုးပမ်းမှု အရေးတော်ပုံများ၊ သပိတ်တိုက်ပွဲများ ပေါ်ပေါက်နေပြီဖြစ်ရာ ဤလှုပ်ရှားမှုများနှင့် ခေတ်မှအတွေးအခေါ်များ ရှမ်းပြည်နယ်လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့မလာစေရန် နယ်ချဲ့အစိုးရသည် ပြည်မနှင့်တောင်တန်းဒေသ ကူးသန်းသွားလာမှု အဝင်အထွက်မှန်သမျှကို ပဒေသရာဇ်စော်ဘွားများမှတစ်ဆင့် ထိန်းချုပ်ထားခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် နယ်ချဲ့လက်အောက် မခိုဝင်လိုသော မျိုးချစ်စိတ်ထက်သန်သည့် စော်ဘွားများ မရှိမဟုတ်။ သို့သော်အနည်းစုသာတည်း။ ဥပမာ–ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် နယ်ချဲ့ကို ခုခံတိုက်ခိုက်ခဲ့၏။ နယ်ချဲ့စစ်တပ်ကိုလည်း နိုင်ခဲ့ဖူးပါ၏။ သို့သော် ရေရှည်တွင် အင်အားမမျှ၍ ယွန်းနယ်သို့ ရှောင်တိမ်းသွားခဲ့ရသည်။ ထို့နောက် တောင်ပိုင်းစော်ဘွားခွန်ခမ်းမိန်းကလည်း မျက်နှာဖြူလူမျိုးခြား၏သစ္စာမခံလိုသဖြင့် ရှိသမျှလူသူလက်နက်ဖြင့် ခုခံတိုက်ခိုက်သေးသည်။ သို့ရာတွင် အင်အားမမျှ၍ တောင်ပိုင်းနယ်အတွင်းမှ ရှောင်တိမ်း ထွက်ပြေးခဲ့ရသည်။ ထို့ပြင် သိန္နီစော်ဘွားများနှင့် မိုးမိတ်စော်ဘွားတို့ကလည်း နယ်ချဲ့ကို ခုခံတိုက်ခိုက်ခဲ့ကြပါ၏။ သို့သော် နောက်ဆုံးတွင် အင်အားမမျှသဖြင့် အလျှော့ပေးလိုက်ရလေသည်။ ကျန်စော်ဘွားအားလုံးမှာမူ မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်အတွင်း၌ပင် ဗြိတိသျှသစ္စာခံယူခဲ့ကြလေသည်။

နယ်ချဲ့ကို တောင်ပိုင်းစော်ဘွားက တော်လှန်တိုက်ခိုက်ရာတွင် ဦးလေးဆရာ၏အဖေနှင့်အဘိုးတို့ ပါဝင်ခဲ့ကြသည်။ နယ်ချဲ့တော်လှန်ရေး တပ်သားကြီးတွေ ဖြစ်ခဲ့ကြသည်။ တိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ခဲ့ရာ အဘိုးဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခဲ့၏။ နောက်ဆုံး တောင်ပိုင်းစော်ဘွား အရေးနိမ့်၍ ရှောင်တိမ်းထွက်ပြေးသွားရသောအခါ တော်လှန်ရေးတပ်သည် ကစဥ့်ကလျား ပြိုကွဲသွားခဲ့ရ၏။ ရှုံးသူက နိုင်သူကိုဖိလိုက်သော ထုံးစံအတိုင်း ပုန်းရှောင်နေကြသော တောင်ပိုင်းစော်ဘွားဘက်သားများကို နယ်ချဲ့စစ်တပ်က သစ္စာဖောက် ဒေသခံတချို့၏အကူအညီဖြင့် ဖော်ထုတ်ဖမ်းဆီး အရေးယူလာသည့်တွင် ဦးလေးဆရာ၏မိသားစုလည်း တကွဲတပြား ဖြစ်ကုန်တော့သည်။ ဦးလေးဆရာနှင့်သူ့အဖေသည် ရွာပြင်ထွက်၍ ထင်းခုတ်နေစဉ် ရုတ်ခြည်းဝင်လာသော နယ်ချဲ့စစ်ပုလိပ်တွေကို ရှောင်တိမ်းပုန်းအောင်းရာမှ ရွာကို ပြန်မကပ်ဝံ့တော့ဘဲ စိတ်ချယုံကြည်ရသော ဘက်သားများ၏ အကူအညီဖြင့် ခြေရာ ပျောက်ခဲ့ရသည်။ ဦးလေးဆရာတို့သားအဖသည် စခန်းသာမှတစ်ဆင့် မေမြို့ကိုဖြတ်ကာ မန္တလေးအထိ ရောက်ခဲ့သည်။ မန္တလေးရှိ ယုံကြည်စိတ်ချရသော မိတ်ဆွေများ၏အကူအညီဖြင့် ဇာတ်မြှုပ်နေထိုင်ခဲ့သည်။ ဘဝသစ်စခဲ့သည်။ ဦးလေးဆရာကို ကျောင်းထားနိုင်သည်အထိ စီးပွားအသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ လွတ်လပ်ရေးရပြီးမှပင် ဇာတိရပ်ရွာသို့ ပြန်လာဝံ့တော့သည်။ သို့သော် အခါနှောင်းလေပြီ။ ဦးလေးဆရာ့မိခင်သည် သူတို့နှင့်ကွဲကွာသွားပြီး မကြာမီမှာပင် လင့်စိတ်၊ သားစိတ်ဖြင့် ကွယ်လွန်သွားခဲ့၏။ ကျန်ရစ်သော အဘွားနှင့်အစ်မနှစ်ယောက်သည် အမေဆုံးပြီးနောက် တောင်ပိုင်းနယ်တွင် မျက်နှာငယ်ငယ်ဖြင့် နေထိုင်ခဲ့ကြရာမှ တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့သွားသည်ဟုသာ သတင်းအစအန ရလိုက်တော့သည်။ သို့ဖြင့် သူတို့သားအဖ မန္တလေးသို့ ပြန်လာခဲ့ကြသည်။ ဦးလေးဆရာ ဥပစာဒုတိယနှစ် အရောက်တွင် အဖေဆုံးသည်။ ထို့ကြောင့် တွယ်တာစရာကင်းသောဘဝကို စိတ်နာကြည်းလျက် ကျောင်းမှထွက်ကာ ရှမ်းပြည်တစ်ခွင် ခြေသလုံးအိမ်တိုင် လှည့်လည်ရင်း အစ်မပျောက်ရှာပုံတော်ကို ဇွဲကောင်းကောင်းဖြင့်



ဖွင့်ခဲ့ရာမှ နားတူတွင် အစ်မကြီးကိုလည်းကောင်း၊ နောင်ငူတွင် အစ်မလတ်ကိုလည်းကောင်း ပြန်လည်ဆုံစည်းခဲ့လေသည်။ ထိုသို့ ပြန်တွေ့ပြီး တစ်နှစ်အတွင်းမှာပင် အစ်မကြီးနှင့်ယောက်ဖတို့ လူသတ်ခံလိုက်ရပြန်ရာ ဦးလေးဆရာ၏ သံမဏိအသည်းမှာ နောက်ထပ်အက်ကွဲစရာ အစအနပင်ကျန်မည်မထင်တော့။

ဦးလေးဆရာ၏ အတိတ်ကန့်လန့်ကာကို စိုင်းဆယှုန်က ဖွင့်ပြပြီးနောက် နန်းလောဝ်ခမ်း ရင်ဝယ်မချည့်။ နယ်ချဲ့တော်လှန်ရေးသမားကြီးတွေ၏ သားမြေးမြစ်ဖြစ်သော ဦးလေးဆရာနှင့်စိုင်းဆယှုန်တို့ တူဝရီးနှစ်ယောက် ပဒေသရာဇ်ဆန့်ကျင်ရေးသမားတွေ ဖြစ်လာရသည်ကို နန်းလောဝ်ခမ်း မအံ့ဩမိတော့ချေ။ သို့တစေ နန်းလောဝ်ခမ်း အံ့ဩမိတာတစ်ခုတော့ ရှိနေပါသည်။ ယင်းကား တောင်ပိုင်းစော်ဘွား၏ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲတွင် သာမန်လူတန်းစားဖြစ်သော ဦးလေးဆရာ့မျိုးနွယ်တို့ ပါဝင်ခဲ့သော်လည်း စော်ဘွားအမှုတော်ထမ်းဖြစ်ကြသည့် ဟိန်မိုင်းလုံးဦးကြာပုတို့၏ မိဘဘိုးဘွားတွေမပါဝင်ခဲ့ ဆိုသောအချက်။ ထို့ထက် တော်လှန်ရေးသမားတွေကို ဖမ်းဆီးအရေးယူရာတွင် အားပေးကူညီခဲ့သည် ဆိုသောအချက်။

"အဲဒီလို မျိုးရိုးအစဉ်အဆက် ဆန့်ကျင်ဘက်ရပ်တည်ချက်တွေကြောင့် ဝဏ္ဏာဟာ ကျွန်တော့်ကို ဒုက္ခပေးမှာသေချာတယ်။ စော်ဘွားအာဏာမှုံ့ပြီဆိုပေမယ့် ကျွန်တော်တို့နယ်မြေကို တရားဥပဒေမရောက်နိုင်သေးတာကြောင့် ကောထဲကလူတွေရဲ့ရန်ဟာ မသေးပါဘူး။ သူတို့နဲ့ဝေးရာမြေပြန့်အထိ ကျွန်တော် ညတွင်းချင်း ထွက်သွားမှဖြစ်မယ်" ဟု စိုင်းဆယှုန်က နိဂုံးစကားဆိုသည်။ တစ်ဆက်တည်းပင် "ကျွန်တော်ပြောတဲ့ အကြောင်းတွေကို အဘလုံးတို့ လျှို့ဝှက်ထားပါနော်။ အဘတို့အတွက် အန္တရာယ်ရှိနိုင်လို့ပါ" ဟု သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အာလုံက စိတ်ချပါဟု အာမခံသည်။ လိုအပ်မည့် ငွေအချို့ကိုလည်း လက်သိပ်ထိုးပေးလိုက်သည်။ စိုင်းဆဟုန်ကို ခြံဝအထိ နန်းလောဝ်ခမ်း လိုက်ပို့သည်။

"အဲမြအတွက် စိတ်မကောင်းပါဘူး"

ခြံဝတွင် ခေတ္တရပ်နှုတ်ဆက်စဉ် စိုင်းဆဟုန်က ပြောသဖြင့် နန်းလောဝ်ခမ်း အံ့သြတုန်လှုပ်သွားရသည်။

"ဟင်…နင် သိတယ်"

"စခန်းမှာ ဆက်သားရက်ခြားရှိတယ်။ စခန်းတာဝန်ခံက သဘော ကောင်းတော့ ငါနဲ့သက်ဆိုင်တဲ့ သတင်းတွေပါလာရင် ငါ့ကို ပြောပြတယ်"

နန်းလောဝ်ခမ်း သက်ပြင်းချလိုက်သည်။

"အဲမြဟာ အမှန်တကယ်ပဲ သနားစရာကောင်းပါတယ်။ ဒါပေမယ့် မပွင့်လင်းတဲ့အတွက် ငါ အားမရဘူး။ ငါ့ကို အသိပေးတိုင်ပင်ခဲ့ရင် ကိုယ့် ချစ်သူ့ရင်သွေးပဲ၊ မွေးဖြစ်အောင် ငါ အားပေးမှာပေါ့။ သူ့ဘက်က ငါ ရပ်တည်ပေးမှာပေါ့"

"ခမ်းပန့်ကလေးလို့ ဘယ်သူပြောသလဲ"

"သူနဲ့ခမ်းပန် ချစ်သူတွေပဲ။ ခမ်းပန့်ကလေးလို့ တစ်ရွာလုံးက လက်ခံထားကြတာပဲ"

စိုင်းဆဟုန်က ခေါင်းခါယမ်းသည်။

"အဲဒါ သီဟနဲ့ဖြစ်ခဲ့တာ"

"ဟယ်…"

နန်းလောဝ်ခမ်း၏ဦးခေါင်းကို မိုးကြိုးပစ်ခွင်းပစ်လိုက်သလို နားနား တွင် မိုးကြိုးသံ ဂျိမ်းခနဲ မြိမ်းထည့်လိုက်သလို။

"နင်…နင်…စွပ်စွဲနေတာလားစိုင်း"



"ငါ့မှာ သက်သေရှိတယ်။ အခုတော့ အဲဒီသက်သေဟာ အချုပ်စခန်း မှာ သေသွားခဲ့ပြီ"

စိုင်းသီဟ ရွာအလည်လာစဉ် စိုင်းဝဏ္ဏ၏ပရိယာယ်ဖြင့် ရွာပြင် တောလမ်းတစ်နေရာတွင် အဲမြကို နှစ်ယောက်ချင်း တွေ့ခွင့်ကြုံသည်။ စိုင်းသီဟက အတင်းအဓမ္မ ကြံစည်သည်။ လက်ထပ်ယူပါ့မည်ဟု ဆီမန်းမန်း သည်။ ချစ်သူခမ်းပန်ရှိကြောင်းဖြင့် ငြင်းဆန်သောအခါ ချစ်သူမရှိလျှင် ယူမလားဟု မေးသည်။ ဘယ်လိုဖြေရမည် မသိ။ သူ့လက်ခုပ်ထဲကရေ ဖြစ်ခဲ့ပြီးပြီမို့ ဝမ်းပန်းတစ်နည်း ရှက်ငိုရှိုမှတစ်ပါး ဘာမှမပြောချင်။ နောက်နေ့ စိုင်းခမ်းပန် အရိုက်ခံရသည်။ ဘယ်သူ့လက်ချက်ဆိုတာသိပေမယ့် အဲမြ မပြောရဲ။ မပြောဝံ့။ စိုင်းသီဟ၊ စိုင်းဝဏ္ဏတို့နှင့်အဲမြကို တောတွင်းတစ်နေရာ တွင် မူးလဲနေသော အိုက်ကျော်မြက မြင်လိုက်သည်။ မပြောသင့်သော မြင်ကွင်းဟု အိုက်ကျော်မြ နားလည်သော်လည်း ရက်ကြာလာတော့ အလေး မထားသလို ဖြစ်လာသည်။ အရည်ဝင်ဖန်များတော့ နှုတ်ကမလုံချင်။ ဒီမှာတင် နှုတ်ပိတ်ခံလိုက်ရခြင်းဖြစ်သည်။ ထို့ထက် တိုက်တိုက်ဆိုင်ဆိုင် စိုင်းခမ်းပန် အတိတ်မေ့သွားခြင်းမှာ လူမိုက်ကံကောင်းဖြစ်သွားခဲ့သည်။ ဒါတောင်မှ အပြတ်ရှင်းခိုင်းပါလျက် မသေမသပ်လုပ်ခဲ့သော တပည့် လက်သားကို စိုင်းသီဟက ဖမ်းချုပ်ထားလိုက်သည်။ ထိုတရားခံနှင့် စိုင်းဆဟုန်တို့ အချုပ်ထဲမှာ ဆုံမိကြရာမှ အမှုပေါ်လာခြင်းဖြစ်သည်။ သို့သော် တရားခွင်တင်ရန် မဖြစ်နိုင်တော့။

"ငါ သွားတော့မယ်လောဝ်ခမ်း။ အဲမြအကြောင်းကို ဘယ်သူ့မှ ပြောမနေပါနဲ့တော့။ နင်သာ သတိထားပြီးနေခဲ့။ တစ်နေ့ နင့်ကို ငါလာတွေ့ ပါ့မယ်"

စိုင်းဆဟုန်သည် အမှောင်ထဲ တိုးဝင်ပျောက်ကွယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



# ၅

"ဒီမှာ အစ်မ၊ ဝဏ္ဏမှာ သူငယ်ချင်းဆိုတာ မရှိပါဘူးဗျ"

ခပ်ပြတ်ပြတ်ပြောချလိုက်သော စိုင်းအောင်ထွန်း၏စကား တစ်ခွန်းကြောင့် အတိတ်ဖြစ်ရပ်များကို လျှပ်တစ်ပြက် ပြန်တွေးကြည့်လိုက်သော အခါ စိုင်းဝဏ္ဏသည် သူငယ်ချင်းတွေအပေါ်မှာ မကောင်းခဲ့တာ မှန်ကန်ကြောင်း နန်းလောဝ်ခမ်း အထိတ်တလန့် တွေ့ရှိလာရသည်။ စိုင်းဝဏ္ဏအပေါ် နန်းလောဝ်ခမ်း၏ ယုံကြည်အားကိုးမှုသည် ထိုတဒင်္ဂဝယ် အံ့သြဖွယ်ကောင်းလောက်အောင် လျော့ပါးသွားသည်။ မိမိလုံခြုံမှုအတွက် စိတ်မချရသော ခံစားမှုကို ဒုတိယအကြိမ် ခံစားရသည်။

စိုင်းသီဟနှင့် စိုင်းဝဏ္ဏတို့ တောခိုစအချိန်တုန်းက သည်လိုမျိုး မလုံမခြုံ ပထမအကြိမ် ခံစားခဲ့ရဖူးသည်။ အထူးသဖြင့် စိုင်းသီဟကို ကြောက်ရွံ့ခဲ့သည်။ ထို့ကြောင့် အင်းစိန်ရှိ အဒေါ်ထံ ရှောင်ပြေးခဲ့ရခြင်းဖြစ်သည်။ စိုင်းသီဟကျဆုံးပြီးမှ မွေးရပ်မြေကို ခြေချခဲ့သည်။ ဤသည့်တိုင်အောင် နောင်ငူမှာမနေဘဲ လားရှိုးမှာ အလုပ်လုပ်ခဲ့လေသည်။ နောင်ငူကိုတော့ သွားသွားလာလာ ရှိခဲ့သည်။ နောင်ငူတစ်ကြော နမ့်ပန်ချိုင့်ဝှမ်းသည် စိုင်းဝဏ္ဏ၏ ခြေကုတ်နယ်မြေ ဖြစ်နေသည်။ နန်းလောဝ်ခမ်း ပြန်လာတာကို စိုင်းဝဏ္ဏကြားသည်။ တစ်ခါတစ်ရံ လောဝ်ခမ်း နောင်ငူခြံရောက်သနိုက် ဝဏ္ဏ လာတွေ့တတ်သည်။ ငယ်စဉ်ကလို အခင်အမင်မပျက် ဆက်ဆံသည်။ အညိုရောင်နယ်မြေကို ဖြတ်သန်းရတိုင်း သူငယ်ချင်းအားကိုးဖြင့် မကြောက်မရွံ့ ရှိခဲ့သည်။ ယနေ့ ဤရဲဝံ့မှု၊ ယုံကြည်မှုတွေ ပျောက်ကွယ်သွားပြီ။ ၁၉၅၉ ခုနှစ်၊ ဧပြီလကုန် မေလဆန်း တုန်းကလို မလုံမခြုံခံစားချက်က ဒုတိယအကြိမ် ပေါ်လာခဲ့ပြီတည်း။



ယခုလည်း ထိုအချိန်တုန်းကလို ထွက်ခွာသွားသင့်သည်ဆိုသော အသိက နန်းလောဝ်ခမ်းကို လွှမ်းမိုးထား၏။ အဖဦးထွန်းလုံနှင့် မောင်ငယ် စိုင်းအောင်ထွန်းတို့စကားကို ဆက်လက်ငြင်းဆန်ရန် အားအင်မရှိတော့။ ဤသည်ကို ရိပ်စားမိသော စိုင်းအောင်ထွန်းက-

"မနက်ဖြန်အထိ မစောင့်နဲ့။ ဒီနေ့ အချိန်ရှိသေးတယ်။ မန်ကပ်အထိ ကျွန်တော် လိုက်ပို့ပေးမယ်"

ဦးထွန်းလုံကလည်း -

"မြန်လေ ကောင်းလေပဲသမီး"

သူမတွင် ခရီးဆောင် လက်ဆွဲအိတ်ငယ်တစ်ခုသာ ပါလာသည်။ ခုချက်ချင်း ကောက်ထွက်လျှင် ဖြစ်သည်။ သို့သော် ဒီလောက် မြန်မြန်ဆန်ဆန်ကြီးဆိုတော့ နန်းလောဝ်ခမ်း တုံ့ဆိုင်းနေမိသည်။ ဒေါ်မြမေကို လှမ်းကြည့်သည်။ ဤတွင် ဒေါ်မြမေက "ပြောတုန်းက မနက်ဖြန်ပြန်မို့ ပြောပြီး ခုချက်ချင်းလွှတ်ရသလား" ဟု ဦးထွန်းလုံ တို့သားအဖကို အပြစ်တင်သည်။ "ခုပဲ ဆွမ်းခံပြန်ဝင်ချိန် ရောက်နေပြီ။ အချိန်ဘယ်လောက် ကျွာတော့လို့လဲ။ မနက်ဖြန် နံနက်စောစောမှသွား" ဟု သမီးကို မခွဲနိုင်သော ဒေါ်မြမေက အဆုံးအဖြတ်ပေးလိုက်ခြင်းဖြင့် ပွဲပြီးသွားသည်။

ဦးထွန်းလုံနှင့် စိုင်းအောင်ထွန်းတို့က နေ့လယ်စာ စောစောစားပြီး လက်ဖက်ခြံသို့ ထွက်သွားကြသည်။ နန်းလောဝ်ခမ်းကတော့ အိမ်မှုကိစ္စ လုပ်စရာရှိတာလုပ်ပြီး ကျန်အချိန်များတွင် လူမမာဒေါ်မြမေအနားမှ မခွာ စတမ်း ခြေဆုပ်လက်နယ်ပြုစုနေလေသည်။

▣ ▣ ▣

နွားရိုင်းသွင်းချိန်တွင် လက်နက်ကိုင်တစ်စု ရောက်လာသည်။ သူတို့နှင့် အတူ စိုင်းဝဏ္ဏပါလာ၏။ စိုင်းဝဏ္ဏမျက်နှာ သုန်မှုန်နေသည်။ ဒေါ်မြမေက

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲမှာဆိုတော့ နန်းလောဝ်ခမ်း ထွက်တွေ့ရသည်။ စိုင်းဝဏ္ဏက ဦးထွန်းလုံကို မေးသည်။ လက်ဖက် ခြံထဲသွားကြောင်း နန်းလောဝ်ခမ်းက ပြောသည်။ စိုင်းဝဏ္ဏအမူအရာမှာ ခါတိုင်းနှင့်မတူ။ တစ်ခုခုတော့ တစ်ခုခုပဲဟု နန်းလောဝ်ခမ်း ထင်သည်။

"အမေ့ကိုတွေ့ချင်တာ ဘာကိစ္စရှိလို့လဲဝဏ္ဏ"

"ကိစ္စလား...ဒီမှာကြည့်"

ပြောပြောဆိုဆို စားပွဲပေါ်သို့ ခုန်းခနဲမြည်အောင် တစ်စုံတစ်ခု ပစ်ချလိုက်သည်။

မည်းနက်သော ပစ္စတိုတစ်လက်နှင့် ချေးမြည့်သော အဝတ်စတစ်ခု။

"ဒါဟာ အစိုးရစစ်ဗိုလ်တွေ ကိုင်တဲ့သေနတ်။ ဒါက တပ်ကထုတ်ပေးတဲ့ စစ်ဝတ်စုံကျယ်အပိုင်းအစ။ စွပ်ကျယ်မှာထင်နေတဲ့ အမည်းစက်က သွေးကွက်ပဲ။ အဲဒီနေ့က ကင်းပုန်းနဲ့ပစ်ကြခတ်ကြတော့ လေသူရဲ ဒဏ်ရာရသွားတာ သေချာတယ်။ ဒီပစ္စည်းတွေကို နှင်တို့ခြံနားက ရေချိုးဆိပ်အောင်းတောင်စောင်းပေါ်ကရလာတာ။ လေသူရဲကို ငါတို့ရှာပေမယ့် မတွေ့ဘူး။ နှစ်ပတ်သုံးပတ်လောက်နေတော့ တပ်ပြန်ရောက်သွားပြီလို့ သတင်းရတယ်။ သူ ဘယ်နေရာမှာဝင်ခိုနေနိုင်သလဲ။ သူ့ကို ဘယ်သူက ဆေးကုပေးနိုင်သလဲ။ စဉ်းစားကြည့်စမ်း၊ နှင်တို့ခြံက အနီးဆုံးခြံ။ အဘလုံက ဆေးဆရာ"

"နှင် အမေ့ကို စွပ်စွဲနေတာလား"

"စွပ်စွဲနေတဲ့အဆင့် ကျော်သွားပြီ။ အခု စစ်မေးနေတာ"

"ဘာစစ်မေးစရာရှိလို့လဲ၊ အဲဒီတုန်းက နှင်လည်း ကျို့ခြံကိုရောက်တာပဲ။ တို့မိသားစုအပြင် ဘယ်သူမှမရှိဘူး မဟုတ်လား။ ဘာမှမတွေ့ဘူး မဟုတ်လား"

"ဘာမှမတွေ့တာက နှင်တို့ကို ယုံကြည်လို့ ငါက ရှာမှမရှာဘဲ။ အခုတော့ မယုံကြည်နိုင်တော့ဘူး။ သက်သေတစ်ခုခုတွေ့လို တွေ့ပြား



ရှာရတော့မယ်" ဟုပြောကာ ခြံထဲရှိ အဆောက်အအုံတိုင်းကိုရှာဖို့ စိုင်းဝဏ္ဏက သူ့လူတွေကို အမိန့်ပေးလိုက်၏။ ဒါတင်မကသေး။ "ဒီမှာ ရှာလားဖွေလားလုပ်နေတာကို လက်ဖက်ခြံကပြန်လာတဲ့ အဘလုံတို့သားအဖတွေ့ရင် ရှောင်ပြေးသွားနိုင်တယ်။ ဒါကြောင့် အိုက်ပုနဲ့နှစ်ယောက်က လမ်းက ကြိုစောင့်ပြီး ဖမ်းခေါ်လာခဲ့" ဟု အမိန့်ပေးပြန်သည်။

နန်းလောဝ်ခမ်းကို အမြဲဟာမ်းအလျှော့ပေးခဲ့သော စိုင်းဝဏ္ဏတစ်ယောက် ဒီတစ်ခါ ကြမ်းလေပြီတည်း။ စိုင်းဝဏ္ဏကို မကြောက်မရွံ့ ရှတ်လှန်ကိုးခဲ့သော နန်းလောဝ်ခမ်းတစ်ယောက် ဒီတစ်ခါ စိုးထိတ်မိလေပြီတည်း။

အိမ်ထဲမှာ ရှာသံဖွေသံကြောင့် ဒေါ်မြမေလှုပ်ရှားလာသည်။ အိမ်ရှေ့ခန်းသို့ မနည်းအားယူလျက် ထွက်လာသည်။ "ဘာဖြစ်နေတာလဲသမီး၊ ဟင်...စိုင်းဝဏ္ဏ" ဟု ဒေါ်မြမေနှုတ်ဖျားမှ မေးသံ၊ အာမေဋိတ်သံတို့ တစ်ဆက်တည်း ထွက်လာ၏။ နန်းလောဝ်ခမ်းသည် ဒေါ်မြမေထံပြေးသွားကာ ဖေးမထားလိုက်၏။ "ဘာမှမဟုတ်ပါဘူး အမေ။ ဝဏ္ဏက ရှာချင်တယ်ဆိုလို့ နည်းနည်းပါးပါး အရှာခိုင်းလိုက်တာပါ" ဟု နှစ်သိမ့်သည်။ "အမေ နေမကောင်းဘူး" ဟုလည်း စိုင်းဝဏ္ဏကို ပြောလိုက်သည်။

စိုင်းဝဏ္ဏသည် ခွန်းတုံ့မပြန်ဘဲ နှုတ်ခမ်းတင်းတင်းစေ့ထား၏။ ဒေါ်မြမေကလည်း စိုင်းဝဏ္ဏ၏အပြုအမူကို မယုံကြည်နိုင်သလို ငေးကြည့်နေသည်။ ထိုစဉ် အိမ်ထဲကို ရှာဖွေသူတစ်ယောက်က ဆရာမအိမ်ထဲက တွေ့တာဟုဆို၏။ စာတစ်စောင် လာပေး၏။ စာအိတ်ကိုမြင်လိုက်သည်နှင့် နန်းလောဝ်ခမ်း မျက်လုံးပြူးသွားသည်။ ရင်ထိတ်သွားသည်။ စာအိတ်ကို ဖြက်လုဖို့ ကြိုးစားသော်လည်း အချည်းနှီးပင်။

စိုင်းဝဏ္ဏမျက်နှာသည် စာကိုဖတ်ရင်း မျက်မှောင်ကုတ်လာသည်၊ ဒေါသဖြင့် နီမြန်းလာသည်။ ပြီးတော့ နှုတ်ခမ်းကိုမဲ့ရွဲ့ကာ တဟားဟား လှောင်ရယ်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''သဘောကျတယ်ကွာ၊ ဘာတဲ့…'အနေစုတ်ပေမယ့် စပါးကျီအထပ်ခိုးကလေးဟာ ကျွန်တော့်ရဲ့နိဗ္ဗာန်ဘုံပါပဲ' တဲ့။ ဟား…ဟား…ဟား…နိဗ္ဗာန်ဘုံ၊ နိဗ္ဗာန်ဘုံတဲ့။ အမယ်… လာလာချေသေးတယ်။ 'ခွင့်တစ်လရတာနဲ့ ဆရာမဆီကို အပြေးလာခဲ့မယ်' ဆိုပဲလား။ အေး…လာခဲ့၊ လာခဲ့…အတော်ပဲ ငါက စောင့်ဖမ်းလိုက်ရုံပဲပေါ့။ ဟား… ဟား…ဟား…''

နန်းလောဝ်ခမ်းက နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ထားလိုက်သည်။ ဒေါ်မြမေက နန်းလောဝ်ခမ်းတို့နှစ်ယောက်ကို နားမလည် သလိုကြည့်ရင်း… ''ဘာတွေလဲ… ဘယ်ကစာလဲ'' ဟု တအံ့တသြမေးသည်။ ထိုအခါ စိုင်းဝဏ္ဏက ဒေါသတကြီးအော်ဟစ်သည်။

''ခင်ဗျားသမီး လင်ထောင်တဲ့စာ။ ခင်ဗျားတို့ တစ်ကြိုက်တည်း တစ်ဉာဏ်တည်းပဲ။ ဗမာစစ်ဗိုလ်ကို ကူညီတဲ့သစ္စာဖောက်တွေ''

''အို…ဒါတွေကို အမေ ဘာမှမသိဘူးဝဏ္ဏ။ အမေ့ကို ဆွဲမထည့်နဲ့။ ငါ လုပ်တာ။ ငါ့ကို အပြစ်ပြော''

ထိုစဉ် စိုင်းဝဏ္ဏတပည့်တစ်ယောက်က ''စပါးကျီထပ်ခိုးပေါ်က တွေ့တာ'' ဟုဆိုကာ ဝတ်စုံတစ်ခုလာပေး၏။ မိုးပြာရောင် လေယာဉ်မောင်း ဝတ်စုံ။ ဘယ်ဘက်ရင်ဘတ်မှာ အတောင်ပံတံဆိပ်။ ညာဘက်ရင်ဘတ်မှာ နီမ်းပလိတ် ခေါ် နာမည်စာတမ်းနှင့်။

''ဇော်ထွန်း…ဗိုလ်ဇော်ထွန်းဆိုပဲလား။ နိဗ္ဗာန်ဘုံပေါ်က လေသူရဲကြီးရဲ့ အဝတ်တန်ဆာပေါ့လေ''

နန်းလောဝ်ခမ်း အံတင်းတင်းကြိတ်ထားလိုက်သည်။ သတ္တိတွေ ပြန်ဝင်လာပြီ။ ချစ်သောသူအတွက် တာဝန်ယူမည်။ မိသားစုကို ကာကွယ်မည်။ ဝဏ္ဏပေးသမျှအပြစ်ကို သူခံမည်။ ဒေါ်မြမေအတွက်ကတော့ မြင်နေကြားနေရတာတွေအားလုံး အထူးအဆန်း။



''ဒီသက်သေခံပစ္စည်းနှစ်ခုနဲ့တင် ဇော်ထွန်းဆိုတဲ့အကောင်ကို စပါးကျီထဲမှာ ဝှက်ထားတာသေချာနေပြီ။ ဘယ်နေရာမှာထားသလဲဆိုတာ ငါ့ကို လိုက်ပြ''

စိုင်းဝဏ္ဏသည် ပြောပြောဆိုဆို နန်းလောဝ်ခမ်းလက်ကို ဆွဲခေါ်သွားသည်။ ဒေါ်မြမေ ငိုယိုရင်း လဲကျန်ရစ်လေသည်။

◙ ◙ ◙

ဗိုလ်ဇော်ထွန်းထွက်သွားကတည်းက ပြန်မရောက်ခဲ့သော စပါးကျီအထပ်ခိုးပေါ်သို့ စိုင်းဝဏ္ဏနှင့်အတူ နန်းလောဝ်ခမ်း ရောက်လာခဲ့ရပြန်ချေပြီ။ ထပ်ခိုးပေါ်တွင် သင်ဖျာကြမ်းတစ်ချပ်မှတစ်ပါး ဘာပစ္စည်းမှမရှိ။

''ဒီနေရာမှာ ဗမာစစ်ဗိုလ် အိပ်တာလား''

''ဟုတ်တယ်''

''သူ့ကို အဘလုံက ဆေးကုပေးတာလား''

''ငါတောင်းဆိုလို့ အဖေက တစ်ခါတလေ လာကြည့်ပေးတာပါ။ သူ့ပေါင်ကဒဏ်ရာကို ငါပဲ နေ့စဉ်ဆေးထည့်ပေးတယ်။ အစားအသောက် ပို့ပေးတာလည်း ငါပဲလုပ်တယ်။ သူနဲ့ဒိုင်ခံဆက်ဆံတာ ငါတစ်ယောက်တည်းပဲ''

မထူးတော့သည့်အဆုံး နန်းလောဝ်ခမ်းက အမှန်အတိုင်း မခြွင်းမချန် ဖြေသည်။ စိုင်းဝဏ္ဏက အသေအချာနားထောင်ရင်း ပြုံးလေသည်။

''နှစ်ယောက်ထဲ နေ့စဉ်တွေ့တယ်။ နေရာက လွှတ်လွှတ်လပ်လပ် ရှိတယ်။ ဆေးထည့်ပေးရတဲ့ဒဏ်ရာက ပေါင်မှာဆိုတော့…''

''ဝဏ္ဏ၊ နင်မဟုတ်မဟတ်တွေ မတွေးနဲ့နော်''

''နင်လည်း သီလရှင်မဟုတ်ဘူး။ ဟိုဗိုလ်လည်း သက်န်းဆော် မဟုတ်ဘူး။ စာထဲမှာတောင် ချိတ်တိတ်တိတ်ရေးထားတာဆိုတော့နင်တို့ ဘာမှမဖြစ်ဘူးဆိုတာ ငါ မယုံဘူးလောဝ်ခမ်း''

www.burmeseclassic.com

www.burmeseclassic.com



"နင်မယုံတာ ငါမတတ်နိုင်ဘူး။ ဗိုလ်ကြီးက အကျင့်သိက္ခာရှိတယ်။ သူ့စိတ်ကို ထိန်းနိုင်တယ်။ ငါတို့ ဘာမှမဖြစ်ခဲ့ကြဘူး။ အဲမြကို ဖျက်ဆီးခဲ့တဲ့ သီဟလိုစိတ်ရိုင်းမျိုးနဲ့ ဗိုလ်ကြီးကို လာမနှိုင်းနဲ့"

"ဟင် …နင် သိတယ်"

နန်းလောဝ်ခမ်းက လွှတ်ခနဲပြောချလိုက်မိသော စကားကြောင့် စိုင်းဝဏ္ဏ အံ့အားသင့်သွားသည်။ "ဟိုကောင် ဆဟုန် ဝင်ပြောသွားတာနေမှာပဲ" ဟုဆိုသည်။ "သီဟကအဲမြကို ဖျက်ဆီးတာမဟုတ်ပါဘူး၊ ချစ်လို့ကြံတာပါ။ အဲမြမသေရင် အတည်ယူမှာ" ဟု ဆက်ပြောသည်။

"အဲမြမှာ ချစ်သူ ခမ်းပန်ရှိတယ်"

"ချစ်သူဆိုတာ လင်ယောကျ်ားမဟုတ်ပါဘူး။ ကာမပိုင် မဟုတ်ပါဘူး"

"ကာမပိုင်ဖြစ်ဖို့ ရည်ရွယ်ထားတဲ့သူပါ။ ဆန္ဒအလိုမတူရင် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တာပါ။ အဲမြကို နင် အကာအကွယ်ပေးသင့်တယ်"

စိုင်းဝဏ္ဏသည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး…

"နင့်ကို အကာအကွယ်ပေးလိုက်ရလို့ အဲမြကို အကာအကွယ် မပေးနိုင်ခဲ့တာပါ။ သီဟက နင့်ကို လိုချင်နေတာ။ နင့်ကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူး။ ဘယ်သူနဲ့မှ မဖြစ်စေချင်ဘူး။ ဒါ့ကြောင့် အဲမြဘက်ကို သီဟရောက်သွားအောင် လမ်းကြောင်း ပြောင်းပေးလိုက်တာ"

နန်းလောဝ်ခမ်းသည် ပါးစပ်ကလေးဟသွားပြီး ဘာမှ ပြန်မပြောနိုင်လောက်အောင် နှုတ်ဆွံ့သွားရသည်။ စိုင်းဝဏ္ဏ ဆက်ပြောလေသည်။

"အခုလည်း နင် ဗမာစစ်ဗိုလ်ဘက်ကို စိတ်ပါနေတယ်မဟုတ်လား။ နင် သူ့ကို မကြိုက်ရဘူး။ ဗမာကို မယူရဘူး၊ တို့ရှမ်းအချင်းချင်းပဲ ယူရမယ်"

"အို…ဒါကတော့ လူမျိုးရေးအမြင် ကျဉ်းမြောင်းလွန်းပါတယ်။ ဦးလေးဆရာဟာ ဗမာအမျိုးသမီး နစင့်လိုင်ကို လက်ထပ်ခဲ့တယ်။ နစင့်လိုင်ကလည်း ရှမ်းအမျိုးသား ဦးလေးဆရာကို ခင်ပွန်းလင်အဖြစ် ပေါင်းသင်းခဲ့တယ်။ တို့တိုင်းရင်းသားအချင်းချင်း အတူတူပဲမဟုတ်လား"

"မဟုတ်ဘူး…မတူဘူး၊ ဦးလေးဆရာက တို့အမျိုးကို သစ္စာဖောက်တဲ့ ဖောက်ပြန်ရေးသမား။ လူမျိုးခြားကိုယူတဲ့ အမျိုးဖျက်၊ နင်သူ့လိုမဖြစ်ရဘူး"

"နင် မှားနေပြီဝဏ္ဏ၊ နစင့်လိုင်ဟာ လူမျိုးခြားမဟုတ်ဘူး၊ အမျိုးသား၊ နေရှင်နယ်လို့ခေါ်တဲ့ အမျိုးသား။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင်တွေအားလုံးဟာ ဘာသာစကားနဲ့ ရိုးရာဓလေ့ထုံးတမ်းကွဲပြားပေမယ့် တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ မြန်မာအမျိုးသားတွေချည်းပဲ"

"ဆရာမပီပီ ငါ့ကို စာလာသင်မနေနဲ့။ နင်ဘာပြောပြော ရှမ်းဟာ ရှမ်း၊ ဗမာဟာ ဗမာပဲ။ နင်ဟာ ဗမာစစ်ဗိုလ်နောက်ကို လိုက်တော့မယ်ဆိုတာ ငါ သိနေတယ်။ နင့်ကို သူ့လက်ထဲ အပါမခံနိုင်ဘူး။ ငါ နင့်ကို ပြန်မလွှတ်တော့ဘူး။ ဟိုးငယ်ငယ်ကတည်းက နင့်ကို သံယောဇဉ်ရှိနေခဲ့တာ။ နင် ငါ့ကိုယူရမယ်။ နင့်ကို ငါ ချစ်တယ် လောဝ်ခမ်း" ဟု ပြောပြောဆိုဆို စိုင်းဝဏ္ဏက နန်းလောဝ်ခမ်းကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ ပါးပြင် နှစ်ဖက်ကို တရှိုက်မက်မက် မွှေးကြူလိုက်သည်။

နန်းလောဝ်ခမ်းသည် ရုတ်တရက်မို့ အငိုက်မိခံလိုက်ရသည်။ သတိရသည်နှင့် စိုင်းဝဏ္ဏရင်ခွင်မှ အတင်းရုန်းထွက်၍ 'ဖြန်း' ခနဲ နေအောင် ဝဏ္ဏပါးကို ရိုက်ထည့်လိုက်သည်။

စိုင်းဝဏ္ဏသည် ပါးကိုလက်ဖြင့်ပွတ်ရင်း နန်းလောဝ်ခမ်းကို စိန်းစိန်းကြည့်သည်။

"နင်က ဒီလိုကြေးလား၊ ကြည့်ကြသေးတာပေါ့။ နင်ဟာ ငါ့လက်ထဲက ရေပါ၊ နင့်ကို တစ်ခါတည်း စခန်းခေါ်သွားမယ်။ ငါ့မိန်းမဖြစ်ကို ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



''မလိုက်ဘူး၊ နင့်ကို မယူဘူး''

''ရတယ်လေ၊ ဒီလိုဆိုရင်လည်း ငါက ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ပြတ်ပြတ်သားသား စီရင်ရုံပဲပေါ့။ ရန်သူကိုလက်ခံပြီး ကျွေးမွေးတယ်၊ ဆေးကုပေးတယ်၊ လွတ်မြောက်အောင် ကူညီပေးတယ်ဆိုတဲ့ ပြစ်မှုတွေရဲ့ အပြစ်ဒဏ်ကတော့ သေဒဏ်ပဲ။ အဘလုံ၊ အဖွားမြနှင့် အောင်ထွန်းတို့ကို စခန်းမပြန်ခင် ကျည်ဆန်တစ်တောင့်စီ လက်ဆောင်ပေးလိုက်ရုံပဲပေါ့''

နန်းလောဝ်ခမ်းသည် စိုင်းဝဏ္ဏစကားကြောင့် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ထို့ထက် နောက်ဆက်တွဲပြောလိုက်သော စကားကြောင့် လိပ်ပြာလွင့်စင်သွားမတတ် ထိတ်လန့်တုန်လှုပ်သွားရသည်။

''နောက်ပြီးတော့...နောင်ငှူကို လိုက်လာမယ်ဆိုတဲ့ ဗမာစစ်ဗိုလ်ကို လမ်းကစောင့်ဖမ်း၊ ရင်ကိုခွဲ၊ အသည်းမီးကင်၊ ပြီး... အရက်နဲ့ မြည်းပစ်လိုက်မယ်''

ပြောပြောဆိုဆို စိုင်းဝဏ္ဏသည် ချာခနဲလှည့်ထွက်ကာ၊ ထပ်ခိုးပေါ်မှ ဆင်းသွားသည်။ နန်းလောဝ်ခမ်းသည် နေရာတွင်ပင် မလှုပ်မယှက် ကျွန်ရစ်ခဲ့သည်။

''ဝဏ္ဏ''

နန်းလောဝ်ခမ်းခေါ်သံကြောင့် လှေကားတစ်ဝက်ရောက်နေသော စိုင်းဝဏ္ဏက နောက်ပြန်လှည့်ကြည့်သည်။

''ဘာတုန်း''

''နင်နဲ့ငါ အပေးအယူတစ်ခု လုပ်ကြရအောင်''

''ဘာအပေး အယူလဲ''

နန်းလောဝ်ခမ်း ချက်ချင်းပြောမထွက်။ နှုတ်ခမ်းကလေး တရွရွလှုပ်နေသည်။ ချိန်ဆနေသည်။ မျက်ဝန်းအိမ်တွင် မျက်ရည် လျှံတက်ဝေ့ဝဲလာသည်။ ထို့နောက် တစ်လုံးချင်း ဖြည်းဖြည်းကလေး ပြောလေသည်။



''နင့်နောက်ကို ငါလိုက်ခဲ့မယ်။ အဲဒီအတွက် ငါ့မိသားစုကို ဘာမှ မလုပ်ရဘူး။ ဗိုလ်ကြီးကိုလည်း စောင့်မဖမ်းရဘူး၊ အဲဒါ...သဘောတူလား''

စိုင်းဝဏ္ဏ သဘောကျစွာရယ်၏။

''နင်ဟာလေ...တကယ့်သမီးကောင်း ပီသပါပေတယ်။ ပြီးတော့ တကယ့် အချစ်သူရဲကောင်းမကြီးပါပဲလား... လောဝ်ခမ်းရယ်''

''မလျှောက်ပါနဲ့။ သဘောတူ မတူသာပြောပါ''

''တူတယ်ဗျာ၊ တူတယ်။ ခုအချိန်မှာ ငါ တန်ဖိုးအထားဆုံးဟာနင်ပဲ။ နှစ်ပေါင်းများစွာ စောင့်ဆိုင်းလာခဲ့ရတဲ့နင့်ကို ရဖို့ဆိုရင် ဘာနဲ့ပဲလဲရလဲရ သဘောတူတယ်''

စိုင်းဝဏ္ဏသည် သွက်လက်စွာ အဖြေပေးသည်။ ထို့နောက် လှေကားမှ ဆက်ဆင်းရန်ဟန်ပြင်ဆဲ ''တစ်ခု ကျန်သေးတယ်'' ဆိုသောအသံကြောင့် တုံ့သွားရပြန်၏။

''ငါ အလုပ်ထွက်စာရေးပေးမယ်။ လားရှိုးကြီးကျောင်း ရောက်အောင် ပို့ပေး''

''ဟာ...ဟုတ်သားပဲ၊ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ ဗိုလ်စိုင်းဝဏ္ဏဇနီးဟာ အစိုးရဝန်ထမ်း ဘယ်ဖြစ်သင့်မလဲ။ အလုပ်က ထွက်ရမှာပေါ့''

သည်တောင်းဆိုချက်ကိုလည်း စိုင်းဝဏ္ဏက လွယ်လင့်တကူ လက်ခံလိုက်ပြန်သည်။ သူမအလုပ်ထွက်သွားလျှင် ဗိုလ်ဇော်ထွန်းကို မျက်ခြည်ပြတ်ထားရာရောက်သွားပြီး ဇာတ်မြှုပ်နေနိုင်မည်။ နောင်ငှူကို သူလိုက်လာတော့မှာ မဟုတ်ဟု နန်းလောဝ်ခမ်းက တွက်ကိန်းချလိုက်ခြင်းဖြစ်ပါ၏။

မချစ်မနှစ်သက်သူထံ မိမိခန္ဓာကိုယ်ကို ပေးအပ်ရမည့်အရေးမှ၎င်း၊ ကျန်စိုးရိမ်ပူပန်စရာအရေးတွေအတွက်မူ စိတ်သက်သာရာ ရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းလောဝ်ခမ်းသည် အိမ်မကြီးဆီသို့ စိုင်းဝဏ္ဏနောက်မှ လိုက်လာစဉ် ညည်းတွားသံသဲ့သဲ့ကို ကြားလိုက်ရ၏။

''လောဝ်ခမ်းရယ်...။ နင့်ကိုရဖို့အတွက် ငါ တင်တောင်းလိုက်ရတဲ့ မင်္ဂလာကြေးတွေဟာ တန်ဖိုးမနည်းပါလား''

## ၆

ဤသို့ဖြင့် နန်းလောဝ်ခမ်းသည် မိုလ်စိုင်းဝဏ္ဏကတော် ဖြစ်ခဲ့ရသည်။

နမ့်ပန်ချိုင့်ဝှမ်းတစ်ခုတွင် ဖိနိ့ဖိနိ့တုန်အောင် ကြောက်ရသော သောင်းကျန်းသူမိုလ်၏ ဇနီးမယားပင်ဖြစ်လင့်ကစား နန်းလောဝ်ခမ်း အနေဖြင့် အမှောင်လောကအတွင်း သူနည်းသူဟန်နှင့် သူရှိနေသော ခံစားခွင့်တို့ကို မခံစားရရှာပေ။ အဘယ်ကြောင့်ဆိုသော် အချိန်ကာလသည် စစ်တပ်ထိုးစစ်ပြင်းထန်ချိန်ဖြစ်ရကား သောင်းကျန်းသူတို့မှာ ကျီးလန့်စာစားနေနေကြရပြီး တစ်ပြေးတည်း ပြေးနေကြရသောကြောင့်ပင်တည်း။ နန်းလောဝ်ခမ်း ရောက်လာသော အချိန်ကာလတိုအတွင်းမှာပင် သူတို့ဌာနချုပ်သည် နှစ်နေရာသုံးနေရာခန့် ရွှေ့ပြောင်းခဲ့ရ၏။ ရောက်သည့်နေရာတွင် အတည်တကျ အခြေမချနိုင်ဘဲ ဆုတ်လမ်းကို မြဲအစ်ဖက်လှမ်းထားရသော အခြေအနေတွင် ရှိခဲ့၏။

စစ်ရေးအရေးကြီးချိန်တွင် စိုင်းဝဏ္ဏသည် နန်းလောဝ်ခမ်းကို သိမ်းပိုက်ခေါ်ယူလာခြင်းကြောင့် လက်အောက်မိုလ်တချို့က မကျေမလည် ဖြစ်ကြ၏။ ကြောက်ရွံ့၍ တော့တော့ဆိုင်ဆိုင် မပြောရဲသော်လည်း ကွယ်ရာတွင် တီးတိုးဝေဖန်ကြ၏။ လက်အောက်ယ်သားတို့သည်ပို စိုင်းဝဏ္ဏအပေါ်တွင် ရှိသေလေးစားမှု လျော့နည်းလာ၏။ သူတို့အမြင်တွင် နန်းလောဝ်ခမ်းသည် ရန်သူအားပေး အမိကတရားခံ ဖြစ်လာသည်။ ကျန်မိသားစုက ပိုင်းဝန်း



ကူညီသူ ကြံရာပါတရားခံတွေ။ သူတို့ကြောင့် ဗမာလေသူရဲ လွတ်မြောက်သွားခဲ့ရလေသည်။ စိုင်းဝဏ္ဏသည် သူ့သူငယ်ချင်းနန်းလောဝ်ခမ်းကို သူတို့သတင်းတွေ ဘယ်လောက်ပြောပြထားသနည်း။ နန်းလောဝ်ခမ်းက ဗမာလေသူရဲကို ဒီသတင်းတွေ ဘယ်လောက်ဖောက်သည် ချလိုက်သနည်း။ မကြုံစဖူးထူးကဲလှသော ယခုထိုးစစ်သည် ပေါက်ကြားသွားသော သတင်းအချက်အလက်တွေအရ ပေါ်ပေါက်လာသော ရလဒ်မဖြစ်နိုင်ပါသလော။ ထို့ကြောင့် နန်းလောဝ်ခမ်းသည် ငယ်ပေါင်းသူငယ်ချင်း တစ်ဖက်သက်ကျိတ်သဘောကျနေသူပင်ဖြစ်ပါစေ၊ ဦးထွန်းလှိုနှင့်ဒေါ်မြမေသည် ရှင့်မိရှင့်ဖပင်ဖြစ်ပါစေ သေဒဏ်ထိုက်သူတွေ ဖြစ်ကြ၏။ သည်လောက် အပြစ်မကြီးသူတွေကိုတော့ သေနတ်မောင်းခလုတ် ဆွဲညှစ်ရန် ဝန်မလေးသော သူတို့ခေါင်းဆောင်သည် အကြီးဆုံးပြစ်မှုကျူးလွန်ထားသူကို အကျပ်ကိုင်ပေါင်းသင်း၍ ကျန်မိသားစုကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ခြင်းမှာ တာဝန်နှင့် နှလုံးသားကို လဲလှယ်ခဲ့ခြင်းဟု ငယ်သားတွေက ရှုမြင်ကြလေ၏။

စင်စစ် ဤအခြေအနေသို့ ဆိုက်ရောက်လာခဲ့ရခြင်းမှာ စိုင်းဝဏ္ဏ အချစ်စိတ် မွန်ထူခြင်းဖြစ်သည်။ အချစ်တိမ်သလ္လာဖုံးလွှမ်းသဖြင့် ယထာဘူတအမြင် ကွယ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် တစ်ဖက်သက်ချစ်သူကိုလည်း မသတ်ရက်၊ မိုလ်ဇော်ထွန်းလက်ထဲ ပါသွားမှာကိုလည်း မနာလိုဝန်တိုဖြစ်ကာ နန်းလောဝ်ခမ်းအပေါ်တွင် အချစ်ကြီး၊ အချစ်သည်း၊ အချစ်ရဲခဲ့ခြင်းပေတကား။

စိုင်းဂဏ္ဏသည် အဘယ်မျှ အချစ်ကြီးခဲ့လေသနည်း။ နန်းလောဝ်ခမ်းကို နောင်ငူခြံမှ စတင်ခေါ်ယူလာသောညတွင် လမ်းခရီး၌ စခန်းချ၏။ ခါတိုင်းညတွင်းချင်း မနားမနေ ခရီးဆက်နေကျ။ အခု နန်းလောဝ်ခမ်းပါလာ၍ ခရီးကြမ်းသွားကျင့်မရှိဟုဆိုကာ စခန်းချနိုင်းခြင်းပင်။ ကင်းတပ်လည်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်ချ၏။ ထိုညတွင် စိုင်းဝဏ္ဏသည် သူ့လည်ပင်းမှ အလေးချိန် အတန်ငယ်စီးသော ရွှေဆွဲကြိုးတစ်ကုံးကိုဖြုတ်၍ မင်္ဂလာဦးချစ်သက် လက်ဆောင်အဖြစ် နန်းလောဝ်ခမ်းကိုပေး၏။ သို့သော် နန်းလောဝ်ခမ်းက လက်မခံ။ အပေးအယူသဘောတူညီချက်အရ သူမကိုပိုင်နေပြီပဲ။ ဘာမှ ပေးစရာမလိုဟု ငြင်းသည်။ အဲဒီလို စိမ်းစိမ်းကားကား မပြောပါနှင့်။ သူ့အချစ်ကို အသိအမှတ်ပြုသည့်အနေဖြင့် လက်ခံပါရန် စိုင်းဝဏ္ဏက တောင်းပန်သော်လည်း နန်းလောဝ်ခမ်း တွင်တွင်ငြင်းသည်။ သူမကိုယ်ကို ရသည့်အတွက် ဘာမှပေးစရာမလို။ ဘာမှမလိုချင်ဟု အပြတ်ပြောခဲ့သည်။ ထိုအခါ စိုင်းဝဏ္ဏစိတ်မကောင်း။ နန်းလောဝ်ခမ်း လက်မခံလည်း သူကတော့ ပေးဖို့ဆုံးဖြတ်ပြီးပြီမို့ နန်းလောဝ်ခမ်းပစ္စည်း ဖြစ်သွားပါပြီ။ နန်းလောဝ်ခမ်း လက်ခံနိုင်သည့်အချိန်အထိ သူ့လည်မှာ ဆွဲထားသိမ်းထားပေးပါမည်။ သူ့ တစ်သက်မှာ မိန်းကလေးတစ်ယောက်ကို ချစ်သက်လက်ဆောင် ပေးဖူးတာ ပထမဆုံးအကြိမ်ပါပဲဟု ဆိုရှာသည်။

စခန်းရောက်သောအခါ ခင်ပွန်း ဥစ္စာပစ္စည်း ဇနီးပိုင်သည်ဆိုပြီး သူ စုဆောင်းထားသော ရွှေတိုရွှေစနှင့် ရတနာပစ္စည်းအနည်းငယ်ကို စိုင်းဝဏ္ဏက နန်းလောဝ်ခမ်းထံ အပ်နှံသည်။ နန်းလောဝ်ခမ်းသည် အဆိပ်ရှိသောသတ္တဝါတစ်ကောင်ကို ထိကိုင်ရမှာကြောက်ရွံ့သကဲ့သို့ ရတနာထုပ် ကို မတို့၊ မထိ၊ မယူ။ မသန့်ရှင်းသောနည်းဖြင့် ရထားသော ပစ္စည်းတွေ သူ့ကို လာမပေးနှင့်ဟု ခါးခါးသီးသီးငြင်းသည်။ အော်ကြီးဟစ်ကျယ် ငြင်းသည်။ တဲအပြင်ကပင် ကြားလောက်သည်။ စိုင်းဝဏ္ဏလည်း ရှက်တရက် ဒေါသပေါက်ကွဲသွားပြီး နန်းလောဝ်ခမ်းကို ရိုက်ရန်လက်ရွယ်မိသည်။ ပြီးမှ ဒေါသကိုချုပ်တည်း၍ ချာခနဲလှည့်ထွက်သွားသည်။ ထိုနေ့မှစ၍ စိုင်းဝဏ္ဏသည် နေ့ခင်းဆိုလျှင် နန်းလောဝ်ခမ်းနားမကပ်တော့။ တစ်ခါတစ်ရံ



စခန်းအပြင်ထွက်သည်။ သူ စခန်းအပြင်ထွက်တိုင်း စခန်းစောင့်အင်အားကို ခါတိုင်းထက် နှစ်ဆတိုးချန်ထားခဲ့သည်။ နန်းလောဝ်ခမ်းလုံခြုံရေး အတွက် ဖြစ်ကြောင်း လက်ထောက်ဗိုလ်တွေ သိကြသည်။ သည့်အတွက် အပြင်ထွက် လုပ်ရှားသော အဖွဲ့တွေမှာ အင်အားနည်းပါးသွားရသည်။ ထို့ပြင် အရေး အကြောင်းဆိုလျှင် နန်းလောဝ်ခမ်းကို အကာအကွယ်ပေးရန်နှင့် ကယ်ထုတ် သွားနိုင်ရန် လက်ရွေးစင်တပ်သားအချို့ကို တာဝန်ပေးထားသေးသည်။ သူတို့က အနီးကပ်စောင့်ကြပ်ကြရသည်။ နန်းလောဝ်ခမ်းကတော့ သူမကို အကျဉ်းချထားတာဟု မြင်သည်။

နန်းလောဝ်ခမ်းသည် စိုင်းဝဏ္ဏနောက်ကို လိုက်လာခဲ့ရသောနေ့မှစ၍ သူမမိသားစုသတင်းကို မရတော့။ သူတို့အတွက် နန်းလောဝ်ခမ်းရင်မှာ နေ့စဉ်ပူလောင်နေရသည်။ မအောင့်အည်းနိုင်သည့်အဆုံး စိုင်းဝဏ္ဏကို မေးကြည့်ခဲ့ဖူးပါသည်။ စစ်ရေးအခြေအနေ မကောင်းသောကြောင့် အဆက် အသွယ်မရဟု ဖြေသည်။ ကြိုးစားစုံစမ်းပေးမည်ဟု နှစ်သိမ့်သည်။ သူမ မိသားစုကို တကယ်ပဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သလား။ ဒါမှမဟုတ် တစ်ဖက်လှည့် သတ်ခိုင်းလိုက်ပြီလား။ သူမရင်မှာ သံသယအပြည့်။ မသတ် ဘူးဘဲထား၊ အဖေနှင့်မောင်လေးကတော့ ကိစ္စမရှိ။ ရောဂါသည်အမေ အတွက်မူ ပူပန်သည်။ သမီးစိတ်နှင့် အိပ်ရာထဲလဲမှာသေချာသည်။ ထို့ပြင် နန်းလောဝ်ခမ်းသည် ဗိုလ်ဇော်ထွန်းကိုလည်း နေ့စဉ် သတိတရရှိနေသည်။ စာအတိုင်း လားရှိုးလိုက်လာလိမ့်မည်ကို ယုံကြည်သည်။ သူမကို မတွေ့ ရသော် မည်သို့ရှိလိမ့်မည်နည်း။ ဗိုလ်ဇော်ထွန်းနှင့်သူမသည် တစ်ယောက် ရင်ထဲကို တစ်ယောက်က ထိုးဖောက်သိနေကြသူများ ဖြစ်သည်။ နှစ်ဦး ရည်ရွယ်ထားသော ချစ်ဗိမာန်နန်းကို လှမ်းမြင်နေကြရသည်။ သို့ရာတွင် ထိုဗိမာန်နန်းကိုမရောက်ခင် အတောင်ကျိုးသောငှက်ငယ်ပမာ ဖြစ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ ချစ်ကာခဲ့သောအဖြစ်ကို တွေးမိတိုင်း အသည်းနှလုံးသည် ဖျစ်ဖျစ်မြည်အောင် အညှစ်ခံရသလို နာကျင်လှသည်။ မသန့်စင်တော့သော သူမအဖြစ်ကြောင့် ယူကျုံးမရ ဖြစ်ရသည်။ ဝမ်းနည်းမဆုံး ဖြစ်ရသည်။ ဤသို့လျှင် မိသားစုနှင့်ချစ်သူအတွက် ခံစားရသော ပူဆွေးသောကများသည် နန်းလောဝ်ခမ်းကို နေ့စဉ်နှင့်အမျှ ဖိစီးနှိပ်စက်လေသည်။ အဆိုပါသောက စိတ်သည် ဒေါသစိတ်အဖြစ် စိုင်းဝဏ္ဏအပေါ်တွင် စုပုံကျရောက်လေတော့၏။

မည်သို့ဆိုစေ စိုင်းဝဏ္ဏသည် နန်းလောဝ်ခမ်းနှင့်ပတ်သက်လာလျှင် သူမ၏လိုအင်မှန်သမျှကို မငြိုမငြင် ဖြည့်ဆည်းပေးတတ်ပုံမှာ စံတင် လောက်ပေသည်။ ဦးထွန်းလုံတို့အခြေအနေ သိရအောင် လက်အောက်ငိုလ် တွေ ကန့်ကွက်သည့်ကြားမှ လူလွှတ်စုံစမ်းခိုင်းသည်။ ရန်သူစစ်ကြောင်းတွေ ဝင်နေသော နယ်မြေထဲကို ဖြတ်သန်းသွားရမည်မှာ အန္တရာယ်ကြီးမားလှ သည်။ ရလဒ်ကား မကောင်းချေ။ တစ်ယောက်ကျပြီး တစ်ယောက်အဖမ်း ခံရ၏။ ကံကောင်းထောက်မစွာ တစ်ယောက်သာ ဒဏ်ရာနှင့်ပြန်ရောက်လာ သည်။ လိုချင်သောသတင်းလည်း ရခဲ့ပါ၏။ စစ်ရေးနှင့်ဘယ်လိုမှ မပတ်သက် သော နန်းလောဝ်ခမ်းအတွက် ကိုယ်ပိုင်သတင်း။ သမီးစိတ်နှင့် ဒေါ်မြမေ ကွယ်လွန်သွားသော သတင်း။ ဦးထွန်းလုံ သင်္ကန်းဝတ်သွားသော သတင်း။ စိုင်းအောင်ထွန်းတစ်ယောက်တည်း ခြံမှာနေနေသောသတင်း။ ဤသတင်း တွေကြောင့် နန်းလောဝ်ခမ်းမှာ နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက်။

ထိုအချိန်ကာလများသည် နန်းလောဝ်ခမ်းအတွက် ငရဲခန်းကို ဖြတ်သန်းနေရသော အချိန်ကာလများပေတည်း။

◙ ◙ ◙

ငရဲခန်းကုန်ဆုံးသောနေ့ကို ရောက်လာသည်။ ထိုနေ့ကား စခန်းအစီး ခံရသောနေ့။



အရုဏ်ဦး နေထွက်မပြူတပြူတွင် သေနတ်သံနှင့်အပါကိကျည်ဆံတွေ ကျယ်လောင်စွာထွက်ပေါ်လာသည်။ နန်းလောဝ်ခမ်းလည်း အလန့်တကြား ဖြင့် သူမနံဘေးရှိစိုင်းဝဏ္ဏကို ယောင်ယမ်းပြီး အတင်းဖက်တွယ်ထားမိလေ သည်။ စိုင်းဝဏ္ဏသည် နန်းလောဝ်ခမ်းကိုတွန်းဖယ်၍ အိပ်ရာမှထသည်။

"မကြောက်နဲ့၊ ထမပြေးနဲ့…ဝပ်နေ"

ဤမျှသာပြောနိုင်ပြီး သေနတ်ဆွဲကာ ပြေးထွက်သွားသည်။

စိုင်းဝဏ္ဏ၏ နောက်ဆုံးစကား၊ နောက်ဆုံးပုံရိပ်မှန်း ထိုစဉ်ကမသိခဲ့။ တိုက်ပွဲဆိုသည်ကို ကြားဖူးရုံသာရှိပြီး ကိုယ်တွေ့မကြုံဖူးသောကြောင့် အကြောက်လွန်ကာ ခေါင်းငြိမ်းခြုံထားမိသောအဖြစ်။ ပစ်သံခတ်သံ ပေါက်ကွဲသံတွေက ကမ္ဘာပျက်သည့်အလား နားအုံကွဲမျှ ဆူညံလှချေသည်။ ရသမျှဘုရားစာကိုလည်း အမြီးအမောက်မတည့်စွာ ဆိုနေမိသည်။ မည်မျှ ကြာသွားသည်မသိ၊ ဗိုကြီးတာဝန်ခံ အမျိုးသမီးကြီးက သူမကို လာခေါ် သည်။ သည်တစ်ခါတော့ "ဝဏ္ဏက ထမပြေးရဘူးတဲ့" ဟု စိုင်းဝဏ္ဏစကား ကို နားထောင်မိလျက်သား ဖြစ်သွားသည်။ သည်နေရာသည် သူမအတွက် လုံခြုံသောနေရာဟု ထင်နေသည်။ အတွေ့အကြုံရှိပုံရသော အမျိုးသမီး ကြီးက "ထမပြေးပါဘူး၊ ဝပ်သွားမှာပါ။ တဲတို့ အိမ်တို့ဆိုတာ ပစ်မှတ်ဖြစ် လွယ်တယ်။ နောက်ဘက်က ကျောက်တုံးအကွယ်တွေကို သွားကြမယ်" ဟု ဖွတ်အတင်းဆွဲခေါ်သဖြင့် ပါသွားရသည်။ ကံကောင်းသည်။ ခဏ အတွင်းမှာပင် တဲကို လက်နက်ကြီးကျည် ထိမှန်၍ မီးလောင်သွားသည်။ နန်းလောဝ်ခမ်း ဘုရားတနေရသည်။

အလင်းရောင် လူလုံးသဲကွဲလာချိန်တွင် သေနတ်သံတွေ ကျဲသွားသည်။ "ရန်သူတွေ စခန်းကို စီးမိတော့မယ်။ ပြေးကြရအောင်" ဟု အမျိုးသမီးကြီး ကပြောသည်။ အခြေအနေကို သုံးသပ်မိပြီဖြစ်သော နန်းလောဝ်ခမ်းက မလိုက်လိုကြောင်း ငြင်းသည်။ အမျိုးသမီးကြီးက –

www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းမိသွားရင် အနှိပ်စက်ခံရလိမ့်မယ်။ အစမ္မပြုခံရလိမ့်မယ်။ အသတ်တောင်ခံရနိုင်တယ်"

"အို…နှိပ်စက်ချင်ရင် နှိပ်စက်။ သတ်ချင်ရင်သတ်။ ကျွန်မ အမိခံမယ်"

နှစ်ယောက်သား အချီအချပြောနေစဉ် အရိပ်တစ်ခုမိုးလာ၍ မော့ကြည့်လိုက်ကြသည်။ စစ်သားတစ်ယောက် သူမတို့ကို သေနတ်ဖြင့် ချိန်ထားသည်။

စိုင်းဝဏ္ဏတို့ အထိနာသွားသည်။ စခန်းတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးနေသည်။ တဲတချို့ မီးစွဲလောင်တုန်း၊ မီးခိုးလုံးတွေ ကောင်းကင်ကို လွင့်တက်နေသည်။ ညှော်နံ့၊ ယမ်းနံ့တွေ ဝေနေသည်။ အလောင်းတွေက ဟိုတစ်လောင်း သည်တစ်လောင်း။ သူမတို့ကို အရာရှိထံခေါ်လာစဉ် တွေ့မြင်ရသော မြင်ကွင်းမှာ အနိဋ္ဌာရုံအတိ။

အရာရှိသည် သူမတို့ကို ဂရုမစိုက်နိုင်အား။ ဆေးရဲဘော်က ရှေးဦးသူနာပြုစုပေးနေသော လူနာကိုငုံ့ကြည့်နေသည်။

နန်းလောဝ်ခမ်းသည် လူနာကိုမြင်သည်နှင့် အံ့သြထိတ်လန့်သွားသည်။ "ဟင်…ဝဏ္ဏ" ဟု ရေရွတ်ကာ လူနာအဘေးမှာ ဒူးထောက်ထိုင်ချမိလျက်သား။ မိမိနှင့်မိသားစုဘဝကို ဖျက်ဆီးခဲ့သူမို့ စိတ်နာကြည်းသည်မှန်သော်ငြား ခုလို သွေးသံအလိမ်းလိမ်းနှင့် တွေ့လိုက်ရသောအခါ သူငယ်ချင်းသံယောဇဉ်ဖြင့် စိတ်မကောင်းဖြစ်ရသည်။ စိုင်းဝဏ္ဏသည် ဒဏ်ရာပြင်းထန်သောကြောင့် စကားမပြောနိုင်။ မျက်စိမှိတ်ကာ ညည်းတွားနေသည်။ အရာရှိနှင့်ရဲဘော်တို့၏ စူးစမ်းသောအကြည့်က နန်းလောဝ်ခမ်းထံတွင် စုပြုံကျရောက်နေ၏။

ခဏနေတော့ လက်နှစ်ဖက်က သူမ၏ပခုံးနှစ်ဖက်ကို ဆွဲကိုင်ထူမ၍ ထစေသည်။



"အရေးကြီးတဲ့လူနာမို့ အသက်လုဖို့ အချိန်နှောင့်နှေးလို့ မဖြစ်ဘူး။ သူ့ကို မန်ကပ်ဆေးတပ်ဆွယ် အမြန်ပို့ပေးရလိမ့်မယ်"

အရာရှိက ပြောသည်။

နန်းလောဝ်ခမ်းသည် ထမ်းစင်ပေါ်တွင်ပါသွားသော စိုင်းဝဏ္ဏကို နောက်ဆုံး တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

◙ ◙ ◙

နန်းလောဝ်ခမ်းကို ဗိုလ်စိုင်းဝဏ္ဏက အလိုမတူဘဲ ခေါ်ယူပေါင်းသင်းထားသူဖြစ်ကြောင်းနှင့် ထိုသို့ ခေါ်ယူသွားရခြင်းအကြောင်းတို့ကို ပဏာမစစ်မေးသူအရာရှိ သိသွားသည်။ အတူအဖမ်းခံရသော အမျိုးသမီးကြီးက ထောက်ခံထွက်ဆိုပေးသည်။ ဖြစ်စဉ်တစ်ခုလုံး နားထောင်ပြီးသောအခါ နန်းလောဝ်ခမ်း အံ့အားသင့်ဖွယ်၊ အားတက်ဖွယ် စကားတစ်ခွန်းကို အရာရှိက ပြောသည်။

"နောင်ငူမှာ ဖြစ်ပျက်သွားတဲ့သတင်းကို ကျွန်တော်တို့ ရပါတယ်။ ဒါကြောင့် တစ်ခုခု ထူးလိုထူးငြား ရွာများမှာ လှည့်ကင်း၊ ဝပ်ကင်းချထားလို့ အခုလို တိုက်ကွက်ဖော်နိုင်တာပါ။ ချက်ချင်း စခန်းပြောင်းမသွားတာဟာ စိုင်းဝဏ္ဏအမှားပဲ။ ဒါတွေထားလိုက်ပါတော့လေ။ မနန်းလောဝ်ခမ်းနဲ့ သက်ဆိုင်တာကိုပဲ ပြောကြရအောင်ပါ။ မနန်းလောဝ်ခမ်းနဲ့ ဇော်ထွန်း အကြောင်းကို ကျွန်တော် သိနေတာကြာပါပြီ။ မနန်းလောဝ်ခမ်းတို့ဆီက ထွက်လာတဲ့နေ့က ဇော်ထွန်းဟာ မန်ကပ်မှာရှိတဲ့ ကျွန်တော့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာပါတယ်။ ကျွန်တော်က ဇော်ထွန်း သူငယ်ချင်းသန်းအုန်းပါ။ ဇော်ထွန်းပြောပြလို့ ရှေ့ပိုင်းကဖြစ်စဉ်တွေကို ကျွန်တော် သိထားသလို အထက်ကိုလည်း အစီရင်ခံစာ တင်ပြထားပြီးသားပါ။ အခု

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲဖြစ်စဉ်ကိုလည်း တင်ပြမှာပါ။ ဒီဖြစ်စဉ်နှစ်ခု ပေါင်းစပ်လိုက်ရင် မနန်းလောဝ်ခမ်းနဲ့မိသားစုဟာ ကျွန်တော်တို့အပေါ်မှာ သစ္စာရှိတဲ့သူတွေဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။ မနန်းလောဝ်ခမ်းကို ရန်သူ့စခန်းမှာ မိခဲ့ပေမယ့် ကိုယ့်ဆန္ဒမပါဘဲ အကျပ်ကိုင်ခေါ်လာပြီး အသိမ်းပိုက်ခံရတာကြောင့် ဥပဒေနဲ့လွတ်ကင်းပါတယ်။ ဒီတော့ အခု လောလောဆယ် မနန်းလောဝ်ခမ်း ဘယ်ကိုသွားချင်သလဲ။ စိုင်းဝဏ္ဏရှိတဲ့ မန်ကပ်ဆေးတပ်ဆွယ်လား၊ နောင်ငူကိုလား။ သွားချင်တဲ့နေရာကို ပို့ပေးပါ့မယ်''

''ကျွန်မ နောင်ငူကိုပဲပြန်ပါ့မယ်''

''ကောင်းပြီလေ…အထက်ကိုတော့ စက်နဲ့ပြောလိုက်ပါဦးမယ်။ ပြီးတော့ ရွာပြန်ဖို့ တပ်ခွဲအရာခံဗိုလ်က စီစဉ်ပေးပါလိမ့်မယ်''

ရုပ်နားထောင်နေသော အရာခံဗိုလ်သည် မန်ကပ်ဗိုလ်တဲပေါ်တွင် ကြားခဲ့ရပြီးဖြစ်သော ဝဏ္ဏဆန့်လှသည့် အဖြစ်အပျက်၏ နောက်ဆက်တွဲဇာတ်လမ်းကို ထပ်မံသိရသောအခါ ရင်သပ်ရှုမောစွာ ခံစားရလေသည်။

နန်းလောဝ်ခမ်းသည် နောင်ငူမပြန်မီ ဗိုလ်ဇော်ထွန်းအကြောင်းကို ဗိုလ်သန်းအုန်းအား မေးမြန်းကြည့်သေးသည်။ သူ့တပ်ခွဲမန်ကပ်မှ ထွက်လာကတည်းက ဗိုလ်ဇော်ထွန်းနှင့် အဆက်အသွယ်မရှိတော့ကြောင်း၊ ခွင့်တစ်လတင်ပြီး အနားယူဦးမည်ဟုတော့ လားရှိုးမပြန်ခင် သူ့ကိုပြောသွားကြောင်း၊ ခုလောက်ဆို ရန်ကုန်ရောက်နေလောက်ပြီ ထင်ကြောင်းမျှသာ သိရသည်။

''မနန်းလောဝ်ခမ်းက ဇော်ထွန်းနဲ့တွေ့ချင်လို့လား။ အဆက်အသွယ်ရရင် ဘာပြောပေးရမလဲ''

ဗိုလ်သန်းအုန်းက သဘောရိုးဖြင့်မေးလေသည်။ နန်းလောဝ်ခမ်း ပျာပျာသလဲ ခေါင်းခါ၏။

''ဟင့်အင်း…မတွေ့ချင်ပါဘူး။ တွေ့စရာအကြောင်းလဲ မရှိပါဘူး။ ကျွန်မအဖြစ်ဆိုးတွေကြားရင် စိတ်မကောင်းဖြစ်ရုံပဲရှိမှာပါ။ မတော်တဆ



တွေ့ခဲ့ရင် ဒီအကြောင်းတွေကို ပြောမပြလိုက်ပါနဲ့နော်။ ကျွန်မကိုယ်ကျွန်မတောင်မှ ဒီအဖြစ်ဆိုးတွေကို မေ့ပျောက်ပစ်ချင်ပါတယ်။ ရှင်းစရာ ကိစ္စဝိစ္စတွေပြီးရင် တစ်နေရာသွားပြီး လူမသိသူမသိ ဇာတ်မြှုပ်နေပါတော့မယ်။ နန်းလောဝ်ခမ်းဆိုတဲ့ နာမည်ကိုဖျောက်ပြီး နာမည်သစ်နဲ့ လူသစ်၊ ဘဝသစ်ကို ထူထောင်ချင်ပါတယ်။ ဗိုလ်ကြီးက ကျွန်မကိုကူညီတဲ့အနေနဲ့ ကျွန်မနာမည်ဟာ နန်းမိုခမ်း၊ စိုင်းဝဏ္ဏမိန်းမဟာ နန်းမိုခမ်းလို့ သိထားပေးပါနော်''

◻ ◻ ◻

နန်းလောဝ်ခမ်းသည် နောင်ငူရောက်သည်နှင့် အမေ့မြေပုံကို သွားရောက် ကန်တော့သည်။

မြေပုံဘေးတွင်ထိုင်လျက် ဝမ်းပန်းတနည်း ရှိုက်၍ရှိုက်၍ ငိုမိပြန်သည်။

ဒေါ်မြမေသည် စိုင်းဝဏ္ဏက နန်းလောဝ်ခမ်းကိုခေါ်သွားပြီး နောက်တစ်နေ့ညတွင် ရင်ကွဲနာကျ၍ သေဆုံးခဲ့လေသည်။ မသေဆုံးမီ ဒေါ်မြမေ တတွတ်တွတ် ညည်းတွားရေရွတ်ခဲ့သောစကားမှာ ''သူမကြောင့် သမီးနန်းလောဝ်ခမ်း ဘဝပျက်ရတာ။ သူမ လားရှိုးမလိုက်ဘဲ တင်းခံနေလို့ ဒီလိုဖြစ်ရတာ။ ခင်ပွန်းနဲ့သားက ချက်ချင်းပြန်လွှတ်ပေမယ့် သူမက အချိန်ဆွဲထားလို့ စိုင်းဝဏ္ဏနဲ့တွေ့သွားတာ။ သမီးအဖြစ်ဆိုးကြုံရတာ သူမကြောင့်…သူမကြောင့်'' ဟူ၍ဖြစ်၏။ ရောဂါစုံအခံရှိသည်တွင် သည်စိတ်က ဖိစီးလွှမ်းမိုးကာ ဖိစီးသဖြင့် နှလုံးခုန် ရပ်သွားရခြင်း ဖြစ်လေ၏။

ထိုသို့ စိုင်းအောင်ထွန်းက ဇာတ်ကြောင်းပြန်သောအခါ…

''အို…အမေ့ကြောင့် မဟုတ်ပါဘူး။ လက်သည်တရားခံက သမီးပါ။ ဒီဖြစ်ရပ်တွေအားလုံးကို သမီးကစခဲ့တာပါ။ သမီးကြောင့် အဖေနဲ့မောင်လေးတို့ ပါလာရတာပါ။ အမေကတော့ ဘာမှမသိ အပြစ်ကင်းစင်ပါတယ်။ အမေ သမီးနဲ့လားရှိုးလိုက်ခဲ့ရင်လည်း အဖေနဲ့မောင်လေးကို ဝဏ္ဏက

www.burmeseclassic.com

www.burmeseclassic.com



သတ်မှာပဲ။ သမီးတစ်ယောက်တည်း ထွက်သွားရင်လည်း အမေတို့သုံးယောက်ကို သတ်မှာပဲ။ သမီးရှိနေလို့ မိသားစုကို ကယ်တင်နိုင်ခဲ့တာပါ။ သမီးရဲ့အရှက်နဲ့ မိသားစုအသက်ကို လဲပေးခဲ့ပေမယ့် အပြစ်မရှိတဲ့ အမေကတော့ စောစောစီးစီး လောကကြီးက ထွက်ခွာသွားခဲ့ပါပေါ့လား'' ဟု နန်းလောဝ်ခမ်း ချုံးပွဲချငိုကြွေးသည်။

သက်န်းဝတ် ဦးထွန်းလုံကမူ တည်ငြိမ်အေးဆေးလှပေ၏။

''ဘယ်သူ့ဘယ်သူကိုမှ အပြစ်တင်မနေနဲ့ ဒကာမလေး။ အပြစ်တင်လို့ကတော့ ဆုံးမှာမဟုတ်တော့ဘူး။ သတ္တဝါတွေဟာ ကံစီမံရာကို နာခံနေကြရတယ်။ လောကီဖြစ်ရပ်တွေမှာ အကြောင်းနဲ့အကျိုး ဆက်စပ်နေတယ်။ ကြောင်းကျိုးဆက်တရားကြောင့် သံသရာလည်နေကြတာပဲ။ အကျိုးသစ်ဖြစ်မလာအောင် အကြောင်းကို ပယ်ဖြတ်နိုင်ရမယ်။ တို့များလည်း ဝဋ်ကြွေး ဆပ်လိုက်ရတယ်လို့ မှတ်လိုက်။ ဝဋ်ကို ခွင့်လွှတ်လိုက်။ သံသရာကြွေးအသစ် အတင်မခံပါနဲ့ဒကာမလေး'' ဟု တရားပြသည်။

နန်းလောဝ်ခမ်းသည် ဖခင်ပဉ္စင်း၏အသွင်ကို မြင်ရပြန်တော့လည်း စိတ်ချမ်းသာသည်။ ဘဝထဲမှ တရားကိုရှာဖွေတွေ့ရှိသွားသော အဖေအတွက် ဝမ်းသာသည်။ အရှုံးထဲမှ အမြတ်ကို ယူငင်သွားနိုင်လေသူတည့်။

ရွာတွင် ခေတ္တမျှသာနေပြီး အင်းစိန်ရှိ အဒေါ်ထံသွားနေ၍ စာတ်မြုပ်ရန် နန်းလောဝ်ခမ်းဆုံးဖြတ်သည်။ သက်ဆိုင်ရာကလည်း ခွင့်ပြုသည်။ လိုအပ်လျှင် ဆက်သွယ်နိုင်ရန် အဒေါ်လိပ်စာ ပေးခဲ့ရသည်။ ခရီးမထွက်ခင်ကလေးမှာတင် စိုင်းဝဏ္ဏကွယ်လွန်ကြောင်း ရွာတွင်တပ်စွဲထားသော တပ်ခွဲရုံးက အသိပေးသည်။ မသွားတော့ပါ။ မပတ်သက်လိုတော့ပါ။ ဝဋ်ကို နန်းမိခမ်းက လျစ်လျူရှုလိုက်ပါချေပြီ။

တကယ်သွားမည်ဆိုတော့မှ ဦးပဉ္စင်းကြီးအတွက် နောက်ဆံတင်းပြန်သည်။ စိုင်းအောင်ထွန်းက စိတ်ချသွားပါ၊ သူ ဂရုစိုက်ပါမည်ဟု အာမခံ



သည်။ ငယ်ငယ်တုန်းက စိုင်းအောင်ထွန်းသာ သာသနာ့ဘောင်တွင် ပျော်မွေ့လျှင် မိဘက ပစ္စည်းလေးပါးဒါယကာဖြစ်စေရမည်ဟု ဒေါ်မြမေပြောဖူးသော စကားကို နန်းလောဝ်ခမ်း သတိရသည်။ ယခုမူ ဖခင်ပဉ္စင်းအတွက် သားဖြစ်သူက ပစ္စည်းလေးပါးဒါယကာ ဖြစ်ရတော့မည်။

ဪ…ဖြစ်ချင်တာမဖြစ်၊ မဖြစ်ချင်တာဖြစ်တတ်သော လူ့ဘဝပါတကား။

၇

နန်းလောဝ်ခမ်းသည် ကျောင်းဆရာမအလုပ်မှ ရုတ်တရက်ကြီး နုတ်ထွက်သွားရခြင်းမှာ ဗိုလ်ဇော်ထွန်းအား မတွေ့လိုသောကြောင့် မဟုတ်ကြောင်းကို မျိုးနှင့်ရိုးနှင့်ချို၍ ဇာတ်လမ်းရှည်ကြီးတစ်ပုဒ် ပြောပြီးသွားသည်။

ဗိုလ်ဇော်ထွန်း စကားမဆိုနိုင်ဘဲ ငိုင်သွားသည်။ ရင်နင့်ဖွယ် အဖြစ်ကြောင့် နန်းလောဝ်ခမ်းကို သနားမိသည်။ တိုတောင်းသော အချိန်အတွင်း မျက်စိလည်လမ်းမှားသွားသော ဖူးစာကံကို နားမလည်နိုင်အောင် ရှိရသည်။

''ကျွန်တော့်ကိုကူညီခဲ့တဲ့ ဆရာမတို့မိသားစုရဲ့အဖြစ်ဆိုးကို ကြားရတာ စိတ်မကောင်းပါဘူးဗျာ။ အတိတ်ကို ပြန်သွားလို့ရရင် ပြန်သွားလိုက်ချင်ပါတယ်။ ကျွန်တော့်ဘဝကို ဒဏ်ရာရတဲ့နေ့ရာက ပြန်စလိုက်ချင်ပါတယ်။ ဒီလိုမှန်းသိရင် ဆရာမတို့အကူအညီကို မတောင်းခဲ့ပါဘူး။ ဆရာမတို့ခြံကို မခိုခဲ့ပါဘူး။ ကျွန်တော့်ဘာသာ ဘာပဲဖြစ်ဖြစ် ထွက်သွားမှာပဲ''

''ဘာလို့ ယုတ္တိမတန်တဲ့စကားကို ပြောရတာလဲ ဗိုလ်ကြီးရယ်။ ဒီလိုကြုံရင် ဒီလိုဖြစ်ရမယ်ဆိုတာ ယုတ္တိယုတ္တာရှိတဲ့ ပြုလုပ်မှုပါ။ ကျွန်မရဲ့ ပြုလုပ်မှုအတွက် ကျွန်မ နောင်တမရပါဘူး''

နန်းလောဝ်ခမ်းသည် တွေ့စကပုံစံ မဟုတ်တော့ချေ။ အနာဂတ်ကို ရင်ဆိုင်ရန် ပြင်ဆင်အားမွေးပြီးသော အသွင်သဏ္ဍာန် ပီပြင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုးချစ်သူကို တွေ့တွေ့ချင်းတုန်းကတော့ မျိုသိပ်ထားခဲ့သော အားငယ်ဝမ်းနည်းစိတ်တွေက ဣန္ဒြေမဆည်နိုင်လောက်အောင် တွန်းကန်ထွက်လာခြင်းဖြစ်သည်။ ဖြစ်ကြောင်းကုန်စင် မခြွင်းမချန် အသိပေးပြီးသောအခါတွင်မူ ရင်ထဲမှာ ပေါ့သွားသည်။ ကြောက်သော စိုးထိတ်သော ရှက်ရွံ့သော စိတ်ညှို့တွေ မြူမျှတင်မကျန်ခဲ့တော့။ လတ်တလော ပစ္စုပ္ပန်အချိန်သည် ကုန်လွန်ခဲ့သောအတိတ်ကို ဆွေးနေခြင်းထက် လာလတ္တံ့သော အနာဂတ်အတွက် ပြင်ဆင်ရမည့်အချိန် မဟုတ်ပါလော။ ရှေ့ဆက်လှမ်းရမည့် ခရီးကြမ်းကို ရဲရဲဝံ့ဝံ့ဖြတ်သန်းရန် သူမရင်ဝယ် အားမာန်တစ်ခု ငြိတွယ်နေပြီမဟုတ်ပါလော။

"ဖြစ်လာခဲ့တာတွေကို ကျွန်တော်လည်း လက်ခံပါတယ်။ ဒါပေမယ့် ရလဒ်ဆိုးတွေ ပေါ်ထွက်လာလို့ ဖြစ်မလာခဲ့ရင်အကောင်းသားလို့ စေတနာနဲ့ ပြောလိုက်မိတာပါ"

"ဗိုလ်ကြီးအတွက်တော့ ရလဒ်ကောင်းခဲ့ပါတယ်"

"ဆရာမနဲ့လွဲခဲ့ရတဲ့အတွက် ရလဒ်မကောင်းသေးပါဘူး"

နန်းလောဝ်ခမ်းမျက်နှာဝယ် သွေးနီတစ်ချက် လွှမ်းသွားသည်။

"ဒီတစ်ခါ ဆရာမနဲ့ထပ်ပြီး မလွဲပါရစေနဲ့တော့။ ဆရာမ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ဆိုးအတွက် ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ကျွန်တော်ယူပါရစေ။ ဆရာမဘေးမှာ ကျွန်တော်ရှိနေပါရစေ။ နှစ်ယောက်အတူတွဲပြီး ဘဝကို ရင်ဆိုင်ကြရအောင်ပါ"

"မဖြစ်နိုင်တော့ပါဘူး၊ ဗိုလ်ကြီးရဲ့ တာဝန်သိတတ်တဲ့စိတ်၊ တာဝန်ယူချင်တဲ့စိတ်ကို ကျွန်မ ကျေးဇူးတင်ပါတယ်။ အခု ဗိုလ်ကြီး သိချင်တာတွေလည်း သိရပြီ။ ပေးစရာရှိတာလည်း ပေးပြီးပြီဆိုတော့ ဗိုလ်ကြီးပြန်ပါတော့ရှင်။ ကျွန်မဟာ နန်းလောဝ်ခမ်းဆိုတဲ့ နာမည်ကိုဖျောက်ပြီး နန်းမိုခမ်း



ဆိုတဲ့နာမည်နဲ့ ဘဝသစ်ထူထောင်နေသူပါ။ ကျွန်မဘဝမှာ နန်းလောဝ်ခမ်းဆိုတာ မရှိတော့ပါဘူး။ နန်းလောဝ်ခမ်းနဲ့ ပတ်သက်သမျှကို မေ့ပစ်လိုက်ပါပြီ။ ဗိုလ်ကြီးလည်း နန်းလောဝ်ခမ်းဆိုတာကို ဗိုလ်ကြီးဘဝထဲက ထုတ်ပစ်လိုက်ပါတော့"

"ကျွန်တော့်အတွက်ကတော့ နန်းလောဝ်ခမ်းဆိုတဲ့နာမည် ပျောက်သွားပေမယ့် တာရာသီဂီဆိုတဲ့နာမည် ကျန်နေပါသေးတယ်။ တာရာသီဂီကတော့ ကျွန်တော့်အသည်းနှလုံးမှာ ကမ္ပည်းထိုးထားတဲ့နာမည်မို့ ဘယ်တော့မှ ပျောက်ပျက်သွားမှာ မဟုတ်ပါဘူး။ ဆရာမကို လက်တွဲပါရစေဆိုတာ တာဝန်အရ ပြောတာမဟုတ်ပါဘူး။ တာရာသီဂီကို ချစ်မြတ်နိုးတဲ့ မေတ္တာစိတ်နဲ့ ပြောခဲ့တာပါ။ တာရာသီဂီကို ကျွန်တော်ချစ်တယ်။ သိပ်ချစ်တယ် ဆရာမရယ်"

"အို…"

ဗိုလ်ဇော်ထွန်းသည် နန်းလောဝ်ခမ်းကို ရင်ခွင်ထဲဆွဲယူ၍ တရှိုက်မက်မက်နမ်းရှုပ်မိသည်။ နန်းလောဝ်ခမ်း မငြင်းဆန်။ ခဏနေမှ ရင်ခွင်မှ အသာအယာရုန်းထွက်ပြီး…

"ကျွန်မမှာ ကာမပိုင်ရှိနေပါတယ်" ဟု ရှက်ကိုးရှက်ကန်း ပြောလေသည်။ "ကာမပိုင်က ကွယ်လွန်သွားပြီပဲ" ဟု ဗိုလ်ဇော်ထွန်းက ပြုံးယောင်ယောင်မျက်နှာပေးနှင့် ဆိုသောအခါတွင် နန်းလောဝ်ခမ်း မျက်ရည်တွေတွေ စီးကျလာပြန်သည်။ "ဘာဖြစ်လို့လဲ…ဟင်" ဟု ဗိုလ်ဇော်ထွန်းက ပျာပျာသလဲမေးယူရသည်။

"ပွင့်လင်းလက်စနဲ့ တစ်ခါတည်း ပြောလိုက်ပါတော့မယ်။ ကျွန်မ…ကျွန်မဆီမှာ…လူယုတ်မာရဲ့သွေး ပါလာပါတယ်။ အဲ…အဲဒါကြောင့်…"

www.burmeseclassic.com

www.burmeseclassic.com



နန်းလောဝ်ခမ်းသည် မျက်နှာပူပူနှင့် အားတင်းပြီး အသိပေးလိုက်ရသော်လည်း စကားကို အဆုံးမသတ်နိုင်ရှာ။

ဗိုလ်ဇော်ထွန်းလည်း ဒုတိယအကြိမ် ငိုင်ကျသွားရပြန်သည်။ သူ့အနေနှင့် လူတစ်ယောက်၏ရင်ခွင်ဝယ် ရောက်ခဲ့ပြီးသား နန်းလောဝ်ခမ်းကို ကြည်ဖြူနိုင်သည်ထားဦး။ ထိုသူ၏သွေးသားကိုမူ ကြည်ဖြူစွာ လက်ခံနိုင်ပါ့မည်လား။ စဉ်းစားစရာ ဖြစ်သည်။ အသေအချာလည်း စဉ်းစားရပေသည်။ သူတို့နှစ်ယောက်ကိုသာမက မိဘဆွေမျိုးအသိုင်းအဝန်းကိုပါ ဂယက်ရိုက်ရမည့် ကိစ္စပင်။

နန်းလောဝ်ခမ်းက ကိုယ်ဝန်ကို ဖြစ်အောင်မွေးမည်ဟု အခိုင်အမာ ဆိုသည်။ သူမ ဝဏ္ဏကိုမချစ်။ သို့သော် သူမလွယ်ထားရသော ကိုယ်ဝန်မှာ သူမသွေးပါသည်။ သူမ၏သွေးသားလည်း ဖြစ်သည်။ အဲမြလို သတ္တိမနည်းချင်။ စင်စစ် ကလေးမှာ အပြစ်မရှိ။ ဖခင်ကဲ့သို့ လမ်းမမှားအောင် ပြုစုပျိုးထောင်ရင်း သူမလမ်း သူမသွားပါရစေဟု တောင်းပန်သည်။

နန်းလောဝ်ခမ်း၏ မိခင်ပီသသောစိတ်ဓာတ်၊ အရာရာကို ရင်ဆိုင်ဝံ့သောသတ္တိ၊ သူမ၏ဘဝဆိုးထဲသို့ ချစ်သူကို ဆွဲမသွင်းလိုသော စေတနာတို့ကို ဗိုလ်ဇော်ထွန်း တွေ့မြင်လာသည်။ ထိုအခါ သူလည်း ပြတ်သားသော ဆုံးဖြတ်ချက်ကို ချဖြစ်သည်။

"ကျွန်တော့်ကို ရေလာမြောင်းပေးတဲ့သူ ရှိပါတယ်။ ဒါပေမယ့် ဘယ်မိန်းကလေးကိုမှ ကျွန်တော် မချစ်ခဲ့ပါဘူး။ ချစ်လို့လည်း မရခဲ့ပါဘူး။ ဆရာမနဲ့တွေ့မှ ကျွန်တော့်နှလုံးသားဟာ ချစ်တတ်လာရတာပါ။ ဆရာမဟာ ကျွန်တော့်အချစ်ဦးပါ။ ပြီးခဲ့တဲ့ကိစ္စဟာလည်း ဆရာမ လော်လီဖောက်ပြားလို့မှ မဟုတ်ဘဲ။ ဆရာမ ဆယ်ခါပြန် အိုနေပါစေ၊ ကျွန်တော့်မေတ္တာ



တစ်ရွေးသားမှ မလျော့ပါဘူး" ဟု စကားကုန်ပြောသည်။ မည်သည့် အတားအဆီးကမှ သူ့ဆုံးဖြတ်ချက်ကို ပြောင်းလဲစေလိမ့်မည်မဟုတ်ကြောင်း နန်းလောဝ်ခမ်း ယုံကြည်စေချင်သည်။ နန်းလောဝ်ခမ်းအတွက် စိုင်းဝဏ္ဏ ပြောခဲ့သော ချစ်စကားထက် ဗိုလ်ဇော်ထွန်း၏မေတ္တာစကားက အဆရာထောင်မက နားဝင်ချိုမြပေသည်။

ဗိုလ်ဇော်ထွန်းက ဆက်ပြောသည်။

"ဆရာမဝမ်းနဲ့လွယ်မွေးရတဲ့ ကလေးဟာ ဆရာမရင်သွေးပါပဲ။ ချစ်သူ့ရင်သွေးကို ဖခင်မေတ္တာ အပြည့်အဝပေးပါ့မယ်လို့ ကျွန်တော် ကတိပေးပါတယ်။ တစ်ခုတော့ရှိလေရဲ့၊ ကလေးနောင်ရေးအတွက် ဖခင်အမှန်ကိုတော့ ကျွန်တော်တို့နှစ်ယောက်ကလွဲလို့ ဘယ်သူ့မှ အသိမပေးရဘူး။ မတော်တဆ ပေါ်သွားရင်လည်း ဆရာမတို့သားအမိဘက်က ရပ်တည်ပေးပါ့မယ်။ အကာအကွယ် ပေးပါ့မယ်"

နန်းလောဝ်ခမ်းတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထမျှ ကြည်နူးသွားရသည်။ သို့သော် စိတ်ချလက်ချ မရှိဝံ့သေး။ ဗိုလ်ဇော်ထွန်းနှင့် သူမသည် အဆင့်အတန်းချင်း အလွန်ကွာသည်။ ဂုဏ်အသရေ ကွာသည်။ ဥစ္စာဓနလည်း ကွာသည်။ လူမှုအသိုင်းအဝန်းလည်း ကွာသည်။ ပြောရလျှင် နာမည် အစွန်းအထင်းလည်း ကွာသည်ပင်။ သူမဘက်က ကြဲကြဲဖန်ဖန် ရှားရှားပါးပါး ဂုဏ်တင်စရာဟူ၍ မျိုးချစ်တော်လှန်ရေးကို ထောက်ခံခဲ့ခြင်းနှင့် တပ်မတော်ကို ဘဝနှင့်ရင်း၍ ကူညီခဲ့ခြင်းသာရှိသည်။ ချိန်စက်ကြည့်လျှင် သူမဘက်က အလွန်ပေါ့နေသည်ဟု ခံစားရသည်။ ထို့ကြောင့် "ဗိုလ်ကြီးမိဘတွေကို မခြွင်းမချန် အသိပေးလိုက်ပါ။ သူတို့ လိုလိုလားလား သဘောတူမှ လက်ထပ်ပါရစေ" ဟု ခြွင်းချက်ဖြင့် သဘောတူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၈

“အို…မတူဘူး၊ မတူဘူး။ ဘယ်လိုမှ သဘောမတူနိုင်ဘူး”

ဗိုလ်မှူးဇော်ထွန်းက သူနှင့်နန်းလောဝ်ခမ်းအကြောင်း အသိပေးပြီး လက်ထပ်ခွင့်တောင်းသောအခါ ဒေါ်တင်မေက ခါးခါးသီးသီး ငြင်းသည်။

“အဖေလည်း ပညာရေးဝန်ထမ်းဖြစ်ခဲ့တာမို့ ကျောင်းဆရာမဆိုတဲ့ ဂုဏ်ပုဒ်ကို သဘောကျပါတယ်။ သားကို ကျောင်းဆရာမ တစ်ယောက်ယောက်နဲ့ ရစေချင်တာဟာ အဖေ့ဆန္ဒအမှန်ပါ။ ဒါပေမယ့် သားပြောတဲ့ ဆရာမကလေးက မုဆိုးမဆို။ ခင်ပွန်းက သောင်းကျန်းသူဗိုလ်ဆို၊ သားက စစ်ဗိုလ်ဆိုတော့ အများအမြင်မှာ တင့်တယ်ပါ့မလား”

ဦးခင်စိုးက ပညာသားပါပါ ပယ်ချသည်။

“စိုင်းဝဏ္ဏကို နန်းလောဝ်ခမ်းရဲ့ခင်ပွန်းလို့ ခြေခြေမြစ်မြစ် ပြောလို့မရပါဘူး။ နန်းလောဝ်ခမ်းကို သူမိသားစုအသက်နဲ့ အကျပ်ကိုင်ပြီး တောထဲခေါ်သွားတာပါ။ အလိုမတူဘဲ ပေါင်းသင်းခဲ့တာပါ။ တကယ်ဆိုရင် ဒါဟာ ရာဇဝတ်မှုပါပဲ။ နန်းလောဝ်ခမ်းကို စိုင်းဝဏ္ဏမိန်းမဆိုတာထက် အဓမ္မသမားရဲ့လက်ထဲကိုရောက်သွားတဲ့ သားကောင်လို့မြင်မှ မှန်ကန်ပါလိမ့်မယ်။ ဒါကြောင့် ခင်ပွန်းနဲ့ဇနီးအဖြစ် ယူဆလို့မရပါဘူး”

ဗိုလ်ဇော်ထွန်း၏ ကာကွယ်ပြောဆိုမှုကို ဦးခင်စိုးက လက်မခံချေ။ “စကားလှအောင်ပြောပေမယ့် အဓိပ္ပာယ်က အတူတူပါပဲကွာ” ဟု ချေဖျက်သည်။ ဒေါ်တင်မေကလည်း “ဒီလောက်တောင် ဒီဆရာမဘက်က လိုက်ပြောနေပုံထောက်တော့ ပြစားခံထားရပြီ၊ ဆေးမိနေပြီထင်တယ်။ ဒါမှမဟုတ် ဒီကလေးမက သူ့ကိုမယူယူအောင် သွေးဆောင်ဖြားယောင်းလှတ်လိုက်တာထင်တယ်” ဟု တိုင်းရင်းသားချင်း ရှေးရိုးမကောင်းအမြင်များနှင့်ရောထွေးကာ မှတ်ချက်ပြုသည်။



“အမေထင်တာတွေ တစ်ခုမှမဟုတ်ပါဘူး။ သူတို့ခြံမှာ လှို့ဝှက်နေထိုင်ပြီး ဆေးကုသမှုခံယူနေစဉ်ကတည်းက ကျွန်တော်တို့ချင်း နှစ်သက်နေခဲ့ကြတာပါ။ နန်းလောဝ်ခမ်းဟာ ကျွန်တော် ပထမဆုံးချစ်ခဲ့ဖူးတဲ့သူပါ။ အဖေနဲ့အမေ့ကိုဖွင့်ပြောပြီး သူ့ကိုလက်ထပ်မယ်လို့ အဲဒီကတည်းက စိတ်ကူးထားခဲ့ပါတယ်”

“နေပါဦး…ရှမ်းတဲမှာ ဇာတ်ကြောင်းပြန်တုန်းက ဒီအကြောင်းတွေ ထည့်မပြောခဲ့ပါလား”

ဦးခင်စိုးက ကြားဖြတ်ဝင်ထောက်၏။

“ဩော်…အဖေရယ်၊ အထက်ကို တရားဝင်တင်ပြတဲ့ အဖြစ်မှန်တွေ မိဘကိုဇာတ်ကြောင်းပြန်တဲ့ ဖြစ်ရပ်မှန်တွေထဲမှာ ကျွန်တော်တို့ရဲ့ ကိုယ်ရေးကိုယ်တာခံစားချက်တွေကို ထည့်ပြောလို့ ဖြစ်ပါ့မလား။ မိဘတွေကို အသိမပေးသင့်သေးတဲ့အချိန်မို့ တမင် ချန်ထားခဲ့ရတာပါ”

“ဒီအချက်ကို အခုမှဖန်တီးပြီး ပြန်ထည့်ပြောရင်လည်း ဖြစ်တာပါပဲလေ”

“အမေတို့က သားပြောသမျှ လက်ခံရတော့မှာလား”

ဗိုလ်ဇော်ထွန်းသည် စိတ်ပျက်သွားဟန်ဖြင့် လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူ့စကားကိုပင် မယုံကြည်ကြတော့ပါလား။ သို့သော် သူသည် အလွယ်တကူ လက်လျှော့မည့်သူ မဟုတ်။ သူ့စကားကို လုပ်ဇာတ်ဟု မိဘတွေကထင်နေသည်။ အမှန်တရားသည် အချိန်ကာလနှင့်ကျိုးကြောင်း ဆက်စပ်မှု ကွင်းဆက်မိသွားလျှင် ပေါ်လွင်ထင်ရှားလာရမည်ဟု သူ ယုံကြည်သည်။

“ခွင့်တစ်လရရချင်း ရန်ကုန်ကိုတန်းမလာဘဲ လားရှိုးကိုသွားခဲ့တာဟာ ဘာကြောင့်လဲ။ ခွင့်ယူပြီးလာခဲ့မယ်လို့ နန်းလောဝ်ခမ်းဆီ စာရေးချိန်းထားဘာကြောင့် သူ့ကိုတွေ့ဖို့ သွားခဲ့တာပါ။ လားရှိုးရောက်တော့ သူမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အမေနေမကောင်းလို့ ရွာပြန်သွားတယ်။ နောက် အလုပ်ထွက်စာရောက်လာတယ်ဆိုတာလောက်ပဲ သိရတယ်။ ဒီအချိန်ဟာ တောထဲမှာ သူ လောကငရဲ ခံစားနေရတဲ့အချိန် ဖြစ်မှာပဲ။ ပြောချင်တာက သူ့ဆီကို အချိန်းအချက်လုပ်ပြီး သွားခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ နောက်တစ်ခုက ကျွန်တော့်စာ။ စိုင်းဝဏ္ဏက ကျွန်တော့်စာကိုတွေ့သွားတော့ နန်းလောဝ်ခမ်းဟာ ကျွန်တော့်လက်ထဲ ပါသွားတော့မယ်ဆိုတာသိလို့ မရမကခေါ်သွားတာပါ။ စိုင်းဝဏ္ဏနဲ့ကျွန်တော် နန်းလောဝ်ခမ်းကို ပြိုင်လုတယ်။ နန်းလောဝ်ခမ်းက ကျွန်တော့်ဘက်ပါတယ်။ ဒါကြောင့် စိုင်းဝဏ္ဏက လက်ဦးမှုရယူသွားတဲ့ သဘော ရှင်းရှင်းကလေးပါ။ ဒါက ဒုတိယအချက်။ ဒီနှစ်ချက်ကိုကြည့်ရင် နန်းလောဝ်ခမ်းနဲ့ ကျွန်တော့်ရဲ့မေတ္တာဇာတ်လမ်းဟာ နောင်ဂူခြံမှာ ကျွန်တော် ခိုနေစဉ်ကတည်းက အစပျိုးတယ်။ ထိုးဇာတ်မဟုတ်ဘူးဆိုတာ သိသာနိုင်ပါတယ်''

ဗိုလ်ဇော်ထွန်းက ရှည်လျားစွာရှင်းပြသည်။ ထို့နောက် ဆက်ပြောသည်။

''မိသားစုလည်း အခြေပျက်၊ လူလည်း ဘဝဆုံးခဲ့တဲ့တိုင်အောင် ကျွန်တော်စောင့်နေမှန်းသိလျက်နဲ့ ကျွန်တော့်ဆီကို သူ မလာခဲ့ပါဘူး။ နန်းမိုခမ်းလို့ နာမည်ပြောင်းပြီး ဇာတ်မြှုပ်နေထိုင်ရင်း ကျွန်တော့်ကိုရှောင်ဖို့ ကြိုးစားခဲ့တာပါ။ ဗိုလ်မှူးကျော်သူပေးနိုင်းတဲ့ ဆွဲကြိုးကိုအကြောင်းပြုပြီး မမျှော်လင့်ဘဲ ပြန်တွေ့တဲ့အခါ ကျွန်တော် သူ့ကို နောက်တစ်ကြိမ် အဆုံးရှုံး မခံနိုင်တော့ဘူး။ လက်ထပ်ခွင့်ပေးဖို့ ကျွန်တော်က တောင်းဆိုပါတယ်။ နန်းလောဝ်ခမ်းက မသန့်ရှင်းတော့တဲ့ သူ့ဘဝကြောင့် အတန်တန်ငြင်းပါတယ်။ ကျွန်တော် မရမကပြောလွန်းမှ 'အဖေနဲ့အမေကို အကုန်ပြောပြပါ' တဲ့။ 'အဖေနဲ့အမေ သဘောတူမှ သူ့ကိုလက်ထပ်' ပါတဲ့။ အမေ ထင်သလို



ကျွန်တော့်ကို သွေးဆောင်ဖြားယောင်းဖို့ဆိုတာ ဝေလာဝေး။ ကျွန်တော့်ကို ချစ်လျက်နဲ့ စွန့်လွှတ်ဖို့အထိ သူ့စိတ်ထားဟာ ကျွန်တော့်အပေါ်မှာ ရိုးသားဖြူစင်ခဲ့ပါတယ်''

ဦးခင်စိုးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် ''ငါတို့က သဘောမတူရင် ဆရာမကလေးက မယူဘူးဆိုတဲ့သဘောပေါ့'' ဟု သေချာအောင်မေးသည်။ ''ဟုတ်ပါတယ်၊ သူ ဒီလိုပဲပြောခဲ့တာပဲ။ ကျွန်တော့်ကို လက်ခံမှာမဟုတ်ဘူး'' ဟု ဗိုလ်ဇော်ထွန်းက ဖြေသည်။

''သူမယူလည်း ဘာအရေးလဲကွာ။ အဖေတို့က သားနဲ့သင့်လျော်မယ့် ဇနီးလောင်းတစ်ယောက် ရှာပေးမှာပေါ့''

''သူ့ကိုမှမရရင် ဘယ်မိန်းမကိုမှ မယူနိုင်ဘူးအဖေ''

''အဖေတို့စီမံတာကို ငြင်းဆန်မယ်ဆိုတဲ့သဘောလား''

ဦးခင်စိုးလေသံက အနည်းငယ်မာလာသည်။ သားအဖနှစ်ယောက်၏ ပဋိပက္ခသည် ပြင်းထန်လာတော့မည်ကို ဒေါ်တင်မေ စိုးရိမ်လာသည်။

''ကျွန်တော်ဟာ တစ်သက်လုံး မိဘစကားကို မြေဝယ်မကျ နားထောင်လာခဲ့သူပါ။ ဒီတစ်ကြိမ်တော့ ကျွန်တော့်ဘဝ တစ်သက်တာ အရေးမို့ ကျွန်တော့်စိတ်ကြိုက် ရွေးချယ်ခွင့်ပေးစေချင်ပါတယ်''

''အဖေတို့မျက်နှာကို အိုးမည်းသုတ်ခဲ့ရင် ဒီတစ်သက် အဖေတို့နဲ့ ပြတ်ပြီမှတ်''

''အို…ဘာလို့ ဒီလိုပြောရတာလဲ။ ဒီသားတစ်ယောက်ပဲရှိတာ၊ စွန့်မပစ်နိုင်ပါဘူး။ နားလည်လက်ခံလာအောင် ဖျောင်းဖျပြောရမှာပေါ့။ သားကလည်း မိဘမျက်နှာကိုထောက်ပြီး ဆုံးဖြတ်စေချင်တယ်ကွယ်''

မနေနိုင်တော့သော ဒေါ်တင်မေက ကြားဝင်သည်။ ဤအခွင့်ကောင်းကို ဗိုလ်ဇော်ထွန်းက အရယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လွတ်မြောက်အောင် အကူအညီပေးခဲ့တဲ့မိသားစုနဲ့ ပတ်သက်ပြီး ရှမ်းတဲမှာတုန်းက အမေ ဘယ်လိုပြောခဲ့သလဲဆိုတာ မှတ်မိသေးလား"

သောင်းကျန်းသူတွေ ကျက်စားသည့် အညိုရောင်နယ်မြေမှာပင် ဖြစ်လင့်ကစား ဗိုလ်ဇော်ထွန်းကို စွန့်စွန့်စားစား လျှို့ဝှက်ထားကာ ဆေးဝါးကုသပေးခဲ့သော၊ ကျွေးမွေးစောင့်ရှောက်ခဲ့သော၊ မိမိတပ်စိုးမိုးရာ နယ်မြေထဲအထိ လိုက်ပို့ပေးခဲ့သော ဦးထွန်းလုံတို့ မိသားစု၏ကျေးဇူး ကြီးမားလှသည်။ အကြောင်းသင့်လျှင် ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ရမည်ဟု ဒေါ်တင်မေက ပြောခဲ့ဖူးလေသည်။

"မှတ်မိပါတယ်ကွယ်"

ဒေါ်တင်မေက ဖြည်းဖြည်းလေးလေး ဖြေသည်။

"ကျွန်တော်ကလည်း မန်ကပ်ကိုထွက်မလာခင်ညမှာ ပြန်လည် အကူအညီပေးဖို့ အခွင့်ကြုံကြိုက်ခဲ့ရင် အရာရာကိုစွန့်လွှတ်ပြီး ကျေးဇူးတုံ့ပြန်ပါမယ်လို့ ကတိပေးခဲ့တယ်"

ဗိုလ်ဇော်ထွန်းစကားကို ဦးခင်စိုးနှင့်ဒေါ်တင်မေတို့က မှတ်ချက်မပေးကြ။ ဗိုလ်ဇော်ထွန်းက ဆက်ပြောသည်။

"ဦးထွန်းလုံတို့ဘက်က မတောင်းဆိုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဘက်က ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ရမယ့် အချိန်ကိုရောက်လာပြီလို့ ကျွန်တော် ပြောချင်တာပါပဲ"

"ဆရာမကလေးကိုယူမှ ကျေးဇူးဆပ်ရာရောက်မှာလားကွာ"

"တခြားနည်းနဲ့ ကျေးဇူးဆပ်လို့မရဘူးလားသား"

ဦးခင်စိုးနှင့် ဒေါ်တင်မေသည် ဗိုလ်ဇော်ထွန်းကို နန်းလောဝ်ခမ်းနှင့် ယှဉ်မည့်နည်းမှလွဲ၍ အခြားနည်းတစ်ခုခုဖြင့် တာဝန်ကျေသွားအောင် တုံ့ပြန်



စေလိုသော သဘောရှိသည်။ ရွှေပုံပေးသည် ဖြစ်စေ၊ ငွေပုံပေးသည်ဖြစ်စေ ထိုနည်းများသည် သူ့အသက်ကိုကယ်တင်ခဲ့သော ကျေးဇူးနှင့် ထိုသို့ကယ်တင်ခဲ့သောကြောင့် မိခင်သေ၊ ဖခင် ရဟန်းဘောင်ဝင်၊ မောင်ငယ်အထီးကျန်ဖြစ်ကာ ကိုယ်တိုင် အပျိုရည်ပျက်ခဲ့ရသော အနစ်နာခံမှုတွေနှင့် နှိုင်းယှဉ်သော် ဇီးစေ့နှင့်မြင်းမိုရ်တောင်၊ နွားခြေရာခွက်နှင့်ပင်လယ်တမျှ ကွာခြားလှကြောင်း ဗိုလ်ဇော်ထွန်းက ရှင်းပြသည်။ မေတ္တာအရင်းခံ ရိုးရင်းစွဲမှု ရုပ်ဝတ္ထုပစ္စည်းထက် စိတ်ချမ်းသာမှုနှင့် ဘဝအာမခံချက် ပေးနိုင်မှုတို့သည်သာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ဆိုသည်။ နန်းလောဝ်ခမ်းတို့ မိသားစုသည် သူတို့၏ကံကြမ္မာကို ဗိုလ်ဇော်ထွန်း၏လွတ်မြောက်ရေးနှင့် အလဲအလှယ်ပြုခဲ့ကြခြင်း ဖြစ်သည်။ အကျိုးမျှော်ကိုးမှုကင်းမဲ့စွာဖြင့် တာဝန်သိသိ စေတနာသန့်သန့် ကူညီခဲ့ကြသည်။ ဆိုးကျိုးဆက်တရားကို ခံစားရသောအခါ ဗိုလ်ဇော်ထွန်းကို စိတ်မကွက်၊ လုပ်ခဲ့သည်ကို နောင်တမရဘဲ ကံကြမ္မာကို ရိုးမယ်ဖွဲ့ကာ ကျေကျေနပ်နပ် အနစ်နာခံသွားကြသော မိသားစုဖြစ်သည်။ ဤသည်ကိုသိပါလျက် လျစ်လျူရှုခဲ့လျှင် သို့တည်းမဟုတ် ဝတ်ကျေတန်းကျေမျှသာ တုံ့ပြန်ခဲ့လျှင် ဤလောကတွင် သူ့လောက်မိုက်မဲသူ ရှိတော့မည်မဟုတ်။ လောကီလောကုတ်နှစ်ဖြာ အကျိုးယုတ်ပေတော့မည်။ တစ်သက်လုံး စိတ်ဆင်းရဲရပေတော့မည်။ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သောအလုပ်ကို သူ့ လုပ်ပါရစေ။ အဖေနှင့်အမေတို့ ခွင့်ပြုကြပါဟု ဗိုလ်ဇော်ထွန်းက တောင်းပန်တိုးလျှိုးလေသည်။

အကျိုးသင့် အကြောင်းသင့်ဖြစ်၍ ဦးခင်စိုးတို့ တင်းတင်းမာမာ ငြင်းဆန်ရန် အခက်တွေ့သည်။ လင်မယားနှစ်ယောက်တိုင်ပင်ကာ ဖွင့်ပြောရတော့သည်။

"တို့ ဒီလောက်ငြင်းနေရတာက စကားလွန်ပြီးသားဖြစ်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဇော်ထွန်းက နားမလည်သလိုကြည့်သည်။ “ဘာစကား လွန်တာလဲ” ဟုမေးသည်။

ထိုအခါ ဒေါ်မြမေက -

“သားကို မိန်းကလေးတစ်ယောက်နဲ့ပေးစားဖို့ မိဘချင်း ပြောပြီးသားဖြစ်နေတယ်။ အမေတို့ဘက်က စပြီးပျက်ကွက်ရင် မျက်နှာပျက်စရာဖြစ်ကုန်တော့မယ်”

“ဟင်…ကျွန်တော်လည်း မသိရပါလား။ ကျွန်တော့်ကို ကြိုတင်အသိပေးဖို့ ကောင်းတာပေါ့”

ဗိုလ်ဇော်ထွန်းက မိဘနှစ်ပါးကို မကျေမနပ်အပြစ်တင်သည်။ ပြဿနာတစ်ခုအစား နှစ်ခုဖြေရှင်းရတော့မည်။ ဘယ်သူနဲ့လဲဟု မေးသည်။ ဦးခင်စိုးအဖြေကို ကြားသောအခါ သူ အံ့အားသင့်ရသည်။

“ဟိုဘက်ခြံက မေကြည်ငြိမ်း”

◙ ◙ ◙

မေကြည်ငြိမ်းသည် ဗိုလ်ဇော်ထွန်းကို ကျိတ်၍မျှော်နေမိ၏။ သို့သော်ပေါ်မလာပါသေး။

သူမလာလျှင် ကိုယ်သွားတွေ့လို့မရဘူးလား။

များသောအားဖြင့် ဗိုလ်ဇော်ထွန်းသည် ရန်ကုန်ရောက်လျှင် မေကြည်ငြိမ်းရှိသောနေရာကို အရောက်လာတွေ့လေ့၊ နှုတ်ဆက်လေ့ရှိပါသည်။ မောင်နှမတို့၏ချစ်ခြင်း၊ သူငယ်ချင်းတို့၏ခင်မင်ခြင်းဖြင့် ပျော်ရွှင်ကြည်နူးခဲ့ကြပါသည်။ အကယ်၍ ဗိုလ်ဇော်ထွန်းရောက်နေသည်ကို မေကြည်ငြိမ်းက အသိဦးလျှင် မေကြည်ငြိမ်းကသွားတွေ့ပြီး ဘာလို့လာမတွေ့တာလဲ၊ အစ်မထက် ဂရုစိုက်ရမယ့်သူ ရှိနေလို့လားဟူ၍ အပြစ်တင် ကျီစယ်ခဲ့ဖူးသည်။



ယခု ဗိုလ်ဇော်ထွန်းရောက်နေသည်မှာ တစ်နေကုန်ပြီ။ သူမလာလျှင် ကိုယ်သွားလို့ရပါသည်။ ယခင်လည်း သွားခဲ့ဖူးပါသည်။ သို့သော် ယနေ့တော့ မသွားချင်။ မသွားချင်တာထက် ကိုယ်က စသွားဖို့မဝံ့ရဲ။ လိပ်ပြာမလုံဟုဆိုလျှင် ပိုမှန်မည်။

အဘယ်ကြောင့်နည်း။

ဗိုလ်ဇော်ထွန်း ပျောက်ဆုံးနေသောအချိန်က စရလိမ့်မည်။ မြန်မာစာဌာနတွင်ရှိနေသော မေကြည်ငြိမ်းသည် ဤသတင်းကို ကြားလျှင်ကြားချင်း မူးမိုက်မေ့လဲသွားခဲ့ရသည်။ အလုပ်ဆက်မလုပ်နိုင်ဘဲ အိမ်ပြန်လာခဲ့ရသည်။ အိမ်ရောက်တော့လည်း လူမမာတစ်ပိုင်း ဖြစ်နေခဲ့သည်။ လေဆိပ်လိုက်ပို့သောနေ့က မခွဲခွာမီကလေးတွင် ဂရုစိုက်မောင်းဖို့ စိုးရိမ်တကြီး မှာကြားမိသေးသည်။ အခု ဖြစ်ရပြီ။ ရဟတ်ယာဉ် ပျက်ကျပြီ။ သူ့မောင်မှတစ်ပါး ကျန်သူတွေ ရောက်လာကြသည်။ ဗိုလ်ဇော်ထွန်းက ပစ်ရင်းခတ်ရင်း လူကွဲကျန်ရစ်သည်။ သေသည်လား ရှင်သည်လားမသိ။ အဖမ်းခံရသည်လား လွတ်မြောက်နေသည်လား မသိ။ ပူပန်မှုက ဆယ်နေမက ပြင်းလှသည်။ ဗိုလ်ဇော်ထွန်း တစ်စုံတစ်ခုဖြစ်လျှင် သူမ ရင်ကျိုးရချည့်။ ဗိုလ်ဇော်ထွန်းအပေါ် ရစ်နှောင်ဖွဲ့ချည်ထားသော သံယောဇဉ်ကြိုး၏ နိုင်မာခိုင်မြဲမှုကို လူသိထင်ရှား ပြသရာရောက်သွားသည်။ မေကြည်ငြိမ်း၏ခံစားမှုသည် ဦးခင်စိုး ဒေါ်တင်မေတို့ထက် မသာတောင်မှ တန်းတူလိုက်လောက်ပေသည်။ မေကြည်ငြိမ်းသည် ဦးခင်စိုးနှင့် ဒေါ်တင်မေထံ သတင်းမေးရန်ဆေးရွ၊ ဦးခင်စိုးတို့ကပင် ရှမ်းတဲလိုက်မသွားခင် မေကြည်ငြိမ်းထံ ဝင်ကြည့်ရသည်။ “ကိုဇော့်သတင်းရရချင်း သမီး သိပါရစေ” ဟု အိပ်ရာထက်ဝယ် လဲလျောင်းနေသော မေကြည်ငြိမ်းက လေသံပျော့ဖြင့် မှာလေသည်။ ရှမ်းတဲရောက် ဦးခင်စိုးနှင့် ဒေါ်တင်မေတို့ထံသာမက လားရှိုးရှိ ဗိုလ်မှူးကျော်သူထံသို့ပါ ဗိုလ်ဇော်ထွန်းသတင်း မေးမြန်းစုံစမ်းရသည်မှာအမော။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့်ကျောင်း၊ ကျောင်းနှင့်အိမ်ကို စက်ရုပ်ပမာ သွားလာလှုပ်ရှားနေသော မေကြည်ငြိမ်းသည် ဗိုလ်ဇော်ထွန်းကို အသက်ရှင်လျက် ပြန်တွေ့ပြီ ဆိုသောသတင်းကို ကြားရသောအခါ ရေဝေးကြာကို မိုးရေဖျန်းလိုက်သည့်ပမာ တစ်မုဟုတ်ချင်း လန်းလာသည်။ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာလာသည်။ သမီးရင်ကို ထိုးဖောက်မြင်သော ဦးဝင်းငြိမ်းနှင့် ဒေါ်ကြည်ကြည်တို့လည်း ဝမ်းသာဝမ်းနည်း ခံစားကြရသည်။

ဦးခင်စိုးနှင့်ဒေါ်တင်မေ ရှမ်းတဲမှပြန်လာသောအခါ ဦးဝင်းငြိမ်းနှင့် ဒေါ်ကြည်ကြည်တို့က သမီးအဖြစ်ကို ပြောပြကြသည်။ သူတို့လည်း သတိပြုမိကြောင်းနှင့် လူငယ်ချင်း သံယောဇဉ်ကြီးမားကြကြောင်းကို ဦးခင်စိုးတို့က မှတ်ချက်ပြုသည်။ သို့ဖြင့် လူငယ်နှစ်ယောက်အကြောင်းပြောရင်းနားဖောက်သည့်အဆင့်သို့ ရောက်သွားခဲ့သည်။ ဒေါ်တင်မေမှလွဲ၍ ကျန်သုံးယောက်မှာ ငယ်သူငယ်ချင်းတွေဖြစ်ရကား သူတို့ရင်သွေးနှစ်ယောက်ကို လက်ဆက်ပေးရန် သဘောတူညီကြသည်။ သမီးမရှိသော ဦးခင်စိုးတို့က သမီးတစ်ယောက်ရသကဲ့သို့ သားကွယ်လွန်သွားခဲ့ပြီဖြစ်သော ဦးဝင်းငြိမ်းတို့ကလည်း သားတစ်ယောက် အစားရမည်။ မိဘချင်းကလည်း သူငယ်ချင်းတွေ၊ ကလေးချင်းကလည်း သူငယ်ချင်းမောင်နှမ၊ အိမ်ခြံချင်းကလည်း ကပ်လျက်ဆိုတော့ တော်တော့်ကိုအဆင်ပြေသည့် စီမံကိန်းဖြစ်ချေသည်။

မေကြည်ငြိမ်းကိုပြောပြတော့ မငြင်း။ ဗိုလ်ဇော်ထွန်းကိုမူ ခွင့်ပြန်လာမှ အသိပေးရန် သဘောတူညီကြ၏။

မေကြည်ငြိမ်းအနေဖြင့် သူမကိုအကြောင်းပြု၍ တစ်နည်းအားဖြင့် ဣန္ဒြေကို မထိန်းနိုင်လောက်အောင် ခံစားချက်ပြင်းထန်ခဲ့၍ မမျှော်လင့်ဘဲ နားဖောက်ဖြစ်သွားရကြောင်း သိထားသည်။ သူမဘက်က မချူဘဲညွှတ်ပေးလာသော အလွယ်ပန်းသဖွယ် ဖြစ်နေသည်။ ထို့ကြောင့် ဗိုလ်ဇော်ထွန်း



မလာသည်ကို ကိုယ်က ရန်ထောင်စကားကလေးတွေဖြင့် ယခင်ကလို သွားကလိရန် လိပ်ပြာမလုံခြင်း၊ မဝံ့ခြင်းဖြစ်တော့သည်။

နေ့မလာဖြစ်ပေမယ့် ညတော့ လာတန်ကောင်းပါရဲ့ဟု ဆက်မျှော်ရပြန်သည်။ မျှော်သာမျှော်သည် မပေါ်လာပြီဟုဆိုရမည်။ ဗိုလ်ဇော်ထွန်းကား စုပ်စမြုပ်စကောင်းလှ၏။

ဗိုလ်ဇော်ထွန်းမလာသော်လည်း မိုးကြီးချုပ်စတွင် ဦးခင်စိုးနှင့် ဒေါ်တင်မေတို့ ကူးလာသည်။ လူကြီးလေးယောက် ဧည့်ခန်းတွင် ခေါင်းချင်းဆိုင် တွတ်ထိုးကြသည်။ တစ်ခုခုတော့တစ်ခုခုပဲဟု မေကြည်ငြိမ်း တွေးသည်။ တွေးသည့်အတိုင်း မှန်သည်။ ဦးခင်စိုးတို့ ပြန်သွားသောအခါ ဦးဝင်းငြိမ်းနှင့် ဒေါ်ကြည်ကြည် မျက်နှာမကောင်း။ ချက်ချင်း ဒီဘက်ကိုကူးမလာဘူးလို့တော့ ထင်သားပဲဟုအစချီကာ စေ့စပ်ကြောင်းလမ်းခြင်းကို ဗိုလ်ဇော်ထွန်းက လက်မခံသဖြင့် အခက်တွေ့နေပုံကို ဦးဝင်းငြိမ်းက ပြောပြသည်။ ဒီလောက်အထိ ဖြစ်လာလိမ့်မည်ဟု မေကြည်ငြိမ်း မျှော်လင့်မထားခဲ့။ စေ့စပ်ကြောင်းလမ်းခြင်းကို လက်မခံခြင်းမှာ သူမကို ငြင်းပယ်ခြင်းဟု နားလည်လိုက်သည်။ ထိုတဒင်္ဂဝယ် ဝမ်းနည်းစိတ်ထက် ဒေါသစိတ်က ပိုသည်။ ယှဉ်ပြိုင်သူရှိလာသဖြင့် မနာလိုစိတ်ကလေးလည်း ခေါင်းပြူထွက်လာသည်။ ထို့ထက် တစ်ဖက်က ဘာများသာနေသနည်း။ သူမသည် မိဘမျိုးရိုးကောင်းသူ၊ ခြံနှင့်တိုက်နှင့် ကားနှင့်နေနိုင်သူ၊ မဟာဘွဲ့ရပြီးသား တက္ကသိုလ်ကထိကတစ်ယောက်။ စာပေဂီတတွင် ထူးချွန်သောအနုပညာရှင်၊ ရုပ်ရည်ရူပကာလည်း ပြောစရာမလိုသူ။ ပန်ချင်၊ ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေသော အမြင့်စံပန်းတစ်ပွင့်ကို အဘယ်တောပန်းက ယှဉ်နိုင်အံ့နည်းဟူသော မာနစိတ်က အခေါင်အထွတ်ပါတည်း။

ဗိုလ်ဇော်ထွန်းသည် ယနေ့ထက်တိုင်အောင် မေကြည်ငြိမ်းရှေ့သို့ အရိပ်အယောင်မျှပင် ပေါ်မလာသေး။ လေဆိပ်ကို လိုက်ပို့သည့်နေ့မှ၍ ယနေ့

www.burmeseclassic.com

www.burmeseclassic.com



အထိ သူမျက်နှာကို မေကြည်ငြိမ်းမမြင်ရသေး။ ရှိပါစေလေ… သည်တစ်ခါတော့ မေကြည်ငြိမ်း အနေတတ်ပြီ။ စိတ်ကို ချုပ်တည်းနိုင်ပြီ။ ရင်ထဲမှာ မည်မျှပင်ခံစားရပါစေ ဣန္ဒြေကို ထိန်းနိုင်ပြီ။ မခံချင်စိတ်၊ မာနစိတ်တို့ဖြင့် ပန်းပန်နေနိုင်သော မေကြည်ငြိမ်းကို မိဘတို့ကပင် အံ့သြနေရလေပြီ။

## ၉

တစ်ရက်နှစ်ရက်အတွင်း အခြေအနေတို့က မတိုးမဆုတ်တန့်ရပ်နေ၏။

ဦးခင်စိုးနှင့်ဒေါ်တင်မေသည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ ဗိုလ်ဇော်ထွန်းကို ဘာတစ်ခွန်းမှထပ်မပြောတော့ချေ။ ဗိုလ်ဇော်ထွန်းကလည်း ဘာသိဘာသာနေ၏။ ယခင် သားအမိသားအဖသုံးယောက် ပျော်ရွှင်ကြည်နူးစွာနေထိုင်ခဲ့သော ရိပ်မြုံကလေးသည် ယခုမူ တိတ်ဆိတ်ခြောက်ကပ်နေ၏။ ဗိုလ်ဇော်ထွန်းသည် နံနက်လင်းသည်နှင့် အိမ်မှထွက်သွားကာ နေစောင်းမှပြန်လာတတ်၏။ ဦးခင်စိုးက စိတ်ပြေလက်ပျောက် နေပေစေဟု လွှတ်ပေးထားသည်။ သူ့သား ဘယ်ကိုသွားမည်ဆိုတာကို သိနေသည်။

မှန်သည်။ ဦးခင်စိုး ခန့်မှန်းသကဲ့သို့ နန်းလော်ခမ်းထံ ဗိုလ်ဇော်ထွန်း နေ့စဉ်ရောက်သည်။ တစ်နေ့လုံးနီးပါး နေသည်။ ဘုရားကျောင်းကန်နှင့် ရုပ်ရှင်၊ ပန်းခြံသွားရန်ကိုမူ နန်းလော်ခမ်း ငြင်း၏။ ဒီလိုအချိန်မျိုးတွင် ယောကျ်ားတစ်ယောက်နှင့် ထင်ထင်ပေါ်ပေါ် တွဲမသွားချင်သေးပါဟု ဆိုသည်။ အဒေါ်အိမ်မှာပင် နန်းလော်ခမ်းက ဧည့်ခံသည်။ ချက်ပြုတ်ကျွေးမွေးသည်။ ကွဲကွာနေရသောအချိန်တွေကို အတိုးချ၍ တစ်ယောက်ကို တစ်ယောက် ကြည့်မဝရှုမဝ ချစ်ခြင်းပြိုင်ကြသည်။

အကျည်းတန်သောအတိတ်ကို မေ့ထား၍ ဤသို့ ချစ်သူနှင့် အတူနေရသည်ကို နန်းလော်ခမ်းအနေဖြင့် သာယာမိသည်ကို ဝန်ခံရပါမည်။ သို့သော်



မပြတ်သားသော ပစ္စုပ္ပန်နှင့် ကွဲကွဲပြားပြား ထင်ထင်ရှားရှား မပြောနိုင်သေးသော ဗိုးတဝါးအနာဂတ်ကို တွေးမိသခိုက်တွင်မူ သူမ ရင်လေးမိပြန်သည်။ ဗိုလ်ဇော်ထွန်းပြောစကားအရ သူမ၏အကျည်းတန်အတိတ်ကြောင့် ပထမတွင် မိဘက သဘောမတူကြသော်လည်း အကျိုးသင့်အကြောင်းသင့် ပြောချလိုက်သောအခါ ပျော့ပျောင်းသောသဘောရှိလာသည်ကို သိရပါ၏။ သို့သော် မိန်းကလေးတစ်ယောက်နှင့် စကားလွန်ထားသော အချက်မှာမူ အဖြေရခက်လှပေ၏။ မင်းမှာသစ္စာ လူမှာကတိ ဆိုသည်။ ဘာပဲဖြစ်စေ ဗိုလ်ဇော်ထွန်းတို့ဖက်က စကားတည်ရပေမည်။ ဗိုလ်ဇော်ထွန်းဆန္ဒမပါဘဲ စီမံကြသည်ဆိုသောအချက်နှင့်ပင် သူမ ကျေနပ်ပေပြီ။ ဖြေသာပေပြီ။ ချစ်သူကို ခွင့်လွှတ်နိုင်ပေပြီ။ အနာဂတ်သည် အတိတ်ကဲ့သို့ အကျည်းတန်နိုင်ခြေရှိသည်ကို မြော်မြင်နိုင်ပါလျက် လောကီဘုံလူသားတစ်ယောက်ပေမို့ ဘဝကိုမေ့ပြီး ဆန္ဒအလိုကို လိုက်လျောသာယာနေမိခြင်း ဖြစ်လေသည်။

ဗိုလ်ဇော်ထွန်းကရော ဘာထူးသနည်း။

သူလည်း ချစ်သူနှင့် အခိုက်အတန့်နီးစပ်မှုတွင် သာယာနေသည်။ ကြည်နူးနေသည်။ စိတ်ချမ်းသာနေသည်။ အိမ်ပြန်ရောက်သည်နှင့် မေ့ထားသောပြဿနာက ခေါင်းထဲဝင်လာသည်။ စိတ် နောက်ကျုရှုပ်ထွေးသည်။ ဤအတိုင်း ကြာကြာနေလို့မဖြစ်မှန်းသိသည်။ ရေရာတိကျသော အဖြေတစ်ခု ရှာဖွေရမည်။ မိဘတွေနှင့်တော့ သည့်ထက်ပို၍ တိုးတက်ဖွယ်ရာ အကြောင်းမမြင်။ စကားလွန်တာကိုပဲ အကြောင်းပြလိမ့်ဦးမည်။ ရှင်ဘုရင်မဟုတ်သောကြောင့် ထွက်ပြီးသားဆင်စွယ် ပြန်ဝင်ကောင်းပါသည်။ ဘယ်နည်းဘယ်ပုံ ဝင်သင့်သည်ဆိုတာသာ အရေးကြီး၏။ သူသည် ခုထက်ထိ မေကြည်ငြိမ်းနှင့် မတွေ့ရသေး။ အကယ်၍ လူငယ်ချင်းတွေ့ကြည့်၊ စကားပြောကြည့်လျှင် တက်သာဆုတ်သာ လမ်းတွေ့နိုင်သည်။ သို့သော် မေကြည်ငြိမ်းနှင့်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



မည်ကို သူ ဝန်လေးနေ၏။ သူ့အပေါ်တွင် မမငြိမ်း စိတ်ညှတ်နေသည်ကို မဆွကတည်းကပင် ဗိုလ်ဇော်ထွန်း ရိပ်စားမိ၏။ မကြည်ငြိမ်းသည် မိဘတွေနှင့် တသဘောတည်းရှိနေလိမ့်မည်ကိုလည်းကောင်း၊ မိဘတွေအပေါ် ပုံချ၍ နောက်သို့ တစ်ကွက်ဆုတ်နေမည်ကိုလည်းကောင်း သံသယဝင်နေမိသည်။ တွေ့တော့ရော ထူးမတဲ့လားဟု အတွေးရောက်သည့်အခါ ရောက်သည်။ ထို့ပြင် စေ့စပ်သည့်ကိစ္စကို မကြည်ငြိမ်းသိရမည်။ ဘာလို့ သူ့ကို လှမ်းမပြောသနည်းဟူသော မကျေနပ်မှုလည်းရှိသည်။

ဤသို့ အခြေအနေတန့်ရပ်နေဆဲတွင် -

နန်းလောဝ်ခမ်း၊ ဗိုလ်ဇော်ထွန်းနှင့် မကြည်ငြိမ်းတို့ သုံးယောက်စလုံးကို အငိုက်မိသွားစေသော သတင်းတစ်ပုဒ် သတင်းစာမှာ ပါလာသည်။ ထိုသတင်းကား 'ဗိုလ်ဇော်ထွန်း B.Sc (DSA)၊ ရှမ်းတဲလေတပ်စခန်းနှင့် ကထိကဒေါ်မကြည်ငြိမ်း (M.A) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်' တို့၏ စေ့စပ်ကြောင်းလမ်းသော ကြော်ငြာသတင်း။

◙ ◙ ◙

ဗိုလ်ဇော်ထွန်းသည် ကြော်ငြာကိုဖတ်ပြီးလျှင်ပြီးချင်း ဒေါသူပုန်ထသည်။ တစ်-စေ့စပ်တာ သူ မသိ။ နှစ်-ကြော်ငြာထည့်တာလည်း မသိ။ သူ့ကို သူငယ်နှပ်စားကလေးကဲ့သို့ သဘောထားပြီး လုပ်ချင်ရာလုပ်နေသဖြင့် ဦးခင်စိုးနှင့် ဒေါ်တင်မေကို ဗိုလ်ဇော်ထွန်းက အပြစ်တင်သည်။ အလိုတူအလိုပါ မကြည်ငြိမ်းကို စိတ်ဆိုးသည်။ ထိုအခါ ဦးခင်စိုးက ဗိုလ်ဇော်ထွန်းကို အသိပေးပါက ကန့်လန့်တိုက်မှာမလွဲကြောင်း၊ ထို့ကြောင့် နှစ်ဖက်မိဘတွေတိုင်ပင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြည်ငြိမ်းကိုပါ ပြောမထားကြောင်း၊ မကြည်ငြိမ်းလည်း မသိကြောင်း ရှင်းပြသည်။ သားကို



ဤအိမ်ကြီးနှစ်အိမ်၏ အရိပ်အာဝါသအောက်မှ ထွက်မသွားစေချင်ကြောင်း၊ သားကိုလည်း သံယောဇဉ်ရှိသူ၊ မိမိတို့ကလည်း သမီးရင်းသဖွယ် ချစ်နေသူ ငြိမ်းငြိမ်းကလေးကို သနားဖို့ကောင်းကြောင်း၊ ခုတော့ လူသိရှင်ကြားဖြစ်သွားပြီမို့ နှစ်ဖက်မိဘတွေ အရှက်မရအောင် ချင့်ချင့်ချိန်ချိန် စဉ်းစားဆုံးဖြတ်စေချင်ကြောင်း ဒေါ်တင်မေက ဖျောင်းဖျောင်းဖျဖျဆိုသည်။

တစ်ထောင့်ငါးရာကီလေသာပိုး ခွဲကပ်ချေသော် အဘယ်ဆေးချက်မှ အစွမ်းထက်သည်မဟုတ်ရကား ဗိုလ်ဇော်ထွန်းသည် မိဘတွေတားမြစ်သည့်ကြားမှ အင်းစိန်သို့ထွက်လာခဲ့၏။ မိဘတွေ သဘောတူတူ မတူတူ ဆုံးဖြတ်ချက်ကိုပြင်၍ သူ့ကို လက်ထပ်ဖို့ နန်းလောဝ်ခမ်းကို ပြောမည်။ ပြောမရလျှင် ဥပါယ်တံမျဉ်ဖြင့် အတင်းအကျပ် ကားတင်ခိုးပြေးတော့မည်ဟူသော ဇွတ်တရွတ် စိတ်ထားနှင့်ဖြစ်၏။

အင်းစိန်ရောက်သွားသောအခါ ခဲလေသမျှ သဲရေကျဖြစ်ရတော့သည်။

နန်းလောဝ်ခမ်းထွက်သွားပြီဟု ဒေါ်မြမေက ဆီးပြောသည်။ ဘယ်ကို ထွက်သွားသလဲဟု မေးတော့ -

"ပြောမပြချင်ပါဘူး၊ ပြောပြလို့လည်း မဖြစ်ပါဘူး။ အဒေါ်တူမကို ဒီလောက်ဒုက္ခပေးရရင် ကျေနပ်ပါတော့။ မောင်ရင့်ကြောင့် အစ်မနဲ့ ခဲအိုလည်း သေသူသေ၊ လောကီလူ့ဘောင်ကို စွန့်သူစွန့် ဖြစ်ကြရပြီ။ တူလေးလည်း လောကအလယ်မှာ မျက်စိသူငယ်နဲ့ကျန်ရစ်ရှာပြီ။ အခု လောဝ်ခမ်းလည်း ရှောင်ပြေးရပြန်ပြီ။ သူတို့မိသားစုဟာ မောင်ရင်ရဲ့ကျိန်စာမိနေသူတွေပါ။ သူတို့ကို ဆက်မနှောင့်ယှက်ပါနဲ့တော့လို့ အဒေါ် တောင်းပန်ပါတယ်"

ဒေါ်မြမေသည်ပင် ဗိုလ်ဇော်ထွန်းကို နာကြည်းနေ၏။ ဦးထွန်းလုံတို့မိသားစု ကံဆိုးမိုးမှောင်ကျရခြင်းမှာ သူ့ကြောင့်ဟု စွပ်စွဲနေ၏။ သူမ၏ခဲအိုမိသားစုအပါအဝင် တိုင်းရင်းသားအများစုကြီး ခါးစည်းခံနေရသော

www.burmeseclassic.com

www.burmeseclassic.com



လောကငရဲခန်းများ၏ ဖန်တီးရှင် လက်သည်တရားခံအစစ်ကိုတော့ ဒေါ်မြမေ မမြင်နိုင်ပါချေတကားဟုတွေးကာ စကားပြောမထွက်နိုင်အောင်ပင် ဗိုလ်ဇော်ထွန်းသည် စိတ်မကောင်းဖြစ်ရ၏။

''ရော့…ဒါ လောဝ်ခမ်းပေးခဲ့တာ''

ဒေါ်မြမေသည် စက်အံဆွဲထဲမှ လေယာဉ်ပျံစာအိတ်တစ်အိတ်ထုတ်ယူပေးပြီး အိမ်အတွင်းပိုင်းထဲ ဝင်သွား၏။ သူ့ကို ယဉ်ယဉ် ကလေးနှင်ထုတ်လိုက်မှန်း ဗိုလ်ဇော်ထွန်းက နားလည်လိုက်သည်။ လေကြားထိပ်မှ မလှုပ်မယှက်ရပ်မြဲရပ်ရင်း စာအိတ်ကို ငုံ့ကြည့် လိုက်သည်။

သို့

ဆရာမ ဒေါ်မကြည်ငြိမ်း…ဆိုပါ့လား။

ဗိုလ်ဇော်ထွန်း အံ့သြသွားသည်။

သူ့ကိုတော့ ဘာအမှာစကားမှ မထားခဲ့။ မကြည်ငြိမ်းထံသို့မှု စာတစ်တန် ပေတစ်တန်။

ဗိုလ်ဇော်ထွန်းသည် တွေ့ရန်ဝန်လေးနေသော မကြည်ငြိမ်းထံ မဖြစ်မနေ သွားရချေတော့မည်တကား။

◙ ◙ ◙

ဇေ့စပ်ကြောင်းလမ်းသော ကော်ပြာကိုဖတ်ရသောအခါ မကြည်ငြိမ်းလည်း အံ့အားသင့်မိသည်ပင်။ နှစ်ဖက်မိဘစေတနာကို သူမ သိပါသည်။ သို့သော် တစ်ခါတစ်ရံတွင် လူကြီးတွေ၏အစီအမံသည် လူငယ်တွေကို ဘေးကျပ်နံကျပ် ဖြစ်စေတတ်သည်။ ဗိုလ်ဇော်ထွန်းသည် သူမအပေါ်တွင် အမြင်မကြည်လင်၍ ရန်ကုန်ရောက်ကတည်းက စိမ်းစိမ်းကားကား နေခဲ့သည်။ ယခုမူ ဤကော်ပြာကြောင့် သူမထံ ဆိုက်ဆိုက်မြိုက်မြိုက်



ရောက်လာတော့မည်ဟု ခန့်မှန်းထားသည်။ အဆိုးဆုံး ဒေါနှင့်မောနှင့်ဖြစ်နိုင်သည်။ ထိန်းထိန်းသိမ်းသိမ်း ရှိနိုင်ပါစေဟု ဆုတောင်းရင်း မကြည်ငြိမ်းလည်း ဗိုလ်ဇော်ထွန်းကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသည်။

နေ့ခင်း စာသင်ပြီးချိန်တွင် ဗိုလ်ဇော်ထွန်း ပေါက်ချလာသည်။ မှင်သေသေ ရှုတင်းတင်းနှင့်ဖြစ်သည်။ မကြည်ငြိမ်းသည် အလွန်တွေ့ချင်လွန်းလှသော သေတွင်းထွက် တိတ်တခိုးချစ်ရသူကို တွေ့နေမြင်နေသည့်တိုင်အောင် ယခင်ကဲ့သို့ စိတ်လွတ်ကိုယ်လွတ် အူမြူးမပြရဲချေ။ ကိုယ်ကလည်း မျက်နှာထားတည်တည်နှင့်ပေါ့။ တစ်နေရာမှာ စကားသွားပြောရအောင်ဟုဆိုကာ ဗိုလ်ဇော်ထွန်းကို စာကြည့်တိုက်သို့ ခေါ်သွားသည်။ လူသူရှင်းသော ချောင်ကျကျစားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ပြီးသောအခါတွင်မှ မကြည်ငြိမ်း၏ အထိန်းအချုပ်တို့ ကွာကျသွားသည်။ ဗိုလ်ဇော်ထွန်း မျက်နှာကို တရှိုက်မက်မက် စေ့စေ့ကြည့်သည်။

''နေနိုင်လိုက်တာ ကိုဇော်ရယ်''

နီထွေးသော နှုတ်ခမ်းနှစ်လွှာက အဘယ်မျှ မျှော်လင့်စောင့်စားနေရကြောင်း ဖွင့်ဟသည်။ ဗိုလ်ဇော်ထွန်းထံမှ အရင်ကလို မမငြိမ်းပိန်သွားတယ်၊ မမငြိမ်းမျက်နှာ ချောင်ကျသွားတယ် စသည်ဖြင့် ဂရုတစိုက်ရှိပုံကိုပြသော အကြင်နာစကားတွေ ထွက်မလာတော့။ မကြည်ငြိမ်းက ဗိုလ်ဇော်ထွန်းပျောက်နေစဉ်က သူမ၏ခံစားချက်ကို ဆက်ပြောသည်။

''မမငြိမ်းမှာဖြင့် လူနေ့ပျက်ရလောက်အောင်ကိုပဲ ကိုဇော့်အတွက် စိုးရိမ်ပူပန်လိုက်ရတာ''

''သိပါတယ်၊ ဇေ့စပ်ပေးရလောက်အောင် စိုးရိမ်ပြလိုက်တာ ကျွန်တော် သိပါတယ်''

မကြည်ငြိမ်း မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခွင့်အရေးရဖို့ စိုးရိမ်ပြတာမဟုတ်ပါဘူးကွယ်။ ရင်ထဲက တကယ့်ခံစားချက်အတိုင်း ခန္ဓာကိုယ်ကြီးက ဖြစ်သွားခဲ့တာပါ။ ဒါကို လူကြီးတွေက သူတို့ဘာသာစီစဉ်ကြတာ"

"မမငြိမ်း မငြင်းဘူးလား"

"မမငြိမ်းက ငြင်းရမယ်…။ မမငြိမ်းက…မမငြိမ်းက…"

မိန်းမသားတစ်ယောက်အဖို့ ရှေ့ဆက်ပြောရန် ခက်လှပါလေသည်။

"သြော်…ဟုတ်သားပဲ၊ မမငြိမ်းက အလိုတူနေတော့ ဘယ်ငြင်းလိမ့်မလဲ။ ကျွန်တော်က ငြင်းရမှာ။ ကျွန်တော်သာ ကြိုသိရင် စေ့စပ်ဖြစ်မှာ မဟုတ်ဘူး။ တကယ်ဆိုရင် မမငြိမ်းက ကျွန်တော့်ကို လှမ်းပြောဖို့ကောင်းတယ်။ ကျွန်တော်သိရင် ဖျက်မှာစိုးလို့ တမင်အသိမပေးတာ မဟုတ်လား"

"အို…မဟုတ်ဘူး၊ မဟုတ်ဘူး"

ခေါင်းတခါခါ လည်တယမ်းယမ်းဖြင့် ငြင်းသည်။ အသံပင် အနည်းငယ် ကျယ်လောင်သွားသည်။

"မမငြိမ်း ပြောတယ်၊ ဖုန်းဆက်တယ်။ ကိုဇော်မှ ရှမ်းတဲမှာ မရှိတော့တာ။ ခွင့်သွားတယ်ဆိုပြီး ရန်ကုန်လည်း ရောက်မလာဘူး။ ဘယ်ရောက်နေမှန်းလည်း မသိဘူး။ မမငြိမ်း ဘယ်လိုဆက်သွယ် အသိပေးရမှာလဲ။ အဲဒါ မမငြိမ်းအပြစ်လား"

ဗိုလ်ဇော်ထွန်း ငိုင်ကျသွားသည်။

"ဆောရီးပဲ မမငြိမ်း၊ မမငြိမ်းဆက်သွယ်တာကို ကျွန်တော် မသိလိုက်ဘူး။ အဲဒီအချိန်မှာ ကျွန်တော် လားရှိုးရောက်နေတယ်"

ပထမဆုံးအကြိမ် ပျော့ပျော့ပျောင်းပျောင်း ပြောဖြစ်သည်။ အချစ် တိမ်သလ္လာဖုံးလွှမ်းသောကြောင့် မဆင်မခြင် အပြစ်တင်စောမိခြင်းဖြစ်



သည်။ 'လားရှိုး' ဆိုသော စကားလုံးပါလာသောကြောင့် မေကြည်ငြိမ်း ရင်ထဲနင့်သွားရသည်။

"မမငြိမ်း စိတ်ကူးယဉ်ခဲ့မိတယ်။ မမငြိမ်းနဲ့စေ့စပ်တာကို လက်ခံလိမ့်မယ်လို့ မျှော်တွက်ခဲ့တယ်။ ကိုဇော်ရောက်လာမှာကို တွေးပြီး အပျော်ကြီးပျော်ခဲ့တာပေါ့"

မေကြည်ငြိမ်းသည် တစ်ချိန်က သူမ၏ စိတ်ကူးယဉ်ကမ္ဘာလေးကို ပြန်တွေးနေပုံရသည်။ ရီဝေသောမျက်လုံးများက အသိနှင့်အမြင် ကင်းကွာနေပုံကို ပြသည်။ ဆွေးဆွေးမြည့်မြည့် မျက်နှာကလေးမှာ သနားစရာကောင်းလှသည်။ ပင့်သက်တစ်ချက်ရှိုက်ပြီး ဆက်ပြောသည်။

"ကိုဇော်ရောက်လာတော့ မမငြိမ်း စိတ်ကူးထားသလို မဟုတ်ဘူး။ ကိုဇော့်မှာ ချစ်သူရှိနေပြီဆိုတာသိရတော့ ဝမ်းနည်း ငိုကြွေးမိပါတယ်။ ကိုဇော့်ချစ်သူဟာ တောရွာက ကလေးမလေး။ ကိုဇော့်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်လို့သိရတယ်။ ချစ်သူလုဖက်မို့ မနာလိုစိတ်၊ မုန်းတီးစိတ်ရှိခဲ့ပေမယ့် ဒီကလေးမလေးရဲ့ ကံမကောင်းအကြောင်းမလှတဲ့ အနိဋ္ဌာရုံသတင်းတွေကို ကြားရတော့လည်း သနားမိရပြန်ပါတယ်။ အခု သူ ရန်ကုန်မှာရှိနေတယ်ဆို။ သူ ပါမလာဘူးလား"

"သူ ရန်ကုန်မှာမရှိတော့ဘူး။ စေ့စပ်သတင်းဖတ်ပြီး ကျွန်တော့်ကို ရှောင်ထွက်သွားပြန်ပြီ။ ဘယ်အရပ် ဘယ်ဒေသကို ထွက်သွားသလဲဆိုတာ မသိရဘူး။ ကျွန်တော့်ကိုလည်း ဘာမှ မှာမထားခဲ့ဘူး။ အဲ…ဒါပေမယ့် မမငြိမ်းနာမည်နဲ့တော့ စာတစ်စောင် ထားခဲ့လေရဲ့"

ဗိုလ်ဇော်ထွန်းက စာထုတ်ပေးသည်။ မေကြည်ငြိမ်းသည် စာအိတ်ပေါ်မှလက်ရေးကိုကြည့်ကာ အံ့အားသင့်နေသည်။ သိချင်စိတ်ဖြင့် ဖွင့်ဖောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေးစားရပါသော ဆရာမ

ကျွန်မ နန်းလောဝ်ခမ်း ရိုသေစွာ စာရေးလိုက်ပါသည်ရှင့်။ တပည့်တွေ အများကြီးထဲက ကျွန်မကို မှတ်မိချင်မှ မှတ်မိပါလိမ့်မည်။ ကျွန်မကတော့ ဆရာမကို လေးစားစိတ်ရင်း ရှိနေပါသည်။ ကျွန်မတို့ သုံးကြိမ်သုံးခါ ဆုံခဲ့ကြပါသည်။

၁၉၆၃ ခုနှစ် ကျွန်မ ဘီအေပထမနှစ်အရောက်တွင် ဆရာမကို စတင်တွေ့ဖူးပါသည်။ ဆရာမက ကျူတာဖြစ်ခါစ ထင်ပါသည်။ အိုင်အေတန်းတွေကို သင်ပါသည်။ ကျွန်မတို့နှင့် ကျူတိုရီယယ်အတန်းတွေမှာ ဆုံပါသည်။ နောက်တစ်နှစ်ဘွဲ့ရပြီး ကျောင်းထွက်ခဲ့သော်လည်း ဆရာမ၏ အနုပညာသတင်းတွေကို ဖတ်ရ၊ ကြားသိရပါသည်။ တက္ကသိုလ်တွင် နှစ်နှစ်မျှသာ ဆုံစည်းခဲ့ရပြီး ရင်းရင်းနှီးနှီးမရှိခဲ့သည့်တိုင်အောင် တို့ဆရာမရေးတာပဲ၊ တို့ဆရာမ ကတာပဲဟူသော ဂုဏ်ယူစိတ်ဖြင့် လေးစားနေခဲ့ပါသည်။

ဒုတိယအကြိမ် ဆုံခဲ့ရသည်မှာ စာတမ်းပြုစုရန် လားရှိုးသို့ လာရောက်လေ့လာစဉ်က ဖြစ်ပါသည်။ မဝေးကွာသေးသော အတိတ်ဖြစ်သဖြင့် သနပ်ခါးသွေးပေးသူ၊ ခြေထောက်ကို ဆေးလိမ်းပေးသူ တပည့်မကို မှတ်မိလိမ့်မည်ထင်ပါသည်။

ယခု တတိယအကြိမ်ဆုံစည်းမှုကတော့ ကောင်းသော ဆုံစည်းမှုမဟုတ်ပါ။ လူချင်းမဆုံစည်းကြရသော်လည်း ဆရာမနှင့်တပည့် အလိုဆန္ဒချင်း ဆုံစည်းနေကြရပါပြီ။ ဗိုလ်ကြီးကို ဆရာမနှင့်စေ့စပ်ထားသူမှန်း အစကမသိခဲ့ပါ။ မသိခဲ့၍ ကျွန်မ မိုက်ခဲ့မိပါသည်။ ယခုသိပြီမို့ ဝေးတစ်နေရာကို ကျွန်မ ထွက်သွားပါပြီ။ ကိုယ် လေးစားကြည်ညိုရသော ဆရာမနှင့်ယှဉ်ပြိုင်၍ ဗိုလ်ကြီးကို အရမယူလိုတော့ပါ။ ဆရာမနှင့်ဗိုလ်ကြီးတို့ အကြောင်းဆက် ပေါင်းဖက်နိုင်ကြပါစေဟု ဖြူစင်သောစေတနာဖြင့် ဆုတောင်းလိုက်ပါသည်ရှင့်။



တပည့်မိုက်

လောဝ်ခမ်း

မကြည်ငြိမ်းသည် စာကိုဖတ်ပြီးသည့်တိုင်အောင် စာရွက်ကိုကိုင်ပြီး ခေတ္တငိုင်နေမိသည်။ "ဘာတွေရေးထားသလဲ မငြိမ်း" ဟု ဗိုလ်ဇော်ထွန်းက မေးသည်။ မကြည်ငြိမ်း နှုတ်ဖြင့်မဖြေ။ စာရွက်ကို လှမ်းပေးသည်။ ဗိုလ်ဇော်ထွန်းက စာကိုဖတ်နေစဉ် မကြည်ငြိမ်းသည် လားရှိုးမှာတွေ့ခဲ့ရသော နန်းလောဝ်ခမ်း၏ ပုံရိပ်ကို ဖော်နေမိသည်။

မကြည်ငြိမ်းနှင့်တင်တင်ဝင်း လားရှိုးရောက်ခဲ့စဉ်က ကျောင်းသူဟောင်းတစ်စုက သူတို့ကို အကူအညီပေးခဲ့ကြသည်။ ဆရာမတို့၏ လေ့လာရေးအချိန်တွေ မပုပ်စေရန်ဟုဆိုကာ အစားအသောက်ချက်ပြုတ်သူ၊ တည်ခင်းကျွေးမွေးသူ၊ ပန်းကန်ခွက်ယောက် ဆေးကြောသူ၊ လျှော်ဖွပ်မီးပူတိုက်ပေးသူ စသည်ဖြင့် ဧည့်ဝတ်နှင့်ဝေယျာဝစ္စအလုပ်တွေကို တာဝန်ခွဲဝေလုပ်ပေးကြပုံမှာ စံတင်ဖွယ်ဖြစ်၏။ တာဝန်ခွဲတမ်းတွင် ဆရာမတို့ ရေမိုးချိုးပြီးလျှင် အသင့်လိမ်းနိုင်အောင် သနပ်ခါးဒိုင်ခံသွေးပေးသူမှာ နန်းလောဝ်ခမ်းဖြစ်နေသည်။ မှတ်မှတ်ရရ မပြန်ခင်နှစ်ရက်အလိုတွင် ကားပေါ်မှ အဆင်းမတော်သဖြင့် မကြည်ငြိမ်း၏ယာဘက် ခြေသပ္ပတ်တိုင် လည်သွားသည်။ ခြေမထောက်နိုင်။ အားခနဲအော်ကာ မြေကြီးပေါ်ပုံကျသွားသည်။ တပည့်မတွေ ပျာယာခတ်သွားကြ၏။ ဆေးခန်းသွားမည်ဆိုကြ၏။ ညတွင်

www.burmeseclassic.com

www.burmeseclassic.com



နန်းလောဝ်ခမ်းသည် မေကြည်ငြိမ်း၏ခြေချင်းဝတ်ကို သေချာစွာကြည့်ရှုစစ်ဆေး၍ "ဆေးခန်းသွားဖို့ မလိုပါဘူး။ ဒီလောက်က အသေးအမွှားပါ။ ကဲ…ဆရာမကို အိမ်ထဲတွဲခေါ်သွားကြ။ ဆေးလွယ်အိတ် သွားယူလိုက်ဦးမယ်။ ဆရာမ ခဏစောင့်နော်" ဟု ပြောပြောဆိုဆို ပြေးထွက်သွားသည်။ "ဒေါက်ချာကတော့လုပ်ပြီ" ဟု တစ်ယောက်က နောက်သည်။ "လောဝ်ခမ်းက ဆေးကုကျွမ်းတယ်။ သူ့အဖေက ဆေးဆရာကြီး။ ကျွန်မတို့ တစ်ခုခုဖြစ်ရင် သူပဲကြည့်ပေးတယ်" ဟု မေကြည်ငြိမ်း အားရှိအောင် နောက်တစ်ယောက်က ပြောပြသည်။ "ကျောင်းဆရာမ မလုပ်ဘဲ ဆေးဆရာမလုပ်စားရင် ဒီလောက်ဆို တိုက်ဆောက်နေရပြီဆရာမရဲ့" ဟု ကျန်တစ်ယောက်က အရွှန်းဖောက်ပြန်သည်။ သူကလေးတွေပြောတာနှင့်ပင် မေကြည်ငြိမ်းသည် နန်းလောဝ်ခမ်းကို ယုံကြည်လာသည်။

မကြာပါချေ။ နန်းလောဝ်ခမ်းသည် လွယ်အိတ်ကြီးလွယ်လျက် အပြေးအလွှား ပြန်ရောက်လာ၏။ ပထမ ခြေထောက်ကို ရေနွေးဖြင့်ဆေးကြောသည်။ ထို့နောက် အဝတ်သန့်သန့်ဖြင့် ခြောက်သွေ့အောင်သုတ်ပေးသည်။ ထို့နောက် ဆေးမြစ်တစ်ခုထုတ်၍ ကျောက်ပျဉ်တွင် သွေးနေတော့သည်။ ဆေးနှစ်ပျစ်ပျစ်ကို ကြွေပန်းကန်သေးသေးကလေးထဲတွင် ပြောင်းထည့်ကာ ကော်ဘူးငယ်ထဲမှ ဖြူဖြူအမှုန့်အချို့နှင့်ရော၍ သမအောင်မွှေပေးသည်။ ပြီးတော့မှ ဆေးနှစ်ကို လက်ညှိုးကလေးနှင့် ကော်၍ကော်၍ယူကာ မေကြည်ငြိမ်း၏ခြေဖမိုး၊ ခြေမျက်စိ၊ ခြေချင်းဝတ်အနှံ့ လိမ်းပေးလေသည်။

"အသားထဲ ဆေးစိမ့်ဝင်အောင် နည်းနည်းဖိလိမ်းပေးမယ်။ အောင့်ခံနော် ဆရာမ"

အတွင်းဒဏ်ရာက နာသည်။ ဆေးက ပူရှိန်းရှိန်း။ ဒူးဆစ်အောက်ကို လက်နှစ်ဖက်ဖြင့် ရောင်ရမ်းဖိနှိပ်ထားရင်း မေကြည်ငြိမ်း၏ မျက်နှာမှာ ရှုံ့မဲ့နေသည်။



"နင်ကလည်း ဖြည်းဖြည်းသက်သာလုပ်ပါဟယ်"

မေကြည်ငြိမ်းနာကျင်နေပုံကို မမြင်ရက်သော ကျောင်းသူတစ်ယောက်က မနေနိုင်ဘဲဝင်ပြောသည်။

"သမားဆိုတာ လူနာရောဂါပျောက်ဖို့ အဓိကထားရတယ်။ အတွင်းကြေသွားတဲ့ အသားထဲအထိ ဆေးရောက်မှ ကုသမှုထိရောက်မှာမို့ ဖိလိမ်းပေးတာပါ။ ဒီအချိန်မှာ လူနာကိုငဲ့ညှာလိုက်ရင် ဆေးချက်ပျော့သွားမှာပေါ့"

"အံ့မယ်…ကြီးကျယ်လိုက်တာ"

"ကန်တော့နော် ဆရာမ…ကန်တော့"

"အေးပါကွယ်၊ သမားလုပ်စရာရှိတာကိုသာ လုပ်ပါ။ လူနာ ခံနိုင်ပါတယ်"

မေကြည်ငြိမ်းထံသို့ပင် သူတို့အပျော်တွေ ကူးစက်လာသည်။ မေကြည်ငြိမ်း၏ခြေထောက်ကို မရွံမရှာ ပယ်ပယ်နယ်နယ် ကိုင်တွယ်ဆေးလိမ်းပေးနေသော နန်းလောဝ်ခမ်း၏ နှဖူးဆံစပ်ကလေးတွင် ချွေးသီးငယ်တွေ စို့နေပေတော့၏။ ဆယ်မိနစ်ဆယ့်ငါးမိနစ်မျှကြာမှပင် ဆေးအလိမ်း ရပ်သည်။ "အပူတွေ ထိန်းထားအောင်…" ဟုဆိုကာ ခြေဖမိုးမှ ခြေချင်းဝတ်အထိ ပတ်တီးဖြင့် သေသေသပ်သပ် စည်းပေးနေပြန်သည်။

"ဘာဆေးလဲကွယ်"

မေကြည်ငြိမ်း စပ်စုမိသည်။

"အကြောနဲ့ အသားအတွင်းကြေကုသရာမှာ အင်မတန် အစွမ်းထက်တဲ့ ရှားပါးဆေးမြစ်ပါ။ အဖြူမှုန့်က ပရုပ်ပါ။ ရှေးခေတ် စစ်သားတွေ စစ်ထွက်ရင် ဒီဆေးမြစ်ကို ဆောင်သွားကြပါတယ်။ အဲဒီတုန်းက ပရုပ်တော့ ပါဘူးပေါ့နော်။ အားကစားသမားတွေအတွက်လည်း သင့်လျော်တဲ့ ဆေးပါပဲ။ ဆရာမဒဏ်ရာဟာ နေ့တစ်ဝက်အတွင်း ယူပစ်လိုက်သလို ပျောက်ကင်းသွားရမယ်လို့ ကျွန်မ အာမခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နန်းလော်ခမ်းစကားအတိုင်း အမှန်တကယ်ပင် ကောင်းသွားခဲ့လေသည်။ ထို့ကြောင့် အပြန်ခရီးတွင် ပုံပျက်ပန်းပျက်မဖြစ်ခဲ့။ လေဆိပ်သို့ ကျောင်းသူဟောင်းတွေ လိုက်ပို့ရာတွင် နန်းလော်ခမ်းလည်းပါသည်။ လေယာဉ်ပေါ်မတက်မီအထိ ကျေးဇူးတင်ကြောင်း တဖွဖွပြောခဲ့ပုံကို မှတ်မိသေးတော့သည်။

"ဩော်…ဒီတပည့်မလေးက ကိုဇော့်ချစ်သူပေကိုး"

"တိုက်ဆိုင်လိုက်တာ မမငြိမ်းရယ်။ သိပ်ကို တိုက်ဆိုင်လွန်းတာပဲ"

စာဖတ်ပြီးသော ဗိုလ်ဇော်ထွန်းက မယုံကြည်နိုင်စွာပြောသည်။

"တိုက်ဆိုင်တယ်ဆိုတာ နှစ်မျိုးရှိတယ်။ ဝတ္ထုထဲမှာ ဇာတ်ကောင်တွေ တိုက်ဆိုင်ကြတာက ဇာတ်လမ်းဖြစ်အောင် စာရေးဆရာက ဖန်တီးပေးတာ။ ဖန်တီးမှုယုတ္တိမတန်ရင် ရသမပေါ်လွင်တော့ဘူး။ ဘဝရဲ့တိုက်ဆိုင်မှုတွေကတော့ ကာယကံရှင်တွေရဲ့ အတိတ်ကံ၊ ရေးရေစက်အပေါ်မှာ မူတည်ပါတယ်။ ပဋ္ဌာန်းဆက်ပေါ့ကွယ်။ ဘဝတိုက်ဆိုင်မှုတွေဟာ တစ်ခါတစ်ရံမှာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက်တောင် ဆန်းကြယ်ပြီး သက်ဆိုင်သူတွေရဲ့ စိတ်ထားနဲ့ ခံစားမှုကိုလိုက်ပြီး ရသအမျိုးမျိုးကို ပေးနိုင်ပါတယ်"

"ဘဝဇာတ်ဆရာ ဖန်တီးလိုက်တဲ့ ကျွန်တော်တို့တိုက်ဆိုင်မှုကတော့ သပွတ်အူကြီးပါ မမငြိမ်းရယ်။ ဒီအရှုပ်ထွေးကြီးကို ဘယ်လိုလုပ် ဖြေရှင်းကြမလဲဟင်…"

"ဘယ်ပြဿနာမဆို အကောင်းဆုံးဖြေရှင်းတဲ့နည်းလမ်း ရှိစမြဲပဲလို့ မမငြိမ်း ကြားဖူးတယ်။ မမငြိမ်းတို့ နည်းလမ်းရှာရမှာပေါ့"

မေကြည်ငြိမ်းက ပြောလိုက်သည်။

"ကျွန်တော်က ခွင့်စေ့ကာနီးပြီ။ မြန်မြန်အဖြေရှာမှဖြစ်မှာ"

"အေးပါ…မမငြိမ်းကို ဒီတစ်ညတော့ စဉ်းစားခွင့်ပေးပါ။ ကိုဇော်လည်း စဉ်းစားပေါ့။ မနက်ဖြန် ဒီအချိန် စာကြည့်တိုက်ကိုပဲ လာခဲ့လေ"

◙ ◙ ◙



"မမငြိမ်း တကယ်ပြောတာလားဟင်…"

ဗိုလ်ဇော်ထွန်းသည် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရ၏။ မေကြည်ငြိမ်းအနေဖြင့် ပိုင်ပိုင်နိုင်နိုင်ရရှိထားသော အပေါ်စီးအခွင့်အရေးကို အလွယ်တကူ လက်လွှတ်ခံလိမ့်မဟုတ်ဟု သူ တွက်ထားသည်။ သူ့ကို မည်မျှသံယောဇဉ်ရှိသည်ဆိုတာကိုလည်း သူ သိထားသည်။ ထို့ကြောင့် စာကြည့်တိုက်တွင် ထိုင်မိသည်နှင့် နိဒါန်းမပျိုးဘဲ "စေ့စပ်ထားတာကို ဖျက်သိမ်းပေးမယ်" ဟု တုံးတိတိကြီးပြောချလိုက်သည်တွင် အံ့အားသင့်သွားရခြင်း ဖြစ်သည်။

မေကြည်ငြိမ်းကမူ အပြောပြတ်သားခဲ့သော်ငြား မျက်နှာညှိုးနွမ်းနေသည်။ "တစ်ညလုံး အဘက်ဘက်က စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ" ဟုဆိုသည်။ မှန်သည်။ ညက ညဉ့်နှင့်အတူ အတွေးလည်း နက်ခဲ့သည်။

နန်းလော်ခမ်းသည် ဆရာမအတွက် ချစ်သူကိုထားခဲ့၍ ရှောင်ထွက်သွားလေပြီ။ တကယ်ဆိုလျှင် အစစသာလွန်သော သူမကသာ တပည့်မအတွက် အနစ်နာခံသင့်ပေသည်။ သူမ အနိုင်ယူလျှင် သုံးယောက်လုံး စိတ်ဆင်းရဲရမည်။ သူမ အနစ်နာခံခဲ့ပါမူ သူမတစ်ယောက်သာ ခံစားရမည်။ သို့ဖြစ်လျှင် ဗိုလ်ဇော်ထွန်းကို သူမ တကယ်စွန့်လွှတ်နိုင်ပါရဲ့လား။ ဤမေးခွန်းကိုဖြေရန် အလွန်ခဲယဉ်းလှ၏။ ဆန္ဒအတိုင်းဖြေရသော် မစွန့်လွှတ်နိုင်၊ မစွန့်လွှတ်ရက်။ တစ်ဖက်သတ်အချစ်သမ မိန်းမကြမ်းကြီး ဖြစ်ပေတော့မည်။

တစ်ဖန် နန်းလော်ခမ်းတွင် ဗိုလ်ဇော်ထွန်းအား ပိုင်ဆိုင်ထိုက်သော အရည်အသွေးတွေရှိနေသည်ကို လျစ်လျူရှုရန် မဖြစ်ပြန်ချေ။ အဓိက အကျဆုံးအချက်မှာ နှစ်ဦးကြည်ဖြူ ချစ်သူတွေ ဖြစ်နေကြခြင်းပင်။ ပြီးတော့ ဗိုလ်ဇော်ထွန်းအသက်သခင် ကျေးဇူးရှင်ဟုလည်း ဆိုနိုင်သည်။ ဗိုလ်ဇော်ထွန်း အသက်ရှင်လွှတ်မြောက်ရေးအတွက် နန်းလော်ခမ်းသည် မဏ္ဍိုင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ဇော်ထွန်းကို ကူညီခဲ့သောကြောင့် မြန်မာအမျိုးသမီးတို့ တန်ဖိုးထားသော အပျိုစင်ဂုဏ်ကို အဖျက်အဆီးခံရပြီး အမည်းစက်စွန်းထင်းခဲ့သူ ဖြစ်၏။ အဆုံးစွန်ပြောရလျှင် ဗိုလ်ဇော်ထွန်းတစ်ယောက်တည်းအတွက် တစ်မိသားစုလုံး ဘဝပျက်ခဲ့ကြရ၏။ သို့စဉ်လျက် ချစ်သူကိုစွန့်လွှတ်ခြင်းဖြင့် ထပ်မံ အနစ်နာခံရဦးမည်ဆိုလျှင် တရားပါ့မည်လား။ ဗိုလ်ဇော်ထွန်းအနေဖြင့် နန်းလောဝ်ခမ်း၏ ကျေးဇူးကိုသာမက တစ်မိသားစုလုံး၏ကျေးဇူးကိုပင်လျှင် ဆပ်သင့်သည် မဟုတ်ပါလား။ သူမက ဗိုလ်ဇော်ထွန်းကို နှောင်တဲမထားဘဲ စွန့်လွှတ်လိုက်ခြင်းဖြင့် ဗိုလ်ဇော်ထွန်းကို နန်းလောဝ်ခမ်းအား ကျေးဇူး တုံ့ပြန်နိုင်သော အခွင့်အရေး ဖန်တီးမပေးသင့်ဘူးလား။

မေကြည်ငြိမ်းသည် ဆန္ဒအတိုင်းမဟုတ်ဘဲ ဘဝအတိုင်း စဉ်းစားလိုက်သောအခါ ဤအရေးတွင် အဟန့်အတားဖြစ်နေသူမှာ မိမိသာလျှင် ဖြစ်နေကြောင်း တွေ့ရှိလာရသည်။ သူမကိုအကြောင်းပြု၍ မိဘတွေက လူကြီးချင်း စကားပြောဖြစ်ကြခြင်း ဖြစ်သည်။ ဗိုလ်ဇော်ထွန်းကို နန်းလောဝ်ခမ်းနှင့် သဘောမတူခြင်းထက် သူမနှင့်သဘောတူထားပြီးဖြစ်သည်ကို မဖျက်လိုခြင်း ဖြစ်သည်။ အကယ်၍ သူမသာ နောက်ဆုတ်ခဲ့ပါလျှင်…။ ဤသို့ စဉ်းစားကာ အလျှော့ပေးလိုက်ခြင်းဖြစ်သည်။ နှလုံးသားကိုစတေးပြီး ချလိုက်ရသော ဆုံးဖြတ်ချက်ဖြစ်သည်။

''မိဘတွေက သဘောတူပါ့မလား မမငြိမ်းရယ်''

''မိဘတွေကို ဖျက်သိမ်းခိုင်းမှာမဟုတ်ဘူး။ သူတို့က ဖျက်သိမ်းဖို့ ဝန်လေးလိမ့်မယ်။ ဒါကြောင့် ကာယကံရှင် မမငြိမ်းကိုယ်တိုင်က ဖျက်သိမ်းကြောင်း ကြေညာမှာ။ ဒီကိစ္စကို မမငြိမ်း တာဝန်ယူသွားမှာပါကွယ်''

သည်လိုဆိုတော့လည်း အထင်အမြင် မှားမိသည်ကို ဗိုလ်ဇော်ထွန်း နောင်တရသည်။ မေကြည်ငြိမ်းကို သနားသွားသည်။ သူ စိတ်ချမ်းသာဖို့ အတွက် တစ်သက်လုံး ခံစားသွားရတော့မည် မဟုတ်ပါလား။



မေကြည်ငြိမ်းသည် သူမစကားအတိုင်း သတင်းစာတွင် ကြော်ငြာ ထည့်ပေးခဲ့လေသည်။ ဤကိစ္စနှင့်ပတ်သက်၍ မိဘတွေကို နှစ်ယောက်လုံးက အတိုက်အခံပြောခဲ့ရသည်။ ဤနှယ် နှစ်ယောက်အတူ လက်တွဲမိပြီဆိုတော့လည်း မိဘတွေ မပြောသာတော့ချေ။

မေကြည်ငြိမ်းသည် ဗိုလ်ဇော်ထွန်းကို ရယူပိုင်ဆိုင်လိုသော အချစ်ထက် စွန့်လွှတ်အနစ်နာခံလိုသောအချစ်ဖြင့် သဘောထားကြီးပြလိုက်သည်။ ကြော်ငြာပါသော သတင်းစာကိုကိုင်၍ ရာပုံတော်ဖွင့်ရဦးမည့် ဗိုလ်ဇော်ထွန်းကို ရန်ကုန်ဘူတာကြီးသို့ ကိုယ်တိုင်ပင် ကားမောင်းပို့ပေးခဲ့သည်။

ဗိုလ်ဇော်ထွန်း ကားပေါ်မှဆင်း၍ ဘူတာထဲမဝင်မီ သူမကို နှုတ်ဆက်သောအခါ ''ကံကောင်းပါစေကွယ်'' ဟူ၍ပင် ဆုတောင်းပေးလိုက်ပါသေးသည်။

▣ ▣ ▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း - လေး

# စိုင်းဆဟုန်

၁

နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော စိုင်းဆဟုန် ပြန်ရောက်လာ သောအခါ ဝစ်ရွာလုံးက ဝမ်းသာလှိုက်ဖို လာရောက်နှုတ်ဆက်ကြသည် ဒေါ်ခမ်းလှူဆိုလျှင် သေရွာပြန်တူကလေးကို ပွေ့ဖက်နမ်းရှုပ်လို့မဆုံး အရေးအကြောင်းတင်သော မျက်နှာပြင်ဝယ် မျက်ရည်စီးကြောင်း မခန် တော့။ သေးသွယ်ကြမ်းတမ်းသော လက်ချောင်းများဖြင့် စိုင်းဆဟုန် မျက်နှာအနှံ့ကို ယုယုယယစမ်းသပ်ရင်း "မသေကောင်း မပျောက်ကော ကွယ်။ သားပြန်လာတော့ ငါ အားရှိသွားပြီ။ ငါ့ဘဝမှာ ပြည့်စုံသွားပြီ ဟု ဝမ်းသာဝမ်းနည်း တဖွဖွရေရွတ်သည်။ ဒေါ်ခမ်းလှူတွင် အစ်မ မရှိတော မောင် မရှိတော့။ ဒီကူသည်ပင် သူ့ဆွေး သူ့သား သူ့မျိုးဆက်မဟုတ်ပါလာ

"လောဝ်ခမ်းက မင်းပျောက်သွားတော့ အရိပ်အမြွက် ကိုးတိုးကိတ်တိ တော့ အပြောသား။ ဒီလောက်ကြာအောင် တစ်ခါမှမတွေ့ရတော့ အသက် ကိုယ် မြဲနေသေးရဲ့လားလို့ မတွေးကောင်း တွေးကောင်း တွေးပူနေရတယ်

"ဒီနယ်မှာ ခေါင်းထက်တဲ့ ပညာနဲ့ရာဇဝင်ကြွေးက မသေးဘူး မဟု လား။ ကျွန်တော်နဲ့ အဆက်အသွယ်ရှိမှန်း သိသွားရင် မြဲခမ်းလှူ ဒုက္ခရော





မှာစိုးလို့ ဝဏ္ဏာရှိနေသမျှ နောင်ငှုကို ခြေမချဘူးလို့ ဆုံးဖြတ်ခဲ့တာပါ" ဟု စိုင်းဆဟုန်က ပြောသည်။

သူသည် စိုင်းသီဟ၏ တောတွင်းစခန်းအချုပ်မှ ထွက်ပြေး လွတ်မြောက်လာပြီးနောက် တပ်ထဲဝင်ခဲ့သည်။ တိတိကျကျပြောရလျှင် ဆေးဝန်ထမ်းတပ်တွင် ဆေးစစ်သည်ဖြစ်လာသည်။ ရှေ့တန်းဆေးတပ်ခွဲ၊ စစ်မြေပြင်ဆေးတပ်ရင်း၊ အခြေချ စစ်ဆေးရုံများတွင် တာဝန်ထမ်းဆောင် ခဲ့သည်။ သင်တန်းအမျိုးမျိုး တက်ခဲ့သည်။ ရာထူးအဆင့်ဆင့် တိုးလာသည်။ အမြင့်ဆုံး ဆေးဘက်လက်ထောက်သင်တန်းတက်ပြီး ဖြစ်သည်။ တပ်ကြပ် ကြီး စိုင်းဆဟုန် အများဆုံးကျင်လည်ခဲ့သော စစ်မြေပြင်မှာ ကရင်ပြည်နယ် နှင့် ကယားပြည်နယ် ဖြစ်သည်။ သံလွင်အရှေ့ခြမ်းကိုလည်း ရောက်ဖူးသည်။ နမ့်ပန်ချိုင့်ဝှမ်းခွင်စစ်ဆင်တော့ ကိုယ့်မြေကိုယ့်ဒေသမို့ ခွင့်တောင်းပြီး ဗော်လံ တီယာ လုပ်ခဲ့သည်။ ဤတွင် ရဟတ်ယာဉ်ဖျက်ကျသည်နှင့် ကြုံရခြင်း ဖြစ်လေသည်။

"ဟင်…အဲဒီတုန်းက ဆဟုန်ပါတယ်"

နားထောင်နေသော ဒေါ်ခမ်းလှူနှင့် ရွာသားတချို့ တအံ့တသြ။

"ကျွန်တော်တို့ကယ်လိုက်တဲ့ ဗိုလ်ကြီးဟာ အဲဒီရဟတ်ယာဉ်က လေသူရဲပဲ"

စိုင်းအောင်ထွန်းက ဝင်ပြော၏။ သည်တစ်ခါ အံ့သြရသူမှာ စိုင်းဆဟုန်။

စိုင်းအောင်ထွန်းသည် အစ်မလောဝ်ခမ်းနှင့်ဗိုလ်ဖော်ထွန်းတို့ အမှတ် မထင် ဆုံတွေ့ကြသည်မှ ဗိုလ်ဖော်ထွန်းကို ချောင်းကွေ့သို့ သူလိုက်ပို့ခဲ့ရသည် အထိ ဇာတ်ကြောင်းပြန်၏။ ဗိုလ်ဖော်ထွန်းနှင့် နန်းလောဝ်ခမ်း၏ အချစ်ရေး ကိစ္စမှလွဲ၍ ပြတ်နေသောအပိုင်းအစနှစ်ခု ဆက်မိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"လောဝ်ခမ်းက ဗိုလ်ကြီးဇော်ထွန်းအသက်ကို ကယ်ခဲ့တယ်။ ဗိုလ်ကြီးက ငါ့အသက်ကို ကယ်ခဲ့ပြန်ရော။ အဲဒီညနေက ဗိုလ်ကြီးကသာ ငါ့ကို တွန်းလှဲမပစ်ခဲ့ရင် ဗိုလ်ကြီးပေါင်ကို ရှပ်မှန်သွားတဲ့ ကျည်ဆန်ဟာ ငါ့ခန္ဓာကိုယ်ထဲဝင်သွားမှာ အသေအချာပဲ။ အဲဒါလုံးနဲ့လောဝ်ခမ်းတို့ ကုပေးတဲ့ဒဏ်ရာဟာ ငါ့ကြောင့်ရသွားတဲ့ဒဏ်ရာပဲ"

"အဲဒီ မင်းကြောင့်ရတဲ့ဒဏ်ရာကို ကုပေးပြီး ဗိုလ်ကြီးကို လွတ်အောင် ကူညီလိုက်လို့ မင့်သူငယ်ချင်းလောဝ်ခမ်း ဘဝပျက်ရရှာတယ်ကော"

နန်းလောဝ်ခမ်းတို့ခြံနီးချင်း ဦးအိုက်ခမ်းက ဖြည့်ပြောသည်။

အထက်တွင် ဆက်စပ်မိသော အပိုင်းအစနှစ်ခုအပြင် တတိယအပိုင်း (ဝါ) နောက်ဆက်တွဲအပိုင်းအစပါ ဆက်လိုက်သောအခါ ဖြစ်စဉ်ဇာတ်ကွက်တို့ ပိုပြည့်စုံသွားသည်။ တတိယအပိုင်းသည်ကား ဗိုလ်ဇော်ထွန်းကိုကူညီသဖြင့် စိုင်းဝဏ္ဏက နန်းလောဝ်ခမ်းတို့မိသားစုကို ဒုက္ခရောက်စေသော လုပ်ရပ်နှင့် သူ၏ဘဝနိဂုံးပေတည်း။ စောစောကတည်းက သူကြိုတင်သိထားပြီးဖြစ်သော စိုင်းခမ်းပန်နှင့်အဲမြတို့၏ ဝမ်းနည်းကြေကွဲဖွယ် ဇာတ်ကွက်ကို ထပ်မံဖြည့်စွက်လိုက်သောအခါ စိုင်းသီဟနှင့် စိုင်းဝဏ္ဏတို့ ကိုယ်စားပြုသော စနစ်ဆိုး တစ်နည်းအားဖြင့် ဦးလေးဆရာနှင့်သူတို့ဆန့်ကျင် ခဲ့သော စနစ်ဆိုး၏ စက်ဆုပ်ဖွယ်နာကြည်းဖွယ် ဗိုလ်ကျ အနိုင်ကျင့်မှုများ သည် အထင်းသားပေါ်လာ၏။

ခုတော့ နမ့်ပန်ချိုင့်ဝှမ်း၏ နောင်ငူရွာတွင် ငယ်သူငယ်ချင်း ငါးယောက် အနက် စိုင်းဆဟုန်တစ်ယောက်သာ ရှိနေပေတော့ သည်တကား။

◙ ◙ ◙

စိုင်းဆဟုန်သည် နမ့်ပန်ချိုင့်ဝှမ်းတွင် စိုင်းဝဏ္ဏတို့အဖွဲ့ ပြိုကွဲပျောက် ကွယ်သွားသောကြောင့် နှစ်ပေါင်းများစွာ အဆက်ဖြတ်ထားခဲ့သော အ



နှင့်ရွာကိုလွမ်းသဖြင့် နုတ်ထွက်ခွင့်ယူ၍ ပြန်လာခဲ့ခြင်းဖြစ်၏။ ရဟတ်ယာဉ်ပျက်ကျစဉ်ကရခဲ့သော လက်မှဒဏ်ရာသည် ဆေးခုံရုံးဖြင့် ထွက်ရန်အကြောင်းအချက် ဖြစ်လာ၏။ ရွာတွင် အခြေတကျနေထိုင်မည်။ စိုက်ပျိုးမွေးမြူရေးလုပ်မည်ဟူသော သူ၏ရည်ရွယ်ချက်ကိုပြောပြရာတွင် ဒေါ်ခမ်းလှလည်း ဝမ်းသာသည်။ ဦးပဉ္စင်းကြီး ဦးထွန်းလုလည်း သာဓုခေါ်သည်။ ရွာသားတွေကလည်း သဘောကျကြသည်။

သူတို့ရွာသည် ဗိုလ်စိုင်းဝဏ္ဏဟူသော သောင်းကျန်းသူ ဗိုလ်တစ်ယောက် ပေါ်ထွက်ခဲ့သောကြောင့် နာမည်ပျက်ခဲ့သည်။ ယခု တပ်ကြပ်ကြီးစိုင်းဆဟုန် ဟူသော တပ်မတော်သားတစ်ယောက် ရှိလာခဲ့ပြီး သူ၏လုပ်သက်ဆုကြေးကို အရင်းတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဆိုသဖြင့် နာမည်ပျက်ကို ခြေဖျက်နိုင်တော့မည်ဟု ရွာသူရွာသားတွေက ဂုဏ်ယူကြသည်။

စိုင်းဆဟုန်တွင် အဒေါ်ခမ်းလှအမွေပေးသော လက်ဖက်ခြံ ရှိထားပြီး ဖြစ်သည်။ လက်ဖက်ခြံအပြင် စပါးလည်း စိုက်မည်။ နှစ်ရှည်သီးနှံပင်လည်း စိုက်ချင်သည်။ နွားနှင့်ကြက်မွေးမြူရေးကိုလည်း နိုင်သလောက်လုပ်ဦးမည်။ ဤဆန္ဒ ဤရည်မှန်းချက်တွေသည် ယခု ရွာပြန်ရောက်မှ ခေါင်းထဲပေါ်လာ သော စိတ်ကူးမဟုတ်ချေ။ သူငယ်ချင်းလေးယောက် ခမ်းပန်နှင့်လယ်တွင် ပြောခဲ့စဉ်ကတည်းက သန္ဓေတည်ခဲ့သော ရည်မှန်းချက်တွေဖြစ်သည်။ ဆေးစစ်သည်တာဝန်ကို တစ်ဖက်က ထမ်းဆောင်နေသော်လည်း ရောက်ရာ တပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို စိတ်ပါလက်ပါ လုပ်ကိုင်ပေးခဲ့သည်။ သူ့ဝါသနာကိုသိသော စစ်ဆေးရုံကြီးမှ သူ့ဆရာ တပ်ထောက်ဗိုလ်ကြီးက မော်ဘီစိုက်ပျိုးရေးသင်တန်းကို တက်နိုင်အောင် စီစဉ်ပေးခဲ့သည်။ စိုက်ပျိုး မွေးမြူရေးတက္ကသိုလ်ဆင်း ဗိုလ်ကြီးကိုယ်တိုင်ကပင် စိုင်းဆဟုန်နှင့်စိတ်တူ ကိုယ်တူ ဝါသနာတူဖြစ်နေရာ တပ်မှထွက်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်မည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အချိန်မရွေးသူ့ဆီလာခဲ့။ တတ်နိုင်သမျှ အကူအညီပေးမည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းဌာနများတွင် လုပ်ကိုင်နေသော သူငယ်ချင်းတွေနှင့် ဆက်သွယ်ပေးမည်ဟု ကတိပေးခဲ့သည်။ သို့ဖြင့် စိုင်းဆာဟုန် တအားတက်ခဲ့ရသည်။

ဤနှယ် တစ်အားတက်ဖွယ် ကူညီပံ့ပိုးမည့်သူ၊ အားပေးသူတွေ ရှိထားသဖြင့် ဝမ်းမြောက်ဖွယ်ကောင်းသည့်နည်းတူ သူ့ရင်ထဲတွင် ကြိတ်ပြီးခံစားနေရသော စိတ်မကောင်းစရာအဖြစ်များလည်း ရှိနေပေသေးသည်။ နမ့်ပန်ချိုင့်ဝှမ်း အကျိုးပြုလုပ်ငန်းများကို လက်တွဲလုပ်ကိုင်ကြမည်ဟု ကတိပြုခဲ့ကြသူ လေးယောက်အနက် သူတစ်ယောက်သာ ကျန်ရှိနေသောကြောင့်ဖြစ်သည်။

ဘဝအကျိုးပေးမကောင်းရှာသူ အဲမြတစ်ယောက်မှာမူ ကွယ်လွန်သွားခဲ့ပြီ။

စိုင်းခမ်းပန်လည်း ဘာထူးသနည်း။ ရှင်လျက် သေသူနှင့်မခြား။ မန္တလေးတွင် ဆေးကုရင်း စုပ်စမြုပ်စပျောက်ကွယ်သွားသော စိတ်ဝေဒနာရှင် စိုင်းခမ်းပန်သည် လအတန်ကြာသောအခါ “အရူးချေးပန်း” အဖြစ် ပြန်ပေါ်လာသည်။ လားရှိုး၊ တန့်ယန်းမှာ တွေ့ရတတ်သည်။ တစ်ခါတစ်ရံ မန်ကပ်အထိ နယ်လွန်လာတတ်သည်။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ် မလုံမခြုံနှင့် မည်းညစ်ပေတူးနေ၍ ရုပ်ကို မနည်းဖမ်းယူရသည်ဟု တွေ့မြင်ဖူးသူတွေက ပြောကြသည်။ အစက အရူးကြီးခမ်းပန်ဟု ခေါ်ကြသည်။ နောက်အရူးကြီးပန်ဟု အတိုခေါ်ကြသည်။ စကားထွက် လေသံကိုလိုက်၍ အလွယ်ခေါ်လိုက်တာလား၊ နောက်ပြောင်ချင်ကြတာလား မသိ။ ခုတော့ အရူးချေးပန်းဟု တွင်နေသည်။ အရူးကြမ်းမဟုတ်။ သို့ရာတွင် ကလေးတွေက အပျော်အပျက်စလျှင် နောက်ကလိုက်တတ်သည်။ ကလေးတွေက



“အရူးချေးပန်း…အရူးချေးပန်း” ဟုအော်ဟစ် ပြောကြသည်၊ အကြောင်းသိလူကြီးတွေက တားမြစ်ယူရသည်။ အစားအသောက်ပေးလျှင် ကောင်းကောင်းမွန်မွန် လာယူသည်။ ပလုတ်ပလောင်းစားသည်။ သူ့ကိုကြည့်ပြီး နို့စို့အရွယ်ကလေး သူငယ်တွေက ကြောက်ကြသည်။ အရူးချေးပန်းလာပြီဟု ခြောက်လျှင် အငိုတိတ်သည်ဟုဆိုသည်။ သြော်…အဲဒီနည်းတွေ ဘဝအကျိုးပေးမကောင်းသူ သူငယ်ချင်းပါတကားဟု စိုင်းဆာဟုန် ရေရွတ်ညည်းတွားမိသည်။

နောက်တစ်ယောက်ကတော့ နန်းလောဝ်ခမ်း။ အဲမြလို အသက်မသေ၊ စိုင်းခမ်းပန်လို စိတ်မဖောက်ပြန်သော်လည်း သူမဘဝက အဆိုးရွားဆုံးဟု စိုင်းဆာဟုန် ထင်သည်။ ကိုယ်ကိုင်သာမက မိသားစုပါ ဒုက္ခပင်လယ်ဝေခဲ့သည်။ သူပြန်လာတော့ နန်းလောဝ်ခမ်းကို မတွေ့ရ။ နန်းလောဝ်ခမ်း ပျောက်ချက်သား ကောင်းလှသည်။ သူ့အနေနှင့် နန်းလောဝ်ခမ်းကို တွေ့ချင်လှပါသည်။

နန်းလောဝ်ခမ်း ဘယ်မှာနည်း။

စိုင်းအောင်ထွန်းကို မေးကြည့်ခဲ့ဖူးသည်။ တိကျရေရာသော အဖြေမရ။

“အစ်မက သူ ဘယ်သွားမယ်ဆိုတာ ကျွန်တော့်ကို ပြောမသွားဘူးဆိုရင် ကိုဆာဟုန် ယုံမှာမဟုတ်ဘူး။ ငါ့ဘဝ ဇာတ်မြှုပ်တော့မယ်တဲ့။ နင်လိုက်မရှာနဲ့တဲ့။ ဦးပဥ္စင်းကြီးကို အကုန်လျှောက်ပြီးပြီ။ ဦးပဥ္စင်းကြီးကိုသာ ရှိခိုက်ရစ်တဲ့”

နန်းလောဝ်ခမ်းက သူသွားမည့်နေရာကို မောင်အရင်းဖြစ်သူကိုပင် အသိမပေး။ သာမန်အားဖြင့် တောသဲပါသွားရုံ၊ စိုင်းပဏ္ဍာကို အလိုမတူဘဲ ပေါင်းသင်းခဲ့ရုံနှင့်တော့ ဤမျှ လျှို့ဝှက်နေထိုင်ရန် မလိုအပ်ဟု စိုင်းဆာဟုန် တွေးသည်။ နန်းလောဝ်ခမ်းတွင် အခြား မည်သည့်အကြောင်းချင်းရာ ရှိနေ

www.burmeseclassic.com

သေးသနည်း။ ဦးပဥ္စင်းကြီး သိနိုင်သည်။ ဦးပဥ္စင်းကြီးကို လျှောက်ပြီးပြီဟု ဆိုသည် မဟုတ်လား။

ထို့ကြောင့် စိုင်းဆဟုန်က ဦးပဥ္စင်းဦးထွန်းလုံကို လျှောက်ထား မေးမြန်းကြည့်သောအခါ "ဒကာမလေးကို မနှောင့်ယှက်ချင်ပါနဲ့။ သူ့စိတ် အလိုဆန္ဒအတိုင်း ရှိနေပါစေ" ဟု တိုတိုတုတ်တုတ်ပိတ်ပြီး အမိန့်ရှိလိုက် သောကြောင့် ဘာမျှထပ်မံစုံစမ်း၍ မရနိုင်တော့။

နောင်ငူအနီးတစ်ဝိုက် နမ့်ပန်ချိုင့်ထဲမှာ လက်ရင်းကပ်ပြီး ခိုနေလျှင် မဖြစ်နိုင်ဘူးလားဟု စစ်သားအတွေးဖြင့် စိုင်းဆဟုန် တွေးကြည့်သည်။ တစ်ရွာနှင့်တစ်ရွာ အကူးအသန်းအသွားအလာ ရှိတတ်သဖြင့်လည်းကောင်း၊ ဝဏ္ဏနှင့်ပတ်သက်ထားသူ ဖြစ်သောကြောင့်လည်းကောင်း သတင်းပျံ့နှံ့ သွားနိုင်သည်။ ထို့ကြောင့် နန်းလောဝ်ခမ်း ဇာတ်မြှုပ်မည့်နေရာသည် နမ့်ပန် ချိုင့်ဝှမ်း၊ နမ့်ပန်နယ်တစ်ကြော မဖြစ်နိုင်ချေ။

သူတို့ နောင်ငူမှ မြန်မာပြည်အနှံ့ ဘယ်ကိုပဲသွားသွား လားရှိုးမြေကို တော့ ဦးရွာနင်းရမည်။ လားရှိုးမှတစ်ဆင့် လိုရာခရီးဆက်ရမည်။ လားရှိုး တွင် သူငယ်ချင်းတွေရှိသည်။ သူငယ်ချင်းတွေဆီ တစ်ထောက်နားခဲ့လျှင် သတင်းအစအနရနိုင်သည်ဟု စိုင်းအောင်ထွန်းက အကြံပေးသည်။ နန်းလောဝ်ခမ်း သွားနိုင်သော နောက်တစ်နေရာမှာ အင်းစိန်ရှိ အဒေါ်အိမ် ဖြစ်သည်။ တက္ကသိုလ်တက်စဉ်က အင်းစိန်တွင် အကြာကြီးနေဖူးသည်။ သူငယ်ချင်း အသိအကျွမ်းတွေပေါသည်ဟု စိုင်းအောင်ထွန်းက ဆိုသည်။

စိုင်းဆဟုန် စဉ်းစားမိသော နောက်တစ်ချက်မှာ စစ်ဆင်ရေးကာလ တုန်းက စစ်ဆေးမေးမြန်းရသောအဖွဲ့ ဖြစ်သည်။ နန်းလောဝ်ခမ်းရွာမှ ထွက်ခွာသွားစဉ်က စစ်ဆင်ရေး လုံးဝလက်စမပြတ်သေး။ စိုင်းဝဏ္ဏ ကျဆုံး ပြီးခါစ ပူပူနွေးနွေးကြီးရှိသေးသည်။ ရွာမှာစခန်းချသော တပ်ပင် မရုပ်သေး။



နန်းလောဝ်ခမ်းက သောင်းကျန်းသူ ဝိုလ်နှင့်ပတ်သက်ခဲ့သူ။ ထို့ကြောင့် မျက်ခြည်မပြတ်ကြည့်ထားရမည့် သူတစ်ယောက်၏ မှတ်တမ်းမှတ်ရာသည် သက်ဆိုင်သူများထံတွင် မုချရှိနိုင်၏။ အရေးကြီးတော့သော လုံခြုံမှု အဆင့်အတန်းချရမည်ဖြစ်သော ယခုလိုအချိန်မျိုးတွင် လူမှုရေးအရ လိပ်စာ နေရာလောက်ကိုတော့ စုံစမ်းရနိုင်ကောင်းသည်။ လိုအပ်လျှင် သူနှင့်သိကျွမ်း သော ဆရာသမားဆေးမှူးကြီးတွေထံ အကူအညီတောင်းမည်။

ဤသို့လျှင် နန်းလောဝ်ခမ်းသတင်းရနိုင်မည့် အခြေအမြစ် တချို့ကို စိုင်းဆဟုန် စဉ်းစားထားသည်။ လောလောဆယ်တော့ သတင်းအနံ့ခံပြီး မီးခိုးကြွက်လျှောက်လိုက်နိုင်ရန် အချိန်မပေးနိုင်သေး။ တပ်မှနုတ်ထွက် သည့်ကိစ္စ မပြတ်သေး။ လုပ်သက် ဆုကြေးထုတ်ရန်ကိစ္စ၊ ပင်စင်ကိစ္စတွေ ကျန်သေးသည်။ စိုက်ပျိုးမွေးမြူရေးအတွက် ပြင်ဆင်စရာအလုပ်တွေ ရှိသေးသည်။ ထို့ကြောင့် ရန်ကုန်ကို တစ်ခေါက်ဆင်းရဦးမည်။

ဤကိစ္စတွေပြီးမှ သူငယ်ချင်းနန်းလောဝ်ခမ်းကို ရှာပုံတော်ဖွင့်ရမည်။ ရေမြေဆုံးစေတော့ မတွေ့တွေ့အောင်ရှာမည်။

"မင်း ဘယ်လောက်ဝေးဝေး ပြေးနိုင်မလဲ လောဝ်ခမ်းရယ်"

သည်လို သူ့ရင်ထဲက ကြုံးဝါးသည်။

၂

စိုင်းဆဟုန်သည် သူ့ရည်မှန်းချက်ကို လုပ်သက်ခွင့်ကာလအတွင်း မှာပင် စနိုင်သလောက် စထားရန်စိတ်ကူးလေသည်။

ဥယျာဉ်ခြံနှင့်လူနေရန်အတွက် နမ့်ပန်ချောင်းဘေးတွင် မြေတစ်ကွက် ဝယ်ရန် ကြိုတင်စကားပြောထားခဲ့သည်။ ပိုင်ရှင်သည် သူမနိုင်နင်းသော ဥယျာဉ်ခြံမြေကို ဖဲ့ရောင်းခြင်းဖြစ်သည်။ ဒီနေရာမှာ ဘာပင်စိုက်မည်၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုနေရာမှာ ဘာအခင်းလုပ်မည်၊ အိမ်ကတော့ ဒီအကျယ်အဝန်းနေရာဆိုလျှင် လုံလောက်ပြီဟူ၍ စိတ်ကူးနှင့် မြူးနေသောစိုင်းဆဟုန်ကို -

"ကိုဟုန်ကြီး ခင်ဗျားတစ်ယောက်တည်းနေမယ့်အိမ်က ကျယ်လွန်း တယ်ဗျာ"

"ဟကောင်…ကြင်ရာအတွက် ကြိုတင်လျာထားတာပေါ့။ အဲ့ပေါ့…"

"ကိုဆဟုန် မစွံသေးပါဘူး။ အခုမှ ရွေးမယ်ကြံတုန်း"

"အောက်ပြည်ကပြန်လာရင် တစ်ခါထဲပါလာမှာ။ မယုံရင်ကြည့်…"

"ဟုတ်တယ်၊ ဆဟုန်က ဦးလေးခြေရာနင်းမယ့်တူ"

စသည်ဖြင့် ရွာခံကာလသားတွေက စကြနောက်ကြသောအခါ "ခင်တွယ်စရာ ကြင်ရာဆိုလို့ မူးလို့ကောင် ရှူစရာမရှိသေးပါဘူးကွာ။ အိမ်ကျယ်ကျယ်ဆောက်တာက မြွေခမ်းလူနေချင်ရင် နေဖို့တစ်ခန်း၊ နောက်ပြီး တော့ မင်းတို့ပြောသလို ဖူးစာဖက်တွေ့လာခဲ့ရင်…အဲဒီအတွက် တစ်ခန်း ပေါ့ကွာ။ ဟဲ…ဟဲ…" ဟု စိုင်းဆဟုန်က ရယ်ကျဲကျဲဖြေသည်။

သူတို့သည် စိုင်းဆဟုန်ကို ချစ်ခင်လေးစားကြ၏။ ရင်းရင်းနှီးနှီး ပြောရဲဆိုရဲရှိကြ၏။ အသတ်ခံရဆဲဆဲ ရန်သူ့လက်မှလွတ်မြောက်အောင် ထွက်ပြေးကာ တပ်ထဲဝင်လိုက်ပြီး နမ့်ပန်ချင်စစ်ဆင်ရေးကို ပါဝင်ဆင်နွှဲ ခဲ့သော၊ ဒဏ်ရာရလူနာနှင့် ရဟတ်ယာဉ်အဖွဲ့သားတွေကို မိမိတပ်ရှိရာသို့ လမ်းပြခေါ်ဆောင်သွားနိုင်သော စိုင်းဆဟုန်မှာ သူတို့အတွက် သူရဲကောင်း ပင်တည်း။

စိုင်းဆဟုန်သည် ခြံမြေဝယ်ယူပြီးနောက် စပါးစိုက်ရန် လယ်ရှာ သည်။ လယ်ကိုမူ ချောင်းနားနီးသော ပထမတန်းစား စာရင်းဝင် လယ်မျိုး မရချေ။ စိုင်းခမ်းပန်လုပ်ခဲ့သော လယ်နှင့်သုံးကွက်ခြားခန့်တွင်ရှိသော မြေရိုင်းကို ခုတ်ထွင်ကာ လယ်သစ်ဖော်ရန် ဆုံးဖြတ်သည်။ ရေနှင့်ဝေးသဖြင့်



ဒုတိယတန်းစားလယ် အထွက်နှုန်းလောက်သာ ရနိုင်သည်။ သို့သော် စိုင်းဆဟုန် မပူ။ နမ့်ပန်ချောင်းရေကို မြောင်းသွယ်ယူမည်။ မြောင်းလက် တက်တွေဖြာ၍ မြောင်းတစ်လျှောက် လယ်တွေလည်း မြောင်းရေသောက် စေမည်ဟု စိုင်းဆဟုန်က သူ့စီမံကိန်းကို ဆွေးနွေးသောအခါ ရွာလူကြီး တွေက သဘောတူညီကြသည်။ ငွေအား၊ လူအားကူညီမည်ဟု ရေရမည့် လယ်ရှင်တွေက ကတိကဝတ်ပြုကြသည်။

စိုင်းဆဟုန်သည် အခြေအနေက ဆောင်ကြဉ်းပေးသောကြောင့် ရက်တိုတိုနှင့် ရပ်ရေးရွာရေးတွင် ဦးဆောင်သူဖြစ်မှန်းမသိ ဖြစ်လာသည်။

သူပိုင် ဥယျာဉ်ခြံ၊ သူပိုင် လယ်အပြင် ဒေါ်ခမ်းလူပေးသော လက်ဖက်ခြံပါ ပေါင်းလိုက်သောအခါ ကိုယ်ပိုင်လုပ်ငန်းသည်ပင် ပမာဏ မသေးငယ်လှ။ အများအကျိုးအတွက် ဆည်မြောင်းဖောက်လုပ်ရေးကိုပါ တာဝန်ယူရသည်တွင် အလုပ်ပိုများလာရတော့သည်။ ဤပရဟိတလုပ်ငန်းမှာ ငွေရှိရုံ၊ လုပ်အားပေါ်ရုံနှင့် မပြီးသေး။ သက်ဆိုင်သောဌာနများ၏ ကူညီပံ့ပိုးမှု လိုအပ်လာသည်။ သည့်အတွက်ကိုမူ သူ့ဆရာဗိုလ်ကြီးကိုသာ အားကိုးရ တော့မည်။ လုပ်သက်ခွင့်စေ့အောင် မစောင့်ဘဲ ပြင်ဆင်သင့်သည်တို့ကို ကြိုတင်ပြင်ဆင်ရေးအတွက် အိမ်ဆောက်ပြီးသည်နှင့် ရန်ကုန် တစ်ခေါက် ဆင်းဖို့ ဖြစ်လာသည်။

စိုင်းဆဟုန်လည်း ဆင်းချင်နေသည်။ အလုပ်ကိစ္စ သွားလာရင်း နန်းလောဝ်ခမ်းသတင်းကို စုံစမ်းနိုင်မည်မဟုတ်ပါလား။

⊡ ⊡ ⊡

သစ်ဝါးပေါသည့်ဒေသဖြစ်၍ စုပေါင်းလုပ်အား ညီညီညာညာနှင့် တွေ့လိုက်သောအခါ အိမ်အမြန်ပြီးသွားသည်။ နေ့ခင်းက လုပ်အားပေးသူ

www.burmeseclassic.com

www.burmeseclassic.com



တွေကို တပျော်တပါး ချက်ပြုတ်ကျွေးမွေးဧည့်ခံခဲ့သည်။ ကာလသား တစ်သိုက်လည်း ညဦးပိုင်းကပင် ရွာပြန်သွားကြပြီ။

အိမ်ကို မှိုင်းမှိုင်းပျပျ ဂဏ္ဍါတောင်တန်းကြီးဆီ မျက်နှာမူထားသည်။ နမ့်ပန်ချောင်းကို ကျောခိုင်းထားသည်။ နှစ်ထပ်အိမ်ဖြစ်ပြီး မျက်နှာစာမှာ ဝရန်တာ ထုတ်ထားသည်။ စိုင်းဆဟုန်သည် ဝရန်တာတွင်ရပ်လျက် ဟိုးအဝေးရှိ ဂဏ္ဍါတောင်တန်းကြီးဆီ လှမ်းမျှော်ကြည့်နေသည်။ သူသည် နမ့်ပန်ချိုင့်ဝှမ်း၏ ညအလှကို မခံစားရသည်မှာ ကြာတောင့်ကြာပြီ။

တောင်တန်းသည် ပြည့်လုနီးလဝန်း၏ အလင်းရောင်အောက်တွင် လှဲလျောင်းအိပ်စက်နေသည်။ လရောင်သည် သစ်ပင် အကိုင်းအခက်များ အကြား တိုးဝင်လျက် ညဦးအမှောင်နှင့် အားပြိုင်နေသည်။ စိုင်းဆဟုန်သည် လရောင်အောက်တွင် တွေ့မြင်နေရသော သူလျာထားသည့် စိုက်ခင်းနေရာ တွေကို အားရကျေနပ်စွာ ကြည့်ရှုနေသည်။ ရေနားနီးသော အိမ်နောက်ဖေး တွင် ဟင်းသီးဟင်းရွက်ခင်းတွေ စိုက်ပျိုးပြီး အိမ်ရှေ့နေရာကွက်လပ် ကျယ် ကျယ်တွင် နှစ်ရှည်ပင်တွေ အကွက်ကျကျ ချထားမည်။ နှစ်ရှည်ပင်တွေ အကြားမှာတော့ ခြံဝမှ အိမ်မဆီသို့လာသော လမ်းကလေးကို လှလှပပ ဖောက်ထားမည်။ နောက်လေးငါးနှစ်ကြာလျှင် သူခြံသည် အကွက်ကျကျ စိုက်ပျိုးထားသော နှစ်ရှည်ပင်ပေါက်ကလေးတွေ၊ ရာသီပေါ် ဟင်းသီး ဟင်းရွက်ခင်းတွေနှင့် သာယာလှပ နေချင့်စဖွယ်ရှိနေလိမ့်မည်ဟု စိတ်ကူးဖြင့် မှန်းဆပုံဖော်ရင်း ပီတိဖြာဝေနေ၏။

စိတ်ကူးယဉ်နေသော စိုင်းဆဟုန်၏အာရုံသည် မရှင်းလင်းရသေး သော အပင်ပေါင်းတချို့နှင့် ချုံနွယ်ပိတ်ပေါင်းတို့ကြားမှ မည်းမည်းသဏ္ဍာန် တစ်ခုဆီ ရောက်သွားသည်တွင် အိပ်မက်မှ လန့်နိုးထလာသူပမာ ဖြစ်သွားရ လေ၏။ ထိုသဏ္ဍာန်သည် တရွေ့ရွေ့လှုပ်ရှားနေ၏။ အိမ်ဆီသို့ ရွေ့လာနေ၏။ သူ့ရဲ့တစ္ဆေလား၊ လူလား။



အမှောင်ထဲမှ လရောင်အောက်ရောက်သည်တွင် လူဆိုတာ သေချာ သွား၏။

အနည်းငယ် နီးကပ်လာသောအခါ မိန်းမတစ်ယောက်သဏ္ဍာန် ပုံဖော် လို့ရလာ၏။ စိုင်းဆဟုန်သည် အပေါ်စီးမှငုံ့ကြည့်ရင်း ဘယ်သူဖြစ်နိုင်မလဲ တွေး၏။ မြခမ်းလူ မဖြစ်နိုင်။ ငယ်ရွယ်သူပုံ ပေါက်သည်။

မိန်းမငယ်လည်း သူ့ကိုမြင်တွေ့ဟန်တူသည်။ အိမ်နားရောက်သော အခါ ရပ်လိုက်ပြီး မော့ကြည့်သည်။ လရောင်ဆမ်းသော မျက်နှာသွင်ပြင်ကို တွေ့မြင်လိုက်ရသည်နှင့် အံ့အားသင့်သွားသည်။

သူ မှင်တက်မိနေဆဲ…

"ဆဟုန်"

ကြားဖူးနေကျ အသံလွင်လွင်ကလေး ပေါ်ထွက်လာသည်။

"လောဝ်ခမ်း"

စိုင်းဆဟုန်က အသံသြသြကြီးဖြင့်တုံ့ပြန်ကာ အိမ်အောက်သို့ ပြေးဆင်း သည်။

အိမ်ပေါက်ဝတွင် သူတို့နှစ်ယောက် ဆုံမိကြ၏။

"လောဝ်ခမ်းရယ် နင့်ကိုလိုက်ရှာမလို့လုပ်နေတာ။ နင် ပြန်လာသေး တယ်နော်"

"ဆဟုန်ရယ် နင် ဘယ်ရောက်ဘယ်ပေါက်နေပြီလဲလို့ တွေးပူနေတာ။ ခုလိုပြန်တွေ့တော့ ဝမ်းသာလိုက်တာဟယ်"

နှစ်ယောက်ကိုယ်စီ ဝမ်းသာအယ်လဲနှုတ်ဆက်မိကြသည်။

"ငါ ဒီမှာရှိတာ နင် ဘယ်လိုသိ…"

"မြခမ်းလူ ပြောတာ။ ခြံမှာ ဒီညအိပ်လိမ့်မယ်တဲ့"

"အဝေးကြီး တစ်ယောက်တည်းလာရတာ မကြောက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောက်စရာရှိလဲ၊ တို့နမ့်ပန်ချိုင့်ဝှမ်းဟာ အခု အေးချမ်းနေပြီလေ"

နှစ်ယောက်သား ပြုံးမိကြသည်။ စိုင်းဆဟုန်က အိမ်ထဲခေါ်သည်။ နန်းလော်ဝ်ခမ်းက အပြင်မှာပဲထိုင်မည် ပြောသည်။ ငြိမ်းချမ်းသာယာသော သဘာဝ၏ရင်ခွင်ဝယ် နှိဝင်ချင်သည်။ ရွှေပေါ်ခုံတန်းပေါ်မှာ ထိုင်မိကြသည်။

"နင် ဘာဖြစ်လို့ ခြေရာဖျောက်သွားတာလဲ"

စိုင်းဆဟုန်က သူအသိချင်ဆုံးမေးခွန်းကို မေးသည်။

နန်းလော်ဝ်ခမ်း တိတ်တခိုး သက်ပြင်းချသည်။

သူမသည် ညနေက ရွာပြန်ရောက်၏။ စိုင်းအောင်ထွန်းနှင့် ဒေါ်ခမ်းလူ ပြောသဖြင့် ရဟတ်ယာဉ်ပျက်ကျသောဖြစ်စဉ်တွင် စိုင်းဆဟုန်ပါဝင်ကြောင်း သိခဲ့ရ၏။ ပျောက်ကွယ်နေစဉ်က စိုင်းဆဟုန်၏ ဘဝတစ်စိတ်တစ်ပိုင်းကိုလည်း သူမ သိရပြီဖြစ်၏။ ထို့အတူ ဗိုလ်ဇော်ထွန်းကို သူမတို့မိသားစုက လှို့ဝှက်ဆေးကုပေးခဲ့ပုံနှင့် သည့်အတွက် စိုင်းဝဏ္ဏက သူမကို အနိုင်ထက်ပေါင်းသင်းခဲပုံတို့ကိုလည်း စိုင်းဆဟုန် သိပြီးဖြစ်ပေသည်။ ယေဘုယျအားဖြင့် ဤရွှေ့ဤမျှသိလျှင် ပြည့်စုံလုံလောက်ပြီဟုဆိုနိုင်၏။ ယခုမူ စိုင်းဆဟုန်က စေ့စေ့စပ်စပ် စပ်စပ်စုစုမေးလာသောကြောင့် နန်းလော်ဝ်ခမ်း အခက်တွေ့ရလေသည်။

"ဝဏ္ဏခေါ်သွားတာဟာ နင့်ဆန္ဒမပါတဲ့အတွက် ရာဇဝတ်မှုတစ်ခုပဲ။ ဒီအတွက်ကြောင့်တော့ တို့ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲစရာမရှိပါဘူး။ ရှောင်ပြေးပုန်းအောင်းစရာ မလိုပါဘူး"

ဒုတိယအကြိမ် သက်ပြင်းချမိပြန်သည်။ လူသိမခံချင်သော ပုဂ္ဂလိကခံစားချက်တွေကို လှစ်ဟပြရပေတော့မည်။



"ပတ်ဝန်းကျင်ကို ရင်ဆိုင်ခဲ့ပါတယ်။ အို…တစ်ကမ္ဘာလုံးကိုတောင် ရင်ဆိုင်ရမယ်ဆိုရင် ဝန်မလေးပါဘူး။ ဒါပေမယ့် ငါ ရင်မဆိုင်ရဲတဲ့သူ တစ်ယောက်ရှိတယ်။ သူ့ကြောင့် ခြေရာဖျောက်နေခဲ့တာပါ"

"ဘယ်သူလဲ"

"ငါ့ချစ်သူ…ဗိုလ်ကြီးဇော်ထွန်း"

"ဟင်…"

လုံးဝမျှော်လင့်မထားသောစကားကို စိုင်းဆဟုန် ကြားလိုက်ရသည်။

"ငါနဲ့ဗိုလ်ကြီးဇော်ထွန်းအကြောင်းကို ဗိုလ်ကြီးရေးလိုက်တဲ့ စာကတစ်ဆင့် ဝဏ္ဏသိသွားတယ်လေ။ သူလည်း ငါ့ကိုချစ်နေတယ်တဲ့။ ငါ့ကို ဗမာစစ်ဗိုလ်လက်ထဲ အပါမခံနိုင်ဘူးဆိုပြီး အကျပ်ကိုင်ခေါ်သွားတာ။ စပါးကျီပေါ်မှာ တို့နှစ်ယောက်ထဲပြောကြတာမို့ ဒီအကြောင်းကို ဘယ်သူမှမသိကြပါဘူး။ အများစုသိထားတာကတော့ မိသားစုအသက်ချမ်းသာရာရဖို့ ငါ့ကိုယ်ငါ ဝဏ္ဏလက်ထဲ အပ်လိုက်တယ်ဆိုတာပါပဲ"

"သြော်…ဒီလိုကိုး"

စိုင်းဆဟုန် သဘောပေါက်သွားသည်။

"သူ့ကို ငါ ဘယ်လိုရင်ဆိုင်ရမှာလဲ၊ ပြောပါဦး…သူမေးလာရင် ငါ ဘယ်လိုပြောထွက်မှာလဲ။ ဒါကြောင့် သူနဲ့မတွေ့ရအောင် နာမည်ပြောင်းပြီး ဓာတ်မြှုပ်နေခဲ့တာပဲ ဆဟုန်"

"ဓာတ်မြှုပ်မယ်ဆိုပြီး အခု တောင်ပေါ်ပြန်တက်လာပြီကော"

စိုင်းဆဟုန်က ထောက်ပြန်သည်။ မည်သည့်ကိစ္စကိုမျှ စိုင်းဆဟုန်ကို ဖုံးကွယ်၍မရစကောင်း။ သီဟတို့ မားထက်စဉ်မှာပင် အဲမြနှင့်ခမ်းပန်ကိစ္စကို မရမကာ အနံ့ခံနိုင်ခဲ့သူ။ မြော်မြင် တွေးခေါ်တတ်သူ။ စေ့စပ်သေချာသူ ထို့ကြောင့် အင်းစိန်တွင်နေသော သူမကို ဗိုလ်ဇော်ထွန်းတွေ့သွားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အားငယ်နေချိန် ချစ်သူကို မမျှော်လင့်ဘဲဆုံစည်းရသဖြင့် တဒင်္ဂ သာယာကြည်နူးခဲ့သော်လည်း မိန်းမတစ်ယောက်နှင့် စေ့စပ်ကြောင်းလမ်းထားသည်ကို သိခဲ့ရသဖြင့် ဒုတိယအကြိမ် ထွက်ပြေးလာရကြောင်း ပြောပြလိုက်သည်။

"တိုက်တိုက်ဆိုင်ဆိုင် သူနဲ့စေ့စပ်တဲ့သူက ငါ့ဆရာမဖြစ်နေတယ်ဟာ။ ဆရာမချစ်တဲ့သူကို ငါ လုမယူရက်ပါဘူး။ ငါရှောင်ပြေးခဲ့တာ မှားသလား ဆဟုန်"

"နင့်ကို ဗိုလ်ကြီးဇော်ထွန်းက မသတီတော့လို့၊ အတည်မယူချင်တော့လို့..."

"အို...မဟုတ်ဘူး၊ မဟုတ်ပါဘူး။ ဗိုလ်ကြီးမေတ္တာကို ငါ အကြွင်းမဲ့ယုံကြည်တယ်။ စေ့စပ်တယ်ဆိုတာ မိဘတွေက အတင်းစီစဉ်တာ"

စိုင်းဆဟုန်စကားမဆုံးမီ နန်းလော်ခမ်းက ဖြတ်ပြောသည်။ ဗိုလ်ဇော်ထွန်းအပေါ်ထားရှိသော နန်းလော်ခမ်း၏ သဘောထားကို စိုင်းဆဟုန် အံ့ဩမိသည်။

"သူဟာ အကြွေပန်းကို ကောက်ယူပန်ဆင်ဝံ့ပါတယ်လို့ ပြောဖူးတယ်။ ဒါပေမယ့် ဆရာမနဲ့ပတ်သက်နေတဲ့သူ့ကို ငါ လက်မခံနိုင်ဘူး။ သူ့ကို ငါ စွန့်လွှတ်လိုက်ပါပြီလို့လည်း ဆရာမဆီ စာရေးပေးခဲ့တယ် ဆဟုန်ရယ်..."

နန်းလော်ခမ်းသည် ပြောရင်း အသံတိုးဝင်သွားသည်။ ကြိတ်၍ ရှိုက်ငိုသည်။ ချစ်သူကို လက်လွှတ်ဆုံးရှုံးခဲ့သော နန်းလော်ခမ်းကို စိုင်းဆဟုန် သနားသွားသည်။ "ကံဆိုးပြီးရင်း ဆိုးရင်းပါပဲလား သူငယ်ချင်းရယ်" ဟု ရေရွတ်ညည်းတွားသည်။

"လော်ခမ်း"

စိုင်းဆဟုန်က ခေါ်သည်။



မျက်လွှာချထားသော နန်းလော်ခမ်းက မော့ကြည့်သည်။

"ဒီအချိန်မှာ မပြောသင့်မှန်းသိတယ်။ မိန်းကလေးနဲ့ မတန်မမျှအောင် လောကဓံလှိုင်းရဲ့ ပုတ်ခတ်မှုကို အလူးအလဲခံနေရတဲ့ နင့်ကို စာနာသနားတယ်။ ဒီကရှေ့ ဘယ်ကိုမှ ထွက်မသွားပါနဲ့တော့။ တို့သူငယ်ချင်းနှစ်ယောက် ဟိုးတစ်ခါက ကတိစကားဆိုခဲ့ဖူးကြတဲ့အတိုင်း နောင်ငူရွာမှာ အခြေချပြီး နမ့်ပန်ချိုင့်ဝှမ်းကောင်းကျိုးကို သယ်ပိုးကြရအောင်။ နင့်ဘေးမှာ ငါအမြဲရှိနေပြီး အားပေးနေပါ့မယ်။ ဖြစ်နိုင်ရင် နင့်ကို တစ်သက်လုံး စောင့်ရှောက်သွားချင်ပါတယ်"

"အို..."

"စိတ်မဆိုးပါနဲ့နော်"

"မဆိုးပါဘူး။ ဒါပေမယ့် ငါ့နှလုံးသားထဲမှာ သူ့ကို နေရာပေးထားပြီးပြီ"

"ဗိုလ်ကြီးကို နေရာပေးတာလည်းပေးပါ။ ငါ့ကိုတော့ စောင့်ရှောက်ခွင့်ပေးပါ"

"ဆဟုန်ရယ်..."

နန်းလော်ခမ်းက မချင့်မရဲဆိုသည်။ "နင်မသိတာကျန်သေးတယ်နော်..." ဟုဆိုပြီး ကိုယ်ဝန်အကြောင်း ဖွင့်ဟသည်။ ဗိုလ်ဇော်ထွန်းကိုလည်း ပွင့်ပွင့်လင်းလင်း ပြောခဲ့ပြီးဖြစ်သည်။ မုန်းသူ့သွေးပေမယ့် မိမိဝမ်းနှင့်လွယ်ထားရသဖြင့် ဖြစ်အောင်မွေးမည်။ ပြုစုပျိုးထောင်မည်ဟု မိခင့်စိတ်အပြည့်ဖြင့်ပြောသည်။ ဝဋ္ဋကလေးအတွက် မည်သူ့ကိုမျှ တာဝန်မပိုစေချင်သည်မှာ သူမဆန္ဒ။

"နင် သိပ်သတ္တိရှိပါလားလော်ခမ်း" ဟု စိုင်းဆဟုန်က ချီးမွမ်းသည်။ "မွေးလာမယ့်ကလေးကို ငါ ကြည်ဖြူနိုင်ပါတယ်။ နင့်ကိုသာ ခွင့်ပေးပါ" ဟု ထပ်ကာခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းလောဝ်ခမ်းသည် ယောကျ်ားသုံးယောက်နှင့်ပတ်သက်လာသော ချစ်ကဲကြမ္မာ၏ ဆန်းကြယ်ပုံကို အံ့ဩမိသည်။ ဘယ်နည်း ဘယ်ပုံ အဆုံးသတ်လိမ့်မည်ကိုလည်း သိချင်သည်။

စိုင်းဆဟုန်လည်း သူတို့သုံးယောက်တွင် သူက တတိယလူအဖြစ် နန်းလောဝ်ခမ်းနှင့် မမျှော်လင့်ဘဲ ပါဝင်ပတ်သက်လာရပုံကို အံ့ဩလို့မဆုံး။ စိုင်းဝဏ္ဏက နန်းလောဝ်ခမ်းကို မဆွကပင် ချစ်ခဲ့သည်ဟု ဆို၏။ ဗိုလ်ဇော်ထွန်းက နန်းလောဝ်ခမ်းနှင့် အနေနီးပြီး ချစ်ကြိုးသွယ်ခဲ့၏။ ရာသက်ပန် စောင့်ရှောက်ခွင့်တောင်းခဲ့သော သူကရော နန်းလောဝ်ခမ်းကို ချစ်ပါရဲ့လား။ သူ့ကိုယ်သူ ဆန်းစစ်ကြည့်သောအခါ သူငယ်ချင်းလို တစ်မျိုး၊ နှမလေးလို တစ်သွယ် ခင်မင်ခဲ့သည်မှတစ်ပါး မရိုးမသားစိတ်ထား မရှိခဲ့သည်ကို တွေ့ရသည်။ နန်းလောဝ်ခမ်း၏ ဆိုးသည်ထက်ဆိုးသော ကြမ္မာဆိုးကို ကြားသိပြီးမှ သနားမေတ္တာ ယိုစိမ့်လာခြင်းဖြစ်တော့သည်။ ရိုးသားဖြူစင်စွာ အနစ်နာခံလိုစိတ် ပေါ်ပေါက်လာခြင်း ဖြစ်တော့သည်။

နောက်ဆုံးလူ၊ နောက်ဆုံးမေတ္တာပေမယ့် ရှေ့နှစ်ယောက်ကို ပြိုင်နိုင်စွမ်းရှိသည်ကို စိုင်းဆဟုန် အာမခံနိုင်ပါ၏။ နန်းလောဝ်ခမ်းက ခွင့်ပေးနိုင်မည့်အချိန်အထိ စိတ်ရှည်လက်ရှည် သူ စောင့်နိုင်ပါ၏။

သူတစ်ယောက်တည်းနေသောခြံတွင် နန်းလောဝ်ခမ်း ကြာရှည်နေရန် မသင့်သောကြောင့် စိုင်းဆဟုန်က ရွာသို့ပြန်လိုက်ပို့ပေးသည်။ နှစ်ယောက်သား စကားတပြောပြောသွားရသည်ကို စိုင်းဆဟုန် ကြည်နူးနေသည်။ ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာနေ၏။ သူ့ဘဝတွင်လည်း ငွေလမင်းသာချေပြီဟု အတွေးပီတိဖြာနေသည်။ နန်းလောဝ်ခမ်း၏ခါးတုတ်ကလေးကို မသိမသာမျက်စိကစားရင်း သူမဘဝကို စောင့်ရှောက်ရန်မှာ မိမိတာဝန်ပါလားဟု စိုင်းဆဟုန်က သဘောပေါက်လိုက်လေသည်။



## ၃

"လက်ဖက်ခြံရော ဥယျာဉ်ခြံရော လယ်ရောလုပ်မလို့ဆို"

နောက်တစ်နေ့ တွေ့ကြသောအခါ နန်းလောဝ်ခမ်းက စိုင်းဆဟုန်ကို မေးသည်။

"ဒါတောင် မွေးမြူရေးဘက်ကို မလှည့်နိုင်သေးဘူး"

စိုင်းဆဟုန်က ဗိုဗိုသာသာကလေးဖြေ၏။

"စီးပွားရေး သောင်းကျန်းတော့မလို့လား"

နန်းလောဝ်ခမ်းက စသည်။

"ရွာကလူငယ်တွေ အားကျအောင်လို့ပါ။ တကယ်လုပ်ရင် အဟုတ်ဖြစ်တယ်ဆိုတာ နမူနာပြချင်လို့ပါ။ ကာလသားသဘာဝ ပျော်ပျော်ပါးပါး နေလို့ရပါတယ်။ ဒါပေမယ့် သေရည်သောက်၊ လောင်းကစားလုပ်၊ မိန်းမမူးပွေစတဲ့ အပျော်အပါးဖက်တဲ့ဘဝမှာ မနစ်မျောစေချင်ဘူး။ အောင်မြင်ဖြစ်ထွန်းတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုခုနဲ့ ဆွဲဆောင်ပြချင်တယ်လေ"

"နင့်စေတနာကို ငါသိပါတယ်ဟာ။ ငါက စတာပါ" ဟု နန်းလောဝ်ခမ်းက ဆိုသည်။ တစ်ဆက်တည်းပင် "သူငယ်ချင်းလေးယောက် ရည်မှန်းခဲ့တဲ့အတိုင်း အကောင်အထည်ဖော်နေတာ နင်တစ်ယောက်ပဲ ရှိတယ်။ နင်ဟာ တကယ့်လူတော်ပဲ" ဟု ချီးမွမ်းလေသည်။

"တစ်ယောက်မဟုတ်ပါဘူး၊ နှစ်ယောက်ပါ။ နင်လည်း ရှိလာပြီပဲ"

နန်းလောဝ်ခမ်း မချိပြုံးပြုံးသည်။

"ငါက ဘာအသုံးကျတော့လို့လဲ။ အချစ်နွံထဲမှာနစ်နေတဲ့ မိန်းမပေါ့ပဲ"

"အဲဒီလိုမပြောရဘူး လောဝ်ခမ်း။ ပုထုဇဉ်ပီပီ ချစ်တာ၊ ခံစားရတာတွေ ရှိရမှာပဲ။ ဒါပေမယ့် အဲဒီခံစားချက်တွေကြောင့်တော့ ကိုယ့်ရည်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ကို အပျက်မခံရဘူး။ ကလေးတွေကို စာသင်ပေးမယ်ဆိုတဲ့ နင့်ရည်မှန်းချက်ကို စွန့်လွှတ်လိုက်ပြီလား''

''ဟင့်အင်း…စာသင်တာဟာ ငါ့ဝါသနာပဲ''

''ဒါဆို နင့်ဝါသနာကိုဆက်လုပ်ဖို့ ငါ တိုက်တွန်းချင်ပါတယ်။ သောင်းကျန်းမှုလောင်းရိပ်အောက်က လွတ်လာတဲ့ ငါတို့ရွာမှာ ခုထက်ထိ မှုလတန်းကျောင်းဆိုတာ မရှိသေးပါဘူး။ ပညာတတ်တဲ့ ကလေးတွေ သိပ်သနားဖို့ကောင်းပါတယ်။ တို့ငယ်ငယ်က စာသင်ဖို့ ဘယ်လောက်ဒုက္ခခံခဲ့ရသလဲဆိုတာ ကိုယ်ချင်းစာကြည့်လေ။ ပညာပါရမီ ဖြည့်ပေးပါ လော်ခမ်းရယ်…နော်''

''နင်ဟာ တကယ့်စည်းရုံးရေးသမားကောင်းတစ်ယောက်ပဲ''

စာသင်ပေးရန် နန်းလော်ခမ်းက သဘောတူလိုက်၍ စိုင်းဆဟုန် ဝမ်းသာသွားသည်။

စိုင်းဆဟုန်သည် စာသင်ကျောင်းအတွက် ဆွေးနွေးရာ ရွာလူကြီးတွေအားလုံးက သဘောတူညီကြသည်။ ပညာရေးကိစ္စမှာ ကောင်းမွန်သော အလုပ်ဖြစ်၍ အောင်မြင်လိမ့်မည်ဟု ယုံကြည်ကြသည်။ သို့ရာတွင် သက်ဆိုင်ရာဌာန၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေအတိုင်းဖြစ်ဖို့တော့ လိုပေလိမ့်မည်။ မနက်ဖြန် စိုက်ပျိုးရေးကိစ္စနှင့် ပင်စင်ကိစ္စများအတွက် သူ ရန်ကုန်ဆင်းသောအခါတွင် နန်းလော်ခမ်း၏ကျောင်းကိစ္စကိုပါ စုံစမ်းဆောင်ရွက်လာခဲ့မည်ဟု စိုင်းဆဟုန်က ပြောသည်။

မည်သို့ပင်ဖြစ်စေ မုဆိုးမ နန်းလော်ခမ်း မျက်နှာမငယ်စေရပါဟု ရွာသားတွေက အာမခံသည်။ စိုင်းဆဟုန် ရန်ကုန်မှပြန်ရောက်လျှင် စာသင်ကျောင်းတစ်ဆောင်တော့ ဆောက်ပြီးသား တွေ့စေရမည်ဟု ကတိပေးကြ



သည်။ နန်းလော်ခမ်းကလည်း စိုင်းဆဟုန်ပြန်လာလျှင် [illegible] သူမ စာသင်နေတာ တွေ့ရစေမည်ဟုဆိုသည်။

သို့ဖြင့် စိုင်းဆဟုန်သည် နောင်ငွေမှ [illegible] လားရှိုးမှမန္တလေးသို့ အဆင့်ဆင့်လာခဲ့ပြီး မန္တလေးမှရန်ကုန်သို့ အမြန်ရထားကြီးဖြင့် ခရီးနှင်လာခဲ့လေတော့သည်။

▣ ▣ ▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

သူ့ကို သယ်ဆောင်လာသော အဆန်ရထားသည် သာစည်ဘူတာသို့ ဝင်တော့မည်ဖြစ်၍ အရှိန်လျှော့ခုတ်မောင်းနေ၏။

ထွက်သာလာခဲ့ရသည်။ ဘယ်ကစရှာရမည်ကို သူ မဆုံးဖြတ်နိုင်သေး။ ဘယ်အစ စဆွဲရမည်ကို ခြေရာမခံမိသေး။ ဤတစ်ကြိမ်မှာတော့ သူ လိုက်လာနိုင်သမျှသော နေရာတွေကို ရှောင်ကွင်းလိမ့်မည်ဟု သူ ယူဆသည်။ ထို့ကြောင့် ရှမ်းတဲတစ်ခန်းပြန်နားပြီး သတင်းစာကြော်ငြာအရ မည်သို့ထူးခြားလာမည်ကို စောင့်ကြည့်ရုံသာ ရှိသည်။

မိတ္ထီလာပြန်ရန် သာစည်ဘူတာတွင် သူ ဆင်းနေရစ်သည်။ ဘူတာ ရောက်မှ တစ်လမ်းလုံး ဘာမှမစားသောက်ခဲ့သဖြင့် အတော်ဆာလောင် မွတ်သိပ်နေပြီကို သတိထားမိ၏။ တစ်နာရီကျော်ကျော် ကားဆက်စီးရဦးမည် ဖြစ်၍ ဟာနေသောဝမ်းကို ဦးစွာဖြည့်တင်းရန် သူ စိတ်ကူးသည်။ ပလက် ဖောင်းပေါ်ရှိ လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ ကော်ဖီတစ်ခွက်နှင့် ပဲနံပြား တစ်ပွဲမှာလိုက်သည်။ နံနက်စာကို မြိန်ရေရှက်ရေစားနေစဉ် အစုန်ရထား တစ်စီး ဆိုက်လာ၏။ ဆင်းသူတက်သူတွေ ရုတ်ရုတ်သဲသဲနှင့်ရှိ၏။

သူစားပွဲနှင့်တည့်တည့် တွဲပြတင်းမှ လူတစ်ယောက်၏ ဦးခေါင်းထွက် ပြူလာပြီ။ ရေသည်ကို လှမ်းခေါ်သံကြားလိုက်ရသည်။ သူက အမှတ်မထင် လှမ်းအကြည့် အကြည့်ချင်းဆုံမိကြသည်။





နှစ်ယောက်လုံး အံ့အားအသင့်ကြီးသင့်သွားကြ၏။

မည်သူဆိုသည်ကို သူ မှတ်မိလိုက်သည်နှင့် အလိုအလျောက် ထရပ်မိ လျက်သားဖြစ်သွားသကဲ့သို့ ထိုသူ၏ညာလက်ကလည်း ညာမျက်ခုံးအစပ်သို့ အလိုလိုမြှောက်တင်ပြီး ဖြစ်သွားလေ၏။

"ဗိုလ်ကြီးဇော်ထွန်း"

ထိုသူက အော်ခေါ်လိုက်သည်။

တွဲဘေးသို့ သူ ရောက်သွားသည်။

"ဆရာကြီး ဘယ်လဲ"

"ရန်ကုန်ကို ကိစ္စရှိလို့ပါ။ ဗိုလ်ကြီးရော..."

"ကျွန်တော်ကတော့ ဘယ်သွားရမှန်းမသိပါဘူးဗျာ။ အခု ရှာမရတဲ့ ရှာပုံတော်ခရီးထွက်နေတာပါ"

ထိုသူက ပြုံးသည်။ သတင်းစာတစ်စောင်ထုတ်ပြ၍ "ဒီထဲက ကြော်ငြာနှစ်ခုကို မနေ့က လားရှိုးရောက်မှပဲ ကျွန်တော် ဖတ်ရပါတယ်" ဟုပြောသည်။ သတင်းစာမှာ ဆေးစပ်ကြောင်းလမ်းခြင်းကို တစ်ဖတ်သတ် ဖျက်သိမ်းကြောင်း မကြည်ငြိမ်းနာမည်ဖြင့် ထည့်ထားသောကြော်ငြာနှင့် တာရာသိင်္ဂီ အမြန်ဆက်သွယ်ပါဟု သူ့အမည်ဖြင့်ထည့်ထားသော ကြော်ငြာ တို့ ယှဉ်တွဲပါလာသည့် သတင်းစာဖြစ်နေသည်။

ဘယ်လိုအဓိပ္ပာယ်နှင့် ထိုသူပြောနေမှန်း၊ ထိုသူနှင့် ဘယ်လိုပတ်သက် နေမှန်းမသိ၍ သူ ဇဝေဇဝါဖြစ်နေဆဲ ရထားဘီးလိမ့်စ ပြုသည်။

"ဗိုလ်ကြီးကို ကျွန်တော် အထင်လွဲမိတယ်။ အခုတော့ အားလုံးကို ကျွန်တော် သဘောပေါက်သွားပါပြီ" ဟု ဘီးလိမ့်နေသော တွဲပြတင်းမှ ခေါင်းပြူရင်း ထိုသူက ပြောသည်။ ဗိုလ်ဇော်ထွန်းသည် ပလက်ဖောင်းပေါ်မှ ယှဉ်ပြေးရင်း နားထောင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီးတို့အကြောင်းကို ကျွန်တော့် သိတန်သလောက် သိထားပါတယ်။ ဗိုလ်ကြီးဟာ ကျွန်တော့်အသက်သခင် ကျေးဇူးရှင်မို့ နှလုံးသားနဲ့ ရင်းပြီး ကျေးဇူးဆပ်ပါ့မယ်။ ဗိုလ်ကြီးရှာနေတဲ့ သတင်းစာထဲက တာရာသီဂီဟာ နမ့်ပန်ချိုင့်ဝှမ်းက နောင်ငူမှာ ရှိနေပါတယ်"

ထိုသူသည် လက်ပြနှုတ်ဆက်ရင်း အစုန်ရထားကြီးနှင့် ပါသွား၏။

သူ့နားထဲတွင် 'တာရာသီဂီဟာ နမ့်ပန်ချိုင့်ဝှမ်းက နောင်ငူမှာ ရှိနေပါတယ်' ဟူသောစကားသံသည် ပဲ့တင်ရိုက်ခတ်နေတော့သည်။

ယခုမူ သူ့ရင် ပေါ့ပါးသွားလေပြီ။

မိတ္ထီလာပြန်မည့်ခရီးစဉ်ကို ဖျက်လိုက်သည်။ မန္တလေးအဆန် ရထားတစ်စီးစီးကို စောင့်စီးပြီး မန္တလေးသို့ ခရီးဆက်မည်။ ထိုမှ တစ်ဆင့် လားရှိုး…မန်ကပ်…နောင်ငူသို့။

"တာရာသီဂီရယ်…မင်း ကိုယ့်လက်ကလွတ်အောင် မပြေး နိုင်တော့ပါဘူးကွယ်" ဟု ဝမ်းသာအားရ ရေရွတ်မိလိုက်သည်။

ရန်ကုန်ဘူတာဆင်းစဉ်က ကားပေါ်မှာ သူပိတ်ပစ်ခဲ့သော သီချင်းအရသာကို ခုမှ သူ ခံစားနိုင်တော့သည်။ အဆိုတော် မျိုးမြင့်လေး၏ ပန်းအကြွေနဲ့ စမ်းရေသီချင်း။

*"လေလည်း မထန်×××လှိုင်းရေလည်း မဆန်ပါပေ××× ကြွေပန်းငယ်×××စမ်းရေစီးမှာ ပျော်ပါလေ×××ဘဝအနှမ်းကို ကောက်ယူတွေးကာ ကြင်နာပေ×××အမြတ်အရှုံးကို ချစ်ရလွန်းသူ မဖွေရှာပေ×××။*

ကို (တက္ကသိုလ်)

www.burmeseclassic.com



၂၀၀၉ ခုနှစ်

ပခုက္ကူဦးအုံးဖေစာပေဆု

ဝတ္ထုရှည်ပထမဆုရ

# တာရာသိင်္ဂီ

ရေးသူ – ကို(တက္ကသိုလ်)



အဖ ဦးစန်းရှည်၊ အမိ ဒေါ်ငွေတို့မှ မြင်းခြံခရိုင် တောင်သာမြို့၌ ၁၉၄၇ ခု နိဝင်ဘာလတွင် မွေးဖွားသည်။ စစ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (၁၉၆၈)၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (၁၉၉၉) ရရှိသည်။ ၁၉၆၈ မှစ၍ တပ်မတော်(လေ)နှင့် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးတို့တွင် ပျံသန်းရေး တာဝန်၊ အုပ်ချုပ်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ၂၀၀၇ တွင် သက်ပြည့်အငြိမ်းစားယူသည်။

၁၉၆၄ ခုနှစ် မေလထုတ် ရုပ်ရှင်သစ်မဂ္ဂဇင်းပါ ကဗျာဖြင့် စာပေနယ်သို့ ရောက်ရှိသည်။ အမျိုးသားရေး ဆောင်ပုဒ် စာပေပြိုင်ပွဲနှင့် တပ်မတော်နေ့ စာပေပြိုင်ပွဲ တို့တွင် ကဗျာဆုများ၊ မြဝတီမဂ္ဂဇင်း တစ်နှစ်တာ အကောင်းဆုံး ကဗျာဆု သုံးကြိမ်နှင့် ငွေတာရီမဂ္ဂဇင်း တစ်နှစ်တာ အကောင်းဆုံး ဝတ္ထုရှည်ဆုတို့ ရရှိခဲ့သည်။ ၁၉၉၆ တွင် "အလှဆုံး နှလုံးသား" ကဗျာပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည်။ လုံးချင်းစာအုပ် ကိုးအုပ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကို (စစ်တက္ကသိုလ်)၊ ကေကေ (မဟာဝိဇ္ဇာ)၊ ဦးကို ကလောင်ခွဲများဖြင့်လည်း စာပေများ ရေးသား လျက်ရှိသည်။ တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့်အနုပညာ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဒု-ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်နှင့် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်ဖွဲ့ခွဲ ဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်လျက် ရှိသည်။

အမည်ရင်း ဗိုလ်မှူးကြီး ကိုကို (ငြိမ်း) ဖြစ်သည်။

နေရပ်လိပ်စာ – အမှတ် ၂၆၊ Rose Park (၁)၊ ရွှေပင်လုံအိမ်ရာ၊ ရွှေခင်သာလမ်း၊ ၂၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

www.burmeseclassic.com